City MAGAZINE

Vol- 256, 2019



ဥတုကာသိ ပြောင်းခဲ့ပြီဖို့

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

သတင်းလွှာ

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ၊ အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင်နှင့် အင်ဂျင်နီယာအရည်အသွေး အကဲဖြတ်ပညာရှင် Engr. U Ko Ko Aung သိပ္ပံစာရေးဆရာ ကိုကိုအောင် B.E,P.E,A.C.P.E,F.MES, A.E.R,AFAAET,C.CAAM, C.ECCJ, Hon.M. AIPA, F.AIPA,ASEAN.Engr. အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁။၂၀၁၉)ဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့၏အဖွဲ့ဝင်အကြံပေးပညာရှင်အဖြစ် ခန့်အပ်ခြင်းခံရကြောင်း သိရှိရပါသဖြင့် ဆရာကြီးနှင့် ထပ်တူထပ်မျှ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း...

City Magazine အဖွဲ့သားများ

City MAGAZINE

VOL - 256, 2019

အယ်ဒီတာချုပ်

ကိုရာဇာ

အမှုဆောင်အရာရှိ

စောလှဦး

အယ်ဒီတာ

ကိုစော(ပထဝီဝင်)

စာပြင်

သင်မိုးနီ၊ အောင်ကျော်

မျက်နှာပုံးနှင့်အတွင်းဒီဇိုင်း

MOE-Z

စာစီစာရိုက်

မြတ်မြတ်၊ သျှင်မင်း

ဓာတ်ပုံ

သန့်စင်

ပန်းချီသရုပ်ဖော်

အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

ဖက်(စ်) ဝ၁-၅၀၃၆၂၆

Email: yangoncitynews@gmail.com

ပုံနှိပ်ထုတ်ဝေသူ

ဒေါက်တာ တိုးအောင်

ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ဝ၄၅၃၇)

ပုံနှိပ်တိုက်

မြို့တော်ပုံနှိပ်တိုက် မြဲ(ဝဝ၅၈၃)

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်

ကြည့်မြင်တိုင်မြို့နယ်

ဖြန့်ချိရေး

ကျော်မင်းထိုက်၊ အောင်မျိုးသန့်

ဖုန်း - ၀၉၅၅၄၂၉၇၇၊ ၀၉-၄၂၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်

ကြည့်မြင်တိုင်မြို့နယ်

ဖုန်း ၀၁-၅၀၃၆၇၀၊

တန်ဖိုး

၂၀၀၀ ကျပ်

အုပ်ရေ

၂၀၀၀

City MAGAZINE

Vol : 256, 2019

CONTENTS









4 EDITORIAL NOTE

POEM

5 မဲခေါင်တေးကဗျာ မေတ္တာစာ တင့်ထွန်း(ချောက်)
6 အချစ်တဲ့လား: နေ့သစ်လင်း
7 ရှေ့ကြည့် မြင်းမူမောင်နိုင်မိုး
8 အလှစစ်ကို မွေ့လိုခြင်း: မင်းသွေးနွယ်(ဇီးကုန်း)
32 ထို့နောက် မောင်စိမ်းနောင်(လယ်ဝေး)
33 အတွေ့အကြုံမှတစ်ဆင့် မောင်လွမ်းနိုင်(စံပယ်ဦ)
34 ရိုက်ချိုးနေသည့် ရိုခိုးကြ ကျော်စောဟန်
80 စကားနွယ် ခက်လှိုင်းကျော်
104 ကံအရိပ် မွေးငယ်ငယ်
140 အမှေရဲ့ လှသောနာရီများ: သူထက်ကဲ(မန်း)

CARTOON

9 အောင်အောင်ထွေး 10 ကိုထွဋ် 11 ရန်ကြီးအောင်
12 စောဟန် 48 ဖြိုးလေး 112 မောင်မောင်ညွှတ်
120 ဖိုးတုတ်ကလေး 145 ကိုရိုး 146 သန်းနိုင်
152 ဇက်တီ

COVER ESSAY

21 ဥတုရာသီ ပြောင်းခဲ့ပြီမို့ သိပ္ပံစာရေးဆရာကိုကိုအောင်

RELIGION

43 အသိနှင့် အကျင့် ဓမ္မဓိတ်ဆွေတစ်ဦး

ARTICLE


13 အရှေ့အာရှမှာ မြို့ရှန်ကုန်တွင်သာရှိတဲ့ မြို့ပြအမွေအနှစ်
ရှေးဟောင်းလက်ရာ ထူးထူးခြားခြား "ဂျူးဘုရားကျောင်း"
Musmeah Yeshua Synagogue
မောင်မြတ်မွန်(ဆူးလေ)
17 မဟာမဲခေါင်၊ အာဆီယံ စီးပွားစကြ်လမ်းများနဲ့ မြန်မာနိုင်ငံ
ကော်ဟိန်း
53 အိမ်နီးချင်းနိုင်ငံရဲ့ စီးပွားရေး ကိုကော်
65 တုန့်ပြန်မှု စာပန်းချီ မာမာ(အဓိမြေ)
81 ခြင်္သေ့လောက်လန်း စစ်ဆေးရေး ရာသီမရွေး
လူတိုင်းပါဝင်ဆောင်ရွက်ပေး:
အောင်ကျော်လွင်(ကျိုးမြို့)
133 မြေငလျင်မိတ်ဆက်(Earthquake Tips)
အယ်ဒီတာတစ်ဦး

EXPERIENCE ESSAY

121 ပြန်ရလိုက်တာ တန်ရဲ့လား: မောင်သာစိုး(ပြည်)













STRANGE

89 အရှေ့တောင်အာရှရဲ့ Smart City ၁၀ မြို့ထဲမှ ၅ မြို့အကြောင်း: ရဲမာန်ခ

TRANSLATION

45 မြင်းမိုရ်ထက်မြင့်သော မောင်သီဟ
129 မေတ္တာစွမ်းအင် ခြယ်မွန်းသီ

PHOTO

100 မြန်မာနိုင်ငံဓာတ်ပုံအသင်း: လစဉ်ဓာတ်ပုံပြိုင်ပွဲများ: သန့်စင်

CELEBRITY

125 *Celebrity and Showbiz* အောင်စိုးသူ(LPN)

YOUTH

153 အနုပညာရပ်ဝန်းမှ ပန်းချီအနုပညာကို လေ့လာခြင်း: ကိုစော(ပထဝီဝင်)

OPINION

85 ကျေးလက်ရင်ခွင်သို့ ခဏတာခိုလှုံခွင့်ရခြင်း: ကိုကိုလင်း(အမေ့အိမ်)

SHORT STORY

27 ငါ့သမီးမှ ငါ့သမီး: မဂ်လာစျင်အောင်
35 ဖြစ်ရပ်ဆန်းကြယ်လှသား: ဘသက်ဆွေ
49 အိမ်ကလေးတစ်လုံးအကြောင်း: ယဲဇင်ကိုး
59 နေညိုချိန်များ: ချိုမြိန်သွားစေ မကျေဥ
69 ယောယုဝမှ အပြန် သန်းဝင်းထွန်း(ဆွာ)
73 တိမ်လွှာစည်းခြား မီးပွားခဲ့သော သံယောဇဉ် နွေကုံကော်(မြို့လှ)
93 မှိုင်းမှိုင်းတည့်မှောင် ရဲမြတ်တင်
105 နေလပမာ အမေ့မေတ္တာ မုဒုံသုမွန်
141 အမှောင်ခံအလင်း: ဆွေး(မြိတ်)
147 အချစ်ကို ဘီးကလေးပေါ်တင်ပြီး: မေဖွန်အေး

HEALTH

113 သေဆုံးမှုနှုန်းအမြင့်မားဆုံး ကင်ဆာများ: ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

JOKE

26, 52, 64, 79, 99, 124, 139

LONG STORY

158 စစ်သားတို့အချစ် သောင်းဝေဦး

ရှေးဦးစကား

ယနေ့အချိန်ကာလသည် တရားပွဲများကျင်းပသော၊ ဓမ္မသဘင်များ ဆင်ယင်သော ကာလဖြစ်၏။ ဆွမ်းအောင်ပွဲဟူ၍အကြောင်းပြသလို၊ ပဋ္ဌာန်းပွဲဟူ၍လည်း ဖော်ကျူးကြ၏။

ပညာရေးလောကတွင်လည်း ဆရာကန်တော့ပွဲ၊ ထူးချွန်ဆုပေးပွဲများ နိုင်ငံနှင့် အဝှမ်းကျင်းပကြ၏။ ဇရာပိုင်းသို့ ချဉ်းနင်းဝင်ရောက်နေသော သက်ကြီးရွယ်အိုများကိုလည်း ပူဇော်ဂါရဝပြုကြ၏။

ဆိုရလျှင် ""ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသော မြန်မာနိုင်ငံ"" ဟူသည်နှင့် အညီ ယဉ်ကျေးမှုဓလေ့များ မင်္ဂလာနှင့်ညီသည်ဟုပြောလိုပါသည်။

သို့သော် တကယ်တန်း ဗုဒ္ဓ၏အဆုံးအမနှင့်အညီ ဖြစ်ဖို့လို၏။ အရေအတွက်များသည်ကို အားပေးသော်လည်း အရည်အချင်းပိုင်း၊ အနှစ်သာရပိုင်းပါ ပြည့်ဝစေချင်ပါသည်။ ပကာသနထက် ပဂၢိတဖြစ်စေချင်ပါသည်။

တစ်ဖက်မှလည်း သဘာဝဘေးအန္တရာယ်များ၊ ဥပမာ- ငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းများ စသည့်အပျက်သဘော တွေ့ရသလို၊ လူတို့ပယောဂကြောင့်ဖြစ်သော မီးလောင်မှု၊ ယာဉ်တိုက်မှု၊ လုယက် ရမ်းကားမှု၊ အမှုအရာတိမ်းပါးသော မုဒိမ်းမှုများကိုပါ ကြားသိရသဖြင့် နတ်သုဒ္ဓါထမင်းပွဲမစင်တစ်ပဲမက ရောနေကြောင်း ပြောလိုပါသည်။

ထို့ပြင် နိုင်ငံတော်၏ ဒေသအချို့တွင် လက်နက်ကိုင်တိုက်ပွဲများကြောင့် မအေးမချမ်းဖြစ်နေရမှုအပေါ် ဒေသခံပြည်သူများ ကျီးလန့်စာစား၊ နေရပ်စွန့်ခွာထွက်ပြေးနေရသောဘဝများကို တွေ့မြင်ကြားသိနေရပြန်ရာ စိတ်ချမ်းမြေ့ဖွယ် မရှိပါပေ။

ဤသို့သော အကောင်းအဆိုးရောနှောသဖြင့် လောကကြီးတွင် သတိသမ္မဇဉ်ဉာဏ်ယှဉ်၍နေထိုင်ကြရန်နှင့် ကုသိုလ်ကောင်းမှုကို အချိန်ရသမျှ လုပ်ဆောင်ကြရင်း ဘဝကိုရှင်သန်ကြရန် သတိပေးနှိုးဆော်လိုက်ပါသည်။

မေတ္တာဖြင့်-
အယ်ဒီတာချုပ်

မဲခေါင်တေးကဗျာ မေတ္တာစာ



❖ မဲခေါင်မြစ်ရေ၊ တတွေတွေတည့်
ရစ်ခွေစီးဆင်း၊ အိမ်နီးချင်းနိုင်ငံ
ချစ်ခြင်းဖွဲ့ထုံး၊ ပုလဲကုံးလို
သီကုံးဖွဲ့ချည်ထားတကား။

❖ ယူနန်မှတစ်ဖန်၊ မြစ်ဖျားခံ၍
မြန်မာ့ယိုးဒယား၊ ဖြတ်စီးသွားပြီး
ရွှေ့လျားစီးမျော၊ ဘယ်မမောဘူး
ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်တို့
တံတျာတေးဆို၊ စိမ်းလန်းစိုအောင်
လာအိုဒေသ၊ ရေချိုင့်သည်
သဘာဝဖန်ဆင်းရှင်တည့်။

❖ ကာလရှည်အောင်၊ ညီနှင့်နောင်တို့
မဲခေါင်မြစ်ရေ၊ ခွဲဝေသုံးစွဲ
အမြဲချစ်ကြည် ကမ္ဘာတည်အံ့။

❖ မဲခေါင်မြစ်ဝှမ်း၊ အေးချမ်းသာယာ
ကမ္ဘာဆုံးတိုင် ချစ်ထုံးခိုင်အံ့။

❖ မဲခေါင်တစ်လျှောက်၊ မဖောက်မပြန်
နိုင်ငံချင်းဟူ၊ ဝိုင်းဝန်းကူအံ့။

❖ မဲခေါင်မြစ်တွင်း၊ ဖိုးလမင်းလျှင်
ခုန်ဆင်းငုပ်လျှိုး၊ ရေဆင်းချိုးသော်
မိုးဝကောင်းကင်၊ တိမ်ကင်းစင်သို့
မြေပြင်အဝှန်း၊ ဘေးမသန်းသည်
မြစ်ဝှမ်းဒေသငြိမ်းချမ်းတည်း။

❖ သြော်----
မဲခေါင်စာဆို၊ အိုပင်အိုလည်း
နုပျိုမြဲသာ၊ သူ့ရင်မှာကား
ထာဝရလမင်းသာပါလေး။
ကမ္ဘာအနှံ့ငြိမ်းချမ်းရေး။
တောင်းဆုခွေဘိခွန်းချိုတေး။

တင့်ထွန်း(ချောက်)



အချစ်တဲ့လား

အချစ်တဲ့လား
နွေမင်းသားဟု၊ တင်စားကြသော
ရွှေဥဩလို၊ လွင့်မျောရွက်ကြွေ
လေရူးပွေလျက်၊ ဝါရွေ့ပိတောက်
သင်းကြိုင်လှောက်သည့်၊ နှင်းဟောက်ကန္တာ
နွေအခါဝယ်၊ သဲသာဂန်းဆင့်
ကျေူးရင့်သည်၊ ပျံ့လွင့်တေးသံ
နှုတ်ပျံယဲသည်၊ ဂိမှာန်လွန်မြောက်
မိုးအဖြောက်တွင်၊ ဘယ်ရောက်သွားလဲ
ဖြေခက်ခဲသို့၊ ရင်ထဲ နစ်စူး
အချစ်ဆူးလည်း၊ စူးတာသိလျက်
အနှုတ်ခက်မို့၊ ရှေ့ဆက် နာရဦးမည်လေ။

အချစ်ဆိုတာ၊ ဝက်ပါလို
မာယာ အတတ်၊ တစ်ဖက်ကမ်းခတ်မို့
ပုံအပ် ဇွတ်မိုက်၊ မချစ်ထိုက်လည်း
ရိုက်ခတ်ရင်မှာ၊ တွယ်ငြိလာစဉ်
ညင်သာကောက်ကွေ့၊ သူထိတွေ့မှ
မေ့ပျောက် ခါခါ၊ ရုန်းထွက်ပါလည်း
မာယာထောင်ခြောက်၊ အချစ်ချောက်၌
တိမ်းမှောက် နစ်မွန်းဆဲပါတကား။

အချစ်တဲ့လား
မြက်ပင်ဖျား၌၊ ခိုနားတွဲသီ
ငွေနှင်းရည်လို၊ နေခြည်ဖြာဆင်း
လေအည်းဝယ်၊ အလျဉ်းကွယ်ပျောက်
ခြေရာပျောက်သို့၊ ဘယ်ရောက်သွားလဲ
ပျောက်သွားလဲကွယ်။

အချစ်တဲ့လား
သစ်ကိုင်းဖျား၌၊ နားခို မှေးစက်
တောင်ညောင်းငှက်တို့၊ ဆက်လက်ထွက်ခွာ
သူလိုရာသို့၊ ပျံကာသွားစဉ်
သစ်အိုပင်မူ၊ ရင်လွမ်းဒဏ်ရာ
အနန္တာနှင့်၊ နာကျင်စိုက်စူး
သေအံ့မူးမျှ၊ လူးလိမ့် ကျန်ရစ်
ဖြစ်သနစ်လို၊ အချစ်မည်တွင်
ရှင်သခင်လည်း၊ ရင်ကို နာကျင်စေသလားကွယ်။

နေ့သစ်လင်း

❖ 'ရဲဘော်...ရှေ့ကြည့်'၊ ကြားယောင်မိ၏
သတိ သက်သာ၊ အမိန့်မလာမီ
ငယ်ခါ သင်ရ စစ်ရေးပြ။
ကြားရလွန်း၍ နားရည်ဝ။

❖ ရှေ့ကြည့် ဆိုမူ၊ ရှေ့တူရွက်
မဋ္ဌမငေါင်း၊ မတိမ်းစောင်းဘဲ
ကောင်းကောင်းရှေ့ကို ကြည့်ရ၏။

❖ စစ်ရေးပြဌ်
အစ ဟူဘိ၊ ထိုရှေ့ကြည့်ကို
သတိပြုကာ၊ ဆင်ခြင်ရာမှ
ခုခါတို့များ၊ နိုင်ငံသားတို့
စဉ်းစားမြင်သိ၊ ဆင်ခြင်မိအောင်
ရှေ့ကြည့် အကြောင်း ပြောချင်သည်။

❖ ငါတို့နိုင်ငံ၊ ကျွန်မခံတည့်
မှန်ကင်းအစစ်၊ ထင်းပင်ဖြစ်လည်း
ဖြစ်သည့်ထင်းက၊ ဟုန်းဟုန်းကြွက
မီးထလျှံတောက်၊ သူကိုခြောက်၍
လွတ်မြောက်အောင်ပန်း ဆင်ဖူးပြီ။

❖ ယနေ့တွင်ကား၊ နယ်ချဲ့ကျားသည်
စားသောက်ဖူးရာ၊ အရသာကို
ကောင်းစွာမြင်သိ၊ တပ်မက်ဘိ၍
တပည့်တပန်း၊ ထောက်ကူလှမ်း၍
စမ်းခဲ့ သွေးထိုး၊ အမျိုးမျိုးပင်
အကျိုးပျက်အောင် သူတို့မွေ့။
မြင်အောင်ကြည့်၍ သိကြစေ။

❖ အို...ပြည်သူ သတိမူလော့
ညီတူသွေးစည်း၊ ပန်းတိုင်နီးပြီ
ခရီးလမ်းကြောင်း၊ မတိမ်းစောင်းဘဲ
စုပေါင်းညီညွတ်၊ အောင်ပန်းဆွတ်လော့
လွတ်လပ်ရေးပန်း၊ ထာဝရ လန်းလျက်
တစ်ဝန်းတို့ပြည့်၊ သာမောစည်အောင်
ပြည်သူရှေ့ကြည့်...ရှေ့...ကြည့်။
အေးစေမရှိ အမြဲသတိ။
သို့မှရန်ကို အောင်နိုင်၏။

မြင်းမူမောင်နိုင်မိုး





အလှစစ်ကို မွေ့လိုခြင်း

❖ တွေ့လိုသည်လေ . . .
ကြည်လင်သန့်ရှင်း၊ စိမ်းလန်းခြင်းများ
မြင်ကွင်းအလှ၊ ငါတောင့်တမိ
အတ္တကျွံနစ်၊ နှံအညစ်ကြောင့်
မစ္ဆရိယတွေ၊ လွှမ်းအုပ်နေတော့
ကျေနပ်ချမ်းမြေ့၊ ထိုတစ်နေ့ကို
တွေ့ကော တွေ့နိုင်ဦးမှာလား . . .။

❖ ရလိုသည်လေ . . .
တည်ငြိမ်ဖြန့်ခင်း၊ ငြိမ်းချမ်းခြင်းများ
ရင်တွင်းဆန္ဒ၊ ငါတောင့်တလည်း
အတ္တနှံထဲ၊ လွန်အဆွဲကြောင့်
အစွဲချင်းဆိုင်၊ အားချင်းပြိုင်ကြ
ခိုင်ကျည်ချမ်းမြေ၊ ထိုဘဝကို
ရကောရနိုင်ဦးမှာလား . . .။

❖ မာန်မာနဖုံး၊ ဟန်အပြုံးတွေ
မိတ်ဖွဲ့နေကြ၊ ယစ်မူးသမျှတော့
အလှလွင့်ပြယ်
မာယာခြယ်လှမ်း၊ သစ္စာပန်းတွေ
နွမ်းခြောက်နေမှာ အသေချာ . . .။

❖ မည်သို့ဆိုစေ . . .
ကံကိုပုံချ၊ ရှောင်ခွာကြရာ
အတ္တပါးလျ၊ ခြားနားလှသည့်
အလှစစ်ကိုသာ မွေ့လိုဘိ . . .။ ။

မင်းသွေးနွယ်(ဇီးကုန်း)

CITY CARTOON



CITY CARTOON



CITY CARTOON



CITY CARTOON



အရှေ့အာရှမှာ မြို့ရန်ကုန်တွင်သာရှိတဲ့ မြို့ပြအမွေအနှစ် ရှေးဟောင်းလက်ရာ ထူးထူးခြားခြား

ဂျူးဘုရားကျောင်း

MUSMEAH YESHUA SYNAGOGUE

မောင်မြတ်မွန်(ဆူးလေ)







Musmeah Yeshua Synagogue လို့ (Hebrew) ဟီဘရူးဘာသာနဲ့ ကမ္ဘည်းတင်ထားတဲ့ ထူးထူးခြားခြား ''ဂျူးဘုရားကျောင်း'' ဟာ အရှေ့အာရှမှာ မြို့ရန်ကုန်တွင်သာရှိတဲ့ ကျောင်းတော်မဟာဖြစ်ပါပေတယ်လို့ ကမ္ဘာအရပ်ရပ်မှ လာရောက်လည်ပတ် ဝတ်ပြုကြသူတွေက ''ဂျူးဘုရားကျောင်းမှတ်တမ်းတွင် သမိုင်းတင်ရေးသားထားပါတယ်။ ဂျူးဘုရားကျောင်းရဲ့ အမည်နာမဟာ ဟီဘရူးဘာသာနဲ့ ''Musmeah မင်္ဂလာရှိသော မုခ်ဦးမှ Yeshua ကောင်းကင်ဘုံသို့



ပို့ဆောင်ပေးမည့် Synagogue ဘုရားကျောင်း''လို့ လုံးချင်းကောက် အဓိပ္ပာယ်ရပါပေတယ်။ ''ခရစ်ယာန်တို့လို Church လို့ သုံးနှုန်း မရေးသားပါဘူး။

ရန်ကုန်မြို့တော်တစ်ခွင်မှာ ဘာသာအားလုံး လွတ်လပ်စွာ ကိုးကွယ်ဝတ်ပြုခွင့်ရဲ့ ပြယုဂ်ဖြစ်တဲ့ ဘာသာပေါင်းစုံတို့ရဲ့ ရှေးဟောင်းလက်ရာ(မြို့ပြအမွေအနှစ်) အဆောက်အအုံတွေ ယှဉ်တွဲတည်ရှိနေကြတာကို လေ့လာတွေ့မြင်နိုင်ကြပါတယ်။ ဆူးလေဝန်းကျင်မှာ ''ဆူးလေစေတီတော်ကို ဗဟိုထားကာ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ 'ဧမာန္နေလ' Immanuel (God with us Church) နဲ့ အစ္စလာမ်ဘာသာဝင်တို့ရဲ့ 'ဘဂီလီဆွန်နီဂျာမေဗလီ'နဲ့ 'ကျိုလီယာဗလီ'တွေ ဝန်းပတ်တည်ရှိနေကြပါတယ်'' ဒါ့အပြင် တရုတ်ဗုဒ္ဓဘာသာဝင်တွေရဲ့ 'ဘုံကျောင်း'တွေ၊ ဟိန္ဒူမျိုးနွယ်စုတွေရဲ့ ဝတ်ကျောင်းတွေ၊ အာမေနီယံ၊ ဂျိန်း၊ ဂျူးတို့သာမက ဖာရစီတို့ရဲ့ 'မီးနတ်ဘုရားကျောင်း' (မီးလောင်သွားလို့ မြေကွက်လပ်သာကျန်တော့)တွေပင် ရှိခဲ့ဖူးပါသေးတယ်။

ဂျူး[ရဟူဒီ]များ ရန်ကုန်မြို့သို့ ရောက်ရှိအခြေချခဲ့ကြပုံ

နယ်ချဲ့တို့ရဲ့ ရန်ကုန်မြို့ကွက်မှာ ဦးစွာ 'အလိုတော်ရိ' Favourite ဖြစ်ခဲ့ကြတဲ့ လူမျိုးခြားတွေကတော့ ''အာမေနီယံ၊ စူရတီနဲ့ ဖာရစီ(Parase) တွေ ဖြစ်ခဲ့ကြကာ၊ နယ်ချဲ့တို့ရဲ့ 3Ms လို့ခေါ်တဲ့ Mission, Merchant, Military နဲ့ ရန်ကုန်မြို့သို့ ''တံခါးမရှိ၊ ဓား မရှိ'' ဝင်ထွက်ခွင့်ရခဲ့ကြတာ ဖြစ်တယ်။ ဂျူးလူမျိုးတွေကတော့ ''အောက်က အောင်လံ၊ စိုက်ထူပြန်၊ ဝေရန်ဒုတိယ'' လို့ လက်ံသွယ်ပေးထားတဲ့ နယ်ချဲ့တို့ရဲ့ ဒုတိယကျူးကျော်စစ်ကာလကျမှသာ Merchant Follows Military နဲ့ ပါဝင်လိုက်ပါခဲ့ကြတာဖြစ်တယ်။ ဂျူးကုန်သည်နှစ်ယောက်သာ ဒုတိယကျူးကျော်စစ်ကာလ ''၁၈၅၂ ခုနှစ်၊ ဒီဇင်ဘာလ''မှာ လိုက်ပါခဲ့ကြရာကနေ ရန်ကုန်မြို့မှာ စတင်အခြေချနေထိုင်ခဲ့ကြတယ်။ ခရစ် ၁၈၅၂ ခုနှစ်မှာ နယ်ချဲ့တို့က ရန်ကုန်မြို့မှာ ပထမဦးဆုံးအကြိမ် သန်းခေါင်စာရင်းကောက်ယူခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ အိန္ဒိယရဲ့ ပြည်နယ်အဖြစ် သတ်မှတ်ထားတဲ့ ရန်ကုန်မြို့သို့ အိန္ဒိယပြည်နယ်တွေက 'အခြေအနေမဲ့တွေ၊ ကြွေးမပေးနိုင်လို့ ရှောင်ပြေးလာကြသူတွေ၊ ဝရမ်းပြေးတွေ' စတဲ့ လူရွှပ်လူပွေတွေဟာ သာလာယံဇရပ်ပမာ ဝင်ရောက်လာကြတဲ့အတွက် 'ရန်ကုန်မြို့သည် ကုလားများဖြင့် မည်းမည်းလှုပ်နေသည်'လို့ပင် မှတ်တမ်းတင်ခဲ့ရတာကြောင့်ပဲ ဖြစ်တယ်။ (ညဉ့်သန်းခေါင်ယံအချိန်မှာ စတင်ကောက်ယူခဲ့တဲ့စာရင်းဖြစ်လို့ သန်းခေါင်စာရင်း အမည်ရခဲ့တာပါ။ အခုတော့ အိမ်ထောင်စုလူဦးရေစာရင်း လဝကပုံစံ ၆၆/၆ ကိုပင် သန်းခေါင်စာရင်းလို့ နယ်ချဲ့အမည်ကိုသာ စွဲလမ်းစွာနဲ့ ခေါ်ဝေါ်နေကြလေရဲ့။) အဲဒီ ၁၈၅၂ ခုနှစ်၊ သန်းခေါင်စာရင်းမှာတော့ Jewish ဂျူးလူမျိုး ''၈၃''ယောက် ဖြစ်လာတယ်။ ခရစ် ၁၈၇၃ ခုနှစ်တွင် ဂျူးသူဌေးကြီး 'ဂျူဒါအီဇကယ်' Judah Ezekiel က ရန်ကုန်မြို့ကွက်ကို အရှေ့ဘက်သို့ တိုးချဲ့နိုင်ရန် 'မတည်ငွေ' တစ်ရပ် လျှူဒါန်းခဲ့လို့ Re-construction of Modern Rangoon,1853 မြို့ကွက်ရဲ့ အရှေ့ဘက်နယ်နိမိတ်ဖြစ်ခဲ့တဲ့ East Road ကို Judah Ezekiel Road လို့ ပြောင်းလဲပေးခဲ့တယ်။ (မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှာ 'ဂျူဒါအီဇကယ်လမ်းနဲ့ Stockade လမ်းနှစ်လမ်းပေါင်းကို

ခရစ် ၁၈၇၂ ခုနှစ်မှာ နယ်ချဲ့တို့က ရန်ကုန်မြို့မှာ ပထမဦးဆုံးအကြိမ် သန်းခေါင်စာရင်းကောက်ယူခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ အိန္ဒိယရဲ့ ပြည်နယ်အဖြစ် သတ်မှတ်ထားတဲ့ ရန်ကုန်မြို့သို့ အိန္ဒိယပြည်နယ်တွေက "အခြေအနေမဲ့တွေ၊ ကြွေးမပေးနိုင်လို့ ရောင်ပြေးလာကြသူတွေ၊ ဝရမ်းပြေးတွေ" စတဲ့ လူရွှံပ်လူပွေတွေဟာ သာလာယံဇရပ်ပမာ ဝင်ရောက်လာကြတဲ့အတွက်...

ဒေဝသာဂရ သိမ်ဖြူတော်ကြီးအား အနွတ္တသညာပြုကာ ''သိမ်ဖြူလမ်း''အမည်သို့ ပြောင်းပေးထားတာ ဖြစ်ပါပေတယ်။)

ဒုတိယကမ္ဘာစစ်မဖြစ်မီ Pre-war ကာလ ကိုလိုနီခေတ်တွင် ရန်ကုန်မြို့၌ အခြေချနေထိုင်ခဲ့တဲ့ ဂျူးလူမျိုးဦးရေဟာ '၂၅၀၀'အထိ ရှိခဲ့ဖူးတယ်။ ရန်ကုန်မြို့ကို ဂျပန်စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်တဲ့အခါ နယ်ချဲ့ငြိတိသျှတို့ဟာ အိန္ဒိယနိုင်ငံ 'ဆင်းမလားမြို့'သို့ စစ်ပြေးအစိုးရအနေနဲ့ တိမ်းရှောင်ထွက်ခွာသွားခဲ့ကြရာမှာ ရန်ကုန်မြို့နေ 'ဂျူးလူမျိုး'တွေ လိုက်ပါသွားကြပြီး မြန်မာတိုင်းရင်းသား/သူတွေနဲ့ အိမ်ထောင်ပြုကြသူတွေသာ ရန်ကုန်မြို့မှာ ဆက်လက်နေထိုင်ခဲ့ကြတယ်။ လေ့လာတွေ့ရှိချက်အရ ၂၀၀၇ ခုနှစ်မှာ ရန်ကုန်မြို့တွင် ဂျူးလူမျိုးအိမ်ထောင်စု (၈)စုနဲ့ အိမ်ထောင်စုဝင် ဂျူးလူမျိုးနှစ်လူဦးရေဟာ ၂၀ ခန့်မျှသာ ရှိပါတော့တယ်။

'ဂျူးလူမျိုးတို့ရဲ့ ယဉ်ကျေးမှုလေ့ထုံးတမ်းအရ မြုပ်နှံရန် ဂူသချိုင်း'ဟာလည်း 'Where there is Jews, there is jewish Culture' ဆိုရိုးနဲ့အညီ အရေးကြီးလှပါပေတယ်။ ဒါကြောင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်၊ လမ်း ၉၀ အတွင်းရှိ ကုန်မူထက်တွင် ဂျူးသချိုင်း သီးခြားတည်ရှိခဲ့ဖူးပြီး အုတ်ဂူ (၇၀၀) ခန့်ရှိတယ်လို့ ကွင်းဆင်းလေ့လာချက်အရ သိရှိရတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက 'ဂျူးသချိုင်းတည်



နေရာဟာ လူနေရပ်ကွက်အတွင်း တည်ရှိနေလို့ ဂူသွင်းမြှုပ်နှံခြင်းကို ဆက်လက်ခွင့်မပြုတော့တာ ၂၀၀၇ ခုနှစ်ခန့်ကပင် ဖြစ်ပါပေတယ်။

Small Beginning ကနေ Oasis ပမာဖြစ်ပွားတဲ့ Synagogue

ရန်ကုန်မြို့ရောက် ဂျူးလူမျိုးတွေဟာ 'ဂျူးလူမျိုးရှိရင် ဂျူးယဉ်ကျေးမှုရှိမည်'ဆိုရိုးကို အလေးထားကာ ဂျူးလူအဖွဲ့အစည်း 'Jewish Community' ကို တည်ထောင်ခဲ့ကြပြီး ခရစ် ၁၈၅၄ ခုနှစ် တွင် 'ဂျူးဘုရားကျောင်း'ကို သစ်သားအဆောက်အအုံ 'Small Beginning' နဲ့ စတင်တည်ဆောက်ပေးခဲ့ကြတယ်။ ဂျူးဘုရားကျောင်းမြေကွက်ကို ရန်ကုန်မြို့ကွက်သစ် စတင်တည်ဆောက်ခဲ့တဲ့ ခရစ် ၁၈၅၃ ခုနှစ်ကပင် စတင်ရရှိခဲ့ပုံကို A History of Rangoon မှာ BR-Pearn မှတ်တမ်းပြုထားတာက "In 1853 the Following Grants were made.. The synagogue on Dalhousie Street between 25th and 26th Street." လို့ ဖြစ်ပါတယ်။ အဲဒီကာလက ပန်းပဲတန်းမြို့နယ် ၂၆ လမ်းဝန်းကျင်အထိ ချောင်းလက်တက်ကလေး စီးဝင်နေဆဲဖြစ်ကာ၊ ချောင်းဘေးတွင် သစ်စက်၊ လွှစက် တွေရှိခဲ့ပြီး ချောင်းဖြတ်ကူးရန် ကျောက်တံတားလေးရှိခဲ့လို့ ကျောက်တံတားလမ်း အမည်တွင်ခဲ့ဖူးတယ်။ Modern Rangoon မြို့ကွက်မှာတော့ ဂဏန်းသချိုင်းတပ် ၂၆ လမ်း ဖြစ်လာတယ်။ (ဆူးလေစေတီတော်၊ တောင်ဘက်မုခ်အနီးက ကျောက်တံတားအမည်ကတော့ ကျောက်တံတားရပ်/မြို့နယ် ဖြစ်နေပါပြီ။) ဂျူးဘုရားကျောင်းသစ်သားအဆောက်အအုံဟာ ၂၆ လမ်းအား မျက်နှာစာပြုကာ ၂၅ လမ်းကို နောက်ဖေးလမ်းကြား B.D.S ထားပြီး တည်ဆောက်ထားခဲ့တာ ခရစ် ၁၈၉၂ ခုနှစ်အထိ Small Beginning အဆင့်နဲ့ပဲ တည်ရှိခဲ့ရတာ ဖြစ်ပါပေတယ်။

မျက်မှောက်ကာလမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ စာရင်းအမှတ်စဉ် (၂၄)တွင် ပါဝင်နေတဲ့ မွတ်(ချ)မီးရားရေရှုရှား၊ ဂျူးဘုရားကျောင်းဟာ အမှတ်(၈၅) ၂၆ လမ်း၊ ပန်းပဲတန်းမြို့နယ်၌ တည်ရှိနေတာ သက်တမ်း(၁၆၀)ကျော်နေပါပြီ။ စီးပွားရေးအချက်အခြာ မြို့လယ်ခေါင်မှာ 'အိုအေစစ်' ပမာ တည်ရှိနေတဲ့ ရှေးဟောင်းလက်ရာ၊ မြို့ပြအမွေအနှစ်ဖြစ်တဲ့ အုတ်ထမ်း သုံးထပ် အဆောက်အအုံကြီးကို ခရစ် ၁၈၉၃ ကနေ ၁၈၉၆ ခုနှစ်အထိ တည်ဆောက်ခဲ့ရတယ်။ လူနေသိပ်သည်းပြီး မွန်းကြပ်နေတဲ့ တိုက်တန်းများအကြားမှာ မုခ်ဦးအထွတ်တွင် ဘွဲ့နာမကို 'ဟီဘရူးဘာသာ'နဲ့ ကမ္ဘည်းတင်ပေးထားသလို၊ ဂျူးဘာသာရေးအထိမ်းအမှတ်

Logo ကိုတော့ ကမ္ဘည်းအထက်မှာ ထုဆစ်ပုံဖော်ပေးထားပါတယ်။ အေးချမ်းဆိတ်ငြိမ်မှုနဲ့ လုံခြုံမှုအတွက် မုခ်ဦးအဝင်မှစကာ အုတ်ဝင်းထရံနဲ့ ဝန်းပတ်ကာရံပေးထားတယ်။ အဝင်လမ်းကိုတော့ ပန်းခြံငယ်ကလေးနဲ့ ဥရောပပုံစံ ပြုလုပ်ပေးထားတယ်။ မြေကွက်အပြည့် ဆောက်ထားတဲ့ ပင်မအဆောက်အအုံရဲ့ မျက်နှာစာတစ်ဖက်တစ်ချက်မှာ 'ဂေါပကရုံးခန်း' Trustee Office နဲ့ ဣုးဘာသာဝင်တို့ရဲ့ အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင် Souveneir Shop တို့နဲ့ ဝန်းရံပေးထားတယ်။ ဝတ်ပြုခန်းမ Ordination Hall ကို အလယ်ဗဟိုတွင်ထားကာ ခန်းမရဲ့ ပတ်ပတ်လည်မှာ ပြခန်းငယ်လေးတွေ ပြုလုပ်ထားပြီး ဣုးယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများနဲ့ ပြည်ပမည့် သည်တော်များ လာရောက်လည်ပတ်မှု မှတ်တမ်းတင်ဓာတ်ပုံများကို ပါ သမိုင်းဝင်ချိတ်ဆွဲပြသထားပါတယ်။

ဣုးဘုရားကျောင်းရဲ့ 'ရာပြည့်ပွဲ'ကို ခရစ် ၁၉၅၄ ခုနှစ်တွင် ခမ်းနားထည်ဝါစွာ ကျင်းပချိန်ဟာ မြန်မာနိုင်ငံနဲ့ အစ္စရေးနိုင်ငံတို့

"အစ္စရေးနိုင်ငံ" တည်ထောင်နိုင်စေခဲ့သူ အစ္စရေး ကာကွယ်ရေးဝန်ကြီး Moshe Dayarn ကလည်း မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံရုံးဖွင့်ပွဲသို့ တက်ရောက်ရန်လာရင်း ဣုးဘုရားကျောင်းသို့ လာရောက်ဝတ်ပြုကာ ဧည့်သည်တော်မှတ်တမ်းတွင်ပါ...

သံတမန်ဆက်ဆံရေး စတင်တည်ထောင်တဲ့နှစ် ဖြစ်နေတဲ့အတွက် အစ္စရေးနိုင်ငံရဲ့ ပထမဦးဆုံး ဝန်ကြီးချုပ်ဖြစ်သူ Ben-Gurion က ချစ်ကြည်ရေးခရီးစဉ်နဲ့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရင်း ရာပြည့်ပွဲကို တက်ရောက်ဂုဏ်ပြု ဝတ်ပြုဆုတောင်းပေးသွားတယ်။ အလားတူ ဂါဇာကမ်းမြောင်ဒေသ ၆ ရက်စစ်ပွဲကို အောင်မြင်စွာ တိုက်ခိုက်ပြီး 'အစ္စရေးနိုင်ငံ' တည်ထောင်နိုင်စေခဲ့သူ အစ္စရေး ကာကွယ်ရေးဝန်ကြီး Moshe Dayarn ကလည်း မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံရုံးဖွင့်ပွဲသို့ တက်ရောက်ရန်လာရင်း ဣုးဘုရားကျောင်းသို့ လာရောက်ဝတ်ပြုကာ ဧည့်သည်တော်မှတ်တမ်းတွင်ပါ သမိုင်းတင်ရေးသားထားတာကို လေ့လာရေးခရီးစဉ်တွင် ဖတ်ရှုခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်မြို့နေ ဣုးလူမျိုးများနဲ့ ဣုးဘာသာဝင်ဖြစ်သူ အမေရိကန်သံအမတ် 'ဒဲရစ်မစ်ချဲလ်' အပါအဝင် နိုင်ငံခြားသား ဣုးဘာသာဝင်များက 'ဣုးဘုရားကျောင်း'တွင် 'မီးထွန်းပွဲတော် ကျင်းပဝတ်ပြုခဲ့ကြတယ်'လို့ VOA က ထုတ်လွှင့်သွားတာကိုပါ ဖြည့်စွက်မှတ်တမ်းတင်လိုက်ရပါတယ်။

မင်္ဂလာရှိသောမုခ်ဦးမှ ကောင်းကင်ဘုံသို့ ပို့ဆောင်ပေးမယ့် ဣုးဘုရားကျောင်းတွင် ဣုးယဉ်ကျေးမှု အသုံးအဆောင်နဲ့ ဘာသာရေး အထိမ်းအမှတ် Logo တို့ကို အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်ပေးထားသလို ကမ္ဘာအရပ်ရပ်မှ လာရောက်လည်ပတ်ဝတ်ပြုကြသူတွေအတွက် ဧည့်သည်တော်မှတ်တမ်း ထားရှိပေးထားတယ်။ ကမ္ဘာလှည့်ခရီးသည်တွေဖြစ်ကြတဲ့ "Australia, England, Israel, Italy, Poland, Singapore, Switzerland နဲ့ United State of American စတဲ့နိုင်ငံတွေက လာရောက်ကြတဲ့ မှတ်တမ်း







ကို လေ့လာတွေ့ရှိခဲ့ရတယ်။

အဲဒီ ကမ္ဘာလှည့်ခရီးသည်တွေမှာပါဝင်တဲ့ 'သုတေသီ'တွေက ''ရန်ကုန်မြို့လယ်ရှိ ဣုးဘုရားကျောင်းသည် အရှေ့အာရှတွင် ရန်ကုန်မြို့၌သာ တည်ရှိနေသော ထူးထူးခြားခြား ဣုးဘုရားကျောင်း ဖြစ်ပါပေသည်။''လို့ သမိုင်းဝင်မှတ်တမ်းပြုထားခဲ့ကြတယ်။ ဒါကြောင့် မျက်မှောက်ပြုနေတဲ့ ၂၀၁၈ ခုနှစ်တွင် သက်တမ်း (၁၆၄)နှစ်ရှိနေပြီဖြစ်တဲ့ ရန်ကုန်မြို့ပြုရဲ့ အမွေအနှစ် ရှေးဟောင်းလက်ရာစာရင်းဝင် ''မင်္ဂလာရှိသော မုခ်ဦးမှ ကောင်းကင်ဘုံသို့ ပို့ဆောင်ပေးမယ့် ထူးထူးခြားခြား ဣုးဘုရားကျောင်းကြီး''ကို ဘိုးဘွားအမွေအနှစ်အား ချစ်မြတ်နိုးကြတဲ့ ဣုးဘာသာဝင်တွေက လက်ဆင့်ကမ်း ထိန်းသိမ်းပေးနေကြသလို၊ ရန်ကုန်မြို့ပြအမွေအနှစ် အဖြစ်လည်း ထာဝရတည်တံ့နေရလေအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါစို့လို့ တိုက်တွန်းမှု ပြုလိုက်ရပါတယ်။

မောင်မြတ်မွန်(ဆူးလေ)



မဟာမဲခြင်၊ အာဆီယံ စီးပွားစကြံ်လမ်းများနှင့် မြန်မာနိုင်ငံ

ကော်ဟိန်း




City MAGAZINE

မြန်မာနိုင်ငံဟာ မဟာမဲခြင်ဒေသခွဲ (Greater Mekong Subregion-GMS) အတွင်းက အလယ်အလတ် ဝင်ငွေအဆင့်ကို တင်းပြည့်ကျပ်ပြည့်မရောက်သေးတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး အာဆီယံဆယ်နိုင်ငံမှာ ဒုတိယအကြီးမားဆုံး နယ်နိမိတ်ကိုပိုင်ဆိုင်ထားပါတယ်။ မြေဧရိယာ ၆၀၆. ၅၀၆ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး အာဆီယံအသိုက်အဝန်း(ASEAN Community)ရဲ့ ပဉ္စမမြောက် လူဦးရေ အများဆုံးနိုင်ငံဖြစ်ပါတယ်။ လူဦးရေ ၅၄ ဒသမ ၉သန်း မှီတင်းနေထိုင်ပြီး လူဦးရေစုစုပေါင်းရဲ့ ၆၅ ဒသမ ၄ ရာခိုင်နှုန်းဟာ ကျေးလက်ပြည်သူတွေ ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာတဲ့ စုစုပေါင်းပြည်တွင်းထုတ်ကုန် (Gross Domestic Product-GDP)တိုးတက်မှုနှုန်းဟာ ၂၀၁၅ ခုနှစ်မှာ ၇ ဒသမ ၀ ရာခိုင်နှုန်း၊ ၂၀၁၆ မှာ ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ ၆ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ၂၀၁၈ မှာ ၆ ဒသမ ၈ ရာခိုင်နှုန်း ရှိပြီး ၂၀၁၉ ခုနှစ်အတွက် ဂျီဒီပီ တိုးတက်မှုနှုန်း ၇ ဒသမ ၂ ရာခိုင်နှုန်းရှိမယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်(Asia Development Bank-ADB)က ခန့်မှန်းထားပါတယ်။ ၂၀၁၈ ခုနှစ်ရဲ့ ငွေဖောင်းပွမှုနှုန်းက ၆ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၈ ခုနှစ်မှာ ၆ ဒသမ ၀ ရာခိုင်နှုန်းရှိတယ်လို့ ကမ္ဘာ့ဘဏ်

(World Bank-WB)က ထုတ်ပြန်ထားပါတယ်။

ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတွေကို ထောက်ချင့်လိုက်ရင် မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ ၂၀၁၆ခုနှစ်မှာ ကျဆင်းသွားပြီး ၂၀၁၇နဲ့ ၂၀၁၈ခုနှစ်တွေမှာ တန်းနေကာ ၂၀၁၉ ခုနှစ်မှာ ပြန်လည်ဦးမော့လာနိုင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ မက်ခရို ဘောဂဗေဒ(Macro Econimics) သဘော အရ အမျိုးသားစီးပွားရေး တည်ငြိမ်လာတယ်လို့ ဆိုနိုင်ပြီး မိုက်ခရိုဘောဂဗေဒ (Micro Econimics)ဖြစ်တဲ့ ပကတိ စီးပွားရေး (Real Economy)ကတော့ ကျဆင်းသွားတာကို တွေ့မြင်နေရပါတယ်။ မူမမှန်တဲ့ စီးပွားရေးလမ်းကြောင်းပေါ် ရောက်သွားတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းဟာ ပုံမှန်စီးပွားရေး စနစ်တစ်ရပ်ကို ပြန်လည်ဖော်ဆောင်မယ်ဆိုရင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေဟာ အခိုက်အတန့်အားဖြင့် ထိခိုက်သွားနိုင်ပါတယ်။ ဒီအခြေအနေမျိုးမှာ အစိုးရအနေနဲ့ ပြည်တွင်းစားသုံးမှု တိုးတက်လာအောင် ဘဏ္ဍာငွေအားမြှင့်ပေးခြင်း(Financial Stimular) နည်းလမ်းနဲ့ ကာလတိုဖြေရှင်းဆောင်ရွက်ပေးနိုင်တဲ့အတွက် စိုးရိမ်ဖွယ်ရာ မရှိဘူးလို့ စီးပွားရေးပညာရှင်များက သုံးသပ်ထားပါတယ်။




၂၀၁၈ခုနှစ် ဇူလိုင်လရက်မှ စက်တင်ဘာလ ၃၁ရက်နေ့အထိ ၆လ ဘတ်ကျက်စာရင်းဇယားများအရ လိုင်ငွေပြဘတ်ကျက်ဖြစ်ပေါ်ရာမှာ ပြည်နယ်နဲ့တိုင်းဒေသကြီးတို့ရဲ့ စုစုပေါင်းအသုံးစရိတ်ကို ကာမိအောင် ပြည်ထောင်စုအစိုးရက ကျပ်ငွေ ဘီလီယံ ၈၂၀ ထောက်ပံ့ပေးခဲ့ရပါတယ်။ အသုံးစရိတ်ကာမိအောင် ထောက်ပံ့ငွေစုစုပေါင်းရဲ့ ၁၂ ဒသမ ၈၅ ရာခိုင်နှုန်းဟာ ရှမ်းပြည်နယ်အတွက် ဖြစ်ပါတယ်။ မြေရိယာအကျယ်ဝန်းဆုံးဖြစ်တဲ့ ရှမ်းပြည်နယ်ဟာ မိရိုးဖလာ စီးပွားရေးစနစ်မှ ခေတ်ပြိုင်ကုန်သွယ် စီးပွားစနစ်ကို ပြောင်းလဲကျင့်သုံးဖို့ လိုအပ်သလို မဟာမဲခေါင်ဒေသခွဲနဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ စီးပွားရေးစကြံ့လမ်းများအပေါ် အကျိုးအမြတ်အခွင့်အလမ်းများရရှိအောင် ကြိုးပမ်းလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

မဟာမဲခေါင်ဒေသခွဲရဲ့နိုင်ငံဖြတ်ကျော် ဆက်သွယ်ရေးလမ်းကြောင်း ၉သွယ်ရှိပြီး မြန်မာနိုင်ငံရဲ့ တိုက်ရိုက်အကျုံးဝင်တဲ့ လမ်းကြောင်းက ၅ခုရှိပါတယ်။

(၁) မြောက်တောင် စီးပွားရေးစကြံ့လမ်း(တရုတ်ပြည်ကူမင်းမြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့အထိ ဆက်သွယ်ထားတဲ့ လမ်းကြောင်းဖြစ်ပြီး မြန်မာနိုင်ငံတာချီလိတ်၊ ကျိုင်းတုံနဲ့မိုင်းလားမြို့များကို ဖြတ်သန်းသွားမှာဖြစ်ပါတယ်။ ပြည်တွင်းဖြတ်သန်း ကီလိုမီတာ ၂၅၅ဖြစ်ပါတယ်)

(၂) အရှေ့အနောက်စီးပွားရေးစကြံ့လမ်း (မြန်မာနိုင်ငံ မော်လမြိုင်နဲ့မြဝတီမြို့များကို ကီလိုမီတာ ၂၀၀နဲ့ဖြတ်ကျော်ပြီး







ဒီယက်နမ်နိုင်ငံ ဒါနန်းမြို့အထိပေါက်ရောက်မယ့်လမ်းဖြစ်ပါတယ်။ ထိုင်းနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံများကိုလည်း ဖြတ်သန်းသွားနိုင်ပါတယ်)

(၃) တောင်ဘက်စီးပွားရေးစင်္ကြံလမ်း (မြန်မာနိုင်ငံ ထားဝယ်မြို့မှ ဒီယက်နမ်နိုင်ငံ ကွေနောအထိရောက်ရှိမယ့်လမ်းကြောင်းဖြစ်ပြီး ပြည်တွင်းဖြတ်သန်းကီလိုမီတာ ၁၆၀ ရှည်လျားပါတယ်)

(၄) မြောက်ဘက်စီးပွားရေးစင်္ကြံလမ်း (တရုတ်ပြည် ဖန်ချန်းမြို့မှ မြန်မာနိုင်ငံ မူဆယ်၊ မန္တလေးမြို့များကိုဖြတ်ပြီး တမူးမြို့အထိသွားနိုင်မယ့်လမ်းကြောင်းဖြစ်ပါတယ်။ ပြည်တွင်းဖြတ်သန်း ၇၁၁ကီလိုမီတာရှိပါတယ်)

(၅) အနောက်ဘက်စီးပွားရေးစင်္ကြံလမ်း (တမူး၊နေပြည်တော်၊ မော်လမြိုင်လမ်းကြောင်းအရှည် ကီလိုမီတာ ၁၄၅၀ရှိပြီး အိန္ဒိယနိုင်ငံနဲ့ထိုင်းနိုင်ငံကို ချိတ်ဆက်ထားတာဖြစ်ပါတယ်)

အလားတူပဲ အာဆီယံနိုင်ငံချင်းဆက်လမ်းတွေဖောက်လုပ်ကြဖို့လည်း ၂၀၁၀ပြည့်နှစ် ဒီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ ကျင်းပတဲ့ အာဆီယံထိပ်သီးအစည်းအဝေးက အတည်ပြုခဲ့ပြီး ၂၀၂၀ပြည့်နှစ်မှာ အဆင့်မြင့်လမ်းမကြီးများအဖြစ် တိုးချဲ့ပြုပြင်ဖောက်လုပ်သွားကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုဖြတ်သန်းပြီး တရုတ်၊ အိန္ဒိယနဲ့ထိုင်းနိုင်ငံများကိုချိတ်ဆက်နိုင်မယ့်လမ်းကြောင်းများဟာ ပြည်တွင်းစုစုပေါင်း အလျားကီလိုမီတာ ၂၉၃၂ရှည်လျားမှာဖြစ်ပါတယ်။ လမ်းများရဲ့ အစိတ်အပိုင်းအတော်များများဟာ မူလကတည်းက ဖောက်လုပ်ထားပြီးဖြစ်ပါတယ်။ တစ်ဘက်နိုင်ငံမြို့ပြအဝေးပြေးလမ်းကြောင်းတွေနဲ့ ချိတ်ဆက်ပေးဖို့လိုအပ်တဲ့ နေရာတွေကိုတော့ လမ်းကြောင်းအသစ်ထပ်မံဖောက်လုပ်ရမှာဖြစ်ပါတယ်။ ရှိပြီးသားလမ်းတွေနဲ့အသစ်ဖောက်လုပ်မယ့်လမ်းတွေအားလုံးဟာ အာဆီယံအဆင့်(၁)လမ်းများအဖြစ် ၂၀၂၀ ပြည့်နှစ်မှာ ပြီးစီးရမယ်လို့လည်း သတ်မှတ်ထားပါတယ်။ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ အာဆီယံလမ်းမတွေကတော့ ပြီးစီးနေပြီဖြစ်ပေမယ့် မြန်မာနိုင်ငံအတွင်းက တချို့လမ်းပိုင်းတွေကတော့ ချိတ်ဆက်ဖို့ ကျန်နေပါသေးတယ်။

မဟာမဲခေါင်ဒေသခွဲလမ်းတွေနဲ့ အာဆီယံစီးပွားရေးစင်္ကြံလမ်းတွေဟာ ထပ်တူကျတာရှိသလို ခွဲထွက်သွားတာလည်းရှိပါတယ်။ အဓိကကုန်သွယ်ဖက်နိုင်ငံသုံးခုဖြစ်တဲ့ တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ ကုန်သွယ်မှုအတိုင်းအဆကိုကြည့်ရင် တရုတ်က ၄၀ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး ထိုင်းက ၁၉ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပါတယ်။ အိန္ဒိယကတော့ ၁၀ရာခိုင်နှုန်းအောက်ပဲရှိပါတယ်။ တရုတ်နဲ့ထိုင်းနိုင်ငံတွေနဲ့ ချိတ်ဆက်တဲ့အခါ ရှမ်းပြည်နယ်နဲ့ မွန်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့ဟာ အရေးပါတဲ့ ဒေသတွေဖြစ်နေပါတယ်။ ရှမ်းပြည်နယ် မူဆယ်မြို့နဲ့ချင်းရွှေဟော်၊ ကျောင်ပြည်နယ် တန်ပိုက်တီးမြို့တွေမှာ အထူးစီးပွားရေးဇုန်တွေ ထူထောင်ဖို့လျာထားချက်တွေ

နယ်နိမိတ်ချင်း ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ အာဆီယံလမ်းမတွေကတော့ ပြီးစီးနေပြီဖြစ်ပေမယ့် မြန်မာနိုင်ငံအတွင်းက တချို့လမ်းပိုင်းတွေကတော့ ချိတ်ဆက်ဖို့ကျန်နေပါသေးတယ်။

ရှိတဲ့အတွက် မဟာမဲခေါင်ဒေသခွဲနဲ့ အာဆီယံ စီးပွားရေးစကြံ့လမ်းမကြီးတွေကို ပြည်တွင်းထွက်ကုန် အခြေပြုဒေသတွေနဲ့ ချိတ်ဆက်လမ်းကြောင်းများ ဖောက်လုပ်ထားရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ အလားတူပဲ ဒေသတွင်းထွက်ကုန်များစုဝေးရာ မြို့ပြဒေသတွေမှာ ကုန်ရပ်နားစခန်း (Drag Port) တွေဆောက်လုပ်ဖို့လည်း လိုအပ်ပါလိမ့်မယ်။ အောင်ပန်း၊ လားရှိး၊ ကျိုင်းတုံ အစရှိတဲ့ အချက်အချာမြို့တွေမှာ ဝန်ဆောင်မှု အပြည့်အဝပေးနိုင်တဲ့ ကုန်ရပ်နားစခန်းတွေကို စိစစ်ရွေးချယ်တည်ဆောက်ပြီး ပင်မစီးပွားရေးစကြံ့လမ်းမကြီးတွေနဲ့ ချိတ်ဆက်ပေးမယ်။ စီးပွားရေးအားဖြည့် လမ်းကြောင်းတွေကိုလည်း ဒေသလိုအပ်ချက် အလိုက် (Economic Feeder Road) များအဖြစ် ဖောဆောင်ပေးသင့်ပါတယ်။

ဒါမှသာလျှင် အာဆီယံဒေသအတွင်းနဲ့မဟာမဲခေါင်ဒေသအတွင်း လျာထားသတ်မှတ်ထားတဲ့စီးပွားရေး စကြံ့လမ်းကြောင်းများကို မြန်မာနိုင်ငံရဲ့ လမ်းပန်းဆက်သွယ်ရေးက ချိတ်ဆက်မိသွားပြီး စီးပွားရေးကုန်သွယ်လမ်းများပေါ်ပေါက်လာမှာဖြစ်ပါတယ်။ စီးပွားရေးစကြံ့လမ်းများကို အားဖြည့်လမ်းကြောင်းများနဲ့ပါ ဆက်သွယ်နိုင်ပြီး ကုန်းတွင်းဆိပ်ကမ်းများလည်း တည်ဆောက်ထားနိုင်မယ်ဆိုရင်တော့ မြန်မာနိုင်ငံအနေနဲ့ အပြည့်အဝဝန်ဆောင်မှုပေးနိုင်တဲ့ လမ်းပန်း



ဆက်သွယ်ရေးကွန်ရက်ကြီးကို ဖော်ဆောင်ပြီး ဖြစ်သွားပါလိမ့်မယ်။ ကုန်သွယ်ရေးကဏ္ဍမှာ နိုင်ငံဖြတ်ကျော်ကုန်စည်ပို့ဆောင်နိုင်မှုသာမက ပြည်တွင်းသယ်ယူပို့ဆောင်ရေးကိုလည်း အဆိုပါကွန်ရက်အတွင်း သွတ်သွင်းနိုင်မှာဖြစ်ပါတယ်။ အခြေခံအဆောက်အအုံထဲက အရေးပါတဲ့လမ်းပန်းဆက်သွယ်ရေးဟာ ကုန်သွယ်မှုကို များစွာအထောက်အကူပြုနေတာဖြစ်တာကြောင့် လမ်းတံတားဆောက်လုပ်ရေးပညာရှင်များက လမ်းပန်းဆက်သွယ်ရေးမရှိရင် ကုန်သွယ်မှုလည်းမရှိနိုင်ဘူး (No Transport ,No Trade)လို့ ပြောလေ့ရှိကြပါတယ်။ မြန်မာနိုင်ငံကိုဖြတ်သန်းသွားမယ့်အရှေ့အနောက်၊ တောင်မြောက်စီးပွားရေးစကြံ့လမ်းမကြီးများကို ရှမ်းပြည်နယ်သာမက ပြည်နယ်နဲ့တိုင်းဒေသကြီးအားလုံးက ဝင်ရောက်ဆက်သွယ်နိုင်မယ်ဆိုရင် ဒေသအသီးသီးရဲ့ကုန်စည်များကို ပြည်တွင်းပြည်ပချိတ်ဆက်ပို့ဆောင်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ပြည်တွင်းစားသုံးမှုတိုးတက်လာအောင်ဘဏ္ဍာငွေအားမြှင့်ပေးခြင်း (Finaicial Stimulas)နည်းလမ်းကို အသုံးပြုမယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ပြည့်စုံသွားအောင်ဖြည့်ဆည်းပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါဟာကုန်သွယ်မှု၊ ပြည်တွင်းစားသုံးမှုကိုတိုးမြှင့်ပေးသလို ပုဂ္ဂလိကအခန်းကဏ္ဍကိုပါ ဖွံ့ဖြိုးစေမှာဖြစ်လို့ ပကတိစီးပွားရေးအခြေအနေ (Real Econimic Situation)ဟာလည်း ဦးမော့လာမှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

ဇော်ဟိန်း



ဥတုဏှာသီ ပြောင်းခဲ့ခြင်း

သိပ္ပံစာရေးဆရာကိုကိုအောင်





ကမ္ဘာ့အရပ်ဒေသတစ်ခု၏ တစ်ရက်တာ အချိန်အတွင်း၌ ဖြစ်ပေါ်သော အပူအအေး၊ လေတိုက်ခတ်မှု၊ နေသာမိုးအုံ့ဖြစ်ပေါ်မှု၊ မိုးရွာသွန်းမှု၊ မိုးသက်လေပြင်းတိုက်ခတ်မှု၊ မိုးကြိုးပစ်မှု စသည့်ဖြစ်ရပ်များအားလုံးကို ထိုအရပ်ဒေသ၏ မိုးလေဝသဟု ခေါ်ဆိုသည်။ တစ်နည်းဆိုရသော် မိုးလေဝသဟူသည်မှာ အရပ်ဒေသတစ်ခု၏ တစ်ရက်တာ ကာလအတွင်း၌ သဘာဝအလျောက် ဖြစ်ပျက်ပြောင်းလဲနေသော အခြေအနေအရပ်ရပ်ပင် ဖြစ်သည်။



ထိုသို့သော တစ်ရက်တာ မိုးလေဝသ အခြေအနေများကို ရက်ကာလကြာရှည်စွာ မှတ်တမ်းတင်ပြီးသည့်အခါ မိုးလေဝသ အခြေအနေချင်းဆင်တူသော သို့တည်းမဟုတ် နီးစပ်တူညီသော သို့တည်းမဟုတ် တစ်ထပ်တည်းကျနေသော နေ့ရက်များကို တစ်ဆက်တည်း စုစည်းပေးခြင်းဖြင့် အဆိုပါ အရပ်ဒေသ၏ ရာသီဥတုအနေအထားကို သတ်မှတ်ထုတ်ပြန်လာနိုင်သည်။

မိုးရွာသွန်းမှုများပြားသော နေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို မိုးဥတုဟူ၍လည်းကောင်း၊ အအေးပိုသော နေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို ဆောင်းဥတုဟူ၍လည်းကောင်း၊ ပူပြင်းခြောက်သွေ့သော နေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို နွေဥတုဟူ၍လည်းကောင်း သတ်မှတ်ထားကြသည်။ အချို့သော အရပ်ဒေသများတွင် ဆောင်းအကုန် နွေအကူးကာလ၏ မိုးလေဝသအခြေအနေမှာ ရက်ရှည်လများဖြစ်ပေါ်နေသည့်အတွက် နွေဦးရာသီဟူ၍လည်းကောင်း၊ မိုးနှောင်းကာလနှင့် ဆောင်းမဝင်မီစပ်ကြား မိုးလေဝသအခြေအနေများမှာ ရက်ရှည်လများဖြစ်ပေါ်နေသဖြင့် ဆောင်းဦးရာသီဟူ၍လည်းကောင်း ထူးခြားသောရာသီဥတုမျိုး ရှိနေကြသည်။

ကမ္ဘာအရပ်ဒေသ အသီးသီးတို့သည် မတူညီသော ပထဝီသွင်ပြင် အနေအထားများကြောင့် အမျိုးမျိုးသော မိုးလေဝသ အခြေအနေများဖြစ်ပေါ်နေကြသလို၊ ကွဲပြားသော ရာသီဥတုများကိုလည်း ပိုင်ဆိုင်ထားလျက် ရှိနေကြသည်။ ထို့ကြောင့်ပင် ကမ္ဘာ့မြောက်ခြမ်းရှိ အမေရိကန်နှင့် ဥရောပနိုင်ငံများ၌ ကမ္ဘာ့အလယ်ပိုင်းဒေသ နိုင်ငံများနှင့် မတူညီသော ရာသီဥတုမျိုး ရှိနေကြသလို၊ ကမ္ဘာ့အလယ်ပိုင်းဒေသ နိုင်ငံများသည်လည်း ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဩဇီနှင့် အာဂျင်တီးနားကဲ့သို့သော နိုင်ငံများနှင့် မတူကွဲပြားသည့် ရာသီဥတုမျိုး ရှိနေကြခြင်းဖြစ်သည်။

ကမ္ဘာ့တောင်ပိုင်းဒေသ နိုင်ငံများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် စင်ကာပူမြို့ပြနိုင်ငံတို့သည်ပင်လျှင် အီကွေတာရပ်ဝန်းဒေသ နိုင်ငံများဖြစ်ကြပါလျက် ရာသီဥတုချင်းတူညီ မှု မရှိကြပေ။ မြန်မာနိုင်ငံ၌ နွေဥတု၊ မိုး ဥတုနှင့် ဆောင်းဥတုဟူ၍ သုံးရာသီရှိနေသော်လည်း အီကွေတာနှင့်ပိုမိုနီးကပ်သည့် စင်ကာပူ၌ တစ်နှစ်ပတ်လုံး နေပူလိုက်၊ မိုးရွာလိုက် ဆက်တိုက်ဖြစ်ပေါ်သော အီကွေတာ ရာသီဥတု တစ်နည်းဆိုရသော် ပူနွေးစွတ်စိုသည့် ရာသီဥတုမျိုးရှိနေသည်။

ကမ္ဘာကြီး စိမ်းလန်းစိုပြည်ခဲ့စဉ်က ကမ္ဘာ့အရပ်ဒေသ အသီးသီး၏ နေ့စဉ် မိုးလေဝသအခြေအနေများနှင့် ရာသီဥတု အနေအထားများမှာ ကမ္ဘာ့မြေထု၊ ရေထု နှင့် လေထုတို့၏ အပြန်အလှန်အမှီသဟဲပြုနေမှုများကြောင့် သဘာဝအလျောက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကြီး မပျက်စီးသေးခင် အချိန်က၊ ဂေဟစနစ် ကောင်းစွာဖြစ်ထွန်းခဲ့သည့်အချိန်က၊ ဂေဟဗေဒသဘောတရား အရ အပြန်အလှန် အမှီသဟဲပြုရင်း အပြန်အလှန် အကျိုးပြုရင်း ဖြစ်ပေါ်ခဲ့ကြခြင်းဖြစ်သည်။

ယုတ်စွအဆုံး မျက်မှောက်ကာလနှင့် အနီးစပ်ဆုံးဟုပင် ဆိုရမည်ဖြစ်သော နယ်မြေသစ် စွန့်စားရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်စ်က အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့သည့် ၁၅၀၂ ခုနှစ်အထိ၊ တစ်နည်းအားဖြင့် ၁၆ ရာစုနှစ် အစအဦးပိုင်းအချိန်အထိ ကမ္ဘာ့မိုးလေဝသ အခြေအနေများနှင့် ရာသီဥတုတို့မှာ ပြင်ပ ပယောဂမပါဘဲ သဘာဝအလျောက်သာ ဖြစ်ပေါ်ပြောင်းလဲနေခဲ့ကြသည်။

သို့ရာတွင် ကမ္ဘာ့မြောက်ခြမ်းရှိ ဥရောပနိုင်ငံများ၌ စက်မှုအတတ်ပညာများ စတင်ဖွံ့ဖြိုးတိုးတက်လာချိန် နောက်ပိုင်းမှစ၍ မိုးလေဝသအခြေအနေနှင့် ရာသီဥတုတို့ ဖြစ်ပေါ်သည့် ဖြစ်စဉ်အရပ်ရပ်အပေါ် ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့က ရာနှုန်းပြည့် ဖန်တီးခွင့်မရရှိကြတော့ပေ။ အကြောင်းမူကား မိုးလေဝသအခြေအနေနှင့် ရာသီဥတု ဖြစ်စဉ်တို့အပေါ်၌ သက်ရှိလူသားတို့ကပါဝင်ရောက်ခြယ်လှယ်လွှမ်းမိုး ဖန်တီးလာကြသောကြောင့်ပင် ဖြစ်သည်။

ကမ္ဘာ့လူသားတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းခန့်မှစ၍ စိုက်ပျိုးရေးလုပ်ငန်းများကို စတင်လုပ်ဆောင်လာခဲ့ကြသည်။ သစ်ပင်သစ်တောနှင့် ဇီဝမျိုးစုံတို့၏ အပြန်အလှန် အမှီသဟဲပြုနေကြသော ဂေဟစနစ်ကြီးသည် ထိုအချိန်ကတည်းက စတင်

သစ်ပင်တစ်ပင်ကို ခုတ်ထွင်ရှင်းလင်းတိုင်း
အင်းဆက်ပိုးမွှားများနှင့် အဏုဇီဝ ပိုးမွှားများအပို့ ခိုလှုံရာကင်းမဲ့ခြင်း၊
စားကျက် ပျောက်ဆုံးခြင်း၊ ရှင်သန်ပေါက်ပွားရန် ခက်ခဲလာခြင်း၊
မျိုးသုဉ်းပျောက်ကွယ်ခြင်း စသော...





ပျက်ယွင်းလာခဲ့သည်။ သဘာဝအလျောက် ပေါက်ရောက်နေသော သစ်ပင်နှင့် သစ်တောအုပ်များကို ခုတ်ထွင်ရှင်းလင်း၍ မိမိတို့အလိုရှိရာ အပင်များကို ကမ္ဘာ့မြေလွှာပေါ်၌ စတင်စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်တစ်ပင်ကို ခုတ်ထွင်ရှင်းလင်းတိုင်း အင်းဆက်ပိုးမွှားများနှင့် အဏုဇီဝပိုးမွှားများအဖို့ ခိုလှုံရာကင်းမဲ့ခြင်း၊ စားကျက်ပျောက်ဆုံးခြင်း၊ ရှင်သန်ပေါက်ပွားရန် ခက်ခဲလာခြင်း၊ မျိုးသုဉ်းပျောက်ကွယ်ခြင်း စသော အပျက်တရားများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်ဖြစ်ရာ၊ လူတို့၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရှင်းလင်းခုတ်ထွင်လိုက်သော ဟက်တာပေါင်း သိန်းသန်းချီရှိသည့် အဝန်းအဝိုင်းအတွင်း သဘာဝပေါက်ပင်မည်မျှပျက်စီးမည်၊ ဇီဝမျိုးစိတ်ပေါင်း မရေမတွက်နိုင်အောင် ပျက်ကိန်းကြုံကြရမည်ကို တွေးကြည့်ရုံဖြင့်ပင် လွယ်လင့်တကူ သိနိုင်မည်ဖြစ်သည်။

သို့ရာတွင် စိုက်ပျိုးရေးလုပ်ငန်း စတင်ထွန်းကားချိန်၌ ကမ္ဘာ့သစ်ပင် သစ်တော စုစုပေါင်းပမာဏနှင့် နှိုင်းစာလျှင် ခုတ်ထွင်ရှင်းလင်းခံရသော သစ်ပင်သစ်တောမှာ အနည်းစုမျှသာဖြစ်သည့်အတွက် ဂေဟစနစ်ပျက်ယွင်းသည့်တိုင် ကမ္ဘာ့မိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်များအပေါ် အကျိုးသက်ရောက်မှုက မရှိသလောက်နည်းပါးခဲ့သည်။

စက်မှုတော်လှန်ရေးကာလ ရောက်ရှိချိန်နောက်ပိုင်းမှသာလျှင် ကာဗွန်ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ လေထုထဲသို့ စွန့်ထုတ်မှု တစ်စတစ်စ တိုး၍များပြားလာခဲ့ရာ ကမ္ဘာအရပ်ရပ်ရှိ သစ်ပင်သစ်တောများက စုပ်ယူသိုလှောင်ပေးထားနိုင်သော ကာဗွန်ဓာတ်ငွေ့ပမာဏကိုပင် ကျော်လွန်လာခဲ့သည်။ သစ်ပင်သစ်တောများနည်းတူ ကမ္ဘာပေါ်ရှိ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များကလည်း ကာဗွန်ဓာတ်ငွေ့များကို စုပ်ယူပေးနေကြပါလျက်နှင့် ယင်းကဲ့သို့ သစ်ပင်သစ်တောနှင့် ပင်လယ်သမုဒ္ဒရာတို့က စုပ်ယူနိုင်စွမ်းကို ကျော်လွှားလွန်မြောက်အောင် စွန့်ထုတ်နေကြသော ကာဗွန်အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များသည် ကမ္ဘာမြေကြီးကို ဖန်လုံအိမ်ကြီးတစ်ခုအဖြစ် အုပ်မိုးကာရံထားလိုက်ကြတော့သည်။

ဖန်လုံအိမ်ဖြစ်လာသော ကမ္ဘာကြီးသည် နေမှကျရောက်လာသော ရောင်ခြည်အလင်းတန်းများကို ကမ္ဘာ့အပြင်ဘက်သို့ အပြည့်အဝ ပြန်ထုတ်ပေးနိုင်စွမ်း မရှိတော့သဖြင့် သိသာစွာပူနွေးလာတော့သည်။ ကမ္ဘာကြီးပူနွေးလာမှု(Global Warming) ဖြစ်စဉ်သည် ကမ္ဘာ့မိုးလေဝသအခြေအနေနှင့် ရာသီဥတုတို့အပေါ် လွှမ်းမိုးချုပ်ကိုင်သည့် လူတို့၏ ပယောဂများဖြစ်လာကြသည်။

ထို့ကြောင့်ပင် ခေတ်သစ်သိပ္ပံပညာဆိုင်ရာ ရာသီဥတုဗေဒ၌ ရာသီဥတုကိုဖြစ်ပေါ်စေသော အကြောင်းတရားများတွင် ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့ကိုသာမက လူတို့အပါအဝင် သက်ရှိတို့၏ အခန်းကဏ္ဍဖြစ်သောဘိုင်အိုစဖီးယား(Biosphere) ကိုပါ ထည့်သွင်းတွက်ချက်နည်းများဖြင့် ကဏ္ဍသစ် ဖွင့်လှစ်ခဲ့ကြရပြီဖြစ်သည်။ ဤသို့အားဖြင့် ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တို့သည် ခေတ်သစ်မိုးလေဝသ ခန့်မှန်းတွက်ချက်နည်းများ၊ ရာသီဥတုဖြစ်စဉ် လေ့လာမှုများကို ခေတ်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် လေ့လာနိုင်ခဲ့ကြသည်။

ထိုကဲ့သို့ လုပ်ဆောင်လာခဲ့ကြရာမှ နှစ်ဆယ်ရာစု နှောင်းပိုင်းအရောက်တွင် အလွန်ထိတ်လန့်ဖွယ်ကောင်းသော ကမ္ဘာလုံးဆိုင်ရာ အခြေအနေတစ်ရပ်ကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြသည်။ ထိုအခြေအနေသည်ကား ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာနေခြင်းပင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်း (Climate Change) ဆိုသည်မှာ ရာသီဥတု တစ်ခုမှတစ်ခုသို့ ကူးပြောင်းခြင်းမျိုးမဟုတ်ဘဲ ရာသီခွင်တစ်ခုအတွင်း၌ ဖြစ်ရိုးဖြစ်စဉ်အခြေအနေများမှ သွေဖည်လာ



ခြင်းကို ခေါ်ဝေါ်ခြင်းဖြစ်သည်။

သာဓကအားဖြင့် မိုးဥတုကာလတွင် ပုံမှန်ရွာသွန်းမြဲထက် ပိုမိုရွာသွန်းခြင်း၊ ပုံမှန်ရွာသွန်းမြဲအောက် မိုးရေချိန် လျော့ကျရွာသွန်းခြင်းနှင့် မိုးခေါင်နေခြင်း၊ နွေရာသီကာလ၌ ပုံမှန်အပူချိန်ထက် ပိုမိုမြင့်တက်ခြင်း၊ နွေခေါင်ခေါင်၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ နွေလယ်အပူချိန် ကျဆင်းခြင်း၊ ဆောင်းဥတု၌ ပုံမှန်ထက် အအေးပိုမိုလွန်ကဲခြင်း၊ အအေးပေါ့ခြင်း၊ အေးမြသောရက်ကာလတိုတောင်းခြင်း စသည်တို့သည် မိုးလေဝသအခြေအနေ ကစဉ့်ကလျားဖြစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲနေခြင်းတို့၏ ကြန်အင်လက္ခဏာများ ဖြစ်ကြသည်။

ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်အချို့အနေဖြင့်မူ ကောက်ပဲသီးနှံများ ပုံမှန်ရင့်မှည့်ရမည့်အချိန်ထက် စော၍ရင့်မှည့်ခြင်း၊ သို့တည်းမဟုတ် နောက်ကျပြီးမှ ရင့်မှည့်ခြင်း၊ ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းရှိ အစဉ်အေးခဲနေသော ရေခဲလွှာများ အရည်ပျော်ကျလာနေခြင်း၊ ပင်လယ်ရေတိမ်ပိုင်းရှိ သန္ဓာကျောက်တန်းများကွဲအက်ပျက်စီးလာခြင်း၊ သန္ဓာကျောက်တန်း အသစ်ဖြစ်တည်မှုထက် ပျက်စီးမှုက ပိုမိုများပြားလာခြင်း၊ ယခင်က အပူပိုင်းဒေသ၌သာ ပေါက်ပွားရှင်သန်နိုင်သည့် ခြင်





များမှာ သမပိုင်းဒေသ၌ပါ ပေါက်ပွားရှင်သန်ပြီး လူတို့ကို ပြင်းထန်သောရောဂါပိုးများ ပိုမိုစွဲကပ်ကျရောက်စေခြင်း၊ တွားသွားသတ္တဝါအချို့နှင့် အင်းဆက်ပိုးအချို့ အရွယ်အစား လျော့ကျလာခြင်း စသည်တို့ကို ကြုံတွေ့နေကြရသည်။

ရှဉ့်နှင့် ကြွက် စသော တွားသွားသတ္တဝါများ၏ လေးဆယ်ရာခိုင်နှုန်းမှာ အရွယ်အစား သေးသွယ်လျော့ကျလာနေသလို၊ ပိုးတောင်မာများ၊ ပင့်ကူ၊ ပုရွက်နှင့် နကျယ်စသော အင်းဆက်ပိုးများ၏ ငါးဆယ်ရာခိုင်နှုန်းမှ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းထိ အရွယ်အစား ကြုံလှိုလာနေကြပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲကာ အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းချိန် ပြောင်းလဲခြင်းနှင့် မိုးရွာသွန်းမှုပုံစံ ပြောင်းလဲခြင်းတို့ကြောင့် အဏုဇီဝရုပ်များမှသည် အသားစားသတ္တဝါကြီးများအထိ မျိုးစိတ်ပေါင်း လေးဆယ့်ငါးရာခိုင်နှုန်းနီးပါးမှာ မျိုးရိုးလိုက်ပြီး အရွယ်အစား သေးငယ်လာနေကြသည်။

အင်းဆက်ပိုးမွှာများ၊ တွားသွားသတ္တဝါများ၊ ကုန်းနေသတ္တဝါများနှင့် ရေနေ သွေးအေးသတ္တဝါများသည် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်ကြောင့် အပူချိန် တစ်ဒီဂရီ ဆဲလ်စီးယပ်စ် တိုးလာတိုင်း ဇီဝဖြစ်စဉ်ပြောင်းလဲမှု တစ်ဆယ်ရာခိုင်နှုန်း ဖြစ်ပေါ်လျက်ရှိနေကြသည်။ သာဓကအချို့အဖြစ် ယခင်က တွားသွားသတ္တဝါတို့၏သွေးကို စုပ်ယူစားသုံးခြင်းမရှိသော ခြင်များမှာ ယခုအခါ

တွားသွားသတ္တဝါတို့၏ သွေးကိုပါ စုပ်ယူစား သုံးလာကြခြင်းနှင့် အသီးအရွက်ကိုသာ စားသုံးသော မျောက်မျိုးစိတ်အချို့မှာ အသားကိုပါ စားသုံးလာကြခြင်းတို့ကို တွေ့မြင်နိုင်သည်။

ရာသီဥတုပြောင်းလဲခြင်း၏ ထင်ရှားသော အကျိုးဆက်ကြီးတစ်ခုကို သစ်ပင်သစ်တောကဏ္ဍ၌လည်း တွေ့မြင်နိုင်သည်။ ကမ္ဘာမြေပြင်ပေါ်ရှိ သစ်ပင်သစ်တောများသည် ကမ္ဘာမြေအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက် ရှိနေကြသလို၊ ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်းအင်းအိုင်တို့၏ ရေပြင်အောက်ရှိ ရေညှိရေမှော်ပင်များကလည်း ကမ္ဘာမြေအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ ခုနစ်ဆယ်ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်း၊ မြေ၏စိုထိုင်းဆ ပြောင်းလဲခြင်း၊ မြေဆီညြောဟုဆိုရမည်ဖြစ်သော မြေကြီးထဲ၌ ဒြပ်စင်အချို့အစား ပြောင်းလဲခြင်းများဖြစ်ပေါ်ကာ အပင်များ သေးငယ်ကြုံလှိုလာလျက်ရှိနေပြီး အောက်ဆီဂျင် ထုတ်လွှတ်ပေးနိုင်မှု ပမာဏမှာ လည်း လျော့နည်းကျဆင်းလျက်ရှိနေသည်။



ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်း၊ မြေ၏စိုထိုင်းဆ ပြောင်းလဲခြင်း၊ မြေဆီညြောဟု ဆိုရမည်ဖြစ်သော မြေကြီးထဲ၌ ဒြပ်စင်အချို့အစား ပြောင်းလဲခြင်းများဖြစ်ပေါ်ကာ အပင်များ သေးငယ်ကြုံလှိုလာလျက် ရှိနေပြီး အောက်ဆီဂျင် ထုတ်လွှတ်ပေးနိုင်မှု ပမာဏမှာ----

မြေကြီးထဲမှ အာဟာရများကို စုပ်ယူကာ နေရောင်ဖြင့် ချက်လုပ်သည့် အလင်းဖွဲ့ အစာချက်ဖြစ်စဉ်အတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူကာ လေထုထဲသို့ အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ရေငွေ့များကို ထုတ်လွှတ်ပေးနေကြသော သစ်ပင်တို့၏ ဇီဝဖြစ်စဉ်အပေါ် အရွယ်အစားကြုံလှိုလာနေခြင်းက သက်ရောက်မှုများစွာကို ဖြစ်ပေါ်စေသည်။ ကြီးထွားအရွယ်ရောက်ပြီးသော သစ်ပင်တစ်ပင်သည် နေ့စဉ် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို အလုံအလောက် ထုတ်လွှတ်ပေးနိုင်သလို၊ လေထုထဲသို့ ရေငွေ့လိတာပေါင်းများစွာကို ထုတ်လွှတ်ပေးနေခြင်းဖြင့်လည်း ပတ်ဝန်းကျင်အပူချိန်ကို လျော့ချပေးနိုင်စွမ်းရှိသည်။ အရွယ်ရောက်သင့်သည့်အချိန်တွင် ကြုံလှိုသေးသွယ်နေခြင်းကြောင့် အောက်ဆီဂျင်နှင့် ရေငွေ့ထုတ်လွှတ်နိုင်မှုများကို လျော့ကျစေလျက်ရှိသည်။

ဒေသတစ်ခုအတွင်း ရေငွေ့ပါဝင်နှုန်းသည် အဆိုပါဒေသ၏ မိုးလေဝသအခြေအနေအပေါ် များစွာအကျိုးသက်ရောက်စေ



သည်ဖြစ်ရာ၊ သစ်ပင်များ၏ ရေငွေ့ထုတ်လွှတ်နိုင်မှု နည်းပါးနေခြင်းက မိုးလေဝသအခြေအနေကို အဆိုးဘက်သို့ ဦးတည်စေလျက်ရှိသည်။ ဤသို့အားဖြင့် လူတို့၏ပယောဂကြောင့်ဖြစ်ရသော ကာဗွန်ထုတ်လွှတ်မှု၊ ဖန်လုံအိမ်အာနိသင်၊ ကမ္ဘာကြီးပူနွေးမှု၊ မိုးလေဝသအခြေအနေ ကစဉ့်ကလျားဖြစ်မှု၊ ရာသီဥတုပြောင်းလဲမှုတို့သည် လူနှင့် သက်ရှိမျိုးစိတ်အားလုံးကို ဆိုးကျိုးများ ထပ်ဆင့်သက်ရောက်စေကာထိုသို့သော ဆိုးကျိုးသက်ရောက်စေမှုများကပင် တစ်ဖန်ပြန်၍ မိုးလေဝသအခြေအနေကို ကစဉ့်ကလျားဖြစ်ပေါ်စေခြင်းဖြင့် အဆိုးသံသရာထဲ၌ လည်နေရမည့်အကြောင်းကို ဖန်လာစေသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲနေခြင်းကို တိုက်ဖျက်နိုင်ရေးသည် စိတ်ကူးယဉ်ဆန်နေရုံမျှဖြင့် အပြင်ကောင်းအောင် ဟန်ဆောင်ဟန်ပြ လုပ်ဆောင်ပြနေရုံမျှဖြင့် ကျော်လွှားပြီးမြောက်သွားနိုင်မည်မဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများက ပြည်သူလူထုကို နားလည်သဘောပေါက်အောင် နည်းလမ်းမျိုးစုံ



ဖြင့် ရှင်းလင်းတင်ပြပြီး ပြည်သူအားဖြင့် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်းတို့ဖြင့်သာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ကြရမည်ဖြစ်သည်။

အခြေခံအကျဆုံးအနေဖြင့် ကမ္ဘာ့လူဦးရေ သန်းခုနစ်ထောင်ကျော်တို့သည် လူတစ်ဦးချင်းက တစ်နှစ်လျှင် နှစ်လတ်သို့မဟုတ် နှစ်ရှည်ပင် တစ်ပင်စီကို ရှင်သန်အောင် စိုက်ပျိုးနိုင်ကြမည်ဆိုပါက နှစ်စဉ် ကမ္ဘာပေါ်၌ သစ်ပင်ကြီးများ သန်းခုနစ်ထောင်ကျော် တိုးပွားလာလိမ့်မည်ဖြစ်သည်။ အခြားတစ်ဖက်၌လည်း သစ်တောပြုန်းတီးမှုကို ဖြစ်စေသော မည်သည့်လုပ်ရပ်မျိုးကိုမဆို အစိုးရနှင့် ပြည်သူလူထုတို့က ထိထိရောက်ရောက် ဆန့်ကျင်ဟန့်တားနိုင်မည်ဆိုပါက ကမ္ဘာ့အပူချိန် ထပ်မံမြင့်တက်မလာနိုင်စေရေးအတွက် အတိုင်းအတာတစ်ရပ်အထိ အကျိုးသက်ရောက်မှုရှိလိမ့်မည်ဖြစ်သည်။

လူပယောဂကြောင့်ဖြစ်ရသော ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေဝသ ကစဉ့်ကလျားဖြစ်မှုတို့ကို အသိဉာဏ်မြင့်မားသော လူတို့ကပင် ပြန်လည်ထိန်းကျောင်း တည့်မတ်ကြရမည်သာ ဖြစ်ပေသည်။

သီပို့စာရေးဆရာကိုကိုအောင်

ကိုယ့်ဘဂနဲ့ သူတို့ဘဂ

အမေရိကန်ကွန်မြူနစ်တစ်ယောက်က အထက်အရာရှိတွေဆီတင်ပြဖို့ စာတစ်စောင်ရေးနေတယ်။ ''အစပထမတော့ ကျွန်တော့်တာဝန်ဖြစ်တဲ့ လူသစ်ပါတီဝင်စုဆောင်းဖို့အလုပ်က သိပ်မခက်ဘူးလို့ ထင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့် အိမ်နီးချင်းတွေဟာ နွေဦးပေါက်(Spring) မှာ သူတို့ကားတွေကို ပြင်ကြ၊ သကြတယ်။ နွေ(Summer) လည်းရောက်ရော ကမ္ဘာအနှံ့ ခရီးထွက်ကြတယ်။

ဆောင်းဦး(Fall) ကျတော့ ကမ္ဘာ့ဖလားပြိုင်ပွဲထဲက ချန်ပီယံကို အမောတကော တူးဆွရှာဖွေကြတယ်။ ဆောင်းတွင်း(Winter) ရောက်တော့ တံခါးပိတ်ပြီး တီဗီ၊ ဗီဒီယိုကြည့်ကြတယ်။ အပြင်ကိုမထွက်တော့ဘူး။ ကျွန်တော် သူတို့ကို ဘယ်အချိန် ဘယ်လို မဲဆွယ်တရားဟောရမယ်ဆိုတာ မသိတော့ဘူး''ဆိုပြီး သူ့အခက်အခဲကို တင်ပြခဲ့တယ်။



မောင်သီဟ

ဖင်လာ ဖုတ်ဒေါ်

ငါ့မိုးမှ ငါ့မိုး



''ဗျို့...ဆရာကြီးရဲ့ ဂေါသာ ဂေါ၊ ပျိုသောအိုသော ဂေါသာ ဂေါ၊ ဂေါစကားတွေ မကြားဝံ့ပါဘူးရှင်၊ ဟုတ်ပါ့ဆရာရယ် ဂေါမစွံဖြစ်မှာ စိုးပါတယ်''

ပင်ယံထက်မှ လွင့်ပျံလာသော အသံပြဲကြီးသည် မြူအိုးကောက်သူ အောင်တင်သိန်းအား ကြီးစွာအနှောင့်အယှက်ပြုလေ၏။ အောင်တင်သိန်းသည် ကျောင်းလွယ်အိတ်ကို စလွယ်သိုင်း၊ ကျောင်းပုဆိုးကို တိုတိုဝတ်လျက် ထန်းပင်ပေါ်သို့ မော့ကြည့်၏။ ထန်းနို့ဖတ်ပါးပါးကလေးတွေ ပျံဝဲကျဆင်းလာကြ၏။ အဖတ်ဖြူဖြူကလေးသည် အောင်တင်သိန်း၏ နှာသီးဖျားတွင် လာကပ်၏။

''အဖေ့မှာ တခြားတေးချင်း မရတော့ဘူးလားဗျ''

ထိုအမေးကို ကိုဖိုးအောင် မကြားပါ။

''လောကကြီးဟာ ဆန်းကြယ်လှတယ်၊ ဂေါစကားတွေ အရာရာတွင်ကျယ်၊ ချစ်တဲ့သူ ဘယ်မှာရှိလို့ ဗျို့ဆရာ ဂေါချင်ပါတယ်''

ကိုဖိုးအောင်ကား မြူအိုးသုံးလုံးကို ချိတ်လျက် ပြန်ဆင်း၍ပင် လာနေပါပြီ။ ရင်းထောင်သိုင်းကြိုးများကို တစ်ချောင်းပြီးတစ်ချောင်း ဖြေလာရာက လေ့ကားထစ် သုံးထစ် အကျန်သို့ ရောက်တော့မှ သားဖြစ်သူကို မြင်သည်။

''အောင်မာ၊ ငါ့သား ကျောင်းသားကြီးတောင် ပြန်လာပါပေါ့လား၊ ကောက်ထား-ကောက်ထား၊ အင်ဂျင်နီယာကြီး ဖြစ်သွားရင် မကောက်ရတဲ့ ဖြစ်သွားမနော''

ကိုယ်ခန္ဓာကြီးကို အမြင့်သို့ ဆွဲတင်ခဲ့ရသည့် အမော၊ အနိမ့်သို့ ညှင်သာစွာ ပြန်လည်သယ်ဆောင်ခဲ့ရသည့် အပန်းတို့သည် သားကို မြင်ခါခဏ၌ ပပျောက်၏။ ကိုယ့်စကားနှင့်ကိုယ် ရယ်မောအပြီးတွင်ကား ကိုဖိုးအောင်မှာ အားအင်အသစ်များပင် ဖြစ်ထွန်းလာ၏။

''သားတို့ခေတ်ကျရင် ထန်းကို ကွန်ပျူတာနဲ့ လိုမယ် အဖေ၊ ထန်းနို့အနှာခံပြီး မြူအိုးမသုံးဘူး၊ ပလတ်စတစ်အိတ်နဲ့ ထန်းရည်ခံမယ်''

အဋ္ဌမတန်း ကျောင်းသားလေး၏ တက်ကြွစကားသည် စိတ်ကူးယဉ်ခြင်းသာဖြစ်၏။ ဒါပေသည့် ထန်းသမားကြီး တွေခနဲ ဖြစ်သွားသည်။

''အေးကွ၊ မြူအိုးကြီးတွေ ခါးမှာချိတ်ပြီး တပင်တပန်းတက်မည့်အစား ပလတ်စတစ်အိတ်ကလေးတွေ''

သို့ပေသည့် ကိုဖိုးအောင် စကားဆုံးအောင် မပြောနိုင်ပါ။ မောင်းသံတထိုထိုဖြင့် ကောက်စိုက်မတစ်သိုက် ထန်းတောထဲသို့ ဝင်လာကြသောကြောင့်ဖြစ်သည်။

ကောက်စိုက်သမတို့၏ တေးသံများ၊ ရယ်မောသံများသည် ကိုဖိုးအောင်၏ပါးစပ်ကို ပိတ်၏။ အောင်တင်သိန်း၏အာရုံကို ပျက်ပြားအောင် နှောင့်ယှက်၏။ သို့ကြောင့် အောင်တင်သိန်းသည် မြူအိုးတွေကို ထန်းထမ်းပိုးတွင် ပြွတ်သိပ်ချိတ်ဆွဲလျက် ထန်းတောသို့ အသွေ့နှင်၏။ တဲရှေ့တွင် သူ့အစ်မ အောင်အောင်အိနှင့် ကောက်စိုက်မတွေ တဟီးဟီး တဟားဟား ရောက်နေကြပြီကိုး။

ကိုဖိုးအောင်လည်း သားနှင့် လိုက်သွားကာ သူငယ်ပြန်ချင်၏။ သို့ပေသည့် နေစွယ်ကျိုးပြီ။ လိုးရမည့် ထန်းပင်က ဆယ်ပင်ကျန်သေးသည်။ သို့ကြောင့် ဆန္ဒကို မျိုသိပ်ကာ ''ကြာပင်အိုင်ကြီးရယ်'' ဟစ်လိုက်၊ ''နေကာမျက်မှန်ကလေး''ဟဲလိုက်ဖြင့် တက်သုတ်ရိုက်ရတော့သည်။

ထန်းပင်ရင်းတွင် သူချပစ်ခဲ့သည့် မြူအိုးတွေကို အောင်တင်သိန်းပင် ဆက်လက်ကောက်သလော၊ အောင်အောင်အိပင် လာသယ်သလော၊ မောင်နှမနှစ်ယောက် တွက်ကပ်နေသဖြင့် မကြွက်ပင် လာသိမ်းသွားသလော၊ ကိုဖိုးအောင် ငုံ့မကြည့်အားပါ။ တဲသို့ သူပြန်ရောက်ချိန်ဝယ် ရေတစ်ခွက်၊ ဆေးလိပ်တစ်လိပ်ဖြင့်ကြိုဆိုနေသော သမီး၏မျက်နှာ မလန်းသည်ကိုသာ သိ၏။

''ဘယ်လိုတုံး သမီး၊ ကနေ့တော့ အဆင်ပြေပြီ မဟုတ်လား''

အောင်အောင်အိမှာ ယခုနှစ်တွင်မှ ကောက်စိုက်လိုက်သူဖြစ်၏။ မကြွက်ကလည်း ''ဗီဒီယိုဖိုးပဲရရ၊ ဝတ်ဖိုး စားဖိုးပဲရရ လိုက်ပါစေတော်''ပြောသဖြင့် သမီးအား ကောက်စိုက်လိုက်ခွင့်ပေးခဲ့၏။ ပေးသော်လည်း စည်းခေါင်းနှင့် တကျက်ကျက်။ ယခုအဖေက မေးခြင်းမှာ သည်တကျက်ကျက်ကိစ္စဖြစ်၏။

''အဖေ့သူငယ်ချင်း ဒေါ်ဖွားကြီးက မကောင်းပါဘူး အဖေရာ၊ သမီးဆို သိပ်နှိမ်တာပဲ၊ သမီးစိုက်တဲ့ ကောက်ပင်ဆိုရင် ယိုင်တယ် ပြောရတာနဲ့၊ တန်းမညီဘူး အပြစ်ရှာရတာနဲ့''

''သမီး စိတ်ဓာတ်မကျနဲ့၊ အဖေရှိတယ်၊ ဒီကောင်မကြီးတော့လား သိကြရော ပေါ့၊ လာပေ့စေအုံး''

ကိုဖိုးအောင်သည် ထန်းတောအပြင်သို့ လည်ဆန့်ကာ မျှော်ကြည့်၏။ မှောင်ရီသန်းစ ထန်းပင်များကြားမှ သုတ်သုတ်လှမ်းလာနေသော မည်းမည်းအရာကို လှမ်းမြင်ရ၏။ ကိုယ်လုံးကိုယ်ထည် မပြတ်သား၊ မျက်နှာဝါးနေသော်လည်း မဖွားကြီးမှ မဖွားကြီးပါ။

မဖွားကြီးသည် မြူအိုးတစ်လုံးကို တန်းလန်းဆွဲလျက် ကသောကမျောရောက်လာ၏။ ''ဖိုးအောင်ရေ၊ ငါ့ဖို့ တစ်မြူချန်ထားပါလားဆိုတာ ချန်ရဲ့လားဟေ့'' အော်သံနှင့်အတူ တဲတံစက်မြိတ်အောက်သို့ ရောက်လာချေ၏။

ထိုအချိန်တွင် အောင်အောင်အိမှာ

အဖေ့သူငယ်ချင်း ဒေါ်ဖွားကြီးက မကောင်းပါဘူး အဖေရာ၊
သမီးဆို သိပ်နှိမ်တာပဲ၊ သမီးစိုက်တဲ့ ကောက်ပင်ဆိုရင်
ယိုင်တယ် ပြောရတာနဲ့၊ တန်းမညီဘူး အပြစ်ရှာရတာနဲ့...

ဖအေ့ရှေ့တွင်မရှိတော့။ ထန်းလျက်ဖိုကို မီးထိုးရန် ထသွားနှင့်ပြီ။ ထန်းလျက်ဖိုမှာ ရှေးကလို တုံးကြီးတွေ၊ အမြစ်ကြီးတွေ ဆိုက်ထားစရာမရှိ။ ထန်းလက်၊ ထန်းဖုံးဖတ်၊ ထန်းစစ်၊ ထန်းနို့နှင့် ကောက်ရိုးကို မီးထိုးနေရရာ မီးထိုးသူတစ်ယောက် သီးသန့်ရှိနေရသည်။

''လယ်တွေ ကောက်စိုက်သမ ပူချိန်ကြီးမှာဟယ် ထန်းရည်ချိုမုန့်ကလည်း ရောင်းကောင်းလိုက်တာ၊ မနက်ဖြန်ဆိုလေးပေါင်းတောင် သွင်းရမှာ၊ ဟဲ့ ..ဖိုးအောင် ဘယ်မှာတုံး ငါ့ထန်းရည်ချို''

ထန်းရည်ချိုမုန့်ဟူသည် ထန်းရည်ချို နှံသင်းနေသော မုန့်တစ်မျိုးဖြစ်၏။ အမြင်အားဖြင့်မူ ''မုန့်ဆိမ့်ဦးနှောက်''နှင့် တူညီပေသည်။

''ရှိပါ့ဗျား၊ ရှိပါ့ ငါ့သူငယ်ချင်းအတွက် ဘယ်မှာ မေ့ပါ့မတုံး''

အားတက်ဖွယ်စကားကိုဆိုရင်း ကိုဖိုးအောင်သည် တဲတွင်ချိတ်ထားသော ထန်းလှီးဓားကို ဓားအိမ်ပါ ပါအောင်ထဆွဲ၏။ ဓားအိမ်သည် သံချိတ်သံ တဂျောင်ဂျောင် မြည်လျက် ကွပ်ပျစ်ပေါ်သို့ရောက်လာ၏။

''ဟော့ဟိုမှာ ချိတ်ထားတာ နင့်ဖို့ ထန်းရည်ပဲ၊ အေး..ဒါပေမဲ့ ငါ့သမီး အပျိုအရွယ်လေးကို လူကြား၊ သူကြားမှာ မနှိမ်ပါနဲ့လို့ နင့်ကိုငါ ဘယ်နှခါပြောရမတုန်း''

မဖွားကြီးသည် ထန်းရည်ချိုကို သူ့အိုးထဲသို့ လောင်းထည့်နေရာက လှည့်ကြည့်သည်။ ''နင့်သမီး ဖျင်းတာကော နင်သိလား''ဟု ပြန်မေးသည်။

''ငါ့သမီး မဖျင်းဘူး၊ နင် သက်သက်နှိမ်တာ၊ ကနေ့ညနေ ငါ ထန်းလှီးရင်း လှမ်းကြည့်တော့ ကောက်ငန်းထဲမှာ ငါ့သမီးက ရှေ့ဆုံးက၊ ကိုင်း..ဘာပြောမတုံး''

''ဟဲ့..အဲဒါ၊ ဖိုးအောင်နော် နင်–နင်''

မဖွားကြီးသည် မြူအိုးအဟောင်းကို ပစ်ချသည်။ သူ့အိုးကိုဆွဲလျက် ကမန်းကတန်း နောက်ဆုတ်သည်။ ပြောင်လက်ထက်မြသော ထန်းလှီးဓားကြီး ဆွဲထုတ်ရင်း ကိုဖိုးအောင် ဆင်းလာသဖြင့်ဖြစ်သည်။

''သံခဲ့စပ် အပ်နဲ့တောင် မရွယ်ကောင်းဘူးဟ''

ထိုသို့ပြောနေခါမှ ဓားသွားကြီးက

မနက်ဖြန်များ ငါ့သမီးကို ဖျင်းတယ်၊ ဘာညာပြောသံ ထပ်ကြားရရင် နှာခေါင်းကို ထန်းလှီးသလို ရွိတ်ရွိတ်...



မျက်နှာဘေးမှ ဖြတ်သန်းသွား၏။ နှာခေါင်းဘေးမှ ပုံဝဲ၏။

''ဖိုးအောင်–ဟဲ့ခွေး၊ ငါ့ကိုမစနဲ့၊ ငါ မကြိုက်ဘူး''

မဖွားကြီးသည် ငိုသံဖြင့်အော်၏။ အော်ရင်းက ငို၏။ သို့တစေ ကိုဖိုးအောင်က ဓားကြီးကို ဝဲပုံပြနေဆဲပင်။

''မနက်ဖြန်များ ငါ့သမီးကို ဖျင်းတယ်၊ ဘာညာပြောသံ ထပ်ကြားရရင် နှာခေါင်းကို ထန်းလှီးသလို ရွိတ်ရွိတ်''

ထန်းနို့ကို ရိတ်ရိတ်ပါးပါးလှီးသည့်ဟန်ဖြင့် ဓားကို လှုပ်ရှားပြလိုက်သည့်ခဏတွင် မဖွားကြီးခမျာ ကြောက်လန့်တကြား အော်ဟစ် ငိုယိုလျက် ထွက်ပြေးလေ၏။

■ ■ ■ ■ ■

အငိုတိတ်သော်လည်း မဖွားကြီးမှာ ရင်တဒိန်းဒိန်းခုန်နေဆဲ ရှိသေး၏။ ကိုဖိုးအောင် ဓားသွားကြီးကို မြင်ယောင်ဆဲရှိ၏။ မျက်ရည်စများကို လက်ဝါးဖြင့် ကြမ်းကြမ်းပွတ်ရင်း လမ်းကြောင်းပြောင်း၏။

''မဖြစ်ဘူး၊ မနက်ဖြန်လည်း နင့်သမီးက ငါ့စည်းထဲမှာ လိုက်အုံးမှာ၊ ငါကလည်း ထန်းရေချိုမယူဘဲ နေနိုင်မှာမဟုတ်ဘူး၊ ဒီအနာကောင် သားအဖနဲ့ ငါနဲ့တော့ ဒုက္ခပဲ''

သို့အတွက် မဖွားကြီးသည် အိမ်သို့ မပြန်သေးဘဲ ကိုဖိုးမောင်၏အိမ်ဘက်သို့ လှည့်လိုက်ခြင်းဖြစ်၏။

''မိဖွားကြီး၊ နင့်နှယ်ဟယ် မောင်ကြီးမောင်ခါမှ''အိမ်ရှေ့ကပြင် မောင်ရိပ်မှ ဆီးကြိုအသံပေးသူမှာ ကိုဖိုးမောင်ပင်ဖြစ်သည်။

''တော့်ညီရယ်တော်''

ငိုသံကြီးဖြင့် ပြောသည့်အတွက် ကိုဖိုးမောင်မှာ ထိတ်ခနဲဖြစ်ရချေသည်။ မောင်နှမရင်းချာတမျှ ရင်နှီးခင်မင်သူတွေ ဘာဖြစ်လာကြသနည်း။ ဖိုးအောင်က အကျိစားသန့်သန့်ရယ်။

''ဟော့..ဖိုးအောင် ဘာဖြစ်သတုံး''

အကြီးဟူ၍ တလေးတစားလာတိုင်သည်။ တိုင်တောသည်နှင့် လျော်ညီအောင် အရေးတယူပြုရသည်။

''ထန်းဓားကြီးနဲ့ ခုတ်မယ်၊ လှီးမယ်နဲ့ မျက်နှာနား တဝဲဝဲ၊ နားရွက်နား တဝဲဝဲ လုပ်သတော့၊ ကျုပ်က အသွားလက်တဲ့ ဓားဆိုရင် နွားစာစဉ်းဓားတောင် ကြည့်ရဲတာ မဟုတ်ဘူး''

''နင်တို့ ဒီလိုပဲ စနေကျ၊ ပြောင်နေကျ မဟုတ်ဘူးလား''

''မဟုတ်ဘူးတော့်၊ သူသမီး ကျုပ်တို့ကောက်စိုက်စည်းထဲလိုက်တာ ၁၅ ရက်တောင် ရှိပြီ၊ အခုထက်ထိ ဖျင်းတုန်းပဲ၊ ဖျင်းလို့ ဖျင်းတယ်ပြောတာ လူပုံထဲမှာ အရှက်ခွဲသတဲ့''

''အောင်အောင်အိ...ဟုတ်လား၊ အလွန်ပျင်းတာပဲဟ၊ ပျင်းမှတော့ ဖျင်းမှာသေချာတယ်ဟေ့''

''ကျုပ် သူတို့တဲကို ထန်းရည်ချို သွားယူတိုင်း လက်သီးနဲ့ထိုးမယ်၊ တုတ်နဲ့ရိုက်မယ်ပြောခဲ့တာ၊ ကနေ့ကျတော့မှ သူသမီးကောက်စိုက်တာ သူ ထန်းလှီးရင်း လှမ်းကြည့်တာ မြင်ရတယ်၊ သူသမီးက ရှေ့ဆုံးကတဲ့၊ ဒါကြောင့် သူသမီးကို နှိမ်တာဆိုပြီး ဓားကြီးနဲ့ ခုတ်မယ်၊ လှီးမယ် လုပ်တော့တာ''

''ဟုတ်လား၊ ဘယ်ထိသွားတုံး''

''ခုတ်တော့ မခုတ်မိပါဘူး ကဖိုးမောင်၊ ဒါပေမဲ့ ကျုပ်အိပ်ရာထဲမှာ လန့်အော်ရင် ကျုပ်ယောကျ်ားသိပြီး သူတို့ချင်းရန်ဖြစ်မှာစိုးရတယ်''

''ဟယ်မိုက်တဲ့ ကောင်ပဲ''

''ထန်းရည်ချိုမုန့်ကလည်း မလုပ်ဘဲ မနေနိုင်တော့ နက်ဖြန်လည်း သူတဲကို ထန်းရည်ချို သွားယူရမှာပဲ၊ အခုလိုပဲ ဓား ကြိုးနဲ့ကြိမ်းရင် အိမ်ကလူနဲ့''

''တော်တော်ခက်တဲ့ကောင်ပါကလား''

ကိုဖိုးမောင်သည် တဖျစ်တောက်တောက်သာ မြည်တွန်နေ၏။

''ကျုပ်သွားတော့မနော်၊ အဲဒါကလေးသာ တားပေးပါတော်၊ ကျုပ်စိတ်ဆိုးလို့ တိုင်တာမဟုတ်ပါဘူး၊ ကြောက်လို့ပါ''ပြောကာ မဖွားကြီး ထွက်သွားတော့မှ ကိုဖိုးမောင် လူပ်ရှားရန်သတိရ၏။

''အေးမိုရေ၊ ထန်းတောထဲသွားလိုက်အုံးမပေ့''

မအေးမိုကား မှောင်ထဲတွင် ငြိမ်သက်စွာ ထိုင်နေခဲ့သဖြင့် မဖွားကြီး မမြင်သွား၍ နှုတ်သော်မျှ မဆက်သွားခဲ့ရပေ။ ယခု သူနာမည်ကိုခေါ်တော့မှ အသံပြု၏။

''နောက်ဆုတ်ပြီး ကောက်စိုက်တာကို သူသမီးက ရှေ့ဆုံးမှာ ရောက်နေကတည်းက ဖျင်းလို့ပေါ့တော်ရဲ့၊ ဒါနဲ့များ သူက စည်းခေါင်းကို ခုတ်မယ်၊ လှီးမယ် ကြိမ်းရသေးသတဲ့၊ အံ့ပါ''

မည်မျှ ရှည်လျားအောင် မအေးမိုမြည်တွန်နေသနည်း။ ကိုဖိုးမောင် စောင့်ပြီး နားထောင်မနေနိုင်ပါ။ ကျောပြောင်ကြီးပေါ်သို့ ပုဆိုးစုတ်တစ်ထည် ကောက်တင်ကာ မှောင်ပြင်ကြီးထဲသို့ ဆင်းလာခဲ့လေ၏။

■ ■ ■ ■ ■

မှောင်ပြင်ကြီးထဲတွင် အချို့သည် ဆေးလိပ်မီးတဖွားဖွားဖြင့် သွားနေကြ၏။ အချို့လည်း တုတ်မီးတလက်လက်ဖြင့်။ ကိုဖိုးမောင်ကား သည်အတိုင်းသာ။ ကြယ်ရောင် မလင်း လမင်းမသာ၊ လင်းလက်သောအရာ တစ်စုံတစ်ရာ မပါသော်လည်း ကိုဖိုးမောင်၏ ခြေထောက်ကသိသည်။ ဤနေရာတွင် တွင်း၊ ဤနေရာ၌ ကမူ စသည်ဖြင့်–

ထန်းလျက်ခတ်သံ တဘုံတုံကို ထန်းတောအစပ်သို့ ရောက်သောခါမျှဖြင့် ကိုဖိုးမောင် ကြားရပြီ။ ထန်းလျက်မွှေသံကို အဝေးမှကြားအောင် အားစိုက်နိုင်သူမှာ သူ့ခယ်မ မဟုတ်နိုင်။ မကြွက်သည် အပြေးအလွှား ထမင်းချက်နေတန်ရာ၏။

''ဟောတော်၊ မှောင်ကြီးငါးပါးထဲ ဘာလာလုပ်တာတုံး''

ထမင်းချက်ရင်း ထင်းထခွေသော မကြွက်က မှောင်ကြီးထဲမှ တအံ့တသြ ဆီးကြို၏။

''ကိစ္စရှိလို့ပေါ့ဟ၊ ဖိုးအောင် ဘာလုပ်နေတုံး၊ အိပ်နေသလား''

''မှိန်းချင်လဲ မှိန်းနေမှာပေါ့တော်''

''ဘယ်သူတုန်း အစ်ကိုလား''

ကိုဖိုးအောင်သည် ကွပ်ပျစ်ပေါ်မှ လူးလဲထ၏။ အစ်ကို့ကိုမြင်လျှင် မကြွက်နည်းတူ အပြစ်တင်ပြန်၏။

''မလာရင် မဖြစ်တော့ လာရတာပေါ့ကွာ၊ မိဖွားကြီးလေ ငိုပြီးလာတိုင်တယ်ဗျား၊ စိတ်ဆိုးလို့ တိုင်တာမဟုတ်ပါဘူး ကြောက်လို့ပါတဲ့၊ အဲဒီတော့ ဓား၊ လုံနဲ့ မကျိစားပါနဲ့ကွ''

ကိုဖိုးမောင်က ကွပ်ပျစ်ခေါင်းရင်းတွင် ဝင်ထိုင်ရင်းက တစ်ဆက်တည်းပြော၏။

''ကျိစားတာ မဟုတ်ပါဘူး အစ်ကိုရာ၊ ခြောက်တာပါ''

''သူတစ်ပါး သားသမီး သားမယားကို ဘာပြုလို့ ခြောက်ရ လှန့်ရတာတုံး၊ သူက မင့်ကို ဘာလုပ်လို့တုံး''

''ကျွန်တော့်ကို လုပ်လို့ကတော့ အပြီးတောင် မပျက်ဘူး အစ်ကိုရေ၊ အစ်ကို့သမီး အပျင်းမ ဘာစိတ်ကူးရတယ်မသိဘူး၊ ထွက်ပြီး ကောက်စိုက်လိုက်တာ စိတ်ဓာတ်ကျအောင် ပြောသဗျ၊ မပြောပါနဲ့ တောင်းပန်တယ် မရဘူး၊ မရလို့ ထိုးမယ်၊ ကြိတ်မယ် လုပ်လည်း ပါးစပ်ကြီးက ပိတ်မသွားဘူး၊ အဲဒါကြောင့်''

''ငါ့သမီးအကြောင်း ငါသိပါတယ်ကွာ၊



ဖျင်းမှာ သေချာပါတယ်''

ကိုဖိုးအောင်၏ လက်သည် တောထွက်ခန်းပန်းချီကားမှ မာရိန္တတ်၏ လက်ဝါးလို လေကိုတွန်းထားလိုက်ဖ၏။

''အဲဒါ မဟုတ်ဘူးအစ်ကို မဟုတ်ဘူး၊ သက်သက်နှိမ်တာ၊ ကနေ့ညနေ သူတို့စိုက်တဲ့ လယ်ကို ကျွန်တော် ထန်းလှီးရင်း လှမ်းမြင်ရတယ်၊ အစ်ကို့သမီး ဖျင်းတယ်ဆိုတာ သက်သက်နှိမ်တယ်ဆိုတာ ကနေ့ပေါ်တာပဲ၊ ဘာကြောင့်တုံး သိလား''

'အင်း···ပြောပါအုံး''

''အစ်ကို့သမီးက အားလုံးကို ဖြတ်တက်သွားတာ အပြတ်အသတ်ပဲဗျား၊ ရှေ့ဆုံးဆိုမှ ရှေ့ဆုံးက''

ဓားဖြင့် ဟက်ထားသော ဝါးတစ်လုံးကို အားကောင်းမောင်းသန် လူတစ်ယောက်က တစ်အားဆွဲ ခွဲလိုက်သံသည် ကိုဖိုးမောင်၏ပါးစပ်မှ အဆက်မပြတ် ထွက်ပေါ်လာဖ၏။

''အံမယ်လေးဟဲ့ ဖိုးအောင်ရာ''

ပက်လက်လန်အောင် ရယ်မောနေပြီးမှ ကိုဖိုးမောင် စကားဆက်ဖ၏။

''ဒါ ကောက်စိုက်တာကွ၊ ကောက်ရိတ်တာ မဟုတ်ဘူး၊ ကောက်ရိတ်နေတုန်းမှာ ငါတို့သမီးက တခြားလူတွေ ခေါင်းလှည့်တဲ့ဘက်မှာရှိနေရင် ရှေ့ဆုံးက ရောက်နေတာဟုတ်တယ်၊ အေး-နောက်ဆုတ်၊ နောက်ဆုတ်နဲ့ သွားပြီး ကောက်စိုက်တဲ့အခါ အများမျက်နှာမူရာဘက်မှာ တစ်ယောက်တည်း ရှိနေမှတော့ ဘိတ်ချေးပေါ့ကွ''

ကိုဖိုးမောင် ရယ်မောသော်လည်း ကိုဖိုးအောင် မရယ်မောပါ။ အစ်ကိုကပါ ကိုယ့်သမီးကို နှိမ်နေပြန်ပါပြီဟုဆို၏။

''ကလေးမဟုတ် သူငယ်မဟုတ်နဲ့၊ ငါထကန်ရရင် သေတော့မှာပဲ''

''ကန်ကာမှ ကန်ပေတော့ အစ်ကိုရေ၊ မိဖွားကြီးဟာ အစ်ကို့သမီးကို မနာလိုစိတ်နဲ့''

''တော်ကွာ၊ တော်ကွာ''

ကိုဖိုးမောင်သည် ကွပ်ပျစ်ပေါ်မှ ဒေါသတကြီး လျှောဆင်း၏။

''သားဖြစ်သူက အင်ဂျင်နီယာကျောင်းကိုတောင် မရောက်သေးဘူး၊ ဖအေက အခုကတည်းက ဘဝင်မြင့်ပြီး မြို့စိတ်ဝင်နေပြီ၊ ကောက်စိုက်တာကို တစ်သက်လုံးက မမြင်ဘူးတဲ့ မြို့သားကြီး။ ဟား-ဟား-ဟား''

ဟား-ဟား-ဟားမှာ ရယ်မောသံမဟုတ်၊ သရော်သံဖြစ်သည်။

''ဘဝင်မြင့်တာ မဟုတ်ပါဘူး အစ်ကို ရ၊ မိဖွားကြီး သက်သက်မဲ့''

''တော်ကွာ၊ မင်းနာတော့မယ် ဟေ့ကောင်''

ကိုဖိုးမောင်၏ လက်ညှိုးကြီးသည် ညီ၏ မျက်နှာနှင့် ထိကပ်မတတ် ရောက်ရှိလာဖ၏။

''မနက်ဖြန် ထန်းရည်ချိုလာယူတဲ့ မိဖွားကြီးကို ဓားနဲ့မခြောက်ပါနဲ့၊ အေး-ခြောက်တယ်ကြားရင် မင်းနာပြီမှတ်''

ကိုဖိုးမောင်သည် စကားဆုံးလျှင် ဆုံးချင်း မှောင်ကြီးမည်းကြီးထဲသို့ ပြန်လည်



ဝင်ရောက်သွားလေဖ၏။

''ဩော်···အစ်ကို-အစ်ကို၊ ကိုယ့်ညီအရင်း ပြောတာကိုတော့ လက်မခံဘူး၊ သူတစ်ပါးပြောတာကျတော့''

''တော်ပြောတာ ဟုတ်မှ မဟုတ်ပဲတော်ရဲ့''

မကြွက်က ထမင်းအိုးကို တဲဘက်သို့ သယ်လာရင်း လှမ်းပြော၏။

''လာပြန်ပြီလား တစ်ယောက်''

ကိုဖိုးအောင် ငေါက်ငမ်းစဉ် ထမင်းချက်သော မီးဖိုဘေးမှ အောင်အောင်အိ ထလာသည်။

''ဘကြီးပြောသွားတာ ဟုတ်တယ် အဖေရဲ့၊ ကောက်စိုက်ရာမှာ ရှေ့ဆုံးကရှိနေတဲ့လူဟာ ကောက်ငန်းမှာ နောက်ကျနေတဲ့ ဘိတ်ချေးပေါ့''

''နင်က အရေးထဲမှာ တစ်မှောင့်''

''မှောင့်တာ မဟုတ်ပါဘူး အဖေရဲ့၊ ဒီကွပ်ပျစ်နားကနေပြီး ဟိုမီးဖိုနားကို နောက်ဆုတ် နောက်ဆုတ်နဲ့ အသွားပြိုင်ကြည့်ပေါ့ အဖေရာ၊ ဘေးကလူရဲ့အမြင်မှာ မီးဖိုနားကို အလျင်ရောက်တဲ့လူက နောက်ကျပြီး ကျန်နေခဲ့တဲ့လူက ရှေ့မှာနေတာပေါ့''

''သေချာရဲ့လား သမီးရယ်''

''သေချာပါတယ် အဖေရာ၊ အဖေထန်းပင်ပေါ်ကမြင်ရတဲ့ မြင်ကွင်းမှာ သမီးက ရှေ့ဆုံးကဖြစ်နေပေမယ့် တကယ်တန်းကျတော့ သမီးက နောက်ဆုံးမှာကျန်နေခဲ့တာ''

ထိုခဏတွင် ကိုဖိုးအောင်သည် သူ့မျက်နှာကြီးကို မီးရောင်လွတ်ရာသို့ လှည့်လိုက်သည်။ သူ၏ သွားကြီးတွေကိုဖော်ကာ အားရပါးရ ပြုံးလိုက်မိသည်။ ပြုံးခြင်းနှင့်အတူ ဖြစ်ပေါ်လာသော ခံစားမှုမှာကား ကျေနပ်ခြင်းဝိတိပါပေတည်း။ ဂွမ်းတစ်ရာ၏ ဆီထိပမာ ဝမ်းသာမိသည်သာလျှင်ကတည်း။

မင်္ဂလာစျင်အောင်

ကောက်ရိတ်နေတုန်းမှာ ငါတို့သမီးက တခြားလူတွေ ခေါင်းလှည့်တဲ့ဘက်မှာရှိနေရင် ရှေ့ဆုံးက ရောက်နေတာဟုတ်တယ်၊ အေး-နောက်ဆုတ်၊ နောက်ဆုတ်နဲ့သွားပြီး ကောက်စိုက်တဲ့အခါ အများမျက်နှာမူရာဘက်မှာ တစ်ယောက်တည်း ရှိနေမှတော့ ဘိတ်ချေးပေါ့ကွ···



ထိုနောက်

ဆုပ်သည့်လက်သီး၊ ဖြန့်ခဲ့ပြီးနောက်။

ဒေါသမာန်ပြင်း၊ သူ-ငါတင်းစဉ်
ရင်တွင်းပူစွဲ၊ ထိမီးစကို
လုံးဝမမြင် အမှန်ထင်
လက်သီးတွေလည်း ဆုပ်သည်ပင်။

ဒေါသမာန်ဖြေ၊ စိတ်တို့ပြေမှ
သံဝေဂတွေး၊ အမြုံကဲဆေးဖြင့်
ငြိမ်းအေးချမ်းမြေ့ စိတ်အစဉ်
စမ်းနှယ်ကြည်မြ ငါ၏ရင်။

အို . . .
ဆုပ်သည့်လက်သီး၊ ဒေါမာန်ကြီးလည်း
ဖြန့်ပြီးသောခါ၊ အေးချမ်းစွာ ဟု
သေချာပိုင်းဆစ်၊ ငါမြင်ဖြစ်၏
ခြေမြစ်မခြား၊ ဤလက်များ၏
လူပ်ရှားတိုင်းပင်၊ သမ္မစဉ်ဖြင့်
ဆင်ခြင်သုံးသပ်၊ သတိကပ်လျက်
မှတ်ရင်းချမ်းမြေ့၊ လမ်းမှန်တွေ့မို့
ဆက်၍ဆက်၍ လျှောက်ဦးမည်။
ကိုယ့်လမ်း ကိုယ်ဖောက်ခဲ့ပေပြီ။

မောင်စိမ်းနောင်(လယ်ဝေး)

❖ အို ချစ်သမီးငယ်လေးရယ်။
ဖားသခင်အရွယ်ရောက်သို့
ကျားမမြင် ဒရယ်ပေါက်လို
ခုန်ပေါက်နဲ့ကွယ်။
ဘဝပေးရယ်ကြောင့်
လှပဂေးနုနုနယ်
အရွယ်ကမလောက်လေး။
စိတ်နှင်ရာ
စိတ်ဝင်စားပါ ခြေမဆန့်လေနှင့်
သမုဒ္ဒရာ ပြင်ကျယ်နဲ့သလိုပါ့
လူ့ရေးရာတွင်ကျယ်ပြန့်ပါလိမ့်
ဝံ့စိတ်ကိုပယ်
ရှဲ့စိတ်ကိုသင်တွယ်လို့
ကျင်လည်ရာ ဘုံဓလေ့မှာဖြင့်
နှင်ဖယ်စရာကြုံအတွေ့တွေနှင့်
ပွဲတွေ့လိုသေး။

မောင်လွမ်းနိုင်(စံပယ်ဦ)

❖ ဖားကလေးငယ်ငယ်။
တွေ့အကြုံမရှိသေးတော့
ရေအိုင်ငယ် မြစ် ထင်တွေး
ခုန်ပြေးမိတယ်။
ကမ္ဘာကြီးငယ်ငယ်
ရေလယ်မှာလား။
သားမျိုးစုံဖြတ်ကျော်လွှားက်
ရှဲ့ကြောက်မသွား။
❖ ငှက်ကလေးငယ်ငယ်။
အပျံသင်အတောင်ခတ်လို့
မိုးကောင်းကင်တရစပ်
ဝိုင်းပတ်ချင်တယ်။
မုန်တိုင်းကငယ်ငယ်
ကျီစယ်ရော့လား။
ခတ်တောင်ပံသန်သ၍
ပျံ၍ဝံ့စား။
❖ ဒရယ်လေးငယ်ငယ်
ခြေသံ့ ဝံ မမြင်ဖူးတော့
ကျားရူးကိုယုန်ထင်မှတ်
ခုန်ဟပ်ချင်တယ်။
သူအစွမ်း ခပ်ထည်ထည်(ထယ်ထယ်)
ကျီစယ်ချင်သား။
မြူးဆော့ခုန်တောတောင်စပ်
မရပ်မနား။

အတွေ့အကြုံမှတစ်ဆင့်





ရိုကျိုးနေညြ ရိုခိုးကြ

'နာ' သုံး 'နာ' ရွှင်ပီတိ
အာစရိ မြတ်ဆရာ
မျှဝေကာ ပညာပေး
နှုတ်ရေးလိမ္မာ၊
ကျေးဇူးက သနေ့်သချ်ာ
တွက်ရေပါ အနန္တ
လက်အုပ်ချီ ရိုတုပ်ကွ
မြွအစဉ်ထာဝရ
ဆည်းကပ်နေ့ည။

'သင်'ဆရာ ဦးထိပ်ထား
'မြင်' 'ကြား'တဲ့ ဆရာဆူဆူ
ကြည်ဖြူဖြူ။ ပူဇော်ထိုက်
ဦးခိုက်ရည်တူ၊
'ရတနာ မြတ်သုံး'ဆူ
'ဘ' 'မ'တူ မြတ်မြတ်နိုး
လက်အုပ်ချီ တို့ရိုကျိုး
ဦးချရှိခိုး။

ကျော်စောဟန်

ဤမိုးကုပ်စက်ဝိုင်းတစ်ခုတည်းအောက်တွင် မသိသေးတာတစ်ခုမှအပ
မရှိသေးတာ၊ မဖြစ်သေးတာဟူ၍ ရှိအုံ့မထင်ပါ။

ဘသက်ဆွ
ဖြစ်ရပ်အနုပညာများ



ထိုနေ့က ကျွန်ုပ်တို့၏စက်လှေသည် မြိတ်ကျွန်းစုအတွင်းပိုင်းရှိ ကျွန်းတစ်ကျွန်း အနီးတွင် ကျောက်ချရပ်ထားဖြစ်၏။ ထိုည မှာ ကြယ်ရောင်ကင်းမဲ့ပြီး မှောင်နေပြီး မည်သည့်နေရာကို ရောက်နေမှန်း ကျွန်ုပ် အတိအကျ မသိလိုက်ပေ။ ကျွန်ုပ်တို့သည် မော်လမြိုင်မှ ကော့သောင်းသို့ ဦးတည်ခုတ်မောင်းလာခြင်းဖြစ်၏။ လွန်ခဲ့သော ၂ရက်ခန့်က လေမုန်တိုင်းမိသဖြင့် လေကွယ်ရာ ကိုရှာရင်း ကျွန်းစုများအတွင်းပိုင်းသို့ ရောက်လာခဲ့၏။

ကုန်းပတ်ပေါ်တွင် ကျွန်ုပ်တစ်ဦးတည်း ရှိနေစဉ် သဘော်သားများသည် သူတို့အိပ်ခန်းများအတွင်း၌ အိပ်ပျော်နေကြ၏။ ကျွန်ုပ်၏မိတ်ဆွေ စက်လှေပိုင်ရှင် ကိုထွန်းကျော်မှာလည်း စက်လှေနောက်ပိုင်းရှိ သူ့အခန်းတွင် အိပ်နေလေသည်။ ကျွန်ုပ် တစ်ယောက်တည်း သဘော်စောင့်ရင်း ဆေးတံကို ဖွာရှိုက်နေခဲ့၏။

စက်လှေနံရံသို့ လှိုင်းရိုက်သံကို အဆက်မပြတ်ကြားနေရ၏။ ညမှာ တိတ်ဆိတ်လွန်းသဖြင့် ကျွန်ုပ်မှာလည်း အိပ်ငိုက်ပြီး မှေးခနဲအိပ်ပျော်သွားလေသည်။

ထိုအခိုက် အမှောင်ထုအတွင်းမှ ခေါ်သံ ထွက်ပေါ်လာ၏။

''ဗျို့ စက်လှေဆရာတို့''

မမျှော်လင့်ဘဲ အသံကြားရသဖြင့် ကျွန်ုပ် အလွန်အံ့သြသွား၏။ ရုတ်တရက် ကြောက်စိတ်ဝင်လာသဖြင့် အသံမပေးဘဲ ငြိမ်နေလိုက်၏။

''ဗျို့ စက်လှေဆရာတို့''

ခေါ်သံထပ်ပေါ်လာ၏။ အသံမှာအက်ကွဲနေ၏။ လည်ချောင်းမှ ဖျစ်ညှစ်ထွက်လာသောအသံမျိုး ဖြစ်လေသည်။ လူတစ်ယောက်၏အသံနှင့်ပင် မတူပေ။

''ဘယ်သူလဲ''

ကျွန်ုပ်က ကြောက်ကြောက်ဖြင့် ပြန်မေးလိုက်သည်–

''ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ''

''မကြောက်ပါနဲ့''

ကျွန်ုပ်ကြောက်နေသည်ကို သိဟန်ဖြင့် ထူးဆန်းသောအသံရှင်က ပြောနေသည်။

''ကျွပ်ဟာ ဒုက္ခသည်တစ်ယောက်ပါဗျာတို့''

စက်လှေနံရံသို့ လှိုင်းရိုက်သံကို အဆက်မပြတ်ကြားနေရ၏။ ညမှာ တိတ်ဆိတ်လွန်းသဖြင့် ကျွန်ုပ်မှာလည်း အိပ်ငိုက်ပြီး မှေးခနဲအိပ်ပျော်သွားလေသည်။ ထိုအခိုက် အမှောင်ထုအတွင်းမှ...

ထို့နောက် အသံသည် ထူးဆန်းစွာ ပျောက်သွားလေတော့၏။

''ဒါဖြင့် စက်လှေနားကိုလာပါ''

ကျွန်ုပ်က မှောင်ထဲသို့ လှမ်းပြော၏။

''မလာပါရစေနဲ့၊ လာလို့မဖြစ်လို့ပါ၊ ကျွပ်...ကျွပ်...''

ထို့နောက် အသံပျောက်သွားပြန်၏။

အတန်ကြာအောင်စောင့်သော်လည်း ဘာသံမှ ထပ်မကြားရပေ။ ကျွန်ုပ်သည် စိုးရိမ်စိတ်ဝင်လာပြန်သဖြင့် စက်လှေနောက်ပိုင်းသို့ ခပ်မြန်မြန်လျှောက်သွားပြီး ထွန်းထားသော မှန်အိမ်ကိုယူလိုက်၏။ ကိုထွန်းကျော်အား တံခါးပုတ်ပြီး အိပ်ရာမှနှိုးခဲ့၏။ စက်လှေလက်ရန်းသို့လျှောက်သွားပြီး မှန်အိမ်ကိုမြှောက်၍ မှောင်နေသော ပင်လယ်ပြင်ဆီသို့ ကြည့်လိုက်၏။ ထိုအခိုက် လှေတစ်စင်းလှော်ခတ်သံကို ကြားရလေသည်။

''ဗျို့ လှေဆရာ''

ကျွန်ုပ်က အမှောင်ထဲသို့ လှမ်းအော်လိုက်၏။

''ဒီကိုလာလေဗျာ''

ခပ်လှမ်းလှမ်းမှ လှေတစ်စင်းလှော်ခတ်သံကို ကြားနေရ၏။

''ဘာဖြစ်လို့လဲ ကိုဘဆွေ''

ကုန်းပတ်ကိုဖြတ်လျှောက်လာရင်း ကိုထွန်းကျော်က လှမ်းမေးသည်။

''ဒီကို ခပ်မြန်မြန်လာဗျို့ ကိုထွန်းကျော်''

ကျွန်ုပ်က ကိုထွန်းကျော်အား အဖြစ်အပျက်ကို ပြောပြစဉ် ကိုထွန်းကျော်ကလည်း စိတ်ဝင်စားစွာနားထောင်လေသည်။ ထို့နောက် သူ့ပါးစပ်ကို လက်ဖြင့်ကာ၍ အော်လိုက်၏။

''ဗျို့...လှေသမား၊ ဒီကိုလာလေဗျာ''

ဤတွင် အတော်ဝေးဝေးနေရာမှ ပြန်ထူးသံ သဲ့သဲ့ကြား၏။ ကိုထွန်းကျော်က ဆက်ခေါ်လေသည်။

မှောင်ထဲမှ အသံထွက်လာ၏။

''မီးမထွန်းပါနဲ့ဗျို့''

''ဘာဖြစ်လို့လဲ''

ကျွန်ုပ်က ပြန်မေး၏။ သို့သော် ကိုထွန်းကျော်က မှန်အိမ်ကို တစ်နေရာသို့သွားထားရန်ပြောသဖြင့် စက်လှေဝမ်းထဲသို့ ချထားလိုက်၏။

''ဒီကိုလာခဲ့ပါ'' ကိုထွန်းကျော်က လှမ်းပြော၏။ (ကျွန်ုပ်တို့ စက်လှေဆီသို့ လှေခတ်လာသံကြားရ၏၊ သို့သော် အနားသို့ ကပ်မလာဘဲ အတော်ဝေးဝေးတွင် ရပ်သွားတော့၏)

''ကျွန်ုပ်တို့ဆီကိုရောက်အောင်လာပါ''

ကျွန်ုပ်က ပြောရပြန်၏။ ''ဘာမှ မကြောက်ပါနဲ့''

''မှန်အိမ်မထွန်းဘူးလို့ ကတိပေးပါဗျာ''



ဒီလိုအချိန်မှာ ခင်ဗျားရောက်လာတာဟာ သိပ်ထူးဆန်းတယ်၊ ခင်ဗျားမလှည့်စားဘူးဆိုတာ ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ ခင်ဗျားတစ်ယောက်တည်းလို့ ပြောပေမယ့် မမြင်ရဘဲနဲ့ ကျွန်တော်တို့မယုံနိုင်ဘူး၊ မှန်အိမ်ကို ဘာလို့မထွန်းခိုင်းရတာလဲ...

''ဘာဖြစ်လို့လဲ'' ကျွန်ုပ်ကမေးဇ၏။

''ဘာကြောင့် မီးမထွန်းခိုင်းတာလဲ''

''ဒီလိုပါ...'' အသံက ပြောမည်ပြုပြီးမှ ပြန်တိတ်သွားသည်။

''ပြောစမ်းပါ၊ ဘာကြောင့် မီးမထွန်းခိုင်းတာလဲ''

ကျွန်ုပ်က သိချင်လှသဖြင့် ထပ်မေးကြည့်သည်။

ထိုအခိုက် ကိုထွန်းကျော်က ကျွန်ုပ်ပခုံးကို ကုတ်လိုက်သည်။ ''ခင်ဗျားအသာနေ''ဟု လေသံဖြင့်လည်းပြောဇ၏။ ''ကျွန်ုပ်ပြောမယ်''

ကိုထွန်းကျော်သည် သဘော်လက်ရုန်းကို လက်နှစ်ဘက်ဖြင့် အားယူဆုပ်ကိုင်ပြီး မှောင်ထဲသို့ လှမ်းပြောပြန်သည်။

''ကျွန်တော်ပြောမယ်''

သူ ဆက်ပြောသည်။



''ဒီလိုအချိန်မှာ ခင်ဗျားရောက်လာတာဟာ သိပ်ထူးဆန်းတယ်၊ ခင်ဗျားမလှည့်စားဘူးဆိုတာ ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ ခင်ဗျားတစ်ယောက်တည်းလို့ ပြောပေမယ့် မမြင်ရဘဲနဲ့ ကျွန်တော်တို့မယုံနိုင်ဘူး၊ မှန်အိမ်ကို ဘာလို့မထွန်းခိုင်းရတာလဲ''

သူစကားအဆုံးတွင် လှေပြန်လှော်သွားသံ ကြားရသည်။ ထို့နောက် အတော်ဝေးဝေးနေရာမှ အသံပေါ်လာပြန်ဇ၏။

''ကျွန်တော် စိတ်မကောင်းပါဘူး၊ ခင်ဗျားတို့ကို ဒုက္ခမပေးသင့်တော့ဘူး၊ ကျွန်တော် သိပ်ဆာနေပါတယ်၊ ကျွန်တော့်မိန်းမလည်း သိပ်ဆာနေပါတယ်''

အသံပျောက်သွားသည်။ ခပ်မှန်မှန် လှော်သွားသော တက်သံကိုလည်း ကြားနေရသည်။

''ပြန်လာပါ မိတ်ဆွေ''

ကိုထွန်းကျော်က ပြန်ခေါ်သည်။

''ခင်ဗျားကို နှင်ထုတ်တာမဟုတ်ပါဘူး၊ လှေကိုပြန်လှော်လာပါ၊ ခင်ဗျားပြောသလို မှန်အိမ်လည်း မထွန်းပါဘူးဗျာ''

ကိုထွန်းကျော်က ကျွန်ုပ်ကို လှည့်ပြောပြန်သည်။

''ဒါဟာ တော်တော်ထူးဆန်းတယ် ကိုဘဆွေ၊ ဒါပေမဲ့ စိုးရိမ်စရာမရှိဘူးလို့တော့ ထင်ပါတယ်''

ထိုစဉ် ကျွန်ုပ်တို့ဆီသို့ လှေပြန်လှော်လာသံ ကြားရဇ၏။

''မှန်အိမ်ကို သဘော်နောက်ပိုင်း သွားထားလိုက်ပါ''

ကိုထွန်းကျော်က ပြောဇ၏။ ထို့နောက် သဘော်လက်ရန်းမှဲ့၍ လှေသံကို နားထောင်လိုက်သည်။ ကျွန်ုပ်သည် မှန်အိမ်ကို မူလနေရာသို့ ပြန်ထားပြီး သူ့ဘေးတွင် ရပ်နေခဲ့ဇ၏။ စက်လှေနှင့် အတော်လှမ်းလှမ်းတွင် တက်သံရပ်သွားလေသည်။

''ဒီကိုလာပါ၊ ဘာကြောင့် ရောက်အောင် မလာတာလဲဗျာ''

ကိုထွန်းကျော်ကမေးဇ၏။

''မှန်အိမ်ကို တစ်နေရာမှာ သွားထားလိုက်ပါပြီဗျာ''

''ကျွန်တော် လာလို့မဖြစ်လို့ပါ''

မှောင်ထဲမှအသံရှင်က ဖြေသည်။

''အစားအစာအတွက်တောင် ပိုက်ဆံပေးလို့မဖြစ်လို့ပါဗျာ''

''ပိုက်ဆံပေးဖို့ မလိုပါဘူး'' ကိုထွန်းကျော်က ပြောသည်။

''ဒီကိုလာပြီး ခင်ဗျားကြိုက်သလောက် ယူနိုင်ပါတယ်ဗျ၊ လာပါ''

''ခင်ဗျားတို့ဟာ အတော်စေတနာကောင်းကြပါတယ်'' အသံရှင်က ပြောသည်။ ''သူတော်ကောင်းကို နတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်ပါလိမ့်မယ်ဗျာ''

ထို့နောက် အသံပျောက်သွားပြန်ဇ၏။

''ခင်ဗျားမိန်းမက ဘယ်မှာလဲ''

ကိုထွန်းကျော်က ရုတ်တရက်မေးလိုက်သည်။

''ကျွန်းပေါ်မှာ ထားခဲ့ရတယ်ဗျ''

''နာမည်က ဘာကျွန်းလဲ'' ကျွန်ုပ်က ဝင်မေးကြည့်သည်။

''ကျွန်းနာမည်ကိုတော့ မသိဘူး''

အသံရှင်က ဖြေသည်။

''ကျွန်တော်တို့ သူ့ကို လှေနဲ့သွားခေါ်ပေးပါ့မယ်'' ကိုထွန်းကျော်ကပြောသည်။

''မဖြစ်နိုင်ပါဘူး'' အသံရှင်ကဖြေဇ၏။ အတန်ကြာအောင် တိတ်သွားပြီးနောက် အသံထွက်လာပြန်ဇ၏။

''သူမ သိပ်ဆာလောင်နေတာကို မကြည့်ရက်လို့ ကျွန်တော် အခုလိုထွက်လာတာပါ''

''ခဏစောင့်ပါ မိတ်ဆွေ'' ကိုထွန်းကျော်က ပြောလိုက်သည်။ ''ခင်ဗျားဘယ်သူပဲဖြစ်ဖြစ် အစားအသောက်တွေ ကျွန်တော် ပေးပါ့မယ်''

ထို့နောက် စက်လှေနောက်ပိုင်းသို့ သူထွက်သွားဇ၏။ မကြာခင် ပြန်ရောက်လာသောအခါ သူနှင့်အတူ လက်ထဲတွင် စားစရာများ အစုံအလင်ပါလာဇ၏။ သူက လက်ရန်းတွင်ရပ်ပြီး မှောင်ထဲသို့ လှမ်းမေးဇ၏။

''ခင်ဗျားဒီကိုလာပြီးမယူနိုင်ဘူးလား''

''လာလို့မဖြစ်လို့ပါဗျာ''

''ဒီလိုလုပ်ပါ ကိုထွန်းကျော်၊ အစားအစာတွေကို သံပုံးလွတ်တစ်ခုမှာထည့်ပြီး သူ့ဆီကိုမျှောလိုက်ကြတာပေါ့၊ သူဘက်ကို ရေစီးနေတယ်၊ သေတ္တာကို ကြိုးနဲ့ချည်ပြီး ကျွန်တော်တို့ ကိုင်ထားကြမယ်လေ''

ကျွန်ုပ်တို့သည် အစားအစာများကို သေတ္တာလွတ်တွင်ထည့်၍ လှေဆီသို့မျှောလိုက်ကြ၏။ မကြာခင် ကြိုးကိုလှုပ်ပြလာသဖြင့် သေတ္တာကို အသံရှင်ရရှိလိုက်ပြီဖြစ်ကြောင်း သိရ၏။ ကြိုးကိုပြန်ဆွဲယူလိုက်သောအခါ အသံရှင်သည် ကျွန်ုပ်တို့အား ဆုတောင်းပေးပြီး နူတ်ဆက်၍ လှေကိုပြန်လှော်သွားသည်ကိုသာ သိလိုက်ရတော့၏။

''ဒီလူ ချက်ချင်းပြန်သွားပါလား''

ကိုထွန်းကျော်က ပြောမေးမေးသည်။

''စောင့်ကြည့်ပါအုံးလေ'' ကျွန်ုပ်က ပြောလိုက်ရသည်။ ''ဒီလူ နောက်တစ်ခေါက် ပြန်လာလိမ့်မယ်၊ သူမှာ အစားအစာ သိပ်လိုနေပုံရတယ်ဗျ''

''ကျွန်တော် ဒီလမ်းမှာ စက်လှေနဲ့သွားနေတာကြာပြီ၊ ဒီလိုထူးဆန်းတာမျိုး ခုတစ်ကြိမ်ပဲကြုံဖူးတယ်''

တဖြည်းဖြည်းညဉ့်နက်လာ၏။ ကိုထွန်းကျော်သည် ကျွန်ုပ်နှင့်အတူ ထိုင်စကားပြောနေ၏။ ထူးဆန်းသောအဖြစ်အပျက်ကြောင့် သူ့၌လည်း အိပ်ချင်စိတ်မရှိတော့ပေ။

သုံးနာရီခန့်ကြာပြီးနောက် လှေတစ်စင်း လှော်ခတ်လာသံ ကြားရပြန်၏။

''နားထောင်ဗျို့'' ကိုထွန်းကျော်၏အသံမှာ စိတ်စောနေပုံရသည်။

''ကျုပ်ပြောတဲ့အတိုင်းပဲ၊ ဒီလူပြန်လာပြီပေါ့''

လှေလှော်ခတ်သံ တဖြည်းဖြည်းနီးလာနေသည်။ စက်လှေနှင့် မလှမ်းမကမ်းတွင် လှေရပ်သွားပြန်၏။ မှောင်ထဲမှ အသံထွက်လာပြန်သည်။

''အဲဒီက စက်လှေကမိတ်ဆွေတို့''

''စောစောက မိတ်ဆွေကြီးလားဗျ''

ကိုထွန်းကျော်က မေးကြည့်သည်။

''ဟုတ်ပါတယ်'' အသံရှင်က ဖြေသည်။ ''ကျွန်တော် ချက်ချင်းပြန်သွားတာကို ခွင့်လွှတ်ပါဗျာ၊ အမျိုးသမီး သိပ်ဆာနေလို့ပါနော်''

''ခင်ဗျား ဇနီးလား''

ကိုထွန်းကျော်က မေး၏။

''ဟုတ်တယ်၊ အမျိုးသမီးက သိပ်ကျေးဇူးတင်နေတယ်၊ ကျွန်တော်တို့နှစ်ယောက်လုံး ခင်ဗျားတို့ရဲ့ စေတနာကောင်းပုံကို တဖွဖွပြောမိနေတယ်ဗျာ''

မှောင်ထဲမှအသံက ဆက်ပြောနေသည်။

''ကျွန်တော် အခုလာတာဟာ အောင်ဘောဂစက်လှေ နစ်မြုပ်တဲ့အချိန်ကစပြီး ကျွန်တော်တို့ကြုံခဲ့ရတဲ့ ဒုက္ခတွေကို ခင်ဗျားတို့ကို ပြောပြချင်လို့ပါဗျ''

''အို''

ကျွန်ုပ်တို့နှစ်ယောက်လုံး အံ့အားသင့်စွာ ရေရွတ်မိကြ၏။

''ဒီစက်လှေဟာ လွန်ခဲ့တဲ့ခြောက်လက ရန်ကုန်ကနေပြီး ကော့သောင်းကို ထွက်သွားခဲ့တယ်၊ အဲဒီအချိန်ကစပြီး သူ့အကြောင်းကို ဘာမှမကြားရတော့ဘူး''

''အဲဒီစက်လှေဟာ မုန်တိုင်းမိပြီး နစ်မြုပ်သွားပြီဗျ၊ သဘော်သားတွေဟာ အသက်ကယ်လှေတွေနဲ့ သဘော်ကစွန့်ခွာသွားကြတယ်၊ စက်လှေပေါ်မှာ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးလောင်းပဲ ကျန်ရစ်ခဲ့တယ်လေဗျာ''

''သူတို့ထွက်ခွာသွားချိန်မှာ ကျွန်တော်တို့ဟာ စက်လှေဝမ်းထဲမှာ ပစ္စည်းတွေသိမ်းဆည်းနေကြတယ်၊ ကုန်းပတ်ပေါ်ပြန်တက်

အဲဒီစက်လှေဟာ မုန်တိုင်းမိပြီး နစ်မြုပ်သွားပြီဗျ။ သဘော်သားတွေဟာ အသက်ကယ်လှေတွေနဲ့ သဘော်ကစွန့်ခွာသွားကြတယ်၊ စက်လှေပေါ်မှာ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးလောင်းပဲ ကျန်ရစ်ခဲ့တယ်လေဗျာ...



ကျွန်တော်ဟာ သဘော်လက်ရန်းကိုကျော်ပြီး ကုန်းပတ်ပေါ်ဆင်းလိုက်တယ်၊ ကုန်းပတ်ပေါ်မှာ မှိုတွေပေါက်နေတာမှ အများကြီးပဲဗျို့ တချို့မှိုတွေဟာ လူတစ်ရပ်လောက်မြင့်တယ်၊ အဲဒီအချိန်တုန်းက ဒီမှိုတွေကို...

လာချိန်မှာ သူတို့လေကို ပင်လယ်ပြင်ပေါက မိုးကုပ်စက်ဝိုင်းထဲမှာ အစက်တစ်စက်လောက်ပဲ မြင်ရတော့တယ်၊ ကျွန်တော်တို့ လှမ်းအော်ပေမယ့် မရတော့ဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ စိတ်မပျက်ပါဘူး၊ ရရာပစ္စည်းတွေနဲ့ ဖောင်တစ်ခုဖွဲ့ကြတယ်၊ ဖောင်ပေါ်မှာ ရေနဲ့ရိက္ခာတွေအပါအဝင် တခြားလိုအပ်မယ့်ပစ္စည်းတွေ တတ်နိုင်သလောက် တင်ပြီး ထွက်လာခဲ့ကြတယ်၊ အဲဒီအချိန်မှာ စက်လှေထဲမှာ ရေတွေအများကြီးရောက်နေပြီလေ၊ ဖောင်ဟာ ရေစီးကြောင်းအတိုင်း မျောနေခဲ့တယ်၊ သုံးနာရီလောက်အကြာမှာ စက်လှေဟာ ရေအောက်ကိုနစ်သွားတယ်၊ အဲဒီနေ့ညနေက နှင်းတွေပိန်းပိတ်အောင်ကျနေတယ်၊ ဘာမှမမြင်ရဘူး၊ နောက်နေ့အထိ နှင်းတွေကျတုန်းပဲ၊ လှိုင်းကတော့ ငြိမ်နေပါပြီ''

''ဖောင်ဟာ လေးရက်တိတိ ပင်လယ်ထဲမှာ မျောနေတယ်၊ လေးရက်မြောက်တဲ့ ညနေမှာ မှန်ပြင်လိုညီညာပြန့်ပြူးတဲ့ ရေပြင်ပေါ်ကို ရောက်သွားတယ်၊ သိပ်မကြာပါဘူး၊ သဘော်ကြီးတစ်စင်းကို လှမ်းတွေ့လိုက်ရတယ်၊ ကျွန်တော်တို့ရဲ့ ဘေးဒုက္ခတွေ အဆုံးသတ်သွားပြီလို့ယူဆပြီး သိပ်ဝမ်းသာသွားကြတာပေါ့ဗျာ၊ တကယ့်အန္တရာယ်ဟာ အဲဒီအချိန်က စတင်ကြောင်း နောက်မှသိရတော့တယ်''

''ဖောင်ဟာ သဘော်ဆီကို သူ့အလိုလို ကပ်သွားတယ်၊ ကျွန်တော်တို့ကိုလည်း သဘော်ပေါ်ဆွဲတင်ပေးဖို့ အော်ပြောကြရတာပေါ့၊ သဘော်ပေါ်က ဘာသံမှမကြား ရဘူးဗျ၊ ဒါနဲ့ ကျွန်တော်လည်း အောက်ကို တွဲကျနေတဲ့ ကြိုးတစ်ချောင်းကို ဆွဲပြီး သဘော်ပေါ်တက်ခဲ့တယ်လေ၊ ကြိုးပေါ်မှာ ရော၊ သဘော်နံဘေးမှာပါ မှိုပင်တွေပေါက်နေတာကြောင့် ကျွန်တော်ဟာ ခက်ခက်ခဲခဲ တက်ခဲ့ရတယ်''

''ကျွန်တော်ဟာ သဘော်လက်ရန်းကိုကျော်ပြီး ကုန်းပတ်ပေါ်ဆင်းလိုက်တယ်၊ ကုန်းပတ်ပေါ်မှာ မှိုတွေပေါက်နေတာမှ အများကြီးပဲဗျို့၊ တချို့မှိုတွေဟာ လူတစ်ရပ်လောက်မြင့်တယ်၊ အဲဒီအချိန်တုန်းက ဒီမှိုတွေကို ကျွန်တော် ဂရုမစိုက်ခဲ့ပါဘူး၊ သဘော်ပေါ်မှာ လူရှိ၊ မရှိကိုသာ သိချင်နေတယ်၊ ကျွန်တော်ဟာ အသံကုန်အော်ပြီး ခေါ်လိုက်တယ်၊ ပြန်ထူးသံမကြားရဘူးဗျ၊ ဒါနဲ့ သဘော်ပဲ့ပိုင်းကိုလျှောက်သွားပြီး ကုန်းပတ်တံခါးကိုဖွင့်လိုက်တယ်၊ အဲဒီအခါ အတော်ပုပ်သိုးတဲ့အနံ့ဆိုး ထွက်လာတယ်၊ ဒါကြောင့် တံခါးကို ချက်ချင်းပြတ်ပိတ်လိုက်တယ်၊ အဲဒီအခါကျမှ ကျွန်တော်ဟာ သိပ်အားငယ်သွားမိတယ်၊ လူမရှိတဲ့သဘော်ပေါ်ကို ရောက်နေမှန်း သိလိုက်ရလို့ပါပဲ''

''အဲဒီနောက် ကျွန်တော်တက်လာတဲ့ နေရာကို ပြန်လာခဲ့တယ်၊ အောက်ကိုငုံ့ကြည့်လိုက်တော့ ကျွန်တော့်ချစ်သူဟာ ဖောင်ပေါ်မှာ ကုပ်ကုပ်ကလေးထိုင်နေတာကို တွေ့ရတယ်၊ ကျွန်တော့်ကိုမြင်တော့ သဘော်ပေါ်မှာ လူရှိ၊ မရှိ မေးတယ်၊ သဘော်ဟာ စွန့်ပစ်ခြင်းခံခဲ့ရတာ ကြာပြီဖြစ်တဲ့အကြောင်း သူ့ကိုပြောပြလိုက်တယ်၊ သူ့ကို ခဏစောင့်ဖို့ပြောပြီး လှေကားလိုက်ရှာခဲ့တယ်၊ ကြိုးလှေကားတစ်ခု တွေ့တာကြောင့် သူတက်နိုင်ဖို့ အောက်ကိုချပေးလိုက်တယ်၊ ဒီနောက် ကျွန်တော်တို့နှစ်ယောက်ဟာ သဘော်တစ်စင်းလုံးကိုလျှောက်ကြည့်ခဲ့ကြတယ်၊ ကျွန်တော်တို့ဟာ ထူးဆန်းတဲ့ မှိုပင်တွေအကြောင်းက ဖြတ်လျှောက်ကြတယ်၊ ကျွန်တော့်ချစ်သူက ဒီမှိုတွေကို အလွယ်တကူရှင်းပစ်လို့ရမယ်လို့ ပြောတယ်၊ နောက်ဆုံး ကုန်းပတ်ပေါ်မှာ ကျွန်တော်တို့ကလွဲပြီး ဘယ်သူမှမရှိဘူးဆိုတာ သေချာသွားတယ်''



''ကျွန်တော်တို့ဟာ သဘော်ပဲ့ပိုင်းက အခန်းနှစ်ခန်းကို ရှင်းလင်းပြီးနေဖို့ စီစဉ်ကြတယ်၊ ဒီနောက် သဘော်ပေါ်မှာ စားစရာရှာကြတယ်၊ ကံအားလျော်စွာပဲ ရေတိုင်ကီတစ်လုံး တွေ့ရတယ်၊ ရေကိုသောက်ကြည့်တော့ အရသာဆိုးပေမယ့် သောက်လို့တော့ရကြောင်း သိရတယ်''

''ကျွန်တော်တို့ဟာ သဘော်ပေါ်မှာ ရက်အတော်ကြာအောင် နေဖြစ်ခဲ့ကြတယ်၊ ပတ်ဝန်းကျင်ကမှိုတွေကိုလည်း ခုတ်ထွင်ရှင်းလင်းပစ်လိုက်ကြတယ်၊ ဒါပေမဲ့ မှိုတွေဟာ နှစ်ဆယ့်လေးနာရီအတွင်းမှာ မူလအရွယ်အစားအတိုင်း ပြန်ပေါက်လာတာကို အံ့သြစွာတွေ့ရတယ် ခင်ဗျ''

''ကျွန်တော်တို့ဟာ မှိုတွေရှင်းလင်းပြီး အဲဒီနေရာကို သဘော်မီးဖိုခန်းထဲကတွေ့ရတဲ့ ကာဘိုလစ်ဆပ်ပြာရည်နဲ့ တိုက်ချွတ်ပစ်ခဲ့ကြတယ်၊ ဒါပေမဲ့ ရက်သတ္တပတ်အတွင်းမှာ မှိုတွေဟာ မူလနေရာသာမကဘူး တခြားနေရာတွေမှာပါ ပေါက်လာတော့တယ်ဗျို့၊ ကျွန်တော်တို့ဟာ မှိုတွေကိုကြည့်ပြီး ကြောက်စိတ်တောင်ဝင်လာကြတယ်''

''ရ ရက်မြောက်တဲ့နေ့...ကျွန်တော့် ချစ်သူ အိပ်ရာကနိုးလာချိန်မှာ သူခေါင်းအုံးအစပ်မှာ မှိုပေါက်နေတာတွေ့တယ်၊ မှိုဟာ သူမျက်နှာနားမှာ ကပ်ပေါက်နေတယ်၊ အမျိုးသမီးဟာ အဝတ်အစား ကမန်းကတန်းလဲပြီး ကျွန်တော့်ဆီကိုလာတယ်၊ အဲဒီအချိန်မှာ ကျွန်တော်က နံနက်စာချက်ဖို့ မီးမွှေးနေတယ်''

''လိုက်ကြည့်ပါအုံး ကိုနန်းဝေ''လို့ သူကပြောပြီး သဘော်ပဲ့ပိုင်းကို ခေါ်သွားတယ်ဗျ၊ ခေါင်းအုံးမှာပေါက်နေတဲ့ မှိုတွေကို မြင်လိုက်ရတဲ့အချိန်မှာ ကျွန်တော် အတော်ထိတ်လန့်သွားတယ်၊ ကျွန်တော်တို့ဟာ သဘော်ပေါ်က ချက်ချင်းစွန့်ခွာပြီး ကမ်းပေါ်မှာသွားနေဖို့ ဆုံးဖြတ်လိုက်ကြတယ်''

''ဒီနောက် ပစ္စည်းတွေကို အမြန်ဆုံး သိမ်းဆည်းကြတယ်၊ အမျိုးသမီးရဲ့စောင်ပေါ်မှာ မှိုပေါက်နေတာတွေ့လို့ ရေထဲကို ပစ်ချလိုက်တယ်၊ သူကိုတော့ မပြောပြပါဘူး''

''ဖောင်ဟာ သဘော်ဘေးမှာရှိနေတုန်းပဲ၊ ဒါပေမဲ့ အခြေအနေမကောင်းတော့ဘူး၊ ဒါကြောင့် သဘော်ကုန်းပတ်ပေါ်မှာ တွေ့တဲ့လေနဲ့ ကမ်းဆီကိုလာခဲ့ကြတယ်၊ ကမ်းနဲ့နီးကပ်လာတဲ့အချိန်မှာ ကမ်းပေါ်မှာလည်း မှိုတွေပေါက်နေတာကို တွေ့ရလို့ စိတ်ဓာတ်တော်တော်ကျသွားရတယ်၊ အဲဒီက မှိုတွေဟာ ပိုပြီးသန်စွမ်းတယ်၊ မြင့်လည်း မြင့်တယ်၊ မှိုတွေပေါက်နေပုံဟာ ဒဏ္ဍာရီထဲက ရဲတိုက်တွေနဲ့တောင် တူတယ်ဗျာ၊ မှိုပင်တွေဟာ လေတိုက်တဲ့အခါမှာ ယိမ်းထိုးနေကြတယ်၊ မှိုပင်တွေကိုကြည့်ရတာ နာနာဘာဝဆန်နေတယ်၊ တချို့မှိုပင်တွေဟာ ဆန့်တန်းထားတဲ့ လက်ချောင်းတွေသဏ္ဌာန်မျိုး ဖြစ်နေတယ်၊ တချို့မှိုပင်တွေဟာ ဖြန့်ထားတဲ့ လက်ဖဝါးနဲ့တူတယ်၊ အလွန်ထူးဆန်းတဲ့ နေရာတစ်ခုပါပဲ၊ ဖုထစ်ကွေးကောက်နေတဲ့ အပင်ပုတွေ အမြဲတမ်းယိမ်းထိုးလှုပ်ရှားနေပုံဟာ ကြောက်စရာသိပ်ကောင်းတယ်''

ခင်ခင်ထားရဲ့ လက်မပေါ်ကမှိုကို မောင်းချမားနဲ့ခြစ်ပြီး ကာဘိုလစ်ဆပ်ပြာနဲ့ အထပ်ထပ် တိုက်ချွတ်ဆေးကြောလိုက်တယ်၊ နောက်တစ်နေ့မနက်ကျတော့ အဲဒီ လက်မပေါ်မှာ မှိုထပ်ပေါက်နေတာ တွေ့ရတယ်...



''ပထမတော့ မှိုပင်တွေနဲ့ လွတ်ကင်းနေတဲ့နေရာ မရှိတော့ဘူးလို့ ကျွန်တော်တို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ ကမ်းခြေအတိုင်း တော်တော်ကလေး လျှောက်သွားတဲ့အခါမှာတော့ သဲဆန်ပြီး ပြန့်ပြူးညီညာတဲ့ ကွက်လပ်တစ်ခုကို တွေ့ရတယ်၊ အဲဒီနေရာလေးကိုတွေ့တော့ ကျွန်တော်တို့ သိပ်ဝမ်းသာသွားကြတယ်၊ အဲဒီနေရာမှာပဲနေဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ သဘော်ကယူလာတဲ့ ရွက်ဖျင်တွေနဲ့ တဲနှစ်လုံးဆောက်ပြီး အဲဒီနေရာမှာ လေးပတ်တိတိ ပျော်ရွှင်စွာနေဖြစ်ခဲ့ကြတယ်၊ အဲဒီအချိန်ကစပြီး ကျွန်တော်မောင်နှန်းဝေနဲ့ မခင်ခင်ထားတို့ဟာ ဇနီးမောင်နှံဖြစ်ခဲ့ကြပါတယ်''

''ဒီနောက် ကျွန်တော့်ဇနီး ခင်ခင်ထားရဲ့ ညာလက်မမှာ မှိုစပေါက်လာပါတယ်၊ ပထမတော့ အမည်းစက်အဝိုင်းကလေးတစ်ခုပါပဲ၊ အဲဒါကိုမြင်ရတော့ ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတယ်၊ သိပ်ပြီး တုန်လှုပ်ချောက်ချားသွားတယ်၊ ချက်ချင်းပဲ ခင်ခင်ထားရဲ့ လက်မပေါ်ကမှိုကို မောင်းချမားနဲ့ခြစ်ပြီး ကာဘိုလစ်ဆပ်ပြာနဲ့ အထပ်ထပ် တိုက်ချွတ်ဆေးကြောလိုက်တယ်၊ နောက်တစ်နေ့မနက်ကျတော့ အဲဒီလက်မပေါ်မှာ မှိုထပ်ပေါက်နေတာ တွေ့ရတယ်၊ ကျွန်တော်တို့ဟာ အတော်ကြာအောင် ဘာစကားမှမပြောဘဲ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်နေကြတယ်၊ ကျွန်တော်တို့ရဲ့ရင်ထဲက စိုးရိမ်သောကတွေဟာ စကားလုံးနဲ့ ပြောပြလို့မရတော့ဘူး၊ ဒီနောက် ဘာစကားမှမပြောဘဲ မှိုကိုဖယ်ရှားဖို့ လုပ်ကြတယ်၊ အဲဒီအချိန်မှာ ခင်ခင်ထားက ပြောတယ်''

''မောင် မျက်နှာပေါ်မှာ ဘာဖြစ်နေသလဲ မသိဘူး''တဲ့၊ သူက စိုးရိမ်ပူပန်သံနဲ့ ပြောတယ်၊ ကျွန်တော်လည်း မျက်နှာကို လက်နဲ့စမ်းလိုက်တယ်၊ နားရွက်ဘေးက

ဆံစပ်မှာ အပြင်ကို နည်းနည်းစူထွက်နေတယ်၊ အဲဒီနေရာကို ကျွန်တော့်လက်နဲ့ စမ်းမိတယ်၊ ကျွန်တော်သိလိုက်ပါပြီ''

''ထားလိုက်ပါကွယ်၊ ထားရဲ့လက်မပေါ်ကမှိုကို အရင်ရှင်းလင်းပစ်ကြမယ်'' ကျွန်တော်က လေသံအေးအေးနဲ့ပြောပြီး ထားရဲ့ လက်မပေါ်ကမှိုကို ဖယ်ရှားပစ်လိုက်တယ်၊ ဒီနောက် ထားကလည်း ကျွန်တော့် မျက်နှာပေါ်ကမှိုကို ဖယ်ရှားပေးရှာတယ်၊ ဒီနောက် ကျွန်တော်တို့နှစ်ယောက် ထိုင်ပြီး စကားပြောကြတယ်၊ ကျွန်တော်တို့ဟာ သိပ်ကို ထိတ်လန့်တုန်လှုပ်နေကြတယ်၊ သေခြင်းထက်ဆိုးတဲ့အန္တရာယ်ဟာ ကျွန်တော်တို့ကို ခြိမ်းခြောက်နေပြီလေ၊ ပထမတော့ လှေပေါ်ကို ရေနဲ့အစားအစာတွေ တင်ပြီး ထွက်သွားဖို့ စိတ်ကူးကြတယ်၊ ဒါဟာလည်း မဖြစ်နိုင်တော့ဘူး၊ ကျွန်တော်တို့ကိုယ်ပေါ်မှာ မှိုတွေပေါက်နေပြီလေ၊ ကျွန်တော်တို့ဟာ ကျွန်းပေါ်မှာဆက်နေဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ ကံကြမ္မာစီမံလာတဲ့ အတိုင်း လည်စင်းခံရုံပဲရှိတော့တယ်၊ ဖြစ်သမျှကို ရင်ဆိုင်ရုံသာ ရှိတော့တယ်လေ''

''ဒီလိုနဲ့ပဲ နှစ်လ၊ သုံးလကြာသွားတယ်၊ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်အနှံ့အပြားမှာ မှိုတွေထပ်ပေါက်လာကြတယ်၊ ကျွန်တော်တို့ကလည်း ကြိုးစားပြီး ဖယ်ရှားပစ်ပါတယ်၊ ဒါပေမဲ့ မရပါဘူး၊ မှိုတွေဟာ ထပ်တလဲလဲ ပြန်ပေါက်နေတော့တယ်ဗျာ''

''မကြာခဏလည်း သင်္ဘောပျက်ဆီကို လှေနဲ့ကူးသွားပြီး လိုအပ်တဲ့ပစ္စည်းတွေကို ယူရတယ်၊ ကုန်းပတ်ပေါ်မှာပေါက်နေတဲ့ မှိုအုပ်ဟာ ကျွန်တော့်အရပ်ထက်တောင် ပိုမြင့်နေပြီလေ''

''ကျွန်တော်တို့ဟာ ကျွန်းကိုစွန့်ခွာသွားဖို့ လုံးဝမစဉ်းစားတော့ဘူး၊ ကျွန်တော်တို့ကိုယ်ပေါ်မှာ ပေါက်နေတဲ့ မှိုတွေဟာ လူကောင်းတွေကို ဒုက္ခပေးလိမ့်မယ်လေ''

''ကျွန်တော်တို့ဟာဘယ်လောက်ကြာအောင် အသက်ရှင်နေရဦးမယ်ဆိုတာ မသိဘူး၊ ဒါကြောင့် ရေနဲ့ ရိက္ခာကို စုဆောင်းထားဖို့သာ စိတ်ကူးကြတယ်၊ အဲဒီအချိန်မှာ ရိက္ခာဟာ နည်းနည်းပဲကျန်တော့တယ်၊ ဒါကြောင့် ကျွန်တော်ဟာ ငါးမျှားဖို့ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မအောင်မြင်ဘူး၊ နောက်တော့ ပင်လယ်ပြင်ကိုထွက်ပြီး ငါးမျှားခဲ့

ကျွန်တော့်နောက်ဘက်မှ အသံတစ်သံကြားရသဖြင့် ခပ်မြန်မြန် လှည့်ကြည့်လိုက်တယ်၊ ထူးဆန်းတဲ့ ပုံသဏ္ဌာန်ရှိတဲ့ မှိုပင်တစ်ပင် ယိမ်းထိုးနေတာကို တွေ့ရတယ်၊ မှိုပင်ဟာ သက်ရှိသတ္တဝါတစ်ကောင်လို

တယ်၊ တစ်ခါတစ်လေတော့ ထူးဆန်းတဲ့ ငါးတွေ ဖမ်းမိပါတယ်၊ ကျွန်တော်တို့ဟာ ကိုယ်ပေါ်မှာပေါက်နေတဲ့ မှိုတွေကြောင့် မသေဘဲ အစာငတ်ပြီးသေမယ်ဆိုတာကိုလည်း သိလာတယ်''

''ဒီလိုနဲ့ အချိန်လေးလ ကုန်သွားတဲ့ အခါမှာတော့ ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို ကြုံရပါတော့တယ်၊ တစ်နေ့ နေ့လယ်မှာ ကျွန်တော်ဟာ သင်္ဘောပျက်ကို လှေနဲ့ကူးသွားပြီး ဘီစ



ကွတ်မုန့်တွေ ယူလာခဲ့တယ်၊ အဲဒီအချိန်မှာ ကျွန်တော့်ဖနီး ခင်ခင်ထားဟာ တဝမ်းထိုင်ပြီး တစ်စုံတစ်ခုစားနေတာ တွေ့ရတယ်''

''ဘာတွေစားနေတာလဲ အချစ်ရယ်'' လို့ ကျွန်တော်က ကမ်းပေါ်ခုန်တက်ရင်း မေးလိုက်တယ်၊ ကျွန်တော့်အသံလည်း ကြားရော ထားဟာ တစ်ကိုယ်လုံးတုန်သွားရှာတယ်၊ မျက်နှာလည်း ပျက်သွားတယ်၊ ပြီးတော့ သူစားနေတဲ့အရာကို ခပ်ဝေးဝေးရောက်အောင် လွှင့်ပစ်လိုက်တယ်၊ ကျွန်တော် သွားကောက်ပြီး ကြည့်လိုက်တော့ မှိုတွေဖြစ်နေတာ တွေ့ရတယ်''

''ကျွန်တော့်လက်ထဲမှာ မှိုတွေကိုင်ပြီး ပြန်လျှောက်လာတော့ ထားဟာ မျက်နှာဖြူပတ်ဖြူရော်ဖြစ်နေတော့တယ်၊ ကျွန်တော်လည်း အတော်အံ့သြတုန်လှုပ်သွားရတယ်''

''အို...ထားရယ်၊ ဖြစ်မှဖြစ်ရပလေကွယ်''လို့ ထပ်တလဲလဲ ညည်းညူနေမိတော့တယ်၊ ထားဟာ ကျွန်တော့်ကိုဖက်ပြီး ချုံးပွဲချငိုကြွေးရှာတယ်၊ ငိုပြီး အားရတော့မှ သူဟာ မှိုတွေကို အရင်ကတည်းက စားခဲ့ကြောင်း ဝန်ခံတယ်၊ ကျွန်တော်က ထားကို ဘယ်လောက်ပဲဆာဆာ မှိုတွေကိုမစားဖို့ ပြောတယ်၊ ထားကလည်း ကတိပေးပါတယ်၊ မှိုတွေကိုစားချင်တဲ့ ချင်ခြင်းဟာ ရုတ်တရက် ပေါ်လာပြီး အဲဒီအခါမှာ မစားဘဲ မနေနိုင်ကြောင်း ပြောပြတယ်''

''အဲဒီနေ့ ညနေပိုင်းမှာ ကျွန်တော်ဟာ ထားအတွက် စိတ်မကောင်းဖြစ်နေခဲ့တယ်၊ စိတ်ထဲမှာ ထူးဆန်းစွာ မငြိမ်မသက်ဖြစ်လာတာ၊ ဒါကြောင့် မှိုပင်တွေကြားထဲကို သဲလမ်းအတိုင်းလျှောက်လာခဲ့တယ်၊ အရင်ကလည်း ဒီလမ်းကို လျှောက်ခဲ့ဖူးတယ်၊ ဒါပေမဲ့ သိပ်ဝေးဝေးမရောက်ခဲ့ဘူး၊ ခုတစ်ခါတော့ အတွေးလွန်ပြီး ခါတိုင်းထက်ဝေးအောင် လျှောက်ခဲ့တယ်''

''ရုတ်တရက် ကျွန်တော့်နောက်ဘက်မှ အသံတစ်သံကြားရသဖြင့် ခပ်မြန်မြန် လှည့်ကြည့်လိုက်တယ်၊ ထူးဆန်းတဲ့ ပုံသဏ္ဌာန်ရှိတဲ့ မှိုပင်တစ်ပင် ယိမ်းထိုးနေတာကို တွေ့ရတယ်၊ မှိုပင်ဟာ သက်ရှိသတ္တဝါတစ်ကောင်လို လှုပ်ရှားနေတယ်၊ ကျွန်တော်ဟာ မှိုပင်ကိုစိုက်ကြည့်နေမိတယ်၊ အဲဒီလိုကြည့်နေရင်း မှိုပင်ဟာ ပုံပန်းပျက်နေတဲ့

လူတစ်ယောက်ရဲ့သဏ္ဌာန်နဲ့ တူတယ်လို့ ထင်လိုက်တယ်၊ ကျွန်တော့်စိတ်ထဲမှာ အဲဒီသဏ္ဌာန်ဆီက ညည်းညူသံလို အသံထွက်လာတယ်လို့ထင်တယ်၊ မို့လူသားရဲ့ သစ်ကိုင်းသဏ္ဌာန်လက်ထဲမှာ မို့ပင်တစ်ပင်ကိုင်ထားတယ်၊ အဲဒီသဏ္ဌာန်ဟာ ကျွန်တော့်ဆီကို တဖြည်းဖြည်းတိုးလာနေတယ်၊ မွဲပြာရောင် မို့လုံးကြီးလိုဖြစ်နေတဲ့ ဦးခေါင်းဟာ ကျွန်တော့်ရှေ့မှာ ယိမ်းယိုင်နေတယ်၊ ကျွန်တော်ဟာ အကြောက်လွန်ပြီးရင်နေခဲ့တယ်၊ မို့လူသားဟာ သူ့လက်ထဲကမို့ပင်နဲ့ ကျွန်တော့်ပါးစပ်ထဲကို အတင်းထိုးထည့်လိုက်တယ်၊ ကျွန်တော်ဟာ ငယ်သံပါအောင် အော်ပြီး ထွက်ပြေးခဲ့တယ်၊ ပြေးနေရင်း မို့ပင်နဲ့ထိမိတဲ့ ကျွန်တော့်နှုတ်ခမ်းပေါ်မှာ ချိုမြတဲ့အရသာ ဖြစ်ပေါ်လာတယ်၊ ကျွန်တော်ဟာ နှုတ်ခမ်းကို လျှာနဲ့လျက်နေမိတယ်၊ ဒီနောက် ထူးဆန်းတဲ့ဆန္ဒ ဖြစ်ပေါ်လာတယ်၊ ကျွန်တော်ဟာ အနီးအနားက မို့ပင်တွေကို လက်နဲ့ဖဲ့ပြီး အားရပါးရစားမိနေတော့တယ်၊ ကျွန်တော်ဟာ မို့တွေကို စားလို့ မတင်းတိမ်နိုင်အောင် ဖြစ်နေတော့တယ်၊ မို့တွေကိုစားနေရင်းက နေ့ခင်းက အဖြစ်အပျက်ဟာ ထိုင်မှိုင်းနေတဲ့ ကျွန်တော့်ခေါင်းထဲကို ဝင်လာတယ်၊ ဒါဟာ နတ်ကောင်းနတ်မြတ်တွေ လာသတိပေးတာ ဖြစ်လိမ့်မယ်၊ ကျွန်တော်ဟာ လက်ထဲက စားလက်စမို့တွေကို မြေကြီးပေါ်လွှတ်ချလိုက်တယ်၊ ဒီအတွက် စက်ဆုပ်ရွံရှာလို့ မဆုံး၊ နောင်တရမဆုံးအောင် ခံစားရတယ်၊ ဒီနောက် ကျွန်တော် တဲရှိရာကို ပြန်လာခဲ့ပါတယ်''

''ခင်ခင်ထားဟာ တဲပေါက်ဝကနေပြီး ကျွန်တော့်ကိုလှမ်းကြည့်နေတယ်၊ ကျွန်တော် ဘာဖြစ်ခဲ့တယ်ဆိုတာကို သူမ အလိုလို သိနေပုံပါပဲ၊ ဒါဟာ အချစ်စိတ်ရဲ့ စွမ်းအင်တစ်ခု ဖြစ်လိမ့်မယ်ထင်ပါရဲ့၊ ထားရဲ့ မျက်ဝန်းတွေပေါ်မှာ သနားကြင်နာတဲ့အရိပ်တွေ ပေါ်နေတယ်၊ ကျွန်တော်က အဖြစ်အပျက်ကို ပြောပြလိုက်တယ်၊ ကျွန်တော် တွေ့ခဲ့တဲ့ ထူးဆန်းတဲ့သဏ္ဌာန်အကြောင်းကို ပြောမပြတော့ဘူး၊ ထား ကြောက်လန့်နေမှာစိုးလို့ပါဗျာ''

''ကျွန်တော်ကိုယ်တိုင် သိပ်ကြောက်နေခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်

ကျွန်တော်တို့ဟာ ဘယ်လိုပဲ ဆန္ဒရှိပါစေ၊ မို့တွေကို မစားဘဲ နေခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ခန္ဓာကိုယ်ပေါ်မှာ မို့တွေဟာ တစ်နေ့ထက်တစ်နေ့ ပိုပြီးများလာတယ်

တော် တွေ့ခဲ့တဲ့ သဏ္ဌာန်ဟာ သဘော်ပျက်ပေါ်က ဒီကျွန်းပေါ်ရောက်လာတဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုတာ သိလို့ပါပဲ၊ တစ်နေ့ကျရင် ကျွန်တော်တို့ဟာ သူလို မို့လူသားဖြစ်သွားလိမ့်မယ်လို့ထင်တယ်''

''အဲဒီနောက်မှာတော့ ကျွန်တော်တို့ဟာ ဘယ်လိုပဲ ဆန္ဒရှိပါစေ၊ မို့တွေကို မစားဘဲ နေခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ခန္ဓာကိုယ်ပေါ်မှာ မို့တွေဟာ တစ်နေ့ထက်တစ်နေ့ ပိုပြီးများလာတယ်ဗျာ၊ ကျွန်တော်



တို့ဟာ တဖြည်းဖြည်း လူနဲ့မတူတော့ဘူး၊ ဟုတ်တယ်၊ ကျွန်တော် နှန်းဝေနဲ့ ခင်ခင်ထားဟာ တစ်ချိန်က လူသားယောကျ်ားနဲ့ မိန်းမ ဖြစ်ခဲ့ပေမယ့် ခုတော့ မို့ပင်တွေဖြစ်နေပါပြီ''

''လွန်ခဲ့တဲ့တစ်ပတ်က လက်ကျန် ဘီစကွတ်တွေစားလို့ ကုန်သွားပါတယ်၊ အဲဒီနောက်မှာ ငါးသုံးကောင်ဖမ်းမိတယ်၊ ကျွန်တော်ဟာ ငါးဖမ်းဖို့ ပင်လယ်ပြင်ကိုထွက်လာရင်း ခင်ဗျားတို့ရဲ့ စက်လှေကိုတွေ့တာပါ၊ ကျွန်တာတွေကို ခင်ဗျားတို့သိပြီးဖြစ်ပါတယ်၊ သူတော်ကောင်းတွေကို နတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်ပါစေဗျာ၊ အဖြစ်ဆိုးလှတဲ့ ကျွန်တော်တို့ဇနီးမောင်နှံအတွက်လည်း ဆုတောင်းပေးကြပါဗျာ''

ထို့နောက် ရေပြင်နှင့် လှော်တက်ထိသံ ထွက်ပေါ်လာသည်။ ခပ်ဖွဖွကျနေသော နှင်းထုကိုဖြတ်၍ စိတ်ချောက်ခြားစရာကောင်းသော်လည်း တစ်နည်းတစ်ဖုံအားဖြင့် ဆွတ်ပျံ့ကြေကွဲဖွယ်ဖြစ်သော အသံသည် နောက်ဆုံးအနေဖြင့် ထွက်ပေါ်လာပါ၏။

''ကျန်းမာချမ်းသာကြပါစေ၊ ကျွန်တော် သွားပါပြီ မိတ်ဆွေကောင်းကြီးတို့ရေ''

''မိတ်ဆွေကြီးတို့ ဇနီးမောင်နှံ ဘဝဆိုးက လွတ်မြောက်ပါစေဗျာ'' ကျွန်ုပ်တို့ နှစ်ယောက်က ပြိုင်တူနှုတ်ဆက်လိုက်ကြ၏။ ကျွန်ုပ်တို့၏အသံမှာ ကြေကွဲနေသလို ကျွန်ုပ်တို့၏ရင်ထဲတွင်လည်း ခံစားမှုမျိုးစုံဖြစ်ပေါ်နေပါ၏။

ကျွန်ုပ်သည် ကောင်းကင်ကို မော့ကြည့်လိုက်သောအခါ ရောင်နီပေါ်ထွန်းလေပြီ။ နီမြန်းသောနေရောင်သည် နှင်းထုကို ဖောက်ထွင်း၍ တရွေ့ရွေ့သွားနေသောလှေပေါ်သို့ ကျဆင်းနေပါ၏။ ခပ်တိုင်နှစ်ခုအကြားတွင် ရပ်နေသောသဏ္ဌာန်ကိုမူ မသဲမကွဲမြင်နေရ၏။ ထိုသဏ္ဌာန်သည် ခပ်တိုင်၏ လှုပ်ရှားမှုအတိုင်း ရှေ့သို့ငိုက်သွားလိုက်၊ နောက်သို့ပြန်ထောင်လိုက် ဖြစ်နေသော်လည်း လှေသည် ရှေ့သို့ တရွေ့ရွေ့သွားနေလေ၏။ မကြာခင် နှင်းထုအောက်တွင် ထိုသဏ္ဌာန်မှာ ပျောက်ကွယ်သွားတော့သတည်း။

ဘသက်ဆွေ





အာသိနှင့် အာကျင့်

ဓမ္မမိတ်ဆွေတစ်ဦး

ယနေ့ခေတ်၌ လူအများစိတ်ဝင်စားလျက်ရှိသော ဘာသာရေးလုပ်ငန်းတစ်ခုမှာ ကမ္မဋ္ဌာန်းအားထုတ်ခြင်းအလုပ်ဖြစ်၏။ ကမ္မဋ္ဌာန်းတွင်လည်း သမထနှင့် ဝိပဿနာဟူ၍ နှစ်မျိုးရှိ၏။ သမထနှင့် ဝိပဿနာနှစ်မျိုးလုံးပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုအကျိုးပြုသည့် တရားမျိုးဖြစ်၏။ သမထနည်းဖြင့်ပွားများသည့် သမထဘာဝနာသည် စိတ်ကို တည်ငြိမ်စေ၏။ သမာဓိကို ဖြစ်ထွန်းစေ၏။

လူတို့၏စိတ်သည် အာရုံနှင့်တွေ့လျှင် လှုပ်ရှား၏။ မတည်မငြိမ်ဖြစ်၏။ ကြိုက်လျှင် လောဘ၊ မကြိုက်လျှင် ဒေါသ၊ တွေဝေလျှင် မောဟ၊ စိတ်ကိုထိန်းချုပ်နိုင်မှသာလျှင် မကောင်းမှုၭ မမွေ့လျော်၊ 'ပါပသို့ ရမတိ မနော'ဟူသည် မဟုတ်လော၊ မကောင်းမှုၭသာ မွေ့လျော်တတ်သောစိတ်ကို နိုင်နင်းအောင် ဆုံးမရာတွင် သမထဘာဝနာသည် ထိရောက်၏။ သို့ဖြင့် 'ဈာန်'ကို ရနိုင်၏။

သို့သော် သမထဘာဝနာနှင့် တင်းတိမ်နေလျှင် ရည်မှန်းချက်ဖြစ်သော နိဗ္ဗာန်အထိ မပေါက်ရောက်နိုင်၊ ဝိပဿနာဘက်ကူးပြောင်းပွားများမှသာ နိဗ္ဗာန်ကို မျက်မှောက်ပြုရနိုင်၏။ ကျွန်ုပ်တို့ကဲ့သို့သော သာမန်ပုထုဇဉ်များအဖို့ အထက်သို့တက်လှမ်းရာတွင် လှေကားထစ်ကို ခုန်ကျော်၍ မသွားအပ်၊ တစ်ထစ်ချင်းသာ တက်လှမ်းသင့်၏။ အလှမ်းမတော်လျှင် ချော်ခွါတ်ကျနိုင်၏။ ထို့ကြောင့် သမထနည်းကို ဦးစွာအားထုတ်သင့်၏။

သမထနည်းဟူရာတွင်လည်း ဆရာတော်ကြီးများ ညွှန်ပြသော အာနာပါနသည် အသင့်တော်ဆုံးဟု ရှုမြင်ပါသည်။ အာနာပါနဟူသည် ထွက်လေဝင်လေကို အာရုံပြုခြင်းပင်ဖြစ်သည်။

ဤတွင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များအနက် 'ဝိဇ္ဇာစရဏသမ္ပန္နော'ဟူသော ဂုဏ်တော်ကို ရွေးထုတ်ပူဇော်ချင်ပါသည်။ အသိနှင့် အကျင့် ပြည့်စုံခြင်းတွင် အသိသည် ဦးစွာပထမဖြစ်၍ 'အကျင့်'သည် အသိနောက်က လိုက်ပါရခြင်းဖြစ်သည်။ ထို့ကြောင့် 'အသိ'ကို ဦးစွာရအောင် ရှာဖွေသင့်သည်။ အသိပြီးမှ အကျင့်ကို ဆက်လက်လုပ်ဆောင်သင့်သည်။ထို့ကြောင့် အသိနှင့်အကျင့် ထပ်တူဖြစ်ပြီး လိုရာခရီးရောက်မည်ဖြစ်သည်။ 'အသိ'ကို ဦးစားမပေးဘဲ 'အကျင့်'ကို ဦးစားပေးလျှင် ချွတ်ချော်တိမ်းပါးနိုင်သည်။ မှောက်မှားချွတ်ယွင်းနိုင်သည်။ အနည်းငယ်မှားလျှင် ဆရာကနည်းပေးလမ်းပြဖြင့် ပြန်လည်တည့်မတ်ပြုပြင်နိုင်မည်ဖြစ်သော်လည်း အလွန်အကျွံလွဲမှားနေလျှင် ပြန်လည်တည့်မတ်ပြုပြင်၍ မရစကောင်းပေ။

အသိကို ဦးစွာရှာဖွေရာတွင် တရားစာအုပ်များစွာကို ဖတ်ရှုခြင်း၊ တရားခွေများနားထောင်ခြင်းဖြင့်လည်းကောင်း၊ မိမိသေချာကန မရှင်းလင်းသည့်အချက်များကို ဓမ္မဆရာ၊ ဆရာတော်ကြီးများနှင့် မေးမြန်းလျှောက်ထားခြင်းဖြင့်လည်းကောင်း၊ အသိမှန်အောင် ကြိုးစားသင့်သည်။ သတိထားရမည်မှာ မိမိတို့ရှာဖွေနေသောတရားသည် ကိလေသာကင်းရေး၊ လောဘ၊ ဒေါသ၊ မောဟကင်းရေး၊ နိဗ္ဗာန်မျက်မှောက်ပြုရေး



ဖြစ်ခြင်းကြောင့် အစဉ်သဖြင့် သတိသမ္မဇဉ်ဖြင့် ထိန်းညှိသွားရန်ဖြစ်သည်။

'စျာန်'ဟူရာ၌လည်း အများနားလည်မှုမှာ မှိုးပျံ့ မြေလျှိုးသည့်စျာန်ကိုသာ ယူဆကြလေ့ရှိသည်။ စင်စစ် စျာန်ဟူသည် အာရုံပေါ်တွင်ကပ်၍ စူးစိုက်ခြင်းဟု လည်းကောင်း၊ လောင်ကျွမ်းခြင်းဟုလည်းကောင်း အနက်နှစ်မျိုးထွက်သည်။ စျာန်တွင် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်နှင့် စတုတ္ထစျာန်ဟူ၍ အဆင့်လေးဆင့်ရှိသည်။ သမထတွင် အဆင့်မြင့်ဆုံးဖြစ်သည့် စတုတ္ထစျာန်ရောက်မှသာ စျာန်ပျံခြင်း၊ မြေလျှိုးခြင်းဟူသော အဘိဉ်ဉာဏ်စျာန်များ ရနိုင်သည်။

အချုပ်မှတ်ရလျှင် သမထသည် ပညတ်အာရုံတစ်ခုခုအပေါ်တွင် ရှုမှတ်ပွားများခြင်းဖြစ်သည်။

ဝိပဿနာဟူရာ၌ကား ပညတ်ကိုခွာ၍ ပရမတ်ကိုရှုရခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် ပေါ်ရာပေါ်ရာအာရုံကို မလွတ်အောင် ဉာဏ်ပညာဖြင့် သဘောသိအောင် ရှုပွားခြင်းဖြစ်သည်။ သို့ဖြင့် သမထဖြင့် သမာဓိထူထောင်၍ ဝိပဿနာဖြင့် ပညာတိုးအောင် ကျင့်ကြံရမည်ဖြစ်သည်။

အချုပ်ဆိုရလျှင် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် တရားအလုပ်လုပ်ကြရာ၌ မည်သည်က သမထ၊ မည်သည်က ဝိပဿနာဟူသည်ကို ခွဲခွဲခြားခြားနားလည်ပြီး၊ ကိလေသာနည်းနိုင်သမျှနည်းအောင်၊ ပါးနိုင်သမျှပါးအောင် ကြိုးစားကျင့်ကြံစေချင်သည်။

ဤနေရာတွင် ဆရာအတင်မမှားဖို့ အထူးသတိပြုရမည်ဖြစ်သည်။ ဗုဒ္ဓဝင်တွင် အဇာတသတ်သည် ဒေဝဒတ်ကို ဆရာအတင်မှား၍ ဒုက္ခကြီးစွာရောက်ခဲ့ရသည်။ တရားခွေများများနာရန်နှင့် ဓမ္မစာပေ များများဖတ်ရှုရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စာကောင်းပေမွန် ဖတ်ရှုတတ်ရန်အတွက် ဦးစွာပထမ တွေ့သမျှ စာ၊ ရသမျှစာကို ဖတ်ရှုကြရမည်သာဖြစ်သည်။ နောက်မှသာ စာကိုရွေး၍ ရှာ၍ဖတ်နိုင်မည်။ မည်သည်က ဘဝအကျိုးပြုစာပေ၊ မည်သည်က အပျော်ဖတ်သည်ဟူသည်ကို ခွဲခြားနားလည်နိုင်မည်ဖြစ်သည်။ စာဖတ်များလေ ခွဲခြားနိုင်စွမ်းရှိလေဟု ဆိုနိုင်ပါသည်။ အလားတူပင် ဓမ္မစာပေများကို ဖတ်ရှု၊ တရားခွေများကို ကြားနာရာတွင်လည်း မည်သည်က ဒါန်းကထာ၊ သီလကထာ၊ သဂ္ဂကထာဟူသည်ကိုလည်းကောင်း၊ မည်သည်က မဂ္ဂကထာဟူသည်ကိုလည်းကောင်း ခွဲခြားနားယူနိုင်စွမ်း ရှိလာမည်ဖြစ်သည်။

ပါရမီအနုအရင့်အလိုက် အကြိုက်ချင်းမတူနိုင်၊ ချင့်ချိန်ရမည်မှာ ရောက်လိုသည့်ပန်းတိုင်နှင့် သွားနေသည့်ခရီး သဟဇာတဖြစ်ဖို့ပင်၊ အရေးကြီးသည်မှာ လမ်းကြောင်းမှန်ပြီဆိုသည်နှင့် ဇွဲမလျှော့စတမ်း ကျင့်ကြံပွားများသွားရန်ဖြစ်ကြောင်း နှိုးဆော်လိုက်ပါသည်။

ဗုဒ္ဓဘာသာဝင် တရားကျင့်သူအားလုံး အသိမှန်၍ အကျင့်မှန်စွာဖြင့် လိုရာခရီးပန်းတိုင် ရောက်ကြစေရန် ဆန္ဒပြုလျက်။

ဓမ္မမိတ်ဆွေတစ်ဦး

ဖေဖေ့ကို ကြင်နာချင်ခဲ့တာ...



'အမေ့'

မိန်းကလေးငယ်တစ်ယောက်ရဲ့အသံက ကုန်တိုက်တစ်ခုအတွင်းသို့ ပျံ့လွင့်လို့လာပါတယ်။ အသံလာရာဘက်ကို ကျွန်မလှည့်ကြည့်မိတယ်။ ကျွန်မလိုပဲ အမျိုးသမီးအတော်များများလည်းလှမ်းကြည့်ကြတယ်။ တကယ်တော့ ကျွန်မက ဒီကုန်တိုက်ကို တစ်ယောက်တည်း ဈေးဝယ်ထွက်ခဲ့တာပါ။ ပြီးတော့ ကျွန်မသမီးနှစ်ယောက်ကလည်း အခုကြားလိုက်ရတဲ့ အသံရှင်ကလေးငယ်ထက် အများကြီး အသက်အရွယ်ရနေပါပြီ။ ဒါပေမဲ့ ဒါက အကြောင်းမဟုတ်ပါဘူး။ 'အမေ'လို့ဆိုတဲ့အသံကို ကြားလိုက်ရတဲ့ ကျွန်မအဖို့ တစ်ခုခုအကူအညီပေးဖို့အတွက် အသင့်ဖြစ်နေပြီလေ။

'အမေ'ဆိုတဲ့ စကားစုလေးဟာ တစ်လောကလုံးက အမေတွေကို ကိုယ်စားပြုလို့ နေပါတယ်။

တစ်ည၊ ကျွန်မ အိပ်မောကျနေတုန်း ''အမေ–အမေ''ဆိုတဲ့ အသံ ကျွန်မနားစည်ထဲကို ထိုးဖောက်၍လာပါတယ်။ ဂျက်စီကာ တစ်ယောက် စောင်လွတ်ပြီး၊ ဝက်ဝံရုပ် ကလေးကလည်း ခုတင်အောက်ကျနေတယ်။ သူ့အခန်းထဲ ကျွန်မ ဘယ်လိုရောက်သွားတယ်မသိဘူး။ သူ့ဝက်ဝံအရုပ်လေးကို သူ့လက်ထဲထည့်ပေး၊ စောင်ကိုခြုံပေးပြီး ချော့ကာပြန်သိပ်ရတယ်။ သူပြန်အိပ်သွားတာနဲ့ ကျွန်မလည်း အိပ်မှန်စုံမွှားနဲ့ ကိုယ့်အိပ်ရာကိုပြန်သွားလိုက်ပါတယ်။ မီးဖွင့်စရာမလိုပါဘူး။ ကလေးအခန်းနဲ့ ကျွန်မအခန်းဆိုတာ မျက်စိမှိတ်ကူးလို့ရပါတယ်။

ကလေးကို နေ့ကလေးထိန်းကျောင်းပို့တုန်းကလည်း ကျွန်မ ကားပြန်ထွက်တော့ မယ့်အချိန်မှာ 'အမေ'လို့ အော်ခေါ်လိုက်တဲ့ သူ့အသံကြောင့် ကျွန်မ အသဲခိုက်အောင် နာကျင်ရပါတယ်။ ကလေးထိန်းကျောင်းက ဆရာမတွေဆိုတာကလည်း တကယ်တော့ တက္ကသိုလ်ကျောင်းထွက်ဘွဲ့ရတွေ၊ ကလေးတွေကို ဘယ်လိုကြင်နာရမယ်၊ ပြုစုစောင့်ရှောက်ရမယ်ဆိုတာ နားလည်ကျွမ်းကျင်သူတွေပါ။ ဒါပေမဲ့၊ ဒါပေမဲ့ပေါ့ရှင်၊ ကျွန်မလေ ကလေးကိုထားပြီး ထွက်သာလာရတယ် စိတ်ထဲမကောင်းဘူး။

ကျွန်မအလုပ်လုပ်တဲ့ ရုံးရောက်တော့ ကျောင်းကို ဖုန်းဆက်လိုက်တယ်။ ကလေးငိုသံတော့ ကြားရတော့မယ်ပေါ့။ 'အို– ရှင့်ကားလည်း မမြင်ရရော၊ ဂျက်စီကာ အငိုတိတ်သွားတယ်၊ ဒီမှာ အဆင်ပြေပါတယ်' လို့ ဆရာမတွေက ကျွန်မကိုနှစ်သိမ့်တယ်။

'အမေ'ဆိုတဲ့ ဝေါဟာရကို အဘိဓာန်မှာ ဘယ်လိုပဲအဓိပ္ပာယ်ဖွင့်ဖွင့်၊ သားဦးဖြစ်တဲ့ 'ဂျက်စီကာ'နဲ့ သူနောက် လေးနှစ်ခြားပြီးမွေးလာတဲ့ 'ဆာရာ'တို့ကနေ 'အမေ'လို့ ခေါ်လိုက်ရင် အဘိဓာန်က ဖွင့်ဆိုတဲ့ အဓိပ္ပာယ်ထက် အများကြီး ကျယ်ဝန်းနက်ရှိုင်းတယ်လို့ ကျွန်မမြင်ပါတယ်။

ဆာရာ လေးနှစ်လောက်အရွယ်တုန်းက 'အမေ'လို့ အော်ငိုလိုက်ရင် ကျွန်မသိလိုက်ပြီ။ ကလေးမ ကြယ်သီးပေါက်လွဲတပ်မိသလား၊ ဇစ်ဆွဲလို့မရ ဖြစ်နေသလားဆိုတာ။ အသက် ခုနစ်နှစ်လောက်ရှိနေပြီဖြစ်တဲ့ ဂျက်စီကာတစ်ယောက် 'အမေ'လို့ အပြစ်တင်သံစွက်တဲ့အသံ ထွက်လာရင်လည်း သူကျောင်းသွားခါနီး သူကြိုက်တဲ့ ခြေအိတ် ရှာမတွေ့လို့ဆိုတာ ကျွန်မ သိလိုက်တာပါပဲ။ ဂျက်စီကာ နည်းနည်းလေး



"အမေ"ဆိုတဲ့ ဝေါဟာရကို
အဘိဓာန်မှာ ဘယ်လိုပဲအဓိပ္ပာယ်ဖွင့်ဖွင့်၊
သားဦးဖြစ်တဲ့ "ဂျက်စီကာ"နဲ့
သူနောက် လေးနှစ်ခြားပြီး မွေးလာတဲ့
"ဆာရာ"တို့ကနေ "အမေ"လို့ ခေါ်လိုက်ရင်
အဘိဓာန်က ဖွင့်ဆိုတဲ့ အဓိပ္ပာယ်ထက်
အများကြီးကျယ်ဝန်းနက်ရှိုင်းတယ်လို့...

အရွယ်ရောက်လာတဲ့အခါမှာတော့ အချိုးပြင်လာတယ်။ ဥပမာ သူဂါဝန်လေးကို မီးပူတိုက်ပေးစေချင်ရင် – ''မေမေ သမီးဂါဝန်အဝါလေးကို မီးပူတိုက်ပေးပါနော်''လို့ အသံချိုချိုလေးနဲ့ တောင်းတောင်းပန်ပန် ပြောတာမျိုးပေါ့။

ဆာရာ အပျိုပေါက် ၁၃ နှစ်အရွယ်မှာ တစ်မနက် 'အမေ'လို့ အော်ခေါ်လိုက်တယ်။ သူ ကျောင်းနောက်ကျနေပြီလေ။ သူခေါ်လိုက်တဲ့ 'အမေ'ဆိုတာက သမီး ဒီအဝတ်အစားဟောင်းကြီး မဝတ်ချင်တော့ဘူး၊ သမီးကို အသစ်လဲပေးပါဆိုတဲ့သဘော ကျွန်မ နားလည်တာပေါ့။

ဂျက်စီကာ ကျောင်းကိုကားမောင်းသွားလို့ရတဲ့အရွယ် ရောက်လာပြန်တော့လည်း ကျွန်မဆီက ဘလောက်စ်အဆင်ကို ယူဝတ်ချင်လို့ 'အမေ'လို့ခေါ်လိုက်ရင် ကျွန်မက သိတတ်ရပြန်ရော။

ဒီလိုနဲ့ ဆာရာတစ်ယောက် ၁၇ နှစ် ရောက်တော့မယ်။ မနက်စောစော ကျွန်မ အခန်းတံခါးကို လာခေါက်တာ မရှိတော့ဘူး။ ဒါပေမဲ့ တစ်မနက် မခေါက်စဖူး၊ တံခါးလာခေါက်ပြီး 'အမေ'လို့ ငိုသံစွက်ပြီး ခေါ်လိုက်တဲ့အခါမှာတော့ ကလေးမ တစ်ခုခုပြဿနာရှိပြီလို့ ကျွန်မသိလိုက်ပြီ။

''သမီး– အမေ ဘာလုပ်ပေးရမလဲ''

ဆာရာက ခေါင်းညိတ်တယ်။ မျက်ရည်ကျပြီး ပြောတယ်။

''ငွန်က သမီးကို စိတ်ဆိုးနေတယ်၊ သမီးလည်း သူ့ကို ဘာမှမလုပ်ဘဲနဲ့၊ သမီးကို စကားမပြောဘူး''

ကျွန်မက သူမကို ဖက်ထားလိုက်တယ်။ တစ်ချူးဘူးလေးပေးပြီး မျက်ရည်ကို သုတ်ခိုင်းတယ်။ ပြီးတော့ သူမအတွက် လက်ဖက်ရည်ဖျော်ပေးပြီး အချိန်ခဏစောင့်ပေးလိုက်တယ်။ ကျွန်မစိတ်ထဲမှာ ကလေးကို ဒီလောက် ငိုကြီးချက်မဖြစ်အောင်လုပ်တဲ့ ငနဲသားကို တစ်ခုခုလုပ်ပစ်လိုက်ချင်တယ်။ ဒါပေမဲ့ တစ်ဖက်ကပြန်တွေးပြန်တော့ သူဘာသာသူ ခွန်အားရှိရှိနဲ့ ရင်ဆိုင်စေချင်တယ်။

''အမေ– သမီး ဘာလုပ်သင့်သလဲ''

သူမရဲ့ အားကိုးတကြီးနဲ့ တောင်းခံနေတာဟာ ကျွန်မအသဲကို အပ်နဲ့ဆွေသလိုပဲ။ ဒီအခါမှာ ဟိုစဉ်တုန်းက ကျွန်မ ဖြည့်စွမ်းပေးခဲ့သလိုမျိုး၊ ခြေအိတ်ရှာပေးတာမျိုး၊ မီးပူထိုးပေးတာမျိုး၊ ကျွန်မ ဘလောက်စ်အင်္ကျီကို ပေးဝတ်တာမျိုးလို မရိုးရှင်း၊ မလွယ်ကူဘူး။

ကျွန်မကိုယ်တိုင် အခက်ကြုံနေပြီ။ ကျွန်မဟာ အမေတစ်ယောက်အဖြစ် သမီးကို အကာအကွယ်ပေးရမယ်လို့ ခံစားရတယ်။ ကျွန်မ မိတ်ဆွေတွေကို တိုင်ပင်ကြည့်တယ်။ သူတို့က ကိုယ်ချင်းစာ နားလည်ပေးကြတယ်။ ကျွန်မ အစ်ကိုကို ဆွေးနွေးကြည့်တယ်။ သူလည်း ဖြေရှင်းပေးပါတယ်။ ဒါပေမဲ့ ကျွန်မအတွက် မလုံလောက်ခဲ့ပါဘူး။ ဒီထက်မက ကျွန်မမျှော်လင့်တယ်။

ဒီတော့ ကျွန်မ တစ်ခါတုန်းက ကတ္တသိုလ်တက်တုန်းကခေါ်လိုက်တဲ့ ဖုန်းနံပါတ်၊ အလာဘားမား(Alabama)မှာ နောက်တွဲယာဉ်ကနေခေါ်လိုက်တဲ့ဖုန်းနံပါတ်၊ ဂျာမနီတိုက်ခန်းမှာနေခဲ့တုန်းက ဆက်လိုက်တဲ့ ဖုန်းနံပါတ်၊ အမေရိကန်ပြည်ထောင်စု အနောက်အလယ်ပိုင်းဒေသတလျှောက် နေထိုင်ခဲ့တုန်းက ဆက်သွယ်ခဲ့တဲ့ ဖုန်းနံပါတ်၊ အဲဒီဖုန်းနံပါတ်ကို ခေါ်လိုက်မိပါတော့တယ်။

''ဟယ်လို''

အသံတိုးညင်းစွာ တုံ့ပြန်လာပါတယ်။ ဘယ်သူ့အသံရယ်လို့ ကွဲကွဲပြားပြားမသိနိုင်တဲ့ အသံမျိုး၊ ကျွန်မ မရေမရာဖြစ်သွားတယ်။ စိတ်မသက်မသာလည်းဖြစ်သွားပါတယ်။

''အမေလား''

ကျွန်မက မယုံမရဲနဲ့မေးတယ်။

''သမီးလား၊ သမီးအဆင်ပြေရဲ့လား''

ကျွန်မအမေရဲ့ စူးစမ်းသံပါ။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဒါဟာ ကျွန်မ အကြားချင်ဆုံး၊ အလိုချင်ဆုံး အသံပဲလေ။

မောင်သီဟ

R/D 1/1998/ Deborah shouse ၏ Mom's the One ကို ပြန်ဆိုပါသည်။



CITY CARTOON



(တစ်)

အမေဟု တမ်းတလိုက်လျှင် တံစက်မြိတ်ဆီမှ ဓနိဖက်များ တိုးလို့တွဲလောင်းကျနေပြီး၊ အိမ်အကာအရံတချို့ ပြုတ်ကျနေသည့် သစ်သားအိမ်ဟောင်းလေးတစ်လုံးကို သတိရမိစမြဲပင်ဖြစ်သည်။ အမေသည် အိမ်ကလေးတစ်လုံးဖြစ်ပြီး အိမ်ကလေးသည် အမေသာဖြစ်သည်။ ကြက်မကြီးတစ်ကောင်က သူ့ရင်သွေးလေးများကို အတောင်နဲ့အုပ်ကာ နွေးထွေးစေသလိုမျိုး အမေသည်လည်း ကျွန်တော်တို့မောင်နှမကို ထိုအိမ်ကလေးဖြင့် အုပ်မိုးကာ လောကဓံတရားတို့မှ ကာကွယ်ပေးခဲ့သည်။ အိမ်ကလေးအကြောင်းကို ပြောမည်ဆိုလျှင် အမေ့အကြောင်းကို အရင်ဆုံးပြောဖို့လိုပေလိမ့်မည်။

အမေသည် သူ့ရဲ့ ညီအစ်ကိုမောင်နှမတွေထဲတွင် အကြီးဆုံးသမီးဖြစ်ပြီး မိဘတွေရဲ့ အလိုလိုက်ခြင်းကို ခံခဲ့ရသူလည်းဖြစ်သည်။ အိမ်ထောင်ကျသည့်အခါတွင်လည်း သူထက် အသက် ၅ နှစ်ကျော်ကြီးသည့် အဖေနှင့် အိမ်ထောင်ကျခဲ့ပြန်သည်။ အဖေသည် အမေ့ကိုချစ်သည်။ ထို့ကြောင့် အမေ့တွင် အလုပ်တာဝန် ကြီးကြီးမားမား မရှိ။

မိခင်ကြီးတစ်ဦး
အိမ်ကလေးတစ်လုံးအကြောင်း



သို့သော် အမေသည် ကံမကောင်းသော အမျိုးသမီးဖြစ်သည်ဟု ပြောရမည်ပင်။ အိမ်ထောင်သက် ၁၀ နှစ်မပြည့်ခင်မှာပင် အဖေ ကွယ်လွန်သွားခဲ့သည်။ အဖေ ကွယ်လွန်ချိန်တွင် အမေ့အသက် ၂၈ နှစ်ပင် မပြည့်တတ်သေး။ လူလားမမြောက်သေးသည့်ကျွန်တော်တို့မောင်နှမနှစ်ယောက်အတွက် အမေ့ရင်အုပ်သည် လုံခြုံသည်ဟု မယုံကြည်ခဲ့လို့ပဲလား မသိ။ အဖေ မျက်ကွယ်ပြုပြီး တစ်လပြည့်သည်နှင့် အမေ့ရဲ့ မိဘတွေနှင့် ပြန်လည်ပေါင်းစည်းနေခဲ့သည်။

အဖေသည် မိသားစုတွေ အတူတကွ နေထိုင်ဖို့ ရည်ရွယ်ပြီး သစ်သားအိမ်လေးတစ်လုံးကို ဆောက်လုပ်ခဲ့သည်။ သူဖနီး၊ သူ့ သားသမီးတွေနဲ့ ပျော်ရွှင်စရာ အသိုက်အမြုံလေးတစ်ခု ဖန်တီးမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ထိုအိမ်ကလေးကို ဆောက်လုပ်ခဲ့ခြင်းပင်ဖြစ်မည်။ သို့သော် အိမ်ကလေးပေါ်တွင် အချိန်ကြာမြင့်စွာ အဖေ မနေခဲ့ရ။

အမေသည် သူမိဘတွေနှင့် ပြန်လည်ပေါင်းစည်းနေထိုင်ခဲ့သည့်အတွက် အိမ်ကလေးသည်လည်း နေထိုင်သူမဲ့ခဲ့သည်။ အဘိုးအဘွားတို့က ကျွန်တော်တို့ပိုင်သည့် အိမ်ကလေးကိုရောင်းချဖို့ အကြိမ်ကြိမ်နားချခဲ့သော်လည်း အမေနှင့် အစ်မက လက်မခံခဲ့။ ထိုကဲ့သို့ လက်မခံသည့်ကိစ္စကပင် အမေသည် အဖေဆောက်ခဲ့သော အိမ်ကလေးဆီ ပြန်လည်ပြောင်းရွှေ့ဖို့ အကြောင်းဖြစ်လာခဲ့သည်။

လက်ရှိမောင်နှမတွေနှင့် အဆင်မပြေမှုတွေ များလာသည့်အတွက် ကျွန်တော် ၁၂ နှစ်သားလောက်တွင် အဖေ့အိမ်ကလေးဆီသို့ ကျွန်တော်တို့မိသားစုပြန်လည်ပြောင်းရွှေ့ဖြစ်ခဲ့ကြသည်။

အိမ်အသစ်ကို ပြန်လည်ထူထောင်ကာစ အမေသည် ကျွန်တော်တို့သဘော်၏ မာလိန်မျှားဖြစ်သည်။ ပဲ့ကိုင်ကို အသေအချာထိန်းသည်။ မုဆိုးမရဲ့ သားသမီးတွေဆိုသည့် သိမ်ငယ်စိတ်ကို ပျောက်သွားအောင် ဖျောက်ပေးခဲ့သည်။ အမေ့ရဲ့ အကြီးကျယ်ဆုံးလုပ်ရပ်မှာ မမကို ဘွဲ့ရသည်အထိ ပြုစုပေးခဲ့ခြင်းနှင့် ကျွန်တော့်ကို ကျောင်းဆရာတစ်ယောက်ဖြစ်အောင် ပျိုးထောင်ပေးနိုင်ခဲ့ခြင်းပင်။

ရောဝတီမြစ်ဝကျွန်းပေါ်အရပ်မှာတည်ထားသည့် ကျွန်တော့်ဇာတိရွာကလေးသည် မြို့နှင့် အလှမ်းဝေးသည့်နေရာတစ်ခုဖြစ်ပြီး ဝေးလံသီခေါင်သော ဒေသလည်းဖြစ်သည်။ အများစုမှာ ဆင်းရဲနွမ်းပါးကြပြီး သမားရိုးကျ လုပ်ငန်းဖြစ်သည့် ကိုင်းလုပ်ငန်း၊ ပဲ၊ ပြောင်း၊ ဆေးရွက်ကြီး၊ ဂရုတ် စသည့်သီးနှံများကို စိုက်ပျိုးသည့်အလုပ်ကို လုပ်ကိုင်ကြသည်။ ကိုင်းကေအနည်းငယ်ဖြင့် ခင်ပွန်းသည်မရှိသော အမေသည် ကိုင်းအပြင် အပိုဝင်ငွေရရန်အတွက် မနက်ပိုင်းတွင် ကုန်စိမ်းရောင်းခြင်း၊ ညနေပိုင်းတွင် ရေနံဆီရောင်းခြင်းကို လုပ်ကိုင်သည်။ ထိုအချိန်က ရေနံဆီမီးခွက်များသာ အထွန်းများသဖြင့် အမေ့ရဲ့ ရေနံဆီ တစ်နိုင်တစ်ပိုင်ရောင်းချခြင်းသည် အဆင်ပြေခဲ့သည်။

အမေ စျေးရောင်းသည်နှင့်ပတ်သက်၍ ကျွန်တော့်ရဲ့အကျင့်မကောင်းမိပုံကို ပြန်ပြီး သတိရမိသည်။ အမေသည် မနက်ပိုင်းတွင် ကုန်စိမ်းရောင်း၊ ညနေပိုင်းတွင် ရေနံဆီ လှည့်လည်ရောင်းချခြင်းကိုပြုလုပ်ပြီး ညပိုင်းကျမှ ပိုက်ဆံရေတွက်သည့်အလုပ်ကို လုပ်လေ့ရှိသည်။ အမေရေတွက်ရသော ပိုက်ဆံသည် များများစားစားတော့မဟုတ်။ တစ်ရာတန်များ၊ ငါးဆယ်တန်၊ ငါးရာတန်၊

အမေသည် ကံမကောင်းသော အမျိုးသမီးဖြစ်သည်ဟု ပြောရမည်ပင်။ အိမ်ထောင်သက် ၁၀ နှစ်မပြည့်ခင်မှာပင် အဖေ ကွယ်လွန်သွားခဲ့သည်။ အဖေကွယ်လွန်ချိန်တွင် အမေ့အသက် ၂၈ နှစ်ပင် မပြည့်တတ်သေး။ လူလားမမြောက်သေးသည့် ကျွန်တော်တို့ မောင်နှမနှစ်ယောက်အတွက် အမေ့ရင်အုပ်သည် လုံခြုံသည်ဟု . .



အမေ ပင်ပန်းမှန်း
ကျွန်တော်သိသည်။
ကျွန်တော်တို့ စားစရိတ်၊
ကျွန်တော်တို့ ကျောင်းစရိတ်ကို
အမေတစ်ယောက်တည်းရှာနေခြင်းပင်။
အမေပင်ပန်းပါသည်။ သို့သော်
ကျွန်တော် မသိကျိုးကျွံပြုကာ
အမေ့ငွေအချို့ကို နှစ်ခါ သုံးခါ
ခိုးယူခဲ့ဖူးသည်။

တစ်ထောင်တန်များကို ရေတွက်ရခြင်းပင်။ အမေသည် စနစ်ကျသော အမျိုးသမီးဖြစ်သည့်အတွက် ပိုက်ဆံရေတွက်ရာတွင် တူရာတူရာများကို အရင်စုပြီးမှ ရေတွက်လေ့ရှိသည်။ ထောင်တန်တစ်ထပ်၊ ငါးရာတန်တစ်ထပ်၊ ရာတန်တစ်ထပ် စသည်ဖြင့် ထပ်ပြီးမှ ရေတွက်ခြင်းပင်။ ကျွန်တော်က အမေ့ကိုကူညီပြီး ပိုက်ဆံထပ်ခြင်း၊ ရေတွက်ခြင်းများ ပြုပေးလေ့ရှိသည်။

ကျွန်တော်မှတ်မိသလောက် ကျွန်တော်သည် မြစ်ကူးချောင်းကြားသို့ ကျောင်းတက်သွားရသော်လည်း မုန့်ဖိုးရလေ့မရှိ။ ထမင်းချိုင့်တစ်လုံးဖြင့်သာ ကျောင်းသွား၊ ကျောင်းပြန်တက်ရင်း ဆယ်တန်းအောင်ခဲ့ရသည်။ ထိုကဲ့သို့ မုန့်ဖိုးမရခြင်းမှာ အမေမပေးနိုင်မှန်းသိ၍ ကျွန်တော်က မတောင်းခဲ့ခြင်းပင်ဖြစ်သည်။ သို့သော် ကျွန်တော် အကျင့်မကောင်းခဲ့သည့်အခါများ ရှိသည်။

အမေ့ပိုက်ဆံများကို ကူညီရေတွက်ရင်း ပိုက်ဆံအကြွေများကို ခိုးယူခဲ့သည်။ ကျွန်တော်နှင့် အမေ မျက်နှာချင်းဆိုင်ထိုင်ပြီး ပိုက်ဆံရေတွက်လေ့ရှိသည်။ မီးခွက်ထွန်း၍ ရေတွက်ခြင်းဖြစ်သဖြင့် ကျွန်တော့်အပြုအမူများကို အမေသည် သိပေလိမ့်မည်။ ကျွန်တော် ခိုးပုံက အမေ့အလစ်တွင် ပိုက်ဆံအကြွေအချို့ကို ကျွန်တော့် ခြေသလုံးအောက်သို့ထိုးထည့်ပြီးထားခြင်းပင်။ ပိုက်ဆံရေတွက်ပြီးလို့ အမေထပြီး ပိုက်ဆံသိမ်းမှ ခိုးထားသောပိုက်ဆံကို ကောက်ယူခြင်းပင်။

ပိုက်ဆံရေတွက်သည်ဆိုသည့်အတွက် အထင်မကြီးစေလိုပါ။ ကုန်စိမ်းရောင်းခြင်းဖြစ်သည့်အတွက် ထိုခေတ် ထိုအချိန်က အမေ့ငွေရင်းသည် တစ်သောင်းဝန်းကျင်သာ ရှိစမြဲပင်။ ထိုအထဲမှ ဘယ်လောက်မြတ်သည်တော့ ကျွန်တော်မသိ။ ကျွန်တော်သိသည်မှာ ကျွန်တော့်မုန့်ဖိုးအဖြစ်ယူရန်ပင်။

ကျွန်တော် မသိ၍မဟုတ်။ အမေပင်ပန်းမှန်း ကျွန်တော်သိသည်။ ကျွန်တော်တို့ စားစရိတ်၊ ကျွန်တော်တို့ ကျောင်းစရိတ်ကို အမေတစ်ယောက်တည်းရှာနေခြင်းပင်။ အမေပင်ပန်းပါသည်။ သို့သော် ကျွန်တော် မသိကျိုးကျွံပြုကာ အမေ့ငွေအချို့ကို နှစ်ခါ သုံးခါ ခိုးယူခဲ့ဖူးသည်။

အခုနေပြန်စဉ်းစားမိတော့ ကျွန်တော် ခိုးတာကို အမေ မသိမဟုတ်။ အမေသိပေလိမ့်မည်။ သို့သော် အမေ မသိကျိုးကျွံပြုနေခဲ့ခြင်းပင် ဖြစ်လိမ့်မည်။

(နှစ်)

တိတ်တိတ်လေး ထွက်ခွာသွားသူ

အံ့ဆိုင်းညှို့မှိုင်းခြင်းမရှိဘဲ
ရုတ်တရက်ကြီး မိုးရွာချလိုက်သလို
ပြင်ဆင်ချိန်မရ
ဖာထေးချိန်မရ
ငါတို့ဘဝထဲ ဝင်ချလာခဲ့တယ်။

အိပ်မက်တွေကိုရေလောင်းတယ်
သံယောဇဉ်တွေကိုပေါင်းသင်တယ်
မေတ္တာတွေကို စိုက်ပျိုးတယ်။

ခွဲကျိနေတဲ့ တစ်မနက်ခင်းကြီး
ရုတ်တရက်အမှောင်တွေကျ
ငါတို့တွေအားလုံး မျက်ရည်စက်လက်နဲ့။

ဘယ်သူမှမသိလိုက်ဘူး
ရင်တန့်နေတဲ့ ငါတို့မျက်လုံးတွေ
နောက်ကွယ်ကနေ
သူ ဖြတ်ပျံသွားခဲ့တယ်။



ကျွန်တော် ဒုတိယနှစ်တွင် အမေ ဆုံးပါးခဲ့သည်။ အမေဆုံးပြီးနောက် ကျွန်တော်တို့ မောင်နှမနှစ်ယောက် အဖေ့မိဘ (အဖေ့ဘက်က အဘိုးအဘွား)တွေနှင့် နေခဲ့ကြရသည်။ အမေ့အိမ်လေးကို ပစ်ထားခဲ့ပြီး ကျွန်တော်တို့ ဘဝလမ်းကိုဆက်လျှောက်ရသည်။ အမေ့လက်ငုတ်လက်ရင်း ငွေကြေးလေးများဖြင့် ကျွန်တော်ပညာရေးကောလိပ်ပြီးအောင် ဆက်တက်ရသည်။ ကျွန်တော့်ကို ကျွန်တော့်မမက ဆက်ပြီးထောက်ပံ့သည်။ ကျွန်တော် အဝေးသင်ဘွဲ့တစ်ခုပါ ထပ်ပြီးရခဲ့သည်။

ကျောင်းပိတ်လို့ ရွာကိုပြန်လာတိုင်း အမေ့အိမ်ကလေးကိုသွားပြီး တရေးတမော အိပ်တတ်သည်။ အိပ်ပျော်နေစဉ် အမေ့အကြောင်းတွေ အိပ်မက်မက်တတ်သည်။

အမေ့အိမ်ကလေးသို့ရောက်တိုင်းအမေ့အငွေ့အသက်တွေပြန်လည်ရစမြဲပင်။ မနက်စောစော ''သားလေး''လို့ ခေါ်နှိုးတတ်သည့် အမေ့အသံတွေ ကြားရစမြဲပင်။ ထို့ကြောင့် အိမ်ကလေးကို ကျွန်တော် ချစ်သည်။

(၃)

မမ အိမ်ထောင်ကျစက အမေ့အိမ်ကလေးတွင် သူတို့ဇနီးမောင်နှံ အတူနေကြသည်။ အိမ်ကလေးကို အတော်အတန် ပြင်ဆင်ပြီး နေထိုင်ခဲ့ကြခြင်းပင်။

စီးပွားရေးအခြေအနေကြောင့် အမေ့အိမ်ကလေးမှာ မမတို့ဇနီးမောင်နှံ နှစ်အနည်းငယ်နေထိုင်ပြီး ထိုင်နိုင်ငံသို့ ထွက်သွားခဲ့ကြသည်။ ကျွန်တော်သည်လည်း ကျောင်းဆရာဖြစ်ပြီး တာဝန်ကျရာအရပ်သို့ သွားခဲ့ရသည်။ အမေ့အိမ်ကလေးသည် အထီးကျန်စွာ နေခဲ့ရသည်။

ကျွန်တော် ရာထူးတိုးဖြင့် ရွာကိုပြန်ရောက်ပြီး မကြာခင် မမတို့လည်း ထိုင်းမှ ပြန်လာခဲ့သည်။ အမေ့အိမ်ကလေးသည်လည်း အတော်လေးပင် ဟောင်းနွမ်းဆွေးမြည့်ခဲ့လေပြီ။

လူနေလို့မဖြစ်တော့သည့် အခြေအနေဖြစ်သဖြင့် ကျွန်တော်တို့ အမေ့အိမ်ကလေးကို ဖျက်လိုက်ရသည်။ ရင်ထဲမကောင်းပေမယ့် ဖြစ်ပျက်သဘာဝကို ကျွန်တော်တို့ မလွန်ဆန်နိုင်ကြ။အမေသည်လည်းကောင်း၊ အိမ်ကလေးသည်လည်းကောင်း အမေ့ဓာတ်ပုံလေးသည်လည်းကောင်း အချိန်ကာလ၏ တိုက်စားမှုဖြင့် မှေးမှိန်စပြုနေပေပြီ။

(၄)

လူတစ်ယောက်တွင် အိမ်ကလေးတစ်လုံးတော့ ရှိနေသင့်သည်။ ထိုအိမ်ကလေးတွင် အဖေ၊ အမေ အပြည့်အစုံနှင့် မိသားစုဘဝတစ်ခုဖြင့် ခမ်းခမ်းနားနား နေထိုင်နိုင်ခဲ့လျှင် သင်ပို၍ ကံကောင်းပါသည်။

ယံဇင်ထား



တက္ကသိုလ်ကို အကြာကြီးတက်ခဲ့တာလားတဲ့



ကျွန်တော်ဟာ အသက် ၅၁ နှစ်ကျမှ ဘွဲ့ရခဲ့ပြီး အစားထိုးကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

တစ်နေ့ ခုနစ်တန်းကျောင်းသားတစ်ယောက်က ကျွန်တော့်ရဲ့ စာသင်ခဲ့တဲ့သက်တမ်းကို မေးပါတယ်။

''တကယ်တော့ ဆရာက လူသစ်ပါ၊ မနေ့တစ်နေ့ကမှ ဆရာက ဘွဲ့ရခဲ့တာပါ''လို့ ကျွန်တော်က ပြောတော့-

သူက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး-

''ဆရာက တက္ကသိုလ်မှာ ဘယ်လောက်ကြာအောင် နေခဲ့တာလဲ''လို့ ဆက်မေးပါတယ်။

မောင်သီဟ



အိမ်နီးချင်းနိုင်ငံရဲ့ ခိုးယူမှုများပေရေး

ကိုဇော်

ထိုင်းနိုင်ငံသည် ဟိုရှေးယခင် အေဒီ ၁၉၂၂ ခုနှစ်တွင် ''ဆူခိုထိုင်း''နိုင်ငံတော် တည်ထောင်ပြီးကတည်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိလာသောကြောင့် တိုင်းသူပြည်သားများရဲ့ စားဝတ်နေရေးဖူလုံကာ စည်ပင်သာယာဝပြောခဲ့ကြပါတယ်။ ထိုစဉ်အခိုန်ကာလတုန်းက ဆင်၊ မြင်း၊ ရွှေ၊ ငွေ နှင့် အဖိုးတန်ကျောက်မျက်ရတနာများကို ရောင်းဝယ်ဖောက်ကားခဲ့ကြပါတယ်။ ပစ္စက္ခအခြေမှာ ဆင်ကို အရောင်းအဝယ်မပြုလုပ်ကြတော့ဘဲ ဆန်စပါး ကောက်ပဲသီးနှံသစ်သီးဝလံတွေကိုပဲ အဓိကစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချပေးနေပါတယ်။

ထိုင်းနိုင်ငံရဲ့ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုပမာဏမှာ မက်ထရစ်တန်ချိန် သန်းနှစ်ဆယ်ခန့် နှစ်စဉ်ထွက်ရှိနေပါတယ်။ ပြည်တွင်းစားသုံးမှုကို ဖူလုံစေတဲ့အပြင်၊ နိုင်ငံခြားမှ ဝင်ငွေရရှိစေရန် အများဆုံးအားထားခဲ့ရသည်မှာလည်း ဆန်စပါး ပြည်ပသို့တင်ပို့ရောင်းချခြင်းကြောင့်ဖြစ်သကဲ့သို့ ဆန်စပါး တင်ပို့ရောင်းချနေကြသော ကမ္ဘာထိပ်ဆုံးနိုင်ငံစာရင်းဝင် ဖြစ်နေပါတယ်။



ထိုင်းနိုင်ငံရဲ့ လူဦးရေ ၈၀ ရာခိုင်နှုန်းမှာ လယ်ယာလုပ်သားများဖြစ်ကြပြီး၊ စိုက်ပျိုးမြေအားလုံးရဲ့ ၎၆ ရာခိုင်နှုန်းကို စပါးစိုက်ပျိုးကြပါတယ်။ အခြားအရေးပါသော ကောက်ပဲသီးနှံစိုက်ပျိုးရေးမှာ ပီလောပီနံ၊ ကြံ၊ မြေပဲ၊ ဆေးရွက်ကြီး၊ ပဲပိစပ်၊ ပြောင်းဖူး၊ ကော်ဖီ၊ အုန်း၊ ဝါဂွမ်းနှင့် ရော်ဘာတို့ ဖြစ်ကြပါတယ်။ ထိုင်းနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော သစ်သီးဝလံများသည် နိုင်ငံတကာ စျေးကွက်ဝင်လူကြိုက်များလှသော သရက်၊ ဒူးရင်း၊ မာလကာ၊ နာနတ်၊ သင်္ဘောသီး၊ နဂါးမောက်သီး၊ ငှက်ပျောသီး၊ ထောပတ်သီး၊ မင်းဂွတ်သီး၊ ကြက်မောက်သီး၊ စပျစ်သီး၊ ပျားလိမ္မော်၊ ဆီးသီး၊ ပန်းသီး၊ သစ်တော်သီး၊ လိုင်ချီးသီးတို့အား ခေတ်မီစိုက်ပျိုးနည်းစနစ်များကြောင့် သစ်သီးဝလံများမှာ အရွယ်အစားပိုကြီးကာ ပိုပြီးအရသာရှိလှပါတယ်။ ထို့အပြင် ပန်းမန်များတွင်လည်း ရှားပါးလှသော သစ်ခွပန်းမျိုးတွေကို နိုင်ငံတွင်းမှာ စိုက်ပျိုးပြီး စီးပွားဖြစ်ထုပ်ပိုးကာ နိုင်ငံခြားသို့ တင်ပို့ရောင်းချနေပါတယ်။

ထိုင်းနိုင်ငံတွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်နှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို စနစ်တကျသုံးစွဲခြင်း၊ စိုက်ပျိုးရေး မြေဇာ တိုးချဲ့ခြင်းနှင့် တူးမြောင်း၊ ဆည်မြောင်းများကို တည်ဆောက်ကာ ထိရောက်စွာ အသုံးချခြင်းတို့ကြောင့် ဆန်စပါးကောက်ပဲသီးနှံ သစ်သီးဝလံ ထွက်ကုန်နှုန်းမှာ သုံးဆခန့် တိုးတက်လာစေခဲ့ပါတယ်။ ယခုအခါတွင် နောက်ဆုံးပေါ် ခေတ်မီနည်းပညာဖြစ်သော 'ဩဂဲနစ်' နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ကြိုးစားပြုပြင်ပြောင်းလဲစိုက်ပျိုးလုပ်ကိုင်နေကြပါတယ်။

ထိုင်းနိုင်ငံမှာ ၁၉၆၇ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သော ထိုင်းနာနတ်၊ သရက်၊ ပြောင်းဖူး၊ လိုင်ချီး၊ အုန်းနို့၊ မျှစ်နှင့် မှို စသည်တို့ကို စည်သွတ်ဘူး လုပ်ငန်းမှ စီးပွားဖြစ်ထုတ်ကုန်အဖြစ် နိုင်ငံခြားသို့ တင်ပို့ရောင်းချမှုမှာ ယခုအခါ တစ်နှစ်လျှင် စည်သွတ်ဘူးသေတ္တာပေါင်း သုံးသန်းခွဲမျှ နှစ်စဉ်တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။

ထိုင်းနိုင်ငံမှ အထည်ချုပ်စက်ရုံကြီးများက ချုပ်လုပ်ထားသော အဝတ်အထည်မျိုးစုံရဲ့ ထုတ်ကုန်တန်ဖိုးမှာ နှစ်စဉ် ဒေါ်လာသန်းပေါင်းတစ်သောင်းကျော်ဖိုးခန့် ကမ္ဘာနိုင်ငံများသို့ တင်ပို့ရောင်းချနေရပါတယ်။

ထိုင်းနိုင်ငံရဲ့ မွေးမြူရေးလုပ်ငန်းများထဲမှ ဘန်ကောက်မြို့၊ လုမ္ဘဏီပန်းခြံကြီး အနီး ဟင်နရီဒူးနန့်လမ်းတွင် 'ပက်စချာသိပ္ပံ' ဟု အမည်ပေးထားသော၊ ၁၉၂၃ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့တဲ့ မြွေမွေးမြူရေးခြံ ရှိပါတယ်။ ကမ္ဘာပေါ်ရှိ



မြွေမွေးမြူရေးဌာနများအနက် ဒုတိယ အကြီးဆုံးစခန်းဖြစ်ပြီး၊ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရန်၊ တွင်းကြီးသုံးတွင်းထဲတွင် မြွေဟောက်၊ မြွေပွေး၊ ငန်းတော်ကျား၊ ခလောက်မြွေနှင့် အခြားသော အဆိပ်ပြင်းတဲ့ မြွေမျိုးစုံမွေးမြူထားပါတယ်။ မြွေဆိပ်များကို နေ့စဉ်ထုတ်ယူကာ မြွေဆိပ်ဖြေဆေး ထုတ်လုပ်နေသော လုပ်ငန်းဖြစ်ပါတယ်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရဲ့ အရှေ့တောင်ဘက် ၃၀ ကီလိုမီတာအကွာတွင် ''ဆွာမွတ်ပရာကန်''ပြည်နယ်အတွင်း 'ပက်နမ်'ခေါ် မြစ်ဝကျွန်းပေါ်မြို့ကလေးအနီးတွင် တည်ရှိသော မိကျောင်းအကောင်ရေပေါင်း ၄ သောင်းကျော်ရှိတဲ့ မိကျောင်းမွေးမြူရေးကန်ကြီးရှိပါတယ်။ ၁၉၅၀ပြည့်နှစ်ကတည်းက စတင်တည်ထောင်ခဲ့တာဖြစ်ပြီး၊ မိချောင်း မျိုးမတုံးစေရန်၊ မိချောင်းအရေခွံထုတ်လုပ်ရန်နှင့် မိကျောင်းမျိုးဆက် ထိန်းသိမ်းစောင့်ရှောက်ထားရန် ရည်ရွယ်ဦးတည်ခဲ့ကြပါတယ်။



မိချောင်းသွေး၊ သည်းခြေနှင့် အဖို ထိုင်း ငါးဖမ်းလုပ်ငန်းသည်လည်း တစ်နှစ်မှာ ပင်လယ်ငါးမျိုးစုံ တန်ချိန် နှစ်သန်းခန့် ဖမ်းဆီးရမိသည့်အထဲမှ ပုစွန်၊ ဂဏာန်း၊ တူနာငါး၊ ကရူးပါးငါး၊ ငါးပါးနီ၊ ငါးလိပ်ကျောက်၊ ကမာကောင်၊ ရေဘဝဲ၊ ငါးမန်း၊ ပြည်ကြီးငါး(ကင်းမွန်)နှင့် ကျောက်ပုစွန်စသည်တို့မှာ နိုင်ငံအတွက် စီးပွားဖြစ် ဈေးကောင်းရသော ရေထွက်ပစ္စည်းများပင် ဖြစ်ပါတယ်။ အသားများကို စည်သွတ်ဘူးနှင့် ငါးသေတ္တာဘူးများထုတ်လုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ပါတယ်။

ထိုင်းနိုင်ငံရဲ့ သဘာဝသယံဇာတ အရင်းအမြစ်တွေထဲမှ သတ္တု ခဲမဖြူ၊ အဖြိုက်နက်နှင့် ဖလိုရိုက်တို့မှာ အများဆုံးထွက်ရှိပါတယ်။ အခြားသဘာဝသယံဇာတဖြစ်သော သံ၊ ကျောက်မီးသွေးနှင့် ရေနံတို့ကိုလည်း တိုးချဲ့ထုတ်လုပ်နေကြပါတယ်။

ဟိုရှေးယခင်ကတည်းက သစ်ပင်များကို အများအပြားခုတ်လှဲပြီး သစ်ထုတ်လုပ်မှု အကြီးအကျယ်လုပ်ဆောင်နေခဲ့တာကြောင့် နိုင်ငံအတွင်း သစ်တောများရှားပါးလာခဲ့ရပါတယ်။ ထို့ကြောင့် ထိုင်းဘုရင်မင်းမြတ်ကိုယ်တိုင် သစ်ပင်များခုတ်လှဲခြင်းမပြုရန် နိုင်ငံအတွင်းမှာ အမိန့်ထုတ်ပြန်ထားရပါတယ်။ သစ်တောထွက်ပစ္စည်းအချောထည် ပရိဘောဂများ၊ သုံးထပ်သားနှင့် အခြားအသုံးအဆောင် ကုန်ချောပစ္စည်းများပြုလုပ်ကာ နိုင်ငံခြားသို့ တင်ပို့ရောင်းချနေခြင်းကြောင့် ဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ စီးပွားရေးမှာ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများတွင် အလုပ်သမားများရဲ့ အလုပ်ကြိုးစားလုပ်ကိုင်မှု၊ လုပ်ငန်းရှင်များကလည်း စီးပွားရေးဈေးကွက် အမြင်ကျယ်လာမှုတွေကြောင့် ပိုမိုရှင်သန်ကြီးထွားလာပါတယ်။ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းတွင် တစ်နှစ်ပြီးတစ်နှစ် ပျမ်းမျှအားဖြင့် ကိုးဆယ်ရာခိုင်နှုန်းကျော် အထိ တိုးတက်အောင်မြင်လာခဲ့ပါတယ်။ ထို့အတူ ကုန်ချောပစ္စည်းများကိုလည်း နိုင်ငံခြားသို့ တင်ပို့ရောင်းချမှုပမာဏမှာ နိုင်ငံခြားပို့ကုန် စုစုပေါင်းရဲ့ ၅၄ ရာခိုင်နှုန်းကျော် အထိ ရှိလာခဲ့သလို၊ နိုင်ငံခြားသို့ ပို့ကုန်ဝင်ငွေ ရရှိရေးမှာ အရေးပါအရာရောက်ခဲ့သော အသေးစား၊ အလတ်စားလုပ်ငန်းများပင် ဖြစ်ပါတယ်။

ထိုအသေးစား၊ အလတ်စား လုပ်ငန်းများမှ ဟိုယခင်က လူသုံးကုန်ပစ္စည်းငယ်များကိုဦးစားပေးထုတ်လုပ်ခဲ့ကြသော်လည်း အထူးသဖြင့် အထည်အလိပ် ထုတ်လုပ်ခြင်းမှ ယခုနောက်ပိုင်းတွင် စက်မှုလုပ်ငန်းကြီးများ ထူထောင်ကာ ဆန်စက်၊ သစ်စက်၊

ထိုင်းနိုင်ငံရဲ့ စီးပွားရေးမှာ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများတွင် အလုပ်သမားများရဲ့ အလုပ်ကြိုးစားလုပ်ကိုင်မှု၊ လုပ်ငန်းရှင်များကလည်း စီးပွားရေးဈေးကွက် အမြင်ကျယ်လာမှုတွေကြောင့် ပိုမိုရှင်သန်ကြီးထွားလာပါတယ်။

အင်္ဂါတို့သည် ဆေးဘက်ဝင်သည်ဟု တချို့က ယူဆထားခဲ့ကြသကဲ့သို့ မိချောင်းအသားကို အစားအစာအသားကောင်းဟု အလေးထားကာ စားသုံးကြပါတယ်။ မိကျောင်းသားရေသည်လည်း အသုံးအဆောင်ပစ္စည်းအမျိုးမျိုး ပြုလုပ်နိုင်ရာ ကမ္ဘာမှာ အဖိုးတန်ပစ္စည်းဈေးကွက်ဝင်ခဲ့ပါတယ်။ မိကျောင်းတစ်ကောင်လုံး အသုံးဝင်သောကြောင့် မိချောင်းမွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ထုတ်လုပ်နေလျက်ရှိနေကြပါတယ်။

ထိုင်းနိုင်ငံရဲ့ အဓိကကျသော မွေးမြူရေးမှာ အရည်အသွေးမြင့် စံချိန်စံညွှန်းမီသော အသားစား ငွေး၊ ဝက်၊ ကြက်၊ ဘဲတို့ကို မွေးမြူထုတ်လုပ်ခြင်းပဲဖြစ်သကဲ့သို့

ဘီလပ်မြေစက်၊ စက္ကူစက်၊ ဖန်ချက်စက်၊ ဘီယာချက်စက်ရုံ၊ အရက်ပြန်စက်ရုံ၊ ဓာတုဗေဒပစ္စည်းစက်ရုံ၊ ပလတ်စတစ်ပစ္စည်းစက်ရုံ၊ စက်ကိရိယာနှင့် အပိုပစ္စည်းစက်ရုံ၊ အထူးသဖြင့် အီလက်ထရောနစ်ပစ္စည်းများနှင့် ကွန်ပျူတာအစိတ်အပိုင်းများ ထုတ်လုပ်သော စက်ရုံတို့ ပိုမိုများပြားတိုးတက်လာခဲ့ပါတယ်။

၁၉၈၇ ခုနှစ်မှာ ကမ္ဘာ့စီးပွားရေးအခြေအနေ ကျဆင်း၊ မကောင်းတဲ့အချိန်ကာလမှာပင် ထိုင်းနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ၆ ရာခိုင်နှုန်းရှိလာသည်နှင့်အညီ၊ နိုင်ငံခြားပို့ကုန်ပမာဏသည်လည်း နှစ်စဉ်ပျမ်းမျှ ၂၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။

ထိုင်းနိုင်ငံရဲ့ စီးပွားရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိပါတယ်။ နိုင်ငံအတွက် နိုင်ငံခြားငွေ ရှာဖွေပေးနေသော အဓိကပြည်ပပို့ကုန်များမှာ ဆန်၊ ရော်ဘာ၊ ဖိနပ်အမျိုးမျိုး၊ ရေထွက်ပစ္စည်း၊ ကြက်၊ ဘဲ၊ အဝတ်အစား၊ ကျောက်မျက်ရတနာနှင့် အီလက်ထရောနစ်၊ ကွန်ပျူတာအစိတ်အပိုင်းတို့ ဖြစ်ကြပါတယ်။

၁၉၈၈ ခုနှစ်အတွင်းက ပြည်ပပို့ကုန် ၃၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သလို၊ ပြည်တွင်း အသားတင်ထုတ်လုပ်မှုသည် ၁၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ယခုအခါ နိုင်ငံရဲ့ အမျိုးသားထုတ်လုပ်မှုတန်ဖိုး တစ်နှစ်တွင် ဒေါ်လာသန်းပေါင်း ၄၀၀၀၀ ခန့် ရှိပြီး၊ နိုင်ငံခြားသို့ တင်ပို့ကုန်တန်ဖိုးမှ ဒေါ်လာသန်းပေါင်း ၁၀၀၀၀ ခန့်ရှိပါတယ်။



လွန်ခဲ့သော ၁၉၅၅ ခုနှစ်တွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဆာရစ် လက်ထက်မှ နိုင်ငံရဲ့ စီးပွားရေးတိုးတက်စေရန်အတွက် စီမံကိန်းများ ချမှတ်ရေးဆွဲပြီး၊ နိုင်ငံအတွက် လိုအပ်ချက်ဖြစ်သော စက်ရုံ ၁၀၀ ကျော်ကို ထပ်မံတည်ထောင် ဆောက်လုပ်ဖွင့်လှစ်ခဲ့သည့်နေ့မှစ၍ တစ်နေ့တခြား စီးပွားရေးတိုးတက်အောင်မြင်လာခဲ့ပါတယ်။ ၁၉၅၅ ခုနှစ်၊ ဝန်ကြီးချုပ် ကရီယန်ဆတ်ချိုမာနန် လက်ထက်တွင်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်မှာ ဗိုလ်ချုပ်ကြီး ပရင်တင်ဆူလာနွန် လက်ထက်တွင်လည်းကောင်း ပိုမို၍ စီးပွားရေး တိုးတက်အောင်မြင်လာခဲ့ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကို စတင်ထူထောင်ရာတွင် ကုန်ထုတ်အရင်းအနှီးသည် အရေးကြီးဆုံးအခန်းကဏ္ဍမှ ပါဝင်ခဲ့တယ်။ ထို့အတွက် လိုအပ်သော အရင်းအနှီးရရှိစေရန် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော ထိုင်းနိုင်ငံအဖို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဥပဒေကို ၁၉၅၉ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ထပ်မံတိုးချဲ့ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ၎င်းဥပဒေရဲ့ ပြဋ္ဌာန်းချက်အရ ပြည်ပရင်းနှီးမြှုပ်နှံသူများကို မြေယာပိုင်ဆိုင်ခွင့်၊ ကျွမ်းကျင်ပညာရှင် ငှားရမ်းခွင့်၊ လိုအပ်သော စက်ကိရိယာများ တင်သွင်းခွင့်၊ အကောက်ခွန်လွတ်ငြိမ်းခွင့်၊ အမြတ်များ ရွှေ့ပြောင်းနိုင်ခွင့် စသည်တို့ကို ပေးထားသောကြောင့် ဂျပန်၊ အမေရိကန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယားနှင့် ဥရောပနိုင်ငံများက လာရောက်ရင်းနှီးမြှုပ်နှံခဲ့ကြပါတယ်။ ၁၉၈၅ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၄၈၈ သန်း ရှိခဲ့သော်လည်း ၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလမှ သြဂုတ်လအတွင်း နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၎၆၄ သန်းအထိ မြင့်တက်လာခဲ့ပါတယ်။ ထို့အတူ နိုင်ငံခြားကုမ္ပဏီကြီးများသည် ထိုင်းနိုင်ငံတွင် လာရောက် စီးပွားရေး ရင်းနှီးမြှုပ်နှံကာ ဖွင့်လှစ် လုပ်ကိုင်ဆောင်ရွက်ကြသဖြင့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအတွက်





ငင်းတို့ထံမှ စီးပွားရေးရဲ့ ထုတ်လုပ်မှုနည်း ပညာစနစ်နှင့် ကုန်သွယ်မှုဆိုင်ရာ နည်း ပညာများကို လေ့လာဆည်းပူးနိုင်သော အခွင့်အရေးကောင်းများ ရရှိနိုင်သည့်အပြင် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ကောင်းများကိုလည်း ရရှိနိုင်ခဲ့ပါတယ်။

ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဘုတ် အဖွဲ့ (Board of Investment BOI) မှာ ၁၉၉၁ ခုနှစ်ရဲ့ ပထမခြောက်လပတ်အထိ ဂျပန်ကုမ္ပဏီပေါင်း ၉၀၀ ကျော်သည် ငွေ ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခဲ့ပါတယ်။ ထိုင်းနိုင်ငံရဲ့ ရင်း နှီးမြှုပ်နှံမှု ဘုတ်အဖွဲ့မှ ခွင့်ပြုချက်ရရှိသော ကုမ္ပဏီများအနက် ၄၈ ရာခိုင်နှုန်းသည် ဂျပန်ကုမ္ပဏီများ ဖြစ်နေပါတယ်။ ထို့ကြောင့် ထိုင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံ မှာ ဂျပန်နိုင်ငံဖြစ်ပါတယ်။

၁၉၉၁ ခုနှစ်ရဲ့ ပထမခြောက်လပတ်အထိ ဂျပန်ကုမ္ပဏီပေါင်း ၉၀၀ ကျော်သည် ငွေရင်းနှီးမြှုပ်နှံကာ လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခဲ့ပါတယ်။ ထိုင်းနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့မှ ခွင့်ပြုချက်ရရှိသော ကုမ္ပဏီများအနက် ၄၈ ရာခိုင်နှုန်းသည် ဂျပန်ကုမ္ပဏီများ ဖြစ်နေပါတယ်။

၁၉၉၁ ခုနှစ်ကုန်ပိုင်းတွင် ထိုင်းနိုင်ငံ ရဲ့ပို့ကုန်ပမာဏမှာ (ဘတ်ငွေ ၇၀ ဘီလီယံ) အထိ တိုးတက်လာခဲ့ပါတယ်။ ထိုပို့ကုန်များ သည် ဂျပန်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုများမှ ထုတ် လုပ်လိုက်သော ပို့ကုန်များဖြစ်ပါတယ်။ ဂျပန်ကုမ္ပဏီများသည် ထိုင်းနိုင်ငံရဲ့ အသေး စားနှင့် အလတ်စားကုမ္ပဏီများကို ဖြတ် ကျော်ကာ ထုတ်လုပ်သော ပစ္စည်းမျိုးစုံလှ ပါတယ်။ မော်တော်ကားနှင့် မော်တော်ဆိုင် ကယ်မှစပြီး၊ စက်မှုလုပ်ငန်းနှင့် အိမ်သုံး လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရော နစ် ပစ္စည်းအမျိုးမျိုး၊ စက်ပစ္စည်း အစိတ် အပိုင်းများနှင့် အပိုပစ္စည်းများ ထုတ်လုပ် နေသကဲ့သို့ စားသောက်ကုန်ဖြစ်သော အရိုး ထုတ်ထားသည့် ကြက်ကြော်၊ ရေခဲစိမ် စည်သွတ်ထားသော ပင်လယ်ထွက်အစား အသောက်များ၊ သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်အမျိုးမျိုးတို့ကိုလည်း ထုတ်လုပ် တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။



ဂျပန်ကားကုမ္ပဏီကြီးများဖြစ်ကြသော TOYOTA ကုမ္ပဏီမှ ထိုင်းနိုင်ငံတွင် နောက် ဆုံးပေါ် ကားတပ်ဆင်နည်းပညာ (Assembly line Technology) ကို အသုံးပြု ထားသော စက်ရုံကြီးတည်ဆောက်ခဲ့ပြီး၊ ဆလွန်း၊ ပစ်ကပ်၊ ဟိုင်းလတ်၊ ဘတ်စ်ကား နှင့် ထရပ်ကားများကို တစ်နှစ်ကို အစီးရေ တစ်သိန်းပြည့်မီရန် ထုတ်လုပ်လျက်ရှိနေပါ တယ်။

HONDA ကုမ္ပဏီမှလည်း ဆလွန်း ကားများထက် ခရီးသည်တင်ကားများ ထုတ်လုပ်ရောင်းချရာတွင် ဒုတိယနေရာမှ လိုက်နေပါတယ်။

ISUZU ကားကုမ္ပဏီမှာ ပစ်ကပ်နှင့် ထရပ်ကားထုတ်လုပ်လျက်ရှိရာ ကုန်တင် ကားအမျိုးမျိုးစေးကွက်ရဲ့ လေးဆယ်ကျော် ရာခိုင်နှုန်းကို အမိအရယူထားနိုင်ခဲ့ပါတယ်။



MITSUBISHI ကားကုမ္ပဏီသည် ဘတ်ဂွေ ၁၄ ဘီလီယံ ရင်းနှီးမြှုပ်နှံကာ စက်ရုံကြီးတည်ဆောက်ပြီး ဆလွန်းနှင့် ထရပ်ကားများ ထုတ်လုပ်လျက် ရှိနေပါတယ်။

MAZDA ကုမ္ပဏီသည် ဘတ်ဂွေ ၁၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံထားသော စက်ရုံတည်ဆောက်ကာ ထရပ်ကားအငယ်စားများ ထုတ်လုပ်နေပါတယ်။

ထိုင်းနိုင်ငံတွင် ဂျပန်နိုင်ငံမှ မော်တော်ကားကုမ္ပဏီကြီးများသာမက ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများကိုလည်း ရင်းနှီးမြှုပ်နှံမှုများနှင့် ဘဏ္ဍာရေးနည်းပညာ လွှဲပြောင်းမှု၊ စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းများအား လေ့ကျင့်ပညာပေးမှု လုပ်ငန်းရပ်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

ထို့အပြင် မတ်ဆုရှိတာ လျှပ်စစ်စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (Matsuhsita Electric Industrial Co;ltd)၊ ဆိုနီကုမ္ပဏီလီမိတက်(Sony Co;ltd) နှင့် ရှတ်ကုမ္ပဏီ (Sharp Co.) စသည်တို့မှ လျှပ်စစ်ဆိုင်ရာ ပစ္စည်းများ၊ တီဗွီ၊ ဗွီစီဒီစက်များ၊ ရေခဲသေတ္တာ၊ မိုက်ခရိုဝေ့အိုဗင် စသည့် လူသုံးပစ္စည်းများ ထုတ်လုပ်လျက်ရှိသော ဂျပန်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီကြီးများလည်း ရှိပါတယ်။

ထိုင်းနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသော အဓိကလုပ်ငန်းတစ်ရပ်မှာ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းပင် ဖြစ်ပါတယ်။ အာရှနိုင်ငံများသာမက ဥရောပ အနောက်နိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည် အများအပြား ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ကြပါတယ်။ ထိုင်းနိုင်ငံအတွက် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းမှ နှစ်စဉ် ဒေါ်လာ သန်းပေါင်း ၁၂၀၀ ကျော် ရရှိနေပါတယ်။

ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာလှည့်ခရီးသည် များများလာကာ၊ ကြာကြာနေပြီး ဖောဖောသီသီ ငွေသုံးစေရန် နည်းမျိုးစုံဖြင့် ဆွဲဆောင်၍ နိုင်ငံခြားငွေ ရှာနေပါတယ်။

ထိုင်းနိုင်ငံရဲ့ မြို့ကြီးများတွင် နိုင်ငံခြားက ခရီးသွားဧည့်သည်များ တည်းခိုနိုင်သော နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများစွာ ရှိပါတယ်။ ထို့အတူ ဖိုက်စတားဟိုတယ်ကြီး အဆင့်မမီသော်လည်း သန့်ရှင်းသပ်ရပ်သော အဆင့်ရှိဟိုတယ်လေးများလည်း ရှိနေပါတယ်။ ယခုအချိန်တွင် တစ်နိုင်ငံလုံးမှာ ဖိုက်စတားအဆင့်ရှိဟိုတယ် အခန်းပေါင်း တစ်သိန်းကျော်ခန့် ရှိပါတယ်။

ထို့ဟိုတယ်ကြီးများမှာ အရှေ့တိုင်း၊ အနောက်တိုင်း ဟင်းလျာများစုံကို ချက်ပြုတ်နိုင်သော ကျွမ်းကျင်နာမည်ကြီးစာဖိုမှူးကြီးများကို ခန့်ထားပါတယ်။

ကာစီနိုများ၊ နိုက်ကလပ်များ၊ မလုံတလုံ ကကွက်ပြကွက်များ၊ ဒစ္စကိုကပွဲများ၊ အနှိပ်ခန်းများနှင့် ရေချိုးခန်းတို့သည် ကမ္ဘာလှည့် ပုရိသခရီးသည်များရဲ့ အိတ်ကပ်နှင့် ဘဏ်ငွေစာရင်းထဲမှ ငွေများကို မရရတဲ့နည်းနှင့် ချူယူနိုင်ခဲ့ပါတယ်။

ထိုကမ္ဘာလှည့်ခရီးသည်များသည် များသောအားဖြင့် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဒုန်မောင်းလေဆိပ်မှတစ်ဆင့် ဝင်ရောက်လည်ပတ်ကြရပါတယ်။ ထိုင်းနိုင်ငံသို့ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည်ပေါင်း ၆သန်းခန့် ဝင်ရောက်လည်ပတ်သောကြောင့် ထိုလုပ်ငန်းမှရရှိသော ဝင်ငွေဒေါ်လာသန်းပေါင်း ၁၅၀၀ ခန့် ရှိနေပါတယ်။

ထိုင်းနိုင်ငံသည် အာရှတိုက်တွင် စီးပွားရေးနှင့် စက်မှုလုပ်ငန်းများဖြင့် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ စင်ကာပူနိုင်ငံတို့နှင့်အတူ အာရှတိုက် စီးပွားရေးအင်အားကြီး နိုင်ငံအဖြစ် ထင်ရှားလျက်ရှိနေပါသည်။ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံအဆင့် ၂၇ မှာ ယနေ့တည်ရှိနေသော ထိုင်းနိုင်ငံဖြစ်ပါသည်။

ကိုဇော်

Ref: City by wikipedia.com
Economic Research Institute For ASEAN.(2015 Forum)
Sawasdee Magazine.





ပင်ကိုယ်ဂုဏ်

နေညိုချိန်များ

ချိုမြိန်သာစေ

ခင်ပွန်းသည်မှာ အဖေ့သား မပီသစွာ စီးပွားရှာရန်ဟုအကြောင်းပြကာ ကျွန်မနှင့် လသားကလေးကိုထားပစ်ခဲ့ပြီး ရှမ်းပြည်နယ်ဘက်သို့ ထွက်ခွာခဲ့သည်။ နောက်မကြာမီပင် သူနောက်အိမ်ထောင်ပြုပြီးကြောင်း . . .

ဘဝတစ်ခု၏သက်တမ်းအား သုံးပိုင်းခြားသော ပထမအရွယ်၊ ဒုတိယအရွယ်နှင့် တတိယအရွယ်ဟု သတ်မှတ်မှုပြုထားသည့် ကာလများတွင် ပထမအရွယ်၌ အမိအဖတို့၏ ပြုစုစောင့်ရှောက်မှုဖြင့်လည်းကောင်း၊ ဒုတိယအရွယ်တွင် မိသားစု၏ပြုစုစောင့်ရှောက်မှုဖြင့်လည်းကောင်း ဘဝကိုရှင်သန်နိုင်ကြသော်လည်း တတိယအရွယ်အတွက် စောင့်ရှောက်နိုင်မှုမှာ မိမိမှတစ်ပါး အခြားသူမရှိနိုင်ပါ။ မိမိကိုယ်တိုင်သာအားကိုးရာအဖြစ် သတ္တိမွေးရတော့မည်ဖြစ်သည်။ မရဏနိုင်ငံသို့ သွားနေသည့်ခြေလှမ်းများသည် ဇရာနှင့်ဗျာဓိကြောင့် အင်အားချည့်နဲ့ကုန်၏။ ထိုအချိန်ကို နေညိုချိန်ဟုတင်စားသတ်မှတ်ပါလျှင် နေညိုချိန်၌ ချို့ငြိန်နွေးထွေးသောဘဝများအဖြစ် ဖြတ်သန်းနိုင်ရန် ကျွန်မနှင့် ကျွန်မယောကျ္ဍမတို့၏ ပရဟိတလုပ်ငန်းငယ်ကလေးတစ်ခုကို ဝမ်းမြောက်ဝမ်းသာခံစားနိုင်ပါရန် ရေးဖွဲ့တင်ပြလိုပါသည်။

ကျွန်မယောကျ္ဍမနာမည်က ဦးသာထူး၊ ကုန်သွယ်လယ်ယာဌာနမှ အငြိမ်းစားဝန်ထမ်းဖြစ်၏။ ကျွန်မအား ဖခင်နှင့်မခြားသော မေတ္တာကိုပေးသူအဖြစ်လည်းကောင်း၊ အတုယူစရာ အလေ့အကျင့်ကောင်းများစွာဖြင့် ဘဝကိုရှင်သန်နေထိုင်တတ်သူအဖြစ်လည်းကောင်း လေးစားချစ်ခင်ခဲ့ရပါသည်။ များစွာသော ယောကျ္ဍမနှင့် ခွေးမတို့၏ ပေါင်းသင်းဆက်ဆံရေးသည် အဆင်မပြေကြပါ။ သို့သော် ကျွန်မနှင့် ကျွန်မယောကျ္ဍမတို့၏ဆက်ဆံရေးသည် မိဘနှင့်သားသမီးဆက်ဆံရေးမျိုး ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မ၏မိဘများသည် ကွယ်လွန်ခဲ့ပြီးဖြစ်၍ မိဘနေရာတွင် ယောကျ္ဍမများအား အစားထိုးအားကိုး ချစ်ခင်ခဲ့ရသောကြောင့် ဖြစ်ပါသည်။ ယောကျ္ဍမများဘက်ကလည်း ကျွန်မသည် တစ်ဦးတည်းသောသား၏ ဇနီးဖြစ်နေသောကြောင့်ဖြစ်ပါသည်။ ကျွန်မနှင့်ယောကျ္ဍမနှစ်ဦးတို့၏ ရင်းနှီးချစ်ခင်မှုအကြားတွင် ကျွန်မ၏ခင်ပွန်းသည် တစ်ခါတစ်ရံ၌ ကွယ်ပျောက်နေတတ်၏။

မိဘမေတ္တာအစား ယောကျ္ဍမများ၏ မေတ္တာရိပ်အောက်၌ ကျွန်မအေးချမ်းစွာနေထိုင်စဉ် ယောကျ္ဍမမိန်းမဖြစ်သူသည် ဦးနှောက်သွေးကြောပေါက်ကာ ရုတ်တရက်ဆုံးပါးကွယ်လွန်ခဲ့ပါသည်။ ယောကျ္ဍမနှစ်ဦး၏ အိမ်ထောင်သက် နှစ်လေးဆယ်ကျော်သံယောဇဉ်တရားများကို အတူနေရင်း မြင်ခဲ့ရ၍ အားကျမိခဲ့ပါသည်။ ကျွန်မနှင့် မိသားစုအပေါ်သိတတ်မှု၊ ဂရုစိုက်မှု၊ အနစ်နာခံများကိုတွေ့ရ၍ ကျွန်မယောကျ္ဍမအား ဖခင်ကိုခေါ်သကဲ့သို့ 'အဖေ'ဟု ခေါ်ခဲ့ပါသည်။ Lady First စကားလုံးကိုအဖေသိ



၍မဟုတ်ပါ။ မိန်းမသားများအား ညှာတာတတ်သော ယောကျ်ားကောင်းတို့၏ စိတ်ဓာတ်ရှိသူအဖေသည် အိမ်ထောင်ဦးစီးတာဝန်ကို ပြည့်စုံစွာကျေပွန်ခဲ့သူဖြစ်ပါသည်။ ဇနီးမယားကိုချစ်တတ်သော၊ မိသားစုကို ခင်တွယ်တတ်သော၊ အရာရာကို နားလည်နိုင်မှုများဖြင့် သိတတ်လွန်းသောအဖေ၏သား ကျွန်မခင်ပွန်းသည် အဖေ့စိတ်နှင့် ဆန့်ကျင်စွာဖြင့် မိသားစုကိုမခင်တွယ်၊ အနစ်နာခံစိတ်မရှိသော တစ်ကိုယ်ကောင်းသမားဖြစ်ခဲ့၏။ ထိုခင်ပွန်းသည်မှာ အဖေ့သား မပီသစွာ စီးပွားရှာရန်ဟုအကြောင်းပြကာ ကျွန်မနှင့် လသားကလေးကိုထားပစ်ခဲ့ပြီး ရှမ်းပြည်နယ်ဘက်သို့ ထွက်ခွာခဲ့သည်။ နောက်မကြာမီပင် သူနောက်အိမ်ထောင်ပြုပြီးကြောင်းစာကို လက်ခံရရှိခဲ့ပါတော့သည်။

'ခွေးသား . . . ခွေးထက်မိုက်တဲ့သား'

ကျွန်မထက် ပို၍ယူကျုံးမရခံစားနေရသော အဖေ့ကိုကြည့်ပြီး အားနာသနားလှပါသည်။ သာယာအေးချမ်းသော ဘဝလေထဲတွင် လောင်မြိုက်လာသော မီးလျှံများကို အဖေသည် မေတ္တာရေအေးဖြင့် ငြိမ်းအေးနိုင်ခဲ့ပါသည်။ ခင်ပွန်း၏စွန့်ပစ်ခြင်းခံရပြီး နောက် ယောကျ္ဍမလုပ်သူနှင့်အတူ ဆက်၍နေထိုင်ရန်မသင့်လျော်သောကြောင့် သားငယ်ကိုပိုက်ကာ ဇာတိသို့ပြန်ရန်ပြင်နေသော ကျွန်မကို ယောကျ္ဍမဖြစ်သူက နားလည်စာနာစွာပြောလာသည်။

'သမီး . . . ပြန်သွားပြီး ဘယ်သူနဲ့နေမလဲ၊ ဒီကလေးတစ်ယောက်နဲ့ ဘာလုပ်စားမလဲ'

ကျွန်မ၏အဖြေတို့သည် စကားအဖြစ် တုံ့ပြန်မလာဘဲ ဝမ်းနည်းကြေကွဲစိတ်ဖြင့် ငိုရုံမှလွဲ၍ ဘာမှမလုပ်တတ်ခဲ့ပါ။ အမြော်အမြင့်ကြီး၍ မေတ္တာစိတ်ပြည့်ဝသောအဖေသည် ကျွန်မနှင့် သူ၏နေထိုင်ရေးအတွက် အစီအစဉ်တစ်ခု ပြုလုပ်ခဲ့ပေးခဲ့ပါသည်။ နှစ်ပိုင်းတွင် ရုံးအလုပ်လုပ်၍ ညဘက်တွင် ကျွန်မတို့အိမ်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသော ဂိုဒေါင်တစ်ခုတွင် ညစောင့်အလုပ်ကို အဖေက တောင်းပန်အသနားခံကာ လုပ်ကိုင်ခဲ့ပါသည်။ ခွေးမနှင့်ယောကျ္ဍမဆိုသော စည်းကို အဖေက ပြည့်စုံစွာကာကွယ်ခြင်း ထားပေးခဲ့ပါသည်။ ရုံးမှပြန်လာပြီး ခဏအမောဖြေကာ ညနေခြောက်နာရီမတိုင်မီ ညစောင့်

တာဝန်ရှိရာသို့သွားခဲ့ရ၏။ ကျွန်မတို့သားအမိ လုံခြုံရေးအတွက် တံခါးများကို သေချာစွာပိတ်စေပြီးမှ အဖေအလုပ်သွားလေ့ရှိပါသည်။ သားဖြစ်သူ၏ တာဝန်မဲ့မှု၊ သစ္စာမရှိမှုတို့အပေါ် အဖေခမျာ တာဝန်ယူပေးနေရသည်ဟုမခံစားရတဲ့ ကျွန်မအား သမီးတစ်ယောက်ကဲ့သို့ စောင့်ရှောက်ကာ လသားအရွယ်မြေးငယ်အား ချို့ငဲ့ဆင်းရဲခြင်းမဖြစ်စေရန် အဖေစွမ်းဆောင်နိုင်ခဲ့ပါသည်။

ရက်မှလ၊ လမှနှစ်များစွာအထိ နေ့အလုပ်ညအလုပ်များဖြင့် အားလပ်မှုမရှိသောအဖေသည် မြေးငယ်အတွက်ကျောက်တံခွန်ပေးခြင်း၊ ခဲတံခွန်ပေးခြင်း၊ စာအုပ်အဝိုးဝိုးပေးခြင်းနှင့် ခြံထဲတွင် စားပင်သီးပင်များကိုစိုက်ကာ အချိန်အားမထားခဲ့သူဖြစ်ပါသည်။ သူ၏အဝတ်အစားများကို ကိုယ်တိုင်လျှော်ဖွတ်တတ်သည်။ အဖြူရောင် ရှပ်အင်္ကျီကိုသာ အမြဲတတ်ဆင်တတ်သောအဖေသည် အင်္ကျီအဖြူရောင်ကဲ့သို့ သူ့စိတ်ကိုလည်း ဖြူအောင်ထားတတ်သူဖြစ်ပါသည်။ ခင်ပွန်း၏စွန့်ပစ်ခြင်းနှင့် နေသားကျလာသောကျွန်မသည် လွမ်းစိတ်နှင့်မျှော်လင့်ချက်များကို ဖြေဖျောက်နိုင်ရန် သားငယ်အပေါ်စိတ်နှစ်၍ အဖေစီစဉ်ပေးသော အိမ်ဆိုင်လေးဖြင့် စိတ်ရောလူပါ မအားလပ်စေရန် ကြိုးစားခဲ့ပါသည်။ အဖေနှင့် ကျွန်မတို့သားအမိနှစ်ယောက်၏ သံယောဇဉ်သည်လည်း ပိုမိုကျစ်လစ် သိပ်သည်းခိုင်မာခဲ့ပါသည်။ အနီးနားပတ်ဝန်းကျင်မှလွဲ၍ သွေးသားတော်စပ်မှုကို မသိသူများက သားအဖအရင်းဟုထင်ကာ ကျွန်မနှင့်လက်ထပ်လိုကြောင်း ပြောလာသူများကို အဖေကငြင်းပယ်မထုတ်ဘဲ ပညာရှိစွာဖြင့် ကျွန်မအားအသိပေးပြောပြကာ ရွေးချယ်စေပါသည်။ တဏှာနှင့်ယှဉ်သော သံယောဇဉ်အပူမီးကို ကျွန်မကြောက်လန့်လျက်ရှိ၍ ငြင်းဆန်သည့်အခါတိုင်း အဖေကဖခင်အရင်းပမာ အခွင့်အရေးအပြည့်အဝပေးခဲ့ပါသည်။

'အဖေ့ကိုအားမနာနဲ့နော်သမီး၊ သမီးဘာသာဆုံးဖြတ်'

သူတစ်ပါးအား ချစ်ခြင်းသည် စိုးရိမ်ပူပန်ခြင်းနှင့် ရစပတ်နောင်ဖွဲ့ခြင်းကိုဖြစ်စေကြောင်း ကျွန်မကောင်းစွာသိခဲ့ပြီးဖြစ်၍ အဖေ့အားပြောပြခဲ့ပါသည်။

ကျွန်မအတွက် ငဲ့ကွက်တတ်သော အဖေသည်
သူသားဖြစ်သူက ကျွန်မကို စွန့်ခွာသွားသည့်အချိန်မှစ၍
အိမ်တွင်မအိပ်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ့်နှစ်နှစ် ရှိခဲ့ပါသည်။
အသက်ခုနစ်ဆယ်ကျော်လာသော်လည်း
မျက်စိအနည်းငယ်မှုန်လာခြင်းမှလွဲ၍ . . .

ကျွန်မအတွက် ငဲ့ကွက်တတ်သော အဖေသည် သူသားဖြစ်သူက ကျွန်မကို စွန့်ခွာသွားသည့်အချိန်မှစ၍ အိမ်တွင်မအိပ်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ့်နှစ်နှစ် ရှိခဲ့ပါသည်။ အသက်ခုနစ်ဆယ်ကျော်လာသော်လည်း မျက်စိအနည်းငယ်မှုန်လာခြင်းမှလွဲ၍ ကျန်းမာရေးကောင်းသောအဖေသည် ညစောင့်အလုပ်ကိုဆက်လက်လုပ်ကိုင်လိုသော်လည်း မည်သည့်နေရာကမျှ လက်သင့်မခံသောကြောင့် စိတ်လျှော့၍ အိမ်တွင် နားခဲ့၏။ အရွယ်ရောက်နေပြီဖြစ်သော ကျွန်မ၏ သားကြီးက–

'ဘာ...သားနဲ့ အိမ်မှာအိပ်ဖူးတယ်ရှိအောင် နားလိုက်ပါ . . .'ဟုဆိုသောအခါ အဖေပြုံးနေတတ်၏။

အဖေသည် ညစောင့်အလုပ်မရှိချိန်မှစကာ နေ့အချိန်တွင် လုပ်ရသောအလုပ်များကို ပိုမိုလုပ်ကိုင်ခဲ့ပါသည်။ ကျွန်မစျေးမှ



ပြန်လာလျှင် ပါလာသောပစ္စည်းများကို ခြံဝမှကြိုယူကာ ဆိုင်အတွက်၊ အိမ်အတွက် ခွဲခြားစီစစ်ပေးတတ်၏။ ဟင်းချက်စရာအသီးအရွက်များကိုလည်း ကူသင်ပေးတတ်ပြီး ကြက်သွန်နွာ၊ ရေတ်သီးထောင်းမှစ၍ ကူညီပေးတတ်သူဖြစ်ပါသည်။ ဘာစားချင်သည်၊ ဘာလုပ်ချင်သည်ဟူ၍ တောင်းဆိုမှုမျိုး မလုပ်တတ်သော အဖေ၏စိတ်သည် လောဘတရားကို ပယ်သတ်ထားပုံရ၏။ ကျွန်မနှင့်ရော ပတ်ဝန်းကျင်နှင့်ပါ လိုက်လျောညီထွေနေတတ်သောကြောင့် အားလုံး၏ ချစ်ခင်လေးစားမှုကိုရခဲ့၏။ သူ၏တတိယအရွယ်သည် အနေအထိုင်၊အပြောအဆိုတတ်သောကြောင့် ဘဝနေဝင်ချိန်သည် ချိုမြိန်နှစ်လိုဖွယ်ရာရှိခဲ့သလို ကျွန်မ၏ဖခင်အလား သံယောဇဉ်များ ပို၍ခိုင်မြဲလာပါသည်။

ကျွန်မတို့ ခေါင်းရင်းအိမ်မှ ဘဘ ဦးပေါက်တူးသည် အဖေ့ထက်အသက် လေးငါးနှစ်ပိုကြီး၏။ လိမ္မာသောသားရှိသည့်အတွက် စားရေးနေရေး ပူပန်စရာမရှိပါ။ သို့သော် အစားအသောက်ဇီဇာကြောင်တတ်၍ ဟင်းကို ငါးခူ၊ ငါးကျည်းနှင့်သာစားတတ်၏။ ဘဘသည် အဖေ့ထက်အရပ်ပိုရှည်သောကြောင့် ခါးသည်ပို၍ကိုင်းနေတတ်၏။ ခါးကုန်းမည်စိုး၍ လမ်းလျှောက်လျှင် ရင်ဘတ်ကိုကော့၍လျှောက်တတ်သောကြောင့် လမ်းလျှောက်သည့်အခါ ကော့ကုန်းကြီးဖြစ်နေတတ်၏။ ဆီးသီးခန့်ရှိသော ပုတီးလုံးများကို တဖျောက်ဖျောက်အသံမြည်အောင် စိတ်တတ်၏။ ရေချိုးရမှာ ကြောက်သူဖြစ်၍ တစ်ကိုယ်ရည်သန့်ရှင်းမှုနည်း၏။ သို့သော် ကျန်းမာကာ အသက်ရှည်၏။ အဖေကဲ့သို့ပင် ဘဘသည်လည်း ခေါင်းရိတ်ခြင်းနှင့် ခြေသည်းလက်သည်း ညှပ်ပေးရခြင်းကို ကျွန်မကို တစ်ပတ်တစ်ခါခိုင်းတတ်ပါသည်။

အသက်အရွယ်အရ ဇရာနှင့်ဗျာဓိကို ဤအဘိုးအိုသုံးဦးအား ကြည့်လိုက်ရုံနှင့် သိသာနေ၏။ ခန္ဓာဝန်ကို တောင့်တင်းစွာထမ်းနိုင်ရန် အင်အားတို့သည် ချို့ငဲ့လာ၏။ အထီးကျန်၍ အားငယ်သောစိတ်တို့က ခွန်အားကို ယုတ်လျော့စေခဲ့ပြီး . . .

ဘဘပို(ခေါ်)ဦးပိုသည် အခြားမြို့မှ ကျွန်မတို့မြို့သို့ ပြောင်းလာသူဖြစ်ပါသည်။ သူ၏သားသည် ဌာနတစ်ခုမှမန်နေဂျာ တစ်ဦးဖြစ်ပြီး ချွေးမသည်လည်း အစိုးရဝန်ထမ်းဖြစ်၏။ ဘုရားသွားရင်း ဘုန်းကြီးကျောင်းသွားရင်း မျက်မှန်းတန်းမိကာ အဖေနှင့်ဘဘဦးပေါက်တူးတို့အား သိကျွမ်းခင်မင်လာခဲ့ခြင်းဖြစ်ပါသည်။ သားနှင့်ချွေးမဖြစ်သူတို့ အလုပ်သွားလျှင် အိမ်တံခါး သော့ပိတ်ကာ ဘဘပိုတစ်ယောက် ကျွန်မတို့အိမ်သို့ရောက်နေတတ်၏။ ကျွန်မနှင့်အဖေထမင်းစားလျှင် အရိုးနှင့် မာသောအသားဟင်းများကို ဖယ်ရှားချေမွကာ အဖေ့ထမင်းပန်းကန်အနားပတ်လည်ပေါ်တွင် အသင့်စားစေရန် စီစဉ်ပြုလုပ်ပေးထားသည်ကို ကြည့်၍ ပြီးပြီးလေးပြောပါသည်။

အိမ်ကချွေးမက အလုပ်တစ်ဖက်နဲ့ဆိုတော့ စားပွဲပေါ်မှာ စားစရာတွေ အဆင်သင့်တင်ပြီး သူကရုံးသွားရတယ်။ စားရတာ အေးစက်ပြီး အဆင်မပြေလှဘူးပေါ့ဗျာ' ဟု ညည်းတတ်၏။

'ခင်ဗျားတို့သားအဖကိုအားကျတယ်ဗျာ'ဟု နှုတ်မှဖွင့်ဟချီးကျူး၏။

ဘဘပိုအား သနားမိသော်လည်း မည်သို့ ကူညီရမည်မှန်းမသိခဲ့ပါ။ ကျွန်မနှင့် သဘောထားတူသည့်အဖေကလည်း ဘဘပိုကိုသနားလျက်ရှိ၏။ အဖေနှင့်ဘဘဦးပေါက်တူးသည် ခေါင်းရိတ်၍ ခြေသည်းလက်သည်းများ ညှပ်ခိုင်းတတ်၏။ သူအိမ်ထက်ကျွန်မတို့အိမ်တွင် အနေများခဲ့ပါသည်။

'ကျုပ်တို့သုံးယောက်စလုံးက ချွေးမတွေနဲ့နေရတာဆိုတော့ ချွေးမအလိမ္မာမယ်ဘဒွါအကြောင်း ပြောကြရအောင်'

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက အနာထပိဏ်သူဌေးကြီး၏ သမီးအလတ်ဖြစ်သူ စူဠသုဘဒွါသည် ယောကျ်မများ၏အချစ်တော်ဖြစ်ခဲ့ပါသည်။ ယောကျ်မများ၏ မိစ္ဆာဒိဋ္ဌိအယူကိုပယ်စေ၍ မြတ်စွာဘုရားရှင်အား ကြည်ညိုသဒ္ဓါပွားများလာအောင် စွမ်းဆောင်နိုင်သူဖြစ်ခဲ့ပါသည်။ 'မယ်ဘဒွါ'ဟု ကျီစယ်ခေါ်ဝေါ်ခြင်းကို ကျွန်မကျေနပ်ကြည်နူးခြင်းရှိပါ၏။ သို့သော် ထိုအဘိုးအိုသုံးဦးအတွက် ကျွန်မတွင် ထိရောက်သောလုပ်ဆောင်ချက်မရှိခဲ့ပါ။ ခေါင်းရိတ်၍ ခြေသည်းလက်သည်း ညှပ်ပေးရုံသာ ရှိပါသည်။ သို့သော် ထို့ထက်ပိုလွန်းသော တာဝန်များယူဖြစ်နိုင်ရန် အကြောင်းတစ်ရပ်ရှိလာခဲ့ပါသည်။

'ဘဘပိုချော်လဲပြီး ခါးဆစ်လွဲသွားလို့ အိပ်ရာကမထနိုင်တော့ဘူး'ဆိုသောသတင်းရလျှင်ရချင်း အဖေနှင့်အတူ ဘဘပို အိမ်သို့ရောက်ခဲ့၏။ ချော်လဲရကောင်းလားဆိုသည့် ချွေးမ၏အပြစ်တင်သံများကြားရ၍ စိတ်မကောင်းဖြစ်ကြရပါသည်။ အိမ်ပြန်



ရောက်လျှင် အဖေနှင့်ကျွန်မတိုင်ပင်ကာ ဘဘပိုကို ကျွန်မတို့အိမ်တွင် ခေါ်ယူပြုစုပေးရန် သားနှင့်ချွေးမထံခွင့်ပန်ခဲ့ပါသည်။ ဝမ်းမြောက်ဝမ်းသာစွာ ခွင့်ပြုခဲ့၍ ဘဘပို ကျွန်မတို့အိမ်သို့ရောက်ရှိခဲ့ပါသည်။ ဘဘပိုရောက်လာသည့်အခါ ဘဘဦးပေါက်တူးသည်လည်း ခဏခဏရောက်လာကာ အားပေးနိုင်ခဲ့၏။

အသက်အရွယ်အရ ဇရာနှင့်ဗျာဓိကို ဤအဘိုးအိုသုံးဦးအားကြည့်လိုက်ရုံနှင့် သိသာနေ၏။ ခန္ဓာဝန်ကို တောင့်တင်းစွာထမ်းနိုင်ရန်အင်အားတို့သည် ချို့ငဲ့လာ၏။ အထီးကျန်၍အားငယ်သောစိတ်တို့က ခွန်အားကို ယုတ်လျော့စေခဲ့ပြီး သူတို့သုံးဦးကို အားပေးနှစ်သိမ့်နိုင်သူမှာ ကျွန်မသာဖြစ်ခဲ့ပါသည်။ အကျိုးကိုမျှော်ကိုးသောအလုပ်ကို မလုပ်ခဲ့ရိုးအမှန်ဖြစ်ပါသည်။ အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးကိုသာ လက်ခံနိုင်ရန်ရှိပါသည်။ ဤစေတနာအခြေခံတရားတို့ဖြင့် အဖေနှင့်အတူ အခြားအဘိုးအိုနှစ်ဦးကိုပါ ကျွန်မပြုစုကူညီခဲ့ပါသည်။ သူတို့မိသားစုများမှ ထောက်ပံ့လာသော အစားအသောက် အနည်းငယ်သာလျှင် မကောင်းတတ်၍ လက်ခံခဲ့ရပြီး ကျွန်မ၏ဝင်ငွေချွေးနည်းစာဖြင့် သန့်ရှင်းစွာရပ်တည်နိုင်ခဲ့ပါသည်။

ဘဘပိုရောက်လာပြီး မကြာခင်မှာပင် ဘဘဦးပေါက်တူးကိုပါ ကျွန်မတို့အိမ်တွင် ပြောင်းရွှေ့ခေါ်ထားပေးစေလိုကြောင်း သားနှင့်ချွေးမလုပ်သူမှပြောလာ၍ ကျွန်မ ဝမ်းသာစွာ ပြေးရ၍ခေါ်ခဲ့ပါသည်။ ရပ်ကွက်အတွင်းမှ လူအများက--

ဒါ...ဘိုးရိပ်သာလားဟေ့...'(ဘွားမရှိ၍ ဘိုးဘွားမခေါ်)ဟု စနောက်လျှင် ဘဘဦးပေါက်တူးမှဖြစ်စေ၊ အဖေမှဖြစ်စေ လေထွက်နေသောအသံဖြင့် ပြန်လည်ဟစ်ကြွေးပြောတတ်ကြသည်။

'ဘိုးရိပ်သာမဟုတ်ဘူးဟေ့ . . . မယ်ဘဒွါရိပ်သာ'တဲ့--

ရပ်ကွက်လူကြီးနှင့် သမဝါယမလူကြီးများအထိ သိနေသော ကျွန်မအိမ်မှ အဘိုးသုံးယောက်အတွက် မဲဖောက်စရာမလိုသော ခွဲတမ်းချပေးတတ်၏။

'ဦးပေါက်တူး၊ ဦးသာထူး ဟောလစ်တစ်ဘူး'တဲ့။

အဘိုးအိုသုံးဦးရှိနေသည့် ကာလတစ်လျှောက်လုံး သူတို့သုံးဦး၏ တရားဆွေးနွေးသံများ၊ ဘုရားရှိခိုးသံများ၊ ရှေးဟောင်းနောင်းဖြစ်နှင့် ပုံတိုပတ်စ ဥပမာများနှင့် ဗဟုသုတများရရှိခဲ့ပါသည်။ ကျွန်မ၏သားသည် ထိုအဘိုးအို သုံးဦးဘေးတွင် လူလားမြောက်ခဲ့ရသောကြောင့် . . .

'ဦးပို . . . စွပ်တို(၃) . . . '(စွပ်ကျယ်လက်ပြတ်သုံးထည်ဟုဆိုလိုပါသည်။ ရပ်ကွက်အတွင်းမှာလည်း ကျွန်မ၏ စေတနာကို အသိအမှတ်ပြုလာကြ၏။ ငှက်ပျောခိုင်နှင့် သင်္ဘောသီးများကို ဈေးသို့မသွားဘဲ ကျွန်မဆီလာ၍ ဈေးနှုန်းသက်သာရောင်းချပေးတတ်၏။

စိတ်ပျော်ရွှင်ချမ်းမြေ့၍ဖြစ်မည်ထင်ပါသည်။ ဘဘပိုး၏ခါးဆစ်နာသည် လျင်မြန်စွာသက်သာပျောက်ကင်းခဲ့ပါသည်။ ခါးဆစ်နာပျောက်သော်လည်း ဘဘပိုမှာ သူ့အိမ်သို့မပြန်တော့ပါ။ အိပ်ရာထဲတွင် လဲလျောင်းနေရစဉ်ကာလတစ်လျှောက်လုံး 'ဘက်ဆိုး'ဟု ခေါ်သည့် အိပ်ရာနာများမဖြစ်စေရန် အထူး ဂရုစိုက်၍သန့်ရှင်းပေးခဲ့ရပါသည်။ အဘိုးအိုသုံးဦးရှိနေသည့်ကာလတစ်လျှောက်လုံး သူတို့ သုံးဦး၏တရားဆွေးနွေးသံများ၊ ဘုရားရှိခိုးသံများ၊ ရှေးဟောင်းနောင်းဖြစ်နှင့် ပုံတိုပတ်စ ဥပမာများနှင့် ဗဟုသုတများရရှိခဲ့ပါသည်။ ကျွန်မ၏သားသည် ထိုအဘိုးအိုသုံးဦးဘေးတွင် လူလားမြောက်ခဲ့ရသောကြောင့် လူသူတော်ကောင်းကျင့်စဉ်နှင့် ပြည်သူ့နီတိတို့ကို နားလည်ခဲ့ရ၏။



'မြင်'သော၊ 'ကြား'သော၊'နံ'သော၊ 'စား'သော၊'ထိ'သောကိစ္စတို့တွင် 'ဒီဌေ ဒိဋ္ဌ မတ်တဲ့'ဆိုသော နည်းအာရုံဖြင့် သိနေရုံသာသိနေပါဟု ဓမ္မသဘောအကျဉ်းဟောသော အချုပ်တရားများစွာကိုလည်း နာသိခဲ့ရပါသည်။ ထိုအထဲမှာ နေ့စဉ်ကြားရသည်က အနာတပိဏ်သူဌေးနှင့် သူ၏သမီး စူဠသုဘဒ္ဒါအကြောင်းသာဖြစ်ပါသည်။

ဘဘဦးပေါက်တူးသည် ကျွန်မအိမ်ရောက်ပြီး သုံးနှစ်ကြာသည့်အခါကွယ်လွန်ပါသည်။ ကွယ်လွန်သည့်အခါ ဘဘ၏ခါးသည် ကိုးဆယ်ဒီဂရီခန့် ကုန်းလျက်ရှိပါသည်။ ရေကြောက်သော ဘဘသည် ဆုံးမည့်နံနက်တွင် ခေါင်းရိတ်ပေးရန်နှင့် ခြေသည်းလက်သည်းများညှပ်ပေးရန် ပြောလာ၍ ကျွန်မက ခေါင်းရိတ်ပြီး ခြေသည်းလက်သည်းများညှပ်ပေးကာ ရေချိုးသန့်စင်ပေးခဲ့ပါသည်။

'အခုမှနေလို့ထိုင်လို့ကောင်းသွားတာ၊ လန်းသွားတာပဲ'ဟု ကျေနပ်စွာဆိုရှာ၏။ ရောဂါကြီးကြီးမားမားမရှိဘဲ အပူအနည်းငယ်တက်၍ သတိလစ်သွားပြီးနောက် အသက်ရှူရပ်သွားခဲ့ပါသည်။

'ဖြစ်ခြင်း . . . ပျက်ခြင်း'ကိုဆင်ခြင်နိုင်စွမ်းရှိသူများဖြစ်၍ ပြုဖွယ်ကိစ္စမှန်သမျှကို တည်ငြိမ်စွာလုပ်ဆောင်နိုင်ကြခဲ့ပါသည်။ ဘဘဦးပေါက်တူးဆုံး၍ တစ်နှစ်ခန့်အကြာ ဘဘပိုသည် လူကြီးရောဂါတစ်ခုဖြစ်သော စားမဝင်အိပ်မပျော်ဖြစ်ရာမှ တစ်လခန့်အကြာတွင် ဆုံးပါးခဲ့ပါသည်။ ခါးဆစ်ရောဂါဖြစ်စဉ်ကကဲ့သို့ ဘက်ဆိုးများမဝင်အောင် ဂရုစိုက်သော်လည်း ဆုံးရန်တစ်ပတ်အလို

တွင် ဘက်ဆိုးများ တင်ပါးနှစ်ဖက်တွင် ဖြစ်ခဲ့ပါသည်။ ဘဘပိုဇ၏အမွေများရလိုက်သော ချွေးမဖြစ်သူသည် ဘဘပိုအား ကွယ်လွန်ခါနီးတွင် သူ့အိမ်သို့ ပြန်လည်ခေါ်ဆောင်သွားခဲ့ပါသည်။

'သူများအိမ်မှာနေချင်ဦးလေ…သွေးသားထက် သူစိမ်းကိုအကောင်းထင်နေတာ၊ သူစိမ်းလား ဂရုစိုက်မှာ၊ ဂရုမစိုက်လို့သာ ဘက်ဆိုးဝင်တာပေါ့…ဆိုသောစကားများကို အဖေနှင့်ကျွန်မ ကြားနိုင်အောင်ပြောခဲ့ဖ၏။

လိပ်ပြာသန့်စွာနောက်ကျောလုံသောကြောင့် ကျွန်မ မည်သည့်စိတ်အနှောင့်အယှက်မှမဖြစ်ပါ။ ကျွန်မနှင့်အဖေ၏ ရိုးရှင်းသော ပရဟိတလုပ်ငန်း၏ဆောင်ပုဒ်မှာ သူငယ်တန်းဖတ်စာတွင်ပါသော'လဲနေသူထူပေးပါ၊အားငယ်သူအားပေးပါ'ဟူ၍ ဖြစ်ပါသည်။ အဖေသည်လည်း ဘဘပိုနှင့် လအနည်းငယ်ခြားကာဆုံးပါးခဲ့ပါသည်။ အတူနေစဉ်ကာလမှ ကွယ်လွန်ချိန်အထိ သူ၏ဝန်ထုပ်ဝန်ပိုးများအားလုံး ကျွန်မအား မပီစေလိုသောကြောင့်ထင်ပါသည်။ ဝေဒနာကို ကြာရှည်စွာမခံစားရဘဲ တိုးညင်းစွာပြောလာပါသည်။



'အသက်ရှူမဝဘူး၊ မောတယ်' ဟုပြောရင်း ကွယ်လွန်ခြင်းအဖြစ်သို့ ရောက်ခဲ့သည်မှာ မယုံနိုင်စရာပင်ဖြစ်ပါသည်။

ကျွန်မနှင့်ပတ်သက်ခဲ့သော အဘိုးအိုသုံးဦးသည် သွေးသားတော်စပ်မှုမရှိသော သူစိမ်းများဖြစ်၏။ ဗုဒ္ဓဘာသာအယူအရ အတိတ်ကံ၏ အကြောင်းကြောင့် ကျွန်မနှင့်ဆုံခဲ့ရ၏။ သူတို့၏ ဇာတိစခြိန်တွင် ကျွန်မနှင့်မဆုံခဲ့ရသော်လည်း ဇရာနှင့်မရဏရရှိလာသည့်ကာလများတွင် သံသရာမှကောင်းမွန်စွာ ရှင်သန်လွတ်မြောက်နိုင်ရန် များစွာသောကူညီပံ့ပိုးမှုများအား ရိုးသားစွာ ပြုစုကူညီခဲ့ပါသည်။ ကျွန်မ မသိနိုင်သော အတိတ်၏ အကုသိုလ်ကံတရားများ မခံစားရပါက ပစ္စုပ္ပန်၌ ယခုပြုခဲ့သော ကျွန်မ၏ ကောင်းမှု အကျိုးဆက်နှင့်အဖြစ်အပျက်များ ဤသစ္စာစကားတို့သည် အမှန်ဖြစ်ပါသောကြောင့် မလွဲမသွေကြုံရဦးမည်။ ကျွန်မဘဝ၏ နေဝင်ချိန်သည် ညှို့မှိန်မှုမရှိဘဲ လှပချိုမြိန်နေရပါစေသတည်း။

မကျေး

တရားရုံးမှာဗျာ

စိတ်ကူးယဉ်ထက်ဆန်းကြယ်တဲ့ဖြစ်ရပ်တွေက အမေရိကန်ပြည်ထောင်စုတရားရုံးတွေမှာ တကယ်ကြုံခဲ့ရတာတွေက အောက်ပါအတိုင်း ဖြစ်နေပါတယ်–

(က) **တရားလိုဘက်ရှေ့နေ** ။ ခင်ဗျားဆီကို တိုးဝင်လာတဲ့ကားက ဘယ်လောက်ထိမြန်သလဲ။

သက်သေ ။ ကျွန်တော်က အမြန်နှုန်းတိုင်းတဲ့ သာမိုမီတာမဟုတ်တော့ အရှိန်ဘယ်လောက်ရှိတယ်ဆိုတာ မသိပါဘူး။

(ခ) **တရားလိုဘက်ရှေ့နေ** ။ ခင်ဗျားကိုလုပ်တဲ့ စွပ်စွဲခံရသူကို ဒီနေ့ တရားရုံးမှာ တွေ့မြင်ပါသလား။

သက်သေ ။ ဟုတ်ကဲ့၊ တွေ့ပါတယ်။

တရားလိုဘက်ရှေ့နေ ။ သူက ဘယ်လိုဝတ်စားထားပါသလဲ။

သက်သေ ။ သူက အတော်လေးကြည့်ကောင်းအောင် ဝတ်စားထားပါတယ်။

(ဂ) **ရှေ့နေ** ။ ဆရာဝန်က ခင်ဗျားကို ရင်ခွဲစစ်ဆေးပြီး တွေ့ရှိတဲ့အခြေအနေကို ဘာလို့ပြောပါသလဲ။

သက်သေ ။ သူပြောတာကတော့ သေသွားပြီတဲ့။



မောင်သီဟ

တန္ခိုးမဓိ စာပန်းချီ

မာမာ(အမိမြေ)



မှောင်မိုက်သောညခရီးကို လျှောက်လှမ်းရာတွင် ဖန်မီးအိမ်သည် အရေးပါသကဲ့သို့ လူဘဝခရီးကို ဖြတ်သန်းရာတွင် စာပေသည် အကောင်းဆုံးဘဝလမ်းညွှန်ပင် ဖြစ်ပါသည်။ လူလောကတွင် မိတ်ဆွေကောင်း၊ မိတ်ဆွေစစ် ရှားပါးသည်ဟု ဆိုရပေမည်။ ထိုမျှ အဖိုးတန်ရှားပါးလှသော လူမိတ်ဆွေထက် တန်ဖိုးအရှိဆုံးသော မိတ်ဆွေစစ်သည်ကား စာအုပ်စာပေပင်တည်း။ ထို့ကြောင့်ပင် **''စာအုပ်စာပေ လူမိတ်ဆွေ''**ဟု ဆိုခဲ့ကြပြီး စာဖတ်ခြင်းကြောင့် အကျိုးကျေးဇူးကြီးမားပုံတို့ကို ဖော်ကျူးခဲ့ကြသည် မဟုတ်ပါလော။

စာပေသည် ကျွန်ုပ်တို့အားလုံးအတွက် အလင်းရောင်ဖြစ်သည်။ အမှောင်ကိုခွင်း၍ အလင်းဆောင်သောစာပေသည် ကျွန်ုပ်တို့၏ ကျေးဇူးရှင်အစစ်ဖြစ်သည်။ လူတိုင်း စာတတ်ရမည်ဖြစ်သလို လူတိုင်း စာဖတ်ကြရပါမည်။ စာတတ်ပါလျက် မှတ်သားဖွယ်ရာစာပေများကို ရှာဖွေဖတ်ရှုခြင်းမပြုလျှင် ထိုသူသည် ဘယ်သောအခါမျှ မတိုးတက်မအောင်မြင်နိုင်ပါ။ စာဖတ်ခြင်းကြောင့် မိမိသာမက သားမယားပါ အသိဉာဏ်ပညာ ကြီးမားလာပုံကို ရှင်မဟာရဋ္ဌသာရက **''ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား နေ့တိုင်းကြားက၊ ထူးခြားလိမ္မာရှိသည်သာတည်း''** ဟူ၍ ဖွဲ့ဆိုခဲ့ပါပေသည်။



စာအုပ်စာပေကို ဖတ်ပါများလာသူတို့သည် အမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်း၊ အကျိုးနှင့်အကြောင်း ပိုင်းခြားဝေဖန်နိုင်စွမ်းရှိကြပါပေသည်။ ဤသည်ကို မန်လည်ဆရာတော်ကြီးက **''ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏''** ဟု မယဒေဝကျမ်းတွင် ဖွဲ့ဆိုထားပါသေးသည်။

ကျွန်ုပ်တို့သည် ခန္ဓာကိုယ်အသက်ရှင်နေနိုင်ရေးအတွက် အစာအာဟာရကို မှီဝဲရပါသည်။ ထို့အတူ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေအာဟာရကို မှီဝဲရပါသည်။ စာပေသည် ကျွန်ုပ်တို့အား လိမ္မာယဉ်ကျေးမှုရှိစေရန် လမ်းညွှန်ပေးသောအရာပင်ဖြစ်ပါသည်။ **''စာဖတ်ခြင်းကြောင့် စိတ်ကြမ်း၊ စိတ်ရိုင်းများပျောက်၍ စိတ်ယဉ်များ ဝင်ရောက်လာလိမ့်မည်''** ဟူ၍ ဦးဗဂျိုင်က ဆိုခဲ့ပါသေးသည်။ **''စာပေမချစ်၊ ကျင့်မူ ညစ်''** သူများအား စာဖတ်လာစေရန်အတွက် ရည်ရွယ်မိန့်ဆိုခဲ့ဟန်တူပါသည်။ ထို့ပြင် **''စေ့မြေ့သိပ်သည်း၊ စွေ့စွေ့ဆည်းလော့၊ စရည်းအိုးခွက်၊ ကြီးစွာကျက်လျှင်၊ တံစက်ကျများ၊ ပြည့်သောလားသို့''** ဟူ၍ လောကသာရဆုံးမစာတွင် စာကို တစ်နေ့ နည်းနည်းစီဖြင့် ဖတ်ဖန်များလာပါက အသိဉာဏ် ဗဟုသုတ ပြည့်ဝလာပုံကို ရေးဖွဲ့ထားပါသည်။

''စာဖတ်သူတိုင်းသည် ခေါင်းဆောင် မဖြစ်နိုင်ပေမယ့် ခေါင်းဆောင်တိုင်းသည် စာဖတ်ကြပါသည်'' ဟူသော စကားသည် အလွန်မှန်ကန်ပါသည်။ ကမ္ဘာပေါ်ရှိ ခေါင်းဆောင်တိုင်း၊ ထင်ပေါ်ကျော်ကြားသူတိုင်းသည် စာဖတ်ကြသူများပင် ဖြစ်ပါသည်။

အင်းဝခေတ်တွင် ရှင်မဟာရဋ္ဌသာရသည် **''ကမ္မလွေရင် ပိုက်တစ်ကိုက်မချွတ်''** ဟူ၍ နေ့တိုင်း တစ်နေ့လျှင် ပေတစ်ကိုက်စာမျှ ဖတ်ခဲ့ပါသည်။ ထို့ကြောင့် ယခုအချိန်အထိ ထင်ရှားသော စာဆိုတော်ကြီး ဖြစ်ခဲ့ရပါသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် ဦးပေါ်ဦးသည်လည်း စာမည်မျှဖတ်သလဲဆိုလျှင် ရှင်ဘုရင်ဘိုးတော်ဘုရားကိုယ်တိုင်ကပင် တိုင်းရေးပြည်ရေးကိစ္စများကို တိုင်ပင်ဆွေးနွေးခဲ့ရသည်ဟု ဆိုပါသည်။ မင်းတုန်းမင်းလက်ထက် ယောမင်းကြီး ဦးဖိုးလှိုင်ကလည်း စာနှင့်မျက်နှာ မခွာသလောက်ဖတ်ခဲ့၍ မိုးကုတ်ရတနာမြေကို တိုင်းတစ်ပါးသားများလက်ထဲသို့ မရောက်အောင် ကာကွယ်နိုင်ခဲ့ပါသည်။

ပုဂံခေတ်က ဦးကျည်ပွေ့ခေါ် ရှင်ဒီသာ ပါမောက္ခသည်လည်း တစ်နေ့လျှင် တံပူတစ်ထောက်စာမျှ စာဖတ်ခဲ့သောကြောင့် လေးပြင်လေးရပ်တွင် ထင်ရှားသော ပညာရှင်တစ်ယောက် ဖြစ်လာခဲ့ပါသည်။ ဝန်ဇင်းမင်းရာဇာဟု ထင်ပေါ်ကျော်ကြားခဲ့သော ကျေးတောသား လယ်သမားလေး ညိုသည် စာတိုပေစမှန်သမျှကို အကုန်ဖတ်ခဲ့၍ စာတို ညိုဟူ၍ ယနေ့တိုင် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည်။ နွားကျောင်းသားလေး မောင်ကံစီသည် ဘုရင်ရာဇာဓိရာဇ်၏ အတိုင်ပင်ခံ ဝန်ကြီးမင်းကံစီဟု ဖြစ်လာရခြင်းမှာလည်း စာဖတ်ခြင်း၏ အကျိုးတရားများပင် ဖြစ်ပါသည်။

ထိုမှတစ်ဖန် နှောင်းကာလကိုကြည့်မည်ဆိုလျှင်လည်း လွတ်လပ်ရေး၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် စာပေကို ချစ်မြတ်နိုးသူ၊ စာအလွန်ဖတ်သူ ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်မှာ စာဖတ်ခြင်းကြောင့်ဟု ဆိုရပေမည်။ ဗိုလ်ချုပ်၏ စာဖတ်စွမ်းရည် မြင့်မားမှုကြောင့် နိုင်ငံရေးအမြင်ကြွယ်ဝလာပြီး ကျွန်ုပ်တို့ကို ကျွန်ဘဝမှ လွတ်အောင် ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်သည်လည်း တစ်နေ့လျှင် လေးနာရီသာအိပ်ပြီး ကျန်အချိန်အား



လုံးနီးပါးကို စာဖတ်ခြင်းဖြင့် အချိန်ကုန်စေသည်ဟု သိရပါသည်။

မြန်မာ့သမိုင်းကြောင်းတွင်သာမက ကမ္ဘာ့သမိုင်းကြောင်းကိုပါ ပြန်လှန်ကြည့်မည်ဆိုလျှင် စာဖတ်ခြင်းကြောင့်ပင် လူတော် လူကောင်းများ၊ သန်းကြွယ်သူဌေးများ၊ ကမ္ဘာကျော်ပညာရှင်များ ဖြစ်လာခဲ့ရသည်မှာ အထင်အရှားပါပင်။

ကျီစောင့်သမားလေး ကွန်ဖြူးရှပ်ကို ကမ္ဘာကျော် တရုတ်ပညာရှင်ကြီးအဖြစ်သို့ လည်းကောင်း၊ ရထားပေါ်တွင် လှည့်လည်ဈေးရောင်းကာ အသက်မွေးနေရသော အက်ဒီဆင်ကို၊ ကမ္ဘာကျော် ဘင်ဂျမင်ဖရင်ကလင်ကို ကမ္ဘာကျော်ပညာရှင်ကြီးအဖြစ်သို့လည်းကောင်း၊ သာမန်သစ်ခုတ်သမားလေး လင်ကွန်းကို အမေရိကန်သမ္မတကြီးအဖြစ်လည်းကောင်း ပြောင်းလဲပေးခဲ့ခြင်းမှာလည်း စာဖတ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

စာဖတ်ခြင်းဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး အစစအရာရာတို့အား မီးမောင်းထိုးပြသကဲ့သို့ သိမြင်နိုင်မည်ဖြစ်ပါသည်။ စာမဖတ်လျှင် လူတစ်လုံး သူတစ်လုံး မဖြစ်နိုင်ပါပေ။ လူတော်လူကောင်းများ ဖြစ်ကြစေရန် စာပေများစွာကို ဖတ်ရှုလေ့လာကြရပါမည်။ အသက်သာကြီးသွားမည် စာမဖတ်လျှင် အတွေးအခေါ်အမြော်အမြင် ဆင်ခြင်တုံတရား မမြင့်မားနိုင်ပါပေ။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံး စာဖတ်သည့်အလေ့အကျင့်လေး ရှိကြရပါမည်။

ကမ္ဘာပေါ်ရှိ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှ အောင်မြင်ကျော်ကြားနေသူများအားလုံး၏ အတွေးအခေါ် အမြော်အမြင်များသည် သာမန်လူသားများထက်တော်နေ၊ ကောင်းနေခြင်းမှာ စာပေများကို ဖတ်ရှုခြင်းကြောင့် ရရှိသော အကျိုးကျေးဇူးများပင်ဖြစ်သည်ဟူသော အချက်သည် အလွန်မှန်ကန်နေပါပေသည်။

လူသားတိုင်းသည် သာမန်ထက် ပိုကြိုးစားမှသာ အောင်မြင်သူဖြစ်လာနိုင်ပါမည်။ ကျွန်ုပ်တို့အားလုံးတွင် တစ်ရက်လျှင် ၂၄ နာရီ ပိုင်ဆိုင်ထားကြသူများချည်းပင်ဖြစ်ပါသည်။ မည်သူမျှ ၂၃ နာရီ၊ ၂၅ နာရီဟူ၍ လျော့ပြီး၊ တိုးပြီး ပိုင်ဆိုင်ကြသည် မရှိပါ။ သဘာဝတရားကြီးက အားလုံး တန်းတူအခွင့်အရေး ပေးထားပြီးသားပါပင်။ ထိုသို့ တူညီစွာရရှိသောအချိန်ကို ကောင်းကောင်းအသုံးချတတ်သူသည် သာမန်ထက် ပို၍အောင်မြင်သွားကြခြင်း ဖြစ်ပါသည်။

လူတိုင်းပိုင်ဆိုင်သော ၂၄ နာရီကို အလုပ်ချိန် ၈ နာရီ၊ အိပ်ချိန် ၈ နာရီ၊ နားနေချိန်(ကိုယ်ပိုင်အချိန်) ၈ နာရီဟူ၍ ၃ ပိုင်း ခွဲခြားသတ်မှတ်ထားကြပါသည်။ ထိုအထဲမှ အလုပ်ချိန် ၈ နာရီနှင့် အိပ်ချိန် ၈ နာရီစီ အသုံးချပုံချင်း တူကြပေမယ့် ကိုယ်ပိုင်အချိန် ၈ နာရီကိုမူ အကျိုးရှိရှိ ပိုအသုံးချတတ်သူသည် အသုံးချတတ်လျှင် ချတတ်သလောက် သာမန်ထက်ပို၍

စာမဖတ်လျှင် လူတစ်လုံး သူတစ်လုံး မဖြစ်နိုင်ပါပေ။ လူတော်လူကောင်းများ ဖြစ်ကြစေရန် စာပေများစွာကို ဖတ်ရှုလေ့လာကြရပါမည်။ အသက်သာ ကြီးသွားမည် စာမဖတ်လျှင် အတွေးအခေါ် အမြော်အမြင် ဆင်ခြင်တုံတရား မမြင့်မားနိုင်ပါပေ။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံး စာဖတ်သည့်အလေ့အကျင့်လေး...



အောင်မြင်သွားကြပါမည်။ ထို ၈ နာရီထဲကမှ ၁ နာရီပို၍ အကျိုးရှိရှိအသုံးချတတ်မည်ဆိုလျှင် ထိုသူသည် သာမန်ထက် ၁ ဆပို၍ အောင်မြင်ပါလိမ့်မည်။ ထို့အတူ ၂ နာရီ ပိုအသုံးချတတ်သူသည် ၂ ဆ၊ ၃ နာရီ ပိုအသုံးချတတ်သူသည် ၃ ဆ၊ နောက်ဆုံး ၈ နာရီလုံး ပိုအသုံးချတတ်သူသည် ၈ ဆ ပို၍အောင်မြင်မည်မှာ အသေအချာပါပင်။

ထို ၈ နာရီထဲကမှ ပိုအသုံးချသော အချိန်များကို ကျွန်ုပ်တို့ မည်သည့်နေရာများတွင် အသုံးချမည်နည်း။ မေးစရာတစ်ခုပေါ်လာပါပြီ။ စာဖတ်ခြင်းနေရာတွင် အသုံးချကြရပါမည်။ စာအုပ်စာပေထဲတွင် တန်ဖိုးမဖြတ်နိုင်သော အသိပညာ ဗဟုသုတများပါဝင်သည်ဖြစ်၍ ထိုဗဟုသုတများကိုရယူဖို့ ကျွန်ုပ်တို့အားလုံး စာဖတ်ကြရပါမည်။ **''ရွှေသွေးအစ၊ မဂ္ဂဇင်းအလယ်၊ ငါးရှဉ်းဆယ်အဆုံး''** စာအားလုံးကို ဖတ်ကြရပါမည်။



စာအုပ်စာပေမျိုးစုံရှိရာတွင် ဘာသာရေးစာပေသည် လိမ္မာယဉ်ကျေးမှုရှိလာစေရုံမျှသာမက ဘာသာရေးကိုလည်း သွေးသစ်လောင်းပေးသည်နှင့် တူပါသည်။ ထို့အတူ ဆေးပညာ၊ စိုက်ပျိုးရေးပညာ၊ ကြီးပွားရေးဆိုင်ရာ ပညာတို့ကိုလည်း စာပေလေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။ စိတ်ခွန်အားဖြစ်စေသော စာပေများကို ဖတ်ရှုခြင်းဖြင့်လည်း စိတ်ဓာတ်ခိုင်မာပြီး ဘဝတိုးတက်လာမည်ဖြစ်ပါသည်။



စာပေက လူသားတို့၏ ဉာဏ်မျက်စိကို ဖွင့်ပေးပါသည်။ စာဖတ်ခြင်းဖြင့် အသိဉာဏ်ကို ဖွံ့ဖြိုးစေပြီး အမှန်တရားကို မြတ်နိုးစေပါသည်။ စာပေက ကျွန်ုပ်တို့အား ဗဟုသုတရစေခြင်းနှင့် အတွေးအခေါ် ရင့်သန်စေခြင်း အကျိုးကျေးဇူးနှစ်ရပ်ကို ရစေပါသည်။ စာပေနှင့် ကင်းကွာသူ၏ အပြုအမူ၊ အပြောအဆိုမှန်သမျှသည် အနှစ်မဲ့သော ကိုးအောသီးပမာ ရှိပေလိမ့်မည်။



အလိမ္မာစာမှာရှိသည်ကား ယုံမှားဖွယ်မရှိပါပေ။ သို့သော် စာပေဉယျာဉ်ကြီးအတွင်းတွင် စာပေမျိုးစုံ ဖူးပွင့်ဝေဆာနေရာ၌ စိတ်ကို အာဟာရမဖြစ်စေသော မူးယစ်ရိေ၀ ထုံထိုင်းစေသော စာအဆိပ်များ ရှိနိုင်ပါသည်။ ထို့ကြောင့် ရွေးချယ်ဖတ်ရှုတတ်ကြရန် လိုအပ်ပါပေသည်။ ဖရန့်စစ်ဘေကွန်က **''စာ အမျိုးမျိုးရှိ၏။ အချို့က မြည်းစမ်းရန်၊ အချို့က မျိုချရန်နှင့် အချို့သာ ဖတ်ပြီးအရသာခံစားဖို့ဖြစ်သည်''** ဟူ၍ ဆိုခဲ့ဖူးပါသည်။ ကျွန်ုပ်တို့အားလုံး စာမိတ်ဆွေစစ်ကို ရှာဖွေတတ်ကြရပါမည်။

လူမိတ်ဆွေစစ်ကိုရှာလျှင် တွေ့ချင်မှတွေ့ပါမည်။ ထိုထက် ကောင်းမွန်သည့် မိတ်ဆွေစစ်သည်ကား သင့်အနား၊ ကျွန်ုပ်အနားမှာပင် ရှိနေပါသည်။ ထိုအရာသည်ကား စာအုပ်စာပေပင် ဖြစ်ပါသည်။ စာကို ဖတ်ချင်သောစိတ် ရှိမည်ဆိုပါက ဖတ်ဖြစ်မှာ သေချာပါပင်။ ဖတ်ဖြစ်မှသာလျှင် စာအုပ်စာပေမှရရှိသော အသိပညာ ဗဟုသုတများကြောင့် ကျွန်ုပ်တို့အားလုံး၏ ဘဝနောင်ရေး စိတ်အေးကြရပါမည်။ အကျိုးတရားများ အမြဲပေးနေသော တုန့်ပြန်စရာမရှိသည့် စာပန်းချီကားချပ်ကိုကား နိုင်ငံတော် ရတနာများဖြစ်သည့် ကျွန်ုပ်တို့လူငယ်များသာမက ပြည်သူတစ်ရပ်လုံး နေ့စဉ်ဖတ်သင့်၊ ကြည့်သင့်ပါသည်။ အနာဂတ်ကို ပိုင်စိုးဖို့ ကျွန်ုပ်တို့အားလုံး စာဖတ်ကြပါစို့။

မာမာ(အမိမြေ)

သန်းဝင်းထွန်း၏ အမှောင်ဖြစ်ရပ်

အခန်း(၁)

ဆိုင်ကယ်လီဗာကို မြှင့်လိုက်သည်။

အရှေ့မှ မော်တော်ကားက လမ်းအပြည့်မောင်းနေပြန်သည်။ မောင်းသာမောင်းသည်၊ ထိုမော်တော်ကားမှာ လှုပ်စိလှုပ်စိမောင်းနေသည်။ ကတ္တရာလမ်းမှာ ချိုင့်ခွက်များစွာက လမ်းတစ်လျှောက်လုံး ဟိုတစ်ကွက် သည်တစ်ကွက်။ ကတ္တရာလမ်းဟုဆိုသော်လည်း



ပျက်စီးခြင်းဆိုသည့်သဘောတရားကို မလွန်ဆန်နိုင်လေတော့ ကတ္တရာများပျောက်၍ မြေသားနိုနိုများက နေရာယူထားပါသည်။

''ဒီကားတော့ကွာ . . . နွားလှည်းလို မောင်းနေပါလား''

ဆိုင်ကယ်ဟွန်းတီးသည်။ မော်တော်ကားမှာအေးအေးဆေးဆေးပင်။ လွတ်လျှင် ကျော်တက်သွားဆိုသည့် သဘော။ အစည်းအဝေးက စတော့မည်။ ရောက်ရန် စိတ်ကစောနေသည်။ အစည်းအဝေးတိုင်း နောက်ကျသောကြောင့် လာရောက်အစည်းအဝေး

ဘယ်သွားရမှန်းမသိခင်
လူနှစ်ယောက်
ဘွားခနဲပေါ်လာသည်။
တစ်ယောက်က မျက်ထောင့်နှိနှိ၊
ပါးစပ်ပြဲပြဲ၊ နားရွက်ကားကား။
သူပြီးပြသည့်အပြုံးက ရယ်ချင်စရာ။
နောက်တစ်ယောက်က
ခေါင်းသေးသေး၊ ကိုယ်လုံးကြီးကြီး၊
လက်ဖဝါးမှာ
ကျွန်တော့်မျက်နှာလောက်ရှိသည်။
သွားတွေက ကျိုတိုကျဲတဲ့။



တက်သူများကို အားနာမိသည်။ မော်တော်ကားကြီးကိုဟွန်းတီး၍ကျော်တက်လိုက်သည်။ လမ်းကတော့ရှင်းသည်။ ရောက်ချင်ဇောက စိတ်စောနေ၏။ နှလုံးခုန်နှုန်းက မြန်လာသည်။ ခေါင်းထဲ မူးနောက်နောက်ဖြစ်လာသည်။ သွေးပေါင်ကျဆေးသောက်ရန် မေ့လာသည်။

''ခေါင်းတွေမူးလိုက်တာ''

ဆိုင်ကယ်ကို အရှိန်လျှော့လိုက်သည်။ ဖြည်းဖြည်းချင်းထိန်းမောင်း၍ အစည်းအဝေးခန်းမရှိရာရောက်အောင်တော့ မောင်းလာသည်။ အစည်းအဝေးခန်းမအပြင်တွင် ဆိုင်ကယ်ရပ်ပြီး ဒေါက်ထောက်လိုက်သည်။ ခေါင်းထဲမူးလာသည်။ ရင်ထဲ ပျို့ချင်သလိုလို ဖြစ်လာသည်။ ဆိုင်ကယ်ကိုမှီပြီး မတ်မတ်ရပ်ရန်ပြင်သည်။ ခေါင်းတွေ ချာချာလည်မူးလာသည်။ မျက်လုံးမှိတ်လိုက်သည်။

''ဟ–ဟာ . . . ဆရာ မူးလဲသွားတယ်၊ မူးလဲသွားတယ်''

အစည်းအဝေးခန်းမမှ လူတချို့အသံကို ကြားလိုက်ရသည်။ နောက် ဘာဆိုဘာမှ မသိတော့ . . .

■ ■ ■ ■ ■ ■ ■ ■

အခန်း(၂)

လေတိုးသံက သာမန်လေတိုးသည်ဟု မထင်။

ကျွန်တော် လေယာဉ်ပျံစီးဖူးပါသည်။ လေယာဉ်ပျံထက်ကို မြန်နေသည်ဟု ထင်မိသည်။ လေယာဉ်ပျံလားဆိုတော့ မဟုတ်။ တိမ်ပေါ်တွင်သွားနေသလားလို့ ထင်ပြန်တော့လည်းမဟုတ်ပေ။ သည်ယာဉ်က အမိုးအကာမပါ။ ဘေးဘယ်ညာသို့ ကြည့်မိ၏။ လင်းသည့်နေရာလင်း၍ မှောင်သည့်နေရာ မှောင်နေပြန်သည်။

ယာဉ်ဟုသာဆိုသည် သစ်သားပြားလိုလို၊ ကော်ဇောလိုလို။ ထိုင်ခုံမပါ။ ဂုတ်တုတ်ကလေး ထိုင်ရသည်။ လက်နှစ်ဖက်က ထိုင်နေသောအခင်းပြားကို မြဲမြံကိုင်ထားရသည်။ ယာဉ်၏အမြန်နှုန်းကြောင့် ပြုတ်ကျသွားနိုင်သည်။

ကျွန်တော် ကြောက်လွန်း၍ မျက်လုံးကို မှိတ်ထားလိုက်မိသည်။ ယာဉ်သည် အရှိန်လျော့သွားသည်။ တစ်နေရာရာသို့ ရောက်နေပြီ။ ကျွန်တော့်ကို တစ်ယောက်ယောက်က တွန်းချလိုက်သည်။ မြေပေါ်သို့ ရောက်သွားပါတယ်။ ခြေဖြင့်နင်းကြည့်သည်။

''ဟုတ်တယ် မြေကြီး''

ဘယ်သွားရမှန်းမသိခင် လူနှစ်ယောက် ဘွားခနဲပေါ်လာသည်။ တစ်ယောက်က မျက်ထောင့်နှိနှိ၊ ပါးစပ်ပြဲပြဲ၊ နားရွက်ကားကား။ သူပြီးပြသည့်အပြုံးက ရယ်ချင်စရာ။ နောက်တစ်ယောက်က ခေါင်းသေးသေး၊ ကိုယ်လုံးကြီးကြီး၊ လက်ဖဝါးမှာ ကျွန်တော့်မျက်နှာလောက်ရှိသည်။ သွားတွေက ကျိုတိုကျဲတဲ့။ ကျွန်တော့်လက်ကို ထိုနှစ်ယောက်က တစ်ယောက်တစ်ဖက်ဆွဲ၍ . . .

''မောင်မင်း . . . လာ''

''ကျွန်..ကျွန်တော့်ကို ဘယ်ခေါ်မှာလဲဗျ''

''စကားမများနဲ့ ယမမင်းနဲ့တွေ့ရမယ်''

''ဗျာ . . .''

ယမမင်းဆို၍ ကြည့်မိလိုက်သည်။ ကျွန် တော်တို့လို သာမန်လူပင်။ ခေါင်းတွင် ရာဇဝင်ထဲက စစ်သူကြီးလို သံခမောက်ချွန်ချွန်က ဆောင်းထားပြန်သည်။ လက်မှာလည်း ဇာတ်ထဲကမင်းသားများလို လက်ပတ်က ပြောင်ပြောင်လက်လက်။ ပလွင်ပေါ်ဟု ဆိုရမည်လား၊ ထိုသို့လည်းမဟုတ်။ ကျောက်ဖျာကြီးတစ်ချပ်။ ယမမင်းဆိုသူကို သေသေချာချာ ကြည့်မိပြန်သည်။ အို . . . ငါ့လောက်ကို မချောပါလားဟု စိတ်ထဲမှ ပြောမိသည်။

''မောင်မင်း ခေါင်းငုံ့ထား''

ခုနက ရုပ်ဆိုးနှစ်ယောက်က ကျွန်တော့်ခေါင်းကိုကိုင်၍ ငုံ့ထားခိုင်းသည်။ ယမမင်းဆိုသူမှာ စာအုပ်ထူကြီးတစ်အုပ်ကို ကိုင်ထားလေ၏။

''ခေါင်းမော့စေ''

''မောင်မင်းအမည် ပါဒသျှင်နော်''

''ဟုတ်ပါတယ်ခင်ဗျ၊ ဒါပေမဲ့ အခြားအမည်တွေ ရှိသေးတယ်''

''အဝိုတွေမပြောနဲ့၊ ဒီမှာ ပါဒသျှင်ပဲ အမည်ပေါက်တယ်''

ယမမင်းဆိုသူက ကျွန်တော့်အမည်ကို ခေါ်ပြီး စကားစသည်။

''လူပြည်မှာ မောင်မင်း ဘာလုပ်လဲ''

''ဟာ . . . အခုဘယ်ရောက်နေတာလဲ

ခင်ဗျာ''

''ဩော်...အခုထိ မသိသေးဘူးပဲ၊ ဒါ ငရဲပြည် အဝင်လမ်းကွ''

''ဗျာ...''

''မဟုတ်ပါဘူး ယမမင်းရယ်၊ တစ်ခါတလေ ကျူးလွန်မိပေမယ့် ပါးပါးလေးပါ''

''သကြားမင်းပြောတာ မှန်နေပြီ၊ စာရေးဆရာတွေ စစ်ဆေးရတာ ဂွကျပါတယ်လို့၊ ဒီမှာ မောင်မင်း ပါဏာတိပါတာ ကျူးလွန်ခဲ့တာတွေကို တွေ့ရတယ်''

''ယမမင်းရယ် အသိမကြွယ်လူမမယ် ကလေးဘဝက အိုင်ပတ်တာတို့ တီကောင်လေးတွေ ငါးမျှားချိတ်မှာ ချိတ်တာတို့၊ ကိုယ့်အသားကို လာကိုက်တဲ့ခြင်ကို ဖြုန်းခနဲ ရိုက်မိတာတို့လောက်တော့ခွင့်လွှတ်ပါဗျာ၊ ဟော အသက်ကြီးလာတော့ မလုပ်တော့ပါဘူးဗျာ''

ယမမင်း စာအုပ်ကို ဟိုလှန်ဒီလှန် လုပ်နေသည်။ ပြီးမှ-

''အဒိန္နာဒါနာကော မောင်မင်း''

''အဲဒါကတော့ လုံးဝကင်းပါတယ် ယမမင်း၊ သူတစ်ပါးပစ္စည်းယူဖို့နေနေသာသာ တစ်ခါတလေ ဟောပြောပွဲတွေမှာ သူတို့ကျေးတာပဲ စားပါတယ်၊ အိမ်ပြန်သယ်တာတို့၊ တောင်းယူတာတို့တောင် မလုပ်ခဲ့ပါဘူး၊ ဒါတော့ လိပ်ပြာလုံပါတယ်''

''ဟွန်း...ကဲ မုသာဝါဒါတော့ ပြောမိတယ်မှတ်လား''

''ယမမင်းရယ် လူပြည်ဆိုတာ မုသားတွေနဲ့ထုဆစ်ထားတာပါ၊ မုသားမပါ လက်ာမချောတဲ့ တချို့ကိစ္စတွေမှာ 'မုသာ'က မပါလို့ကိုမရဘူး ယမမင်း၊ အဓိက,က ဂုံးမချောဖို့က အရေးကြီးပါတယ်''

ယမမင်း မဲ့ပြသည်။ စာအုပ်ကို ဆက်လှန်သည်။

''သုရာမေရယ ကံကတော့ မောင်မင်း ကျူးလွန်တာ တော်တော်များတာပဲ၊ ဒါတော့ မောင်မင်း ဘယ်လိုလျှောက်လဲ ချက်ပေးအုံးမလဲ၊ နားထောင်ကြည့်ရအောင်''

''ယမမင်းကြီးရယ် မလိမ်ဝံ့ပါဘူးခင်ဗျာ၊ စာရေးဆရာဆိုတာ လူပြည်မှာ နေ့စဉ်ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေကို ကိုယ်တိုင် ကွင်းဆင်းလေ့လာတာတွေရှိပါတယ်၊ အဲဒီမှာ မကောင်းမှုနဲ့သိရက် ရေးရင်လည်း အတွင်းကျကျ မထိရောက်နိုင်တာမို့ ကိုယ်တိုင် သုံးစွဲကြည့်ပြီး၊ ဩော်-ဒါမှကောင်းတယ်၊ ဒါက မကောင်းဘူးဆိုတာကို သိမြင်ပြီး နောက်လူတွေအတွက် သင်ခန်းစာယူရလေအောင် အမြည်းသဘောနဲ့ သုံးစွဲကြည့်ပြီး စာရေးရတာဖြစ်ပါတယ်''

''မောင်မင်း ဆင်ခြေမပေးနဲ့၊ ဘီယာသောက်တာကို ဒီစာအုပ်မှာ တွေ့ရတယ်ကွ''

''ယမမင်းကြီးခင်ဗျာ၊ မြန်မာ့အဘိဓာန်ကျမ်းမှာ 'ဘိန်းခင်းကစော် လော်စာအရက်' ဆိုပြီးသာ ရှေးပညာရှိတွေက ဆိုခဲ့တာရှိပါ

စာရေးဆရာများ စစ်ဆေးရတာကိုခက်တယ်၊ သကြားမင်းက ငါ့ကို သတိပေးထားလို့ပေါ့ကွာ၊ စာရေးဆရာတွေလာလျှင် ဖိဖိစီးစီးလုပ် မင်းကို ဟောပြောသွားလို့ အဲဒီထဲမှာ မျောသွားမယ်တဲ့၊ လူပြည်မှာ ဒီကောင်တွေက ဆင်ကို ကြွက်ဖြစ်အောင် ပြောတတ်တာတဲ့...



တယ်ခင်ဗျ။ ဘီယာမပါလေတော့ တစ်ခါတလေ ဘီယာလေးတော့ စိတ်ပြေလက်ပျောက် ကျန်းမာရေးအခြေအနေအရ သောက်မိပါတယ် ယမမင်းကြီးခင်ဗျာ''

''တတ်လည်းတတ်နိုင်တဲ့ စာရေးဆရာတွေ...ဟွန်း''

ယမမင်းမှာ ကျေနပ်ဟန်မတူ။ ကျွန်တော့်ကို အပြစ်မရရအောင် ရှာမည်ဟု စိတ်ဆုံးဖြတ်ထားလေလားမသိ။ စာအုပ်ထူကြီးကို ရှေ့နောက်လှန်လှောနေပြန်သည်။

''ကဲ..မောင်မင်း၊ မေးဖို့တစ်ချက် ကျန်နေတယ်၊ ဒါက အရေးကြီးဆုံး ကျန်တာတွေခွင့်လွှတ်နိုင်ပေမယ့် ဒါကတော့ လုံးဝ ခွင့်လွှတ်လို့မရဘူးကွ၊ မှန်မှန်ဖြေနော်၊ ကာမေသုမိစ္ဆာစာရာ...''

''ဟိုး...ဟိုး၊ ယမမင်းကြီးရယ် ဒီရုပ်ဒီရည်ကိုကြည့်ရင် သိနိုင်ပါတယ်၊ တွမ်ခရုဒ်တို့၊ နေတိုးတို့၊ ဂျိမ်းစ်ဘွန်းမင်းသားတို့ထက် မသာလျှင်သာ နေရမယ်၊ ရုပ်ရည်ကတော့ ယမမင်းမြင်တဲ့အတိုင်းပါပဲ၊ စာရေးဆရာသာ လုပ်တာပါ၊ ရုပ်ရှင်ရိုက်လို့ရပါတယ်၊ ဒါပေမဲ့ ကျွန်တော်မရိုက်ဘူးခင်ဗျာ''

''မောင်မင်းကို ရုပ်ရှင်မင်းသားတွေနဲ့ ခိုင်းနှိုင်းနေတာ မဟုတ်ဘူးလေ''

''မှန်ပါတယ် ယမမင်းကြီးခင်ဗျာ၊ ရုပ်ရှင်မင်းသားနီးနီးချောတဲ့ ကျွန်တော် ရုပ်ရှင်မရိုက်ဘဲ စာရေးဆရာလုပ်တာပါ၊ သဘောကို ပြောပြတာပါ၊ စာရေးခြင်းအလုပ်မှလွဲ၍ ကျန်တာတွေ စိတ်မဝင်စားကြောင်းပါ၊ အချစ်ဝတ္ထုတွေ ရေးတဲ့အခါများမှာ မိန်းကလေးတစ်ယောက် ရှိသင့်တဲ့ ငါးရံ့ကိုယ်လုံး၊ ပါးချိုင့်အပြီး၊ ဆံထုံးဆိုတာလေးတွေကို လက်ဖက်ရည်ဆိုင်ထဲကနေကြည့်ပြီး ရင်ထဲမှာသိမ်းထားပြီးမှ စာရေးတာပါ၊ ဒါကလည်း ကုန်ကြမ်းရှာတဲ့သဘောပါခင်ဗျာ၊ အခုအချိန်ထိ မှတ်ကျောက်တင်ခံရဲပါတယ် ယမမင်းကြီးခင်ဗျာ''

ယမမင်းကြီး ကျွန်တော့်ကို စေ့စေ့ကြည့်သည်။ စာအုပ်ကြီးကို ပိတ်လိုက်ပါသည်။ ပြီးမှ ကျွန်တော့်အနားတွင်ရပ်နေသော ရုပ်ဆိုးနှစ်ယောက်ကို အမိန့်ပေးလိုက်ပါသည်။

''ဒီစာရေးဆရာကို ငရဲကြီးရှစ်ထပ်ထဲ ခေါ်သွားပြီးပြလိုက်ကွာ၊ ဩော်...မောင်မင်း စာရေးဆရာ ပါဒသျှင်၊ လူပြည်မှာ သင်လုပ်နေတဲ့ပရဟိတလုပ်ငန်းတွေကြောင့် လည်းကောင်း၊ နေ့စဉ် ရဟန်းသံဃာတော်တွေကို ဆွမ်းလောင်းနေတာကြောင့်လည်းကောင်း၊ လူကြီးသူမတွေကို ရိုသေလေးစား လုပ်ကျွေးနေမှုတွေကြောင့် ငရဲမှလွတ်သည်ဟု ဆိုရမည်၊ သို့သော် လူပြည်ပြန် ရောက်လျှင် ဒါန သီလ ဘာဝနာကို မေ့လျော့နေလျှင်တော့ ဒီနေရာက Welcome ကြိုဆိုနေမယ်ဆိုတာ မမေ့လေနဲ့ ကြားလား''

မှန်ပါတယ် ယမမင်းကြီးခင်ဗျာ၊
ရုပ်ရှင်မင်းသားနီးနီးချောတဲ့
ကျွန်တော် ရုပ်ရှင်မရိုက်ဘဲ
စာရေးဆရာလုပ်တာပါ၊
သဘောကို ပြောပြတာပါ၊
စာရေးခြင်းအလုပ်မှလွဲ၍
ကျန်တာတွေ
စိတ်မဝင်စားကြောင်းပါ၊
အချစ်ဝတ္ထုတွေ ရေးတဲ့အခါများမှာ
မိန်းကလေးတစ်ယောက် ရှိသင့်တဲ့..



''ဟုတ်ကဲ့ပါ ယမမင်းကြီးခင်ဗျာ''

ရုပ်ဆိုးနှစ်ယောက်မှာ ကျွန်တော့်ကို ငရဲကြီးရှစ်ထပ်သို့ တစ်ထပ်ချင်း၊ တစ်ထပ်ချင်း လိုက်ပြပါတော့လေသည်။

■ ■ ■ ■ ■ ■ ■

အခန်း(၃)

''ရေ...ရေ...ရေ ပေးပါ''

''သတိရလာပြီဟေ့၊ သတိရလာပြီ''

ကျွန်တော့်ဘေးနားတွင် လူတွေအုံလို့နေပါသည်။ တစ်ယောက်ချင်းဆီ ကြည့်မိလိုက်သည်။ ကွမ်းလေးတမြှိုမြှိုဖြင့် မောင်နီမိုင်း(ကျောက်တန်း)၊ ဆရာကြီးမှော်ဝန်းဝင်းမြတ်၊ ဆရာကြည်မင်းဟန်၊ ဆရာချစ်အဖေခေသူမဟုတ်၊ ဆရာမောင်သုန်၊ နီသင်အောင်ကျော်မိုး၊ ကဗျာဆရာများ၊ ရေးဖော်ရေးဖက်များ၊ အယ်ဒီတာများ၊ အသိမိတ်ဆွေများကို တွေ့လိုက်ရပါသည်။

''သွေးတိုးတာများသွားပြီး မေ့သွားတာ၊ အခု ဆေးရုံမှာလေ''

''ဟုတ်ကဲ့၊ အားလုံးကို ကျေးဇူးတင်ပါတယ်''

''နားနားနေနေ နေပါကွ၊ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး''

ဆရာများက အားပေးစကားပြောသည်။ ကျွန်တော်မှာ ခေါင်းထဲ ငြီးဆူဆူဖြစ်နေသေးသည်။ ဆရာများကတော့ ကျွန်တော့်နံဘေးတွင် တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ ကျွန်တော်စိတ်မဝင်စား။ ကျွန်တော်ခဏာတာရောက်ခဲ့သည့် ယမမင်းအကြောင်း ပြောပြလျှင် 'ကြံကြံဖန်ဖန်ကွာ' ဟု အသောလေးများ ကြားရဦးပေမည်။ စာရေးဆရာ လုပ်ချလိုက်ပြန်ပြီဟု အသိမိတ်ဆွေများ ပြီးတုံ့တုံ့ဖြင့် ပြောကြမည်လားဆိုသည်ကို ကျွန်တော်တွေးကြည့်နေမိပါသည်။

သို့သော်...

ဘာပဲပြောပြော ပြောရပေဦးမည်။ ပြောကို ပြောပြရမည်သာဖြစ်သည်။ နေကောင်းအောင်တော့ စောင့်နေမိပါတော့သတည်း။

သန်းဝင်းထွန်း(ဆွာ)

ရွာကဲ့စကားပြောကား တိမ်တောစိုးဇော် ဖြိုးမှားခဲ့ဆောသာသံစဉ်လေးတို့...



မက်ထရိထဲက ထွက်လာလာပြီးပြီးချင်း ဆာနေတဲ့ဗိုက်က ပိုဆန္ဒပြလာသည်။ တစ်ထွာသောဝမ်းက အဆောင်ထိရောက်အောင် တောင့်မခံနိုင်တော့သည်မို့ ဘူတာအထွက် မက်ဒေါနယ်ဆိုင်မှာ ဝင်တန်းစီလိုက်သည်။ ကိုယ့်ရှေ့မှာ လူ ၅ ယောက်တော့ ရှိသေးသည်။ ဘေးတစ်ဖက်က မုန့်ဆိုင်တန်းမှာလည်း တန်းစီနေသူတွေက ၁၀ ယောက်လောက်ရှိသည်။ အမှတ်တမဲ့ကြည့်လိုက်မိသည့် ဘေးချင်းကပ် တန်းစီနေသူများထဲတွင် ရင်းရင်းနှီးနှီးမြင်ဖူးနေသော ခန္ဓာကိုယ်အချိုးအစားတစ်ခု၊ ပိုသေချာစေတာကတော့ အမျိုးသမီးဒေါက်မြင့်ဖိနပ် အမည်းရောင်ထိပ်မှာ ငွေရောင်စတစ်ကာလေး ကပ်ထားခြင်းပင်။ ဆံပင်ကလည်း ဥရောပသူတွေလို ရွှေအိုရောင်မဟုတ်ဘဲ အာရှသူတွေထားလေ့ရှိသည့် ပိတုန်းရောင်ကေသာမျိုး။ မျက်နှာကို တိုက်ရိုက်မတွေ့ရသေးခင်မှာပဲ ဖြစ်နိုင်ခြေရာခိုင်နှုန်းတစ်ခုက ကိုယ့်ဘက်မှာ အလေးသာ နေခဲ့သည်။ သူမအလှည့် ရောက်၍ မုန့်ထုပ်ကိုယူပြီး မိမိဘက်လှည့်လာတော့မှ...

''ရင်''

ခေါ်သံကြောင့် သူမအကြည့်တွေက အသံလာရာဆီသို့ရောက်လာခဲ့သည်။ ကျွန်တော့်ကိုတွေ့လိုက်သည်နှင့် သူမ မျက်ဝန်းလေးတွေ ဖျတ်ခနဲအရောင်လက်သွားသည်။ သူမ၏ ကိုယ်ပိုင်အပြုံးလေးဖြင့် လှမ်းပြုံးပြသေးသည်။

''ခဏစောင့်အုံး..ရင်''ဟုဆိုကာ လက်ကာပြပြီး မက်ဒေါနယ်နှစ်ခုနှင့် ကိုလာနှစ်ဘူးဝယ်လိုက်သည်။ ငွေရှင်းပြီးသည်နှင့် သူမဆီ ခပ်သုတ်သုတ်ကူးခဲ့မိသည်။

''ညီ ပြန်ရောက်လာတာ ငါမသိလိုက်ဘူးလေ၊ မင်းကမှ မဆက်သွယ်တာ၊ ဒါပေမဲ့လည်း ဝမ်းသာပါတယ်ညီ''

သူမဆီက ကြိုဆိုမှုနှင့်အတူ ဖြေရှင်းချက်သဘောမျိုး

ဆောင်းဦးပေါက်ရာသီနှင့် ယှဉ်တွဲလှုပနေသော ကျောင်းကြီးရှေ့တွင် ဟိုစဉ်တုန်းက ကျွန်တော်တို့နှစ်ယောက် ပျော်ရွှင်ကြည်နူးစွာ ကျောင်းတက်ခဲ့ကြသည်မဟုတ်လား။ အခုလည်း စက်တင်ဘာလ ဆောင်းဦးပေါက်ရာသီမို့ ကျောင်းရှေ့သစ်ပင်က သစ်ရွက်တွေသည် ဝါကျင်ကျင်ဖြစ်နေကြလေသည်။

တောင်းခံလာသော အမေးမျှားကြောင့် ကျွန်တော် ဘာပြန်ဖြေရမှန်းပင် မသိတော့။ ရုတ်တရက် အငိုက်မိသလိုဖြစ် သွားသည်။

''မဟုတ်ဘူး ရင်၊ ငါ ရုတ်တရက်ပဲ ပြန်လာဖြစ်တာ၊ ကြိုတင်မစီစဉ်ထားမိဘူး၊ ဒါကြောင့် မင်းကိုလည်း ပြောမပြဖြစ်တာပါ''

အမှန်တကယ်လည်း ရုတ်ချည်းပြန်လာသည့် ခရီးစဉ်ဖြစ်ခဲ့သည့်တိုင် တရားခံတစ်ဦးလို မလုံမလဲဖြေလိုက်မိသလားပင် မသိ။ ကိုယ့်ဘက်က မှန်ကန်နေသည့်တိုင် ပြန်ရောက်ရောက်ချင်း သူမကို မဆက်သွယ်မိခဲ့သည်ကိုက သူမစိတ်ထဲ တစ်ခုခုကို စိုးထင့်စရာဖြစ်သွားပြီလား မပြောတတ်ပေ။

''အခုရော အရင်အဆောင်မှာပဲလား ညီ''

''အင်း···အဲဒီမှာပါပဲ၊ အထပ်တော့ ပြောင်းသွားတာပေါ့''

ပိန်သည်ဟုဆိုနိုင်သော သူမခန္ဓာကိုယ်သည် ယခင်အတိုင်းရှိဆဲဖြစ်ပြီး ဆံနွယ်လေးတွေကတော့ ပို၍ရှည်လာသည်။

''မင်းလည်း အိမ်ပြန်သွားတယ်ထင်လို့ ငါ ချက်ချင်းမဆက်သွယ်ဖြစ်တာပါ ရင်၊ ငါ ပြန်ရောက်တာလည်း တစ်ပတ်ပဲရှိသေးတော့ ကျောင်းတက်ဖို့နဲ့ စာရွက်စာတမ်းတွေ စီစဉ်နေရတာကြောင့် အလုပ်တွေများနေတယ်လေ၊ မင်းကိုပြန်တွေ့ရလို့ ငါသိပ်ပျော်တယ်''

မက်ဒေါနယ်စားရင်း သူမပြုံးသည်။ ထို့နောက် ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး–

''ဒါကမင်းရဲ့ဆင်ခြေလား၊ အကြောင်းပြချက်လား ညီ''လို့ ဆိုလာသောအခါ–

''ဟ–ဟ···နိုး··နိုး၊ မဟုတ်ရပါဘူး ရင်၊ အဲဒါ အမှန်တရားပါ''

ကျွန်တော့်ရင်ထဲက အမှန်တရားကို သူမ ကျေနပ်သွားပုံရသည်။

''ငါ မင်းကို အဆောင်ထိလိုက်ပို့မယ်လေ၊ ဘတ်စ်ကားမစီးဘဲ လမ်းလျှောက်ကြမယ်၊ မင်းလျှောက်နိုင်သေးတယ်မလား ရင်''

သူမက ပတ်ဝန်းကျင်ကိုကြည့်ရင်း–

''အခုပဲ လမ်းတစ်ဝက်လောက်ရှိပြီမလား၊ ငါလျှောက်နိုင်ပါတယ်၊ မင်း အချိန်ရလို့လား''

''ရပါတယ်''

ကိယက်ဖ်ဘူတာကနေ သူမတို့ အဆောင်ထိ မိနစ် ၃၀ တိတိလမ်းလျှောက်ရသည်။ ကျွန်တော်တို့အဆောင်ကိုတော့ မိနစ် ၂၀ မျှသာ လျှောက်ရသည်။ ဘူတာနဲ့ အဆောင်ကြားမှာ ကျွန်တော်တို့တက်ရတဲ့ တက္ကသိုလ်ရှိသည်။ တက္ကသိုလ်ရှေ့ရောက်တော့–

''လှလိုက်တဲ့ တက္ကသိုလ်ကြီးပဲနော်''

ဟု သူမက ဂုဏ်ယူဝံ့ကြွားစွာ ဆိုလာသည်။ ဆောင်းဦးပေါက်ရာသီနှင့် ယှဉ်တွဲလှုပနေသော ကျောင်းကြီးရှေ့တွင် ဟိုစဉ်တုန်းက ကျွန်တော်တို့နှစ်ယောက် ပျော်ရွှင်ကြည်နူးစွာ ကျောင်းတက်ခဲ့ကြသည်မဟုတ်လား။ အခုလည်း စက်တင်ဘာလ ဆောင်းဦးပေါက်ရာသီမို့ ကျောင်းရှေ့သစ်ပင်က သစ်ရွက်တွေသည် ဝါကျင်ကျင်ဖြစ်နေကြလေသည်။ မကြာမီ ကြွေကြပြီး ပင်လုံးကျွတ် နှင်းရည်နှင်းစက်တို့နဲ့ ဖုံးလွှမ်းတော့မည်ဖြစ်သည်။ ဖန်မီလီယာပန်းခြံရှေ့ရောက်သောအခါ–

''မင်း ပန်းခြံထဲထိုင်အုံးမလား ရင်''

သူမ ညောင်းမှာစိုး၍ ကျွန်တော်မေးလိုက်သော်လည်း···

''ရပါတယ်၊ မင်းလည်းပြန်ရအုံးမှာ၊ နောက်နေ့မှ တို့ဆုံကြတာပေါ့''

ရင်က အလိုက်တသိပြန်ဖြေသည်။ ညနေ ၆ နာရီထိုးပြီမို့ ပန်းခြံထဲမှာ လူစုံနေကြသည်။ မြင်စီးလေ့ကျင့်သူတွေက ကျင့်နေကြသလို၊ ဘက်စ်ကတ်ဘောကစား သူတွေကလည်း ကစားနေကြသည်။ ခွေးကျောင်းသူတွေကိုလည်း တွေ့နေရသလို၊ ကလေးတချို့ကလည်း စက်ဘီးကို စတန့်ထွင်အစီးပြိုင်နေကြသည်။ ဟိုစဉ်တုန်းကတော့ ဒီပန်းခြံကြီးထဲကို ရင်နဲ့ဖြစ်စေ၊ တစ်ယောက်တည်းဖြစ်စေ ရောက်လာခဲ့ဖူးသည်။ စာမေးပွဲကာလနီးလျှင် ဒီပန်းခြံထဲမှာ စာလာကျက်သည်။ အဆောင်မှာပဲ အကြာကြီးနေလာရတော့ ငြီးငွေ့သည်။ ပန်းခြံထဲမှာကျတော့ လွတ်လပ်မှုများနှင့် အာရုံတွေလန်းဆန်းသည်။ လေကောင်းလေသန့်လည်းရသည်။ မြင်တွေ့ရသမျှ ပန်းခြံထဲက သစ်ရွက်အားလုံးသည်လည်း အဝါရောင်လိုက်ပြီး ဆောင်းဦးကိုကြိုဆိုနေကြပြီဖြစ်သည်။ နွေဦးနှင့် ဆောင်းဦးရာသီ သစ်ပင်ပန်းမန်များ၏ အလှသည် ကျွန်တော်တို့အတွက် အလှပဆုံးဟုခံစားမိသည်။ နွေဦးမှာ သစ်ရွက်များအားလုံး နုပျိုစိမ်းစို နေကြပြီး ဆောင်းဦးမှာတော့ လိမ္မော်ရောင်သန်းစပြုနေသော သစ်ပင်များ၏အလှကို တွေ့ကြရပြန်သည်။ စကားပြောရင်း သူမတို့ အဆောင်ရှေ့သို့ ရောက်လာခဲ့သည်။

''ညကျရင် လိုင်းဖွင့်ထားလိုက်ပါ ရင်''

သူမက ခေါင်းညိတ်ပြပြီး ''ကျောင်းမှာ ဆုံမယ် ညီ'ဟု လက်ပြန္ဓတ်ဆက်သည်။

''ရင်···''

အဆောင်ထဲဝင်မည်ပြုသော သူမကို နောက်ပြန်လှည့်ကာ ကျွန်တော့်ကိုပြုံး၍ ကြည့်သည်။

''ငါ···သိပ်ပျော်ပါတယ်၊ ဘာကြောင့်လဲ မင်းသိတယ်မဟုတ်လား''

ပို၍လေးနက်ပြီး ရင်ခုန်သံတွေ ယှက်နွယ်နေသော သူမ၏အပြုံးသည် ဒီတစ်ခါ ပိုအသက်ဝင်နေခဲ့သည်။ သူမ၏အပြုံးတွင်

လွန်ခဲ့သော ၄ နှစ်ဝန်းကျင်ကလို နှင်းဆီရောင်တွေ လွှမ်းနေသေးသလိုပင်။

✦ ✦ ✦ ✦ ✦ ✦ ✦

လွန်ခဲ့သော ၄ နှစ်က ရုရှားမြေသို့ ကျွန်တော်ရောက်ရှိခဲ့သည်။ မော်စကိုမြို့ရှိ တက္ကသိုလ်ကြီးတစ်ခုတွင် ကျောင်းတက်ခွင့် ရခဲ့ရာမှ ပထမနှစ်အစတွင် ဒုရင်သီထန်ဟူသော သူမနှင့် စတင်ဆုံတွေ့ခဲ့ခြင်းပင်။

''ကျောင်းသားအသစ်နှစ်ယောက် ထပ်ရောက်မယ်၊ သူငယ်ချင်းတွေလိုနေပြီး ကူညီကြပါ''ဟူသော ဆရာမ၏တိုက်တွန်းချက်စကားကို မရခင်ကတည်းက ကျွန်တော်တို့အားလုံး ထိုကျောင်းသားသစ်များ အပေါ် စိတ်ဝင်တစားရှိခဲ့ကြပါသည်။ မြန်မာကျောင်းသားတွေချည်း သင်ရသောအခန်းထဲတွင် နိုင်ငံခြားသားနှစ်ယောက် ထပ်ရောက်လာမည်ဆိုတော့ အပြောင်းအလဲဖြစ်တာပေါ့ဟု သူငယ်ချင်းအားလုံးက တစ်လေသံတည်း ထွက်ခဲ့ကြသည်။ တကယ်ရောက်လာတော့လည်း မောင်နှမနှစ်ယောက်ဖြစ်နေသည်။ သူတို့ရောက်တဲ့နေ့မှာပဲ ဆရာမကြီးက အားလုံးနဲ့မိတ်ဆက်ပေးသည်။ စာသင်ရက်များ တဖြည်းဖြည်းကြာလာသောအခါ–

''မင်းတို့က ပျင်းတွေပဲ၊ သူတို့နှစ်ယောက်ကမှ တကယ်ကြိုးစားကြတယ်''ဟု၍ ဆရာမကြီး ဆားရှာက ထောမနာပြုလာတော့သည်။ တကယ်လည်း ရင်နဲ့သူမ၏ အစ်ကိုသည် ကျွန်တော်တို့အားလုံးထက် စာကိုပို၍ အလေးထားသူများဖြစ်ခဲ့ပါသည်။ သူမနာမည်ကိုလည်း ခေါ်ရလွယ်ကူအောင် သူမတို့အချင်းချင်းခေါ်သည့် အတိုင်း 'ရင်'ဟုသာ အတိုကောက်ခေါ်ဖြစ်ခဲ့ကြသည်။

''ဆရာမကြီး ပြောတဲ့အထဲမှာ မင်းနဲ့သက်ခိုင်တို့ မပါဘူးထင်တယ်နော်၊ မင်းတို့က စာကြိုးစားသူတွေပါ''

ပထမဆုံး ရင့်ဆီက အသိအမှတ်ပြုစကား ကြားရတော့ ကျွန်တော်ဝမ်းသာမိခဲ့သည်။ သင်ခန်းစာနားတဲ့အချိန်တွေမှာ တတ်သလောက်၊ မှတ်သလောက် ရုရှားစကားလေးတွေနဲ့ ကျွန်တော်နဲ့ရင် စကားပြောဖြစ်ကြသည်။ ဘာသာစကားကို အလေးထားသင်ယူခဲ့သူမို့ တခြားသူများထက်စာလျှင် ကျွန်တော်က ရင်နဲ့ ပိုရင်းနှီးခဲ့သည်ပဲ ပြောရမည်။

''မင်းတို့ နိုင်ငံတွေမှာ မိဘတွေက သားသမီးတွေကို ငယ်ငယ်ရွယ်ရွယ်ထဲက အရာအားလုံး မပြောပြလို့ဖြစ်မယ်၊ ဖိုမအကြောင်း ပညာပေးဆွေးနွေးသင့်တာတွေကို အဖေ၊ အမေ ခွဲပြီး ပြောနေလို့မရဘူးလေ၊ ပြောသင့်ဆုံးမသင့်တာကို အရွယ်မရောက်ခင်ကတည်းက ပြောဆိုထားမှ သားသမီးတွေက ရှောင်ကြဉ်နိုင်မှာပေါ့၊ ငါသိရသလောက် တချို့ကိစ္စတွေဆို အဖေတွေက သမီးတွေကိုမပြော၊ အမေတွေက သားတွေကိုမပြောတော့ ကလေးတွေက မသိကြဘူး၊ တကယ်လို့သာ အဖေနဲ့အမေ တစ်ယောက်ယောက်မရှိတဲ့အိမ်တွေမှာ ဘယ်သူက အိမ်ထောင်ရေးအကြောင်းတွေ ဆုံးမကြမလဲ၊ ကျန်းမာရေးနဲ့ဆိုင်တဲ့ ဆရာဝန်တွေ တခြားဌာနတွေကပဲ ပညာပေးဆွေးနွေးစရာလို့ မြင်လို့မရဘူး၊ ကိုယ့်မိသားစုအချင်းချင်း ပွင့်ပွင့်လင်းလင်းပြောဆိုမှ မိန်းကလေးတွေလည်း ဆောင်ရန်ရှောင်ရန်တွေ သိရမယ်''

ဆရာမကြီးက ကျွန်တော်တို့နိုင်ငံတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အရွယ်မရောက်သေးခင် ကိုယ်ဝန်ဆောင်တာတွေ၊ သမီးရည်းစားတွေကြားက ဖြစ်လေ့ရှိတဲ့သဘာဝတွေကို ပွင့်ပွင့်လင်းလင်းပြောပြတဲ့နေ့က ယောကျ်ားလေးတွေက ခေါင်းတွေမော့နေခဲ့ပြီး ရင်ကတော့ ခေါင်းလေးငုံ့ မျက်နှာလေး



ရဲလျက် ရှိနေခဲ့သည်။ ထိုနေ့က အတန်း ဖော်တွေနှင့်ပင် စကားမပြောနိုင်ခဲ့သော သူမရဲ့ အရှက်အကြောက်ကြီးပုံလေးကို ကျွန်တော် သဘောကျမိခဲ့သေးသည်။ ဒုတိယနှစ်ဝက် အစမှာပဲ–

''မင်းနဲ့ ရင်က အခြေအနေဘယ်ထိ ရောက်ပြီလဲ''

သူငယ်ချင်းတွေက တိုင်ပင်ညှိထား သလား အောက်မေ့ရလောက်အောင် ပြိုင်တူလေသံထွက်လာကြသည်။ ကျွန်တော် ဘာပြန်ဖြေရမှန်းပင် မသိခဲ့ချေ။ ကျွန်တော်နဲ့ ရင်ကြားမှာ ချိုမြိန်တဲ့ ဆက်ဆံရေးလေးတစ်ခု တည်ဆောက်ခဲ့တာတော့ မှန်ပါသည်။ သို့သော် သူတို့ထင်သလို အဆင့်မျိုးတော့ မဟုတ်ကြသေး။

''ဟား···ဒီထက်မပိုပါဘူးကွာ၊ ရိုးရိုးပါပဲဟ''

ဒီစကားက လိမ်တာလား၊ ကြည့်ကောင်းအောင် ပြောတာလားဆိုတာတော့ ကိုယ်တိုင်မသဲကွဲခဲ့ပေ။ တကယ်တမ်း ရင်နဲ့ ဆုံစည်းခဲ့ကြတွေများမှာတော့ ကျွန်တော် ပျော်သည်။ ကြည်နူးချမ်းမြေ့သည်။ သူမသည် ကျွန်တော့်အတွက် အေးချမ်းမှုတွေ ယူဆောင်လာသလို ခံစားရသည်။ တစ်နေ့ ကျောင်းပွဲတော်တစ်ရက်တွင် ကျွန်တော်နဲ့ ရင် ကျောင်းရှေ့မှာ စကားပြောနေတုန်း ရင့် သူငယ်ချင်း ဗီယက်နမ်အမျိုးသားတစ်ဦးက သူမကို တစ်ခုခုမေးပုံရသည်။ သူတို့ အချင်းချင်း ဗီယက်နမ်စကားဖြင့်ပြောသော်လည်း–

''မဟုတ်ပါဘူး၊ ကျွန်တော်က ရင်ရဲ့ မိတ်ဆွေပါ''လို့ ရုရှားလိုပြောလိုက်တော့ ထို သူငယ်ချင်း အံ့သြသွားသည်။

တကယ်တော့ ကျွန်တော်က ထိုသူရဲ့ မျက်နှာရိပ် မျက်နှာကဲကိုသုံးသပ်ပြီး ခန့်မှန်းပြောလိုက်ခဲ့ခြင်းဖြစ်၏။ ပွဲလမ်းသဘင်မှာ ယောကျ်ားပျိုနဲ့ မိန်းမပျိုနှစ်ယောက် တည်းရှိသည်မို့ သူကလည်း သူ့အထင်ကို မေးလိုက်ခြင်းဖြစ်ပါလိမ့်မည်။ မည်သို့စတမ်း ဝန်ခံရလျှင်တော့ ကျွန်တော်လည်း ရင့် အပေါ် တိမ်းညွတ်မိပြီဟု ဝန်ခံရပေမည်။ ထိုနှစ်အတွင်း ဆရာမလိုက်ပို့သော လေ့လာရေးခရီးများအပြင် အလှည့်သင့်သလို ရင်နဲ့လည်း မော်စကိုမြို့တွင်း လည်ပတ် ဖြစ်ခဲ့ကြသည်။

''အကြိုက်ဆုံးနံပါတ်က ဂျ ဖြစ်ချင် တာက ပရိုဂရမ်မာ''လို့ သူမရဲ့ ဝါသနာကို ပြောလာတော့ အကြိုက်ချင်းတူတဲ့ နံပါတ် ဂျ ကြောင့် ကျွန်တော်ရယ်မိခဲ့သေးသည်။

''ဒီမှာက ပညာသင်ရုံသက်သက်ပါပဲ ညီ၊ အချိန်တန်ရင်တော့ ကိုယ့်နိုင်ငံကိုပြန် ပြီး အလုပ်အကျွေးပြုရမှာပေါ့၊ နိုင်ငံတော်က စေလွှတ်လို့ တာဝန်တစ်ရပ်အနေနဲ့ ရောက်လာတယ်၊ ဒါကိုအသုံးချပြီး ကိုယ့် အတွက် အကျိုးရှိအောင် ပညာသင်သလို၊ တတ်ခဲ့တဲ့ပညာတွေနဲ့ နိုင်ငံကို ပြန်လုပ် ကျွေးရမယ်လေ''

တိုက်ဆိုင်စွာပဲ ရင်နဲ့ ကျွန်တော့်ရဲ့ ခံယူချက်တွေက တူညီနေခဲ့ကြပြန်သည်။ ဥရောပသူတွေကြားမှာ အရွယ်နဲ့မလိုက် အောင် အနေအထိုင် အပြောအဆိုတို့ တည်ငြိမ်ရင့်ကျက်လှသော ရင့်ကို ပို၍ လေးစားမိခဲ့ပြန်သည်။ ပထမနှစ် မကုန်ခင်မှာပဲ ကျွန်တော်တို့နှစ်ယောက်၏ ခင်မင်မှုသည် အခြားသူငယ်များ မှတ်ချက်ပေးရလောက်အောင် ဖြစ်ခဲ့လေသည်။ သူမ၏ မျက်ဝန်းမှတစ်ဆင့် ကျွန်တော့်အပေါ် လှုပ်ခတ်လာသော သံယောဇဉ်ကြိုးတွေကို ကျွန်တော်ရှောင်လွှဲနိုင်ဖို့ မကြိုးစားမိခဲ့ပေ။



ဒုတိယနှစ်အရောက်တော့ ကျွန်တော် တို့တွေ အတန်းကွဲသွားကြသည်။ တွေ့နေကျ၊ ဆုံနေကျကနေ အတန်းတွေကွဲသွား တော့ ရင်ထဲမှာ ကွက်လပ်ကြီးတစ်ခု ဖြစ် နေသလို ခံစားရသည်။ အတန်းအားတဲ့ အချိန်တွေမှာ ဆုံနိုင်အောင်ကြိုးစားကြ သည်။ အတန်းတွေမတူတော့သည့်တိုင် အခါသင့်တိုင်း သူမအဆောင်သို့ ပြန်ပို့ပေး သည်။ ဖန်မီလီယာပန်းခြံထဲမှာထိုင်ပြီး စကားတွေပြော၊ စာတွေဆွေးနွေးကြသည်။ ကျွန်တော်ကိုယ်တိုင် သူမမျက်ဝန်းတွေကို သိရှိနားလည်နေခဲ့ပြီမို့ ရင်သည်လည်း ကျွန် တော့်မျက်ဝန်းပုံရိပ်တွေကို ခံစားနားလည် ပေလောက်မည်ဟု ကျွန်တော်တွေးမိသည်။

✦ ✦ ✦ ✦ ✦ ✦ ✦

တိုးတက်လာခဲ့သော ခေတ်ရေစီးကြောင်း နည်းပညာသည် ကျွန်တော့်နှလုံးသားကို လန်းဆန်းစေသည်လား၊ ဒွိဟတွေ ဖြစ်စေသည်လားတော့ မပြောတတ်ခဲ့ပေ။

''ငါ နင့်အကောင့်ကို ပေးလိုက်တယ်''

ဟူသော မြန်မာပြည်မှ အသိအစ်မ တစ်ယောက်၏ သတင်းပို့မှုသည် သွေးအေးနေသော ကျွန်တော့်နှလုံးသားတွေကို ပြန်လည်အနွေးငွေ့ ပေးလိုက်သကဲ့သို့ပင်။ တကယ်ဆို ကျွန်တော်က အတိတ်ကို မော်စကိုနှင်းတွေနဲ့အတူ အရည်ပျော်ဖို့ ကြိုးစား နေခဲ့သူပင်၊ ပျော့ပျောင်းလှသော မာန တစ်ခုသည် ချစ်ဦးသူအပေါ် အနိုင်မရခဲ့ သလို၊ အချိန်ဆိုတဲ့ သမားတော်ကြီးက လည်း လုံးလုံးလျားလျား ပျောက်ကင်းခွင့် မပေးခဲ့ပေ။

''လှိုင် အခု ကွန်ပျူတာသင်တန်း တက်နေတယ်၊ အဖေ့ရဲ့စည်းကမ်းတွေကို လှိုင်တို့ တစ်သက်လုံးနာခံခဲ့ရတာမို့ ညီ့ အပေါ်မှာ လှိုင် မတရားခဲ့သလိုဖြစ်ခဲ့တာပါ၊ အဖေ့ကို စိတ်မဆင်းရဲစေချင်သလို၊ ညီ့ကိုလည်း မနာကျင်စေချင်ပါဘူး၊ ညီ နိုင်ငံခြားသွားခါနီးတုန်းက ဖြစ်ရပ်တွေအတွက် လှိုင် တောင်းပန်ပါတယ်''

ချစ်ရသူ လှိုင့်ဆီကရောက်လာတဲ့ Message လေးကြောင့် ကျွန်တော် ဝမ်းသာခဲ့ရပါသည်။ လှိုင်က အမှန်တရားကို နားလည်လက်ခံလာပြီဆိုတော့လည်း ကျွန်

သူမ သွားလိုသည့်နေရာတွေ၊ ဖြစ်ချင်သည့်အရာတွေကိုတော့ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့ရင်း ကျောင်းတက်ချိန်တွေကို ကုန်လွန်စေခဲ့ပါသည်။ ဖြူစင်ရိုးသားလှတဲ့ သူမမျက်ဝန်းတွေနဲ့ အကြည့်ချင်းဆုံရမှာကို တဖြည်းဖြည်း ထိတ်လန့်လာခဲ့သည်။

တော့်ဘက်က တင်းခံနိုင်စွမ်းမရှိတော့ပေ။ ပညာကိုလိုလားသူနှင့် ဓနဥစ္စာကို ရှေ့တန်းတင်သူ မိသားစုအကြားမှာ မပြတ်သားတဲ့ လှိုင့်ရဲ့ဆုံးဖြတ်ချက်တွေကို လျစ်လျူရှုပြီး ကျွန်တော် ပညာတော်သင်ထွက်လာခဲ့သည်။ လှိုင်ကလည်း ကျွန်တော်ဆက်သွယ်သည်အထိ စောင့်နေပုံရသည်။

တကယ်တော့ ကျွန်တော်ကိုယ်တိုင်သည်လည်း လှိုင့်ကိုဆက်သွယ်ချင်ပေမယ့် ပညာမာနကို ယောကျ်ားမာနက ထပ်ပေါင်းခဲ့သည်မို့ လက်ရှိဘဝထဲမှာ ပျော်အော် ကြိုးစားခဲ့သည်။ ရင်နဲ့ ပျော်ရွှင်ကြည်နူးမှုတွေ အသစ်တစ်ဖန်မွေးဖွားဖို့ ကြိုးစားနေချိန်မှာပဲ လှိုင်က နှိုးတစ်ဝက် အိပ်မက်ထဲ ဝင်လာခဲ့ပြန်သည်။ ဒါတွေနဲ့ ပတ်သက်ပြီး ချစ်သူတစ်ဦးရှိခဲ့ဖူးကြောင်း ရင့်ကို ပြောပြခဲ့ဖူးသည်။ အကြောင်းမတိုက်ဆိုင်၍ ဝေးခဲ့ကြသည်ဟုလည်း ရင်ဖွင့်ခဲ့ဖူးသည်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကိုတော့ ရင့်ကို ဖွင့်ပြောပြဖို့ ကျွန်တော် တွန့်ဆုတ်နေမိသည်။ လှိုင်နဲ့ပြန်ဆုံပြီး ကတည်းက ကျွန်တော့်စိတ်တွေ ကျောင်းတက်ခါစကလို မဟုတ်တော့ပေ။ တစ်ခုခုက ချည်နှောင်ထားသလို ခံစားမိသည်။

''ကျောင်းပိတ်ရက် ဒီနှစ် အိမ်ခဏပြန်ဖြစ်မယ် ညီ''

''ငါတော့ မင်းကို သတိရနေမှာပါ ရင်''

ဒုတိယနှစ်ပြီးတော့ ရင်က ဗီယက်နမ်ကို ခဏပြန်သွားသည်။ ၂နှစ်တိတိ ခင်မင်ရင်းနှီးမှုတွေ အပိုဆောင်းခဲ့ကြသူတွေမို့ တစ်ဦးနဲ့တစ်ဦး သတိတရရှိကြသည်မှာ အဆန်းတော့မဟုတ်ခဲ့ပေ။ ဗီယက်နမ်ရောက်တော့လည်း ကျွန်တော်နဲ့ Mail က တစ်ဆင့် စကားတွေပြောဖြစ်သည်။ နှလုံးသားထဲကို လှိုင် တစ်ကျော့ပြန်ဝင်ရောက်လာသည့်နေ့မှစ၍ ရင့်အပေါ်မှာ ကျွန်တော် ဖြူနိုင်အောင်ကြိုးစားခဲ့သည်။ သူမ သွားလိုသည့်နေရာတွေ၊ ဖြစ်ချင်သည့်အရာတွေကိုတော့ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့ရင်း ကျောင်းတက်ချိန်တွေကို ကုန်လွန်စေခဲ့ပါသည်။ ဖြူစင်ရိုးသားလှတဲ့ သူမမျက်ဝန်းတွေနဲ့ အကြည့်ချင်းဆုံရမှာကို တဖြည်းဖြည်း ထိတ်လန့်လာခဲ့သည်။

တတိယနှစ် ကျောင်းတွေပြန်မဖွင့်ခင် ဩဂုတ်လ ဒုတိယအပတ်ထဲမှာ ရင်တို့မောင်နှမ ဗီယက်နမ်က ပြန်ရောက်လာကြသည်။ ရောက်ရောက်ချင်း ရင့်ဆီက ထူးဆန်းဖွယ်စကားကို ကြားရသည်။

''ငါတို့တွေက အကြောင်းသင့်လို့ ဒီနေရာမှာ လာဆုံကြတာနော်၊ အချိန်တန်



တော့လည်း ကိုယ့်တိုင်းပြည်ကို ပြန်ကြရတာပါပဲ၊ ဘာပဲဖြစ်ဖြစ် ငါကတော့ ညီ့ကို သတိရနေမှာပါ''

''ထူးဆန်းပါလား ရင်၊ ဘာဖြစ်လို့လဲ''

''အပြန်ခါတုန်းက လေယာဉ်ပေါ်မှာ တွေးမိလို့ပါ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ငါတို့က ကိုယ့်တိုင်းပြည်၊ ကိုယ့်မိသားစုနဲ့ပဲ အခြေချရမယ်မဟုတ်လား၊ ဒါပေမဲ့လည်း တစ်ခါတလေကျတော့ ငါတို့ဆရာမလို စွန့်စားလို့ရတာပဲနော်''

သူမရင်ထဲက ဆန္ဒအမှန်ကို ရင်က အကောင်အထည်ဖော်လိုစိတ်နဲ့ ဆရာမဆားရှာကို နမူနာထားလိုပုံရသည်။ ပထမနှစ်တုန်းက စာသင်ပေးတဲ့ ဆရာမ ဆားရှာအမျိုးသားက ရုရှားနိုင်ငံသားဖြစ်ပြီး၊ ဆရာမက ပိုလန်သူဖြစ်သည်။ ဆရာမကိုယ်တိုင် သျှောင်နောက် ဆံထုံးပါခဲ့သည်မှာ သူမတို့သား တက္ကသိုလ်ပထမနှစ်ပင် ရှိခဲ့လေပြီ။ ရင့်ဆီမှ စကားတွေကိုကြားသော်လည်း ကျွန်တော် ဘာမှတ်ချက်မျှ မပြုဖြစ်ခဲ့ပေ။ နောက်ဆုံးနှစ် စာတမ်းဖတ်ပြီး၍ ဘွဲ့ယူတဲ့နေ့က သူမမျက်နှာလေး သိသာစွာ ညှိုးနွမ်းနေခဲ့သည်။ ရင်က Ph.D ဆက်တက်ဖို့ ရည်ရွယ်ချက်ဖြင့် ရုရှားမှာ ကျန်ခဲ့သည်။

''ငါမင်းကို သတိရနေမှာပါ ရင်''

တကယ်ဆက်သွယ်ဖြစ်ပါ့မလားဆိုတာ မသေချာပေမယ့် ဒီအချိန်မှာ သူမအတွက် အကောင်းဆုံးနှစ်သိမ့်စကားက သတိရနေပါမယ်ဆိုတာပဲ ဖြစ်သင့်ပါလိမ့်မည်။ သူမ ပြောခဲ့ဖူးတဲ့စကားလေးအတိုင်း အချိန်တန်တော့လည်း အိမ်ပြန်ရသူတွေပါဆိုတဲ့ ဖြေသိမ့်မှုနဲ့ ရင် နေနိုင်ပါစေလို့ ကျွန်တော် မျှော်လင့်ရင်း ပြည်တော်ပြန်ခဲ့ပါသည်။

✦ ✦ ✦ ✦ ✦ ✦ ✦

ကျွန်တော်ပေးလိုက်သော နှုတ်ဆက်လမ်းခွဲစာကို လှိုင်ရသော်လည်း သူမဘက်က ဘာမျှအကြောင်းထူးပြန်မလာခဲ့တော့ပေ။ လှိုင်နဲ့ကျွန်တော် မဆုံဖြစ်တဲ့ ကာလတစ်ခုအတွင်း အချစ်ထက်အရေးကြီးတဲ့ အရာတချို့ကို လောကကြီးက သူမကို သင်ပေးလိုက်ပြီဟု . . .

မြန်မာပြည်ပြန်ရောက်တော့ လှိုင်နဲ့ ဆုံဖြစ်သည်။ လှိုင်က အရင်တုန်းက လှိုင် မဟုတ်တော့ချေ။ အနေအထိုင်တွေက ပို၍ ခေတ်ဆန်တတ်လာသည်။ ဖခင်ဖြစ်သူ လမ်းခင်းပေးတဲ့ စီးပွားရေးလမ်းကြောင်း ပေါ်မှာ သူမ၏ ကိုယ်စွမ်းဉာဏ်စွမ်း ထပ် ပေါင်း၍ နယ်ပယ်တစ်ခုမှာ ဝင်ဆန့်သူ တစ်ဦး ဖြစ်ခဲ့လေပြီ။ ငွေရှာနိုင်သူတို့ရဲ့ ဓလေ့အတိုင်း စကားလုံးတွေက အပေါ်စီး က ဖြစ်ချင်လာသည်။

''ညီရယ်..မဖြစ်စလောက် လစာလေး နဲ့ အလုပ်ဝင်နေမယ့်အစား လှိုင်နဲ့အတူ ကိုယ်ပိုင်စီးပွားရှာရင် မကောင်းဘူးလား''

''တော်စမ်း လှိုင်၊ မင်းတို့သားအဖ တွေက တစ်ဦးကောင်း၊ တစ်ယောက် ကောင်း ကစားချင်တဲ့စိတ်ရှိသူတွေပဲ၊ ကိုယ့် အတွက်ပဲ ကိုယ်ကြည့်တတ်တယ်၊ ဒီအချိုး တွေကို အစကတည်းက မကြိုက်ခဲ့တာ၊ မင်းကို ပြင်လောက်ပြီလို့ ထင်ထားခဲ့တာ ငါမှားတာပဲ၊ ငါက ကိုယ်တတ်တဲ့ပညာ၊ ကိုယ်ရှာမှီးခဲ့တဲ့ ဗဟုသုတတွေနဲ့ ကိုယ့် တိုင်းပြည်အတွက် ပြန်လုပ်ကျွေးချင်သေး တယ်ကွ၊ ငါ့လစာက မင်းတို့ရှာတဲ့ တစ်ရက် စာ ဖြစ်ရင်ဖြစ်လိမ့်မယ်၊ ဒါပေမဲ့ ငါကျေနပ် တယ်၊ ဂုဏ်ယူတယ်လှိုင်၊ လောကကြီးမှာ ငါအမုန်းဆုံးက ကိုယ်ကျိုးတစ်ခုတည်း ကြည့်တတ်တဲ့သူတွေကိုပဲ''

ကြာကြာနေလျှင် မတည့်လေ့ရှိသော ကျွန်တော်နဲ့ လှိုင်တို့ရဲ့ ထုံးစံအတိုင်း မြန်မာ ပြည် ပြန်ရောက်ပြီး ၆ လအကြာမှာပဲ လှိုင် နဲ့ အချေအတင်ဖြစ်ကြပြန်သည်။ သာမန် အသေးအမွှား နားလည်မှုလွဲခြင်းလောက် ကို ကျွန်တော် ခွင့်လွှတ်ပေးခဲ့သော်လည်း ကိုယ်မြတ်နိုးတဲ့ ပညာကိုပါ စော်ကားလာ တော့ ထပ်မံသည်းခံလိုစိတ်တွေက ကျွန် တော့်ရင်ထဲမှာ နေရာမရှိတော့ပေ။

ချစ်ခြင်းမေတ္တာတရားတွင် ဥစ္စာဓန တွေ လွှမ်းမိုးပြီး မာနတွေ ခြေရာတိုင်းလာ သောအခါ ကျွန်တော် လှိုင့်ကို အပြီးပိုင် နှုတ်ဆက်လိုက်တော့သည်။ ကျွန်တော်ပေး လိုက်သော နှုတ်ဆက်လမ်းခွဲစာကို လှိုင်ရ သော်လည်း သူမဘက်က ဘာမျှအကြောင်း ထူး ပြန်မလာခဲ့တော့ပေ။ လှိုင်နဲ့ကျွန်တော် မဆုံဖြစ်တဲ့ ကာလတစ်ခုအတွင်း အချစ် ထက် အရေးကြီးတဲ့အရာတချို့ကို လောက ကြီးက သူမကို သင်ပေးလိုက်ပြီဟု ကျွန် တော် ယူဆလိုက်သည်။

''သားလည်း မငယ်တော့ဘူးပဲ၊ ပညာတွေလည်းစုံပြီ၊ အမေတို့ ပြောထား တဲ့ ကလေးမလေးနဲ့ နေရာချပေးချင်ပြီ ကွယ်''

လို့ ဆိုလာတဲ့ အမေ့စကားကို ငြင်း



ပယ်ခြင်းမပြုဘဲ ကျွန်တော် အသာတကြည် ခေါင်းညိတ်မိခဲ့သည်။ ထိုမိန်းကလေးနှင့် စေ့စပ်ပြီးသည့် သီတင်းကျွတ်ကာလ ပြီး သည်နှင့် ပေါ်ပေါက်လာသော Ph.D ဆက် တက်ဖို့ အခွင့်အရေးကို အကောင်းဆုံး အသုံးချကာ မော်စကိုမြေသို့ ထပ်မံရောက် ရှိခဲ့သည်။ မျှော်လင့်မထားပါဘဲ ရင်နဲ့ ပြန် ဆုံရတော့ ကျွန်တော် ဝမ်းသာမိခဲ့သည်။ အရင်လိုပဲ နွေးထွေးတဲ့ဆက်ဆံရေးတို့ဖြင့် ရင့် အပေါ်မှာ ဆက်ဆံပေးခဲ့ပါသည်။ ကျောင်းစာများကြောင့် အရင်တုန်းကလို တော့ သူမနဲ့ သိပ်မဆုံဖြစ်တော့ပေ။

''ငါ မြန်မာပြည်မှာ စေ့စပ်လာခဲ့တယ် ရင်''

လို့ အသိပေးလိုက်တဲ့နေ့က ''ဩော်'' ဟူသော စကားသံမှတစ်ပါး နောက်ဆက် တွဲစကားသံ သူမဆီက ထပ်ထွက်မလာခဲ့ ပေ။ အတန်ကြာမှ . . .

''အင်းလေ . . . ညီလည်း အိမ်ထောင် ပြုသင့်တဲ့အချိန်ရောက်ပြီပဲ၊ ဒါဟာ တာဝန် တစ်ရပ်ဆိုလည်း ဟုတ်တာပဲလေ၊ ဝမ်းသာ ဂုဏ်ယူပါတယ် ညီ''

ဟု ဆိုလာသော သူမမျက်နှာသည် ခံစားချက်ကင်းမဲ့နေခဲ့ပါသည်။ ထိုနောက် ပိုင်း ရင့်ကို အတတ်နိုင်ဆုံးရှောင်ဖို့ ကြိုး စားခဲ့သည့်တိုင် ရင်ကတော့ သူငယ်ချင်း မိတ်ဆွေလို နေမြဲတိုင်း ဆက်ဆံခဲ့သည်မို့ ကျွန်တော် မျက်နှာလွဲဖို့ ခက်ခဲခဲ့ပြန်သည်။ Ph.D ပထမနှစ်ပြီးဆုံးခါနီးတွင် ရင်နဲ့ ကျွန် တော် တစ်နေ့တည်း စာတမ်းအတူတူဖတ် ကြရသည်။ စာတမ်းဖတ်ပြီးသည့်နေ့က သူငယ်ချင်းတွေနဲ့ ကျောင်းမှာ ပါတီပွဲ အောင်ပွဲခံလွန်ရင်း ဘီယာနှစ်ဘူးဒဏ်ကို ရင် တစ်ယောက် ကောင်းကောင်းခံစား သွားရသည်။ ဟန်ချက်မညီသော သူမကို ကျွန်တော်ကိုယ်တိုင် အဆောင်သို့ ပြန်ပို့

ပေးဖို့ တာဝန်ကျလာပါတော့သည်။

''ညီ့ မိန်းမက ချောလားဟင်''

ခေါင်းငိုက်စိုက်လျှောက်ရင်း မေးလာသော မေးခွန်းသံကြောင့် ကျွန်တော် ဘာပြန်ဖြေရမှန်းပင် မသိချေ။

''မင်းကရော သူ့ကိုချစ်လား''

ထိုမေးခွန်းကိုလည်း ကျွန်တော် ပြန်မဖြေမိ။

''ရုရှားမှာ မင်းချစ်တဲ့မိန်းကလေး မရှိခဲ့ဖူးဘူးလား ညီ''

ရင်ကို ဒိန်းခနဲဖြစ်စေသော မေးခွန်းကို ရင်က ပူးပူးနဲ့မေးနေချေလေပြီ။

''ချစ်ခြင်းတရားမှာ ပြဋ္ဌာန်းမထားတဲ့ ကန့်သတ်ချက်တွေ၊ ဘောင်တွေ၊ နယ်နိမိတ်တွေ ရှိနေပေမယ့်လည်း တချို့အရာတွေက လိုက်နာကျင့်သုံးဖို့ လိုပါတယ် ရင်၊ မေတ္တာတရားဆိုတာ လူတိုင်းအပေါ်မှာ အကန့်အသတ်မရှိ ထားလို့ရနိုင်ပေမယ့် အချစ်ဆိုတဲ့အရာကတော့ စည်းတွေ ဘောင်တွေနဲ့မို့ ကိုယ့်ကိုနားလည်ပေးပါလို့သာ တောင်းဆိုပါရစေ ရင်''

ကျွန်တော့်ရင်ထဲက စကားတွေကို ရင်တော့ ကြားနိုင်လိမ့်မည် မဟုတ်ပေ။ အဆောင်နားရောက်ခါနီး သူမပြောသွားတဲ့ ''မင်းက လူကြောက်ပဲနော်''ဆိုတဲ့ စကားကိုလည်း ကျွန်တော် ကျေကျေနပ်နပ် ခံယူခဲ့မိပါသည်။

''ညီ တကယ်လည်း ကြောက်ပါတယ် ရင်ရယ်၊ မတူညီတဲ့ ဓလေ့တွေနဲ့ အလွှာတွေ ခြားထားတဲ့ ဘဝနှစ်ခုကို ပေါင်းစပ်ရမှာလည်း ညီကြောက်ပါတယ်၊ မြန်မာပြည်မှာကျန်ခဲ့တဲ့ ကိုယ့်ကိုယ့်ကြည်ပြီး စေ့စပ်ထားတဲ့ မိန်းကလေးအပေါ် သစ္စာဖောက်ရမှာလည်း ညီကြောက်ခဲ့သလို၊ ကိုယ့်ကြောင့် ရင့်ဘဝလေး အရောင်နွမ်းသွားမှာကိုလည်း ညီကြောက်ခဲ့ပါတယ်''

✦ ✦ ✦ ✦ ✦ ✦ ✦

ထိုင်းနိုင်ငံ။ သုဝဏ္ဏဘူမိလေဆိပ်။

ရုရှားနိုင်ငံမှ ဆိုက်ရောက်လာသော ခရီးသည်တင် လေယာဉ်ကြီးသည် သုဝဏ္ဏဘူမိလေဆိပ်တွင် ခရီးစဉ်ပြီးဆုံးခဲ့ပြီဖြစ်သည်။ ကျွန်တော်တို့နဲ့အတူ အခြားသော ခရီးသည်တွေသည်လည်း သုဝဏ္ဏဘူမိလေဆိပ်မှတစ်ဆင့် အာဆီယံဒေသတွင်းနိုင်ငံအချို့ကို ထရန်စစ်လုပ်ကြပေဦးမည်။ မကြာမီ ဗီယက်နမ်သို့ ဦးတည်ပျံသန်းမည့် လေယာဉ်တစ်စီးက လေယာဉ်ပြေးလမ်းမှာ စတင်ပျံသန်းနေရာမှ တဖြည်းဖြည်းချင်း လေထုထဲသို့ ထိုးဖောက်သွားခဲ့လေပြီ။ ကျွန်တော် စီးနင်းလိုက်ပါမည့် မြန်မာ့လေ



ကြောင်းလိုင်း လေယာဉ်ကြီးကလည်း ရန်ကုန်ဆီသို့ ဦးတည်ပျံသန်းနေပြီဖြစ်သည်။ စည်းတစ်ဖက်ခြားခဲ့သော ဇာတ်လမ်းလေး၏ နောက်ကွယ်တွင် ကျွန်တော်သည်လည်း ရင့်ကို အခါအခွင့်သင့်တိုင်း ရိုးသားစွာ အောက်မေ့နေဦးမည်ဖြစ်သလို၊ ရင်သည်လည်း ကျွန်တော့်ကို သတိတရရှိနေလိမ့်ဦးမည်ဟု တွေးရင်းဖြင့်.....

နွေကုံကော်(မြို့လှ)

အပြောခက်လို့ပါ



လူခြောက်ယောက် ဖဲကစားနေကြတယ်။ တစ်လှည့်မှာ စမစ် (Smith) က ဒေါ်လာ ၅၀၀ ရှုံးသွားတယ်။ အဲဒီမှာ တစ်ခါတည်း စမစ် မရှူနိုင်၊ မကယ်နိုင်ဖြစ်ပြီး သေဆုံးသွားတယ်။

ကျန်တဲ့လူငါးယောက်လည်း စိတ်မကောင်းဖြစ်ပြီး စမစ်ရဲ့ ဇနီးကို နာရေးသတင်းကိုပြောဖို့ စဉ်းစားနေကြတယ်။

နောက်တော့ မဲချပြီးရွေးတော့ အင်ဒါဆန်(Anderson) မဲကျတယ်။ ဒါနဲ့ အင်ဒါဆန်ပဲ စမစ်ရဲ့ဇနီးကို အကျိုးအကြောင်းသွားပြောရတော့တာပေါ့။

သူက-

''ညီမရေ၊ စမစ်တစ်ယောက်တော့ ဖဲကစားရင်း ဒေါ်လာ ၅၀၀ ရှုံးသွားတယ်''လို့ ပြောလိုက်တယ်။

စမစ်ရဲ့ဇနီးက ဒေါကန်ပြီး-

''သွားသေလိုက်''လို့ ပြောတယ်။

ဒီတော့မှ အင်ဒါဆန်က-

''အေး-ငါ စမစ်ကို ပြောလိုက်မယ်''ဆိုပြီး ထွက်သွားပါတယ်။

မောင်သီဟ

❖ ဘူးနွယ် ဖရုံနွယ်
ဂုံနွယ် ကင်းပုံနွယ်
ဟင်းတမယ်ကြော်ချက်စား။
အရသာပျောင်းနဲ့အိ
ချိုဆိမ့်ဘိတကား။

❖ ဆင်တုံးမနွယ် မာလောနွယ်
ခွေးတောက်နွယ် သပွတ်ခါး။
လည်ချောင်းကိုမြေလှန်လို့
ခြေကန်ရတကား။

❖ လျှာဖျားမှာအမြစ်တွယ်
စကားနွယ် ဤသို့အလား။
အမှားနွယ်ကာ
စကားပြယ်ပါရင်ဖြင့်
အခါးနွယ် အမျိုးကိသလို
အချိုပျက်ကာ သဒ္ဓါခန်းတော့
နွမ်းလိမ့်တကား။ ။

ခက်လှိုင်းကျော်








ခြင်လောက်လန်း စစ်ဆေးရေး ရာသီမရွေး လူတိုင်းပါဝင်ဆောင်ရွက်ပေး

အောင်ကျော်လွင်(ကျိုးဖြူ)

မြန်မာနိုင်ငံတွင် မိုးရာသီကုန်လွန်ခဲ့သော်လည်း ပူအိုက်စွတ်စိုမှုက မကုန်သေးသဖြင့် ချုံနွယ်ပိတ်ပေါင်း ရှင်သန်ကြီးထွားခဲ့၍ ခြင်များ ခိုအောင်းမှုက ရှိနေကြပါသည်။ မိုးရာသီ၊ ဇွန်၊ ဇူလိုင်၊ သြဂုတ်လများက မိုးရွာသွန်းမှုကြောင့် နိုက်ထရိုဂျင်ဓာတ်ပေါင်းရရှိခဲ့ကာ ကမ္ဘာမြေပေါ်က ချုံနွယ်ပင်များ ရှင်သန်ကြီးထွားခဲ့သည်ကို ယခု အောက်တိုဘာလထိ ရှင်သန်လျက်ရှိနေပါတော့သည်။


ခြင်ကောင်များသည် အပြင်မထွက်ဘဲ ပူအိုက်လေတိုက်သော အခြေအနေမှ အေးချမ်းခြောက်သွေ့သော လူနေအိမ်များသို့ ချုံနွယ်ခိုအောင်းရာ နေရာမှတစ်ဆင့် လူသွေးစုပ်နိုင်ရန် ပြောင်းရွှေ့ကြပါသည်။ ယင်းမှ မိတ်လိုက်ပေါက်ဖွား ခိုလှုံစရာများတွင် ဆက်လက်အသက်ရှင်နေထိုင်ကြပါသည်။





ခြင်တို့သည် အင်းဆက်ပိုးအများစုတွင်ပါဝင်သဖြင့် ရောဂါပိုး သယ်ဆောင်ရာတွင် biological vector တွင် ပါဝင်သည်။

ရောဂါဖြစ်သူသွေးကို စုပ်ယူရာမှ ယင်းခန္ဓာကိုယ်အတွင်း ဘဝသံသရာ (Life Circle) လည်၍ နောက်တစ်ဦးသို့ ခြင်ကိုက်ရာမှ ကူးစက်ပျံ့နှံ့လျက်ရှိကြပါသည်။ ဤကူးစက်ရာလမ်းကြောင်းကိုဖြတ်တောက်ပစ်မှ ရောဂါကူးစက်မှုသံသရာဘေးမှ လွတ်ကင်းကြမှာ အမှန်ပင်ဖြစ်ပါသည်။ ထိုနည်းတူ လူပတ်ဝန်းကျင် ရောဂါပိုးသယ်ဆောင်ကောင်များသည် ဘဝဖြစ်စဉ်အရ ဥ(Egg) ဘဝ၊ လောက်လန်းဘဝ(Lava) ၊ ပိုးတုံးလုံးဘဝ(Pupa) မှ ခြင်ကောင်ကြီးဘဝ(Adult) စသည်ဖြင့် အဆင့်ဆင့်





ပြောင်းလဲ၍ မျိုးပွားရှင်သန်နေကြသည်။ ဤကဲ့သို့ သဘာဝရှိသည့် ရောဂါပိုး သယ်ဆောင်ကောင်များကို သုတ်သင်ရန် လွယ်ကူသောအခြေအနေတစ်ရပ်ကို သိရှိဖို့က အဓိကဖြစ်ပါသည်။ သတ္တဝါတိုင်းသည် စား၊ နေ၊ ပတ်ဝန်းကျင် အခြေအနေကောင်းရှိပါက ကြာရှည်စွာ အသက်ရှင် မျိုးပွား နေထိုင်ဓလေ့ရှိကြပါသည်။

ယင်းရောဂါပိုး သယ်ဆောင်ကောင်များကို ရေရှည်၊ ရေတို နှိမ်နင်းနည်းများ ချမှတ်ကာ ရာသီမရွေး စစ်ဆေးဆောင်ရွက်ပေးမှ ကလေးများအပေါ် ကျရောက်လာမည့် သွေးလွန်တုပ်ကွေးရောဂါဘေးမှ ကင်းဝေးကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ မိုးရာသီမှ နှိမ်နင်းမည်၊ နွေရာသီမအားရင် ထားခဲ့မည်၊ ဆောင်းရာသီ မလုပ်နိုင်သေးဟုဆိုခဲ့လျှင် ကလေးများအဖို့ သွေးလွန်တုပ်ကွေး ရောဂါဘေးမှ မလွတ်နိုင်ကြပါ။ ငှက်ဖျားရောဂါပိုး သယ်ဆောင်သောခြင် (Anophilie) ခြင်သည် ရန်ကုန်တိုင်းဒေသကြီးတွင်သာမက စိမ့်ကြီး၊ မြိုင်ကြီး တောတောင်များမှာတောင် ကူးစက်မှု ဖြစ်ပွားမှုတော်တော့ကို နည်းပါးသွားခဲ့ပါသည်။

ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး အဓိကသော့ချက်ကို အားလုံးလိုက်နာ၍ စိတ်ရောကိုယ်ပါ ကျင့်ဆောင်ကြမှ အနှစ်သာရပြည့်ဝပြီး အငြင်းပွားမှုနည်းသွားအောင် လုပ်ကြရပေလိမ့်မည်။ တစ်ဦးတစ်ယောက်ကောင်းလည်း မရနိုင်ပါ။ အဓိက







မလွယ်မသွန်နိုင်သော ရေအိုး၊ အုတ်ကန်အတွင်းသို့ ခြင်လောက်လန်းသေစေသော 1% Temephos (Abate) ဆေး ခတ် ပါ။



ရောဂါပိုးသယ်ဆောင်ကောင်များကို ရေရှည်၊ ရေတို နှိမ်နင်းနည်းများ ချမှတ်ကာ ရာသီမရွေး စစ်ဆေးဆောင်ရွက်ပေးမှ ကလေးများအပေါ် ကျရောက်လာမည့် သွေးလွန်တုပ်ကွေးရောဂါဘေးမှ ကင်းဝေးကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ မိုးရာသီမှ နှိမ်နင်းမည်၊ နွေရာသီမအားရင် ထားခဲ့မည်၊ ဆောင်းရာသီ မလုပ်နိုင်သေးဟုဆိုခဲ့လျှင် ကလေးများအဖို့...

သော့ချက်နှင့် အချိန်၊ နေရာ၊ လူတို့ကို လိုအပ်သည့် ကာကွယ်နှိမ်နင်းရေးမှာ သုံးနှိုင်မည့် အထောက်အပံ့ပစ္စည်း၊ ကြီးကြပ်ကွပ်ကဲမှု ပြည့်စုံကောင်းမွန်မှုသာ ရာနှုန်းပြည့် အောင်မြင်မည်ဟု ယုံကြည်မိသည်။ ကောက်ရိုးမီးကဲ့သို့ ဆောင်ရွက်နေပါက လည်း ကလေးဆေးရုံ လူနာပြည့်မှ ကာကွယ်နှိမ်နင်းရေးလုပ်လို့ကတော့ ရေတိုသာဖြစ်မည်။ ရေရှည်အတွက် စဉ်ဆက်မပြတ် သတိချပ်လုပ်ဆောင်မှ ကပ်ရောဂါအသွင်ဖြစ်မှားမှကင်းဝေး၍ အသေအပျောက် မရှိသလောက် အကျိုးကျေးဇူးရရှိကြပါမည်။


သက်ဆိုင်ရာ ဝန်ကြီးဌာနမှလည်း လုပ်ငန်းစဉ်မှ ပြီးဆုံးသည်ထိ ကျောထောက်နောက်ခံပြု၍ စိတ်ရောကိုယ်ပါပါဝင်ပတ်သက်ကြမှ တော်ပေမည်။ အပတ်စဉ်၊ လစဉ် မှန်မှန်အစီရင်ခံစာများမှ အမှန်တကယ် လူထုအတွင်း မည်သည့်ရာသီရောက်ပါစေ ဆောင်ရွက်မှုကို အမြဲစိစစ်နေကြမှ ကူးစက်ရောဂါကို လက်ဦးမှုရရှိကြပေလိမ့်မည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ကျန်းမာရေးဌာနတွင်လည်းကောင်း၊ မြို့နယ်တိုင်းရှိ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင်လည်းကောင်း ခြင်လောက်လန်းသေစေသော (abate) ဆေးနှင့် ခြင်ပေါက်ဖွားမှုများပြားသော နေရာများတွင် ကူးစက်မှုရှိလာပါက malathiom နှင့် ဆေးဖျော်ရန် ဒီဇယ်၊ ဆေးမှုတ်စက် အတွက် ဓာတ်ဆီ၊ ဆေး မှုတ်လုပ်သားဆောင်ထားရပေမည်။ ယခင်နှစ်ကထက် ပိုမို၍ စာရင်းဇယားများအရ စုဆောင်းထားမှု မရှိ၍ သူခိုးပြေးမှ ထိုးကွင်းထ စကားကဲ့သို့ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးတွင် မေ့လျော့ခြင်း၊ အခြားအရေးကြီးတာတွေ လုပ်ရခြင်း ဆင်ခြေပေးလို့မရ ဖြစ်ပါသည်။

ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးတွင် လူ၊ ပစ္စည်း၊ နည်းပညာ စသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်ပြည့် ဖြည့်ဆည်းပေးခြင်း၊ လိုအပ်ပါက စရိတ် ပိုမိုသုံးစွဲပေးခြင်း၊ ပြည်သူများအပေါ် ဆီဖိုးကဲ့သို့သော ငွေကြေးကောက်ခံ၍ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် လုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်တာဝန်များကို ပြည်သူများက တကယ်ကိုယုံကြည်ကြမှ လိုက်နာဆောင်ရွက်ရန် ဝန်မလေးဖြစ်ကြပါမည်။

နိုင်ငံသားတိုင်း၏ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ စားဝတ်နေရေးတို့သည် နိုင်ငံကိုအုပ်ချုပ်သော အစိုးရသက်ဆိုင်ရာဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းများကသိလျှင် တက်ညီလက်ညီ ဆောင်ရွက်ကြပါမှ လုံးဝဥသုံဖြစ်ကြပါမည်။

အချိန်တိုင်း ရာသီတိုင်း ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းသည် အစဉ်လုပ်သင့်သော လုပ်ငန်းဖြစ်ပါသည်။ ယင်းလုပ်ငန်းတွင်လည်း အတူတကွ ငွေသုံးစွဲမှု၊ ဝန်ထမ်းများအနီးကပ်ကြီးကြပ်မှု အချိန်ယူ၍ မှန်မှန်နှင့် ထိထိရောက်ရောက် လုပ်ဆောင်မှုရှိမှသာ ပြည်သူ့ရင်သွေး အသက်ဘေးမှ လွတ်မြောက်ကြပါမည်။

ယခုတင်ပြသည့် ကူးစက်ရောဂါသည် (Virus) အမျိုးအစားဖြစ်၍ ကုသဆေးမရှိဘဲ ကာကွယ်နှိမ်နင်းရေးကသာ အဓိကကျပါသည်။ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို နွေမလုပ်မိပါက မိုးရာသီဖြစ်ဖို့ သေချာနေသည်။ မိုးတွင်လည်းအဖြစ်နည်းဟု အလျဉ်းသင့်သလောက်လုပ်မိပါက ဆောင်းတွင်လည်း ဖြစ်မှားမှုမရှိဟု မဆိုနိုင်တော့ပါ။ ဆောင်းရာသီမလုပ်လျှင် နွေနဲ့ မိုးရာသီများတွင် ဖြစ်နေကြအတိုင်း ဖြစ်ဖို့သာရှိတော့သည်။






ခြင်နှိမ်နင်းရေးတွင် ကြီးကောင်(Adult) ရောက်မှ နှိမ်နင်းရသည်မှာ အမှန်တကယ် ခက်ခဲလှသည်။ ခြင်ဥ(ဘဝ) ခြင်လောက်လန်းဘဝမှာ နှိမ်နင်းရသည်မှာ ခြင်ကြီးကောင်ဘဝထက် ပိုမိုလွယ်ကူလှသဖြင့် ရေရှည် နှိမ်နင်းရေး ပုံမှန်လုပ်ဆောင်ခြင်းဖြင့် ခြင်ပေါက်ဖွားမှုကို များစွာဟန့်တားနိုင်ကြပါမည်။ မိမိနှိမ်နင်းလိုသော ရပ်ကွက်နေအိမ်များတွင် ရေသိုလှောင်ရာနေရာတိုင်း နှံ့စပ်သေချာအောင် လိုက်ကြည့်မှ ခြင်ပေါက်ဖွားမှု ရှိ၊ မရှိ သိကြမှာဖြစ်သည်။ အိမ်ရှင်ကို အိမ်ဝမှမေးရုံဖြင့် နှိမ်နင်းရန် ခက်ခဲပါလိမ့်မည်။



မိမိတစ်ပါတည်းယူဆောင်သွားသော လက်ကမ်းစာစောင်များ ဝေငှပေးခြင်း၊ မလှယ်မပြောင်းနိုင်သော ရေစည်၊ အုတ်ရေကန်ကြီးများတွင် ရေဂါလံတွက်ချက်၍ (abate) ဆေး သုံးစွဲခတ်ပေးခြင်းဖြင့် ရေရှည်နှိမ်နင်းရေး၌ မည်သည့်အချိန်ထိကြာလျှင် ပြန်လာမည့်အကြောင်းပြော၍ ဆောင်ရွက်သင့်ပါသည်။ ယင်းအဖို့ ကျွမ်းကျင်သော တာဝန်ရှိဝန်ထမ်းများက အဓိကဦးဆောင်၍ လမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး အင်အားများဖြစ်သည့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများဖြင့် လိုက်လံ၍ ရာသီမရွေး လုပ်သင့်သည့် ငွေကုန်ကြေးကျနည်းနည်း ဖြင့် နှိမ်နင်းရေးကို လုပ်သင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ခြင်များ ခိုအောင်းနေထိုင်သော သွေးစုပ် ရေသောက်မပေါက်ဖွားနိုင်အောင် အဓိကလုပ်ဆောင်ရပါမည်။ ရေသိုလှောင်မှုရှိက ရာသီမရွေးရှိ တတ်ကြသဖြင့် ဘုရားပန်းအိုး၊ မယ်တော်စင်၊ ကညွတ်အင်တုံ၊ ရေဝပ်ရေလှဲ၊ ရေလှဲကျမှု မရှိရေး၊ အခင်းအကာကြမ်းပြင်တိုင်း ညီညာပြန့်ပြူး ချောမွတ်ခြင်းရှိအောင် ဆောင်ရွက်ထားရမည်။ ပိုးတုံးလုံးခြင်ဥများ ခိုကပ်နိုင်ခြင်းကို ဖယ်ရှားရာရောက်သည်။ အိမ်သူအိမ်သားတို့သည် တစ်ပတ်တစ်ခါ အလည်ရောက် လာရောက်စစ်ဆေးသော ကျန်းမာရေး ဝန်ထမ်းများထံမှ စနစ်တကျ လိုက်လံ ပါဝင်ကူညီပေးခြင်းဖြင့်လည်း ခြင်နှိမ်နင်းရေးတွင် ပိုမိုထိရောက်နိုင်ပါသည်။ မိမိနေအိမ်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးကို အဓိကထားအစဉ်သဖြင့်ဆောင်ရွက်ပေးပါမှ ခြင်ကြောင့် ရာသီမရွေးဖြစ်တတ်သော သွေးလွန်တုပ်ကွေး ကူးစက်ရောဂါသည် ကလေးများအတွက် အသက်အန္တရာယ် ဘေးမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

အောင်ကျော်လွင်(ဂျီးဖြူ)





ကျေးလက်ရင်ခွင်ဆီမှ ခဏတာခိုလှုံခွင့်ရခြင်း

ထိုက်လင်း(အမေးအဖြေ)

(၁)

ကျွန်တော်သည် အအိပ်မက်သူတစ်ဦးဖြစ်၏။ ညဥ့်နက်သန်းခေါင်အထိ မအိပ်ဘဲနေနိုင်သော်လည်း မနက်စောစော မထနိုင်ပေ။ တစ်ခါတလေ အိပ်ချင်စိတ်မရှိပြန်က မအိပ်ဘဲ ညလုံးပေါက်နေဖူး၏။ အရသာမဲ့ အိပ်စက်လိုက်ရခြင်းကို ကျွန်တော် နှမြောမိသောကြောင့်ဖြစ်၏။ ဤသို့ဖြင့် ညဥ့်သန်းခေါင်၏ တိတ်ဆိတ်ငြိမ်သက်မှုကို အပြည့်အဝခံစားခဲ့ရပြီး အရုဏ်ဦးနံနက်ခင်းတွေ၏ နုပျိုလတ်ဆတ်မှုကိုမူ မတွေ့မမြင်ခဲ့သည်မှာ ကာလအတန်ကြာခဲ့ပါပြီ။ အားသစ်အင်သစ် ခွန်အားသစ်တို့ပေးစွမ်းသော နေ့တစ်နေ့၏မနက်ခင်းတိုင်းနှင့် လွဲချော်နေရခြင်းသည် ကျွန်တော့်ဘဝအတွက် ဆုံးရှုံးမှုကြီးတစ်ခုဟု ဆိုရနိုင်၏။ အရုဏ်ဦးအလှတရားကို ငတ်မွတ်တောင့်တမိချေတကား။



ယနေ့မှ ကျွန်တော်သည်တစ်စုံတစ်ရာ အကူအပံ့မလိုဘဲ စောစောနိုးနေမိပါသည်။ ညက ဆောလျင်စွာအိပ်ရာဝင်ခဲ့သဖြင့် ယနေ့နံနက်ခင်း၌ စိတ်လက်ကြည်လင်စွာ နိုးနေမိ၏။ လန်းဆန်းမှုတို့ဖြင့် ပြည့်နှက်နေ၏။ ဘဝတိုက်ပွဲ ရင်ဆိုင်ခွဲဖို့ ခွန်အားတို့ ပြည့်နေသည်ဟု ခံစားမိစေ၏။ ဆောင်းဦးပေါက်ကာလလေးမို့ ပတ်ဝန်းကျင်၌ နှင်းမြူတို့ ဝေ့ဆိုင်းနေ၏။ အေးစိမ့်စိမ့်ရှိလှ၏။ ယခင်က တွေ့မြင်နေရသော မီးရောင်စုံအောက်က အသက်ပျော်နေခဲ့သော အရက်ဦးမျိုးမဟုတ်ဘဲ ယနေ့တွေ့မြင်ရသော အရက်ဦးသည်ကား အလင်းနှင့် အမှောင်ကြား လွန်းထိုးနေ၏။ အရက်ဦးလင်းရောင်ခြည် ဖြာကျလာသည်နှင့် အမှောင်တို့ ဆုတ်ခွာခဲ့ရပါပြီ။ ဟိုတစ်အိမ်သည်တစ်အိမ်က လျှပ်စစ်မီးရောင်တို့က လည်း ပတ်ဝန်းကျင်အမှောင်ထုကို ဝိုင်းဝန်းတွန်းလှန်နေကြ၏။ အရက်ဦးသည် အသက်ဝင်လှုပ်ရှားလာခဲ့ပါပြီ။

ကားသံ စက်သံ လူသံတို့ဖြင့် စည်ကားလှသည့် မြို့ပြ၌ ကျွန်တော် မွန်းကျပ်လှပြီ။ နေ့စဉ် ရှူသွင်းနေရသော လေ။ နေ့စဉ် သွတ်သွင်းလိုက်ရသော အစာတွေသည် အသက်ကိုဆွဲဆန့်စေနိုင်ပါသလားဟု သံသယဝင်နေမိ၏။ မြို့ပြ၏ ရှုပ်ထွေးလှသည့် လမ်းများပေါ် ဘဝကို ထိန်းကျောင်းနေရသော ကျွန်တော်သည် လွတ်လပ်မှု၊ တိတ်ဆိတ်မှုတို့ထွန်းကားရာအရပ်ကို မျှော်လင့်တောင့်တမိပါ၏။ အခါအခွင့်သင့်လျှင်

ကျေးလက်ဆန်သော ကျေးလက်တွေကို မြင်တွေ့ရလေတိုင်း ရည်စားဦးကို ဘယ်အချိန်တွေးတွေ့ ရင်ခုန်မိသလို ကျွန်တော် ကြည်နူးစိတ်ဖြင့် ရင်ခုန်မိပါသည်။

ထိုအရပ်ဒေသများသို့ သွားရောက်လိုစိတ်က စိုးမိုးထား၏။ ယနေ့တော့ ''ဆရာ ကျွန်တော်တို့ရွာ လာလည်လေ''ဟု တပည့်စာရေးဆရာ၏ ဖိတ်ခေါ်မှုကြောင့် ကျွန်တော့်ဘဝ အိပ်မက်တစ်ခုပြည့်ဖို့ ဖြစ်လာခဲ့ပါသည်။ တကယ်လည်း ကျွန်တော်၏ စိတ်အညစ်အကြေးတို့ကို သန့်စင်ပေးနိုင်ခဲ့ပါ၏။ ကျေးလက်ဆန်သော ကျေးလက်တွေကို မြင်တွေ့ရလေတိုင်း ရည်းစားဦးကို ဘယ်အချိန်တွေးတွေ့ ရင်ခုန်မိသလို ကျွန်တော် ကြည်နူးစိတ်ဖြင့် ရင်ခုန်မိပါသည်။

(၂)

ကျွန်တော် အိပ်ရာကနိုးတော့ အရက်ကျင်းစ၊ မလင်းတလင်း။ အိမ်ရှေ့လမ်းမပေါ်၌ သွားလာသူ တစ်ယောက်စ နှစ်ယောက်စ တွေ့ရ၏။ 'ရှုပ် ရှုပ် ရှုပ်'ဟူသော မတိုးမကျယ်လှသည့် ပွတ်တိုက်သံသည် ကျွန်တော်၏နားထဲသို့ အဆက်မပြတ်စိမ့်ဝင်လာသည်ကို သတိပြုမိလိုက်ပါသည်။ ထို အသံလာရာသို့ ကျွန်တော် ရှာဖွေစူးစမ်းကြည့်လိုက်မိသည်။ တွေ့ပါပြီ။ တပည့်စာရေးဆရာ၏ နှမလေးက တံမြက်စည်း





လှည်းနေ၏။ အမှိုက်ဟူ၍ သစ်ရွက်ခြောက် ကလေးမျှသာရှိသော်လည်း နေ့စဉ် အလုပ် တစ်ခုကဲ့သို့ တံမြက်စည်းလှည်းနေ၏။ မနက်အရုဏ်ဦးမှာ သူတစ်ယောက်တည်း တံမြက်စည်းလှည်းနေတာလား ဆိုတော့ မဟုတ်ပြန်ပေ။ ခေါင်းရင်း ခြေရင်းအိမ်က မိန်းမပျိုလေးတွေပါ မိမိတို့အိမ်ကို သန့်ရှင်း သပ်ရပ်အောင် အမှိုက်သိမ်းနေကြသည်ကို တွေ့ရ၏။ အိမ်ခြံဝင်းကို သန့်ရှင်းပြီးသော အခါ နောက်တစ်ဆင့်တက်ကြပြန်၏။ မိမိ အိမ်ရှေ့လမ်းမကြီးကိုပါ သန့်ရှင်းရေးလုပ် ပေးကြ၏။ လမ်းမကြီးသည် လူသားတို့ကဲ့သို့ မနက်တိုင်း မျက်နှာသစ်ပေးခံရ၏။ ကံထူးပေစွ။ လမ်းမကြီး၏ရင်ထဲ၌ မည်မျှ ဝမ်းသာကျေနပ် လိုက်လဲနေသလဲဟု ကျွန်တော် တွေးနေမိ၏။ ကျေးဇူးသိတတ်သော ကျေးလက်သူလေးတွေကို သူ ချစ်ခင်တွယ် တာနေပေလိမ့်မည်။ မနက်အရုဏ်ဦးမှာ ထို မြင်ကွင်းကို မြင်တွေ့လိုက်ရသော ကျွန်တော်သည်လည်း ကျေးလက်၏ သမီးပျိုလေးတွေကို ချစ်ခင်လေးစားမိလာရသည် မဟုတ်လား။

''ကျွန်တော်က ကလေးတွေကို စာထဲက အမူအကျင့်လေးတွေကို လက်တွေ့ကျင့်ကြံခိုင်းပါတယ်ဆရာ။ စာကို လက်တွေ့အသုံးချတတ်အောင် လေ့ကျင့်ပေး တယ်။ အိမ်လမ်းရွာကျောင်း သန့်ရှင်း ကြောင်း စုပေါင်းအမှိုက်သိမ်း ဆိုတဲ့ ကဗျာ လေးကို လက်တွေ့အကောင်အထည်ဖော် ပေးတယ်။ ကိုယ့်စာသင်ခန်းလေးကို သန့် ရှင်းအောင် ထားတတ်အောင်၊ အမှိုက်ကို စည်းကမ်းတကျပစ်တတ်အောင် လေ့ကျင့်

အိမ်လမ်းရွာကျောင်း သန့်ရှင်းကြောင်း စုပေါင်းအမှိုက်သိမ်းဆိုတဲ့ ကဗျာလေးကို လက်တွေ့အကောင်အထည်ဖော်ပေးတယ်။ ကိုယ့်စာသင်ခန်းလေးကို သန့်ရှင်းအောင်ထားတတ်အောင်၊ အမှိုက်ကို စည်းကမ်းတကျပစ်တတ်အောင် လေ့ကျင့်ပေးတယ်။ ပြီးတော့...

ပေးတယ်။ ပြီးတော့ ကိုယ့်အိမ်မှာ မနက် တိုင်း တံမြက်စည်းလှည်းခိုင်းတယ်။ ပြီးရင် ကိုယ့်အိမ်ရှေ့လမ်းကိုပါ လှည်းခိုင်းတယ်။ ဒါဆို တစ်အိမ်ချင်းစီက စလိုက်တာ တစ် ရွာလုံး သန့်ရှင်းသွားပါတယ်ဆရာ''

တပည့်စာရေးဆရာ၏အိမ်သို့ ကျွန် တော်ရောက်သည့် နေ့လယ်က ခြေရင်း အိမ်မှ ဆရာကြီးဦးဝင်းခိုင် ပြောပြခဲ့တာ လေး ပြန်သတိရမိပါသည်။ မူလတန်း ကျောင်းကလေးကို ကြံ့ကြံ့ခံရပ်တည်နိုင်စေ ဖို့ သူ နှစ်ပေါင်းအတော်ကြာ ဘဝကို မြှုပ် နှံထားခဲ့၏။ ခုတော့ သူ့ကျောင်းလေးသည် မူလွန်ကျောင်းကလေး ဖြစ်နေပြီ။ ကျောင်း အဆောက်အအုံတွေလည်း ထည်ထည်ဝါဝါ ရှိချေပြီ။ သူ့ရင်ခွင်မှ ထွက်ခွာသွားကြသည့် တပည့်အပေါင်းသည်လည်း နေရာအနှံ့မှာ ဘဝတိုက်ပွဲကို ရိုးသားစွာဆင်နွှဲနေကြပြီ။ ''ကျွန်တော် လိုအပ်တာလေးတွေ လုပ်ပေး ပြီးရင် ပင်စင်ယူတော့မယ်ဆရာ၊ နောက် လာမယ့် ကျောင်းအုပ်ကြီးအတွက်လည်း အကုန်စီမံဖြည့်ဆည်းပေးထားခဲ့ချင်တယ်'' ဟုဆိုသော ဆရာကြီးဦးဝင်းခိုင်၏ စကား သံကိုလည်း နားထဲပဲ့တင်ထပ်လာမိ၏။ အို စာမင်းစာအတွက် ရတက်မအေးနိုင်ရှာ

သည့် ဆရာအိုကြီး၏ ပူပန်သောကကို ဖြေဖျောက်ပေးနိုင်သည့် စကားလုံးတွေ ကျွန်တော် ရှာမရခဲ့ပါ။

''ခု ကျွန်တော့်တပည့်လေးတွေက အနယ်နယ်အရပ်ရပ်ကနေ သူတို့သူငယ်ချင်းတွေ စုပေါင်းပြီး ငွေလှမ်းပို့ပေးကြတယ် ဆရာ၊ ဒီမှာ ကျွန်တော်က ကလေးတွေကို အာဟာရတိုက်ကျွေးပေးတယ်၊ ခုလည်း ငွေပို့မလို့တဲ့၊ ကျွန်တော်က မလိုသေးဘူးလို့ ပြောထားရတယ်၊ ရှေ့နှစ်ထဲမှာတော့ စာကြည့်တိုက်လေးကို အကောင်အထည် ဖော်မယ်ဆရာ၊ ဆရာ့တပည့် စာရေးဆရာလည်း သူကျောင်းပိတ်လို့ ပြန်လာတဲ့အခါ စာအုပ်လေးတွေ ဝယ်ဝယ်လာပေးတယ်၊ ဦးဆုံး စာအုပ်လေးတွေ စုစုနေပြီဆရာ''

ဤသည်ပင် ဆရာကြီးဦးဝင်းခိုင်၏ အလိုချင်ဆုံး၊ အတောင့်တဆုံး အဖြူစင်ဆုံး ဆန္ဒဟု ကျွန်တော်မြင်မိပါသည်။ ဆယ်စုနှစ်များစွာ ကျောင်းလေးကို အရိပ်တကြည့် ကြည့်ဖြင့် ပြုစုစောင့်ရှောက်လာခဲ့သူတစ်ယောက်၏ နေဝင်ချိန်တွေကို လှပစေချင်မိပါ၏။ သူ့ရင်ခွင်၌ ခိုလှုံခဲ့ကြသော တပည့် အပေါင်းတို့သည် သူ၏တန်ဖိုးကို သိကြပေလိမ့်မည်ဟု ကျွန်တော်ယုံကြည်နေမိ၏။

(၃)

ကျောက်ကြီးမြို့နယ်ထဲက အောင်းကြီး–ညောင်ပင်သာရွာနှင့်ကပ်လျက် ထန်းတပင်မြို့နယ်ထဲက ညောင်ပင်သာရွာလေး



ကို ရောက်သည်နှင့် ကျွန်တော့်စိတ်သည် နေပူထဲမှ နေရိပ်ထဲသို့ ရောက်ရှိသွားရသလို အေးမြမှုကို သိသိသာသာ ခံစားလိုက်ရပါသည်။ ကျေးလက်သူ ကျေးလက်သားတို့၏ ပကာသနမပါသော ပြောဆို ဆက်ဆံမှုတွေကစလို့ ကျေးမွေးဧည့်ခံမှုအဆုံး ကျွန်တော့်နှလုံးကို ငြိမ်းအေးစေသည်မှာ အမှန်ပင်ဖြစ်၏။ ကျယ်ပြောလှသော အိမ်ခြံဝိုင်းကြီးများကို တွေ့ရသော အခါ ကျွန်တော်သည် မြို့ပြ၏ ကျောတစ်ခင်းစာအတွက် ခက်ခဲပုံကို ကျွန်တော် မြင်ယောင်လာမိ၏။ ''ရန်ကုန်မှာ သစ်ပင်တွေဟာ တိုက်တွေရဲ့အရိပ်ကို ပြန်ခိုနေရတယ်'' ဆိုသည့် ကဗျာဆရာ ခိုင်မျိုး၏ ရန်ကုန်နှင့် ပတ်သက်သည့် မှတ်ချက်လေးကိုလည်း ပြေးသတိရမိပါသည်။ နေရာထိုင်ခင်း ကျပ်တည်းလွန်းလှသည့် မြို့ပြမှာ ကျွန်တော်တို့ ရှင်သန်နေရ၏။ ဤသည်မှာ ကျွန်တော်၏ ရွေးချယ်မှုလည်းဖြစ်၏။ ထိုရွေးချယ်မှု၏ နောက်ဆက်တွဲများကို ကြံ့ကြံ့ခံနိုင်ဖို့ ကြိုးစားနေရပေသည်။

ခြံဝင်းတွေကျယ်ပြန့်သလို ကျေးလက်သားတို့၏ စိတ်အထားအသိုကလည်း ကြီးကျယ်မြင့်မြတ်လှ၏။ အိမ်ခြံဝင်းတွေမှာ အမှိုက်အညစ်အကြေးတွေ ကင်းစင်သပ်ရပ်နေသလို ကျေးလက်သားတို့၏ စိတ်တို့၌ အညစ်အကြေးတို့ကင်းစင်လျက် ရိုးရှင်းလှပကြ၏။ ဖြူစင်ကြ၏။ အလိမ်အညာ အကွေ့အဝိုက်တို့ ကင်းကြ၏။ မျက်ခုံးတွေ မတွန့်ကြသလို နှုတ်ခမ်းတွေလည်း မမဲ့ကြပေ။ အဆောင်အယောင်တွေ ရှားပါးကြသလို၊ အဆောင်ယောင်တွေလည်း တွေ့ရခက်ပါ၏။ နေရောင်ပင် မထိုးနိုင်လောက်အောင် အိမ်ခြံဝင်းတစ်ခုလုံးသည် သစ်ရိပ်ဝါးရိပ်တို့ဖြင့် အေးမြတတ်သလို ကျေးလက်သားတို့၏ မေတ္တာစမ်းရေကြောင့် ကျွန်တော့်၏ စိတ်နှလုံးတို့သည်လည်း ငြိမ်းချမ်းရပါပေ၏။ ထိုသို့ ကျေးလက်ဆန်သော ကျေးလက်တစ်ခုကို ရောက်ရှိခဲ့ခြင်းသည် ကျွန်တော့် ဘဝအတွက် အဖိုးတန်ရတနာသိုက်ကြီးတစ်ခုကို တူးဖော်တွေ့ရှိလိုက်ရသလိုပင်ဖြစ်၏။

(၄)

အိမ်ရှေ့လမ်းမပေါ်က ''ဆွမ်းတော်ဗျို့''ဟူသော အသံကို ကြားလိုက်ရသည်။ ရှေ့အရပ်က ရောင်နီထွန်းလာချေပြီ။ လတ်ဆတ်သော လေပြေလေညင်းကို ကျွန်တော် ရှိုက်လိုက်၏။ အရှင်ဥဒိန်နံနက်ခင်း၏ သဘာဝအလှကျက်သရေနှင့်အတူ ကျေးလက်ဂုဏ်သိက္ခာ မပွန်းမပဲ့သေးသော ကျေးလက်မှ ကျေးလက်သူ ကျေးလက်သားတို့၏ အလှကျက်သရေတို့ကို ကျွန်တော် တွေ့မြင်ခံစားခွင့်ရလိုက်ပါ၏။ ကျေးလက်ရင်ခွင်သို့ ခဏတာခိုလှုံခွင့်ရခဲ့ခြင်းအပေါ် ကျွန်တော် အမြဲအမှတ်တရ ဂုဏ်ယူဝံ့ကြွားနေမည်သာ။

ကိုကိုလင်း(အမေ့အိမ်)

ကျယ်ပြောလှသော အိမ်ခြံဝိုင်းကြီးများကို တွေ့ရသောအခါ ကျွန်တော်သည် မြို့ပြ၏ ကျောတစ်ခင်းစာအတွက် ခက်ခဲပုံကို ကျွန်တော် မြင်ယောင်လာမိ၏။ ''ရန်ကုန်မှာ သစ်ပင်တွေဟာ တိုက်တွေရဲ့အရိပ်ကို ပြန်ခိုနေရတယ်''ဆိုသည့်...



ရဲမာန်ခ

အရှေ့တောင်အာရှရဲ့ Smart City ၁၀မြို့ထဲမှ ၅မြို့အကြောင်း

Smart City ဆိုတဲ့နေရာမှာ ထိုမြို့တွင် နေထိုင်သူများအတွက် ခေတ်နှင့်အညီတိုးတက်လာသော နည်းပညာများကို အသုံးပြုကာ ကဏ္ဍမျိုးစုံတွင် အဆင်ပြေစေရေး၊ နေထိုင်မှုအဆင်ပြေရေးနှင့် သဘာဝအရင်းအမြစ်ဆုံးရှုံးမှုကို တတ်နိုင်သလောက် လျှော့ချနိုင်ရေး စသည်တို့ကို ဖန်တီးပေးနိုင်တဲ့မြို့လို့ ဆိုနိုင်ပါတယ်။

အရှေ့တောင်အာရှနိုင်ငံအများစုရဲ့ မြို့တော်တွေဟာ ဖွံ့ဖြိုးဆဲအဆင့်မှာပဲရှိနေတာကြောင့် ပြီးပြည့်စုံတဲ့ မြို့တော်တွေတော့ ဖြစ်လာဦးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီစာရင်းမှာတော့ လက်ရှိအနေအထားအတိုင်း အကောင်းဆုံး ၁၀ မြို့ကို ရွေးချယ်ထားခြင်းဖြစ်ပါတယ်။ ဒီ ၁၀ မြို့ကတော့-

ဟန်ွိင်း (ဗီယက်နမ်)

ဟန်ွိင်းမြို့ဟာ ၂၀၁၆ ခုနှစ်ကစလို့ Smart City ဖြစ်လာဖို့ စတင်ဆောင်ရွက်ခဲ့တဲ့မြို့ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ ဟန်ွိင်းမြို့မှာ လူဦးရေ ၇ ဒသမ ၆ သန်း နေထိုင်လျက်ရှိပါတယ်။ သဘာဝဝန်းကျင်စိမ်းလန်းခြင်း၊ ယဉ်ကျေးမှုထိန်းသိမ်းခြင်းနဲ့ လူနေမှုစနစ်တိုးတက်ခေတ်မီစေဖို့ ကြိုးစားလျက်ရှိပါတယ်။ ၂၀၃၀ ခုနှစ်မှာတော့ နေထိုင်သူအားလုံးအတွက် ပိုမိုကောင်းမွန်တဲ့ မြို့တော်ဖြစ်လာဖို့ ရည်မှန်းထားပါတယ်။

နှစ်နှစ်အတွင်းမှာ စီးပွားရေးနဲ့အတူ နည်းပညာပါတိုးတက်လာတဲ့ ဟန်ွိင်းမြို့ဟာ နည်းပညာအသုံးပြုပြီး ယဉ်ကျေးပိတ်ဆို့မှုကို ဖြေရှင်းခြင်းနဲ့ ရာဇဝတ်မှုတွေကို ကာကွယ်နိုင်ဖို့ ကြိုးစားနေပါတယ်။ နေရာတော်တော်များများမှာ အွန်လိုင်းစနစ်ကိုအသုံးပြုနေပြီးနေရာအချို့မှာ iParking လို ဖုန်းဆော့ဝဲကိုအသုံးပြုကာ ကားပါကင်အလွယ်တကူရှာဖွေနိုင်ဖို့အတွက် ဖန်တီးပေးလျက်ရှိပါတယ်။





စင်ကာပူ

စင်ကာပူကတော့ အားလုံးသိပြီးကြတဲ့အတိုင်းပါ။ ကျန်နိုင်ငံမြို့တွေထက် နှစ်ပေါင်းများစွာစောကာ Smart City ဖြစ်နေခဲ့ပါတယ်။ အာရှမှာသာမက ကမ္ဘာ့အဆင့်မှာပါ ထိပ်တန်းကဦးဆောင်နေတဲ့မြို့ပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့ပြလူနေမှုစနစ်နဲ့ ရာဇဝတ်မှုကင်းစင်ရေး စတဲ့ကဏ္ဍအားလုံးမှာ ပြောစရာမလိုအောင် ပြည့်စုံနေတဲ့မြို့ဖြစ်ပါတယ်။ ဒါ့အပြင် စင်ကာပူအစိုးရဟာ နယ်ပယ်အသီးသီးမှာ စနစ်ကျလွန်းတဲ့ နည်းပညာနဲ့ စီမံခန့်ခွဲမှုပြုလုပ်နေလျက်ရှိပါတယ်။

ဂျကာတာ (အင်ဒိုနီးရှား)

လူဦးရေ ၁၀ သန်းကျော်နေထိုင်တဲ့ ဂျကာတာမြို့တော်ဟာလည်း Smart City အဖြစ် သတ်မှတ်ခြင်းခံထားရပါတယ်။ Qlue





ဆိုတဲ့ ဆိုရှယ်မီဒီယာဆော့ဝဲတစ်ခုကို ထုတ်လုပ်ပေးထားပြီး အဲဒီကနေတစ်ဆင့် ပြည်သူတွေဟာ အကြံပြုကဏ္ဍတွေကို Smart Govenment Dasnboaru, Smart Environment, Smart Mobility, Smart Media Analysis or Smart Safety စသည်ဖြင့် ခွဲခြားပေးထားပါတယ်။ ဒါ့အပြင် Smart City ဖြစ်ဖို့ ဂျကာတာရဲ့ နောက်ထပ်ခြေလှမ်းတစ်လှမ်းက OK OTrip ဆိုတဲ့ ပရောဂျက်ပါ။ ဒီပရောဂျက်ဟာ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေမှာ ငွေအကြွေစနစ်ကိုမသုံးစွဲဘဲ ကတ်စနစ်ကိုသုံးစွဲဖို့ ဖန်တီးပေးထားပါတယ်။

ကွာလာလမ်ပူ (မလေးရှား)

ကွာလာလမ်ပူမြို့ဟာ Smart City အဖြစ် သတ်မှတ်ခံခဲ့ရပြီးတဲ့မြို့ဖြစ်ပါတယ်။ လူဦးရေ ၂ သန်းနီးပါးနေထိုင်တဲ့ မလေးရှားရဲ့မြို့တော် ကွာလာလမ်ပူဟာနိုင်ငံရဲ့ Economic Tramsformation Programme (ETP) ဆိုတဲ့ပရိုဂရမ်ထဲမှာ ပါဝင်နေပါတယ်။

ဒီ ETP ပရိုဂရမ်ရဲ့ရည်ရွယ်ချက်ကတော့ မြို့တစ်မြို့လုံးရဲ့ ကဏ္ဍမျိုးစုံကို ဒီဂျစ်တယ်နည်းပညာစနစ် ပြောင်းလဲသုံးစွဲနိုင်ဖို့ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့အဆင့်မီမြို့ဖြစ်လာမယ်လို့ ရည်မှန်းထားတဲ့ ကွာလာလမ်ပူဟာ သင့်တော်မှန်ကန်တဲ့စွမ်းအင်စနစ်ကို အသုံးပြုနိုင်ဖို့နဲ့ သဘာဝဝန်းကျင်ထိန်းသိမ်းရေးတွေကိုလည်း အလေးပေးဆောင်ရွက်နေပါတယ်။

မန္တလေး(မြန်မာ)

မြန်မာနိုင်ငံရဲ့မြို့တော် နေပြည်တော်နဲ့ အကြီးဆုံးမြို့ဖြစ်တဲ့ ရန်ကုန်မြို့တွေကိုကျော်ပြီး မန္တလေးမြို့ကို ရွေးချယ်ခဲ့တဲ့ အကြောင်းအရင်းကတော့ ဒီနှစ်တွေအတွင်းမှာ မန္တလေးမြို့ဟာ ပြုပြင်ပြောင်းလဲမှု အတော်များများကို ဆောင်ရွက်နိုင်ခဲ့လို့ဖြစ်ပါတယ်။ တစ်ချိန်ကနိုင်ငံရဲ့မြို့တော်ဟောင်းဖြစ်တဲ့ မန္တလေးမြို့ဟာ ဒီနှစ်တွေမှာ လူဦးရေ









အဆမတန်တိုးလာပြီး စုစုပေါင်းလူဦးရေ ၂ သန်းနီးပါး အထိ ရှိလာခဲ့ပြီးဖြစ်ပါတယ်။ တာဝန်ရှိသူတွေဟာ မြို့တော်ရဲ့ ရေထောက်ပံ့မှုစနစ်၊ ရေဆိုးစွန့်ထုတ်မှုစနစ်နဲ့ အမှိုက်စွန့်ပစ်မှုစနစ်တွေကို အကောင်းဆုံးဖြစ်စေဖို့ ကြိုးစားနေပါတယ်။

ဒါ့အပြင် လိုအပ်တဲ့ လမ်းပန်းအဆောက်အဦးတည်ဆောက်တာတွေ၊ သဘာဝဝန်းကျင်ကိုထိန်းသိမ်းတာတွေအပြင် ခေတ်မီတဲ့မြို့ပြစနစ်ကို နည်းပညာသုံးစွဲကာ ဖန်တီးနိုင်ရေးတို့ကို လုပ်ဆောင်နေလျက်ရှိပါတယ်။ တာဝန်ရှိသူတွေကိုယ်တိုင်ကတော့ မန္တလေးမြို့ဟာ Smart City ဖြစ်လာဖို့ လိုအပ်ချက်တွေ အများကြီးရှိနေသေးတယ်လို့ဆိုပါတယ်။ ဒီ ၂ နှစ်တာ ကာလအတွင်းမှာ မန္တလေးမြို့ဟာ သိသိသာသာပြောင်းလဲလာတာကို တွေ့ရပါတယ်။


ကျန်တဲ့မြို့ကတော့ ဖူးခက်(ထိုင်း)၊ မာကတ်ဆာ(အင်ဒို)၊ ဒါနန်(ဗီယက်နမ်)၊ ဘန်ကောက်(ထိုင်း)နဲ့ နယူးကလာဒ်နီးတီး(ဖိလစ်ပိုင်)တို့ပဲဖြစ်ကြပါတယ်။ ဒီစာရင်းကိုတော့ CIO Aisa မဂ္ဂဇင်းကနေ ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ အရှေ့တောင်အာရှ ၁၀ နိုင်ငံထဲက မြို့ပေါင်း ၂၆ မြို့ကနေတစ်ဆင့်ရွေးချယ်ထားခြင်းဖြစ်ပါတယ်။

ရဲမာန်ခ

Source; CIO Asia Magazine.com
Thuta Zone.com

ကြယ်တစ်ပွင့် မိုးမိုးတွင့်ထွေး

လေကြောင်းရန် ကင်းရှင်းကြောင်း အချက်ပေးဥဩသံ ပေါ်လာသည်နှင့် ဘိုးကင်းက ဘန်ကာထဲမှခေါင်းပြူကာ တောင်မြောက်လေးပါးကို ကြည့်ရှုလိုက်မိသည်။ ကောင်းကင်ယံ၌ လေယာဉ်ပုံကိုမတွေ့ရတော့သလို၊ ပတ်ဝန်းကျင်၌ ပေါက်ကွဲသံကိုလည်း မကြားရတော့ပေ။ အရပ်ရှစ်မျက်နှာလောက်မှာတော့ မီးခိုးတွေအုပြီး မှုန်မှိုင်းနေတာ တွေ့ရသည်။ တဖျောက်ဖျောက် တဖျင်းဖျင်းနှင့် မီးလောင်နေသံကိုပါ ကြားရသည်။ ဗရုတ်ပရက်နှင့် အုတ်အုတ်ကျက်ကျက်ဖြစ်နေသော လူသံသူသံ အနည်းငယ်ကပါ ရောစွက်လျက်ရှိသည်။



''ဒီကောင်တွေ ပုံးချပြီး လှည့်ပတ်ပစ်သွားတာပဲ၊ မွေးမြူရေးခြံဘက်မှာ ဆိတ်ရုံတစ်ရုံ ပုံးထိသွားတယ်တဲ့''

တစ်ယောက်သောသူက ပြောလိုက်ခြင်းဖြစ်သည်။ ထိုစကားက ဘိုးကင်းကို ရင်ထိတ်သွားစေသည်။ ချက်ချင်းပင် သူက မွေးမြူရေးခြံတွေဘက်ကို လှမ်းမျှော်ကြည့်ရင်း စိတ်ထဲက ဆန္ဒတစ်ခုကိုပြုမိလျက်သား ဖြစ်သွားသည်။

''ဘုရား...ဘုရား၊ ဆိတ်ရုံတစ်ရုံကို ပုံးထိသတဲ့၊ လေးလုံးကလေး ဘေးကင်းပါစေ၊ ရန်ကင်းပါစေ''

ခေတ္တမျှသာကြာသည်။ အုပ်ချုပ်ရေးအရာရှိတစ်ဦးက သူတို့အလုပ်သမားတန်းလျားဘက်သို့ အပြေးအလွှားရောက်ရှိလာသည်။ ကြားနေကျ အသံဆိုးကြီးဖြင့်လည်း ကျယ်နိုင်သမျှ ကျယ်အောင်အော်ကာ ပတ်ဝန်းကျင်ကို လှုပ်နှိုးလိုက်သည်။

''အလုပ်သမားတွေ ခုထိ ဘန်ကာထဲက မထွက်သေးဘူးလား၊ သွားကြ၊ အခုသွားကြ၊ ဆိတ်ခြံဘက်မှာ လုပ်စရာရှိတာ သွားကူလုပ်ကြ''

ထိုအသံကြောင့် ဆက်မနေဝံ့ကြတော့ဘဲ အားလုံး အပြင်ထွက်လိုက်ကြသည်။ မွေးမြူရေးခြံများဘက်သို့လည်း ခပ်သုတ်သုတ် ထွက်သွားလိုက်ကြသည်။ ဆိတ်ရုံနားရောက်တော့ တစ်ပိုင်းတစ်စပြိုကျနေသည့် အဆောက်အဦနားတွင် လူတချို့ အလုပ်ရှုပ်နေကြသည်ကို တွေ့ရသည်။ ခြံပွင့်သွားရာမှ တချို့ဆိတ်များ တောင်ပြေးမြောက်ပြေး လျှောက်ပြေးနေသည်ကိုလည်း တွေ့ရသည်။ ပုံးထိပြီးသေသွားသည့် ဆိတ်တချို့ကိုတော့ လူတချို့က သွေးသံတရဲရဲနှင့် တစ်နေရာတွင် စုပုံပေးနေသည်။ နောက်ထပ်ရောက်လာသူများက ရောက်နှင့်နေသူများနှင့်ရောနှောကာ ကူကက်လုပ်ကိုင်ပေးလိုက်ကြသည်။

''ဟေ့...ဟိုအပြင်ကလူတွေ၊ ဘာလဲခြံစည်းရိုးထဲဝင်ပြီး ဆိတ်သေကိုဆွဲမလို့ လုပ်နေတာလား၊ ခုနောက်ဆုတ်လိုက်၊ အသက်မသေချင်ရင် နောက်ဆုတ်လိုက်''

ထိုစကားသံနှင့်အတူ သေနတ်သံနှစ်ချက် သုံးချက်ကပါ ဆင့်ကဲထွက်ပေါ်လာသည်။ ဘိုးကင်းက အလုပ်လုပ်နေရာမှ လှမ်းကြည့်လိုက်မိသည်။ စောစောက

ခြံပွင့်သွားရာမှ တချို့ဆိတ်များ တောင်ပြေး မြောက်ပြေး လျှောက်ပြေးနေသည်ကိုလည်း တွေ့ရသည်။ ပုံးထိပြီးသေသွားသည့် ဆိတ်တချို့ကိုတော့ လူတချို့က သွေးသံတရဲရဲနှင့် တစ်နေရာတွင် စုပုံပေးနေသည်။ နောက်ထပ်ရောက်လာသူများက...



သေနတ်သံကြောင့် အပြင်ဘက်မှလူအုပ်က ရုံခနဲဖြစ်သွားသည်။ သို့ငြား ဆိတ်အသေကောင်တွေကို သွားရည်တမြားမြားကျရင်း လှမ်းမျှော်ကြည့်သူက ကြည့်နေသေးသည်။ တအောင့်ကြာလျှင် ထိုနေရာသို့ စစ်သားအချို့ ထပ်ရောက်လာသည်။ ပြီး အပြင်ဘက်က လူအုပ်ကို သေနတ်တချိန်ချိန်လုပ်ရင်း ငေါက်ငမ်းခြောက်လှန့်နေကြသည်။ သည်တော့မှ လူအုပ်က တရွေ့ရွေ့နောက်ဆုတ်သွားသည်။ ထိုလူအုပ်ထဲတွင် အင်အားချည့်နဲ့နေသူအချို့က မြေကြီးပေါ် ယိမ်းယိုင်လဲကျသွားသည်ကိုပါ ဘိုးကင်းမြင်တွေ့လိုက်ရသည်။

မကြာမီ လော်စပီကာဖြင့် ကြေညာသံက မျှော်စင်တစ်ခုဆီမှ ထွက်ပေါ်လာသည်။

''မြို့လူထုကို ကျုပ်တို့ ထပ်ပြီး သတိပေးချင်ပါတယ်၊ ကျုပ်တို့မွေးမြူရေးခြံနားကို ကပ်လာဖို့မကြိုးစားပါနဲ့၊ ကျုပ်တို့ကို မနှောင့်ယှက်ပါနဲ့၊ ကျုပ်တို့ကို ပစ်မိန့်ပေးထားပါတယ်။ ကျုပ်တို့က ကိုယ့်အမျိုးသားအချင်းချင်း မပစ်ချင်၊ မခတ်ချင်ဘူး၊ ဒါပေမဲ့ ခင်ဗျားတို့က လွန်ကဲလာလို့ တာဝန်ရှိတဲ့အတိုင်း လုပ်ရပြီဆိုတဲ့အခါကျတော့ ကျုပ်တို့ကို အဆိုးမဆိုပါနဲ့''

ကြေညာသံဆုံးသွားသည်နှင့် ဘိုးကင်း တစ်ချက်မဲ့ပြုံးပြုံးလိုက်မိသည်။ ဒါက မကြာခဏကြားနေရတတ်သည့် လှန့်လုံးခြောက်လုံးတွေပင်ဖြစ်သည်။ သူတို့အတွက်တော့ ရိုးနေပါပြီ။ သို့သော် မရိုးနိုင်သည်က အပြင်ဘက်မှ လူထုကြီးပင်။ သူတို့ခမျာ အငတ်ဒဏ်ကို လူးလိမ့်ခံစားနေကြရင်း သံဆူးကြိုးအထပ်ထပ်ကာရံထားသည့် ဤခြံဝင်းကြီးဘေးသို့ မကြာခဏရောက်လာတတ်ကြသည်။ ပြီး ခြံဝင်းကြီးထဲကအကောင်ဗလောင်တွေကိုကြည့်ပြီး အာသာငမ်းငမ်းဖြစ်နေကြလေ့ရှိသည်။ သို့သော် သူတို့ကကြာကြာတော့ မစားရအညောင်ခံ လုပ်မနေဝံ့ကြပါ။ စောစောကလို သေနတ်သံနှင့်အတူ ကြေညာသံထွက်ပေါ်လာသည်နှင့် ညှိုးငယ်သောမျက်နှာကိုယ်စီဖြင့် ဤနေရာတစ်ဝိုက်မှ နောက်ဆုတ်ထွက်ခွာသွားကြမြဲဖြစ်သည်။ နောက်မဆုတ်၍လည်းမရပါ။ နေ့ခင်းခြံဖြစ်စေ၊ ညမှောင်မှောင်ခြံဖြစ်စေ အထဲကို ခိုးဝင်ပြီး အလစ်သုတ်ရန်ကြံစည်သော အတင့်ရဲသူတချို့ကို လက်တွေ့ပစ်သတ်ပြထားသည့် သာဓကတွေက အများကြီးပင် ရှိခဲ့လေသည်ပဲ။ ယခုလည်း အငတ်တရားထက် အကြောက်တရားက ပိုမိုကြီးမားကြောင်းကို ခြံဘေးမှ ပြန်လည်ထွက်ခွာသွားသည့် လူအုပ်က သက်သေပြနေလေသည်။

ထိုအခိုက် အသံတစ်ခုက ပေါ်လာသည်။

''ဒီမှာဗျို့ ဘိုးကင်း၊ ခင်ဗျားကောင်လေး မသေဘူး၊ ဒီကောင် တော်တော်

ကံကောင်းတယ်''

ထိုအသံနှင့်အတူ အလုပ်သမားတစ်ယောက်က ဆိတ်ကလေးတစ်ကောင်ကို ပွေ့လာပြီး ဘိုးကင်းလက်ထဲ ထည့်ပေးသည်။ ဘိုးကင်းက 'အောင်မယ်လေး . . . သားလေးရယ်'ဟု ဝမ်းသာအားရမြည်တမ်းရင်း လက်ထဲရောက်လာသည့် ဆိတ်ကလေးကို တယုတယထွေးပွေ့ထားလိုက်သည်။ ပြီးတော့ သူဆင်မြန်းပေးထားသည့် ကြေးဝါရောင်သတ္တုလည်ပတ်ကလေးကို လက်ဖြင့် တစမ်းစမ်းလုပ်ရင်း နှုတ်မှပါ 'ဟဲ့–သေရွာပြန်လေး၊ ဟဲ့ . . . မိတဆိုးလေး၊ မင်း ငါ့ကိုပစ်သွားဖို့ မကြိုးစားနဲ့နော်၊ သိရဲ့လား'စသည်ဖြင့် ရေရွတ်နေပြန်လေသည်။

သည်ဆိတ်ကလေးကို ဘိုးကင်း အလွန်ချစ်သည်။ ချစ်ဆို သည်ကောင့်ကို နှစ်ကြိမ်တိတိ ဘိုးကင်းကိုယ်တိုင် ထူထောင်ပေးထားခြင်းဖြစ်သည်။ ပထမတစ်ခါက သည်ကောင့်အမေ သေသွားတုန်းကဖြစ်သည်။ ဆိတ်ရောဂါတစ်မျိုးဖြင့် သူအမေသေသွားတော့ သည်ကောင် နို့ပင်မပြတ်သေးပါ။ ဘိုးကင်းကပင် အခြားဆိတ်မတွေဆီက နို့ကိုယူပြီး ဂရုတစိုက်တိုက်ကျွေးမွေးမြူခဲ့ရသည်။ နောက်တစ်ခါကတော့ သည်ကောင် ခြေကျိုးစဉ်ကဖြစ်သည်။ ဆိတ်သိုးတစ်ကောင်၏ တက်နင်းမှုကြောင့် သည်ကောင် ခြေကျိုးသွားသည်။ ဒါကိုပင် ဘိုးကင်းက သက်ဆိုင်ရာသို့ သတင်းမပို့ဘဲ သူကိုယ်တိုင် ရောဂါပျောက်ကင်းအောင် ကျိတ်ပြီးကုသပေးနေခဲ့သည်။ ဆေးအုံတာအုံ၊ ကျပ်စည်းတာစည်း စသည်ဖြင့် ပြုစုပေးခဲ့ရသည်။ ဆိတ်အုပ်ထဲကိုလည်း ရောမလွတ်တော့ဘဲ သွားလေရာ သူက ပွေ့ချီပြီး ခေါ်ဆောင်သွားသည်။ ရောက်ရာနေရာတွင် သစ်ရွက်သစ်ခက်တွေ ခုတ်ချကာ ကျွေးမွေးခဲ့သည်။ သည်လိုနှင့်ပင် သည်ကောင် ပြန်လည်နာလန်ထူလာခဲ့သည်။ အဲသည်တုန်းကသာ ဘိုးကင်းက သက်ဆိုင်ရာ သွားသတင်းပို့လိုက်လျှင် လက်မရွံ့အဖွဲ့က ချက်ချင်းရောက်လာလိမ့်မည်။ ပြီး နေမကောင်းတာ၊ ခြေလက်အင်္ဂါ မစုံတာမှန်သမျှ သုတ်သင်ပစ်ရမည်ဟူသော မူအရ သည်ကောင့်ကို ချက်ချင်းကိစ္စတုံးပစ်လိုက်မည်။

ခုတော့လည်း သည်ကောင်က သူ့အသက်သခင် ကျေးဇူးရှင်ကို ခင်တွယ်နေတတ်ပြီဖြစ်သလို ဘိုးကင်းကလည်း သူ့အပေါ် သံယောဇဉ်ငြိတွယ်နေမိလေပြီ။ ဆိတ်ညိုကလေးဖြစ်သော သည်ကောင်၏ မျက်နှာပေါ်တွင် မျက်လုံးနက်နက်ကလေး နှစ်လုံးအပြင် မျက်ခမ်းစပ်အောက်နားမှာ အမည်းကွင်းကလေးနှစ်ခုပါ ပါရှိနေသည်။ သည်တော့ သူ့ကို ဘိုးကင်းက 'လေးလုံး' ဟုပင် လွယ်လွယ်နာမည်ပေးလိုက်သည်။ ဘိုးကင်းကမျှား ဘယ်အချိန်ဖြစ်ဖြစ် 'လေးလုံးကလေးရေ'ဟု လှမ်းခေါ်ကြည့်လိုက်၊ သူက ရှိသည့်နေရာမှ ခေါင်းကလေးထောင်ကာ 'ပဲ အဲအဲ'ဟု ပြန်ထူးတတ်မြဲဖြစ်သည်။ ပြီးတော့ ဘိုးကင်းဆီပြေးလာကာ ဘိုးကင်းပေါင်ကြားထဲဝင်ပြီး ခေါင်းဖြင့် ဝေ့လိုဝေ့၊ ဘိုးကင်းရင်ခွင်ထဲ တက်အိပ်လိုအိပ်၊ ဘိုးကင်း လက်မောင်းလက်ဖျံတွေကို သူလျှာကလေးဖြင့် လျက်လိုလျက် စသည်ဖြင့် ပြုမူနေတတ်သည်။ သည်အခါ ဘိုးကင်းကလည်း အချစ်ပိုရသောသူ့အား တခြားအကောင်တွေနှင့်ခွဲပြီး ယူဆောင်လာသည့် ဆီးရွက်နုနုကလေးတွေကို ချကျွေးရမြဲပင်။

+ + + + + +

အဝေးမှ မော်တာကျည်ကျသံ၊ စက်သေနတ်ဆွဲသံတွေကို ခပ်အုပ်အုပ်ကြားနေကြရသည်။ ထိုအရပ်သို့ မျှော်ငေးကြည့်ရင်း နွားစာရိတ်သမား လူငယ်တစ်ဦးက ဘိုးကင်းကို လှမ်းပြောလိုက်သည်။

''သိလား ဘကြီးကင်း၊ တိုက်ပွဲဖြစ်တဲ့နေရာက နည်းနည်းဝေးသွားသလိုပဲနော်၊ ဒီအတိုင်းဆိုရင် ကျွန်တော်တို့ဘက်က နိုင်နေပြီဆိုတဲ့သတင်းဟာ မှန်နေပြီထင်တယ်ဗျ''

''ဖြစ်နိုင်တယ်ကွ၊ နိုင်ရင်လည်း နိုင်မှပဲ၊ စစ်က ပြီးရင်လည်းပြီးမှပဲ၊ လူတွေက လောကဂရဝေရဲ့ အနက်ဆုံးနေရာကို ရောက်နေကုန်ကြပြီ''

''ဟုတ်ပါ့ ဘကြီးရာ၊ တစ်နေ့တစ်နေ့ကို လူတွေရဲ့ ဆင်းရဲဒုက္ခက မမြင်ချင်မှ အဆုံးပဲ၊ ခုပဲ ကျွန်တော်တို့ ဒီကိုအလာမှာ တွေ့ခဲ့ရတယ်မဟုတ်လား၊ အစာရေစာ ငတ်ပြတ်ပြီး လမ်းဘေးမှာ လဲသေနေတဲ့လူတွေ၊ အိပ်ရာပေါ်လဲပြီး သေမယ့်ရက်ကို စောင့်နေတဲ့လူတွေ၊ တအီအီဝိုင်းဝိုင်း အစာတောင်းနေတဲ့ကလေးတွေ၊ ကျွန်တော်တော့ ဒါတွေကိုမြင်ပြီး ရူးတောင်ရူးချင်မိတယ်၊ ကိုယ်ကလည်း သူတို့ကို ဘာမှမကယ်နိုင်ဘူးလေ''

''အေး . . . ကယ်မယ်ဆိုတဲ့စကားတော့ ဟိုလူတွေရှေ့မှာ ယောင်လို့တောင် သွားမပြောမိစေနဲ့နော်၊ တစ်နေ့က ငမော်ဆိုတဲ့ကောင် ဘယ်လိုဖြစ်သွားသလဲ၊ တွေ့တယ်မဟုတ်လား၊ ဒီကောင်က အပြင်မှာငတ်နေတဲ့ သူ့အမေကို စားရပါစေတော့ဆိုပြီး အမဲသွေးခဲလေး နည်းနည်းခိုးပြီး ယူသွားတာကွ၊ အဲဒါ ဂိတ်ဝရောက်တော့ အစောင့်က သူ့ကိုစစ်တယ်၊ စစ်တော့ အမဲသွေးခဲကို ဖမ်းမိသွားတာမို့ သူလည်း တစ်ခါတည်း အလုပ်ထုတ်ခံလိုက်ရတော့တာပဲ''

လူတွေရဲ့ ဆင်းရဲဒုက္ခက မမြင်ချင်မှ အဆုံးပဲ၊ ခုပဲ ကျွန်တော်တို့ ဒီကိုအလာမှာ တွေ့ခဲ့ရတယ်မဟုတ်လား၊ အစာရေစာ ငတ်ပြတ်ပြီး လမ်းဘေးမှာ လဲသေနေတဲ့လူတွေ၊ အိပ်ရာပေါ်လဲပြီး သေမယ့်ရက်ကို စောင့်နေတဲ့လူတွေ၊ တအီအီဝိုင်းဝိုင်း အစာတောင်းနေတဲ့ကလေးတွေ၊ ကျွန်တော်တော့ ဒါတွေကိုမြင်ပြီး ရူးတောင်ရူးချင်မိတယ်၊



''ဟင်း . . . တောင်မင်း မြောက်မင်း မကယ်နိုင်ဆိုတာ ဒါကိုပြောတာဖြစ်မှာပဲ၊ ကျွန်တော်တို့က အပြင်ကလူတွေနဲ့စာရင် ရာရှင်လေး နည်းနည်းရနေလို့ တော်သေးတယ်ဆိုရမှာပဲ၊ ဒီရာရှင်က မသေရုံတမယ် စားရတာဆိုပေမယ့် အလုပ်ထုတ်ခံရလို့ ဘာမှမစားရဘဲ ထိုင်ငတ်နေရမှာနဲ့စာရင် အများကြီးသာသေးတယ်၊ မတတ်နိုင်ဘူးဗျာ၊ ခုလိုအချိန်မျိုးမှာတော့ ကိုယ့်အရေးက လွဲပြီး ဘာမှကြည့်မနေနိုင်တော့ဘူး၊ သူတို့စည်းကမ်းအတိုင်းပဲ လိုက်နေရုံရှိတော့တယ်''

''အေး . . . ဒါပဲရှိတော့တာပေါ့!''

ဘိုးကင်းက တံစဉ်ကိုကိုင်ထားရင်း ငေးနေမိသည်။ သူစိတ်ထဲမှာတော့ အတွေးတွေက တစ်ခုပြီးတစ်ခုပေါ်လာသည်။ အမှန်မှာ ရန်သူက ဤမြို့ကို လွန်ခဲ့သော ရက်ပေါင်း ၁၀၀ ခန့်ကတည်းက ဝိုင်းထားခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဝိုင်းထားခြင်းမှာ မြို့ခံစစ်တပ်၏ ကျားကုတ်ကျားခဲ ခုခံတိုက်ခိုက်မှုကြောင့်လည်း တစ်ကြောင်းဖြစ်သည်။ နောက်တစ်ကြောင်းက မြို့တွင်းရှိ စစ်တပ်နှင့် ပြည်သူလူထုတွေ အစာရေစာငတ်ပြတ်ပြီး အလိုအလျောက် မြို့ကိုအပ်နှံလာမည့် အခြေအနေအား အလိုက်သင့်စောင့်စားနေခြင်းလည်းဖြစ်သည်။ ရန်သူ့ရည်ရွယ်ချက်က အောင်မြင်သည်။ ရက်ပေါင်းများစွာ ပိတ်ဆို့ထားသည့်ကာလအတွင်း မြို့တွင်း၌ တဖြည်းဖြည်းချွတ်ခြုံကျလာသည်။ လက်ကျန် စားရေရိက္ခာလေးကို မြို့စောင့်တပ်နှင့် မြို့လူထု ခွဲဝေသုံးစွဲရင်း တရွေ့ရွေ့ကုန်ဆုံးပြတ်လပ်သည့်အပိုင်းသို့ ရောက်ရှိလာသည်။ ခုတော့ ဘာမျှမကျန်အောင် ပြောင်သလင်းခါသည့်အဆင့်သို့ ရောက်သွားလေပြီ။ မြို့ကြီးတစ်ခုလုံး ဘယ်မှာမှ မရှိသည့် အစားအစာကို ခေါင်းမူးအောင် လိုက်လံရှာဖွေနေသူတွေ၊ 'အစာပေးပါ အစာပေးပါ'ဟု တစာစာတောင်းခံရင်း ငိုကြွေးနေသူတွေဖြင့် ယောက်ယက်ခတ်လျက်ရှိသည်။ စစ်တပ်ကမူ ရန်သူနှင့် ရင်ဆိုင်တိုက်ပွဲဝင်နေရသူဆိုတော့ မဖြစ်စလောက် ရာရှင်ကလေး၊ ဥပမာ–ဆန်ပြုတ်လိုဟာမျိုးကို မှီဝဲခွင့်ရနေသေးသည်။ သို့ငြားသူတို့လည်း သူတို့ကိုင်ဆောင်ထားသည့် အစွမ်းထက် အမြောက်မီးပေါက်တွေနှင့်စာလျှင် လူက အများကြီးချည့်နဲ့နေကြ၊ ဖျော့တော့နေကြလေပြီ။

သည်အထဲမှာမှ ဘိုးကင်းတို့လို လူစားတွေကိုလည်း အနည်းငယ်ကံကောင်းသူဟု ဆိုနိုင်ပြန်သည်။ အကြောင်းမူ သူတို့က စစ်တပ်ကဲ့သို့ အရေးပါသည့်လူတစ်စု ဖြစ်နေခြင်းကြောင့်ပင်။ သည့်အတွက် မြို့လူထု အများစု တော်ပြတ်ပြီး ဘိုင်းဘိုင်းလဲနေသည့် အချိန်မှာ သူတို့က တစ်လုပ်တစ်ဆုပ်စာ စားရခြင်းဟူသော မဟာအခွင့်အရေးကြီးကို ရရှိနေခဲ့ကြပေသည်။

ဘိုးကင်းတို့က မွေးမြူရေးခြံကြီး၏ အလုပ်သမားများဖြစ်ကြသည်။ စုစုပေါင်း ၁၀၀ ခန့်ရှိသည်။ ပြောရလျှင် ဤမွေးမြူရေးခြံကြီးက ဤမြို့၏ နောက်ဆုံးကျန်နေသော ရတနာခဲကြီးတစ်ခဲပင်ဖြစ်သည်။ ဟိုတုန်းကတော့ စစ်တပ်နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များအတွက် ရိက္ခာထုတ်လုပ်ထောက်ပံ့ပေးရာဖြစ်သော ဤမွေးမြူရေးခြံကို မည်သူကမျှ စိတ်မဝင်စားပါ။ ယောင်၍မျှလည်း အလည်မလာကြပါ။ ခုလို ငတ်ကုန်၊ ပြတ်ကုန်၊ ဆာလောင်ကုန်ပြီဆိုတော့မှသာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်လာခဲ့ရခြင်းပင်။

လူတွေက ခြံဘေးသို့ ရစ်သီရစ်သီနှင့် ရောက်လာကြသည်။ ပထမတော့ နည်းနည်း၊ နောက်တော့ တဖြည်းဖြည်း များများလာသည်။ ရောက်လာသမျှ လူတိုင်းကလည်း ခြံထဲက ဆိတ်ကောင်၊ နွားကောင်တွေကို မျှော်ကြည့်ပြီး ချိုနှင့် သားရေပါ မကျန်အောင် စားပစ်ဝါးပစ်မည်ဟူသော ဆန္ဒမျိုးဖြင့် ငမ်းငမ်းတက်ဖြစ်နေကြသည်။ အပြင်ကနေ တစာစာတောင်းသူကတောင်၊ ခိုးရန်ကြံသူက ကြံနေကြသည်။

အာဏာပိုင်အဖွဲ့ကလည်း ဤအခြေအနေကိုသိသည်။ ခြံ၏လုံခြုံရေးကို တင်းကြပ်လိုက်သည်။ ခြံစည်းရိုးကို နောက်တစ်ထပ် ပြန်ကာသည်။ အစောင့်တွေကိုလည်း တိုးချလိုက်သည်။ အတွင်းသို့ ကျူးကျော်ဝင်ရောက်သူကို အသေပစ်သတ်ဖို့ပါ တစ်ပါတည်း အမိန့်ပေးထားသည်။ သူတို့နေရာက ကြည့်ပြန်တော့ သည်လိုမလုပ်လို့မရ။ အခြေအနေက ကိုယ့်အမျိုးသားချင်းပင်ဖြစ်သော်လည်း လုံးဝညှာတာလို့မရသည့် အနေအထားမျိုးဖြစ်နေသည်။ သည်ရပ်ဝန်း၊ သည်ဇုန်နယ်မြေကို သူတို့က လုံးဝအထိမခံနိုင်။ တစ်မြို့လုံးနေမှ တစ်ခုတည်းသာကျန်တော့သည့် ဤမွေးမြူရေးခြံအတွင်းရှိ ရိက္ခာအရှင်ကောင်များမှာ နောက်ဆုံးတိုက်ပွဲအတွက် ရည်ရွယ်ချန်လှပ်ထားခြင်းဖြစ်သည်။

လူတွေက ခြံဘေးသို့ ရစ်သီရစ်သီနှင့် ရောက်လာကြသည်။ ပထမတော့ နည်းနည်း၊ နောက်တော့ တဖြည်းဖြည်း များများလာသည်။ ရောက်လာသမျှ လူတိုင်းကလည်း ခြံထဲက ဆိတ်ကောင်၊ နွားကောင်တွေကို မျှော်ကြည့်ပြီး ချိုနှင့် သားရေပါ မကျန်အောင် စားပစ်ဝါးပစ်မည်ဟူသော ဆန္ဒမျိုးဖြင့် ငမ်းငမ်းတက်ဖြစ်နေကြသည်။



မကြာမီ မိမိတို့ဘက်မှ အထွေထွေထိုးစစ်ကြီးတစ်ခုကို ဆင်နွှဲရန်စီစဉ်ထားသည်။ မြို့ကိုဝိုင်းဝန်းထားသည့် ရန်သူအား ထိုးဖောက်တိုက်စစ်ဆင်ကာ အပြီးသတ်အားပြိုင်ရမည့် တိုက်ပွဲပင်ဖြစ်သည်။ ရည်ရွယ်ချက်မှာ ထိုတိုက်ပွဲစတော့မည်ဆိုတော့မှ ဤခြံအတွင်းရှိ တိရစ္ဆာန်များကို တစ်ကောင်မကျန် ရိက္ခာအဖြစ် အသွင်ပြောင်းလိုက်ရန်ဖြစ်သည်။ နောက်ဆုံးတိုက်ပွဲကို ဆင်နွှဲကြမည့်စစ်သားများအား ထိုနောက်ဆုံး ရိက္ခာဖြင့်ပင် အားဖြည့်ပေးလိုက်ရန်ဖြစ်သည်။

စိတ်ညစ်နေသလားကွ လေးလုံးရ၊ ငါလည်း မင်းလိုပါပဲကွာ၊ ဒါပေမဲ့ အားမလျှော့ပါနဲ့၊ စစ်ကြီး ပြီးတော့မှာပါကွ၊ တို့တစ်တွေ ပျော်ပျော်နေ၊ ဝဝစားရမယ့်အချိန်က မကြာခင်ရောက်လာတော့မှာပါကွ...



ထို့ကြောင့် ဤခြိုကို အထူးပင် ကြပ်ကြပ်မတ်မတ် ပြုလုပ်ထားသည်။ ဤခြိုကို မည်သူမျှမထိပါးရ။ အာဏာပိုင်ပုဂ္ဂိုလ်၏ အထူးအမိန့်ဖြင့် အမဲပေါ်၍ ရိက္ခာစီစဉ်ပေးရတာမျိုးကလွဲပြီး ကိုယ့်သဘောနှင့်ကိုယ် မည်သူမျှလုပ်ပိုင်ခွင့်မရှိ။ အတွင်းရှိ အလုပ်သမားတွေကိုရော၊ စစ်သားတွေကိုပါ အမိန့်အဆင့်ဆင့်ထုတ်ပြန်ထားသည်။ စခန်းတွင်းမှ တာဝန်ဖြင့်(သို့မဟုတ်) ကိုယ်ရေးကိုယ်တာကိစ္စဖြင့် အပြင်ထွက်စရာရှိလျှင် အစစ်အဆေးခံရမည်။ စစ်ဆေးရင်း တိရစ္ဆာန်သယံဇာတဖြစ်သည့် အသားတုံး၊ သွေးခဲ၊ အရေပြား မည်သည့်အရာကိုပင်တွေ့တွေ့၊ ပြင်းထန်စွာအရေးယူခံရမည်။

''ဟို–အဘိုးကြီး...ဘာတွေငေးနေတာလဲ၊ လုပ်စရာရှိတာလုပ်လေ''

စစ်သားတစ်ယောက်၏ လှမ်းအော်ပြောသံ ပေါ်လာတော့မှ သူ သတိပြန်လည်လာသည်။ တွေးလက်စကိုဖြတ်ကာ ခါးကိုကုန်းပြီး မြက်ကိုဆက်ရိတ်နေလိုက်သည်။ ခေတ္တအကြာတွင် လော်လီကားကြီးတစ်စီးက ရောက်ရှိလာသည်။ အလုပ်သမားတွေက ရိတ်ပြီးသား မြက်ထုံးတွေကို ကားပေါ်သို့ ဝိုင်းတင်ပေးကြသည်။ ဟိုတုန်းကတော့ နွားတွေရော၊ ဆိတ်တွေကိုပါ အလုပ်သမားတွေက စားကျက်တွင် လွှတ်ကျောင်းပေးခဲ့ကြသည်။ ခုတော့ ထိုသို့မလုပ်ဝံ့ပြီ။ အခွင့်ရသည်နှင့် ရရာအကောင်ကိုဝင်ဆွဲပြီး အမဲဖျက်လိုက်မည့်အန္တရာယ်တွေက အရပ်လေးမျက်နှာလုံးမှာ ရှိနေသည်။ ထို့ကြောင့် တိရစ္ဆာန်များကို အပြင်မထုတ်တော့ဘဲ အစာကိုသာ ရှာဖွေကျွေးမွေးနေခြင်း ဖြစ်သည်။

မြက်ထုံးတွေကို တင်ပြီးသည်နှင့် ဘိုးကင်းတို့ မြက်ရိတ်သမားတွေပါ ကားပေါ်တက်လိုက်ကြသည်။ ထို့နောက် ကားကမောင်းထွက်လာခဲ့သည်။ စခန်းတွင်းရောက်သည်နှင့် မြက်ထုံးတွေကို ကားပေါ်မှချကာ ဂိုဒေါင်ထဲသို့ သွင်းပို့ကြရသည်။ တာဝန်ပြီးဆုံးသော် အလုပ်သမားတန်းလျားသို့ ပြန်လာခဲ့ကြသည်။ အမှန်တော့ ဘိုးကင်းက ဆိတ်ခြံဘက်မှာသာ အဓိကတာဝန်ယူရသော အလုပ်သမားဖြစ်သည်။ ယခု ဆိတ်ခြံဘက်၌ အလုပ်မရှိချိန်ဖြစ်သဖြင့် နွားခြံအလုပ်သမားများနှင့် ပူးပေါင်းကာ မြက်ရိတ်ရာသို့ လိုက်ပါခဲ့ရခြင်းဖြစ်သည်။

ဆိတ်တွေ အစာကျွေးချိန်ရောက်တော့ ဆိတ်ခြံဘက်သို့ ဘိုးကင်း ထွက်လာခဲ့သည်။ ဆိတ်ခြံထဲရောက်တော့ သူအရင်ဆုံး သတိရမိသည်က သူ့ကောင်လေးလေးလုံးကိုပင်ဖြစ်သည်။ သို့နှင့် 'ငါ့သားရေ...လေးလုံးလေးရေ၊ မင်းဘယ်ရောက်နေသလဲကွ'ဟု အသံပြုလိုက်မိသည်။ ချက်ချင်းဆိုသလိုပင် 'ပဲ အဲအဲ'ဟူသည့်အသံကလေးက တစ်နေရာမှ ထွက်ပေါ်လာပြီး သူ့လေးလုံးကလေးက သူ့ထံသို့ အပြေးရောက်လာသည်။ လေးလုံးကို ဆီးပွေ့ထားလိုက်သည်။ ထို့နောက် လည်ပတ်ကလေးကိုစမ်းရင်း နှုတ်မှပါ တတွတ်တွတ်ရေရွတ်နေမိသည်။

''စိတ်ညစ်နေသလားကွ လေးလုံးရ၊ ငါလည်း မင်းလိုပါပဲကွာ၊ ဒါပေမဲ့ အားမလျှော့ပါနဲ့၊ စစ်ကြီး ပြီးတော့မှာပါကွ၊ တို့တစ်တွေ ပျော်ပျော်နေ၊ ဝဝစားရမယ့်အချိန်က မကြာခင်ရောက်လာတော့မှာပါကွ''

+ + + + + +

အနောက်ဘက် မိုးကောင်းကင်တစ်ခုလုံးက တဝင်းဝင်းတပြက်ပြက်နှင့် ဖြစ်လျက်ရှိသည်။ လျှပ်စီးလက်ခြင်းကား မဟုတ်ပါ။ မီးကျည်တွေ၊ အမြောက်ဆံ မော်တာဆံတွေ ကျရောက်ပေါက်ကွဲရာမှ ထွက်ပေါ်လာသည့် မီးရောင်များပင်ဖြစ်သည်။ ထိုပြိုးပြိုးပြက်ပြက် အရောင်များနှင့်အတူ တဖြောက်ဖြောက်၊ တဖောက်ဖောက်၊ တအုံးအုံး၊ တဒိုင်းဒိုင်း ပစ်သံခတ်သံများကဆူညံစွာထွက်ပေါ်နေသည်။

ထိုအရပ်မျက်နှာသို့ လှမ်းမျှော်ကြည့်ရင်း ဘိုးကင်းတို့လူစုကလည်း တစ်ယောက်တစ်ပေါက် ငြင်းခုန်ပြောဆိုနေကြသည်။

''တိုက်ပွဲကတော့ ပြင်းသဟေ့၊ ငါ့အထင် ဒီတိုက်ပွဲဟာ အကြီးဆုံးပဲ၊ အပြတ်အသတ်ဆော်ကုန်ကြပြီထင်တယ်''

အဖြတ်အတောက်မျိုးစုံ ခံထားရတဲ့ကြားထဲက ကျုပ်တို့မောင်တွေ ခုလိုပြန်ဆော်နိုင်တာ ဘယ်ဆိုးလို့လဲ''

''မင်းဘာသိလို့လဲ၊ စစ်ကူတွေရောက်နေပြီကွ၊ စစ်ကူတွေက ဟိုကောင်တွေရဲ့ဘေးနံနဲ့ နောက်ကျောဘက်ကို တရကြမ်းဝင်တိုက်ပေးနေပြီး ဒါကြောင့် တို့တပ်တွေကပါ စစ်ကူတွေနဲ့ အချိန်ကိုက် ထိုးစစ်လိုက်ပြီတဲ့၊ ငါ မနက်ကစစ်သားတွေအချင်းချင်း ပြောနေတာကို ကြားခဲ့ရတယ်၊ ဟိုကောင်တွေ တော်တော်အထိနာကုန်ပြီတဲ့၊ ဒီဘက်ကပဲ နိုင်ပြီးရင်းနိုင်နေတယ်တဲ့''

ကြားလိုက်ရသော သတင်းစကားများက ဘိုးကင်းကို ရင်ထိတ်သွားစေသည်။ အထွေထွေထိုးစစ်ကြီး စပြီတဲ့။ နောက်ဆုံးတိုက်ပွဲကြီး စလိုက်ပြီတဲ့။ ဒါဆိုလျှင် မိမိတို့မွေးမြူရေးခြံကြီးအတွက်လည်း မကြာမီ

လုပ်ငန်းစလာတော့မည်ပေါ့။ တစ်စုံတစ်ခုသော အမိန့်က နေ့ချင်းညချင်းဆိုသလို ရောက်ရှိလာတော့မည်ပေါ့။ ဘိုးကင်းမျက်စိထဲတွင် မြင်ယောင်နေမိသည်။ အာဏာပိုင်အဖွဲ့က အမိန့်ကိုထုတ်ပြန်လိုက်သည်။ ထိုအမိန့်နှင့်အတူ စခန်းတွင်းရှိ စစ်သားတွေက မွေးမြူရေးခြံရှေ့တွင် တန်းစီနေရာယူကာ ရိုင်ဖယ်များဖြင့် ခြံတွင်းသို့ တရစပ်ပစ်ခတ်ကြသည်။ ခြံတွင်းရှိ တိရစ္ဆာန်တွေက အတုံးအရုံးလဲပြိုသေဆုံးကုန်ကြသည်။ထိုတိရစ္ဆာန်အသေကောင်တွေကိုပင် သူတို့အလုပ်သမားတွေက အမဲဖျက်ကာ ခုတ်ထစ်တုံးတစ် ပေးကြရသည်။ ပြီး ထိုအသားတုံးများကို တောင်းကြီးတောင်းငယ်များ၌ထည့်ကာ ကားတွေပေါ်တင်ပြီး ယူဆောင်သွားကြသည်။ ရှေ့တန်းသို့ရောက်သည်နှင့် ထိုအသားများကို နောက်ဆုံးတိုက်ပွဲအတွက် နောက်ဆုံးရိက္ခာအဖြစ် တပ်ဖွဲ့အသီးသီးသို့ ဖြန့်ခွဲပေးလိုက်တော့သည်။

သွေးတွေသံတွေတရဲရဲနှင့် မြင်ကွင်းကို မြင်ယောင်ရင်း ဘိုးကင်းက ခေါင်းကို ခါယမ်းလိုက်မိသည်။ သို့သော် အနိဋ္ဌာရုံကြီးတစ်ခု နိဂုံးချုပ်ခါနီးလာသည့်အတွက်ကို တော့ သူစိတ်ထဲမှာ ကျေနပ်သလိုလို၊ နှစ်သိမ့်သလိုလို ဖြစ်နေမိရသည်။

+ + + + + +

သည်လိုနှင့် ထူးခြားမည့်အခြေအနေများကို စောင့်စားရင်း တစ်နေ့ပြီးတစ်နေ့ ကုန်လွန်သွားခဲ့သည်။ စစ်ကြီးလည်းပြီး၊ မွေးမြူရေးခြံလည်း ဇာတ်သိမ်း၊ ဘိုးကင်းအပါအဝင် မြို့လူထုတွေလည်း ကျွတ်လွတ်ပေါ့ပါးသွားကြရမည့် နေ့ရက်တစ်ရက်ကို မျှော်လင့်နေမိကြသည်။

ရှေ့တန်းမှာ တိုက်ပွဲတွေပြင်းထန်ပြီး စစ်သတင်းတွေ အမျိုးမျိုးထွက်နေသလို ဘိုးကင်းတို့ မွေးမြူရေးခြံအတွင်းမှာလည်း အခြေအနေတွေက တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲနေသည်။ ဤခြံကို ဖျက်သိမ်းရမည့်အမိန့်က ကနေ့ပဲရောက်လာတော့မှာလိုလို၊ နောက်တစ်နေ့ကျ ရောက်လာတော့မှာလိုလို။ ဖျက်သိမ်းခွင့်အမိန့်ကို ထုတ်ပေးပြီးကာမှ နောက်ထပ်အမိန့်တစ်ခုဖြင့် ပြန်ပြီး တားဆီးထားသလိုလို။ ကောလာဟလတွေက အမျိုးမျိုးကြားနေကြရသည်။

မည်သို့ဆိုစေ ရှောင်လွှဲ၍မရသော ထိုနေ့တစ်နေ့ကိုတော့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ရှိလာရသည်သာ။ ထိုနေ့က မနက်မိုးလင်းလင်းချင်းပင် ထူးခြားမှုနှင့် ဘိုးကင်း ကြုံရသည်။ အခြားမဟုတ်။ ခြံအပြင်ဘက်မှ မကြုံဖူးအောင် ဆူညံကျယ်လောင်လှသည့် အသံမျိုးစုံကို သူ ဦးစွာကြားရသည်။ နောက်တော့ သံဆူးကြိုးတွေ၊ ခြံတိုင်တွေကို ပြင်းပြင်းထန်ထန် ရိုက်ပုတ်နေသော အသံများကို ဆက်ပြီးကြားရသည်။ သူ အလန့်တကြားဖြစ်သွားပြီး ထွက်ကြည့်လိုက်မိတော့ အံ့ဖွယ်သရဲမြင်ကွင်းကိုပါ မြင်တွေ့လိုက်ရတော့သည်။

အပြင်ဘက်၌ လူထုကြီးက အုံခဲပြီး ပြွတ်သိပ်နေသည်။ ခြံတစ်ခုလုံးကိုပင် လူထုက ပတ်လည်ဝိုင်းထားသည်။ လူတစ်ဦးပေါ်တစ်ဦးဆင့်ကာ အတွင်းထဲခုန်ဝင်တော့မလို လုပ်သူကလုပ်နေသည်။ အော်သူကအော်၊

အမိန့်နှင့်အတူ စခန်းတွင်းရှိ စစ်သားတွေက မွေးမြူရေးခြံရှေ့တွင် တန်းစီနေရာယူကာ ရိုင်ဖယ်များဖြင့် ခြံတွင်းသို့ တရစပ်ပစ်ခတ်ကြသည်။ ခြံတွင်းရှိ တိရစ္ဆာန်တွေက အတုံးအရုံးလဲပြိုသေဆုံးကုန်ကြသည်။ ထိုတိရစ္ဆာန်အသေကောင်တွေကိုပင် သူတို့အလုပ်သမားတွေက အမဲဖျက်ကာ ခုတ်ထစ် တုံးတစ်ပေးကြရသည်။



ဟစ်သူက ဟစ်၊ ဆဲရေးသူက ဆဲရေးနှင့်လည်း ဖြစ်နေသည်။ ထူးခြားသည်မှာ အတွင်းရှိ အစောင့်စစ်သားတွေက ယခင်ကလို လူထုဘက်လှည့်ပြီး သေနတ်တချိန်ချိန်နှင့် ခြိမ်းခြောက်ငေါက်ငမ်းနေခြင်းမျိုး လုံးဝမပြုလုပ်တော့ခြင်းပင်။ သူတို့က သေနတ်ကို အေးအေးလူလူပင်လွယ်ထားရင်း ရောက်ရာနေရာအသီးသီးတွင် ရပ်ကြည့်လျက်ရှိကြသည်။

တအောင့်လောက်ကြာတော့ အပြင်ဘက် လူထုထဲမှ လော်စပီကာဖြင့် လှမ်းအော်လိုက်သည့်အသံက အတွင်းဘက်သို့ ကျယ်လောင်စွာ ဝင်ရောက်လာသည်။

''ရဲဘော်တို့...ခင်ဗျားတို့မွေးမြူရေးခြံကို အခု ကျုပ်တို့လက်ထဲအပ်ပါ၊ ငတ်မွတ်နေတဲ့ ပြည်သူတွေရဲ့လက်ထဲ အခုလွှဲပေးပါ၊ စစ်ကြီးက ပြီးဆုံးသွားပြီ၊ ကျုပ်တို့ ဆီကိုလည်း ကုန်းကြောင်း၊ ရေကြောင်းတွေကနေ ရိက္ခာတွေလှမ်းပို့လိုက်ပြီလို့ သိရတယ်၊ ဒါပေမဲ့ ဒီရိက္ခာတွေက နောက်ထပ် နှစ်ရက်မှ ရောက်မလား၊ သုံးရက်မှ ရောက်မလားဆိုတာ ကျုပ်တို့မသိနိုင်ဘူး၊ လောလောဆယ် ကျုပ်တို့မှာအစာလိုတယ်၊ ကျုပ်တို့ စားရမှဖြစ်မယ်၊ ဒီတော့ ကျုပ်တို့မှာ လိုအပ်နေမှန်းသိရက်နဲ့ ခင်ဗျားတို့ ခြံကို အဓိပ္ပာယ်မရှိ ဆက်ထိန်းထားနေအုံးမယ်ဆိုရင် ခင်ဗျားတို့ပါ စစ်တရားခံတွေအဖြစ် ရောပါသွားလိမ့်မယ်ဆိုတာ မြဲမြံမှတ်ထားလိုက်ပါ''

အော်သံရပ်သွားသည်။ စစ်သားတွေက တုတ်တုတ်မလှုပ်ကြ။ မည်သို့မျှလည်း တုံ့ပြန်ခြင်းမပြုကြ။ သို့သော် မကြာမီပင် ဆက်သွယ်ရေးတပ်သားရဲဘော်တစ်ယောက်က စခန်းရုံးထဲသို့ ခပ်သုတ်သုတ်ဝင်သွားသည်။ သူလက်ထဲတွင် စာရွက်တစ်ရွက်ပါသွားသည်။ အထက်အာဏာပိုင်များထံမှ တစ်စုံတစ်ရာ ညွှန်ကြားလိုက်သော အမိန့်စာပင်ဖြစ်ဟန်တူသည်။ မကြာပါ။ တပ်ကြပ်ကြီးတစ်ဦးက သော့တွဲကြီးတစ်တွဲကို ကိုင်လာပြီး ခြံတံခါးရှေ့သို့ လျှောက်လာသည်။ သူမျက်နှာက ပြုံးတုံ့တုံ့ဖြစ်နေသည်။ ထို့နောက်တွင် တပ်ကြပ်ကြီးက ခြံတံခါးကို သော့ဖြင့်ဖွင့်ပေးလိုက်တော့သည်။

ဟိန်းထွက်လာသော အော်ဟစ်မြည်ကြွေးသံနှင့်အတူ လူအုပ်ကြီးက ခြံတွင်းသို့

လိုမ့်ဝင်လာသည်။ သူတို့လက်ထဲတွင် ဓား တွေ၊ ပုဆိန်တွေ၊ လုံးတွေ ကိုင်ဆောင်ထား ကြသည်။ နွားခြံတွေ၊ ဆိတ်ခြံတွေထဲ အတင်းဝင်ရောက်လာကြပြီးနောက် မည်း မည်းမြင်ရာ တိရစ္ဆာန်မှန်သမျှကို ထိုးကြ၊ ခုတ်ကြ၊ ပိုင်းကြ၊ ထစ်ကြတော့တ၏။ အမှန် တော့ သည်လူတွေက ခွန်အားနှင့် ပြည့်စုံ လှသည်တော့မဟုတ်။ သူတို့ပုံစံကကို အချို့ က မျက်လုံးဟောက်ပက်၊ အချို့က အရိုး ပေါ် အရေတင်နှင့် ဖြစ်ကြသည်။ သို့သော် စားရမည့်အစာကိုလည်းမြင်ရော အစား မာန်တက်လာခြင်းနှင့်အတူ ခွန်အားတွေက ပါ ချောင်ကြိုချောင်ကြားမှ ထွက်လာကြ ဟန် တူလေသည်။ ကြည့်ပါ။ အိုးထနေ သော မျက်လုံးများဖြင့် သားကောင်များ အား သတ်ဖြတ်နေကြပုံမှာ ကြောက်စရာ ပင် ကောင်းလှတော့သည်။

မကြာလိုက်သည့် အချိန်အတွင်းမှာ ပင် ခြံတွင်းရှိ သတ္တဝါအားလုံး ဘိုင်းဘိုင်း လဲကုန်ကြလေပြီ။ မြင်ကွင်းတစ်ခုလုံးလည်း ရွှံ့ယုက်ခတ်လျက်ရှိသည်။ သတ်ပြီးသား အမဲကောင်တွေကို အလျင်အမြန်ဝိုင်းဖျက် ကြသည်။ လှီးကြဖြတ်ကြသည်။ ထို့နောက် ခွက်တွေ၊ ပန်းကန်တွေကိုင်ကာ ဝိုင်းအုံ စောင့်ဆိုင်းနေသောလူအုပ်ကြီးအား အသား တွေ ဝေမျှပေးလိုက်ကြသည်။ လူအုပ်ထဲ တွင် မိန်းမတွေရော၊ ကလေးတွေပါ တွေ့ရ သည်။ အချင်းချင်းအော်ဟစ်ပြောဆိုသံများ နှင့်အတူ အဝေမတည့်သောကြောင့် ငြင်း ခုန်ရန်ဖြစ်သံများဖြင့်ပါ ဆူညံနေသည်။ အချို့က များများရသည်။ အချို့က နည်း နည်းပဲရသည်။ အချို့ကမူ နည်းနည်းပင်မရ ချေ။ ထိုဘာမျှမရလိုက်သူများက မြေပြင် ပေါ်မှ သွေးကွက်တွေ၊ အရေပြားအစအန တွေကိုပါ ကြံုးယူကောက်ယူသွားလိုက်ကြ သည်။

လူတွေရှင်းသွားပြီဆိုတော့မှ ဘိုးကင်း က ဆိတ်ခြံထဲသို့ ဝင်လာခဲ့မိသည်။ သူ နာခေါင်းထဲမှာ သွေးညှီနံ့တွေနှင့် မွန်ထူနေ သည်။ ခြံထဲမှာတော့ ဆိတ်မွေးကလေးတွေ၊ ဆိတ်ချိုအပိုင်းအစကလေးတွေကလွဲပြီး ဘာကိုမျှမမြင်ရတော့။



ဟိုဟိုသည်သည် လျှောက်သွားနေမိ ရင်း တစ်စုံတစ်ခုကိုတော့ သူတွေ့မိအောင် တွေ့လိုက်ရသေးသည်။ အခြားမဟုတ်။ သူ အချစ်တော် လေးလုံးကလေး၏ သတ္တု လည်ပတ်ပြားကလေး။ ထိုလည်ပတ်ပြား ကလေးကို ကောက်ယူရင်း သူ့ရင်ထဲဆို့နင့် သွားမိသည်။ လေးလုံးကလေးနှင့် တစ်ချိန် ချိန်မှာ ခွဲရလိမ့်မည်ဆိုတာကိုတော့ သူသိ သားပဲ။ သို့သော် ခုလိုရုတ်တရက်ကြီး၊ ပုံ ပျက်ပန်းပျက်ကြီး ခွဲရလိမ့်မည်ဟုတော့ သူ ထင်မထားခဲ့မိပါ။ အနည်းဆုံးတော့ အထက်အမိန့်အရ ရိက္ခာအဖြစ် ဘဝပြောင်း ရမည့်အချိန်တွင် သူ့ကိုယ်လုံးလေးကို ပွေ့ ချီခွင့်၊ သူ့ဦးခေါင်းလေးကို ပွတ်သပ်ခွင့် လောက်တော့ ရလိမ့်ဦးမည်ဟု သူထင်ခဲ့မိ သည်။ ခုတော့ နှုတ်ဆက်စကားလေး ပြော လိုက်ရဖို့နေနေသာသာ၊ နောက်ဆုံးအကြိမ် မြင်တွေ့ခွင့်လေးပင် မရလိုက်လေသည်မို့ သူ လွန်စွာနာကျင်မိရသည်။

သူငုံကြည့်နေမိသော လည်ပတ်ပြား ကလေးက ဝေဝါးသလိုဖြစ်လာသည်။ သူ ရင်အစုံကပါ ဖိလိုက်ဖိလိုက်နှင့် ဖြစ်လာ သည်။ နောက်ဆုံးတွင် သူက မျက်လုံးတို့ ကိုသာ တင်းတင်းမှိတ်ထားလိုက်မိတော့ သည်။

ရဲမြတ်တင်

ဒီနားတော့ ဒီနားပဲ



နှစ်သစ်ကူးမတိုင်မီ အကြိုတစ်ညကဖြစ်ပါတယ်။ စားသောက်ဆိုင်မှာ လူကျပြီး စားပွဲထိုးတွေလည်း မအား လပ်နိုင်အောင် အလုပ်ရှုပ်နေကြပါတယ်။

ဒီအချိန် လူတစ်ယောက် စားသောက်ဆိုင်ထဲမှာ သူထိုင်ခုံကို ရှာနေပါတယ်။ ခဏကြာတော့ ခပ်ချောချော အမျိုးသမီးတစ်ဦးကိုကြည့်ပြီး မေးလိုက်တယ်–

''ဒီမှာခင်ဗျာ၊ ညီမရဲ့ခြေထောက်ပေါ်ကို လွန်ခဲ့တဲ့ မိနစ်အနည်းငယ်က ကျွန်တော် နင်းမိခဲ့တာများ ရှိပါ သလား''

အမျိုးသမီးက ''ဟုတ်ကဲ့ ရှင် နင်းသွားခဲ့ပါတယ်''လို့ ပြန်ဖြေတယ်။

ဒီတော့ ငနဲသားက–

''ဟုတ်ပြီ၊ ဒါဆို ကျွန်တော်ထိုင်တဲ့စားပွဲဟာ ဒီအနား ဝန်းကျင်မှာရှိတာ သေချာတယ်''ဆိုပဲ။

မောင်သီဟ

မြန်မာနိုင်ငံဓာတ်ပုံအသင်း

လစဉ်ဓာတ်ပုံပြိုင်ပွဲများ

စံပြအလှမယ် ဓာတ်ပုံပြိုင်ပွဲ(အကြီးတန်း)

MODEL ခင်ရတနာနွယ်

သန့်စင်





ဒုတိယ
ဇော်မင်းဦး



တတိယ
ဦးသန့်ဇင်

မြန်မာနိုင်ငံဓာတ်ပုံအသင်း

လစဉ်ဓာတ်ပုံပြိုင်ပွဲများ

ပြင်ပရိုက်ကူးရေး(OUTING)အစီအစဉ်

“ငွေဆောင်ခရီးစဉ်” အကြီးတန်းရောင်စုံပြိုင်ပွဲ

သန့်စင်



ပထမ

ညကော်ဝင်းထွန်း



ဒုတိယ
ဒေါက်တာ
ချမ်းမြေ့အောင်



တတိယ
ကျော်သူအောင်



❖ ဘဝခရီး၊ လှေတစ်စီးဝယ်
ပေါင်းစည်းတူယှဉ်၊ ဖြူစင်လှော်ခတ်
မားမားရပ်လျက်၊ မပြတ်စေတနာ
မေတ္တာဝေဖြန့်၊ ကူပံ့သဒ္ဓါ
သစ္စာလွှမ်းခြုံ၊ ပေးဆပ်တုံလည်း . . .
တစ်ဖုံဆန့်ကျင်၊ စိတ်ရိုင်းဝင်ကာ
တုယှဉ်စိတ်ထဲ၊ ညှစ်မည်းဖောက်ပြန်
ကောက်ကြိစိတ်မွေး၊ ကြွေးသစ်ပေးကြို
သူလိုလူ . . .လည်း ကြုံဖူးခဲ့။

❖ ခရီးတစ်ခု၊ အကြောင်းပြု၍
ပေါင်းစုဆုံရာ၊ လူရပ်ရွာဝယ်
သတ္တဝါတစ်ခု၊ ကံတစ်ခုဟု
ရင်းပြုစေတနာ၊ ဖြူစင်စွာဖြင့်
မေတ္တာသက်ဝင်၊ ပေးဆပ်နှင်လည်း
ဖြစ်စဉ်အတိတ်၊ ကံနိမိတ်ကြောင့်
အရိပ်မည်းပါ၊ မုန်တိုင်းလာလည်း
ကောင်းရာကိုပြု၊ ကောင်းမှုမြတ်နိုး
ကောင်းကျိုးနှင်းအပ်၊ ငါ့လုပ်ရပ်သည်
မြတ်ဗုဒ္ဓအလို . . .ပြည့်စေလို။

❖ လှော် . . .
အတိတ်ရိပ်ကံ၊ ဖြစ်ကြောင်းမှန်က
ပြန်လှန်မနေး၊ အကျိုးပေးသည်
ကံကြွေးကိုဆပ်၊ မထပ်ကြွေးသစ်
အဖြစ်ဟောင်းကံ၊ ယူရပြန်လည်း
ကံ၏အကျိုး၊ ဆုံအံ့ကိုး . . .ဟု
ကြောင်းကျိုးဖြစ်အင်၊ ဉာဏ်ယှဉ်သုံးသပ်
ငြိမ်းသတ်ပူမီး၊ ငါ . . .ဖျက်ဆီးသည်
ခရီးငါ့အတွက်အေးငြိမ်းရာ။
ကံစေစားရာကြို့ကြရာ။
ဘဝဝန်းကျင်ဝေနေယျာ။ ။

မွေးငယ်ငယ်

ခဲ့သို့ သဝဏ်

ရန်ပေါတဲ့အစမ်းရေတွက်

(၁)

လူပုံက သန့်သန့်ပြန့်ပြန့်၊ ဝတ်စားဆင်ယင်မှုကလည်း ခန့်ခန့်ညားညား၊ ရုပ်ရည်ကလည်း ဥပဓိကောင်းကောင်းနှင့် အသက်အစိတ်လောက် ရှိမည်ဖြစ်သော မောင်ရဲအောင်ဆိုသူကလေးသည် ကျွန်တော်တို့လမ်းထဲတွင် ဆံပင်ညှပ်ဆိုင် လာရောက်ဖွင့်လှစ်ပါသည်။ သူကလေးက ရွှေဘိုခရိုင် ကျေးလက်ဒေသမှ တစ်ကိုယ်တော် စွန့်စားလာသူဖြစ်သည်။



စီးပွားရှာ ရန်ကုန်တက်လာသူအား တစ်ကိုယ်တော်စွန့်စားလာသူဟု သုံးနှုန်းရခြင်းမှာ အထူးအဆန်းမဟုတ်ပေမယ့် သူ့အတွက်က ထူးဆန်းနေပါသည်။ သည်လို မျိုး မထူးပေမယ့် ဆန်းနေသော ပုဂ္ဂိုလ်သုံးဦးလောက်ကို ယခင်က ကျွန်တော် ကြုံဆုံဖူးပါသည်။

ဟိုလွန်ခဲ့သော နှစ်ပေါင်း ၄၀ နီးပါးခန့်က ကျွန်တော်သည် ညပိုင်းကျောင်းသားအဖြစ် လုပ်သားများကောလိပ်တွင် ကျောင်းတက်နေပါသည်။ ကျွန်တော်တို့ တတိယနှစ် ကျောင်းသူကျောင်းသားများသည် ပြည်လမ်းရှိ ပညာရေးတက္ကသိုလ်တွင် စာသင်ရပါသည်။ ပင်ပ ဗိုလ်တထောင်လုပ်သားများကောလိပ်တွင် နေရာအခက်အခဲကြောင့် ညပိုင်းတွင် ထိုသို့ သွားရောက်စာသင်ရခြင်းဖြစ်သည်။

အတန်းတင်စာမေးပွဲကြီးကိုလည်း ညပိုင်း၌ ထိုပညာရေးကောလိပ်တွင် ဖြေရသည်(ထင်)ပါသည်။ ဘာသာရပ်တစ်ခုဖြေပြီး ကျွန်တော်သည် ကော်ရစ်ဒါမှဖြတ်ကာ ပြန်ထွက်လာသည်။ ညမှာလည်း ၇ နာရီကျော်ပြီဖြစ်သည်။ ထိုသို့ ပြန်ထွက်လာစဉ်မှာပင် ရုံးခန်းအတွင်းမှ တဖြောင်းဖြောင်းနှင့် လက်နှိပ်စက်ရိုက်သံကို ကြားလိုက်ရသည်။ ရိုက်သံမှာ ရုံးများတွင်ကြားလိုက်မြင်လိုက်ရသော လက်သံမျိုးမဟုတ်။ အတော်ကြီး ကျွမ်းကျွမ်းကျင်ကျင်ရိုက်သော လက်သံမျိုးဖြစ်၏။ ပြီး အရေးတကြီး အဆောတလျင် သုတ်သီးသုတ်ပျာနိုင်လှသည်။ ဘာအရေးပေါ်ကိစ္စများ ပေါ်ပေါက်နေလို့ ယခုလို သုတ်သီးသုတ်ပျာ ရိုက်နေရသနည်းဆိုပြီး ကြည့်လိုက်တော့...

ပထမတော့ ကျောင်းစာရေးတစ်ယောက် ရိုက်နေသည်ဟုထင်မိ၏။ နောက် အရေးထဲ ညကြီးမင်းကြီးထဲမှာ နေကာ မျက်မှန်က တပ်ထားသေးသည်။ အတူပါလာသူ သူငယ်ချင်းတစ်ယောက်က ရှင်းပြပါ၏။

''အဲ..ဒါ ဟိုမေဂျာက မျက်မမြင် ကျောင်းသား စာမေးပွဲဖြေနေတာလေ''တဲ့။

နောက်တစ်ဦးက ကျောင်းတက် ကျောင်းဆင်းအမြဲလိုလိုတွေ့နေကျ ကျောင်းသားကလေးဖြစ်၏။ ကျောင်းဆင်းချိန်မှာ သုံးလေးခါမြင်ဖူး၍ စိတ်ဝင်စားသွားမိ၏။ တစ်နေ့ ကျောင်းဆင်းချိန်မှာ သူ့ကို အဖော်များနှင့် မြူးထူးစွာဆော့ကစားလာ၍ မေးမိပါတော့သည်။ သူက ပြုံးရွှင်စွာဖြေပါသည်။

အတန်းပညာက ၇ တန်း၊ အသက်ကတော့ ၁၂ နှစ်၊ စာရေးတာကော၊ ထမင်းစားတာကောဆိုတော့ ရိုတဲ့ဟာနှင့် ရေးတယ်၊ စားတယ်၊ အပေါ့အပါးသွားတာကတော့ ဤနေရာ၌ သူကိုယ်တိုင်မဖြေမိသူ့အတူပါလာသူ သူငယ်ချင်းက သားတို့ပဲ လုပ်ပေးရတာပေါ့တဲ့။

ဤလောက်ဆိုလျှင် သူကလေး၏ အသွင်သဏ္ဌာန်ကို ရုပ်လုံးပေါ်လောက်ပြီထင်ပါသည်။ တကယ်လည်း သူကလေးသည် မွေးကတည်းက လက်နှစ်ဖက်လုံးမပါခဲ့ပါ။ လက်မောင်းအရင်းသာရှိ၏။ ငုံးတိတိနှင့် ဖြစ်နေပါ၏။ သူ့ဘဝမှာ အားကိုးစရာဆိုလို့ ဘုရားပေးသည့် ကျန်းမာသန်စွမ်းသော ခြေနှစ်ချောင်း(အစုံ)သာ ရှိခဲ့၏။

ယခု မောင်ရဲအောင်ဆိုသူကို ကျွန်တော် ဆံပင်ညှပ်သွားရာမှ ဆွံ့အနားမကြားသူမှန်း သိရ၏။ ဆွေမျိုးရင်းချာမရှိဘဲ တစ်နယ်တစ်ကျေးမှ လာရောက်စီးပွားရှာခြင်းကြောင့် သူ့အား တစ်ကိုယ်တော်စွန့်စားသူဟု ကျွန်တော်ဆိုရခြင်းဖြစ်သည်။ သူသည် ကျေးလက်ရွာကြီးမှဖြစ်သည်။ မိဘနှစ်ပါးသည် မူလတန်းဆရာ၊ ဆရာမများဖြစ်သည်။ ထိုမိဘနှစ်ပါးကျေးဇူးကြောင့် လူမှုဝန်ထမ်းကျောင်းတွေမရှိသော ဒေသ၌ စာရေးစာဖတ်တတ်ခဲ့သည်။

ထိုကျေးဇူးကြောင့်ပင် သူတို့ရွာသို့ ရောက်ရှိလာသော မြန်မာ့အလင်းသတင်းစာမှ ကြော်ငြာတစ်ပုဒ်ကို သူဖတ်မိပါတော့သည်။ ထိုကြော်ငြာမှာ လူမှုဝန်ထမ်းဌာနမှ ခေါ်ယူခြင်းဖြစ်သည်။ ဂျပန်အကူအညီဖြင့် ဖွင့်လှစ်ရာ မျက်နှာပေါင်းတင်ခြင်း၊ ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်ဆေးဆိုးခြင်းကို နှစ်လတာ သင်ကြားပေးမည်ဖြစ်သည်။ ဂျပန်အဖွဲ့အစည်းအမည်မှာ A.A.R (Association for Aid & Relief) ဖြစ်သည်။



ထိုကြော်ငြာချက်ကို သူစိတ်ဝင်စားသွားကာ မိဘများထံခွင့်ပန်၏။ မောင်ရဲ့အောင်ကလေး၏ ရှေ့ရေးကို မျှော်တွေးရင်း မိဘများက ခွင့်ပြုလေ၏။ ထိုခွင့်ပြုချက်အရ သူသည် သူစိမ်းတစ်ရံဆံအလယ်သို့ ရောက်လာပါတော့၏။

တကယ်ဆိုတော့ သူတို့သည် မစ္စမ်းမသန်သူများ မဟုတ်ကြတော့ပါ။ မသန်ပေမယ့် စွမ်းသူများဖြစ်ကြပါ၏။ အမေကမွေး၊ ဘုရားကပေးသော လက်ရှိခန္ဓာအနေအထားနှင့်ပင် သူတို့သည် မီးပင်လယ်ကို ဖြတ်ရန်ပင် ဝန်မလေး၊ သံပုံ၊ ဆူးပုံ၊ ကန္တာရအစုံကို ကျော်နင်းရန်လည်း ဝန်မလေး၊ စကြဝဠာတံတိုင်းအပြင်ဘက်ကို လျှောက်ပတ်ချင်သေးသည်ဖြစ်ရာ . . .

စကြဝဠာတံတိုင်းဆိုတော့ ထိုတံတိုင်းကို ကျော်လွှားချင်မိသည့် သင်းသင်းနွဲ့တို့ မိသားစုကို ကျွန်တော် အမှတ်ရလာပါတော့၏။

(၂)

ကျွန်တော်တို့ရုံးအဖွဲ့တွင် သင်းသင်းနွဲ့ ဆိုသော ဝန်ထမ်းတစ်ဦးရှိပါသည်။ သူကို ကျွန်တော်တို့က အနွဲ့ဟုခေါ်ကြသည်။ သူသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး မကြာမီကပင် သားဦးတစ်ဦး မျက်နှာမြင်ပါသည်။ မီးဖွားခွင့် သုံးလပြည့်ပါသော်လည်း သူသည် ရုံးအလုပ်ခွင်သို့ တက်ရောက်လာခြင်း မရှိခြင်းကြောင့် မေးမိရာ–

''သူကလေးကအဖျားကြီးတာကြောင့် ဆေးရုံတင်ထားရတာ''တဲ့။

လူကြီးသူမများသာ ရောဂါဝေဒနာ ရှိကြသည်မဟုတ်။ အနွဲ့သားကဲ့သို့ ကနေ့မွေးခန်းထဲမှ ထွက်၊ နောက်နေ့ ဖျားနာဆောင်သို့ ရောက်ကြရသည်မှာ ဒုနှင့် ဒေးပင်ဖြစ်၏။ ပို၍ဆိုးသည်က အလွန်တရာမှ နုနယ်လွန်းသော မွေးကင်းစအရွယ်မှာ အဖျားအပူချိန် မြင့်မားလွန်းခြင်းကြောင့် ဖျားနာဆောင်သို့ ပို့ဆောင်ထားရခြင်းပင်ဖြစ်၏။ အပူချိန်မြင့်မားလွန်း၍ ဦးနှောက်ထိခိုက်ကာ တက်ခြင်းဖြစ်၏။

သမားတော်ကြီးများ၏ ကျေးဇူးကြောင့် အနွဲ့နှင့်အတူ သားလေးတို့ ဆေးရုံမှ ဆင်းခဲ့ရ၏။ သို့သော် မိခင်ဖြစ်သူ အနွဲ့ကား သားရွှေအိုးထမ်းကာ ပြန်လာသည်တော့ မဟုတ်ပေ။ ဝမ်းသာခြင်းထက်ဝက်၊ ဝမ်းနည်းခြင်းထက်ဝက်နှင့် ပြန်လာခဲ့သည်။ ဝမ်းသာရခြင်းကား သားကလေး အသက်ရှင်ခွင့်ရခြင်းနှင့် ဝမ်းနည်းရခြင်းကား သားကလေးသည် အများကလေးနည်းတူ လောကကြီး၏ အခွင့်အရေးကို တန်းတူညီမျှ မရရှိခြင်းကြောင့်ပင် ဖြစ်၏။

''ကလေးရဲ့ ကုသိုလ်ကံပဲပေါ့ တူမကြီးရယ်၊ တူမကြီးလည်း အရွယ်ရှိသေးတာပဲ၊ ကျန်းမာသန်စွမ်းတဲ့ သားရတနာ၊ သမီးရတနာတွေ အများကြီးရနိုင်တာပဲ၊ စိတ်ပျက်စရာ၊ အားငယ်စရာတွေ ဘာမှမရှိပါဘူး၊ ဆိုးဆိုးကောင်းကောင်း သားသမီးဆိုတာ ရတနာတစ်ပါးပါလေ''

ဆေးရုံကအဆင်းမှာ သားဖွားမီးယပ်ဆရာဝန် ဒေါက်တာမကြီး၏ အားပေးစကားသံကို ကြားယောင်နေမိ၏။ ဟုတ်သည်။ ဆရာဝန် ဒေါက်တာမကြီး၏ သားသမီးဆိုတာ ရတနာတစ်ပါးဆိုသော စကားအတိုင်း တစေ့စေ့ကြည့်လေ သားလေးကိုတိုးသည် ထူးခြားစွာ မိုးကျွေ့ကိုယ်လေးနှင့် တူလာနေခြင်းပင်ဖြစ်၏။

အမှန်စင်စစ် သားလေးကိုတိုးသည် ငိုခြင်း၊ ခံစားခြင်း၊ လှုပ်ရှားခြင်းအလျဉ်းမရှိဘဲ သိပ်ထားသောနေရာ၊ ချထားသောနေရာမှာ ငြိမ်ငြိမ်ကလေးနေ၏။ ဒေါက်တာမကြီး၏အဆိုအရ သူတကာကလေးထက် သားလေးကိုတိုး၏ ဦးနှောက်အသိဉာဏ်မှာ (၇)ဆမျှ နောက်ကျနေခြင်းဖြစ်၏။ ထိုသို့ နောက်ကျနေခြင်းကြောင့် ကိုတိုးသည် လှုပ်ရှားမှုကင်းစွာ ငြိမ်သက်နေရခြင်းဖြစ်၏။ ဒါကိုပင် မိဘမေတ္တာအပြည့်အဝနှင့် ရှုမြင်နေခြင်းကြောင့် ကိုတိုးသည် မိုးကျွေ့ကိုယ် ဖြစ်နေရပါတော့၏။

သားလေးကိုတိုး အခါလည်ကျော်

သူတို့သည် မစ္စမ်းမသန်သူများ မဟုတ်ကြတော့ပါ။ မသန်ပေမယ့် စွမ်းသူများဖြစ်ကြပါ၏။ အမေက မွေး၊ ဘုရားကပေးသော လက်ရှိခန္ဓာအနေအထားနှင့်ပင် သူတို့သည် မီးပင်လယ်ကို ဖြတ်ရန်ပင် ဝန်မလေး၊ သံပုံ၊ ဆူးပုံ၊ ကန္တာရ အစုံကို ကျော်နင်းရန်လည်း ဝန်မလေး

ကျော်မှာ မျက်လုံးကလေး ကစားလာ၏။ ပြုံးခြင်း၊ ရယ်ခြင်းမပြုတတ်သေး။ ထို မျက်လုံးကလေး ကစားနေတာကိုပင် အနွဲ့သည် အကျေနပ်ကြီးကျေနပ်ကာ ဝိတိဖြစ်နေပါတော့၏။ တစ်နေ့မှာတော့ ကိုတိုး၏ပြုမူပုံကို ကြည့်မြင်လိုက်ရ၍ အမေဖြစ်သူအနွဲ့က ဝမ်းသာအားရစွာဖြင့် အော်လိုက်မိ၏။

''ဟောတော့ . . . ကိုတိုးခြေထောက်တွေ လှုပ်နိုင်တယ်တော့''

မှန်လည်းမှန်ပါသည်။ ကိုတိုးသည် တစ်နှစ်ခွဲကျော်ကျော်မှာ ခြေထောက်နှစ်ချောင်းကို ခြေချင်းပွတ်ကာ လှုပ်ရှားနေပါသည်။ အနွဲ့ရင်ထဲမှာ ထိုသို့လှုပ်ရှားတာကိုပင် အောင်မြင်မှုအကြီးစားဟု မှတ်ယူနေပါသည်။ မြင်မြင်သမျှ၊ တွေ့သမျှမိတ်ဆွေများကို ကိုတိုး၏ ထူးခြားချက်များကို အားပါးတရ ပြောပြတတ်၏။ စာနာစိတ်ရှိသူများကတော့ မိဘချင်းစာနာကာ ကရုဏာပွားနေကြ၏။

နှစ်နှစ်ကျော်ကျော်လောက်တွင် ကိုတိုးသည် ပူးပူးဝါးဝါးနှင့် စကားစပြောလာ၏။ ထိုင်ခြင်း၊ ထခြင်းတို့ကိုလည်း မိခင်အကူအညီဖြင့် လုပ်နိုင်လာတော့၏။ ခြေနှစ်ချောင်းသည် ကောင်းစွာလှုပ်ရှားနိုင်သည်။ ညာဘက်လက်သည် ကောင်းစွာလှုပ်ရှား၍မရ။ အကြောအခြင်ဆိုင်းနေသလိုဖြစ်၏။ ဘယ်ဘက်လက်ကတော့ ကောင်းစွာ လှုပ်ရှား၍ရ၏။ အသေအချာ လက်ဟန်ခြေဟန်နှင့် ပြောပါက သုံးခွန်းမှာ တစ်ခွန်းလောက်တော့ နားလည်သဘောပေါက်၏။ ပါးစပ်မှာ သွားရည်များ မကြာမကြာ ထွက်တတ်၍ သုတ်ပေးရ၏။ ဤသို့ သွားရည်ကျခြင်း၊ ထွက်ခြင်းကိုပင်လျှင် တိုင်းရင်းဆေးဆရာတို့က သူငယ်နာဟုပြောကာ ဂေါမုတ္တဆေးကို ဆောင်ထားရ၏။

တစ်နေ့မှာတော့ နေပူကျဲကျဲထဲမှာ ထီးတစ်လက်ကိုအဖော်ပြုပြီး အနွဲ့တစ်ယောက် အပြင်မှပြန်လာခဲ့သည်။ သူမို့ ပူပြင်းသွေ့ခြောက်သောရာသီကို မကြောက်တာ၊ တခြား ရုံးသူရုံးသားများကတော့ ရုံးအတွင်း ပန်ကာအောက်မှာ အေးကွက်ကို ရှာနေကြ၏။ အနွဲ့ကတော့ သောက်ရေတစ်ခွက်ကို ခပ်သောက်လိုက်ပြီး သူ့ပင္ရာစာရီ ဇာတ်ထုပ်ကို ပြောနေပါတော့၏။

''အငယ်ကောင်ကို ရင်ခွင်ပိုက်ကျောင်းပို့၊ ပြီးတော့ လူကြုံနှင့် လင်တော်မောင်ဆီ ငါးပိကြော်၊ လက်ဖက်နှင့် စားစရာတွေ ပို့ပြီးတော့မှ ကျွိုက်ဝိုင်းရှိ လူမှုဝန်ထမ်းဌာနဆီ ကိုတိုးကို ပို့နဲ့၊ လူလည်း ရူးမတတ်ပဲ''

သူစကားကိုကြားတော့ သနားလည်းသနား၊ ရယ်လည်း ရယ်ချင်လာမိတော့၏။ လူလည်း ရူးမတတ်ပါပဲဆိုသော နိဂုံးအဆုံးပိတ်စကားကိုတော့ ဓာတ်သိသူများမှာ ရယ်ချင်ပက်ကျိ ဖြစ်နေပါတော့၏။ သည်လို လေ...

သူသား ကိုတိုးတစ်ယောက်ကိစ္စနှင့်ပင် ချာချာလည်ဖြစ်နေရသော အနွဲ့သည် နောက်တစ်ယောက်ဖြစ်သော သားသန္ဓေကို လွယ်ထားသည့်ကာလဖြစ်၏။ အပေါင်းအသင်း မိတ်ဆွေများက အနွဲ့တစ်ယောက်တစ်ပူပေါ် တစ်ပူဆင့် လုပ်နေပြန်ပြီ။ ရင်မှာ တောက်လောင်နေသော မီးတောက်မှ မငြိမ်းသေးခင် နောက်ထပ်အသစ် မီးတောက်ကို ကျောပေါ်မှာ အစပျိုးနေပြန်ပြီ။ ဘာညာ စသည်ဖြင့် ကရုဏာဒေါသောနှင့် ဝိုင်းပြီးဆူကြ၊ ပူကြ၊ အာကြလေတော့၏။ အနွဲ့ကတော့ သူယုံကြည်ချက်နှင့်သူမို့ အေးဆေးစွာဖြင့်...

''နင်တို့ ဆူဆဲရင်လည်း မိန္ဒဲ့ကတော့ ခံရမှာပါပဲ၊ ငါ့ရင်မှာတောက်နေတဲ့ မီးတောက်က အားကိုးမရတဲ့ ကိုတိုးတစ်ယောက် မိဘတွေမရှိတော့ရင်ဆိုတဲ့အတွေးမျိုးနဲ့ နောက်ထပ်သားသမီးတွေ မွေးရမှာပဲ''

သူသား ကိုတိုး၏ တစ်သက်လုံးနောင်ရေးကို အမေတစ်ယောက်အနေနှင့် တွေးပူတာမို့ဆိုသော အသိတရားကို မုဒိတာပွားလောက်ပါပေ၏။ နောင်ရောက်လာမည့် ညီငယ်၊ ညီမငယ်များကလည်း သူတို့အစ်ကို ကြီး ကိုတိုးကို မောင်နှမစိတ်ဖြင့် ကြည့်ရှုစောင်မကြမည်ဖြစ်၏။ ခုတော့ ကိုတိုး၏ ညီလေး လူလောကအတွင်းသို့ ရောက်ရှိလာတာ ခြောက်လရှိပါပြီ။ ထိုကလေးကို ယခု ရင်ခွင်ပိုက်ကျောင်းသို့ ပို့ထားရ၏။

သားကြီးက ဂီလာန၊ သားငယ်က နို့စို့အရွယ်မှာပင် ခင်ပွန်းသည် တက္ကသိုလ်ဆရာက ရာထူးတိုးသဖြင့် စစ်တွေကောလိပ်သို့ ပြောင်းရွှေ့သွားရသည်။ အနွဲ့တစ်ယောက် သားနှစ်ယောက်နှင့် ဗျာများနေခိုက်မှာ ခင်ပွန်းသည်ကိစ္စကလည်းတမှောင့်။ သူ့ဒုက္ခကြောင့် ခင်ပွန်းသည်အား တားမြစ်ဖို့ကလည်းမကောင်း၊ သည်လိုအခွင့်အရေး၊ သည်လိုရာထူးတိုးတာမျိုးက ဝန်ထမ်းကျောင်းဆရာဘဝတွင် မဟာလာဘ်ကြီးတစ်ပါးမို့ အနွဲ့သည် ဆုပ်လည်းရူး စားလည်းရူးရမည့်အခြေသို့ ရောက်နေပါတော့၏။ နောက်ဆုံးမှာတော့ စူးချင်စူး၊ ရူးချင်ရူးဆိုပြီး လင်တော်မောင်ကို သွားခွင့်ပြုလိုက်ရ၏။ ကနေ့တော့ စစ်တွေလူကြုံရှိတာမို့ စားနပ်ရိက္ခာတွေ လူကြုံပါးလိုက်၏။

တစ်ပတ်လျှင် နှစ်ကြိမ်မျှ ကိုတိုးကို ကျွိုက်ဝိုင်းရှိ လူမှုဝန်ထမ်းသင်တန်းကျောင်းကို ပို့ပေးရသည်။ ထိုနေရာကိုရောက်တော့မှ အနွဲ့သည် ဘဝတူ မစွမ်းမသန်ကလေးများကို တွေ့ရ၏။ ဤသင်တန်းကျောင်းကို မရောက်ခင်ကတော့ ငါ့သား ကိုတိုးတစ်ယောက်သာ ကြမ္မာကြိုဟ်ဆိုး ဖိစီးသည်ဟု ထင်ခဲ့၏။ ခုတော့ ကိုတိုးလို လူစားအများကြီးဟု သိခွင့်ရတာမို့ ရင်ထဲမှာ အတိုင်းအတာတစ်ခုအထိ လျော့ပါးခဲ့ရ၏။

ဆရာမများက စိတ်ပိုင်း(ဦးနှောက်ပိုင်း)ဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာများကို မည်သို့မည်ပုံ ပြုစုပျိုးထောင်ရမည်ကို မိဘများအား ရှင်းပြကြ၏။ လေ့ကျင့်ခန်းပြုလုပ်ကာ လေ့ကျင့်ရပုံများကိုလည်း သင်ကြားပေး၏။ ဦးနှောက်ပိုင်းဆိုင်ရာကိုတော့ နည်းနည်းချင်း၊ ဖြည်းဖြည်းချင်း အချိန်ယူကာ လေ့ကျင့်ပေးရမည်ဟုဆို၏။ အကြောသေနေတာတို့၊ ကွေးကောက်သော ဖြောင့်ဆန့်၍မရသော ခြေလက်တို့ကို ဖယောင်းရည်ဖြင့် စိမ်ခြင်းဖြင့် ကုသပေး၏။ မိဘများက လက်ချာ(သင်ခန်းစာ)ကို နာယူ၊ ကလေးများက သက်ဆိုင်ရာကုသထုံးဖြင့် ကုသရကာ ပြန်လာကြ၏။ ဤနည်းအားဖြင့် သားသမီးကိစ္စ၊ လင်သားကိစ္စကို ဆောင်ရွက်အပြီး၌ ရုံးသို့ အနွဲ့ပြန်လာခဲ့၏။

(၃)

ဤသို့အားဖြင့် ကိုတိုးသည် (၁၀)နှစ်အရွယ်သို့ တိုင်ခဲ့ပြီဖြစ်၏။ ကျောင်းလည်းအနွဲ့က ထားပေး၏။ ယခု (၁၀)နှစ်ကာလကျမှ ကျောင်းစထားခြင်းဖြစ်သည်။ သာမန်ရိုးရိုးကျောင်းတော့ မဟုတ်ပါ။ လူမှုဝန်ထမ်းဌာနမှဖွင့်လှစ်သော မစွမ်းမသန်ကလေးများကျောင်းဖြစ်၏။ ကလေးတွေက အရွယ်စုံဖြစ်သည်။ ကိုတိုးထက်ကြီးသူ၊ ရွယ်တူ၊ ငယ်သူ မိန်းကလေး ယောကျ်ားလေး အရွယ်စုံဖြစ်၏။

နာဝ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများကို အထူးသင်ကြားပေး၏။ နာဝ်ပိုင်းဆိုင်ရာကို သင်ကြားပေးခြင်းအားဖြင့် ပန်းပွင့်ကလေးများကို နမ်းရကောင်းမှန်း သိလာသည်။ ကျေးငှက်တိရစ္ဆာန်များကို ကြင်နာရမှန်း သိလာသည်။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်ရွယ်သူကို သနားရကောင်းမှန်း သိတတ်လာသည်။ နောက်ဆုံး ဘုရားဝေယျာဝစ္စနှင့် ဦးတော်လုပ်ရကောင်းမှန်း သိလာသည်။

ခန္ဓာကြွခိုင်မှု(ရုပ်ပိုင်းဆိုင်ရာ)ကိုတော့ မိမိခန္ဓာကိုယ်ကို အားကိုးချင်အောင် အရာ

နင်တို့ ဆူဆဲရင်လည်း မိန္ဒဲ့ကတော့ ခံရမှာပါပဲ၊ ငါ့ရင်မှာတောက်နေတဲ့ မီးတောက်က အားကိုးမရတဲ့ ကိုတိုးတစ်ယောက် မိဘတွေမရှိတော့ရင်ဆိုတဲ့အတွေးမျိုးနဲ့ နောက်ထပ်သားသမီးတွေ မွေးရမှာပဲ...

ရာမှာ ကိုယ်ထူကိုယ်ထလုပ်ချင်တဲ့ စိတ်ပေါ်အောင် လုပ်ရမည်ဖြစ်၏။ ထိုသို့ လေ့ကျင့်ထားသည်ကို ကိုတိုး၏ပြုမူလုပ်ဆောင်ချက်၊ ဖွဲ့သတ္တိတွေကို အန္တေ့ သတိထားမိ၏။ ဦးစွာ သတိထားမိသည်မှာ...

တစ်နေ့တော့ အန္တေ့သည် ကိုတိုးကို လက်ဆွဲကာပြန်လာခဲ့သည်။ အပြန်လမ်းမှာ အင်းလျားကန်ပေါင်ရိုးပေါ်မှ လျှောက်ပြန်ခဲ့သည်။ လတ်ဆတ်သော ကန်လေပြည်ကို လည်း ရှူရင်း အညောင်းပြေ၊ ခြေခင်းလက်သာလည်းဖြစ်စေရန်အလို့ငှာ လမ်းလျှောက်ရခြင်းဖြစ်၏။ တစ်နေရာရောက်တော့ ကိုတိုးသည် ဝါဝါလွင်လွင်ပွင့်နေသော ဒဟပ်ပန်းကလေးများကို ကုန်းကောက်ကာ ဆွတ်ခူးနေပါ၏။ ဒါကို အမေဖြစ်သူက ကောက်ကာငင်ကာ မေးတော့...

''အရာပန်းတင်ဖို့''

အန္တေ့ အံ့သြသွားရသည်။ ပန်းကို ပန်းမှန်းလည်း ကိုတိုးသိနေ၏။ ဘုရားကို ဘုရားမှန်းလည်း ကိုတိုးသိနေပါ၏။ ပန်းကို ဘုရားမှာ ကပ်လှူပူဇော်ရမှန်းလည်း ကိုတိုးသိနေပါ၏။ ကိုတိုး ဦးနှောက်သည် အနည်းငယ် လှုပ်ရှားကြီးထွားလာပြီဖြစ်၏။ ထိုနည်းတူ ခန္ဓာကြီခိုင်လာမှုကိုလည်း အန္တေ့ သတိထားမိပြန်၏။ တစ်ဖန် ကိုတိုး၏ ဖွဲ့၊ သတ္တိကိုလည်း မြင်လာပြန်တော့၏။ တစ်နေ့ ညနေမှာတော့...

''ကိုတိုး...သား၊ လာ..လာ...မေမေ ရေမချိုးခင် ထမင်းခွံ့ပေးမယ်''



> အန္တေ့ အံ့သြသွားရသည်။ ပန်းကို ပန်းမှန်းလည်း ကိုတိုးသိနေ၏။ ဘုရားကို ဘုရားမှန်းလည်း ကိုတိုးသိနေပါ၏။ ပန်းကို ဘုရားမှာ ကပ်လှူပူဇော်ရမှန်းလည်း ကိုတိုး သိနေပါ၏။ ကိုတိုး ဦးနှောက်သည် အနည်းငယ် လှုပ်ရှားကြီးထွားလာပြီဖြစ်၏။

ကိုတိုး ညာဘက်လက် မစွမ်းမသန်နေတာမို့ သူ့အမေအန္တေ့က နေ့စဉ် ထမင်းခွံ့ကျွေးနေ၏။ ယခုလည်း ထမင်းကျွေးရန် အန္တေ့ကခေါ်တော့ သူ့အားကျွေးရန် ထမင်းပန်းကန်ကို စားပွဲပေါ်တင်ထားစေ၏။ ပြီးတော့မှ ဖွန်းတစ်ချောင်းကို ညာဘက်လက်နှင့် ကိုင်လိုက်သည်။ ညာဘက်လက်က မသန်စွမ်းတာမို့ အကြိမ်ကြိမ်အခါခါ လွတ်ကျပါတော့၏။ အန္တေ့က ကြည့်နေမိ၏။ သူကလည်း တစ်ကြိမ်လွတ်ကျတိုင်း ပြန်ကောက်၏။ သူတွင် စိတ်ပျက်ခြင်း၊ ပင်ပန်းခြင်းဟူသမျှ မတွေ့ရပါ။ နောက်ဆုံး လက်မနှင့် လက်ညှိုးကြားမှာ ထမင်းစားဖွန်းသည် ပါလာ၏။ ပါလာသော ပန်းကန်ထဲမှထမင်းကိုထိုးကော်လိုက်သည်။ ထမင်းစေ့ အနည်းငယ် ပါလာသည်။ ပါးစပ်ထဲထည့်ပြန်တော့ အလေ့အကျင့်မရှိတာမို့ ပါးစပ်နားရောက်လိုက် ဘေးချော်သွားလိုက်ဖြစ်နေ၏။ အန္တေ့ကား ကြည့်မြဲကြည့်နေ၏။ ခဏကြာတော့ ထမင်းဖွန်းသည် ဖိတ်တစ်ဝက် စဉ်တစ်ဝက် ဖြင့် ပါးစပ်ထဲသို့ရောက်ရှိသွားသည်။ ဤအခါမှ အန္တေ့သည် အသက်ဝင်လှုပ်ရှားလာကာ ကိုတိုးကို ပြေးဖက်ရင်း နမ်းရှုံ့လိုက်၏။ ပါးစပ်မှလည်း...

''ဒါမှ မေမေ့သား ကိုတိုးကွ''

အန္တေ့တို့မိသားစုတွင် နောက်ထပ်တိုးလာသူမှာ ဂျူမုံဖြစ်၏။ ကိုရီးယားဇာတ်လိုက်ကို သဘောကျလွန်း၍ ပင်စီခေါ် ခင်သန့်မွန်က အမည်ပေးထား၏။ ပင်စီသည် ဂျူမုံ၏ မူလပိုင်ရှင်ဖြစ်သည်။ ပင်စီက အန္တေ့ကို လက်ဆောင်ပေးခဲ့သည်။

အန္တေ့သည် ပင်စီ၏ နှုတ်ဆက်ပွဲကို သွားခဲ့သည်။ ပင်စီတို့တစ်မိသားလုံး နိုင်ငံခြားသို့ အပြီးအပိုင်ပြောင်းရွှေ့တော့မှာမို့ အပေါင်းအသင်းမိတ်ဆွေများအား နှုတ်ဆက်ပွဲပြုလုပ်ရာ အန္တေ့လည်းပါခဲ့သည်။ ညှဉ်ခံပွဲပြုလုပ်မှာက ပင်စီတို့ငှားနေသည့် ကွန်ဒိုတိုက်ခန်းမှာဖြစ်၏။ ပင်စီနှင့် အလွမ်းစကား တစ်ဝပြောစရာရှိ၍ အချိန်နောက်ကျပြီးမှ အန္တေ့ရောက်လာသည်။ အတော်လေးညှဉ်သည်တွေ ကျဲနေ စဲနေပါ၏။

ပင်စီညှဉ်ခံသော ရွှေတောင်ခေါက်ဆွဲကို စားနေစဉ် ဂျူမုံသည် အမြီးတစ်လှုပ်လှုပ်နှင့် အန္တေ့အား မိတ်ဆွေဖွဲ့ကာ ပွတ်သီးပွတ်သပ်လုပ်နေ၏။ အန္တေ့ကလည်း ဟန်ပန်မပျက် စားနေ၏။ ဂျူမုံအပြုအမူကလည်း ကွန်ဒြေပျက်လောက်သည်အထိ မရိုင်း၍ မောင်းရခက်၊ နှင်ရခက်ဖြစ်နေ၏။ ပင်စီက မနေနိုင်၍ အန္တေ့ကိုပြောလိုက်၏။

''ဟေ့..အန္တေ့၊ ကိုယ် မင်းရောက်စကတည်းက ကြည့်နေတာ၊ ဂျူမုံက မင်းကို အတော်ခင်တာကွ၊ ကိုယ်တို့သွားရင် သူ့ကို ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ စဉ်းစားနေတာ၊ ခုတော့ မင်းကို လက်ဆောင်ပေးခဲ့မယ်''

''ဘာ..ငါက ဒီခွေးကို...''

ရုံမုန်းခြင်းလေသံဖြင့် အန္တေ့က ခပ်ဆတ်ဆတ် ပြောလိုက်ခြင်းကြောင့် ဂျူမုံသည် ဖျတ်ခနဲ အန္တေ့အပါးမှခွာကာ ပင်စီပေါင်ပေါ် တက်ထိုင်လိုက်၏။ ပြီးတော့ ပင်စီအား မြူသလိုလုပ်နေ၏။

''သားဂျူမုံ၊ ဒီအန်တီက မသိလို့ပြောတာပါ၊ အဲဒါသာကြည့် အန္တေ့ရေ၊ သူ့ကို ခွေးလို့ခေါ်တာ မကြိုက်ဘူး၊ သား ဒါမှ မဟုတ် ဂျူမုံလို့ခေါ်မှ ကြိုက်တာ''

ပင်စီစကားကိုကြားရတော့ အန္တေ့ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်နေရပါတော့၏။ ရင်ထဲမှာတော့ အာဂခွေးက လေးဟု ခိုးမွမ်းသလိုလို ဖြစ်နေတော့၏။ ဂျူမုံသည် ကြောင်သာသာအရွယ်ရှိသော

မွေးပွစတားတယ်ရီယာ အမျိုးအစားခွေးမျိုး ဖြစ်၏။ ချစ်စရာတော့ ကောင်းသား။

''မင်းတို့ ကိုတိုးနဲ့လည်း အဖော်''

ကိုတိုးဆိုသည့် စကားသံကြောင့် အိမ်မှာ တစ်ယောက်တည်း အမြဲငေးငေးငိုင်ငိုင် ဖြစ်နေသော ကိုတိုးကို သတိရလာသည်။ လူပ်ရှားမှုမရှိသော ကိုတိုးနှင့် မျောက်တစ်ကောင်အလား အမြဲလူပ်ရှားနေသော ဂျူမုံတို့ ပေါင်းဆုံမိလျှင်တော့ မူလသည် သမူဟ အဖြစ်သို့ ရောက်သွားကာ အကျိုးထူးတစ်ရပ်ကို ရရှိမည်ဟု အနွဲ့တွေးနေမိ၏။ ဥပမာ ရေအေးနှင့် ရေပူ ရောစပ်ပါက ရေနွေးဖြစ်သွားမည်ဖြစ်၏။ သို့နှင့် ဂျူမုံသည် အနွဲ့တို့ မိသားစုအသိုင်းအဝိုင်းထဲ ရောက်လာရတော့၏။

အနွဲ့တွေးထင်ထားသည့်အတိုင်း ကိုတိုးသည် ဂျူမုံနှင့် ပြေးတမ်းလိုက်တမ်း တူတူပုန်းတမ်း စသော ကိုယ်လက်လှုပ်ရှားမှုကို ပြုနေတော့၏။ လူပ်ရှားအားကြိုးလွန်း၍ တစ်ကိုယ်လုံးလည်း ခွေးတွေနစ်ကာ အနွဲ့ကပင် တားနေရ၏။

''ကဲ···သား ကိုတိုးလည်း နားတော့၊ သားဂျူမုံလည်း တော်တော့၊ ခဏနေရင် ကိုတိုးက ကျောင်းစာလုပ်ရမှာမဟုတ်လား''

ကိုတိုးသည် အိမ်စာသင်ခန်းစာများကို လုပ်နေသည်။ ကိုတိုးသည် အများသူငါလို ညာလက်ကို အသုံးချလိုသည်။ အသုံးချနိုင်အောင်လည်း ကြိုးစားနေ၏။ ခုဆို ဖွန်းလည်း သတိကြီးစွာနှင့် ကိုင်တတ်လာသည်။ ရေခွက်ကိုလည်း အဖိတ်အစဉ်နည်းအောင် အနည်းအကျဉ်းခပ်ကာ သောက်တတ်လာပြီ။ လူကောင်းသူကောင်းလို လောဘတကြီးနှင့် ပြုမူ၍ မရကောင်းကို လည်း နားလည်လာ၏။

ခုလည်း ညာလက်နှင့် ဘောပင်ကိုင်ကာ စာတွေရေးနေသည်။ သာမန်ပုဂ္ဂိုလ်တွေလို လက်မ၊ လက်ညှိုး၊ လက်သူကြွယ်ကို အားပြုကာ ရေးနေခြင်းမဟုတ်။ လက်ချောင်း ငါးချောင်းစလုံး စုကိုင်ပြီးရေးနေသည်။ သူတကာလိုလည်း မသွက်၊ မမြန်၊ မလှမပဖြစ်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူလုပ်ဆောင်ချက်ကို သူ အတော်ကြီးကျေနပ်ကာ ရေးပြီးသမျှကို သူ့အမေအား ခပ်ကြားကြား ပြလိုက်၏။

အနွဲ့ကလည်း သားဖြစ်သူ၏ ကြိုးပမ်းမှုကို ကြည့်လိုက်တော့ ဇွဲသတ္တိတွေကို အသိအမှတ်ပြုရမည်ဖြစ်၏။ သို့သော် ဘာမှန်းမသိဖြစ်နေ၏။ ကန်စွန်းဥလို ရှည်မျောမျော၊ ဘဉ်လို ထိပ်ပိုင်းဝိုင်းဝိုင်း၊ အာလူးလို အချိုးအစားမညီသော အသွင်သဏ္ဌာန်စသည်ဖြင့် ဟင်းသီးဟင်းရွက်တန်းထဲမှ အသီးအနှံတွေလိုဖြစ်၏။

''သား···ဘာရေးထားတာလဲ''

''ဝါးရုံး''

အခြားသူသာ ထိုသို့ဖြေပါက သူအသံထွက်သည်အထိ ရယ်ကောင်းရယ်မိမည်ဖြစ်၏။ ယခုတော့ ဒုက္ခိတ သူသားကိုယ်တိုင် ရေးထားသည်ဆိုတော့ သူကြိုးစားအား ထုတ်မှု အရှိန်အဟုန်မပျက်အောင် သူ အထောက်အကူပေးရမည်ဟု အတွေးတွေ ဝင်လာ၏။ ဝလုံးလေး ဝိုင်းဝိုင်းရေးတတ်အောင် သင်ပေးရဦးမည်။

''အနွဲ့ မင်းတို့သားအမိကိုမြင်တော့ ကိုယ် အယ်ဒီဆင်တို့မိသားစုကို တွေးမြင်မိတော့တယ်''

အနွဲ့ခင်ပွန်းသည် အိမ်မှာရှိနေခိုက် သူတို့မိသားစုမြင်တွေ့၍ ပြောနေခြင်းဖြစ်၏။

''ဘယ်က အယ်ဒီဆင်မိသားစုလဲ အစ်ကို''

''ဟို··သိပ်ပြည်ရှင်ကြီး အယ်ဒီဆင်ပေါ့ကွာ၊ သူက ကျောင်းစာမှာ တော်တော့်ကို ညံ့သကွယ်၊ ဘယ်အထိ ညံ့သလဲဆိုရင် ကျောင်းအုပ်ဆရာကြီးက သူ့ကျောင်းနာမည်ပျက်လှချေရဲ့ဆိုပြီး ကျောင်းက ထုတ်ပစ်ရသည်အထိ ညံ့သကွ''



''ဩော်···အဖြစ်က ဆိုးလှချေလား''

''ဘယ်ဆိုးမှာလဲ၊ သူ့အမေက ငါ့သားထူးချွန်တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်ဆိုပြီး စာတွေသင်ပေးလိုက်တာ နောက်ဆုံးမှာတော့ တီထွင်မှုလုပ်ငန်းပေါင်းနဲ့ လူထုအကျိုးပြုလုပ်ငန်းပေါင်း (၂၅၀၀) ကျော် တီထွင်နိုင်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်သွားတာပေါ့''

(၄)

ကနေ့တွင် ကိုတိုးတို့ကျောင်းမှ ဆရာမဘများသည် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ပြီး အပြုံးကိုယ်စီနှင့် ကျောင်းကို လာကြသည်။ ကနေ့သည် လွတ်လပ်ရေးနေ့ ဖြစ်ခြင်းကြောင့် ပျော်ပွဲရွှင်ပွဲနှင့် ပြေးပွဲပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ရာ ဌာနဆိုင်ရာ အကြီးအကဲများကပါ တက်ရောက်ချီးမြှင့်မည်ဖြစ်သည်။

ထိုကျောင်းသားမိဘများထဲတွင် အနွဲ့တို့၊ ကိုတိုးတို့လည်း အပါအဝင်ဖြစ်သည်။ ကိုတိုးသည် မီတာ(၅၀) အပြေးပြိုင်ပွဲ ဝင်မည်ဖြစ်သည်။ နှစ်မကုန်ခင်ကတည်းက ပွဲတော် ကျင်းပမည်ကို ကြေညာထား၍ ကျောင်းသားမိဘတိုင်း ကြိုပြီးသိထား၏။ ကိုတိုးတို့လည်း ကြိုတင်ပြီး ပြိုင်ပွဲအတွက် လေ့ကျင့်ထား၏။ လေ့ကျင့်စရာဆို၍ ကိုတိုးအတွက် တကူးတကန့်ရှာဖွေရန် မလိုပါ။ ဂျူမုံရှိနေ၏။ ဂျူမုံသည် ကိုတိုးအနားတွင် အမြဲကလေးတရမ်းရမ်းနှင့် ရှိနေတတ်၏။ ကိုတိုးပြေးလျှင် သူလည်းပြေး၏။ အရှေ့ကို ရောက်သွားလျှင် ကိုတိုးဆီပြန်လာ၏။ ပြီးမှ နှစ်ဦးသား ဆက်ပြေးပြန်၏။ ထို့ကြောင့် သက်လုံလည်း ကောင်းလာ၏။ ကျင့်သားလည်း ကောင်းလာ၏။ အပြေးစံချိန်လည်း တက်လာ၏။

''သား ဘယ်အထိပြေးရမယ်ဆိုတာ သိတယ်နော်''

အနွဲ့က သားဖြစ်သူကို သတိပေးနေ၏။ ဘာဖြစ်လို့လဲဆိုတော့ ကလေးများသည် ဉာဏ်ရည်ပြည့်ဝသူများ မဟုတ်ခြင်းကြောင့် ပြေးရင်းလွှားရင်း တစ်ဦးတလေက ဖွေဖောက်ပြီး ပြေးခြင်းကိုရပ်နားတာတို့၊ ပြေးလမ်းကြောင်းမှ သွေဖည်သွားတာတို့ ရှိတတ်သည်။ ထို့ကြောင့် သတိပေးရခြင်းဖြစ်သည်။ ထိုအခါ ကိုတိုးကလည်း···

''ကတ္တရာပုံးအထိ''



အန္တွေ့က သဘောကျကာ ရယ်လိုက်သည်။ တစ်ခုဆို တစ်ခုအဖြစ်နှင့်သာ သိထားသည့် ဦးနှောက်ပိုင်ရှင်များဖြစ်၏။ ထို နေ့က ကျောင်းတွင် အစမ်းသဘောမျိုး (ရီဟာဇယ်) အပြေးပွဲပြုလုပ်သည်။ ဘယ် အတိုင်းအတာအထိ ပြေးရမည်ကို ကလေး များအား ရှင်းပြရမည်ဖြစ်၏။ သည်တော့ လွယ်လွယ်ကူကူ ဆရာမက ရှင်းပြလိုက်၏။ စည်ပင်ပိုင် ကတ္တရာပုံးများ ညွှန်ပြပြီး...

''အဲဒီ ကတ္တရာပုံးအထိပဲ''

ဟု အဖြေပေးလိုက်သည်။ ထိုအဖြေသည် ကိုတိုးဦးနှောက်ထဲ ဝင်သွား၏။ ကျောက်သားကျောက်တိုင်လို ခိုင်မြဲသွား၏။ ဆရာမပြောသော ကတ္တရာပုံးကိုလည်း ပန်းတိုင်ဟု မှတ်ယူသွားသည်။

ကိုတိုးသည် အပြေးပြိုင်ပွဲသို့ အားပေးဖော် အားပေးဖက်အဖြစ် ဂျူမုံကို ခေါ်ခဲ့သည်။ ကိုတိုးသည် ပြေးပြိုင်ရန် တာစူနေသည်။ ဂျူမုံလည်ပတ်ကြိုးကို အန္တွေ့ကကိုင်ထားရင်း ပြေးလမ်းဘေးမှ ကိုတိုးကို အားပေးနေရသည်။ အန္တွေ့သည် သားဖြစ်သူ အစား ရင်ခုန်နေသည်။ ကိုတိုးကား ဘယ်သို့ဖြစ်မည်ကို မသိ။

''စီ''

ဝီစီသံသည် စူးစူးရှရှထွက်ပေါ်လာသည်။ ပြိုင်ပွဲတွင် ကိုတိုးအပါအဝင် (၅) ဦး ဖြစ်သည်။ ဝီစီသံကြောင့် သူတို့သည် တာမှထွက်ကြသည်။ အသီးသီးသော မိဘများက သူတို့သားများ အမည်တပ်ခေါ်ကာ လက်ခုပ်တီးအားပေးကြသည်။

''ဟာ...ကိုတိုး..ကိုတိုး ရှေ့ဆုံးကပါလား''

ကိုတိုးအမည်ကိုကြားသည်နှင့် အန္တွေ့သည် သတိလွတ်ကာ ပြေးပြေးသား ကိုတိုးဆိုပြီး လက်ခုပ်တီးမိ၏။ တကယ်လည်း ကိုတိုးတစ်ယောက် ဦးဆောင်ကာ ရှေ့မှ ပြေးနေ၏။

''ဟဲ့ခွေး...ဟဲ့ခွေး ဘယ်သူ့ခွေးလဲ''

ခွေးဆိုသောအသံကြောင့် စောစောက လက်ခုပ်အတီးမှာ ဂျူမုံလည်ပတ်ကြိုးကို လွှတ်လိုက်မိ၏။ ဂျူမုံကလည်း ပြေးလမ်းတစ်လျှောက်ပြေးနေသော ကိုတိုးကို မြင်၍ ဝမ်းသာအားရပြေးအထွက်မှာ အန္တွေ့လက်ခုပ်တီးတာနှင့်ဆုံ၍ လွတ်ထွက်သွား၏။

ဟဲ့ခွေး...ဟဲ့ခွေးဟု အော်နေသည့်ကြားမှာပင် ဂျူမုံသည် ထုံးစံအတိုင်း ကိုတိုးရှေ့မှာ ပတတ်ရပ်ကာ ကြိုဆိုသည့် အနေအထားရှိနေ၏။ ဂျူမုံကသာ ရပ်နေတာ၊ ကိုတိုးကာ ရပ်နိုင်စွမ်းမရှိခြင်းကြောင့် တိုက်မိခိုက်မိတော့၏။ ဂျူမုံလည်း တဂိန်ဂိန်အသံနှင့် ဘေးကိုရောက်သွားတော့၏။ ကိုတိုးလည်း ဟပ်ထိုးလဲကျသွား၏။

''သား...သား ကိုတိုး''

ဟုသာပြောနိုင်ပြီး အန္တွေ့ အပြေးတစ်ပိုင်းနှင့် ရောက်လာ၏။ ထိုအချိန်မှာပင် ဂျူမုံသည် တအီအီအသံပေးကာ ကိုတိုးအနား ရောက်လာသည်။ အသံကြားခြင်းကြောင့် ကိုတိုးသည် ဂျူမုံကို ပွေ့ဖက်လိုက်သည်။ ဂျူမုံကလည်း ခွေးသံတွေ့ရှဲရှဲစိုနေသော ကိုတိုးမျက်နှာကို လျှာဖြင့်လျက်နေပါတော့၏။

''ဟဲ့သား ဆက်ပြေးလေ''

''ကတ္တရာပုံးရော...''

ပြိုင်ပွဲဝင်အားလုံး ပန်းဝင်သွားကြပါပြီ။ ကိုတိုးတစ်ယောက် မြင်းကောင်းခွာလိပ်ရုံတင်မက ခြေတောင် သွင်သွင်ကျိုးခဲ့ပြီဖြစ်၏။ သို့သော် အန္တွေ့ကတော့ စိတ်ဓာတ်ကျခြင်း၊ ဝမ်းနည်းခြင်း လုံးဝဆို လုံးဝမဖြစ်မိ။ ဤပွဲတွင် ကိုတိုးက ရှေ့ဆုံးမှဦးဆောင်ကာ ပြေးနေ၍ သူကလေး၏ အစွမ်းအစကို အန္တွေ့ အပေးမြင်ကာ အပင်သိခဲ့ပြီဖြစ်၏။

ပြီးတော့ ဂျူမုံကိုလည်း အပြစ်မတင်မိပါ။ သားကြိုးကိုတိုးအပေါ်မှာ သံယောဇဉ်ကြိုးရှာခြင်းကြောင့် ကိုတိုးပြေးနေသည်ကို ဝမ်းသာအားရ ထွက်ကြိုနေခြင်းဖြစ်၏။ ဤပွဲတွင် ဆုရခြင်း မရရှိခြင်းသည် ပဓာနမဟုတ်။ ကိုတိုး၏အရည်အချင်းကို သူမြင်လိုက်ရသည်မို့ ကျေနပ်ပါ၏။ ထိုဆုထက် ကြီးမားသောဆုသည်လည်း မရှိတော့ဟု ထင်၏။

ဘဝမှာ ရည်မှန်းချက်ပန်းတိုင်ဆိုတာ ရှိရမည်။ ပန်းတိုင်ဆီ လူတိုင်းအရောက်သွားရမည်။ မည်သည့်အဆီးအတားကိုပဲတွေ့တွေ့ ဖြစ်သည့်နည်းနှင့် အရောက်သွားရမည်။ လဲကျရင်တောင် ပြန်ထ၊ အဲဒါ ဘဝဆိုတာ ကိုတိုးသိစေရမည်။ ထို့ကြောင့် သူကိုယ်တိုင် ကိုတိုးကို ပန်းတိုင်အရောက် ခေါ်ဆောင်မည်ဟု ဆုံးဖြတ်လိုက်ပြီး...

''သား...ကတ္တရာပုံးတော့ မရှိတော့ဘူး၊ စကြဝဠာအဆုံး ပန်းတိုင်ရောက်အောင် အမေတို့ပြေးကြစို့၊ ကဲ...ထ''

ထိုခဏအတွင်းမှာပင် ပရိသတ်ကြီး၏ လက်ခုပ်သြဘာသံသည် သောသောညံထွက်ပေါ်လာတော့၏။ ထိုသားအမိ၏ ဇွဲသတ္တိကြောင့်ပင်ဖြစ်၏။ သြဘာလက်ခုပ်သံကား ဆူညံဝေစီလျက် ရှိနေဆဲမှာပင်...


ပြေးလမ်းပေါ်တွင် အမေဖြစ်သူ အန္တွေ့ရယ်၊ သားဖြစ်သူ ကိုတိုးရယ်၊ ဂျူမုံရယ် ထိုသုံးဦးသည် ပြေးနေလျက်ရှိ၏။ သူတို့သည် စကြဝဠာအဆုံး ပန်းတိုင်အရောက် ပြေးကြမည်ဖြစ်၏။

မုဒုံ-သုမွန်

ဘဝမှာ ရည်မှန်းချက်ပန်းတိုင်ဆိုတာ ရှိရမည်။
ပန်းတိုင်ဆီ လူတိုင်းအရောက်သွားရမည်။ မည်သည့်အဆီးအတားကိုပဲတွေ့တွေ့
ဖြစ်သည့်နည်းနှင့် အရောက်သွားရမည်။ လဲကျရင်တောင် ပြန်ထ၊
အဲဒါ ဘဝဆိုတာ...

CITY CARTOON









သေဆုံးမှုနှုန်းအမြင့်မားဆုံး ကင်ဆာများ

■ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး) ■

ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ကင်ဆာရောဂါသည် တစ်နေ့တခြား အဖြစ်များလာပါသည်။ ယခင်က အသက်အရွယ်ကြီးသူများတွင်သာ ကင်ဆာရောဂါများ ဖြစ်ပွားတတ်သော်လည်း ယခုအခါတွင် ကလေးသူငယ်များ၌ ကြုံတင်အသိမပေးဘဲ ဖြစ်ပွားလာတာကိုတွေ့ရှိရပါသည်။ သေဆုံးမှုနှုန်းအမြင့်မားဆုံး ကင်ဆာများသည် အသက်အရွယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ဘာသာစုံ၊ ယောကျ်ား၊ မိန်းမနှင့် ကလေးများအားလုံးတွင် ဖြစ်နိုင်ပါသည်။ ကင်ဆာများကို ကြုံတင်ကာကွယ်မှုနည်းများကို မသိရှိခြင်းကြောင့် ဖြစ်တတ်ပါသည်။ ကင်ဆာရောဂါများကို စောစောသိပါက အချိန်မီကုသနိုင်ပြီး သက်တမ်းရှည်နိုင်မည်ဖြစ်ပါသည်။

(၁) သေဆုံးမှုနှုန်းအမြင့်မားဆုံး ကင်ဆာများ

သေဆုံးမှုနှုန်း အမြင့်မားဆုံးကင်ဆာများမှာ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ ဆီးအကျိတ်ကင်ဆာ၊ ပန်ကရိယ (မုန့်ချိုအိတ်)ကင်ဆာ၊ ဟော့ချ်ကင်းရောဂါ(ပြန်ရည်ဖုနှင့် ပြန်ရည်ဂလင်းရောဂါဆိုး)၊ သွေးကင်ဆာ၊ မျိုးဥကင်ဆာနှင့် အသည်းကင်ဆာတို့ ဖြစ်တတ်ပါသည်။ အခြားကင်ဆာများမှာ ဦးနှောက်ကင်ဆာ၊ အစာရေပြွန်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ လည်ပင်းကင်ဆာနှင့် ဝှေးဥကင်ဆာတို့ ဖြစ်ပါသည်။



(၂) အဆုတ်ကင်ဆာ

အဆုတ်ကင်ဆာသည် ကျွန်တော်တို့နိုင်ငံတွင် အဖြစ်အများဆုံး ရောဂါတစ်ခုဖြစ်ပါသည်။ ရောဂါဖြစ်ပြီး ၅ နှစ်အတွင်း အသက်ရှင်



နေထိုင်နိုင်မှုသည် ၅၀ ရာခိုင်နှုန်းသာ ရှိပါသည်။ အမျိုးသားများတွင် အဖြစ်များပြီး၊ အမျိုးသမီးများတွင်လည်း အဖြစ်များလာပါသည်။ အမျိုးသမီးများတွင် အဆုတ်ကင်ဆာသည် ရင်သားကင်ဆာနည်းတူ သေဆုံးမှုများလာပါသည်။

အဆုတ်ကင်ဆာရောဂါ ဖြစ်စေသောအကြောင်းအရင်းများမှာ စီးကရက်ကို နှစ်ပေါင်း ၂၀ နှင့်အထက်ထိ သောက်ခြင်း၊ စက်မှုပစ္စည်းအချို့နှင့် ထိတွေ့ခြင်း၊ ရေဒီယိုသတ္တိကြွဖြာစင်များနှင့် ထိတွေ့ပြီး နေထိုင်ခြင်းနှင့် ဆေးလိပ်ငွေ့(သို့မဟုတ်) မီးခိုးငွေ့များကို ရှူရှိုက်မိခြင်းတို့ ဖြစ်ပါသည်။

အဆုတ်ကင်ဆာတွင် အများဆုံးတွေ့ရသော လက္ခဏာများမှာ မရပ်မနားချောင်းဆိုးခြင်း၊ သလိပ်တွင် သွေးအမျှင်အတန်းကလေးများ ပါလာခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အစားအသောက် ပျက်ခြင်း၊ အရိုးအဆစ်များနာကျင်ခြင်းနှင့် အမျိုးသားများတွင် ရင်သားကြီးနေခြင်းတို့ ဖြစ်ပါသည်။


အဆုတ်ကင်ဆာကို လေဆာဖြင့်ကုသခြင်းနှင့် ခွဲစိတ်ကုသခြင်းတို့ဖြင့် ကုသကြပါသည်။ အဆုတ်ကင်ဆာရောဂါ မဖြစ်စေရန် အတွက် ဆေးလိပ်ကို လုံးဝရှောင်ကြဉ်ရပါမည်။ ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်ကို ဓာတ်ခွဲကြည့်ခြင်းနှင့် လေပြွန်များကို စမ်းသပ်စစ်ဆေးမှုများပြုလုပ်၍ ကာကွယ်နိုင်ပါသည်။

(၃) အူမကြီးကင်ဆာ

အူမကြီးကင်ဆာသည်လည်း ကျွန်တော်တို့နိုင်ငံတွင် အဖြစ်များလာပါသည်။ သေဆုံးမှုနှုန်းကလည်း များလာပါသည်။ ရောဂါဖြစ်ပြီး ၅ နှစ်အတွင်း အသက်ရှင်နေထိုင်နိုင်မှုသည် ၉၀ ရာခိုင်နှုန်းရှိပါသည်။ ရောဂါသည် တဖြည်းဖြည်းနှင့် ဖြစ်ပေါ်လာပြီး အချိန်ကြာမြင့်စွာ ဆက်လက်တည်ရှိနိုင်ပါသည်။ အမျိုးသားနှင့် အမျိုးသမီး သေဆုံးသည့် အရေအတွက်သည် အတူတူပင်ဖြစ်ပါသည်။

အူမကြီးကင်ဆာကို ဖြစ်စေသောအကြောင်းအရင်းများမှာ မိသားစုတွင် ကင်ဆာ(သို့မဟုတ်) အူမကြီးနှင့် စအိုတွင် အလုံးအကျိတ် အသားပိုရှိခြင်း၊ ဝမ်းပိုက်ရောင်ရောဂါဖြစ်ခြင်း၊ အဆီများစွာပါဝင်သော အစားအစာများကိုစားခြင်း၊ အမျှင်ပါသောအာဟာရကို စားသုံးမှုနည်းခြင်းနှင့် ပိုသည့် ၄၀ ရာခိုင်နှုန်းထက်များခြင်းတို့ ဖြစ်ပါသည်။

အူမကြီးကင်ဆာကို ဖြစ်စေသောအကြောင်းအရင်းများမှာ မိသားစုတွင် ကင်ဆာ(သို့မဟုတ်) အူမကြီးနှင့် စအိုတွင် အလုံးအကျိတ် အသားပိုရှိခြင်း၊ ဝမ်းပိုက်ရောင်ရောဂါဖြစ်ခြင်း၊ အဆီများစွာပါဝင်သော အစားအစာများကိုစားခြင်း၊ အမျှင်ပါသောအာဟာရကို စားသုံးမှုနည်းခြင်းနှင့်---



အူမကြီးကင်ဆာ ရောဂါလက္ခဏာများမှာ သွေးအားနည်းဖျော့တော့နေခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ဝမ်းဗိုက်ထဲတွင် အရည်များပြည့်နေခြင်း၊ အသည်းကြီးခြင်း၊ ပြန်ရည်အကျိတ်လင့်ဂလင်းများ ရောင်ခြင်း၊ ကတ္တရာစေးအရောင် ဝမ်းများသွားခြင်း၊ ကြွက်တက်ခြင်း၊ စအိုမှသွေးထွက်ခြင်း၊ စအိုနှင့် အူမကြီးရှိသော ဝမ်းဗိုက်နေရာတွင် ဖိထားသကဲ့သို့ ခံစားရခြင်း၊ ဝမ်းသွားသည့်အလေ့အကျင့် ပြောင်းလဲသွားခြင်း၊ ဝမ်းသွားခြင်းနှင့် ဝမ်းချုပ်ခြင်း တစ်လှည့်စီဖြစ်ခြင်း၊ ဝမ်းထဲတွင် သွေး(သို့မဟုတ်) အပျစ်အခွဲများပါခြင်း၊ အူကိုရှင်းအောင် ပြုလုပ်ခြင်း(ဝမ်းသွားခြင်း)တွင် မပြီးဘဲကျန်သေးသည်ဟု ခံစားရခြင်း၊ နောက်ဆုံးအဆင့်တွင် ပြည့်တင်းနေမှုကို ခံစားရ၍ နာကျင်နေခြင်း၊ စအိုနှင့် မြီးညောင့်ရိုးတွင် အမြဲနာကျင်ကိုက်ခဲခြင်းတို့ ဖြစ်ပါသည်။


အူမကြီးကင်ဆာမဖြစ်စေရန် ကိုယ်အလေးချိန်ကို ထိန်းသိမ်းရပါမည်။ စံအဖြစ်သတ်မှတ်ထားသည်ထက် မကျော်လွန်စေရန် ဂရုစိုက်ရပါမည်။ အဆီလျော့စားရပါမည်။ အမျှင်ပါသော အစားအစာများကို စားရပါမည်။

စအိုကို လက်ချောင်းနှင့်စမ်းသပ်ခြင်း၊ ဝမ်းအတွင်း သွေးပါဝင်မှုကို စစ်ဆေးခြင်းနှင့် ကွေ့ကောက်အူမကို အူတွင်းကြည့်မှန်ပြောင်းကိုအသုံးပြု၍ စမ်းသပ်စစ်ဆေးကြည့်ရှုခြင်းအား ဆရာဝန်၏ ညွှန်ကြားချက်အရ ပြုလုပ်ပါလိမ့်မည်။

အူမကြီးကင်ဆာကို ကုသရာတွင် ခွဲစိတ်ကုသခြင်းသည် အထိရောက်ဆုံးဖြစ်ပါသည်။ အူမကြီးမှစွန့်ထုတ်သော အူပေါက်ဖွင့်ထားခြင်းကိုလည်း ပြုလုပ်ရန်လိုအပ်ပါသည်။

(၄) ဆီးကျိတ်ကင်ဆာ

ကျွန်တော်တို့နိုင်ငံတွင် အမျိုးသားများကို သေဆုံးစေသည့် ရောဂါထဲတွင် ဆီးကျိတ်ကင်ဆာ ပါဝင်ပါသည်။ ရောဂါဖြစ်ပွားသူများလာသကဲ့သို့ ရောဂါဖြစ်ကြောင်း ကြိုတင်မသိရှိခြင်းနှင့် သိရှိပါကလည်း ထိရောက်စွာမကုသခြင်းကြောင့် သေဆုံးသူဦးရေ များ





လာပါသည်။

ရောဂါဖြစ်စေသော အကြောင်းအရင်း တိတိကျကျမသိရှိသော်လည်း အများဆုံးဖြစ်နိုင်ခြေကို စုံစမ်းစစ်ဆေးရန် လိုအပ်ပါသည်။ အမျိုးသားများ သတိထားရပါမည့် ရောဂါလည်းဖြစ်ပါသည်။

ဆီးကျိတ်ကင်ဆာ ရောဂါလက္ခဏာများမှာ ဆီးသွားရာတွင် အားနည်းခြင်း (သို့မဟုတ်) အဆက်ပြတ်သွားခြင်း၊ အထူးသဖြင့် ညအိပ်ရာဝင်ချိန် ဆီးမကြာခဏ ကြွမ်ဖန်များစွာသွားခြင်း၊ ဆီးထဲတွင် သွေးပါဝင်ခြင်း၊ ဆီးသွားရာတွင် နာကျင်ခြင်းနှင့် ပူလာခြင်းတို့ ဖြစ်ပါသည်။ အခြေအနေဆိုးဝါးလာပါက ခါး၊ တင်ပဆုံ (သို့မဟုတ်) ပေါင်အပေါ်ပိုင်းတွင် အဆက်မပြတ် နာကျင်ခြင်းတို့ ခံစားရနိုင်ပါသည်။

ဆီးအကျိတ်ကင်ဆာကို ဆေးဝါးဖြင့် ကုသခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းနှင့် ဆီးအကျိတ်(ပရော့စကိတ်ဂလင်း)ကို ထုတ်ပစ်ခြင်းများပြုလုပ်၍ ကုသနိုင်ပါသည်။ ဝေးစေ့မှ အမျိုးသားဟော်မုန်း ထွက်သောနေရာနှင့် လိင်ဆက်ဆံမှု အကောင်းဆုံးနေရာကို ခွဲစိတ်ကုသရန် လိုအပ်ပါသည်။ အမျိုးသမီးဟော်မုန်းထည့်သွင်းခြင်း ပြုလုပ်၍လည်း ကုသနိုင်ပါသည်။

ဆီးအကျိတ်ကင်ဆာ မဖြစ်စေရန်အတွက် အသက် ၄၀ နှစ်အရွယ် ကျော်လွန်သော အမျိုးသားများအတွက် စအိုမှနေ၍ ဆီးအကျိတ်ကို နှစ်စဉ် စမ်းသပ်စစ်ဆေးခြင်း ပြုလုပ်ရပါမည်။ ရောဂါအန္တရာယ်ရှိနိုင်သော အမျိုးသားများအား အာလ်ထရာဆောင်းရိုက်ပြီး ကြိုတင်သိရှိနိုင်ပါသည်။

(၅) သွေးကင်ဆာ

သွေးကင်ဆာသည် သွေးဖြူဥများကြီးထွားမှုကို ထိန်းချုပ်ဟန့်တား တားမြစ်နိုင်မှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာပါသည်။ လူကြီးများသည် ကလေးများထက် ပိုမိုဖြစ်ပွားတတ်ပါသည်။ သွေးကင်ဆာလေးမျိုးရှိပြီး၊ အမျိုးအစားများသည် အသက်ရှင်ရပ်တည်နေနိုင်ပါသည်။

ရောဂါဖြစ်စေသော အကြောင်းအရင်းများကို မသိရှိရသော်







လည်း မျိုးရိုးဗီဇလိုက်ခြင်း၊ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ခြင်းနှင့် ဓာတ်ရောင်ခြည်သင့်ခြင်းတို့ကြောင့် ဖြစ်တတ်ပါသည်။

အများဆုံးတွေ့ရှိရသော ရောဂါလက္ခဏာများမှာ နှစ်ပတ်ထက်ကျော်လွန်ပြီး အားအင်ကုန်ခန်းခြင်း၊ ကိုယ်ခန္ဓာအလေးချိန်လျော့နည်းလာခြင်း၊ ရောဂါပိုးဝင်ရောက်မှု ထပ်တလဲလဲဖြစ်ခြင်းနှင့် လွယ်ကူစွာ ထိခိုက်ပွန်းပဲ့ရှုနာဖြစ်စေခြင်းတို့ ဖြစ်ပါသည်။

သွေးကင်ဆာကို ဆေးဝါးဖြင့်ကုသခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်း၊ ပင်မဆဲလ်ဖြင့် ကုသခြင်းနှင့် ကိုယ်ခံအားကောင်းစေရန် ဇီဝဗေဒနည်းပညာဖြင့် ကုသခြင်းတို့ဖြင့် ကုသနိုင်ပါသည်။

မျိုးရိုးထဲတွင် သွေးကင်ဆာရှိပါက သတိထားရန် လိုအပ်ပါသည်။ ကြိုတင်စစ်ဆေးမှုများ ဆောင်ရွက်ရပါမည်။ ဓာတ်ရောင်ခြည် မသင့်ရန်လည်း ကာကွယ်ရပါမည်။

(၆) ရင်သားကင်ဆာ

ရင်သားကင်ဆာသည် အမျိုးသမီးများကိုစိတ်အနှောင့်အယှက်ပေးသော၊ ကျန်းမာရေးကို ဒုက္ခပေးသော ရောဂါဖြစ်လာပါသည်။ သေဆုံးမှုလည်း များလာပါသည်။ သို့ရာတွင် ရောဂါကို ကြိုတင်သိရှိပြီး ထိရောက်စွာကုသပါက သေဆုံးမှုလျော့နည်းလာပါသည်။ ရောဂါဖြင့် ၅ နှစ်အတွင်း အသက်ရှင်နေထိုင်နိုင်မှုသည် ၉၅ ရာခိုင်နှုန်းခန့် ရှိပါသည်။

ရင်သားကင်ဆာကိုဖြစ်စေသော အကြောင်းအရင်းများစွာ ရှိပါသည်။ ၎င်းတို့မှာ မိသားစုတွင် ရင်သားကင်ဆာဖြစ်ပွားမှု ရာဇဝင်ရှိခြင်း၊ ဓမ္မတာသွေးဆင်းသောစက်ပိုင်းသည် ကြာရှည်ခြင်း၊ ဓမ္မတာသွေး စောစီးစွာဆင်းခြင်း(သို့မဟုတ်) သွေးဆုံးချိန်နောက်ကျခြင်း၊ အသက် ၃၅ နှစ်နောက်ပိုင်းတွင် ပထမဆုံး ကလေးကိုယူခြင်း၊ လူမှုစီးပွားရေး အသင့်အတင့် (သို့မဟုတ်) မြင့်မားသောလူများတွင် ဖြစ်ပွားခြင်း၊ အိမ် (သို့မဟုတ်) အလုပ်တွင် အမြဲတမ်း စိတ်ဖိစီးမှုများ ဖြစ်ပေါ်ခြင်း၊ အဝလွန်ကဲခြင်း၊ မျိုးရိုးဗီဇနှင့်ဆိုင်သော သန္ဓေပြောင်းခြင်းမျိုးတို့ ဖြစ်ပါသည်။

ရင်သားကင်ဆာတွင် အများဆုံးတွေ့ရသော လက္ခဏာများမှာ ရင်သားပေါ်တွင် အကျိတ် (သို့မဟုတ်) အဖုကလေးတစ်ခုထွက်ပြီး ထူနေခြင်း၊ ရောင်နေခြင်းနှင့် ချိုင့်ဝင်နေခြင်း၊ အရေပြား ကသီကအောင့်နှင့် ယားယံနေခြင်း၊ ရင်သားသည် နဂိုအတိုင်းမဟုတ်ဘဲ ပုံပျက်နေခြင်း၊ နို့သီးခေါင်းသည် နစ်မြုပ်နေခြင်း (သို့မဟုတ်) ကျို့တိုနေခြင်း၊ အရေပြားအကြေးခွံများကွာခြင်း၊ ကိုက်ခဲခြင်း (သို့မဟုတ်) အလုံးအကျိတ်ကို ဖိလိုက်ပါက နာကျင်ခြင်းတို့ ဖြစ်ပါသည်။

ရင်သားကင်ဆာကို ၄ မျိုးဖြင့် ကုသနိုင်ပါသည်။ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်း၊ ဆေးထိုးဆေးသွင်း၍ ကုသခြင်း၊ ဟော်မုန်းအသုံးပြု၍ ကောင်းမွန်လာအောင် ကုသခြင်းနှင့် ခွဲစိတ်ကုသခြင်းတို့ ဖြစ်ပါသည်။ ရင်သားကို ဖြတ်ထုတ်ရာတွင်လည်း ၄ မျိုးရှိပါသည်။ လုံးလုံးလျားလျား ဖြတ်ထုတ်ခြင်း၊ အားလုံး (သို့မဟုတ်) ရိုးရိုးရှင်းရှင်း ဖြတ်ထုတ်ခြင်းနှင့် အစိတ်အပိုင်း (သို့မဟုတ်) အပိုင်းပိုင်း ဖြတ်တောက်ခြင်းတို့ ဖြစ်ပါသည်။ ကင်ဆာရှိသော အလုံးအကျိတ်ကို သီးခြားထုတ်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

ရင်သားကင်ဆာမဖြစ်စေရန် စိတ်ဖိစီးမှုများကို လျော့ချရပါမည်။ စမ်းသပ်စစ်ဆေးရပါမည်။ ရင်သားကို ဓာတ်မှန်ရိုက်ခြင်းများ ဆောင်ရွက်ရပါမည်။

(၇) အသည်းကင်ဆာ

အသည်းကင်ဆာသည် အမျိုးသားများတွင် ပိုမိုဖြစ်ပွားပါသည်။ အသက်အရွယ်ကြီးလာသည်နှင့်အမျှ ဖြစ်ပွားမှုပိုမိုများလာပါသည်။ ရောဂါဖြစ်ပြီးပါက တစ်နှစ်အတွင်း သေဆုံးနိုင်ပါသည်။

ရောဂါဖြစ်စေသော အကြောင်းအရင်းများမှာ အသည်းရောင်ဘီပိုးနှင့် စီပိုးများရှိခြင်း၊ အရက်စွဲခြင်းနှင့် အယ်လ်ဖာတောက်စင်





ပါသော အစားအစာများကို စားသုံးခြင်းတို့ဖြစ်ပါသည်။


အသည်းကင်ဆာ ရောဂါလက္ခဏာများမှာ ကိုယ်အလေးချိန် လျော့ကျလာခြင်း၊ စားချင်သောက်ချင်စိတ် လျော့နည်းလာခြင်း၊ ထိုင်းမှိုင်းလေးလံခြင်း၊ သွက်လက်လှုပ်ရှားမှုမရှိခြင်း၊ ဝိုက်မြည်းခြင်း၊ သတိမကောင်းခြင်း၊ အသည်းရှိသော ဝမ်းဗိုက်နေရာတွင် နာကျင်ခြင်း၊ အသားဝါခြင်းနှင့် အသည်းခြောက် ရေဖျဉ်းစွဲခြင်းတို့ ဖြစ်ပါသည်။

အသည်းကင်ဆာကို ကုသရာတွင် ကင်ဆာရှိသော အသားမျှင်များကိုခွဲစိတ်၍ ဖယ်ရှားနိုင်ပါသည်။ ဆေးဝါးဖြင့်ကုသနိုင်ပါသည်။ အသည်းအစားထိုးခြင်းပြုလုပ်၍ ကုသနိုင်ပါသည်။

အသည်းကင်ဆာမဖြစ်ပွားစေရန် အသည်းရောင်ဘီပိုး ကာကွယ်ဆေး ထိုးထားရပါမည်။ အသည်းရောင်ဘီပိုးနှင့် စီပိုးရှိပါက တတ်ကျွမ်းနားလည်သော အသည်းအထူးကု ဆရာဝန်ကြီးများနှင့် ကြိုတင်ဆောလျင်စွာ ကုသရပါမည်။ အရက်ကိုဖြတ်ရပါမည်။ အရက်သောက်ပါကလည်း အလွန်အကျွံ မသောက်သင့်ပါ။ မှိုတက်သော အစားအစာများကို ရှောင်ကြဉ်ရပါမည်။

အစာအိမ်ကင်ဆာကို ကုသမှုအပိုင်းတွင် အစာအိမ်ကို ဖြတ်ထုတ်ခြင်း၊ အစာအိမ်တစ်ခုလုံး (သို့မဟုတ်) တစ်စိတ်တစ်ဒေသ ခွဲထုတ်ပစ်ခြင်းသည် ထိရောက်သော ကုသမှုများသာဖြစ်ပါသည်။ ခွဲစိတ်ကုသ၍မရပါက----







(၈) အစာအိမ်ကင်ဆာ

အစာအိမ်ကင်ဆာသည် အစာအိမ်၏ နံရံတစ်လျှောက်တွင် ကြီးထွားဖွံ့ဖြိုး ဖြစ်ပေါ်လာတတ်ပါသည်။ ရောဂါဖြစ်ပွားမှုသည် တစ်နေ့တခြား အဖြစ်များလာပါသည်။ ရောဂါဖြစ်ပွားမှုများသကဲ့သို့ သေဆုံးမှုလည်း များလာပါသည်။

ရောဂါဖြစ်စေသော အကြောင်းအရင်းများကို တိတိကျကျ မသိရှိပါ။ သို့ရာတွင် အစားအစာနှင့် ''ဟယ်လီကိုဘက်တာပိုင်လို ရိုင်'' ပိုးကြောင့်ဖြစ်နိုင်ပါသည်။ သွေးအုပ်စုအမျိုးအစား ''အေ''ရှိသူများ အစာအိမ်ရောင်သူများနှင့် သွေးအားနည်းသူများတွင် ပို၍ဖြစ်တတ်ပါသည်။

အစာအိမ်ကင်ဆာတွင် အများဆုံးတွေ့ရသောလက္ခဏာများမှာ ရင်ပြည့်မှုကိုခံစားရခြင်း၊ ပျို့ခြင်းနှင့် အန်ခြင်းတို့ဖြစ်တတ်ပါသည်။ ရောဂါအခြေအနေမှာ တစ်နေ့တခြားဆိုးဝါးလာတတ်ပါသည်။

အစာအိမ်ကင်ဆာကို ကုသမှုအပိုင်းတွင် အစာအိမ်ကို ဖြတ်ထုတ်ခြင်း၊ အစာအိမ်တစ်ခုလုံး (သို့မဟုတ်) တစ်စိတ်တစ်ဒေသ ခွဲထုတ်ပစ်ခြင်းသည် ထိရောက်သော ကုသမှုများသာဖြစ်ပါသည်။ ခွဲစိတ်ကုသ၍မရပါက ဆေးသွင်းကုသခြင်းနှင့် ဓာတ်ရောင်ခြည်ကုသခြင်းတို့ပြုလုပ်၍ လက္ခဏာများကို သက်သာစေရန်နှင့် ကြာရှည်စွာ အသက်ရှင်နိုင်ရေးအတွက် ပြုလုပ်နိုင်ပါသည်။

အစာအိမ်ကင်ဆာကိုကာကွယ်နိုင်သောအချက်များ၊ အကြောင်းအရာများ မရှိသေးပါ။ ကြပ်ကင်ထားသော အစားအစာများကို ရှောင်ကြဉ်ရပါမည်။

(၉) ပန်ကရိယ (မုန့်ချိုအိတ်) ကင်ဆာ

ပန်ကရိယကင်ဆာ ဖြစ်ပွားမှုသည်လည်း တဖြည်းဖြည်းနှင့် များပြားလာပါသည်။ ရောဂါကြောင့် သေဆုံးမှုများလာပါသည်။ ရောဂါဖြစ်ပြီး အသက်ရှင်နေထိုင်နိုင်မှုသည် ၁၅ ရာခိုင်နှုန်းခန့်ရှိပါသည်။

ရောဂါဖြစ်စေသော အကြောင်းအရင်းများမှာ ဆေးလိပ်သောက်ခြင်း၊ အဆီနှင့် ပရိတင်း(အသားဓာတ်)ကို လွန်ကဲစွာစားခြင်း၊ ပူလောင်သော အစားအစာများကို မြိန်ရှက်စွာစားခြင်းနှင့် အချို့သော စက်မှုလုပ်ငန်းနှင့်ဆိုင်သော ဓာတုပစ္စည်းများနှင့် ထိတွေ့ခြင်းတို့ ဖြစ်ပါသည်။

ပန်ကရိယကင်ဆာသည် ရောဂါအခြေအနေ ဆိုးဝါးလာသည့်တိုင်အောင် လက္ခဏာမပြဘဲ ရှိတတ်ပါသည်။ အစောဆုံးတွေ့ရှိရသော လက္ခဏာများမှာ ဝမ်းဗိုက်တွင် အလုံးတွေ့ရှိခြင်း၊ မအီမသာဖြစ်ခြင်း၊ ပြင်းထန်စွာမနာဘဲ မျှင်မျှင်ကလေးပဲ နာခြင်း၊ လေပွခြင်း၊ ပျို့ခြင်း၊ အစားအသောက် စားချင်စိတ်မရှိခြင်းနှင့် ဝမ်းဗိုက်အပေါ်ပိုင်း (သို့မဟုတ်) ရင်ဘတ်အောက်ပိုင်းပူ၍ နာခြင်းနှင့်အတူဖြစ်သော အစာမကြေခြင်းတို့ ဖြစ်ပါသည်။


ပန်ကရိယကင်ဆာကို ခွဲစိတ်ကုသခြင်း၊ ဓာတ်ရောင်ခြည်ပေးခြင်းနှင့် ဆေးသွင်းကုသခြင်းတို့ဖြင့် ကုသနိုင်ပါသည်။

အသက် ၅ နှစ်အထိ အသက်ရှင်သန်မှုသည် ၁၅ ရာခိုင်နှုန်း အထိသာဖြစ်ပါသည်။ အသက် ၄၀ နှစ်နောက်ပိုင်းတွင် ပို၍ဖြစ်တတ်ပါသည်။ ရောဂါအများစုတပ်ပြီးနောက်ပိုင်းတွင် ကင်ဆာဆဲလ်များ ပျံ့နှံ့နေတတ်ပါသည်။

(၁၀) မျိုးဥကင်ဆာ

မျိုးဥကင်ဆာသည် အမျိုးသမီး မျိုးပွားမှုကင်ဆာများတွင် ဒုတိယအများဆုံးတွေ့ရသော ကင်ဆာဖြစ်ပါသည်။

မျိုးဥကင်ဆာရောဂါလက္ခဏာများမှာ ဝမ်းဗိုက်တွင် မအီမလည်ဖြစ်ခြင်း၊ အစာမကြေခြင်း၊ ပျို့ခြင်း၊ အစားအသောက် ပျက်ခြင်း၊ တင်ပဆုံ(သို့မဟုတ်)ခါးအောက်ပိုင်းတွင် ဖိထားသကဲ့သို့ ခံစားရခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဝမ်းချုပ်ခြင်း၊ အစာအိမ်အူလမ်း





ကြောင်း လှုပ်ရှားမှုပြောင်းလဲခြင်း၊ ဝမ်းဗိုက်ဖောင်းလာခြင်း၊ မော ပန်းခြင်း၊ အားအင်ကုန်ခန်းခြင်းနှင့် ဓမ္မတာမမှန်ခြင်းများ ဖြစ်တတ်ပါ သည်။

မျိုးဥကင်ဆာကို ခွဲစိတ်ကုသခြင်း၊ ဆေးဝါးဖြင့်ကုသခြင်းနှင့် ဓာတ်ရောင်ခြည်ပေး၍ ကုသခြင်းတို့ကို ပေါင်းစပ်၍ ပြုလုပ်နိုင်ပါ သည်။ သားအိမ်ကို ခွဲစိတ်၍ကုသခြင်း၊ သားအိမ်ပြွန်များနှင့် သားဥ အိမ်များကို ဖယ်ရှားခြင်းတို့ ဖြစ်ပါသည်။ ဆေးဝါးများဖြင့် ပေါင်းစပ် ကုသခြင်းဖြင့် ရောဂါလက္ခဏာများ ပျောက်ကင်းသွားနိုင်ပါသည်။

မျိုးဥကင်ဆာမဖြစ်စေရန် အသက် ၄၀ ကျော်လာသည်နှင့် အမျှ တင်ပဆုံ (သို့မဟုတ်) မိန်းမကိုယ် စမ်းသပ်ခြင်းကို နှစ်စဉ် ပြုလုပ်ရပါမည်။

(၁၁) ဟော့ချ်ကင်းကင်ဆာ

ဟော့ချ်ကင်းရောဂါကို ပြန်ရည်ဖုနှင့် ပြန်ရည်ဂလင်းရောဂါဆိုး ဟူ၍လည်း ခေါ်ကြပါသည်။ နှစ်ပိုင်းအတွင်း သေစေနိုင်သည့်ရောဂါ တစ်မျိုးဖြစ်ပါသည်။ သရက်ရွက် (ဘေလုံး)နှင့် ပြန်ရည်ဂလင်း အကျိတ်များတွင် ပြန်ရည်ကြောတစ်သျှူးများ အဓိကပါဝင်ပါသည်။ ၎င်းကို အချိန်မီကုသခြင်းမရှိပါက သေဆုံးနိုင်ပါသည်။

ရောဂါဖြစ်စေသော အကြောင်းအရင်းများကို မသိရှိသေးပါ။ အများဆုံးတွေ့ရှိရသော လက္ခဏာများမှာ လည်ပင်း (သို့မဟုတ်) ချိုင်းကြားတွင် ပြန်ရည်ဂလင်းအကျိတ်များ ကြီးမားလာခြင်း၊ ကိုယ် လက် မအီမသာဖြစ်ခြင်း၊ အဖျားရှိခြင်း၊ အစားအသောက်ပျက်ခြင်း၊ ကိုယ်အလေးချိန် လျော့ကျလာခြင်းနှင့် ညပိုင်းတွင် ချွေးထွက်လွန် ခြင်းတို့ ဖြစ်ပါသည်။

ဟော့ချ်ကင်းရောဂါကို ဓာတ်ရောင်ခြည်ပေးခြင်း၊ ဆေးဝါးဖြင့် ကုသပေးခြင်း၊ အရိုးတွင်းခြင်းဆီ အစားထိုးခြင်းနှင့် မိုနိုကလိုနယ် အင်တီဘော်ဒီပေးခြင်းတို့ဖြင့် ကုသနိုင်ပါသည်။

(၁၂) ဟော့ချ်ကင်းမဟုတ်သော ပြန်ရည်ဂလင်းကင်ဆာ

၎င်းသည် ဟော့ချ်ကင်းကင်ဆာရောဂါထက်ဆိုးသော လင့်ပို ဆိုက် (ပြန်ရည်သွေးဆဲလ်ဖြူ)ထုတ်လုပ်ရန် တာဝန်ယူရသော မည်သည့်ကင်ဆာမဆို ဖြစ်ပါသည်။

ရောဂါဖြစ်စေသော အကြောင်းအရင်းကို မသိရှိနိုင်ပါ။ အများ ဆုံးတွေ့ရသော လက္ခဏာများမှာ ပေါင်ခြံ (သို့မဟုတ်) လည်ပင်း တွင် ပြန်ရည်ဂလင်း(အကျိတ်)များ ရောင်နေခြင်း၊ အသည်းနှင့် သရက်ရွက်ကြီးခြင်း၊ ဝမ်းဗိုက်နာခြင်း၊ အူလမ်းကြောင်းတွင် သွေး ယိုစီးခြင်းနှင့် သွေးများအန်ခြင်းတို့ ဖြစ်ပါသည်။

၎င်းရောဂါကိုကာကွယ်ရန် နည်းလမ်းမသိရှိရသေးပါ။ ဆေး ဝါးများဖြင့် ကုသခြင်းနှင့် ဓာတ်ရောင်ခြည်ပေးခြင်းတို့ ပြုလုပ်နိုင်ပါ သည်။

(၁၃) အကြံပြုချက်

သေဆုံးမှုနှုန်း အမြင့်မားဆုံး ကင်ဆာများသည် ကျွန်တော်တို့ နိုင်ငံတွင် အဖြစ်များလာပါသည်။ ရောဂါကို တတ်ကျွမ်းနားလည်သူ များနှင့် မကုသဘဲ၊ ဆေးပြီးတိုများ၊ လူပြောသူပြော တိုင်းရင်းဆေး များနှင့် စပ်ဆေးများဖြင့်ကုသခြင်းကြောင့် မသေဆုံးသင့်ဘဲ သေဆုံးလျက်ရှိပါသည်။ ကလေးသူငယ်များတွင် ကင်ဆာသည် မတော်တဆဖြစ်ပွားသော ထိခိုက်ဒဏ်ရာကြောင့် သေဆုံးမှုပြီးလျှင် ဒုတိယလိုက်လာပါသည်။ ကင်ဆာရောဂါကို ကြိုတင်ကာကွယ်နည်း များအား မသိရှိခြင်းကြောင့်လည်း ဖြစ်နေကြပါသည်။

ပြည်သူများကို ကျန်းမာရေးအသိပေးမှု နည်းခြင်းနှင့် ခံယူသူ များလည်း နည်းခြင်းတို့ကြောင့် ဖြစ်တတ်ပါသည်။

ကင်ဆာရောဂါများကို စောစောသိရှိပါက အချိန်မဆွဲဘဲ စောစောကုသသင့်ကြောင်း အကြံပြုအပ်ပါသည်။

ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)



CITY CARTOON





ပြန်ရလိုက်တာတန်ရဲ့လား

■ မောင်သာစိုး(ပြည်)

(တစ်)

မေလေးရေ...

အခုရက်ပိုင်းအတွင်း ကိုယ်ဘာဖြစ်တယ် မသိဘူး။ ကိုယ် တာဝန်မကျခင် တက္ကသိုလ်တက်ခဲ့စဉ်တုန်းက ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်လေးနှစ်ခု မေလေးကို အင်မတန်ပြောပြချင်နေမိတယ်။ ကိုယ်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်လေးနှစ်ခုက အခုလို မြူလေးတွေ ပတ်ဝန်းကျင်တစ်ခွင် လွှမ်းခြုံရစ်သိုင်းနေတဲ့ ကာလတော့မဟုတ်ဘူးပေါ့။ နွေဥသြဂ်တွေ စတင်အသံပြုခါစ။ ရင့်နွမ်းညှိုရော်နေတဲ့ သစ်ရွက်ဟောင်းလေးတွေ မြေပြင်ထက်မှာ ခန္ဓာသိမ်းပြီးစ။ ပုရစ်ဖူးလေးတွေ သစ်ပင်ထက်မှာ အစီအရီနေရာလု ထွက်ပြူဖို့အားယူစ။ လွှမ်းမောဖွယ်နွေအခါကာလပေါ့...မေလေးရေ။



(နှစ်)

မေလေးရေ . . .

တက္ကသိုလ်တက်နေစဉ်အခါတုန်းက ကိုယ်က အပေါင်းအသင်းနည်းသူဆိုတော့ ကိုယ့်မှာ အင်မတန်ခင်မင်ရမယ့် သူငယ်ချင်း များများစားစားမရှိခဲ့တာ ကိုယ်မပြောလည်း မေလေး မျက်မြင်ကိုယ်တွေ့ပါလေ။ ကိုယ်က အားတဲ့အချိန်တိုင်း စာဖတ်နေသူ၊ ဟိုသွားဒီသွားလည်း မလုပ်သူဆိုတော့ အပေါင်းအသင်း သိပ်မရှိတာ မဆန်းပါဘူးလေ။ ဆရာကြီးဦးအောင်သင်းကတော့ သူ့စာအုပ်တွေထဲမှာ ထပ်ခါထပ်ခါ ရေးခဲ့ဖူးတဲ့ စကားလေးတစ်ခွန်းကို အခုစာရေးနေရင်း ကိုယ်သတိရမိတယ်။ ''မှတ်ထား မင်းတို့တွေ (ကျောင်းသား၊ ကျောင်းသူတွေကို ဆိုလို) လောကမှာ တူရာတူရာပဲ စုတာ'' တဲ့။ မှန်လိုက်တာ မေလေးရေ။ အပေါင်းအသင်းဆိုမှတော့ တူရာတူရာတွေပဲ စုကြတာ မဆန်းပါဘူးလေ။ ဥပမာ– စာကြိုးစားတဲ့လူတွေက သူတို့ဘာသာသူတို့ သတ်သတ်။ အားကစားသမား သူငယ်ချင်းတွေကလည်း တစ်ပါတီ စသဖြင့်ပေါ့လေ။ ကိုယ်ကတော့ ရင်ဘတ်ချင်းတူတဲ့ သူငယ်ချင်း သိပ်မရှိဘူးလို့ ပြောရမှာပေါ့လေ။ ဒါပေမဲ့ ကိုယ်အင်မတန်ခင်မင်ရတဲ့ သူငယ်ချင်းတစ်ယောက်ကတော့ တက္ကသိုလ်မှာရှိခဲ့ဖူးတယ်။ သူက စာသမားတော့မဟုတ်ဘူး မေလေးရေ။ ဒါပေမဲ့ ကိုယ့်စိတ်ကို နားအလည်နိုင်ဆုံး ပေါင်းလို့သင်းလို့ရတဲ့ သူငယ်ချင်းပေါ့။ ထားပါလေ။



(သုံး)

မေလေးရေ . . .

တစ်နေ့တော့ အဲဒီသူငယ်ချင်းနဲ့ ဘာဖြစ်တယ်မသိဘူး။ ကိစ္စတစ်ခုအပေါ်မှာ ကိုယ်နဲ့သူနဲ့ အချေအတင်ငြင်းခုန်ကြပါကော။ သူက တစ်ခွန်းဆို ကိုယ်က နှစ်ခွန်းပြန်ပြော။ ကိုယ်က နှစ်ခွန်းဆို သူက ငါးခွန်းပြန်ပြော ဆိုပါတော့။ ဒါပေမဲ့ သူ ကိုယ့်ကိုပြန်ပြောနေတဲ့စကားတွေက အကြောင်းအကျိုးဆီလျော်တဲ့၊ အခြေအမြစ်ရှိတဲ့ စကားတွေဆိုတာ ကိုယ်ပြန်ငြင်းနေရင်းနဲ့ သတိထားမိပါတယ်လေ။ သို့သော်လည်း ကိုယ်က အနိုင်ယူချင်တဲ့သူဆိုတော့ သူပြန်ပြောနေတဲ့ ဆီလျော်တဲ့စကားတွေကို နားမဝင်ခဲ့ဘူးပေါ့။ အနိုင်ရဖို့ပဲ စိတ်အားထက်သန်နေတဲ့သူဆိုတော့ ကိုယ့်စကား မှန်လား၊ မှားလား မဝေခွဲတတ်နိုင်တော့ဘူးပေါ့။ ကိုယ်က စာဖတ်တဲ့သူဆိုတော့ ဟုတ်တာတွေကော၊ မဟုတ်တာတွေကော စီကာပတ်ကုံးပြန်ပြော၊ ပုံတိုပတ်စတွေကို ဥပမာထုတ်ပြပြီး ပြန်ပြောတော့ သူကိုယ့်ကို ပြန်မငြင်းနိုင်ဘူးလေ။ ကိုယ်ပြောတာကို ပြီးပြီးလေး နားထောင်လို့။ ကိုယ့်မှာသာ ရှုံးရှုံးရဲရဲဖြစ်လို့။ ကိုယ့်ကို ပြန်ပြောရကောင်းမလားဆိုပြီး ကိုယ်နဲ့အပြိုင် ငြင်းရကောင်းမလားဆိုပြီး ဒေါသထွက်လို့။ မကျေနပ်လို့။ သူကတော့ အေးအေးသက်သက်။ အခု ပြန်တွေးရင်း ကိုယ်ဖြင့် ရှက်လိုက်တာမပြောပါနဲ့တော့ မေလေးရေ။

နောက်တစ်နေ့မှာ ကိုယ် အဲ့ဲ သူငယ်ချင်းကိုခပ်တန်းတန်းပဲဆက်ဆံဖြစ်တော့တယ်။ သူလည်း ကိုယ့်ကို ခပ်မှန်မှန်ပဲဆက်ဆံဖြစ်တော့တယ်လို့ ကိုယ်ထင်တယ်။ ဟိုတစ်နေ့က ငြင်းခဲ့ကြတဲ့ကိစ္စတစ်ခုရဲ့ ဂယက်ကြောင့်ပဲပေါ့။ ကိုယ်ကလည်း ဘာဖြစ်လဲ။ သူမခေါ်ရင်ကိုယ်မခေါ်ရုံပဲ။ သူမခေါ်လို့ ဘာမှမဖြစ်သွားဘူးလို့ အဲဒီတုန်းက ကိုယ် သွေးနားထင်ရောက်ခဲ့မိတယ်။ ဒါပေမဲ့ ကိုယ်သေချာပြန်တွေးကြည့်တဲ့အခါ . . .။ တစ်ဖက်ကမ်းပြိုရင် တစ်ဖက်သောင်ထွန်းဆိုသလို။ အခြားတစ်ဖက်မှာတော့ ကိုယ့်အပေါ် အင်မတန်ကောင်းတဲ့ သူငယ်ချင်းတစ်ယောက် ကိုယ် လက်လွတ်ဆုံးရှုံးသွားခဲ့

အနိုင်ရလိုက်ပေမယ့်လည်း ကိုယ်ပြန်ရလိုက်တာ တန်ရဲ့လား။ အမှန်ဆို ကိုယ်ပျော်ရမှာ မဟုတ်ဘူးလား။ ကျေနပ်ရမှာ မဟုတ်ဘူးလား။ အခုတော့ . . . နိုင်ရဲ့သားနဲ့လည်း ကိုယ်မပျော်။ ကိုယ့်မှာ စိတ်ညစ်လို့။ ထိုင်းမှိုင်းလို့။ သြော် . . . ကိုယ်ပြန်ရလိုက်တဲ့ မတန်မှုမျှား။

ရတယ်။ မေလေးရေ...ကိုယ်ပြန်ရလိုက်တာ တန်ရဲ့လားလို့ စဉ်းစားချင်စရာ။ ဟုတ်တယ်လေ။ ကိစ္စတစ်ခုအပေါ်မှာ ကိုယ်နဲ့သူ ငြင်းခုန်ခဲ့တယ်။ အနိုင်ရချင်ဇောနဲ့ အကျိုးအကြောင်းပြောတဲ့ သူ့စကားတွေကို ကိုယ် လျစ်လျူရှု ပစ်ပယ်ခဲ့တယ်။ ကိုယ် မဟုတ်မဟပ် မတရားအနိုင်ယူခဲ့တယ်။ အနိုင်ရရင် ပြီးရောဆိုတဲ့စိတ်နဲ့ ကိုယ်အနိုင်ရလိုက်ပေမယ့်လည်း တစ်ဖက်မှာတော့ ကိုယ်ရှေ့နားမှာ ပြောခဲ့သလို ကိုယ့်အပေါ် အင်မတန်ကောင်းတဲ့ ကိုယ့်အပေါ် နားလည်ပေးတဲ့ သူငယ်ချင်းတစ်ယောက်တော့ ဆုံးရှုံးခဲ့ရတယ်။ မေလေးရေ...ကိုယ် အနိုင်ရလိုက်ပေမယ့်လည်း ကိုယ်ပြန်ရလိုက်တာ တန်ရဲ့လား။ အမှန်ဆို ကိုယ်ပျော်ရမှာ မဟုတ်ဘူးလား။ ကျေနပ်ရမှာ မဟုတ်ဘူးလား။ အခုတော့...နှိုင်ရဲ့သားနဲ့လည်း ကိုယ်မပျော်။ ကိုယ့်မှာ စိတ်ညစ်လို့။ ထိုင်းမှိုင်းလို့။ ဩော် ကိုယ်ပြန်ရလိုက်တဲ့ မတန်မှုများ။ မပျော်ရွှင်မှုများ။

(လေး)

ကိစ္စတစ်ခုကို ကိုယ် ရှက်ရွက်နဲ့ ဝန်ခံရဦးမယ်။ တစ်ခါတုန်းက မေလေးနဲ့ တွေ့မလို့ဆိုပြီး မေလေးတို့အဆောင်ရှေ့မှာ ကိုယ်လာ ထိုင်စောင့်နေတုန်းကလေ။ ကိုယ်နဲ့ အနည်းငယ်ရင်းနှီးတဲ့ ဘကြီးတစ်ယောက်ဆီမှာ စကားပြောရင်း ထိုင်စောင့်ရင်းနဲ့ပေါ့။ မေလေး အဆောင်ရှေ့က ထွက်လာတာကိုမြင်တော့ ကိုယ်လည်း လာမလို့ဆိုပြီး မတ်တတ်ထရပ်လိုက်တော့ ကိုယ် ထိုင်နေတဲ့ကွပ်ပျစ်အောက်မှာ ပိုက်ဆံအလိပ်တစ်လိပ်တွေ့လို့။ ကိုယ်က အဲ့နေရာမှာ ကုန်းကုန်းကွကွလုပ်နေသူဆိုတော့ ကိုယ် ကျနေတဲ့ပိုက်ဆံပဲဆိုပြီး အိတ်ထဲ ကောက်ထည့်မိခဲ့တယ်။ ကိုယ့်အိတ်ကပ်ထဲမှာလည်း ပိုက်ဆံလျော့နေတာဆိုတော့။ နောက်ပြီး ကွပ်ပျစ်ပေါ်မှာ ကိုယ်တစ်ယောက်တည်း ထိုင်နေတာဆိုတော့ ကိုယ့်ပိုက်ဆံကလွဲပြီး အခြားသူပိုက်ဆံ မဖြစ်နိုင်ဘူးလို့ အဲဒီလို ယူတဲ့အချိန်တုန်းက တွေးမိခဲ့တယ်။ ဒါပေမဲ့ အဆောင်ရောက်လို့ ပိုက်ဆံ ပြန်စစ်လိုက်တော့ ကိုယ့်ပိုက်ဆံမဟုတ်မှန်း သိလိုက်ရတယ်။ ဒါနဲ့ ကိုယ်လည်း ကိုယ်နဲ့ထိုက်လို့ ကိုယ်ရတာပဲဆိုပြီး သုံးလိုက်မိတယ်။

နောက်တစ်နေ့ မေလေးတို့အဆောင်ရှေ့ကဖြတ်တော့ ဟိုဘဘကြီးနဲ့တွေ့ပါလေကော။ ကိုယ့်ကိုတွေ့တော့ ဘဘကြီးက ''ကောင်လေး မနေ့က ဦး ပိုက်ဆံပျောက်လို့၊ ငါ့တူများ ကောက်ရသွားသေးလား၊ အဲဒီနေရာကို(ကွပ်ပျစ်)ငါ့တူပဲ လာထိုင်တာဆိုတော့''လို့ စကားစလာပါတယ်။ ဘဘကြီးစကား ဆုံးဆုံးချင်း ကိုယ့်မှာ ဖိန်းဖိန်းတိန်းတိန်းဖြစ်လို့။ ရှက်လို့။ ဟုတ်တယ်လေ။ ကိုယ်ယူခဲ့မိတာကိုး။ ကိုယ်ခိုးခဲ့မိတာကိုး။

ဒါပေမဲ့ ကိုယ်ယူလိုက်တယ်လို့ ပြောရမှာရှက်လို့ မယူပါဘူး၊ မသိပါဘူးလို့ ကိုယ် ဘူးကွယ်ခဲ့မိတယ်။ ဘဘကြီးကတော့ ''အေးပါ၊ ငါ့တူ မယူလည်း ပြီးတာပါပဲ'' ဆိုပြီး လှည့်ထွက်သွားပါကော။ ကိုယ်လည်း အဲဒီနေရာမှာ ကြာကြာမနေချင်တော့တာနဲ့ အမြန်လစ်ခဲ့တယ်။ အမှန်တော့ ကိုယ် မဟုတ်တာ လုပ်ထားခဲ့တဲ့အတွက် လိပ်ပြာမလုံတာပေါ့ မေလေးရေ။ အဲဒီနေ့ကစပြီးတော့ ကိုယ် အဲဒီအဘကြီးနဲ့ ရင်မဆိုင်ချင်တော့ဘူး။ အဲဒီ အဘကြီးနေတဲ့ နေရာတစ်ဝိုက်ကို ကိုယ်မသွားရဲတော့ဘူး။ လမ်းမှာ အဲဒီအဘကြီးကိုမြင်တာနဲ့ ကိုယ် တခြားလမ်းက ပတ်သွားကော။ ဩော်...မှား





နေတဲ့သူတစ်ယောက်ရဲ့ လိပ်ပြာမလုံမှုမျှား။ တကယ့်တကယ် ပြန်တွေးကြည့်လိုက်တော့ ကိုယ် အဲဒီ အဘကြီးဆီက ယူခဲ့မိတာ ငါးထောင်ကျော်ကျော်လေးပါ···မေလေးရေ။ သို့သော် ငါးထောင်နဲ့မတန်စွာ ကိုယ် ပြန်ရလိုက်တာက သူခိုးဆိုတဲ့ ဘွဲ့။ လူလိမ်ဘွဲ့။ လိပ်ပြာမလုံမှု။ အရှက်မရှိမှု။ ကိုယ် ကျင့်တရားမကောင်းမှု စသည် စသည်ဖြင့်။ ပိုဆိုးသွားတာက ကိုယ်ယူတာ ဘယ်သူမှ မသိပေမဲ့ ကိုယ့်ကိုယ်ကိုယ် သိနေခဲ့တာ အဆိုးဆုံးပဲ မေလေးရေ။ ဩော်··· ကိုယ် ပြန်ရလိုက်တာနဲ့ မတန်မှုမျှား။

(ငါး)

မေလေးရေ···

ကိုယ်ကြုံတွေ့ခဲ့တဲ့ အဖြစ်အပျက်လေး နှစ်ခုကနေ ကိုယ် ဘာသင်ခန်းစာရခဲ့သလဲ ဆိုတော့ နောင်အခါ ဘာကိစ္စပဲဖြစ်ဖြစ် ကိုယ်လုပ်ခဲ့မိတဲ့အမှားကို ရဲရဲဝံ့ဝံ့ဝန်ခံတတ်ဖို့။ မှားကြောင်းပြောတတ်ဖို့။ ဝန်ချတောင်းပန်တတ်ဖို့ စသဖြင့် သင်ခန်းစာတွေ ကိုယ် ရခဲ့တယ်လေ။ ဒီလို ဝန်ချတောင်းပန်လိုက်မှသာ ကိုယ့်စိတ်ထဲရှင်းပြီး ပေါ့သွားမှာလေ။ မဟုတ်ရင် တစ်သက်လုံး ကိုယ် ဆွေးမြေ့နေရမှာ။ နောင်အခါ သထုံလမ်းကို ရောက်ဖြစ်တဲ့အခါ ဘဘကြီးဆီကိုသွားပြီး တောင်းပန်ရဦးမယ်။ သူငယ်ချင်းနဲ့ ပြန်တွေ့တဲ့အခါ မှာလည်း ကိုယ်မှားကြောင်း အရင်တောင်းပန်ဦးမယ်။ မေလေးလည်း ကိုယ့်အဖြစ် အပျက်တွေကနေ သင်ခန်းစာယူနိုင်ပါစေ။ မှားပြီဆိုလည်း မှားတဲ့အကြောင်း ဝန်ခံရဲတဲ့သတ္တိရှိပါစေ။ ပြန်ရလိုက်တာနဲ့ မတန်တဲ့ ခံစားမှုမျှား မေလေး ကင်းလွတ်ပါစေ။

ဩော်···မေလေးရဲ့ နှလုံးသားစိတ် ကမ်းကို ယဉ်ကျေးမှုလိုင်းလုံးတွေ တဝုန်း ဝုန်း ရိုက်ခတ်ပါစေ။

မောင်သာစိုး(ပြည်)

ကျည်ပြီးပါပြီ

''ငါက သိပ်မေ့တတ်တယ်ကွ''လို့ ပရော်ဖက်ဆာကြီးက ပြောပြတယ်။

''ဒီတော့ ငါက နာမည်ရယ်၊ ဖုန်းနံပါတ်ရယ်ကို ငှဲ့ရဲ့ မှတ်စုစာအုပ်မှာ ရေးမှတ်ထားလေ့ရှိတယ်၊ ဒါပေမဲ့ နာမည်နဲ့လူနဲ့ တွဲပြီးမမှတ်မိပြန်ဘူး၊ ဒါနဲ့ တစ်နေ့တော့ ငါ ပြန်စစ်ဆေးကြည့်တယ်၊ အဲဒီမှာ နာမည်တစ်ခုက စိတ်ထဲမှာ သိသလိုလိုနဲ့ ဘယ်သူဘယ်ဝါ ဝေခွဲမရဘူးဖြစ်နေတယ်''

ဒါနဲ့ ငါက ဖုန်းဆက်လိုက်တယ်။

''ခင်ဗျားကို ကျွန်တော် မမှတ်မိဘူးဖြစ်နေတယ်၊ ခင်ဗျားကို ကျွန်တော် ဘာအကူအညီပေးရမလဲ''ဆိုတော့ သူက ပြန်ပြောတယ်။

''ခင်ဗျား ကျွန်တော့်ကို အကူအညီပေးပြီးပါပြီ၊ အခု မလိုပါဘူး''လို့ ပြန်ဆက်တယ်။

အဲဒီတော့မှ ငါ ပြန်သတိရတယ်။ ''သူက ငှဲ့ဇနီးရဲ့ ပထမယောကျ်ားလေ''

မောင်သီဟ





CELEBRITY AND SHOWBIZ

❐ အောင်စိုးသူ(LPN)


အဂူရို ပရိသတ်ပါ

မန်စီးတီးတိုက်စစ်မှူး အဂူရိုက ဇာတာတက်လာတယ်ပဲ ပြောရမလား မသိပါဘူး။ မန်စီးတီးနဲ့ လီဗာပူးတို့ ထိပ်တိုက်ဆုံတဲ့ ပရီးမီးယားလိဂ်ပွဲစဉ်-၂၁ မှာ အသင်းအတွက် ဦးဆောင်ဂိုး သွင်းပေးနိုင်ခဲ့သလို အဲဒီပွဲမတိုင်ခင် ဆောက်သမ်တန်နဲ့ ပရီးမီးယားလိဂ် ပွဲစဉ်-၂၀ မှာလည်း ဂိုးသွင်းနိုင်ခဲ့တယ်။ ဒါ့အပြင် လီဗာပူးနဲ့ပွဲမှာ သူရဲ့သွင်းဂိုးကြောင့် မန်စီးတီး အသင်းသားတွေ စိတ်ဓာတ်တက်ကြွခဲ့တာလည်းဖြစ်တယ်။ ဒါကြောင့် အဂူရိုကို ချီးမွမ်းကြတဲ့သူတွေ ဒုနဲ့ဒေးပါ။ အဲဒီလို ချီးမွမ်းတဲ့သူတွေထဲမှာ ဟိုလီပီးယားစ်လို လူသိများတဲ့ မော်ဒယ်မလေးလည်းပါတယ်။ သူမဟာ မန်ချက်စတာမြို့မှာ မွေးဖွားခဲ့သူဖြစ်ပြီး အဖော်အချွတ်ပုံတွေနဲ့ Sexy ဆန်ဆန် ဓာတ်ပုံတွေမှာ ကောက်ကြောင်းအလှတွေကို ထင်သာမြင်သာရှိအောင် ပြသနိုင်စွမ်းရှိတာကြောင့် နာမည်ကျော်နေသူဖြစ်ပါတယ်။ သူမက လီဗာပူးနဲ့ပွဲမှာ အသင်းအတွက် ဂိုးသွင်းပေးတဲ့ အဂူရိုကြောင့် ပျော်ရွှင်ရပြီး သူမဟာလည်း အဂူရိုရဲ့ ပရိသတ်တစ်ယောက်ပါလို့ ဖွင့်ဟထားပါတယ်။ ဒီစကားဟာ ဘယ်အတိုင်းအတာအထိ ခရီးပေါက်သွားနိုင်လဲဆိုတာကတော့ နောက်ထပ်ကြားရမယ့် သတင်းတွေကိုပဲ နားစွင့်ရတော့မှာပေါ့။





မဝေးတော့တဲ့ တိမ်ပြာပြာနေ့တစ်နေ့




အမေရိကန် ရက်(ပ်)အဆိုကျော် ထရာဗစ်စကော့နဲ့ ကီလီဂျင်နာတို့ရဲ့ သတင်းကတော့ ၂၀၁၉ နှစ်ဆန်းပိုင်းရဲ့ သတင်းဦးတွေထဲက သတင်းထူး တစ်ခုဖြစ်ပါတယ်။ ဒါကတော့ အမေရိကန်မော်ဒယ်မလေး ကီလီဂျင်နာဟာ သူမရဲ့ ဘယ်ဘက်လက်သန်းကြွယ်မှာ ဇရာမစိန်လက်စွပ်ကြီးကို ဝတ်ဆင် ထားပြီး လူမှုဝက်ဘ်ဆိုက်မှာ တင်ခဲ့တာကြောင့် ထင်ကြေးပေးမှုအမျိုးမျိုး တွေ မြင့်တက်လာခဲ့ပါတယ်။ ကီလီဂျင်နာဟာ အမေရိကန်ရက်(ပ်) အဆိုကျော် ထရာဗစ်စကော့နဲ့ ချစ်သူဖြစ်ခဲ့တာဟာ ကာလရှည်ကြာခဲ့ပြီး ကလေးတစ်ယောက်လည်း ထွန်းကားခဲ့ပါတယ်။ ဒါ့အပြင် နောက်ထပ် ကိုယ်ဝန်လည်း လွယ်ထားရပြီလို့ သတင်းအချို့ က ဆိုနေကြပါတယ်။ ကာယကံရှင်နှစ်ဦးစလုံး က ဒီသတင်းအပေါ် တုံ့ပြန်ထားခြင်းမရှိပေ မယ့် အခုလိုမျိုး တန်ဖိုးမြင့်မားလွန်းတဲ့ စိန် လက်စွပ်ကြီးကို ကီလီဂျင်နာ ထုတ်ဖော်ပြသ လိုက်တာဟာ သူတို့နှစ်ဦး တကယ်ပဲ စေ့စပ် လိုက်ပြီဆိုတာကို ရာနှုန်းပြည့်နီးပါး သေချာစေ ခဲ့တဲ့ သဘောမျိုးရှိနေပါတယ်။ ဒါဆိုရင်တော့ ထရာဗစ်စကော့နဲ့ ကီလီဂျင်နာတို့ရဲ့ တိမ်ပြာ ပြာနေ့တစ်နေ့က မဝေးတော့ဘူးလို့ ဆိုရပါ တော့မယ်။



၂၀၁၈ ခုနှစ် နောက်ဆုံးသီတင်းပတ်ဟာ သတင်းထူးတွေနဲ့ လုံးလည်ချာလည်လိုက်နေ တယ်။ နှစ်တစ်နှစ်ရဲ့ နောက်ဆုံးသီတင်းပတ်ဖြစ်တာကြောင့်လည်း ကဏ္ဍပေါင်းစုံ၊ အလွှာပေါင်းစုံ က လူပုဂ္ဂိုလ်တွေဟာ ၂၀၁၈ ခုနှစ်ကို အကောင်းဆုံး အဆုံးသတ်နိုင်ရေး ကြိုးစားနေကြတယ်။ ဒါပေမဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်ကတော့ ၂၀၁၈ ခုနှစ်ရဲ့ နောက်ဆုံးသီတင်း ပတ်ကို မင်္ဂလာသတင်းနဲ့ အဆုံးသတ်ခဲ့ပါတယ်။ သူမဟာ ၁၀ နှစ်ကြာလက်တွဲခဲ့တဲ့ ချစ်သူ သြစတြေးလျရုပ်ရှင်သရုပ်ဆောင် လီယမ်ဟမ်းစ်ဝို့သ်နဲ့ လက်ထပ်လိုက်ပြီလို့ တရားဝင်ဖွင့်ချလိုက်တာပါ။ ဒီသတင်း တက်လာပြီးနောက်ပိုင်း ပရိသတ်တွေကြားမှာ မတူကွဲပြား



မင်္ဂလာသတင်းရဲ့ နောက်ဆက်တွဲများ



တဲ့ အမြင်တွေ၊ မှတ်ချက်ပေးမှုတွေ ရှိလာ တယ်။ တစ်ဖက်မှာ လီယမ်ကိုချစ်တဲ့ နှုတ်ခမ်းနီမလေးတွေ နှမြောနေမိကြ တယ်။ တချို့ကျတော့လည်း အနုပညာ အလုပ်တွေကို အရင်ကထက်ပိုပြီး ဆက် လုပ်ပေးပါလို့ ဆုတောင်းကြတယ်။ တစ် ဖက်မှာ မိုင်လီဆိုင်းရပ်စ်ကိုချစ်တဲ့ ပုရိသ တွေကတော့ နှမြောတဲ့သူတွေ ဒုန်းဒေးပါ။ အခုလို လက်ထပ်လိုက်တာကြောင့် မိုင်လီ ဆိုင်းရပ်စ်ရဲ့ ညို့အားပြင်းတဲ့ MTV ပုံစံ မျိုးတွေ မြင်တွေ့ရပါတော့ဦးမလားဆိုတဲ့ မှတ်ချက်မျိုးတွေလည်းရှိတယ်။ တချို့ကျ တော့လည်း မိုင်လီအနေနဲ့ အခုလိုမျိုး လက်ထပ်လိုက်ခြင်းဟာ တည်ငြိမ်ရင့် ကျက်မှုကို ပြသရာရောက်ပြီး ဘုရားသခင် ရဲ့ အလိုတော်အတိုင်း လိုက်နာဆောင် ရွက်ခြင်းသာဖြစ်တယ်လို့လည်း မှတ်ချက် ပေးခဲ့ကြပါတယ်။ လက်ရှိအချိန်မှာတော့ သူတို့စုံတွဲဟာ အနုပညာအလုပ်တွေကိုပဲ ပုံစံမပျက် ဆက်လက်လုပ်ဆောင်နေဆဲ ပါပဲ။





မိသားစုကို အချိန်ပေးမယ်

မိဘနဲ့ သားသမီးတွေရဲ့ကြားမှာ အတုံ့အလှည့် ရှိတယ်ဆိုတာ လောကနီယာမသဘောတရားပါပဲ။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကတည်းက ကျွေးမွေးထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ မိဘတွေရဲ့ ကျေးဇူးတရားအပေါ်မှာ သားသမီးတွေကလည်း ထိုက်သင့်အားလျော်စွာ ပြန်လည်တုံ့ပြန်ကြတာ သဘာဝပါပဲ။ ဒါဟာ အင်မတန်မှ ချစ်စရာကောင်းတဲ့ လူသားဆန်မှုကို လည်း ပြသရာရောက်ပါတယ်။ ဒီလို မျိုး မိဘကျေးဇူးကို တုံ့ပြန်တယ်ဆိုတာဟာ အသိဉာဏ်ရှိတဲ့လူသားတွေသာ လုပ်ဆောင်နိုင်တာမျိုးဖြစ်ပါတယ်။ လတ်တလောမှာတော့ အမေရိကန် ပေါ့ပ်ဘုရင်မတစ်ဦးဖြစ်တဲ့ ဘရစ်တနီစပီးယားကတော့ အနုပညာအလုပ်တွေ ခေတ္တရပ်နားထားဦးမယ်လို့ သိရပါတယ်။ သူမဟာ လက်ရှိအချိန်မှာ ရှိုးပွဲတွေ ခပ်စိတ်စိတ် သီဆိုနေရပေမယ့် အဲဒီလုပ်ငန်းစဉ်တွေ အားလုံးဖျက်သိမ်းထားတယ်လို့ ဆိုပါတယ်။ အကြောင်းကတော့ သူ့ရဲ့ဖခင်ဖြစ်သူဟာ ဆေးရုံတင်ထားရပြီး အသက်လုနေရတဲ့အနေအထားရှိနေတယ်လို့ ဆိုပါတယ်။ ''ပြီးခဲ့တဲ့လတွေအတွင်းမှာ ကျွန်မရဲ့ဖေဖေဟာ ဆေးရုံတင်ထားရပြီး အသက်လုနေရပါတယ်။ ဒီအချိန်မှာ ကျွန်မရဲ့စွမ်းအင်တွေနဲ့အာရုံတွေကို မိသားစုအပေါ်မှာ စူးစိုက်ထားဖို့အတွက် ဆုံးဖြတ်ချက်ကို ခက်ခက်ခဲခဲ ချမှတ်ရတာဖြစ်ပါတယ်။ အားလုံးနားလည်ပေးကြလိမ့်မယ်လို့လည်း ထင်ပါတယ်။ အစဉ်တစိုက်အားပေးခဲ့ကြတဲ့ပရိသတ်တွေနဲ့ မိသားစုအတွက် ဆုတောင်းပေးခဲ့ကြသူတွေအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်''လို့ ဘရစ်တနီစပီးယားက ဖွင့်ဟသွားပါတယ်။ ဘရစ်တနီစပီးယားဟာ ကျင်းပဖို့ရှိနေတဲ့ လက်စ်ဗီးဂက်စ်ကရှိုးပွဲကို ဖျက်သိမ်းထားပါတယ်။

ဒါကြောင့်ဖြစ်မယ်

ဣဏ္ဍင်တပ်တိုက်စစ်မှူး ရော်နယ်ဒိုဟာ နှူတ်ခမ်းနီမလေးတွေရဲ့ အသည်းကျော်တစ်ဦးဖြစ်တယ်ဆိုတာ အထူးပြောစရာလိုမယ် မထင်မိပါဘူး။ အဲဒီနှူတ်ခမ်းနီမလေးတွေ အသည်းကျော် ရော်နယ်ဒိုဟာလည်း နှူတ်ခမ်းနီမလေးပေါင်းများစွာနဲ့ ပတ်သက်ခဲ့ဖူးသူတစ်ယောက်ပါ။ အဲဒီလိုပတ်သက်တာ အလွန်အကျွံဖြစ်သွားလို့ အခုလောလောဆယ်မှာတင် လိင်အကြမ်းဖက်မှုစွဲချက်နဲ့ တရားရင်ဆိုင်နေရတုန်းပါပဲ။ ဒါပေမဲ့ အခု စပိန်သူလေး ဂျော်ဂျီနာနဲ့ကျမှ စေ့စပ်တဲ့အထိဖြစ်ခဲ့ပြီး ရင်သွေးပါယူခဲ့တဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဘာလို့များ ဒီလို သာမန်အရပ်သူလေးကျမှ ရော်နယ်ဒို ငြိတွယ်သွားခဲ့တာလဲ။ စိတ်ဝင်စားစရာအကြောင်းအရာများစွာရှိနေနိုင်ပေမယ့် ထင်ရှားတဲ့အကြောင်းတစ်ခုကတော့ ဂျော်ဂျီနာရဲ့ ရိုးရှင်းတဲ့အလှတရားပါပဲ။ ဒူဘိုင်းမှာကျင်းပခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာ ဘောလုံးအားကစား တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲမှာ အရှေ့အလယ်ပိုင်းစတိုင် ဖက်ရှင်နဲ့ ရိုးရှင်းစွာလှပနေတဲ့ ဂျော်ဂျီနာဟာ ဆုပေးပွဲအခမ်းအနားကို ပိုပြီးခမ်းနားစေခဲ့တယ်။ ဒီလိုအလှတရားကို ပိုင်ဆိုင်ထားတာကြောင့် ရော်နယ်ဒိုတစ်ယောက် ခြိမခုန်တော့တာလည်း ဖြစ်နိုင်တယ်လို့ မှတ်ချက်ပေးသူတွေလည်း ရှိနေကြပါတယ်။







စီးပွားရေးလုပ်ငန်းဘက်ကိုကူးပြြ

ကမ္ဘာကျော်ဘောလုံးကြယ်ပွင့်ကစားသမား ရော်နယ်ဒိုနဲ့ ဇာတ်လမ်းတွေရှိခဲ့ဖူးတဲ့ မော်ဒယ်တစ်ယောက် ရှိတယ်။ သူမကတော့ ရုရှားလှပျိုဖြူလေး အီရီနာရှက်ခ်ပါ။ အခုတော့ သူမဟာ အသက် ၃၃ နှစ်အရွယ် ရှိနေပြီ ဖြစ်တာကြောင့် တည်ငြိမ်တဲ့အလှတရားကို ပိုင်ဆိုင်ထားပြီလို့လည်း ဆိုနိုင်ပါတယ်။ ရော်နယ်ဒိုနဲ့ အီရီနာရှက်ခ်တို့ဟာ ချစ်သူတွေအဖြစ် ကာလရှည်လက်တွဲခဲ့ကြပေမဲ့ သဘောထားချင်းမတိုက်ဆိုင်လို့ လမ်းခွဲခဲ့ကြတယ်။ အဲဒါကြောင့် အီရီနာရှက်ခ်ဟာ ဘောလုံးမဂ္ဂဇင်းတွေနဲ့ စာစောင်တွေပေါ်က နေရာဖယ်ပေးလိုက်ရပေမယ့် အနုပညာလုပ်ငန်းတွေဘက်မှာတော့ ပရိသတ်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ သူမဟာ ရော်နယ်ဒိုနဲ့ ခွာပြီးတဲ့နောက် အမေရိကန် ရုပ်ရှင်သရုပ်ဆောင် ဘရက်ဒလေကူးပါးနဲ့ လက်တွဲခဲ့သူပါ။ ဒါကြောင့် သူမဟာ ရုပ်ရှင်ပွဲတော်တွေ၊ တေးသီချင်းမိတ်ဆက်ပွဲတွေ၊ ရုပ်ရှင်အထူးပွဲတွေကို ဘရက်ဒလေကူးပါးနဲ့တွဲဖက်ပြီး ဖိတ်ကြားခြင်းခံရတယ်။ သူမရဲ့ မရိုးနိုင်တဲ့ ဖက်ရှင်နဲ့ ဝတ်စားဆင်ယင်ပုံတွေကြောင့် မြင်သူငေးရတဲ့ အလှပိုင်ရှင်မျိုးဖြစ်ခဲ့ပြီး သူမရဲ့ ပွဲတက်ဖက်ရှင်တွေက ဆွဲဆောင်မှုရှိတယ်လို့ သုံးသပ်နေကြပါတယ်။ ဒါ့အပြင် အီရီနာရှက်ခ်ဟာ လက်ရှိအချိန်မှာ မော်ဒယ်လုပ်ငန်းဆိုတာထက် စီးပွားရေးလုပ်ငန်းဘက်ကို တဖြည်းဖြည်းဦးတည်လာခဲ့ပြီး အခုဆိုရင် လက်ကိုင်အိတ်ဒီဇိုင်းလုပ်ငန်းကို ချဲ့ထွင်လုပ်ကိုင်နေပြီလို့ သိရပါတယ်။ နောက်ပြီး သူမ ဖန်တီးထားတဲ့ လက်ကိုင်အိတ်ဒီဇိုင်းတွေဟာ ခေတ်မီသေသပ်လှပပြီး ကိုင်ဆောင်သူအဖို့ ဖက်ရှင်ကျသလို ခရီးထွက်ခြင်း၊ ဈေးဝယ်ထွက်ခြင်းတွေမှာလည်း အဆင်ပြေစေတယ်လို့ အီရီနာရှက်ခ်က ဖွင့်ဟသွားခဲ့ပါတယ်။

အောင်စိုးသူ(LPN)



ခြေယက်နင်းသူ

ဖခင်တစ်ဦးနဲ့ ဒေါင်းလက္ခဏာရှင် (Down Syndrome) သားငယ်တို့ဟာ ဖြစ်နိုင်ခဲတဲ့ စိတ်ကူးအိပ်မက်ကို အမှန်တကယ် ဖြစ်လာအောင် အကောင်အထည်ဖော်နိုင်ပါ့မလား . . .

ဒေလီယာဟာ သူမရဲ့ လသားအရွယ် သားလေးသြဂတ်စတင်နဲ့အတူ မိုင်ယာမီမြို့က အိမ်ကိုအပြန်လမ်းမှာ ကလေးအထူးကု ဆရာဝန်ရဲ့ ဆေးမှတ်တမ်းကိုကြည့်ရှုနေပါတယ်။ မှတ်တမ်းထဲမှာ နံပါတ်(၂၁) နေရာက ကရိုမိုဇုန်းဟာ အရေအတွက် ၂၃ ပဲရှိရမယ့်အစား ၃ ခုရှိနေတာဟာ ဒေါင်းလက္ခဏာလို့ ဖော်ပြနေပါတယ်။ ကားကို ဂရုတစိုက်မောင်းနေတဲ့ကြားက သြဂတ်စတင်လေးဟာ လူအများနားလည်တဲ့



စကားမျိုး ပြောတတ်မှာမဟုတ်သလို၊ စာရေးတတ်၊ ဖတ်တတ်ဖို့လည်း မလွယ်ဘူး၊ အကယ်၍ သူဟာသူ စားတတ်၊ ဝတ်တတ် ရင်တောင်မှ သူဘဝကို သူဟာသူ ရပ်တည်သွားဖို့ အဆင်မပြေနိုင်ဘူး''လို့ ဆရာဝန် ပြောခဲ့တာကိုပဲ ကြားယောင်နေတော့တယ်။

ဒီအဖြစ်မှန်ကို ခင်ပွန်းသည် ကားလို့စ်ကို ထုတ်ဖော်ပြောပြဖို့ ဝန်လေးနေခဲ့တယ်။ သူတို့နှစ်ဦးဟာ ငယ်လင်ငယ်မယား မဟုတ်ကြပါ။ ဒုတိယအိမ်ထောင်ဖြစ်ကြတယ်။ ၁၉၈၈ ခု၊ ဇွန်လမှာ သြဂတ်စတင်လေးဟာ သူတို့နှစ်ဦးရဲ့ သားဦးရတနာလေးပါ။ ဆရာဝန်ဆီကအပြန် အဲဒီညမှာ မှတ်စုစာအုပ်ထဲ ဒေလီယာ ဒီလိုရေးခဲ့တယ်။

''လျှို့ဝှက်မှုတွေပြည့်နေတဲ့ မေမေချစ်တဲ့ ရတနာထုပ်လေးရယ်––သေးငယ်မှုန်မွှားတဲ့ ကရိုမိုဇုန်းလေးတစ်ခုက မေမေနဲ့ သားတို့ရဲ့ဘဝကို ထိန်းချုပ်မထားနိုင်ဘူးဆို တာ ကမ္ဘာကြီးကို ပြရသေးတာပေါ့ကွယ်''

အမှန်တရားကို သူမ လက်မခံတာက ဒေါင်းလက္ခဏာဟာ သားလေးဆီက လွင့်စင် ပျောက်ကွယ်သွားမယ်လို့ ခိုင်ခိုင်မာမာ ယုံကြည်နေလို့ပါပဲ။ ဒါကြောင့် ဒေလီယာက ''အမှန်တရားကိုသာ လက်ခံလိုက်ရင် ကျွန်မ တစ်စစီပြိုကွဲသွားမှာပေါ့''လို့ ပြောခဲ့ပါတယ်။

လနှစ်ဆယ်သားအရွယ်ထိ သားလေး စကားမပြောတတ်တော့မှ ကားလို့စ်က သားမှာ တစ်ခုခုတော့ မှားနေပြီဆိုတာ သတိပြုမိပြီး ကလေးအထူးကုဆရာဝန်ဆီက ဆေးမှတ်တမ်းတွေ ဒေလီယာ ယူလာခဲ့တာကို ပြန်အမှတ်ရတော့တယ်။ ဇနီးဖြစ်သူကိုမေးတော့ ဒေလီယာက သားမှာ ဒေါင်းလက္ခဏာဖြစ်နေကြောင်း ပြောပြတော့ ကားလို့စ် သက်ပြင်းရှိက်လိုက်ပါတော့တယ်။ အဲဒီနောက်ပိုင်း ကားလို့စ်က သားအကြောင်း ထုတ်ဖော်မပြောတော့ပေမယ့် သူ့ခေါင်းထဲမှာ သားအကြောင်းကလွဲပြီး တခြားဘာကိုမှ မစဉ်းစားတော့ပါဘူး။

ကားလို့စ်က သူနဲ့ သားရဲ့ကြားမှာ စိတ်ချင်းနီးစပ်မှုမရမှာကို အရာအားလုံး ထက် ပိုပြီးစိုးရိမ်နေပါတော့တယ်။ သားနဲ့ ဆက်ဆံရေးမှာ တစ်စုံတစ်ရာက ဟန့်တား နေသလိုမျိုး ခံစားရပါတယ်။

ချဉ်းကပ်မိပြီ

အသက် ၃ နှစ်အရွယ်မှာ သြဂတ် စတင်ဟာ စကားတစ်လုံးစ၊ နှစ်လုံးစ ပြောတတ်လာပြီမို့ မိုင်ယာမီတက္ကသိုလ် ကလေးဖွံ့ဖြိုးရေး ဗဟိုသုတေသနဌာနကို ခေါ်သွားခဲ့တယ်။ ပထမဆုံး ကလေးရဲ့ ချုပ်ပိုင်းဆိုင်ရာ ထိန်းချုပ်နိုင်စွမ်းကို စမ်းသပ်ရာမှာ စားပွဲပေါ်မှာရှိတဲ့ ဒဂိုးပြားလေးကို ကောက်ယူ

အမှန်တရားကို သူမ လက်မခံတာက ဒေါင်းလက္ခဏာဟာ သားလေးဆီက လွင့်စင်ပျောက်ကွယ်သွားမယ်လို့ ခိုင်ခိုင်မာမာယုံကြည်နေလို့ပါပဲ။ ဒါကြောင့် ဒေလီယာက ''အမှန်တရားကိုသာ လက်ခံလိုက်ရင် ကျွန်မ တစ်စစီပြိုကွဲသွားမှာပေါ့''လို့ ပြောခဲ့ပါတယ်။

စေတယ်။ ဟိုဟိုဒီဒီရမ်းနေတဲ့ လက်ဖောင်းဖောင်းလေးက ဒဂိုးပြားကို မကောက်နိုင်တော့ လက်တစ်ဖက်နဲ့ ဒဂိုးပြားကို စားပွဲစွန်းသို့တွန်းပို့ပြီး ကျန်လက်တစ်ဖက်က လက်ဝါးဖြန့်ပြီး ခံယူလိုက်တယ်။ ဝမ်းသာအားရ ဖမ်းမိသွားပါတယ်။

နောက်စမ်းသပ်ချက်က ပန်းထိုးထားတဲ့ ပန်းအိုးပုံကားချပ်ကိုပြပြီး အလားတူ ပန်းအိုးပုံကို ရွေးချယ်ခိုင်းတော့ သြဂတ် စတင်က တခြားစာမျက်နှာမှာရှိတဲ့ ပန်းအိုးပုံပေါင်းများစွာကို လက်ညှိုးညွှန်ပြတယ်။ စားပွဲကို ပတ်လျှောက်သွားပြီး ပန်းပါတဲ့ အိုးတစ်လုံးကို ကောက်ယူကာ မူလပုံပေါ်တင်လိုက်တယ်။ ကားလို့စ်က သားလေးရဲ့ လှုပ်ရှားမှုတိုင်းကို မျက်ချည်မပြတ်ကြည့်နေရင်း ချစ်ခင်စိတ်နဲ့ ပျော်ရွှင်မှုတွေ ပြည့်လွှမ်းလို့ပါပဲ။

''တို့သားလေးက တစ်ချိန်လုံး စဉ်းစားနေတာပါလား''လို့ ဇနီးသည်ကိုလှမ်းပြောလိုက်တယ်။ သုတေသနအရာရှိက ''ဒီကလေးဟာ တခြားဒေါင်းကလေးများနဲ့ မတူတဲ့ အားသာချက်ရှိတယ်''လို့ မှတ်ချက်ချတယ်။

''အရေးကြီးဆုံးအချက်က သူဘယ်လောက် လုပ်ဆောင်နိုင်မယ်ဆိုတာ သူမိဘနဲ့ ဆရာတွေက သူနဲ့အတူ ဘယ်လောက် ပူးပေါင်းပံ့ပိုးပေးနိုင်သလဲဆိုတဲ့အပေါ်မှာ တည်ပါလိမ့်မယ်''လို့ အကြံပြုပါတယ်။

ရက်တရက် သားအဖနှစ်ယောက် ကြားမှာပိုင်းခြားထားတဲ့ မမြင်ရတဲ့ တံတိုင်းကြီးဟာ အလိုအလျောက်ပြိုပျက်သွားတော့တယ်။ သူသားရဲ့ အဖျားတွေကို သူချဉ်းကပ်နိုင်ပြီလို့ ကားလို့စ် ယုံကြည်မိတော့တယ်။ သားအတွက် သူဘာလုပ်ပေးရမလဲဆိုတာကိုလည်း ပြတ်ပြတ်သားသား သိလိုက်ပြီးဖြစ်ပါတယ်။

ဖခင်တစ်ဦးရဲ့ ယုံကြည်ချက်

ကားလို့စ်ရဲ့ဖခင်၊ သြဂတ်စတင်ရဲ့ အဖိုးဟာ အုံသြလောက်အောင် ကြီးရည်ဖန်ရည်ရှိသူပါ။ ကားလို့စ် ၁၀ နှစ်သားမှာ သစ်တိုသစ်စ၊ သံတိုသံစတွေနဲ့ ရွှေလျားနိုင်တဲ့ လှည်းလေးတည်ဆောက်ခဲ့တယ်။ ရရာပစ္စည်းတွေနဲ့ မော်တော်ဘုတ်တစ်စီးလည်း ဖန်တီးခဲ့ဖူးတယ်။ ဖခင်ရဲ့ ထက်သန်တဲ့ဖွဲ့နဲ့ ကျွမ်းကျင်မှုတို့ဟာ သားကားလို့စ်ထံမှာ ဗီဇသတ္တိ ကူးစက်ခဲ့တယ်။ ဆယ်ကျော်သက်အရွယ်မှာ ကားတစ်စင်း တည်ဆောက်ခဲ့ဖူးပြီး ကားလို့စ် စက်ပြင်ဆရာဖြစ်လာတယ်။ သူ့ဖခင်က သူ့ကို ဒီလမ်းကြောင်းပေါ်တင်ပေးခဲ့တဲ့နည်းတူ သူသား သြဂတ်စတင်ကိုလည်း လက်ချောင်းတွေရဲ့လုပ်အားနဲ့ ဘဝကို ရိုးသားစွာအသက်မွေးဝမ်းကျောင်းပြုစေရမယ်လို့ သန္ဓိဋ္ဌာန်ချလိုက်ပါတယ်။ အဲဒါကြောင့် ခက်ခဲတဲ့အရာတွေကို ဦးနှောက်နဲ့ လက်တွေ့ပေါင်းစပ်ဖန်တီးတတ်စေဖို့ သားအတွက် အစီအစဉ်ရေးဆွဲတော့တယ်။

သူတို့နှစ်ယောက်ပေါင်းပြီး မော်တော်ဘုတ်တစ်စီး၊ ဒါမှမဟုတ် ထူးဆန်းတာတစ်ခုခု ဖန်တီးဖို့ စဉ်းစားလိုက်တယ်။ ဘစ်ဘဒ်(Big Bird)လို့ စပြောတတ်ကတည်းက သားလေးက ဘုတ်ပြားနှစ်ခုပူးပြီး သံရိုက်

တာ၊ စက်ဘီးခြေနင်းကို ခွန်အားလှည့်ဖြတ်တာ၊ အစ်မရဲ့ စကိတ်ကို ပြန်ဖြောင့်ပေးတာတွေ လုပ်တတ်နေပါပြီ။ ၅ နှစ်သားမှာ အင်္ဂလိပ်နဲ့ စပိန်စကားကို မွှတ်နေအောင်ပြောတတ်ပြီး အိုင်ကျူစစ်ဆေးမှုရလဒ်က (၇၀) အောက်မှာပါ။ အဲဒါက အသိဉာဏ်ဖွံ့ဖြိုးမှုနှောင့်နှေးတာကိုပြတာပါ။ ဒါပေမဲ့ ၆ နှစ်သားအရွယ်မှာ စာရေးတတ်၊ ဖတ်တတ်နေပါပြီ။ အသက် ၇ နှစ်မှာ အများပြည်သူတက်တဲ့ကျောင်းမှာ စာရင်းသွားသွင်းတော့ သြဂတ်စတင်ကို ကျောင်းက ''စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုပညာရေး'' သီးခြားအတန်းမှာ တက်စေတဲ့အတွက် မိဘနှစ်ပါး စိတ်ထိခိုက်ခဲ့ရတယ်။ သားလေးဟာ ညဘက်တွေမှာ အိပ်မပျော်သလို၊ ကာယလေ့ကျင့်ခန်းလုပ်ရာမှာလည်းအခက်အခဲရှိပြန်တယ်။ အတန်းရှေ့က ကျောက်သင်ပုန်းကိုမမြင်ရတဲ့အတွက် ကျောင်းသင်ခန်းစာတွေလုပ်ဖို့ ငြင်းဆန်တယ်။ ဒါပေမဲ့ အမြင်စွမ်းရည် စမ်းသပ်မှု ရလဒ်ကောင်းနေပြန်ပါရော။

''ဟုတ်ပါတယ်--သားမြင်ရပါတယ်'' လို့ နောက်ဆုံးတော့ ဝန်ခံတယ်။

''ကျောက်သင်ပုန်းကစာကို ကူးရေးရတာ အဆင်မပြေလို့ပါ''တဲ့။ စာသင်ကြားရာမှာ သြဂတ်စတင် တိုးတက်မှုမရှိမှန်း သိလာကြတော့ ကားလို့စ်က သူ့ရဲ့ ကိုယ်ပိုင်သင်ကြားရေးအစီအမံကို အရှိန်မြှင့်တင်တော့တယ်။ စာအုပ်ထဲက ကရိန်းကားရုပ်ပုံတွေကို ကြည့်ရတာသာ သဘောကျတော့ ကျောင်းပြီးတာနဲ့ သားအဖနှစ်ယောက် မြို့ကိုပတ်ပြီး ကရိန်းကားတွေလိုက်ရှာ၊ ပုံကြမ်းတွေ ရေးဆွဲကြတော့တယ်။

မကြာမီပဲ သံတိုသံစတွေ၊ ကားဘီးအဟောင်းတွေ၊ သတ္တုဝင်ရိုးအထိုင်တွေ၊ သတ္တုရေခဲရာဟောင်းတွေကို ရှာဖွေစုဆောင်းပြီး ကရိန်းကားတည်ဆောက်ကြတော့တယ်။ ''သားရဲ့အချုပ်တွေကို ဆွဲမဖို့ပေါ့ ဖေဖေရယ်''လို့ ပြောပြနေပါတယ်။ အဲဒီနောက် သြဂတ်စတင်ဟာ စာအုပ်ထဲက ၁၉၀၆ ခုနှစ်ထုတ် နီ၊ ဝါ၊ စိမ်း သုံးရောင်ခြယ် ကိုယ်ထည်၊ ငွေရောင်သံမှိုး၊ ကြေးနီပိုက်မှာ ကြေးဝါအနားကွပ်ထားတဲ့ ရေနွေးငွေ့သုံး အင်ဂျင်စက်ပုံကို ထောက်ပြပါတော့တယ်။

''အဲဒီလယ်ထွန်စက်မျိုး သားလိုချင်တယ် ဖေဖေ''လို့ သူ့အဖေကို ပူဆာတယ်။

ကားလို့စ်စိတ်ထဲမှာ သူ့သားဟာ ဒီလိုယာဉ်ကြီးကို ဘယ်တော့မှ မောင်းတတ်မှာ မဟုတ်သလို၊ ဘယ်လိုထိန်းချုပ်ကိုင်တွယ်ရမှန်း သိမှာမဟုတ်ဘူးလို့ တွေးနေတာပါ။ ဘယ်လောက်ပဲ တန်ဖိုးကြီးမားတဲ့အရာဖြစ်ပါစေ၊ ဘယ်လောက် မဖြစ်နိုင်တဲ့လုပ်ငန်းဖြစ်ပါစေ၊ သားလေးသာ ကားလက်ကိုင်ဘီးနောက်မှာ ထိုင်ခွင့်ရခဲ့ရင် သားလေးရဲ့ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ပေးရာရောက်မှာပဲလို့ ကားလို့စ် စဉ်းစားမိတယ်။

သားနဲ့အတူ လယ်ထွန်စက်တည်ဆောက်ခဲ့ရင် သူ့ရဲ့လုပ်ငန်းခွင်ကအချိန်ကို ဖဲ့ပေးရမယ်ဆိုရင် ဘယ်လိုသဘောရလဲလို့ ဇနီးသည်ကိုမေးတော့- ဒေလီယာက ဟန်နာခန်းရဲ့ 'မြင်းပျံကြီးကိုစီးပါ'ဆိုတဲ့ ကဗျာလေးကို ရွတ်ပြတယ်။ ဟန်နာခန်းရဲ့ သမီးလေးဟာ ဒေါင်းလက္ခဏာခံစားနေရသူပါ။ ဒေလီယာက သူမရဲ့ စန္ဒယားနဲ့ ဆိုဖာထိုင်ခုံကြီးကိုရောင်းပြီး ရန်ပုံငွေဖြည့်တင်းပေးလိုက်ပါတော့တယ်။



ဘေးချင်းတူယှဉ်

လယ်ထွန်စက် စတင်တည်ဆောက်တဲ့ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလမတိုင်မီ ရက်သတ္တပတ်ပေါင်းများစွာ အချိန်ယူပြီး လယ်ထွန်စက်ရဲ့ ဘီးလည်ပတ်မှုနဲ့ အင်ဂျင်စက်လည်ပတ်မှုတို့ အချိုးကျလိုအပ်သလို ချိတ်ဆက်ညှိနှိုင်းပေးနိုင်ဖို့ ဂီယာကိုလည်းကောင်း၊ ဝင်ရိုးကိုလည်းကောင်း၊ အရှိန်ထိန်း ဘီးနဲ့ ကလပ်ချိတ်တို့ကိုလည်းကောင်း အနေအထားပုံဖော်နေရပါတယ်။ စာအုပ်ထဲက ထွန်စက်ပုံစံက ရေနွေးငွေ့နဲ့မောင်းတာမို့ အန္တရာယ်များတဲ့အတွက် သူတို့ရဲ့ ထွန်စက်မှာ မြင်းကောင်ရေ ၅ ကောင်အားရှိတဲ့ မော်တာကိုသုံးထားပါတယ်။ သြဂတ်စတင် မောင်းလို့အဆင်ပြေအောင် အရွယ်အစားကို လျှော့ချထားတာမို့ မူလပုံစံနဲ့မတူတမူကွဲပြားသွားတော့တယ်။

နံနက်အလင်းရောင်ထွက်တာနဲ့ တစ်ပြိုင်နက် ကိရိယာသေတ္တာကိုယ်စီဆွဲလို့ လုပ်ငန်းခွင်ကို ထွက်ခွာသွားကြတယ်။ ညပိုးချုပ်

တဲ့အထိ နှစ်ယောက်သား ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်ကြလို့ပေါ့။ အထူးသဖြင့် ကားလို့စ်က ဩဂတ်စတင်ကို တစ်စုံတစ်ရာကို လေ့လာတဲ့အခါမှာ စူးစမ်းတဲ့အလေ့အထနဲ့ အခြားသော ဖြစ်နိုင်ခြေကို စဉ်းစားတွေးခေါ်တတ်တဲ့ အလေ့အထကို ရစေချင်ပါတယ်။

သူတို့ရဲ့ ထွန်စက်အတွက် ဝင်ရိုးကောက်ကို ပုံနှိပ်စက်ရိုလာကဖြုတ်ယူပြီး၊ ကားဘီးအုံကို စွန့်ပစ်ထားတဲ့ ဂျုံမှုန့်မွှေစက်က ဖြုတ်ယူ၊ မော်တာအိမ်နဲ့ အကာအတွက် အသားကင်မီးဖိုဆန်ခါကို ဖြုတ်ယူတယ်။ ထွန်စက်ဘီးနှစ်ဘီးရဲ့ ဝင်ရိုးအတွက် မော်တော်ကား အဟောင်းတစ်စီးက ဖြုတ်ခဲ့ပါတယ်။ ကားဘရိတ်ရှူးအဟောင်းကို ထွန်စက်ရဲ့ ကလပ်ချိန်အဖြစ် ဖန်တီးကြပါတယ်။ ဩဂတ်စတင်က ဖြတ်ယူစုပုံထားတဲ့ ပစ္စည်းတွေကို တွဲဖက်တပ်ဆင်ပေးပြီး ဆေးသုတ်ရမယ့်နေရာကို ဆေးသုတ်၊ ဆီထည့်ရမယ့်နေရာကို ဆီထည့်ပေးပါတယ်။ တချို့အစိတ်အပိုင်းတွေ တပ်ဆင်ရာမှာ ဖခင်နဲ့တိုင်ပင်တယ်။ သားလေးဟာ သူမရဲ့ ကားအောက်ကိုဝင်ပြီး စက်အစိတ်အပိုင်းတွေ ဘယ်လိုတပ်ဆင်ထားတယ်ဆိုတာ လက်နှိပ်ဓာတ်မီးတစ်လက်နဲ့ လက်တွေ့လေ့လာနေတာကို ဒေလီယာ မကြာခဏတွေ့ရပါတယ်။

''လှလိုက်တာကွယ်''လို့ ဒေလီယာ ရေရွတ်တာကို ဩဂတ်စတင် မကြားပါဘူး။ ဒေါင်းလက္ခဏာရှင်ကလေးတွေရဲ့ စရိုက်အတိုင်း သူစိတ်ဝင်စားတာကိုပဲ စိတ်နှစ်ထားလျက်က...

နေမင်းပေါ်က မြင်းပျံလေး

လုပ်ငန်းစပြီး ၆ လအကြာ၊ မေလ ၁၉၉၈ မှာ သူတို့မိသားစုဟာ လယ်ထွန်စက်ဖွင့်ပွဲ ပြုလုပ်မယ့် ကားလို့စ်ရဲ့ ကားဝပ်ရှော့ကို သွားကြတယ်။ ဩဂတ်စတင်လေးက ထွန်စက်ကို ပထမဆုံးမောင်းနှင်မယ့်သူပါပဲ။ ကားလို့စ် ဂိုဒေါင်တံခါးဖွင့်ပြီး ထွန်စက်ကို ပါကင်မှာရပ်လိုက်တဲ့အခါ ပုံမှန်လယ်ထွန်စက်အရွယ်နီးပါးရှိပြီး စာအုပ်ထဲကပုံထက် ပိုလှတဲ့ ထွန်စက်ကလေးကိုတွေ့တော့ ဒေလီယာ မင်သက်နေတော့တယ်။

ကားလို့စ် စက်နှိုးလိုက်တော့ အနီးပတ်ဝန်းကျင်က ကလေးတွေ ရောက်လာကြပြီး ''ဟာ---ဒီလယ်ထွန်စက်ကြီး ဘယ်က ရောက်လာတာလဲ မသိဘူး''လို့ တအံ့တသြ ရေရွတ်ကြတယ်။

''ငါ့အဖေနဲ့ ငါတို့ တည်ဆောက်ထားတာပေါ့ကွ၊ ငါက ထွန်စက်မောင်းမှာလေ'' လို့ စက်သံကိုကျော်ပြီး ဩဂတ်စတင် အော်ပြောလိုက်တယ်။

''သိပ်အံ့သြဖို့ကောင်းတာပဲ''လို့ ကောင်လေးက ချီးမွမ်းလိုက်တယ်။

ဩဂတ်စတင်က ခေါင်းခန်းထဲဝင်ထိုင်ပြီး လက်တစ်ဖက်ကို လက်ကိုင်ဘီးပေါ်တင်၊ ကျန်လက်က ပြူတင်းပေါက်ပေါ်တင်လို့၊ သူ့အဖေ ကားမောင်းသလို စတိုင်အပြည့်နဲ့ပါ။ ဂီယာသွင်းလိုက်တော့ ထွန်စက်က ရှေ့ကို စွမ်းအားအပြည့်နဲ့ ပြေးထွက်သွားတော့တယ်။

''လှလိုက်တာကွယ်''လို့ ဒေလီယာ ရေရွတ်တာကို ဩဂတ်စတင် မကြားပါဘူး။ ဒေါင်းလက္ခဏာရှင်ကလေးတွေရဲ့ စရိုက်အတိုင်း သူစိတ်ဝင်စားတာကိုပဲ စိတ်နှစ်ထားလျက်က---

''ကားဟွန်းသံကို နားထောင်ကြည့်ပါအုံး မေမေ''လို့ စိတ်အားထက်သန်စွာ အော်ပြောလိုက်ပြီး ဟွန်းနဲ့ဆက်သွယ်ထားတဲ့ သံကြိုးကို ဆွဲခါလိုက်ချိန်မှာတော့--- ညဉ့်အမှောင်ထုကိုဖြတ်ပြီး မျှော်လင့်ချက်ပန်းတိုင်ကို အပြင်းနှင်နေတဲ့ မီးရထားတစ်စီးရဲ့ ကျယ်လောင်စွာမြည်ဟီးလိုက်တဲ့ ဥဩသံအလား ရှိပါတော့တယ်။



ခြယ်မှုန်းသီ

What Love Can Build by Meg Laughlin
RD. 99, Oct


မြေငလျင်မိတ်ဆက်

Earthquake Tips

ငလျင်ဘာကြောင့် လှုပ်သနည်း

ကမ္ဘာမြေရဲ့အတွင်းပိုင်း


ကမ္ဘာမြေကို အတွင်းထု (အချင်းမိုင် ၈၀၀)၊ အပြင်ထု (အချင်းမိုင် ၁၄၀၀)၊ ချော်ထု (အချင်းမိုင် ၁၈၀၀) နှင့် အခွံမာ (အချင်းမိုင် ၁၅) တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ပုံ (၁) ကိုကြည့်ပါ။ အတွင်းထုကို သတ္တုများဖြင့်ဖွဲ့စည်းထားပြီး အပြင်ထုကို ဖိအားမြင့် ချော်ရည်များနှင့်ဖွဲ့စည်းထားကာ ၂၅၀၀ ဒီဂရီ စင်တီဂရိတ် အပူချိန် ရှိပါသည်။



ပုံ(၁) ကမ္ဘာအတွင်းပိုင်းပုံ


ကမ္ဘာမြေ၏ အတွင်းပိုင်း လှုပ်ရှားပုံ


အတွင်းပိုင်းရှိ ချော်ထုသည် အပြင်ထုနှင့် အခွံမာတို့၏ အပူချိန်၊ ဖိအားကွာခြားချက်များကြောင့် လှုပ်ရှားစီးဆင်းနေပါသည်။ ရေကို အပူပေးလိုက်သောအခါ လှုပ်ရှားစီးဆင်းနေသကဲ့သို့ဖြစ်သည်။ ပုံ (၂) ကို ကြည့်ပါ။ ထိုကဲ့သို့စီးဆင်းရင်းဖြင့် ချော်ထုသည် ကမ္ဘာမျက်နှာပြင်အပေါ်ကို ရောက်လာသောအခါ အေးခဲပြီး အခွံမာဖြစ်သွားကာ တွန်းဖိခံရသော ကမ္ဘာ့မျက်နှာပြင် အပေါ်ရှိ အခွံမာသည်လည်း တဖြည်းဖြည်း ချော်ထုပြန်ဖြစ်သွားသည်။


ပုံ(၂) ကမ္ဘာမြေ၏ အတွင်းပိုင်းလှုပ်ရှားပုံ

ကမ္ဘာ့မြေလွှာချပ်များ

ထိုကဲ့သို့ချော်ထုများ လှုပ်ရှားစီးဆင်းနေမှုကြောင့် အခွံမာသည် အပိုင်းအစလေးများ ဖြစ်နေသည်။ ၎င်းကို ကမ္ဘာမြေလွှာချပ်များ (TectonicPlates)ဟုခေါ်ပြီးကမ္ဘာမြေမျက်နှာပြင်ပေါ်တွင် ရွှေ့လျားနေပါသည်။ ကမ္ဘာကို မြေလွှာချပ်ကြီး (၇) ခုဖြင့် ဖွဲ့စည်းထားပြီး မြေလွှာချပ် အသေးများလည်း ရှိပါသည်။ ပုံ (၃) ကို ကြည့်ပါ။ ၎င်းတို့ ရွှေ့လျားမှုသည် တစ်ခုနှင့်တစ်ခု ဦးတည်ရာနှင့် အလျင်များ မတူကြပေ။ ထိုကဲ့သို့ မတူကြသည့်အတွက် တစ်ခုနှင့်တစ်ခု တွန်းတိုက်မိသောအခါ တောင်တန်းကြီးများ ပေါ်လာသည်။ တစ်ခုနှင့် တစ်ခု ဆန့်ကျင်ဘက် ရွှေ့လျားသွားပါက ချောက်ကမ်းပါးကြီးများ ပေါ်လာသည်။ အချို့မြေလွှာချပ်များသည် ဘေးတိုက် ပွတ်တိုက်ရွှေ့လျားနေကြသည်။ ထိုသို့ ရွှေ့လျားမှုများကြောင့် ဖြစ်လာသော မြေလွှာချပ်များ အနားသပ်အခြေအနေကို ထိပ်တိုက် (Convergent), ခွာပြဲ (Divergent), ပွတ်ဆွဲ (Transform) အနားများဟု ခွဲခြားထားပါသည်။ ပုံ (၄) ကို ကြည့်ပါ။







ပုံ(၄)ကမ္ဘာမြေလွှာချပ် အနားသပ်အခြေအနေများ

မြေလျှင်

မြေလွှာချပ်များ တွန်းတိုက်ရွေ့လျားမှုကြောင့် ကမ္ဘာမျက်နှာပြင်အပေါ်ရှိ ကျောက်လွှာများသည် အချိန်ကြာလာသည်နှင့်အမျှ ဖိညှစ်မှုကို တစ်စထက်တစ်စ တိုးတိုးပြီး ခံစားလာရသည်။ နောက်ဆုံးတွင် ကျောက်လွှာများ၏ ခံနိုင်ရည်အားကို ကျော်လွန်သွားသောအခါ ဆတ်ကနဲ ပြတ်ရွေ့လှုပ်ရှားသွားပေမည်။ ၎င်းကို မြေလျှင်လှုပ်ခြင်းဟု ခေါ်သည်။ တစ်စစ စုစည်းနေသော ဖိညှစ်မှုများသည် တစ်ခါတစ်ရံ အလွန်ပြင်းထန်သော အင်အားကြီး တစ်ခုအနေဖြင့် လွှတ်ထုတ်လိုက်လေ့ရှိပါသည်။ ဥပမာ - ၂၀၀၄ ခုနှစ်က လှုပ်ရှားခဲ့သော ဆူမတြားလျှင်သည် ဟိရိုရှိးမားတွင် ဖောက်ခွဲခဲ့သော အနမြူဝုံးထက် အဆ ၁၀၀၀ ခန့် ပိုမို အားပြင်းပါသည်။






ပုံ(၆) ဖိအားညှစ် သံသရာ သီဝရီ

ထိုကဲ့သို့ မြေလျှင်ကြောများ ရုတ်တရက် ပြတ်ရွေ့သွားခြင်းနှင့် အတူ မြေကြီးလှုပ်ခါသွားပြီး စုစည်းထားသော ဖိညှစ်အားများသည် လျင်လှိုင်းများအဖြစ် မြေထုနှင့် မြေပြင်တစ်လျှောက် လွှတ်ထုတ်လိုက်သည်။ မြေလျှင် လှုပ်ခတ်သွားပြီးနောက် ဖိညှစ်အားများ တဖန်ပြန်လည်စုစည်းလာပြီး ဖိညှစ်အားသံသရာ ဖြစ်လာသည်။ ပုံ (၆) ကို ကြည့်ပါ။ ၎င်းကို ဖိညှစ်အားသံသရာသီဝရီ (Elastic Rebound Theory) ဟုခေါ်သည်။ မြေလျှင်ကြောများသည် လေး၊ ငါး၊ ခြောက်မိုင်လောက်ထိ အရှည်ရှိတတ်သည်။

လျှင်နှင့် လျှင ်ကြောအမျိုးမျိုး

လျှင်အများစုသည် မြေလွှာချပ်များ၏ အနားသတ်တစ်လျှောက်တွင် ဖြစ်ပေါ်လေ့ရှိသည်။ ၎င်းကို မြေလွှာအနားသတ် လျှင် (Inter-plate Earthquakes) ဟုခေါ်သည်။ ဥပမာ - ၁၈၉၇ အာသံလျှင်နှင့် ၂၀၀၄ ဆူမတြားလျှင်တို့ ဖြစ်သည်။

အချို့လျှင်များသည် မြေလွှာချပ်များ၏ အတွင်းပိုင်းတွင် ဖြစ်ပေါ်တတ်သည်။ ၎င်းကို မြေလွှာတွင်းလျှင် (Intra-plate Earthquakes) ဟုခေါ်သည်။ လျှင်ကြောတစ်လျှောက် အလျားလိုက် (Strike Slip) ရော ဒေါင်လိုက် (Dip Slip) ရော ပြတ်ရွေ့မှုများ ဖြစ်ကြသည်။ ရံဖန်ရံခါ တစ်မျိုးမျိုးက သိသိသာသာ လွှမ်းမိုးတတ်သည်။



ပုံ(၇) ပြတ်ရွေ့ကအမျိုးမျိုး

အားထုတ်ပြုစုသူ
မြန်မာနိုင်ငံ မြေလျှင် ကော်မတီ
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်ပြို့

ရည်ညွှန်း


C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 1 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်

This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.


လျင်ဘယ်လိုလူပ်သလဲ

လျင်လှိုင်းများ

လျင်လူပ်သောအခါ စုစည်းထားသော ဖိအားများကို လျင်လှိုင်းအဖြစ် ကမ္ဘာ့မြေထုထဲသို့ နေရာအနှံ့ လွှတ်ထုတ်လိုက်သည်။ လျင်လှိုင်းများကို အတွင်းလှိုင်း (Body Waves) နှင့် အပြင်လှိုင်း (Surface Waves) ဟု ခွဲခြားနိုင်သည်။ အပြင်လှိုင်းသည် ကမ္ဘာ့မြေမျက်နှာပြင်နား ဖြတ်သန်းလေ့ရှိသည်။ ပုံ(၁)ကို ကြည့်ပါ။ အတွင်းလှိုင်းတွင် ပထမလှိုင်း (Primary Waves, P-Waves)နှင့် ဒုတိယလှိုင်း (Secondary Waves, S-Waves) တို့ရှိပြီး အပြင်လှိုင်းတွင် လပ်လှိုင်း (Love Waves) နှင့် ရာလေလှိုင်း (Rayleigh Waves) ဟု ထပ်ခွဲထားပါသည်။ ပထမလှိုင်း (ပ-လှိုင်း)သည် မြေသားထဲတွင် လျှော့လိုက် တင်းလိုက်ပုံစံဖြင့် သွားသည်။ ဒုတိယလှိုင်း (ဒ-လှိုင်း) သည် နှိမ့်လိုက် မြင့်လိုက် ပုံစံဖြင့် သွားသည်။ ပုံ (၂) ကို ကြည့်ပါ။ လပ်လှိုင်းသည် ဒ-လှိုင်းနှင့် ဆင်တူပြီး ဘေးတိုက်လှုပ်ရှားပါသည်။ ရာလေလှိုင်းကမူ အတွင်းရှိ အရာဝတ္ထုများ ဘဲဥပုံ လည်ပြီး လှုပ်ရှားကြသည်။



ပုံ (၁) လျင်လှိုင်းများ ရွေ့လျားပုံ




ပုံ (၂) အပြင်လှိုင်းနှင့် အတွင်းလှိုင်းတို့ကြောင့် ဖြစ်ပွားသော လှုပ်ရှားမှုများ

ပ-လှိုင်းသည် အမြန်ဆုံးဖြစ်ပြီး ၎င်းနောက်တွင် ဒ-လှိုင်း၊ လပ်လှိုင်း၊ ရာလေလှိုင်းတို့အစဉ်အတိုင်း လိုက်ကြသည်။ ပ-လှိုင်း၏အလျှင်သည် တစ်စက္ကန့်ကို ၃ မိုင်လောက်ရှိပြီး ဒ-လှိုင်းသည် တစ်စက္ကန့်ကို ၁.၈ မိုင်နီးပါးရှိပါသည်။ ဒုလှိုင်းသည် အရည်များကို ဖြတ်မသွားနိုင်ပါ။ အဆောက်အအုံများအား အဓိက ပျက်စီးစေနိုင်သည်မှာ ဒ-လှိုင်းနှင့် လပ်လှိုင်းတို့လှုပ်ခါမှု ကြောင့်ဖြစ်သည်။ မြေပြင်ပေါ်ရှိ လှုပ်ခါမှုသည် မြေအောက်ထက် ၂ ဆနီးနီး ပိုနိုင်ပါသည်။ ထို့ကြောင့် မြေအောက်ရှိ အဆောက်အအုံများကို တွက်ချက်သောအခါ မြေပြင်ပေါ်မှာထက် အရှိန်အား ကို လျော့သုံးလေ့ရှိကြသည်။

တိုင်းတာရေး ကိရိယာများ

လျင်၏လှုပ်ရှားမှုကို မြေလျင်ဖမ်းစက် (Seismograph)ဖြင့် တိုင်းတာနိုင်သည်။ ၎င်းတွင် အာရုံခံ (Sensor)၊ မှတ်တမ်းတင် (Recorder) နှင့် အချိန်မှတ် (Timer) ကိရိယာ ၃ ပိုင်းပါဝင်သည်။ ၎င်းအလုပ်လုပ်ပုံမှာ ရိုးရှင်းပါသည်။ ပုံ (၃) ကို ကြည့်ပါ။ ချိန်သီးထိပ်တွင် မှင်တံလေး တပ်ထားပြီး ပုံမှန်နှုန်းဖြင့် လည်ပတ်နေသော စည်ပေါ်ရှိ စာရွက်ပေါ်တွင် ရေးမှတ်လိုက်ခြင်း ဖြစ်သည်။ ချိန်သီးသည် အာရုံခံ ကိရိယာဖြစ်သည်။ မှင်တံနှင့် စာရွက်ကမူ မှတ်တမ်းတင် ကိရိယာဖြစ်ပြီး ပုံမှန်နှုန်းဖြင့်

လည်ပတ်နေသော စည်က အချိန်မှတ် ကိရိယာဖြစ်သည်။



ငှင်းကိရိယာများသည် လားရာ ၃ ဖက် (ရှေ့-နောက်၊ တောင်မြောက်၊ အပေါ်-အောက်) စလုံးကို တိုင်းတာနိုင်သည်။ အပေါ်-အောက်လားရာအတွက်မူ ချိန်းကြိုးအစား စပရင်ကို အသုံးပြုနိုင်သည်။

ယခင်က စာရွက်နှင့်မှတ်တမ်းတင်သော (Analog) ကိရိယာများကို အသုံးများသော်လည်း ယခုနောက်ပိုင်းတွင် ကွန်ပျူတာဖြင့် မှတ်တမ်းတင်သော (Digital) ကိရိယာများ အသုံးများလာပါသည်။

အားပြင်းလှုပ်ခါမှုများ

မြေပြင်လှုပ်ခါမှုများသည် လျှင်ကြောမှ လွှတ်ထုတ်လိုက်သော လျှင်လှိုင်းများကြောင့် ဖြစ်သည်။ ငှင်းလျှင်လှိုင်းများ၏ ရောက်ရှိချိန်၊ လွှဲအား၊ ပြင်းအားများသည် လျှင်တစ်ခုနှင့် တစ်ခု၊ တစ်နေရာနှင့် တစ်နေရာအတွက် မတူညီကြပေ။

အင်အားပြင်းထန်သော လျှင်လှုပ်သွားခဲ့သော်လည်း လျှင်ဗဟိုချက်နှင့် ဝေးကွာလွန်းလျှင် အပျက်အစီး မရှိတတ်ပေ။ တစ်ခါတစ်ရံ လူများ သတိမထားမိလိုက်သည်များ ရှိနိုင်သည်။

သို့သော်လည်း ပါးနပ်သည့် ကိရိယာများကမူ မှတ်တမ်းတင်နိုင်ပါသည်။ ငှင်းမှတ်တမ်းများမှတစ်ဆင့် မည်သည့်နေရာတွင် လျှင်လှုပ်ခဲ့ကြောင်းကို ပြန်လည်သိနိုင်သည်။ အင်ဂျင်နီယာ အမြင်အရ ပျက်စီးဆုံးရှုံးမှုရှိသော လျှင်များကို သာ ဂရုစိုက်လေ့ရှိသည်။ ဗဟိုချက်နှင့် နီးကပ်သောလျှင်များ၊ အတော်အသင့် ဝေးကွာသော်လည်း အင်အားပြင်းသည့် လျှင်များကမူ ပျက်စီး ဆုံးရှုံးမှုများလေ့ရှိပါသည်။


အားပြင်းလှုပ်ခါမှုများရဲ့ အသွင်အပြင်

မြေပြင်လှုပ်ရှားမှုကို အရွှေ့၊ အလျင်၊ အရှိန်တို့ဖြင့် ဖော်ပြနိုင်ပါသည်။ အချိန်နှင့်လိုက်၍ အရှိန်ပြောင်းလဲမှု မှတ်တမ်းကို အရှိန်မှတ်တမ်း (Accelerogram)ဟု ခေါ်ပါသည်။ ငှင်းအရှိန်မှတ်တမ်းများသည် အင်အား အနည်းအများအလိုက်၊ လျှင်ကြော အသွင်အပြင်အလိုက်၊ မြေအနေအထားအလိုက် ကွဲပြားလေ့ ရှိပါသည်။ ပုံ (၄) ကို ကြည့်ပါ။ မှတ်တမ်းများတွင် အမြင့်ဆုံး လွှဲချိန်၊ လှုပ်ရှားမှု ကြာမြင့်ချိန်၊ ကြိမ်နှုန်း အစရှိသည့် အရေးကြီး အချက်အလက်များ ပါဝင်ပါသည်။

အမြင့်ဆုံးမြေပြင်အရှိန် (Peak Ground Acceleration, PGA) သည် စိတ်ဝင်စားစရာ ကောင်းသည်။ ဥပမာ-အမြင့်ဆုံးမြေပြင်အရှိန် ၀.၆ဆ (မြေဆွဲအား၏ ၀.၆ဆ) ဟုဆိုလျှင် ငှင်းလှုပ်ရှားမှုသည် တောင့်တင်းသော အဆောက်အအုံတစ်ခုပေါ် သို့အလျားလိုက် သက်ရောက်အားသည် ငှင်းအလေးချိန်၏ ၀.၆ဆ ရှိမည်ဟု ဆိုလိုဖြင်း ဖြစ်သည်။

တောင့်တင်းသော အဆောက်အအုံများတွင် အစိတ်အပိုင်း အားလုံး အတူတကွ လှုပ်ရမ်းသွားသည့်အတွက် အရှိန်အတူတူ ခံစားရသည်။ ၁၉၉၄ ခု အမေရိကန်နိုင်ငံ၊ နော်ရစ်မြို့တွင် လှုပ်ခဲ့သော လျှင်မှာ အလျားလိုက် အမြင့်ဆုံးမြေပြင်အရှိန် ၁.၀ဆ ကျော်ထိ မှတ်တမ်း ရရှိခဲ့သည်။ တစ်စက္ကန့်ကို ၀.၀၃ မှ ၃၀ အတွင်း ကြိမ်နှုန်းရှိသောလှုပ်ခါမှုများသည် အင်အား ပြင်းထန်လေ့ ရှိသည်။

အကြမ်းဖျင်းအားဖြင့် အလျားလိုက် လားရာ ၂ ခု (ရှေ့-နောက်၊ တောင်မြောက်)၏ အမြင့်ဆုံးလွှဲချိန်များမှာ မတိမ်းမယိမ်း ဖြစ်ကြလေ့ရှိသည်။ ဒေါင်လိုက်လားရာကမူ အလျားလိုက်လားရာထက် လျော့နည်းလေ့ရှိသည်။ ဒီဇိုင်းစည်းမျဉ်းများအရ ဒေါင်လိုက်လားရာ၏ အရှိန်ကို အလျားလိုက်လားရာ၏ တစ်ဝက်မှ (၃)ပုံ (၂)ပုံ လောက်ကို ယူလေ့ရှိသည်။ သို့သော်လည်း လျှင်ကြောနှင့် နီးလွန်းပြန်ရင်လည်း ယင်းကဲ့သို့မဟုတ်ပေ။



ပုံ (၄) လျှင်အရှိန် မှတ်တမ်းအချို့

ထားဝယ်ပြန်ဆိုတဲ့
ပြန်မာနိုင်ငံ မြေလျှင် ကော်မတီ
ပြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့


ရည်ညွှန်း

C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 2 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်

This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.

အသုံးအနှုန်း

လျင်ကြောပေါ်မှ စတင်ပြတ်ရွေ့သွားသော အမှတ်ကို လျင်ဗဟိုချက် (Focus or Hypocenter) ဟုခေါ်ပြီး ၎င်းအပေါ် မြေမျက်နှာပြင်ရှိ အမှတ်ကို မြေပြင်ဗဟိုချက် (Epicenter) ဟုခေါ်သည်။ ပုံ(၁)ကို ကြည့်ပါ။ လျင်ဗဟိုချက် အနက်ကို လျင်အနက် (Focal Depth) ဟုခေါ်ပြီး ၎င်းသည် လျင်များ၏ ဖျက်ဆီးနိုင်စွမ်းကို တွက်ချက်ရာတွင် အရေးပါသော အချက် တစ်ခုဖြစ်ပါသည်။ အပျက်အစီးများသော လျင်များသည် အနက်တိမ်သောလျင်များဖြစ်ပြီး အနက် ၄၅၀ကိုင် ထက်နည်းလေ ရှိသည်။ နေရာဒေသတစ်ခုမှ မြေပြင်ဗဟိုချက်အထိ အကွာအဝေး ကို လျင် အကွာအဝေး (Epicenter Distance) ဟုခေါ်သည်။



ပုံ(၁) လျင်ဆိုင်ရာ အခြေခံ အသုံးအနှုန်း များ

အဓိကလျင်ကြီး (Main Shock) မလှုပ်မီနှင့် လှုပ်ပြီးစ အချိန်များတွင် လျင် အသေးစားများ မကြာခဏ လှုပ်လေ့ရှိ သည်။ ကြိုတင်ပြီး လှုပ်သော လျင်များကို အကြိုလျင် (Foreshocks) ဟုခေါ်ပြီး နောက်ဆက်တွဲ လှုပ်သော လျင်များကို နောက်ဆက်တွဲလျင် (Aftershocks) ဟုခေါ်ပါသည်။

လျင်စွမ်းအင်ပမာဏ

လျင်များ၏ စွမ်းအားကို လျင်စွမ်းအင်ပမာဏ - လျင်ပမာဏ (Magnitude)ဖြင့် ဖေါ်ပြတိုင်းတာလေ့ရှိသည်။ ပါမောက္ခ ချားလ်စ်ရစ်ချ်တာ (Professor Charles Richter) သည် အကွာအဝေးတူတူဆိုလျှင် ပမာဏကြီးသော လျင်လှိုင်း များ ပိုကြီးလေ့ရှိပြီး လျင်တစ်ခုချင်းစီ အတွက်မူ နီးရာမှဝေးရာသို့ တဖြည်းဖြည်း အားပျော့သွားလေ့ရှိသည်ကို တွေ့ရှိခဲ့သည်။ ၎င်း ကိုအခြေခံ၍ လျင်အင်အားကို တိုင်းတာတွက်ချက်သော စံနစ် တစ်ခုကို တီထွင်ခဲ့သည်။ ယင်းစံနစ်မှာ ယခုအခါ တွင်တွင်ကျယ် ကျယ် အသုံးပြုနေသော ရစ်ချ်တာစကေး (Richter Scale) စနစ်ဖြစ်သည်။ ၎င်းကို မြေလျင်တိုင်းစက်များမှ မှတ်သားထား သော လျင်လှိုင်းများ၏ ပုံသဏ္ဌာန်မှ တွက်ချက်ယူရသည်။ ယင်းကို ဒေသဆိုင်ရာ ပမာဏ (Local Magnitude) ဟုခေါ် သည်။ ထို့အပြင် လျင်များကို အခြား ပမာဏအမျိုးမျိုး- အတွင်း လှိုင်းပမာဏ (Body Wave Magnitude)၊ မြေပြင်ပမာဏ (Surface Wave Magnitude)၊ လှိုင်းအားပမာဏ (Wave Energy Magnitude) တို့ဖြင့်လည်း ဖေါ်ပြတတ်သည်။ လျင်ပမာဏ တွက်ချက်ရာတွင် ကန့်သတ်ချက်ဟူ၍ မရှိပေ။ အလွန်သေးငယ် သော လျင်များတွင် စကေး သုံညလည်း ဖြစ်သွားတတ်သည်။ အနုတ်လက္ခဏာ လည်းရှိနိုင်သည်။

လျင်ပမာဏ တစ်ဆင့်တိုးသွားတိုင်း လှိုင်းအကျယ် ၁၀ဆ ခန့် ပိုကျယ်သွားသည်။ စွမ်းအင်အနေဖြင့် ၃၁ ဆ ခန့်ပို များသည်။ ဥပမာ၊ M7.7 လျင်သည် M6.7 လျင်ထက် စွမ်းအင် ၃၁ ဆ ပိုပါသည်။ M5.7 လျင်ထက် အဆ ၁၀၀၀ (၃၁ x ၃၁) ခန့် ပိုများသည်။ စွမ်းအင်အများစုသည် အပူအနေနဲ့သော် လည်းကောင်း၊ ကျောက်သားများကို ကွဲအက်စေသော စွမ်းအင် အနေဖြင့်သော်လည်းကောင်း ပြောင်းလဲသွားပြီး အနည်းစု ကသာ (ကံကောင်းထောက်မစွာ) လျင်လှိုင်းအနေဖြင့် ထုတ် လွှတ်လိုက်ကာ အိမ်ရာအဆောက်အအုံများကို ထိခိုက်ပျက်စီး စေခြင်းဖြစ်သည်။ မြင်သာအောင်ပြောရမယ်ဆိုလျှင် M6.3 လျင်တစ်ခုမှ ထုတ်လွှတ်လိုက်သော စွမ်းအင်ပမာဏသည် ၁၉၄၅ခုနှစ် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့တွင် ကြဲချခဲ့သော အနုမြူဗုံးမှ ထုတ်လွှတ်လိုက်သည့် စွမ်းအင်ပမာဏနှင့် တူညီသည်။

လျင်များကို ၎င်းတို့၏ စွမ်းအင်ပမာဏပေါ် မူတည်၍ အုပ်စုခွဲခြားနိုင်သည်။ ဇယား(၁)ကို ကြည့်ပါ။ အုပ်စုအလိုက် ကမ္ဘာပေါ်တွင် တစ်နှစ်ကို ပျမ်းမျှ လျင်အကြိမ်ရေ မည်မျှ လှုပ်သည် ဖေါ်ပြထားတယ်။


ဇယား (၁) ကမ္ဘာပေါ်တွင် လျင်ပမာဏအလိုက် တစ်နှစ်လျှင် ပျဉ်းမျှ လျင် လှုပ်ကြိမ်နှုန်း

အုပ်စု	ပမာဏ	တစ်နှစ် ပျဉ်းမျှ လျင်ကြိမ်နှုန်း
အလွန်အားကြီး	၈နှင့် အထက်	၁
လွန်စွာအားကြီး	၇ – ၇.၉	၁၈
အားကြီး	၆ – ၆.၉	၁၂၀
အသင့်အတင့်	၅ – ၅.၉	၈၀၀
သေးငယ်	၄ – ၄.၉	၆၂၀၀ (ခန့်မှန်းခြေ)
လွန်စွာသေးငယ်	၃ – ၃.၉	၄၉၀၀၀ (ခန့်မှန်းခြေ)
အလွန် သေးငယ်	< ၃.၀	M2-3: တစ်ရက် အကြိမ် ၁၀၀၀ ခန့် M1-2: တစ်ရက် အကြိမ် ၈၀၀၀ ခန့်

Source: http::/neic.usgs.gov/neis/eqlists/eqstats.html

လျော်သက်ရောက်မှုပြင်းအား

တည်နေရာတစ်ခုတွင် လျော်လိုင်း ဖြတ်သန်းသွား သောကြောင့် သက်ရောက်ခံစားရမည့် ပြင်းထန်မှု၊ လူပ်ခတ်မှု အစရှိသော အချေအသွေးများကို လျော်သက်ရောက်မှု ပြင်းအား - လျော်ပြင်းအား (Intensity)ဖြင့် ဖော်ပြလေ့ရှိသည်။ ၄င်းကို ရောမ စာလုံးအကြီးဖြင့် ဖော်ပြလေ့ရှိသည်။ ၄င်းတွင် စံနစ် အမျိုးမျိုးရှိသော်လည်း အသုံးအများဆုံးမှာ မာကယ်လီ စံနစ် (Modified Mercalli Scale) ဖြစ်သည်။ အပျော့ဆုံးအဆင့် ၁ မှ အပြင်းဆုံးအဆင့် ၁၂ အထိ ရှိသည်။ ၄င်းကို လျော်လူပ်သောအခါ နေရာအလိုက် လူများ၏ ခံစားမှု၊ အဆောက်အအုံများပျက်စီးမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အစရှိသည်တို့ကို အခြေခံ၍ တိုင်းတာသည်။ ဇယား ၂ တွင် မာကယ်လီ စံနစ် သတ်မှတ်ပုံ ကို ဖော်ပြထားပါသည်။ နေရာဒေသအလိုက် လျော်ပြင်းအား ပျံ့နှံ့ပုံကို လျော်ကွန်တိုမျဉ်း (Isoseismal) များဖြင့် ဖော်ပြနိုင် သည်။ ပုံ (၂) ကိုကြည့်ပါ။



ပုံ (၂) လျော်တစ်ခု၏ သက်ရောက်မှု ပြင်းအားကို လျော်ကွန်တိုမျဉ်း ဖြင့် ပြသပုံ

Source: http::/www.nicee.org/nicee/EQReports/Bhuj/isoseismal.html

ဇယား (၂) လျော်သက်ရောက်အားကို မာကယ်လီစံနစ်ဖြင့် သတ်မှတ်ပုံ

မာကယ်လီ အဆင့်	ခံစားရပုံ အဆင့်	လျော်ဒဏ် ခံစားရပုံ
I, II	မသိသာ	အမှတ်တမဲ့၊ မသိလိုက်နိုင်
III, IV	အားနည်း	လူအချို့သိ၊ လူပ်ရှားမှု အနည်းငယ် ခံစားရ၊ ပျက်စီးမှု မရှိ
V, VI	အသင့်အတင့်	လူအားလုံးသိ၊ ပြတင်းများ ယိမ်းခါ၊ အဆောက်အဦ အနည်းငယ် ပျက်စီး
VII, VIII	အားပြင်း	အဆောက်အဦ အသင့်အတင့် ပျက်စီး၊ အနည်းငယ် ပြိုကျ
IX-X	အလွန်ပြင်းထန်	အဆောက်အဦများပြိုကျ၊ မြေပြင် ကွဲအက်၊ မြေပြိုကျမှုများဖြစ်
XI-XII	ဖျက်ဆီး	အကြီးအကျယ်ပျက်စီး၊ မြေပြင် ကွဲကြောင်း ကြီးများဖြစ်၊ မြေပြင်နိမ့်ဆင်း၊ ကန့်ဝင်မှုများဖြစ်

Source: USGS

လျော်အား နဲ့ သက်ရောက်အား ကွာခြားပုံ

လျော်ပြင်းအား ဆိုသည်မှာ လျော်တစ်ခု၏ တိုက်ခိုက်မှု ထုတ်လွှတ်လိုက်သော စွမ်းအင်ပမာဏကို ဆိုလိုခြင်းဖြစ်သည်။ လျော် တစ်ခုအတွက် တန်ဖိုးတစ်ခုသာ ရှိမည်ဖြစ်သည်။ လျော်သက်ရောက်အား ဆိုသည်မှာ တည်နေရာ တစ်ခုတွင် လူပ်ခတ်မှုခံစားရပုံကို ဖော်ပြခြင်းဖြစ်သည်။ ယင်းသို့ခံစားရမှုမှာ လျော်ဗဟိုချက်နှင့် နီးသောနေရာများတွင် ဝေးသောနေရာများမှာ ထက် သက်ရောက်အား ပိုပြင်းထန်မည်ဖြစ်သည်။ ထို့ကြောင့် လျော်တစ်ခုအတွက် နေရာဒေသအလိုက် လျော်သက်ရောက် အားများ ပြောင်းလဲနေမည် ဖြစ်သည်။

ပို၍ရှင်းလင်းစေရန် မီးလုံးတစ်လုံးနှင့် ပုံဖော်ကြည့် ကြပါစို့။ ပုံ(၃)ကိုကြည့်ပါ။ မီးလုံးနှင့် နီးသောနေရာတွင် အလင်း အားပိုပြီး၊ ဝေးသွားသည်နှင့်အမျှ အလင်းအား လျော့သွားသည် ကို တွေ့နိုင်သည်။ ယင်းမီးလုံး၏ ဂျပ်အားသည် ၄င်း၏ စွမ်းအင် ပမာဏ (Magnitude)ဖြစ်ပြီး တဖြည်းဖြည်း အကွာအဝေး အလိုက် လျော့သွားသော အလင်းရောင်မှာ ၄င်း၏ သက်ရောက် အား (Intensity) ဖြစ်သည်။

လျော်ဒဏ်ခံနိုင်အောင် ဒီဇိုင်းတွက်ချက်ပုံ


အဆောက်အအုံတစ်ခုသည် အဆင့် ၇ (M7.0) ရှိသော လျော်ပမာဏကို ခံနိုင်မည်လားဟု တစ်စုံတစ်ယောက်မှ မေးမည် ဆိုလျှင် အတော်ဖြေရခက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း လျော်၏ သက်ရောက်မှု ပြင်းအား ခံစားရပုံသည် လျော်ဗဟိုချက်နှင့် အကွာအဝေးအလိုက် အမျိုးမျိုးဖြစ်နေမည်။ ထို့ကြောင့် လျော်ဒဏ်ခံနိုင်ရန် ဒီဇိုင်း တွက်ချက်သောအခါ လျော်စွမ်းအင်ပမာဏထက် လျော် သက်ရောက်မှုပြင်းအား အဆင့်တစ်ခုကို ခံနိုင်စေရန် အခြေခံပြီး တွက်ချက်လေ့ရှိသည်။ ပြင်းအား မည်မျှခံစားရသည် ဆိုသည်ကို အမြင့်ဆုံး မြေပြင်အရှိန် (Peak Ground Acceleration -PGA) ဖြင့် ဖော်ပြလေ့ရှိသည်။ အကြမ်းဖျဉ်း အမြင့်ဆုံး မြေပြင်အရှိန်နှင့် လျော်သက်ရောက်မှုပြင်းအားတို့ ဆက်သွယ်ပုံကို ဇယား (၃) တွင် ကြည့်နိုင်သည်။

ဇယား ၃။ အမြင့်ဆုံး မြေပြင်အရှိန် နဲ့ လျော်ပြင်းအား ဆက်သွယ်ပုံ

MMI	V	VI	VII	VIII	IX	X
PGA (g)	0.03-0.04	0.06-0.07	0.10-0.15	0.25-0.30	0.50-0.55	>0.60

Source: B.A.Bolt, Earthquakes, W.H.Freeman & Co., New York, 1993

၁၉၅၆ ခုနှစ်တွင် သိပ္ပံပညာရှင် ဂူတင်ဘတ်နှင့် ရစ်ချ်တာ (Gutenberg and Richter) တို့မှ လျော်စွမ်းအင်ပမာဏ (ML) သက်ရောက်မှုပြင်းအား (I0) တို့၏ ဆက်သွယ်ပုံကို ML ≈ I0 + 1 ဆိုသော ပုံသေနည်းဖြင့် ဖော်ပြခဲ့သည်။



ပုံ (၃) အကွာအဝေးအလိုက် မီးလုံး၏ အလင်းအား သက်ရောက်မှု လျော့ကျလာပုံ

အားသာပြုနိုင်သူ
မြန်မာနိုင်ငံ မြေလွှာပ် ကော်မတီ
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ရန်ကုန်မြို့

ရည်ညွှန်း

C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 3 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်
This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.

(ဆက်လက်ဖော်ပြပါမည်)

ကျွန်တော်လည်း ထိုနည်းလည်းကောင်း

အလုပ်ကိစ္စနဲ့ ကျွန်မက ကယ်လီဖိုးနီးယား၊ စန်ဒီယာဂို (San Diago)ဘက်ကို ကားနဲ့ခရီးသွားနေပါတယ်။ ဒါပေမဲ့ မီးရာမာလမ်းကနေ ထွက်ဖို့လုပ်တာမှာ လမ်းပျောက်နေပါတယ်။

ဒါနဲ့ ကျွန်မလည်း ရောက်နေတဲ့နေရာ မီးရာမာရေတပ် လေယာဉ်စခန်း (Mirama Naval Air Station) ဂိတ်မှာ တာဝန်ကျနေတဲ့ အစောင့်ရဲဘော်လေးကို လှမ်းမေးတယ်။

''ရဲဘော်လေး--ကျွန်မ ဒီကိုရောက်လာဖို့ တကယ်မရည်ရွယ်ခဲ့ပါဘူး''လို့ တောင်းပန်တဲ့ သဘောနဲ့ပြောတော့ သူက ကျွန်မကို စေ့စေ့ကြည့်ပြီး-

''အစ်မကြီးခင်ဗျာ၊ ကျွန်တော်လည်း အဲဒီလိုပါပဲ''လို့ ပြန်ပြောပါတယ်။

မောင်သီဟ





အမွေရဲ့ လှသောနာရီများ



လင်းကြက်သံ အရဏ်နိုး
ကုသိုလ်ပျိုး အမှေအိမ်။
မေတ္တာတွေ သက်သေညွှန်းလို့
လဝန်းသို့ထိန်။
အသက်ဇီဝိန်
မြတ်စည်းစိမ် ဆတိုးပွား။
စမ်းရေပမာ
လမင်းကဗျာ အမေစီးဖြန်း
ငြိမ်းချမ်းပြည်သား။ ။

ကြေးစည်သံ မေတ္တာလွှမ်း
ပြည်တစ်ဝှမ်း တူမျှဝေ။
သုံးဆယ့်တစ်ဘုံ ဗိုလ်ခြေသားတို့
အားလုံးရစေ။
မိတ်ပေါင်းနဲ့ မျိုးဥဆွေ
လယ်ယာမြေ အောင်စေကြောင်း။
ကျေးငှက်သံ
ဘေးမခရန် သပြေနဲ့
အမေဆုတောင်း။ ။

နေခြည်ဖြာ နံနက်ခင်း
မုန်ရင်း ကုသိုလ်ယူ။
အချိန်မှန် ဝတ်မပျက်
ဆွမ်းချက်လို့လှူ။
တမာအရိပ် ဘယ်မပူ
ရက္ခမူ အမေရှမှတ်။
အေးအရိပ်မှာ
ချွေးသိပ်ခါ အပြန်ကောင်းဖို့
စုဆောင်းနေ့ဆက်။ ။

သူထက်ကဲ(မန်း)

ရွှေးချယ်ခြင်း အခြေအနေ



ဒီမိုးဟာ မတရားသောမိုးပဲ။ အို-မဟုတ်ဘူး--မဟုတ်ဘူး-။ သူ-သူ-တရားပါတယ်။ ချောရဲ့နာကျင်မှုဖော်လုံးတွေ ရွိုက်ငိုသံတွေကို အခြားသူမကြားအောင် သူပဲ အော်ဟစ်ပြီး ကူရွာပေးထားတာပဲ။ ချော မျက်ရည်တွေကို တစ်ယောက်ယောက်မမြင်အောင်လည်း ဓနိဖက်ကိုလျှို့ပြီး ဦးခေါင်းထက်ပြေးဆင်းလာနေပေးကြတာပဲ။

(၁)

ပြန်ပြောရင် မီးသွေးဖောင်းထဲထည့် ပိတ်ခဲ့မယ်တဲ့။ ကြောက်လွန်းလို့ ဘာမှမ ပြောနိုင်တော့ဘူး။ လက်အစုံကို ကျစ်နေ အောင်ဆုပ်ရင်း မျက်လုံးအစုံကို အသား ကုန်မိုတ်ပစ်လိုက်တော့ မျက်ဝန်းအတွင်းမှ အရည်ကြည်တချို့က ပါးပေါ်လိမ့်ဆင်း သွားတယ်။ မျက်လုံးပြန်ဖွင့်တော့လည်း အဲဒီအရည်ကြည်တွေက ထွက်လာနေတုန်း ပဲ။ မုန်းတယ်။ အဲဒီမျက်ရည်တွေကို စကြာ ဝဠာနဲ့ချီပြီးမုန်းတယ်။ မဖြစ်ဘူး မဖြစ်ဘူး။ ငိုနေလို့မဖြစ်ဘူး။ ကိုယ့်ကိုယ်ကိုယ်အားပေး ရင်း မျက်တောင်တွေအဆက်မပြတ် ပုတ် ခတ်လိုက်တယ်။ ပြီးတော့ခြေရင်းကမီးသွေး မှုန့်တွေကို လက်ဖဝါးပေါ်တင်ပြီးပွတ်လိုက် တယ်။ နောက်တော့ အမည်းရောင်ဖြစ်သွား တဲ့ လက်ဖဝါးနဲ့မျက်နှာကို ဟိုဟိုဒီဒီပွတ် လိုက်တော့ မျက်ရည်စီးကြောင်းတွေက မထင်ရှားတော့ဘူး။ ပြီးတော့ပြုံးလိုက် တယ်။''သိပ်လှတာပဲ''လို့ သူခဏခဏပြော တတ်တဲ့ သွားတက်ပေါ်အောင်ကို ပြုံးပစ် လိုက်တယ်။ ကြိုးလာရင် ရုပ်ရှင်မင်းသမီး လုပ်ဖို့ စိတ်ကူးထားတာပဲ။ အဲဒီလောက် တော့ ချောက အပျော့ပဲ။

ဦးလေးသာအောင်၊ အဖေ့အလုပ်သ မား ကိုမြတ်ခိုင်ရယ်တို့က အရှေ့ကနေသွား ညီမလေးမဲဆီ မောင်လေးရဲရဲနဲ့ ချောက သူတို့အနောက်ကလိုက်တယ်။ မီးသွေး ဖောင်းဆီကနေ အိမ်ပြန်တဲ့လမ်းဟာ အရင် တုန်းကလို လှမြဲ၊ လှဆဲပါပဲ။

''ဖေကြီးတို့တောင် ဟိုးအဝေးရောက် ကုန်ပြီ၊ ပြေးလိုက်ကြစို့ မမ''

ပြောရင်းပြေးထွက်သွားတဲ့ မောင်လေး နဲ့ညီမလေးက ပေါ့ပါးသွက်လက်လို့၊ ငှက် လေးတွေလားမှတ်ရတယ်။ ချော ခြေလှမ်း တွေကတော့ ဒဏ်ရာရသတ္တဝါတစ်ကောင် နှယ်။ ညီမလေးတို့ကို မိအောင်အားယူပြီး ကြိုးစားပြေးကြည့်သေးတယ်။ ဒါပေမဲ့ အဆင်မပြေဘူးဒဏ်ရာတွေကနာကျင်လွန်း နေတယ်။ ရင်ထဲကရော ခန္ဓာကရောပဲ။

(၂)

မိုး--မိုး--။ အချိန်မဟုတ်အခါ မဟုတ် ရွာချပြီ။ ဆောင်းညလယ်မှာမှ ရွာရ တယ်လို့။ လျှပ်စီးက တလက်လက်။ မိုးချုန်း သံက တဂျိန်းဂျိန်း။ မောင်လေးနဲ့ ညီမလေး ကို တင်းနေအောင်ဖက်ထားလိုက်တယ်။ အယုတ်တမာမိုး။ဓနိပေါက်ကြားကနေကြမ်း ပေါ် ခုန်ဆင်းလာသေးရဲ့။ အိမ်အောက်က ခေါ်သံသဲ့သဲ့ကြားလိုက်တယ်။ မိုးသံကြောင့် သိပ်တော့မရှင်း။ အဖေလား။ အဘိုးလား၊ ဦးလေးလား၊ကိုမြတ်ခိုင်လား၊ဘယ်သူဖြစ်မယ် မသိ။ သူတို့တွေက ရွာထိပ်လက်ဖက်ရည် ဆိုင်မှာဘောလုံးပွဲကြည့်ကြတာပဲ။ ဘောလုံး ပွဲ အစောကြီးပြီးလို့ ပြန်လာကြာတာဖြစ် မယ်။ ဒါကြောင့် တံခါးဖွင့်ဖို့ အိမ်အောက်ကို ချော အမြန်ဆုံးပြေးဆင်းသွားလိုက်တယ်။ တံခါးအပြင်မှာ တစ်ယောက်မှမရှိ။

ရုတ်တရက် လူတစ်ယောက်က ချော ခါးကို အနောက်ကနေသိုင်းဖက်လိုက်တယ်။ လန့်စိတ်နဲ့ ချော အော်မယ်လုပ်တော့ ကျန် လက်တစ်ဖက်နဲ့ပါးစပ်ကိုပိတ်လိုက်ပြန်တယ်။ ''နေ့လယ်က ကိစ္စအားလုံးမြင်တယ်၊ သိ တယ်၊ အခြားသူကိုပြောလိုက်ရမလား''တဲ့။ ဒီအသံကိုချောမှတ်မိတယ်။ သူ-သူ-ဘယ် တုန်းက အိမ်ထဲပြန်ရောက်နေမှန်းမသိ။ ဒါမှ မဟုတ် အစကတည်းက ဘောလုံးပွဲ သွား မကြည့်ဘဲ ကျန်ရစ်ခဲ့တာလား။ စိတ်အသိ က အော်ဟစ်ဖို့တိုက်တွန်းနေပေမယ့် ဦး နှောက်က မပြတ်သားရဲဘူး။ ''ငါ့မိသား စု''ဆိုတဲ့စိတ်ကသာ ကြီးစိုးနေတယ်။ လူဘုံ အလယ် မောင်လေးနဲ့ ညီမလေး ဘယ်လို ရှေ့ဆက်ကြမလဲ။ အဘိုးရော၊ အဖေရော။ အို-ငါ့မိသားစုတခုလုံး သူတစ်ပါး တံတွေး ခွက်မှာ ပက်လက်မျောကြမယ့်အဖြစ်ပဲ။ ချော ဘယ်လိုငြင်းနိုင်တော့မလဲ။



ရွာနေတဲ့မိုးက တော်ရုံနဲ့မစဲဘူး။ ပြီး တော့ ဒီမိုးဟာ မတရားသောမိုးပဲ။ အို-မဟုတ်ဘူး--မဟုတ်ဘူး-။ သူ-သူ-တရား ပါတယ်။ ချောရဲ့နာကျင်မှုဖော်လုံးတွေ ရွိုက် ငိုသံတွေကို အခြားသူမကြားအောင် သူပဲ အော်ဟစ်ပြီး ကူရွာပေးထားတာပဲ။ ချော မျက်ရည်တွေကို တစ်ယောက်ယောက်မမြင် အောင်လည်း ဓနိဖက်ကိုလျှို့ပြီး ဦးခေါင်း ထက်ပြေးဆင်းလာနေပေးကြတာပဲ။ သူ တရားပါတယ်။ ဂျိန်းခနဲ မိုးချိန်းသံနဲ့အတူ မောင်လေးနဲ့ညီမလေး ကြောက်နေတော့ မယ်ဆိုတဲ့အသိက ခေါင်းထဲလက်ကနဲ လာ

ဆရာမ မျက်ရည်တွေကြောင့် စကားလုံးတွေက ထွက်မလာခဲ့ဘူး။
ချောနံဘေးမှာငိုနေတဲ့ ဆရာမ နေရာမှာ အမေသာဖြစ်လိုက်ပါတော့လို့ ဆုတောင်းနေဆဲမှာပဲ
အဘိုးရဲ့ ထားဝယ်ကြိမ်က ချောရဲ့ကျောပေါ် ဝဲကျလာပြန်တယ်။

လင်းတယ်။ ဒါနဲ့ပဲ လေ့ကားအောက် စတို ခန်းထဲကနေ ချောချက်ချင်းအပြေးထွက်ပြီး လေ့ကားပေါ်ပြေးတက်တယ်။ တစ်ထစ်-နှစ်ထစ်-ဆက်ပြီး ချောပြေးမတက်နိုင်တော့ ဘူး။ ခန္ဓာကဒဏ်ရာဟာ နာကျင်လွန်းနေ ပြန်တယ်။

(၃)

စင်မြင့်ထက်ကိုတက်သွားတာနဲ့ပရိသတ် အစုံက ချောကိုစိုက်ကြည့်နေတယ်။ အခု လောလောဆယ်တော့ ချောက ညွှန့်မေ။ ဦးဖိုးကျား‌ရဲ့ မင်းကတော်ဝတ္ထုထဲက ညွှန့် မေ။ နွဲ့ယဉ်ချောဆိုတဲ့ဘဝကို ခဏမေ့ထား ပြီ။ ညွှန့်မေအဖြစ်နဲ့ပရိသတ်တွေကို လှည့် စားရတော့မယ်။ ချောတို့ကျောင်းဂုဏ်တက် ဖို့အတွက် ဒီသရုပ်ဆောင်ပြိုင်ပွဲမှာ ချော အသားကုန်ကြိုးစားမှရမယ်။ ဆရာမ ပေး ထားတဲ့ဇာတ်ညွှန်းအတိုင်း တစ်ကွက်မှ မယွင်းရ၊ တစ်လုံးတစ်ပါဒမှ မကျန်ရ။ ရှိ သမျှ ပညာတွေ အကုန်ထုတ်သုံးပြီး သရုပ် ဆောင်ပစ်လိုက်တော့ အချို့မျက်နှာတွေ ဒေါသအရောင်နဲ့။ အချို့ဝမ်းနည်းခြင်း အရောင်နဲ့။ အချို့မျက်နှာတွေက မျက်ရည် တွေနဲ့။ အချို့ကအပြုံးနဲ့။ အချို့အသက်ရှူဖို့ မေ့နေသလားပဲ။ ငြိမ်သက်လွန်းနေတယ်။ ဒါကချော‌ရဲ့ သရုပ်ဆောင်ပိုင်နိုင်မှု။ ချော‌ရဲ့ မူလဘဝကို ခေတ္တဖျောက်ပြီး ညွှန့်မေဘဝ ပေါ်အောင် ဖန်တီးနိုင်လို့ဖြစ်မယ်။

နောက်ဆုံးအခန်း ဇာတ်ရှိန်အမြင့်ဆုံး အခန်းကိုရောက်လာနေပြီ။ ဒါဟာ ချော‌ရဲ့ ပညာကို အဆုံးစွန်ထိထုတ်ပြရမယ့် အခန်း မလား။ ဒါကြောင့် အမေရေးခဲ့တဲ့စာကို ဖတ်ရင်း မျက်ရည်တွေသွန်ပစ်လိုက်တယ်။ အို-မျက်ရည်တွေမှမနည်း။ အသံရှိက်ပြီး လည်း ငိုပစ်လိုက်တယ်။ အမေ့နာမည်ကို အော်ခေါ်ပြီးလည်းငိုတယ်။ ဟင်-ချော ခေါင်းထဲမှာသလိုလိုပါပဲလား။ ဒါ-ဒါဘာဖြစ် တာလဲ။ ချော တွေးကြည့်လို့မှ မဆုံးသေး။ ချော‌ရဲ့အမြင်တွေအားလုံး ပိန်းပိတ်မှောင် ထူသွားလေရဲ့။

''မြို့နယ်အဆင့် သရုပ်ဆောင်ပြိုင်ပွဲမှာ ပထမဆုကိုရရှိသွားပြီး တိုင်းအဆင့်ကိုတက် လှမ်းသွားနိုင်သူကတော့ ပရိသတ်ရဲ့ဒေါသ များ မျက်ရည်များကို လိုသလိုဆွတ်ယူ ကစားသွားတဲ့ အ-ထ-က (၁) ရွှေရော်မှ နဝမတန်းကျောင်းသူ မန္တလေးယဉ်ချောပဲဖြစ် ပါတယ်။

လောကကြီးနဲ့ အဆက်အသွယ်ပြန်ရ စပြုချိန်မှာ ပထမဆုံးကြားလိုက်ရတဲ့ အသံ ကြောင့် ငိုလိုက်မိတယ်။ ပျော်၍လား၊ ဝမ်း နည်း၍လား၊ ချောတကယ်မသိ။

အတန်းပိုင်ဆရာမက ချောပခုံးကိုကိုင် ရင်း ''ငါ့သမီးလေးပထမရတယ်''လို့ ပြုံးပြီး



ပြောတယ်။ ဘာကြောင့်ရယ်မသိ။ ဆရာမ အသံက အက်ကွဲနေသယောင်။ အပြုံးက လည်း အပူရောင်ဟပ်နေသလိုပင်။ ဟင်-ဆရာမမျက်လုံးတွေက ချောဝမ်းဗိုက်ဆီကိုပဲ ကြေကွဲသလို စိုက်ကြည့်နေပါလား။ ဇကန္တ --ဇ--ဇ--။ ချောဆက်မတွေးဝံတော့ပါ။

(၄)

အဘိုး ထုထောင်းရိုက်နှက်ထားတဲ့ ဒဏ်ရာတွေကို ဆေးထည့်ပေးရင်း ဆရာမ က ငိုတယ်။''ပြောလိုက်ပါသမီးရယ်''တဲ့။ ဆရာမနဲ့ဘာဆိုင်လို့လာမေးနေတာလဲ''လို့ ချောပြန်မေးလိုက်ချင်ပေမယ့် ဆရာမ မျက် ရည်တွေကြောင့် စကားလုံးတွေက ထွက် မလာခဲ့ဘူး။ ချောနံဘေးမှာငိုနေတဲ့ ဆရာမ နေရာမှာ အမေသာဖြစ်လိုက်ပါတော့လို့ ဆု တောင်းနေဆဲမှာပဲ အဘိုးရဲ့ ထားဝယ်ကြိမ် က ချော‌ရဲ့ကျောပေါ် ဝဲကျလာပြန်တယ်။ ''ပြော-ပြော--''လို့ ငိုသံကြီးနဲ့လည်း အော် သေးတယ်။ ဘယ်လိုပြောရမလဲ။ ချော ကိုယ်တိုင်ကိုက အတိအကျမှမသိတာ။ သိ လည်း လုံးဝပြောမှာမဟုတ်ဘူး။ ချော ကျောထက် နောက်တစ်ခါ ကြိမ်လုံးအချ ဆရာမကဆီးခံလိုက်တယ်။ ပြီးတော့ ခေါင်း ညိတ်ပြပြီး ပြောလိုက်ပါလို့ တောင်းပန်တဲ့ အကြည့်နဲ့ကြည့်ရှာတယ်။ ပြောလို့မဖြစ်ဘူး။ ခဏခဏသိချင်နေတဲ့၊ ရှိက်နေတဲ့အဘိုးကို ချောမုန်းတယ်။ အဖေဘယ်မှာလဲ။ မီးသွေး ရောင်းဖို့ မြို့တက်သွားတဲ့အဖေ ဦးလေးနဲ့ ကိုမြတ်ခိုင်တို့ ဒီအခေါက်မှ ဘာလို့ကြာနေ ကြတာလဲ။ အဖေလာရင် အဘိုးရိုက်တဲ့ အကြောင်း တိုင်ပြောပစ်မယ်။

''ဖြန်း---''

ချော‌ရဲ့ကျောပြင်ထက်ကို

ပူရှိန်းခြင်းအရသာတွေက ဆက်တိုက် ခုန်ဆင်းလာတယ်။ အဘိုးရဲ့ ထားဝယ်ကြိမ်

မှာသွေးစတွေနဲ့။ အဘိုးမျက်နှာမှာ မျက်ရည်စတွေနဲ့။ အဘိုးက ချောကိုသိပ်ချစ်တာ။ အမေနဲ့တူလို့တဲ့လေ။

(၅)

မြို့ကပြန်ရောက်ရောက်ခြင်းမှာပဲ ချောရဲ့ကိုယ်ဝန်အကြောင်းသိတော့ အဖေ့ခမျာကြမ်းပေါ်ခွေလဲကျသွားတယ်။ ဦးလေးနဲ့ကိုမြတ်ခိုင်လည်း ကြက်သေသေလို့။ အဘိုးက အခုချိန်ထိ ''ပြောပြစမ်းပါကွာ''လို့ ငိုသံကြီးနဲ့ပြောနေတုန်းပဲ။ ချောလေ မောင်လေးနဲ့ညီမလေးကို မတွေ့ရတာ အတော်ကြာနေပြီ။ အဘိုးပြောတော့ ဆရာမအိမ်မှာတဲ့။ ဒါကြောင့် ချောစိတ်ချတယ်။ သူတို့လေးတွေ ခုကိစ္စကိုသိလို့မဖြစ်ဘူး။

''ဘယ်သူနဲ့ရတာလဲ''

အဖေ့အသံက ယိုင်တိယိုင်တိုင်နဲ့။ အဖေအတော်ရှက်နေပုံရသည်။

''ပြောလိုက်လေ ချော''

လက်သီးအစုံကို ကျစ်ပါနေအောင် ဆုပ်ထားတဲ့ဦးလေးအသံက အဖျားခတ်တုန်လို့။ ကိုမြတ်ခိုင်ကတော့ အံ့သြလွန်းနေပုံပဲ။ ကျောင်းနဲ့အိမ်။ အိမ်နဲ့ကျောင်း။ ပိတ်ရက်မှာ မီးသွေးဖောင်းမှာလိုက်ကူ။ ဒီလို အချိန်ပြည့် မအားတဲ့သူက ဒီလိုဖြစ်တယ်ဆိုတော့ သူအံ့သြတာ သိပ်ပြီးမဆန်း။

''မသိဘူး၊ ပြောလည်းမပြောဘူး''

ချောအသံမှာ နာကျင်မှုတွေပါနေတာ သူတို့သတိထားမိပုံမရ။အခုကြုံတွေ့နေရတဲ့အမှောင်ကို ချောကြောက်တယ်။ မိသားစုတစ်စုလုံးမှောင်သွားမှာကိုပိုကြောက်တယ်။ တကယ်တော့ ကြောက်တယ်ဆိုတာထက် အဆများစွာ ပိုကြောက်နေမိတာပါ။

(၆)

အဖေရယ်ဦးလေးရယ် ပြီးတော့အဘိုးရယ် ချောကို ဘယ်ဆီခေါ်လာလဲမသိဘူး။ အဘိုးကပြောတယ် ''ညည်းမိုက်ပြစ်ကို ညည်းရှင်းရမယ်''တဲ့။ အခုနေရာကို တစ်ခါမှမရောက်ဖူးသလို။ ဒီအိမ်ကိုလည်း မရောက်ဖူးဘူး။ တဲသာသာရှိတဲ့ဒီအိမ်ကိုမြင်လိုက်သည်နှင့် ချောစိတ်ထဲ တစ်မျိုးဖြစ်လာတယ်။ အိမ်နံရံမှာလည်း ဘာပုံတွေမှန်းမသိ။ ခြောက်ခြားစရာချည်းပင်။ အခန်းထောင့်တွင်လည်း အနားသပ်ထားတော့ ဝါးခွန်တွေက နေရာယူထား၏။

''အဘိုး–အဖေ–ထားမသွားနဲ့လေ။ ဦးလေး–––။

အော်နေပေမယ့် အဖေတို့က ထွက်သွားခဲ့ပြီ။

အခန်းထဲကို ဘယ်ကမှန်းမသိတဲ့ကြောက်စရာအဘွားကြီးနဲ့ အမျိုးသမီးသုံးဦးဝင်လာပြီး ချောအနားကို ချဉ်းကပ်လာနေတယ်။ အဘွားကြီးက ဝါးခွန်တစ်ခုကို ဆွဲယူပြီးလှမ်းလာနေတယ်။ အမျိုးသမီးသုံးယောက်ထဲက နှစ်ယောက်ကို ချောကို ချုပ်ထားပြီး ကျန်တစ်ယောက်ကို ချောဗိုက်ကို ဖိတွန်းချနေတယ်။

''ဟင့်အင်း–ဟင့်အင်း––မလုပ်ဘူး''

ဘယ်လောက်အော်အော် အကူအညီမရ။ အဘွားကြီးက တစ်ခုခုကိုလုပ်တော့မယ်ဟန်ပြင်နေတယ်။ သူလက်ထဲမှာက အနားသတ်ထားတဲ့ဝါးခွန်ကို ကိုင်ထားဆဲ။ အခန်းအပြင်ဘက်မှ ရွှိက်သံတချို့ အခန်းထဲ ပျံဝင်လာနေတယ်။ အဖေ့အသံလား၊ ဦးလေးအသံလား၊ ဒါမှမဟုတ် အဘိုးအသံလား။

''အား––––––––''

တစ်သက်တာမှာ အပြင်းထန်ဆုံး သောဝေဒနာကို ချောခံစားလိုက်ရတယ်။



''မလုပ်နဲ့တော့''

တံခါးကိုတွန်းဖွင့်ပြီး လှမ်းအော်ပြောလိုက်တဲ့ အဘိုးရဲ့တားမြစ်သံဟာ မာထန်ပြတ်သားလွန်းနေတယ်။ ဒါပေမဲ့ အခါနှောင်းသွားလေပြီ။ ချောဆီမှာ ငိုကြွေးဖို့ပင် ခွန်အားမရှိတော့။ သွေးတွေက ချောကိုယ်မှ မပြတ်တမ်းစီးထွက်နေလေပြီ။ အဘိုးက ချောရဲ့ ဖျော့တော့တော့လက်ကိုကိုင်ရင်း ငိုရှာတယ်။

''အဘိုးကို ချောမမုန်းပါဘူး။ ချောမုန်းတာက–––''

''မြေးလေး အားတင်းထား အဘိုးရှိတယ်''

အဘိုးက ငိုရင်းပြောလာတော့ ချောစကားကိုမဆက်တော့ဘဲ အဘိုးလက်ကို တင်းနေအောင်ဆုပ်ထားလိုက်တယ်။ အဖေနဲ့ဦးလေးက အဘိုးနံဘေးမှာရပ်လို့။ ချောကို စိုက်ကြည့်နေလေရဲ့။ သူတို့မျက်နှာတွေက သိသိသာသာ ဖြူရော်နေကြတယ်။ ရှိသမျှအားကို အစွမ်းကုန်တင်းပြီး သူတို့မျက်လုံးအစုံကို ချောစိုက်ကြည့်လိုက်တယ်။ နောက်ပြီး''သိပ်လှတာပဲ''လို့ အဖေခဏခဏ ပြောတတ်တဲ့ သွားတက်ကိုပေါ်အောင် မနိုင်တနိုင် ပြုံးပစ်လိုက်တယ်။ အဖေက ခေါင်းကို ငုံ့ချပြီးအကြည့်လွဲတယ်။ ဦးလေးက နံရံဆီကို မျက်နှာလွှဲပြီးကြည့်နေတယ်။ ချောရဲ့အကြည့်ကို သူတို့ရင်မဆိုင်ရဲကြဘူး။ သူတို့––သူတို့––ဘယ်ရင်ဆိုင်ရဲကြမလဲ။

''မြေးလေး သတိထားနော်။ အားတင်းထား၊ အဘိုး ကျန်းမာရေးမျှားကို သွားခေါ်မယ်''

အဘိုး ချောအနားကထွက်မယ်ပြုတော့ အဘိုးလက်ကို အရင်ကထက် ပိုတင်းအောင် ချောဆုပ်ထားလိုက်တယ်။ ချော ကြောက်တယ်။ အဘိုးမရှိရင် ချောမနေရဲဘူး။

''မသွားပါနဲ့ အဘိုး''


ချောအသံက ချိနဲ့လွန်းနေပြီ။

''သမီးကို ခွင့်လွှတ်ပါအဘိုး''

အဘိုးကခေါင်းငြိမ့်ပြတော့ ချောခန္ဓာက နာကျင်မှုတွေ တဖြည်းဖြည်းလျော့ပါးလာသလိုပဲ။ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ အဘိုးရဲ့ပုံရိပ်ဟာ ချောမြင်ကွင်းကနေ မှုန်ဝါးပျောက်ကွယ်သွားတော့တယ်။

ဆွေး(မြိတ်)

CITY CARTOON



CITY CARTOON



একটি সাধারণ মিনিবাসের গল্প...



လူတိုင်းဘဝမှာ အမှတ်တရများစွာ ရှိခဲ့ဖူးကြပါလိမ့်မည်။

တစ်ခါတစ်ခါ နာစရာလိုလိုနှင့် ရယ်စရာဖြစ်ခဲ့သလို ရယ်စရာတွေကလည်း နာစရာဖြစ်သွားတတ်သည်ကိုကြုံဖူးသည်။ သို့သော်လည်း နာစရာကိုလွမ်းစရာနှင့်ဖြေရသည်ဟုလည်း လူကြီးသူမ ဆိုစကားတွေ ရှိပြန်သည်။

ဘာရယ်မဟုတ်။ ကျွန်မစာရေးစားပွဲပေါ် ထိုင်မိချိန်မှာပါပဲ။ လက်တွန်းလှည်းဖြင့် ထိရောင်းသော တွန်းလှည်းကြီးက အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည်။ တွန်းလှည်းဖြင့်ရောင်းသော ထီလှည်းကြီးလာလျှင် ကျွန်မ အမြဲနားစွင့်လေ့ရှိသည်။ ထိုလှည်းများဆီက လွင့်ပျံလာသောသီချင်းများမှာ ခေတ်ဟောင်းဂန္ဓဝင်သီချင်းများ၊ ကာလပေါ်ရေဒီယိုသီချင်းများ၊ ခေတ်ပေါ်စတူဒီယိုသီချင်းများဖြစ်သည်။ လမ်းထဲက ကွေ့ဝင်လာကတည်းက ကြားလိုက်ရသည့် သီချင်းသံမှာ ကျွန်မရင်ထဲ ငြိမ့်ညောင်းသာယာစွာ စီးဆင်းသွားသလို အတိတ်ဟောင်းကို ပြန်လည်တမ်းတသတိရသွားသည်။

သီချင်းကား အဆိုတော်စိုင်းထီးဆိုင်၏ ''ဘီးကလေးကိုစီး''ဆိုသည့် နာမည်ကြီးသီချင်းဖြစ်သည်။ ဆောင်းဘောက်ကပဲကောင်းနေသလားဟုမဆိုနိုင်။ သီချင်းက သံစဉ်ရော၊ စာသားပါ ကျွန်မကိုယစ်မူးသွားစေတာအမှန်ပါ။

''ဘီးကလေးကိုစီး ××× အချစ်ကလေးကိုတင်ပြီး××× ကိုယ်သွားရတာ ××× အင်မတန်ပျော်××× စကြာဝဠာအဆုံးအထိ နင်းရမလား××× အချစ်ကမေးတယ် ××× တကယ်××× တကယ်××× တကယ် ××× သိပ်မောသွားသလားမောင်ရယ်တဲ့ ××× မောတော့မောတာပေါ့××× ဒါပေမယ့် မမောဘူး ××× မောတော့×××မောတာပေါ့ ဒါပေမယ့် ××× မမောဘူး×××''

ဒီသီချင်းက ···ကျွန်မအလွန်စွဲလမ်းနှစ်သက်ခဲ့သည့် သီချင်းဖြစ်သည်။ သီချင်းထဲကလို ချစ်သူနှစ်ဦး ခါးကလေးဖက်ကာ စက်ဘီးစီးသွားပုံကိုမြင်ပြီး အားကျနေမိသည်။ ပြီးတော့ စိတ်ကူးယဉ်မိသည်။ ကျွန်မကြည်ကြည်နူးနူးယဉ်မိသည်။ ကျွန်မ ဆွတ်ဆွတ်ပုံ့ပုံ့ယဉ်မိသည်။

လွန်ခဲ့သော အချိန်ကာလတစ်ခု၌ မောင်နှင့်ကျွန်မအိမ်ရာထူထောင်သည်။ နှစ်ယောက်လုံးက ဝန်ထမ်းများ။ ကျွန်မ၏ မိခင်အိုကြီးမှာလည်း မီးစာကုန်ဆီခန်းလုပြီ။ အဝေးရောက်သားသမီးက အလုပ်ကိုယ်စိမ့်မေမေ့ဆီ ကူးလူးနှစ်သိမ့်ကြင်နာရမည်ဟု သိလျက်နှင့် များမြောင်သောလူမှုဒုက္ခပင်လယ်ထဲမှာ တဝဲဝဲလည်မို့ မေမေ့ဆိပ်ကမ်းဆီ မရောက်နိုင်ခဲ့ကြ။ ဇရာအို လူမမာ မေမေကတော့ သိနေမှာပေါ့။ မောင်နှင့် ကျွန်မတို့နှစ်ယောက်ပဲ တာဝန်သိသိပြုစုခဲ့ကြတာ မေမေတစ်ယောက် လောကကြီးက ကျောခိုင်းထွက်ခွာသွားသည်အထိပင်ဖြစ်၏။

မေမေမရှိသည့်နောက် ကျွန်မမှာ လွတ်ဟာသောစိတ်ဖြင့် တာဝန်ဝတ္တရားကြားမှာ စိတ်ကိုနှစ်လိုက်ရသည်။ အချိန်က ကုစားပေးလိုက်တော့မှ ကျွန်မ နေသာထိုင်သာဖြစ်လာသည်။

ထိုစဉ် ···မမျှော်လင့်သောနေ့လေးတစ်နေ့မှာတော့ တစ်နိုင်ငံလုံးနှင့်ချိုပြီး အပြောင်းအလဲကြီးတစ်ခုက မုန်တိုင်းဝင်မွေသလို ကြုံဆုံပါတော့သည်။ အားလုံးထိတ်ထိတ်လန့်လန့်၊ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်ရသောနေ့စွဲများ။ ကျောင်းများ၊ ရုံးများ ရက်အကန့်အသတ်မရှိ ပိတ်သွား၏။ မောင်နှင့် ကျွန်မအိမ်မှာ စာဖတ်လိုက်၊ စားလိုက်သောက်လိုက်နှင့်နေရတာ စိတ်များပင် အညောင်းမိလာသည်။

တစ်နေ့···ကျွန်မအထက်က အစ်မအိမ်သို့ရောက်လာသည်။အစ်မ၏အမျိုးသားက တပ်မတော်အရာရှိတစ်ယောက်။ အခြေအနေ အနည်းငယ် တည်ငြိမ်စပြုလာသော အချိန်တွင် အစ်မခင်ပွန်းက ရှမ်းပြည်နယ် ကျိုင်းတုံသို့ပြောင်းရွှေ့ရန် အမိန့်စာကျလာသည်။ ကျိုင်းတုံသို့ပြောင်းရာတွင် ကျွန်မတို့ဖနီးမောင်နှံကိုအလည်အပတ်လိုက်ရန် လာခေါ်ခြင်းဖြစ်သည်။ အခြေအနေ၊ အခွင့်အခါပေးသောအချိန်အခါကောင်းဖြစ်၍ မောင်ကတော့ မဆိုင်းမတွလိုက်မည်ဟုပြောသည်။ ကျွန်မ မိန်းမသားပီပီ အဖက်ဖက်က တွက်ချက်ရသည်။

မမကစရိတ်ငြိမ်းခေါ်ပေမယ့် ဟိုမှာက မမတို့မိသားစုအတွက်သာ ရိက္ခာရသည်။ ကျွန်မတို့ဖနီးမောင်နှံအတွက် စားစရိတ်၊ အထွေထွေစရိတ်ကိုတော့ ကျွန်မတို့ထိုင်ကြည့်နေ၍မရ။ လိုအပ်ချက်များကို အနည်းအကျဉ်းဖြည့်တင်းရမည်။

''အငယ်မရေ···မမတို့ရှမ်းပြည်မှာရှိတုန်း ရှမ်းပြည်က ထင်ရှားတဲ့နေရာလေးတွေလိုက်ပို့မယ်၊ လိုက်ခဲ့ပါနော်···ဒေသန္တရဗဟုသုတလည်း ရတာပေါ်''

မောင်ကသိပ်လိုက်ချင်နေတော့လည်း

တစ်နိုင်ငံလုံးနှင့်ချိုပြီး အပြောင်းအလဲကြီးတစ်ခုက မုန်တိုင်းဝင်မွေသလို ကြုံဆုံပါတော့သည်။ အားလုံးထိတ်ထိတ်လန့်လန့်၊ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်ရသောနေ့စွဲများ။ ကျောင်းများ၊ ရုံးများ ရက်အကန့်အသတ်မရှိ ပိတ်သွား၏။ မောင်နှင့် ကျွန်မ အိမ်မှာ စာဖတ်လိုက်၊ စားလိုက် သောက်လိုက်နှင့်နေရတာ စိတ်များပင် အညောင်းမိလာသည်။

ကျွန်မပါရမီဖြည့်ပေးရမည်ဖြစ်သည်။ မမတို့ပြောင်းရွှေ့သည်လက ဒီဇင်ဘာ။ တောင်ပေါ်ဒေသမှာ မည်မျှအေးနေမည်နည်းဟု ကျွန်မတွေးပြီး ကြက်သီးထနေမိသည်။ ကျွန်မက အအေးကြောက်သူတစ်ယောက်ပါ။

မင်္ဂလာဒုံလေဆိပ်မှ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိချိန်နှင့် နှင်းမကွဲတကွဲအချိန်။ မြူတွေထဲ လုံးပျပျကလေးသာမြင်ရသည်။ အေးစက်နိုင်လွန်းသည့်မြို့။ ဟဲဟိုးရောက်တော့ လေယာဉ်ပေါ်မှဆင်းပြီး အစိမ်းရောင်ဂျစ်ကားကလေးဖြင့် တည်းခိုရန် ဘန်ဂလိုရှိရာသို့ သွားကြသည်။ ပစ္စည်းများကိုတော့ ယာဉ်တန်းကားများဖြင့် သယ်ဆောင်ဖို့ စီစဉ်ထားရပါသည်။ မင်္ဂလာဒုံလေဆိပ်မှာကတည်းက အနွေးထည်ထူထူဝတ်၊ သိုးမွေးခေါင်းဆောင်း၊ ခြေအိတ်၊ လက်အိတ်၊

မာဖလာပတ်ထားသူများကို လေယာဉ်ထဲမှာမချိန်းထားဘဲ ဆင်တူဖြစ်နေတာမို့ ကျွန်မပြီးချင်ချင်ဖြစ်မိသည်။ မမတို့မိသားစု သုံးယောက်၊ ကျွန်မတို့ဇနီးမောင်နှံက နှစ်ဦးဆိုတော့ ကျိုင်းတုံသို့လေယာဉ်တစ်စီးတည်း အတူလိုက်ဖို့ အဆင်မပြေ။ လူစုခွဲစီးရမည်တဲ့။ ဒီတော့ ကျွန်မတို့ ဟဲဟိုးမှာ တစ်ထောက် နားနေရသည်။

ကြည့်လေရာရာ မှိုင်းပျပျမှုန်ရီရီနှင့် လွမ်းစရာသရုပ်ပါပဲ။ တပ်က ဘန်ဂလိုမှာ တည်းခိုပြီး ဟဲဟိုးမြို့တစ်ခွင် အလည်အပတ် ထွက်ကြသည်။ အမှန်ပြောရလျှင် ပတ်ဝန်းကျင်အလှကို မခံစားမိပေ။ မောင်ကတော့ ရွှင်လန်းနေသည်။ မောရှမ်းတို့၏ပြည်နယ်အလှကို သူရင်ထဲကဗျာတွေ၊ စာတွေစပ်နေလောက်ပြီ။ မောင်က စာပေမြတ်နိုးသူကြီးပါ။ ကျွန်မကတော့ ကိုယ့်နားရွက်ကိုစမ်းတာ နားရွက်ပင်မရှိတော့သည့်အလား လက်ကထုံကျင်နေ၍ ခေါင်းစွပ်ကို နားရွက်အထိ ဆွဲချဖုံးဖိထားရသည်။

''မနက်ဖြန် ဖလိုက်မရှိဘူး···။ အဲဒီတော့ တောင်ကြီးတက်မယ်ဟေ့''

မမခင်ပွန်း၏စကားသံက ကျွန်မကို ခြောက်လှန့်လိုက်သလိုပဲ။ ဒါပေမယ့် ကျွန်မ ဘယ်လိုလွန်ဆန်နိုင်ပါ့မလဲ။ မောင်က ဖျတ်ဖျတ်လူး လည်ချင်နေတာကိုး။ မနက်စောစော အိပ်ရာထကြည့်သည်။ ကြည့်လေရာရာ ရေတွေအားလုံး ရေခဲတုံးလေးတွေ။ ရဲဘော်လေးတစ်ယောက်က ကြိုပြီးသား ရေခွေးယူလာ၍ မျက်နှာသစ်ကြရသည်။ ကိုယ်လက်သန့်စင်ရသည်။ ပြီးတော့ အမဲသား၊ ဝက်သားခေါက်ဆွဲပြုတ်တဲ့။ အင်္ဂေတထောင်းထောင်းထလို့။ ကျွန်မမှလွဲ၍ အားလုံး မြိန်ရေယှက်ရေစားသုံးကြ၏။

တောင်ကြီးအတက်ကတော့ ရင်ခုန်စရာပင်။ ကားမောင်းကျွမ်းကျင်သူဒရိုင်ဘာက ရှေ့ခန်းက မမခင်ပွန်းကို အေးအေးလူလူစကားတွေဖောင်ဖွဲ့နေသည်။ ကျွန်မတစ်ယောက်သာ ပတ်ဝန်းကျင်အလှအပကို မခံစားနိုင်ဘဲ အေးလွန်းသောကြောင့် ခေါင်းကို ဝှက်ထားရသည်။ တောင်ကြီးလမ်းသည် အကွေ့အကောက်များလှ၏။ ကြည့်လေရာရာ ချောက်ကမ်းပါးပဲမြင်ရသည်။ ကျွန်မ မျက်လုံးကို အတင်းမှိတ်ထားမိသည်။



''တောင်ကြီးရောက်တော့မယ်''

ထိုအခါမှ ကျွန်မခေါင်းဖော်ပြီး မရဲတရဲ အပြင်သို့ကြည့်မိသည်။ ကြည့်စမ်းပါဦး·· အကွေ့အကောက်လမ်းများကို အပေါ်စီးက တွေ့လိုက်ရသည်။ အပေါ်သို့တက်လာနေကြသောကားများကိုသေးသေးကလေးသာ မြင်ရသည်။ ကျွန်မတို့အမြင့်ကြီး ရောက်ရှိနေခဲ့ပြီပဲ။ ဩော်···ရှမ်းပြည်ရောက်ည့်သည်ရယ်···ကြောက်ဒူးတုန်ပေါ့ကွယ်။

နောက်တစ်ရက်···

မမတို့မိသားစုကကျိုင်းတုံသို့ တစ်ရက်စောသွားခွင့်ကြုံသည်။ မောင်နှင့်ကျွန်မက နောက်ရက်မှလိုက်သွားရသည်။ တောင်စဉ်အထပ်ထပ်ကြောင့် ထင်ပါရဲ့။ လေယာဉ်ကြီးက ဟုတ်ခနဲ ထိုးကျလိုက်သည်မှာ ကျွန်မရင်ထဲ အေးခနဲ၊ နှလုံးသားတစ်ခုလုံး ပြုတ်ကျသွားပြီလား ထင်မှတ်ရ၏။ 'အိ'ဟုသာ အသံထွက်နိုင်ပြီး မောင့်လက်မောင်းကို အားကိုးတကြီး ဖမ်းချုပ်ကိုင်ထားရသည်။ ခါခါလှုပ်လှုပ်နှင့်နိမ့်တုံမြင့်တုံ၊ ခရီးစဉ်တစ်ခုလုံး ကျွန်မသည် ရင်ထဲဗြောင်းဆန်နေခဲ့သည်။ အသက်ရှူမဝဖြစ်ရသည်။ တအိအိနှင့် အသံမျှင်က မပြတ်တောက်တော့ပေ။

လေယာဉ်မယ်၏ မကြာမီအချိန်အတွင်း ကျိုင်းတုံလေဆိပ်ကိုရောက်ပါတော့မည်ဆိုသောစကားသံကြောင့် ကျွန်မ အသက်ဝဝရှူနိုင်တော့သည်။ လေဆိပ်မှာ လာကြိုနေသောမမကို ခပ်တိုးတိုးလေးပြောလိုက်သည်။

''ဒီလိုမှန်းသိရင် မလိုက်ပါဘူး''

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်မ ဤဒေသ၊ ဤရာသီဥတုကိုမနှစ်ခြိုက်ပါပေ။ ကျွန်မအအေးကြောက်သူမို့ ကျိုင်းတုံဝန်းကျင်သို့ အလည်ထွက်တိုင်းပါဝင်လိုက်ပါမှုနည်းပါး၏။ အံ့သြစရာကောင်းတာ တစ်ခုက ကျိုင်းတုံဈေးက နံနက်ပိုင်းသာဖွင့်လှစ်ခြင်းပါပဲ။ နေမြင့်လာသည်နှင့်ဆိုင်ပိတ်လိုက်ခြင်းပါပဲ။ အိမ်ဆိုင်တွေအချို့မှအပပေါ့။ အပြင်ဘက်ဈေးသည်များသည် နေအပူဒဏ်ကို ကြောက်ပုံရသည်။ အအေးကို ကြိုက်နှစ်သက်ကြသည်။ ကျွန်မကတော့ ဈေးဝယ်ထွက်လျှင် နေ့ခင်းပိုင်းမှထွက်ဖြစ်သည်။

ပြောရလျှင် စက်ဘီးတွေပေါပြီး ဈေး

စက်ဘီးထုတ်ပြီး ကျွန်မတို့နေထိုင်သော လမ်းထဲမှထွက်ကာ လမ်းမကြီးပေါ်အရောက် မောင်က စက်ဘီးတွန်းသွားသည်။ ကျွန်မက နောက်မှလိုက်သည်။ မောင့်နောက်ကလိုက်ရင်း စိုင်းထီးဆိုင်၏ သီချင်းလေးကို စိတ်ထဲကတိုးတိုးလေးဆိုနေမိသည်။

ချိုသဖြင့် မောင်က စက်ဘီးတစ်စီးလိုချင်သည်တဲ့။

''မောင်က စက်ဘီးစီးတတ်လို့လား ဟင်''

'တတ်ပါတယ်'ဟု မောင်ကဆိုသည်။

မောင့်အလိုကို ကျွန်မဖြည့်ဆည်းပေးလိုက်ပါသည်။ ကျွန်မလည်းကျွန်မနှစ်သက်သည့် အဝတ်အထည်နှင့် ကော့စမစ်တစ်အလှကုန်များဝယ်ဖြစ်သည်။ ထိုင်းဘက်မှ ဝင်လာသောပစ္စည်းများက လိုချင်စရာ။ စျေးကချိုသည်။

သို့ဖြင့် မောရှမ်းမြေမှာ ကျွန်မတို့ တစ်လခန့်ကြာသွားသည်။

ရုံးများ၊ ကျောင်းများဖွင့်သည့်သတင်း ရောက်လာတော့ ကျွန်မတို့နှစ်ယောက် ပြန်လာကြသည်။ အပြန်ခရီးမှာ လေယာဉ်စီးသည့်အတွေ့အကြုံက ကျွန်မအတွက်အနည်းငယ် နေသာထိုင်သာရှိသွားသည်။ အလာခရီးလောက် မဆိုးတော့။

ဝန်ထမ်းဆိုသည်မှာ အလုပ်ခွင်ထဲ ပြန်ရောက်တော့လည်း အလုပ်ထဲမှာစိတ်ကနစ်မြုပ်နေရသည်။ စည်းကမ်းတွေက ပိုလာသည်။ တင်းကျပ်မှုများလာသည်။ ကျိုင်းတုံမြို့၏အအေးငွေ့ကိုခိုလှုံခဲ့ရသလောက် ကိုယ့်ဒေသပြန်ရောက်လာသောအခါ အလုပ်တွေကြား ခေါင်းမဖော်နိုင်အောင် တာဝန်ကဖိထား၍ စိတ်ရောလူရောမွန်းကျပ်လာသည်။ ရာသီဥတုကလည်း နွေမိန်ရာသီရောက်လာပြီ။

ကျွန်မ မွန်းကျပ်နေသောစိတ်ကို ပေါ့ပါးချင်လာမိသည်။ လွတ်လပ်ချင်လာသည်။

ဇာတ်လမ်းကအခုမှစသည်။

မောင်က မနက်ပိုင်းခပ်စောစော စက်ဘီးဖြင့်ထွက်သွားတတ်သည်။ ပြန်လာလျှင် ခွေးသံတရွှရွှမို့ ကျွန်မကမေးသည်။

'မောင် ဘယ်ကပြန်လာတာလဲ'

မောင်ကမျက်နှာသုတ်ပုဝါအသေးဖြင့် ခွေးသုတ်ကာပြန်ဖြေသည်။

'မောင်...ကမ်းနားလမ်းဘက်သွားပြီး သွေးပူလေ့ကျင့်ခန်းသွားလုပ်တာ၊ ညီမကို ခေါ်သွားချင်တယ်၊ လမ်းလျှောက်တဲ့သူ၊ လေ့ကျင့်ခန်းလုပ်တဲ့သူတွေ အများကြီးပဲ၊ ညီမကိုခေါ်သွားချင်ပေမဲ့ ညီမထမင်းဟင်းချက်တာ နောက်ကျမှာစိုးလို့မခေါ်တာ'

'ဩော်...မောင်သွားပြီးလုပ်နိုင်တာ ကောင်းပါတယ်၊ ညီမလည်း မလိုက်နိုင်သေးပါဘူး'

ယနေ့ညတော့...ကျွန်မ၏မွန်းကျပ်နေသောစိတ်ကို ထွက်ပေါက်ပေးချင်နေမိသည်။

'မောင်...အပြင်ဘက်ခဏထွက်ရအောင်၊ အိမ်ထဲမှာနေတာချည်းတော့မယ်၊ အိုက်လွန်းလို့အိပ်လို့လည်းရမှာမဟုတ်ဘူး၊ ကမ်းနားလမ်းဘက် စက်ဘီးနဲ့သွားပြီး လေညင်းခံရအောင်လေ'

ကျွန်မစကားကြောင့် မောင့်မျက်နှာအရောင်တစ်ခုဖြတ်သန်းသွားသလိုပဲ...

'သွားလေ...မောင်ကတော့ လူတင်ပြီး တစ်ခါမှမနင်းဖူးဘူးပဲ၊ ဒါပေမယ့် ရပါတယ်'

စက်ဘီးထုတ်ပြီး ကျွန်မတို့နေထိုင်သော လမ်းထဲမှထွက်ကာ လမ်းမကြီးပေါ်အရောက် မောင်က စက်ဘီးတွန်းသွားသည်။ ကျွန်မက နောက်မှလိုက်သည်။ မောင့်နောက်ကလိုက်ရင်း စိုင်းထီးဆိုင်၏ သီချင်းလေးကို စိတ်ထဲကတိုးတိုးလေးဆိုနေမိသည်။

'ရွှေနားမှာ အဖြတ်အသန်းသိပ်များတယ်ကွယ် ××× ကိုယ့်ခါးကိုအချစ်ကလေး



ဖက်ထားနော်ကွယ်'

ကျွန်မတို့လမ်းထဲကထွက်ပြီး ကတ္တရာလမ်းမပေါ်ရောက်တော့ မောင်က 'တက်' လို့ဆိုပေမယ့် ကျွန်မက စက်ဘီးတစ်ခါမျှ မစီးဖူးသူဆိုတော့ အများသူငါလို စက်ဘီးနောက်ဖင်ထိုင်ခံပေါ်စွေ့ခနဲမတက်တတ်ပေ။

'မောင်'

'ဟင်'

'ဒီလိုလုပ်လေ···မောင်ကခြေထောက်ကိုထောက်ထား၊ ညီမက ခုန်မတက်တတ်တော့ ညီမအရင်တက်ထိုင်ပြီးမှ မောင် နင်းလေ···နော်'

မောင်ကဘာမျှပြန်မပြော။ စိတ်ရှည်စွာ ခြေထောက်ကိုမြေကြီးပေါ်မှာ ထောက်ထားလိုက်သည်။ ကျွန်မက စက်ဘီးနောက်ကယ်ရီယာခုံပေါ်ကျကျနနတက်ထိုင်သည်။ မောင့် ခါးကိုတော့ဖက်မထားဘဲ၊ ပခုံးလေးကို ခပ်ဖွဖွကိုင်ထားလိုက်သည်။

'နင်းလို့ရပြီမောင်···နင်းတော့'

မောင့်ကိုယ်လုံးကခပ်ဝဝ။ ကျွန်မက ခပ်သေးသေးဆိုတော့ မောင်တစ်ယောက် စီးစီးပိုင်ပိုင်နင်းနိုင်မည်ဟုကျွန်မထင်သည်။ သို့သော် မောင်ကတော့လိမ်ဖယ်၊ လိမ်ဖယ်နှင့် စက်ဘီးက တည့်တည့်မတ်မတ်မဖြစ်သေး။ လမ်းပေါ်မှာကားရော၊ လူပါရှင်းနေ၍ သာ တော်တော့်သည်။

'မောင်ဖြစ်ရဲ့လား···စက်ဘီးကမငြိမ်ဘူး။ ညီမဆင်းပေးရမလား'

'ရပါတယ်···မဆင်းနဲ့···ငြိမ်ငြိမ်လေးပဲထိုင်နေ၊ ညီမက ခုန်မတက်တတ်တော့ မောင်လည်း အရှိန်ရအောင် နင်းနေရတာလေ'

လေကလေးကတဖြူးဖြူး···မောင့်ပုခုံးကိုအသာအယာကိုင်ထားတဲ့ ကျွန်မကတော့ စိုင်းထိုးဆိုင်သီချင်းကို အမှတ်ရရင်းကြည်နူးပျော်ရွှင်နေမိသည်။ ထိုအခိုက်မှာပဲ ကုန်းတက်တစ်ခုကို မောင် အားစိုက်နင်းနေတာ ကျွန်မ သတိထားလိုက်မိသည်။ မောင့် စက်ဘီးက ဟိုယိုင်ဒီယိုင်မို့ ကျွန်မစိတ်လှုပ်ရှားနေသည်။ ကျွန်မစက်ဘီးပေါ်က မထင်မှတ်ဘဲ ရုတ်တရက်ကျသွားသည်။ လိမ့်ကျစဉ်ကတော့ ဖင်ထိုင်လျက်ကျပေမယ့် အရှိန်ကြောင့် တစ်ကိုယ်လုံးလဲကျသွားပြန်သည်။ ကုန်းတက်ဆိုတော့ ကုန်းတက်မှလိမ့်ဆင်းပြီး ရေနုတ်မြောင်းထဲ ထိုးကျသွားပြန်သည်။

ကျွန်မ၏စိတ်ကူးပျော်ရွှင်ကြည်နူးမှုက အစိတ်စိတ်အမြွာမြွာကျကွဲသွားချေပြီ။ မြောင်းထဲကထရပ်ပြီး မောင့်ကိုကြည့်လိုက်တော့ စက်ဘီးကအတော်ခရီးရောက်နေပြီ။ ကျွန်မ တော်တော်ကျွဲမြီးတို သွားသည်။ လူတစ်ယောက်လုံး ကျကျန်ခဲ့တာ မောင်တကယ်မသိလေရော့သလား။

မြောင်းထဲမှာ ရေမရှိ၍တော်သေးသည်။ ကျွန်မ ဘာမှမဖြစ်လိုက်။

သို့စေကာမူ ကျွန်မ၏စိတ်ကူးပျော်ရွှင်ကြည်နူးမှုက အစိတ်စိတ်အမြွာမြွာကျကွဲသွားချေပြီ။ မြောင်းထဲကထရပ်ပြီး မောင့်ကိုကြည့်လိုက်တော့ စက်ဘီးကအတော်ခရီးရောက်နေပြီ။ ကျွန်မ တော်တော်ကျွဲမြီးတိုသွားသည်။ လူတစ်ယောက်လုံး ကျကျန်ခဲ့တာ မောင်တကယ်မသိလေရော့သလား။ စက်ဘီးနင်းတာပေါ့ပါးသွားတာမသိရအောင် မောင်ဘယ်လိုလူလဲ၊ ကျွန်မ စိတ်တိုတိုနှင့်–

'ဟော့လူ···ဟော့လူ···ဒီမှာလှည့်ကြည့်ပါဦး'

မောင့်ကိုအသံကျယ်ကြီးနှင့် မခေါ်စဖူးအခေါ်ထူးလိုက်မိသည်။ ကိုယ်တိုင်လည်း မြောင်းနှုတ်ခမ်းအပေါ်ကုတ်ခြစ်တက်ရသည်။



ကျွန်မအသံကြား၍လား၊ ဒါမှမဟုတ် မောင့်ဘာသာသိ၍လားမဆို နိုင်ပေ။ ကျွန်မ မြောင်းထဲမှအပေါ်ရောက်ချိန် မောင်လည်း ကျွန်မအနားရောက်လာသည်။

'လူတစ်ယောက်လုံး ကျကျန်ရစ်တာ မသိရလောက်အောင် ရှင့်စိတ်တွေ ဘယ်ရောက်နေလဲ'

ကျွန်မကတော့စ°တ်တိုလွန်း၍ ပြောချင်တာပြောမိပြီ။ မောင်က ညှိုးငယ်သောမျက်နှာဖြင့်–

'ကုန်းတက်ဆိုတော့ အားစိုက်နင်းနေတာနဲ့ အမှတ်တမဲ့ဖြစ်သွားတယ်။ အရှိန်ရလာတော့မှ ညီမ မပါလာမှန်းသိပြီး ချက်ချင်း ပြန်အလှည့်မှာ ညီမကလည်းခေါ်လိုက်တာ၊ ဆောရီးပါညီမရယ်၊ ဘယ်နာသွားသေးလဲ'

စက်ဘီးထောက်ချပြီး ကျွန်မဆီ ပျာပျာသလဲပြေးလာကာ ဟိုစမ်း၊သည်စမ်းလုပ်နေသောမောင့်ကို ကျွန်မစိတ်ပြေသွားပါတော့သည်။

'ဩော်···စက်ဘီးကလေးရယ်···ကျွန်မစိတ်ကူးယဉ်ခဲ့တာတွေ မြောင်းထဲ ကျကျန်ခဲ့ရပါပေါ့လား။

'စိတ်ညစ်စရာချန်ထား××× လောကကို မေ့ထား ××× ဒီဘီးကလေးဟာလေ အမှန်အကန် ××× ကိုယ်တို့နှစ်ဦးရဲ့အချစ်ဝိမာန်'

သီချင်းနဲ့တသင်းသင်းနှင့် လေညင်းထဲ···အပြန်လမ်းမှာတော့ စက်ဘီးကလေး၏အပေါ်မှာ ကျွန်မစိတ်ကူးယဉ်မိခဲ့ပါသည်။ စိတ်ကူးယဉ်မိခဲ့ပါသည်။


နာစရာမရှိ···လွမ်းစရာပြည့်ခဲ့သော ဘဝတစ်ခုမှာ···

ကြာတော့ကြာခဲ့ပါပြီ။

မေဖွန်အေး

CITY CARTOON






အနုပညာရပ်ဝန်းမှ ပန်းချီစနပန်းကို လေ့လာခြင်း

ကိုစော(ပထဝီဝင်)


အနုပညာရပ်တို့ဟာ လူတို့ရဲ့ စိတ်အာရုံကိုဖမ်းစားပြီး ဝမ်းသာ၊ ဝမ်းနည်း၊ ပျော်ရွှင်၊ လွမ်းဆွေး စတဲ့စိတ်ခံစားမှုတွေကို ဖန်တီးပေးနိုင်တဲ့ ပညာရပ်ပင်ဖြစ်ပါတယ်။ အနုပညာရပ်ဆိုရာမှာ ပန်းချီ၊ ပန်းပု စတဲ့ ပန်းနဲ့စတဲ့ အနုပညာရပ်တွေ၊ သဘင်၊ ဂီတ၊ ရုပ်ရှင်နဲ့သက်ဆိုင်တဲ့ အနုပညာရပ်တွေ၊ ရေးသားမှုနဲ့သက်ဆိုင်တဲ့ ပညာရပ်တွေဆိုပြီး အနုပညာရပ်ဝန်းကို ဖွဲ့ဆိုထားကြပါတယ်။

အနုပညာရပ်နဲ့ဆက်စပ်တဲ့ လူတွေကျတော့ အနုပညာရှင်လို့ ခေါ်ဆိုကြပါတယ်။ အနုပညာရှင်တို့ဟာ မိမိရဲ့ခံစားချက်တွေကို အခြားသူများ သိရှိခံစားလာအောင် ဖော်ထုတ်နိုင်စွမ်းရှိကြ





ရပါတယ်။ အနုပညာရှင်များက ပတ်ဝန်းကျင်နဲ့ဆက်စပ်၍ မိမိစိတ်တွင်ဖြစ်ပေါ်လာတဲ့ အကြောင်းအရာအမျိုးမျိုး၊ ခံစားမှုအမျိုးမျိုးကို တစ်ပါးသူ သိရှိခံစားနားလည်လာအောင် ပန်းချီ၊ ပန်းပုပညာရပ်၊ အတီးအမှုတ် အကအခုန် ပညာရပ်၊ အရေးအသားပညာရပ်တို့ဖြင့် ဖန်တီးတင်ပြနိုင်စွမ်းရှိကြပါတယ်။ သူတစ်ပါးရဲ့ ခံစားချက်များကို တွေ့မြင်ရပါက ယင်းခံစားချက်ရဲ့ သရုပ်အပြည့်အစုံကို တစ်ပါးသူ သိရှိနားလည်အောင် အနုပညာစွမ်းနဲ့ ဖော်ပြနိုင်စွမ်းရှိကြပါတယ်။



အနုပညာရှင်တို့ရဲ့ သရုပ်ဖော်ချက်များဟာ သဘာဝယုတ္တိရှိရန် အထူးလိုအပ်ပါတယ်။ သဘာဝယုတ္တိရှိမှု အာရုံခံအင်္ဂါစုတွင် တွေ့သိခံစားမှုတို့ ဖြစ်ထွန်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ထုတ်ဖော်မှု၊ သဘာဝယုတ္တိရှိမှု၊ တွေ့ထိမှု၊ ခံစားမှုတို့ဟာ အနုပညာရပ်ရဲ့ အဓိကဇစ်မြစ်ပဲ ဖြစ်ပါတယ်။ အနုပညာရှင်တို့ရဲ့ သရုပ်ဖော်တင်ပြချက်များဟာ သဏ္ဌာန်လုပ် သရုပ်ဖော်ခြင်းမျှသာဖြစ်ကြတယ်။ အချို့သော ပန်းချီကားချပ်တို့ဟာ သဘာဝဝတ္ထုပစ္စည်းတွေနဲ့ ကွာခြားနေတာကို တွေ့ရသလို သရုပ်ဆောင်လူပ်ရှားမှုများကလည်း ဟန်အမူအယာမျှသာ ဖြစ်ကြပါတယ်။



အနုပညာရပ်ကို လေ့လာရာတွင် စိတ်ဝင်စားမှုရှိရန် အထူးလိုအပ်ပါတယ်။ ပညာရပ်တစ်ခုကို လေ့လာရာမှာ စိတ်ဝင်စားမှုမရှိဘဲ လေ့လာပါက သိမြင်မှု၊ တတ်မြောက်မှု၊ ကျွမ်းကျင်မှုများရရှိရန် အလွန်ခဲယဉ်းပါတယ်။ ဒါ့အပြင် ဇွဲလုံ့လရှိရန်လည်း လိုအပ်ပါတယ်။ အနုပညာရပ်ဟာ စိတ်ကူးယဉ်ဆန်သကဲ့သို့ တိကျသောအကြောင်းအချက်တွေလည်း ရှိကြပါတယ်။ ဒါကြောင့် လွယ်လွယ်နဲ့ အောင်မြင်ဖို့တော့ ခဲယဉ်းပါတယ်။ စိတ်ဝင်စားမှုရှိရမယ်၊ ဇွဲလုံ့လနဲ့ လေ့လာရမယ်၊ လေ့ကျင့်ရမယ်။ ဒါမှသာ အနုပညာရပ်ရဲ့ အောင်မြင်မှုသော့ချက် ရှာတွေ့မှာ ဖြစ်ပါတယ်။

အနုပညာရပ်ကို ဆည်းပူးလေ့လာ၊ လေ့ကျင့်ကြရာမှာ တစ်ဦးတစ်ယောက်တည်း လေ့ကျင့်နည်းနဲ့ အစုလိုက်လေ့ကျင့်နည်းဆိုပြီး နှစ်နည်းရှိတာကို တွေ့ရတယ်။ တစ်ဦးတည်း လေ့ကျင့်ရာမှာ ပတ်ဝန်းကျင်အနှောင့်အယှက်ကင်းမဲ့စွာ လေ့ကျင့်လေ့ရှိတာကြောင့် အကျိုးသက်ရောက်မှုရှိပေမယ့် လိုအပ်ချက်ကို ထောက်ပြပြုပြင်ပေးမယ့်သူမရှိတာကြောင့် ကျွမ်းကျင်တတ်မြောက်အောင် အချိန်များစွာလိုအပ်တတ်ပါတယ်။

အနုပညာရပ်ဟာ ဓိတ်ကူးယဉ်ဆန်သကဲ့သို့ ဘိုကျသော အကြောင်းအချက်တွေလည်း ဂိုကြပါတယ်။ ဒါကြောင့် လှယ်လှယ်နဲ့ အောင်မြင်ဖို့တော့ ခဲယဉ်းပါတယ်။ စိတ်ဝင်စားမှုရှိဂမယ်၊ ဇွဲလုံ့လနဲ့ လေ့လာဂမယ်၊ လေ့ကျင့်ဂမယ်။ ဒါမှသာ အနုပညာရပ်ကဲ့ အောင်မြင်မှုသေချာကို ဂွာတွေ့မှာဖြစ်ပါတယ်။

အစုလိုက် လေ့ကျင့်ရာမှာလည်း စိတ်ခံစားမှု စုစည်းနိုင်ရန် မလွယ်ကူတာကြောင့် အားနည်းချက်ရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် စိတ်ဝင်စားမှုနဲ့ ဇွဲလုံ့လရှိမှပေါ် အခြေခံထား လေ့လာကြရန် တိုက်တွန်းလိုပါတယ်။

အခုဆိုရင် အနုပညာရပ်အကြောင်းကို အတော်အသင့် သိရှိနားလည်လောက်ပြီ ထင်ပါတယ်။ ဆက်ပြီးတော့ အနုပညာရပ်အမျိုးမျိုးထဲက ပန်းချီပညာရပ်ရဲ့အခြေခံသဘောတရားများကို ဆက်တင်ပြပေးပါမယ်။ ပန်းချီပညာရပ်ကို လေ့လာရာတွင် မျဉ်းကြောင်းတွေအကြောင်း သိထားဖို့ လိုပါတယ်။ ပန်းချီရေးဆွဲရာမှာ မျဉ်းဖြောင့်နဲ့ မျဉ်းကွေး(ကောက်)ကို အခြေခံရေးဆွဲကြတာ တွေ့ရပါတယ်။ ပန်းချီကားချပ်များကို ရေးဆွဲရာတွင် မျဉ်းဖြောင့် မျဉ်းကောက်တို့နဲ့ ပုံကြမ်းလောင်းရတယ်။

မျဉ်းကြောင်းဖြင့် ပုံအမျိုးမျိုးတို့ကို ရေးဆွဲတယ်။ မျဉ်းကြောင်းနှစ်ကြောင်းကို ဆက်ခြင်းအားဖြင့် ထောင့်ပါတဲ့ ပုံသဏ္ဌာန်များကို ရေးဆွဲနိုင်တယ်။ မျဉ်းကြောင်း သုံးကြောင်းကို ဆက်ခြင်းအားဖြင့် သုံးထောင့်ပုံသဏ္ဌာန်ကို ရေးဆွဲနိုင်တယ်။ မျဉ်းဖြောင့်များနဲ့ ရေးဆွဲနိုင်တဲ့ပုံတွေမှာ လေးထောင့်၊ ခြောက်ထောင့်၊ ရှစ်ထောင့် စတဲ့ပုံသဏ္ဌာန်တွေဖြစ်ကြတယ်။ မျဉ်းကောက်တွေနဲ့ ရေးဆွဲနိုင်တဲ့ ပုံသဏ္ဌာန်များမှာ စက်ဝိုင်းနဲ့ အခြားပုံသဏ္ဌာန်ဖြစ်တယ်။ မျဉ်းဖြောင့် မျဉ်းကောက်တို့ကို ပေါင်းစပ်ပြီး အရာခပ်သိမ်းသော ပုံသဏ္ဌာန်များကို ရေးဆွဲနိုင်ကြတယ်။

ပန်းချီကားချပ်တွေကို ရေးဆွဲရာမှာ မျက်နှာပြင်ရေးဆွဲခြင်းနဲ့ ထုထည်ရေးဆွဲခြင်း အမှုတွေ ရှိကြတယ်။ မျက်နှာပြင်ရေးဆွဲခြင်းဆိုတာက အရာဝတ္ထုတို့ရဲ့ မျက်နှာပြင်ကို ရေးဆွဲထားခြင်းဖြစ်တယ်။ စဉ်လာအားဖြင့် အရာဝတ္ထုတို့ရဲ့ နေရာလပ်ယူထားတဲ့ ဇရိယာကို မျဉ်းဖြင့်ဘောင်ခတ်ထားခြင်း ဖြစ်တယ်။ ထုထည်ရေးဆွဲခြင်းဆိုတာက အရာဝတ္ထုတို့ကို ရုပ်လုံးဖော်ပြီး ရေးဆွဲထားခြင်းဖြစ်တယ်။ ရုပ်လုံးဖော်တဲ့ ရေးဆွဲခြင်းတို့ဟာ အလင်းအမှောင်တို့နဲ့ စိမံကြရတယ်။

ပန်းချီရေးဆွဲရာမှာ အလင်းအမှောင်ငါးမျိုးငါးစား ရှိကြတယ်။ ဒါတွေကတော့-

(၁) အရာဝတ္ထုတို့၏ အသားရောင်
(၂) အလင်းရောင်ကျသောအရောင်
(၃) အမှောင်ရောင်သန်းသောအရောင်
(၄) အမှောင်ရောင်နှင့်
(၅) ရောင်ပြန်ဟပ်ရောင်တို့ ဖြစ်ကြတယ်။

အရာဝတ္ထုတို့ရဲ့ အသားဆိုတာက အရာဝတ္ထုတို့မှာရှိတဲ့ အရောင်အဆင်းတွေ ဖြစ်ကြတယ်။ ဒါကြောင့် အရာဝတ္ထုတွင်ရှိတဲ့ သဘာဝရောင် သို့မဟုတ် သုတ်လိမ်းထားသော အရောင်များဖြစ်ကြတယ်။

အလင်းရောင်ကျတဲ့ အရောင်ဟာ အသားရောင်ထက် တောက်ပဖြူဖျော့တယ်။ ဆိုလိုတဲ့သဘောမှာ အရာဝတ္ထုတို့ အပေါ်မှာ အလင်းရောင်များကျရောက်တဲ့အခါ အရာဝတ္ထုတွင်ရှိတဲ့ အရောင်အဆင်းတို့ဟာ အလင်းရောင်ကြောင့် ဖြူဖျော့ပြီး တောက်ပလာကြတယ်။

အမှောင်သန်းတဲ့ အရောင်တွေဟာ အသားရောင်ထက် မည်းမှောင်သော်လည်း အသားရောင်ကို လုံးဝလွှမ်းမိုးနိုင်စွမ်း မရှိဘူး။ ဒါကြောင့် အဓိကအရောင်အသွေးတို့ဟာ အလင်းရောင်ရှိတဲ့ အရောင်အသွေးဖြစ်တယ်။

အမှောင်ရောင်ဆိုတာက အလင်းရောင်မဲ့တဲ့ အရောင်တွေဖြစ်တယ်။ အသားရောင်တွေဟာ အလင်းရောင်မရှိတဲ့အခါ ရူပဗေဒ သဘောများအရ မည်းမှောင်သွားကြတယ်။

ရောင်ပြန်ဟပ်ရောင်တွေဟာ အလင်းရောင် ပြန်မဟပ်တဲ့ အရောင်တွေဖြစ်ကြတယ်။ အများအားဖြင့် အမှောင်ရောင် စပ်မျဉ်းတွေမှာ ရှိတတ်ကြတယ်။ အဲဒီအရောင်တွေမှာ အလင်းရောင်ကျတဲ့အရောင်တို့နဲ့ ခွဲခြားမှုရှိကြတယ်။

အလင်းရောင်နဲ့ ဆေးရောင်တို့ဟာ မူလအရောင်သုံးမျိုးကို အခြေခံကြတယ်။ ယင်းအခြေခံ သုံးရောင်တို့မှာ (၁) အနီ (၂) အပြာနှင့် (၃) အဝါတို့ဖြစ်ကြတယ်။ ယင်းအခြေခံသုံးရောင်တို့ကို ရောစပ်ခြင်းဖြင့် ရောစပ်ရောင်များဖြစ်ကြတယ်။ ဥပမာ အနီရောင်နဲ့ အဝါရောင်ကို ရောစပ်ရင် လိမ္မော်ရောင်ရတယ်။ အဝါရောင်နဲ့ အပြာရောင်ကိုရောစပ်ရင် အစိမ်းရောင်ရတယ်။ အပြာရောင်နဲ့ အနီရောင်ကိုရောစပ်ရင်





ခရမ်းရောင်ရတယ်။ ထိုနည်းအားဖြင့် အရောင်အမျိုးမျိုးတို့ကို ရောစပ်နိုင်ကြတယ်။

အလင်းရောင်နဲ့ ဆေးရောင်တို့မှာ ကွာခြားချက်တွေရှိကြတယ်။ အခြေခံ ဆေးရောင် သုံးမျိုးတို့ကိုရောစပ်ရင် အမဲရောင် ဖြစ်လာကြပြီး အခြေခံအလင်းရောင်သုံးမျိုး တို့ကို ရောစပ်ရင် အရောင်မဲဖြစ်လာကြတယ်။

အရောင်တွေမှာ အပူရောင် အအေး ရောင်ဆိုပြီး ခွဲခြားမှုရှိကြတယ်။ အပူရောင် ဆိုတာက အနီရောင်၊ အဝါရောင်နဲ့ အနီ အဝါများတဲ့ အရောင်တွေဖြစ်ကြတယ်။ အအေးရောင်ကတော့ အပြာနုနဲ့ အပြာ ရောင်များတဲ့ အရောင်တွေဖြစ်ကြတယ်။ အဖြူရောင်နဲ့ အမည်းရောင်တို့က အအေး ရောင်လို့ ထင်မှတ်နိုင်ပေမယ့်လည်း အပူ ရောင်တွေ ဖြစ်ကြတယ်။

ပန်းချီရေးဆွဲရာမှာ ဆေးရောင်တွေ ကို ၁ ချိုး ၄ ချိုး နဲ့ ၃ ချိုး ၄ ချိုး အချိုး အစားတို့နဲ့ရေးဆွဲကြတယ်။ ဥပမာ ပန်းချီ ကားချပ်တစ်ခုမှာ အအေးရောင်ကားချပ်ရဲ့ ၁ ချိုး ၄ ချိုး ချိုးရှိရင် အပူရောင်ကို ၃ ချိုး ၄ ချိုးထားပြီး ရေးဆွဲရတယ်။ အပူ ရောင်ကို ၁ ချိုး ၄ ချိုးထားရင် အအေး ရောင်ကို ၃ ချိုး ၄ ချိုးထားလေ့ရှိကြတယ်။

ဆေးတွေကတော့ အမျိုးမျိုးရှိကြ တယ်။ ယေဘုယျအားဖြင့် ရေဆေး၊ ဆီ ဆေး၊ ရှိကပ်ဆေး၊ ခဲတံဆေး၊ ဖယောင်း ဆေးနဲ့ အခြားဆေးရောင်တွေ ရှိကြတယ်။

ရေဆေးတွေဟာ ပါးပြီး သန့်ရှင်းမှုကို အဓိကထားကြတယ်။ ရေဆေးတွေကို ရေး ဆွဲရာမှာ ဆေးရောင်အမျိုးမျိုးတို့ကို ရော စပ်ပြီး ဆွဲနိုင်သော်လည်း အရောင်တစ်မျိုး တည်းဖြစ်အောင် သမစွာရောစပ်ရပြီး ရေး ဆွဲသောအခါတွင်လည်း ပါးနိုင်သမျှပါးရန် ကို ဦးစားပေးရတယ်။

ဆီဆေးတွေဟာ အတုံးလိုက် အတစ် လိုက် ရေးဆွဲခြင်းကို ဦးစားပေးကြတယ်။ ဆီဆေးတွေကို ရေဆေးကဲ့သို့ သွက်လက် မှု မရှိတာကြောင့် ရေနဲ့မျှောခြင်း စတဲ့ အမှုမျာကိုရေးဆွဲဖို့ ခဲယဉ်းတယ်။ ဒါပေမဲ့ ဆေးရောင်တို့ကို အတုံးလိုက် အတစ်လိုက် ရေးဆွဲမှုတို့မှာ သီးခြားကိုယ်ပိုင် သဘာဝ ကြောင့် ရှုပျော်ရာဖြစ်နိုင်တယ်။

ရှိကပ်ဆေးရောင်တွေဟာ ထူပိန်းစွာ ရေးဆွဲရာမှာ အသုံးဝင်တယ်။ ရှိကပ်ဆေး တွေဟာ ရေဆေးလို သွက်လက်ခြင်းမရှိ ပေမယ့် ဆီဆေးလို စေးကပ်ခြင်းမရှိတာ ကြောင့် ရေးဆွဲတဲ့ပန်းချီကားချပ်တို့ဟာ တစ်မျိုးတစ်ဖုံ ရှုပျော်ဖွယ်ဖြစ်တယ်။

ပန်းချီကားချပ်တွေကို ရေးဆွဲတဲ့အခါ အချိုးအစားနဲ့ အတိုင်းအထွာတွေကို အခြေ ခံကြတယ်။ အကြောင်းမှာ အချိုးအစားနဲ့ အတိုင်းအထွာမှန်ကန်မှ ရေးဆွဲတဲ့ပန်းချီ ကားချပ်တွေဟာ ရှုပျော်ဖွယ်ရာ ဖြစ်နိုင် တယ်။



လူပုံရေးဆွဲတဲ့ ပန်းချီအချိုးအစားရှိတယ်။ အဲဒီအချိုးအစားမှာ ''ခွေသုံး၊ ထိုင်ငါး၊ ရပ်ခုနစ် လူ၏အရပ်အမောင်းဖြစ်။ သုံးချိုးငါးဆစ် မျက်နှာချစ်။ မျက်နှာ လက်လေးသစ်''ဖြစ်တယ်။ အဲဒီအဆိုရဲ့ အနက်အဘော်မှာ အရပ်အမောင်းတို့ဟာ ဦးခေါင်းရဲ့ အလျား ခုနစ်ဆရှိရမယ်၊ ထိုင်နေတဲ့ပုံဟာ ဦးခေါင်းရဲ့ အမြင့်ငါးဆရှိရမယ်၊ တင်ပလ္လင်ခွေထိုင်တဲ့ပုံဟာ ဦးခေါင်းအမြင့်ရဲ့ သုံးဆရှိရမှာဖြစ်တယ်။ မျက်နှာကို ရေးဆွဲရာမှာလည်း မျက်နှာရဲ့ အလျားဟာ နှာတံအလျား သုံးဆရှိပြီး မျက်နှာရဲ့ အကျယ်ဟာ မျက်လုံးအလျားရဲ့ ငါးဆရှိရမယ်။ ဒါ့အပြင် မျက်နှာရဲ့ အရှေ့အကျယ်ဟာ လက်လေးသစ်ခန့် ရှိအပ်တယ်လို့ ဆိုခြင်းဖြစ်တယ်။

ပန်းချီကားချပ်တွေကို ရေးဆွဲတဲ့အခါမှာ သတိပြုအပ်တဲ့အချက်တွေရှိတယ်။ အဲဒီအချက်တွေက နီးကပ်ရင် ကြီးမားထင်ရှားပြီး ဝေးကွာရင် သေးငယ်မှုန်မှားတဲ့အချက်







ဖြစ်တယ်။

ပန်းချီပညာရပ်တွေကို မျဉ်းကြောင်းတွေနဲ့လေ့ကျင့်တဲ့ အစဉ်အလာတွေရှိကြတယ်။ ယေဘုယျအားဖြင့် မျဉ်းဖြောင့်မျဉ်းကောက်တွေကို စတင်လေ့ကျင့်ကြပြီး လွယ်ကူတဲ့ပုံတူတွေကို ကူးရေးကြတယ်။ အလေ့အကျင့် တော်သင့်လာရင် သက်မဲ့အရာဝတ္ထုတွေကို ရေးဆွဲခြင်း၊ ရှုမျှော်ခင်း ရေးဆွဲခြင်းတွေကို လေ့ကျင့်ကြတယ်။ အဲဒီနောက် လူကို ပုံကြမ်းရေးဆွဲကြတယ်။ အစမှာ ပုံတွေကို ခဲတံနဲ့လေ့ကျင့်ကြပြီး ပုံကြမ်းကို ကျင်လည်စွာ ရေးဆွဲနိုင်တဲ့အခါ ရေဆေးနဲ့ ဆီဆေးတို့ကို ရေးဆွဲကြတယ်။

ပန်းချီပညာရပ်တွေကို လိုက်စားတဲ့သူတွေဟာ ကွင်းဆင်းလေ့ကျင့်မှုတွေကို မကြာမကြာ ပြုလုပ်ကြရတယ်။ ပန်းချီပညာတို့ဟာ အနုပညာရပ်တွေဖြစ်တာကြောင့် သဘာဝဖြစ်ရပ်တို့ရဲ့ ခံစားမှုတွေကို ဖော်ထုတ်နိုင်ဖို့ သဘာဝဖြစ်ရပ်တွေကို လက်တွေ့ လေ့လာနိုင်ရတယ်။

ဒါကြောင့် ပန်းချီပညာကို လေ့လာလိုက်စားတဲ့သူတွေဟာ ပုံလောင်းမှတ်စုစာအုပ်ကိုထားအပ်ကြတယ်။ ပန်းချီပညာကို လေ့လာလိုက်စားတဲ့သူတို့ဟာ ခရီးလမ်းများမှာ အလွန်ကောင်းတဲ့ ခံစားချက်တွေကို တွေ့မြင်ရတဲ့အခါ အဲဒီခံစားချက်ကို မေ့ပျောက်မသွားစေဖို့ ပုံလောင်းမှတ်စုစာအုပ်မှာ အမြန်ရေးဆွဲထားပြီး အိမ်ကိုရောက်တဲ့အခါ အဲဒီခံစားချက်ကို စနစ်တကျရေးဆွဲတဲ့ စဉ်လာရှိကြတယ်။

ကဲ– ဒီလောက်ဆိုရင် အနုပညာရပ်များရဲ့ အခြေခံလေ့လာမှုအကြောင်းကို တီးမိခေါက်မိအောင် လေ့လာတင်ပြပြီး ဖြစ်ပါတယ်။ ထိုအသိများကို အခြေခံပြီး ဆက်လက်လေ့လာဆည်းပူးစေချင်ပါတယ်။ အနုပညာရပ်ဝန်းထဲက ပန်းချီအနုပညာကိုသာ ဦးစားပေးတင်ပြပေးခဲ့တာ ဖြစ်ပါတယ်။ အဓိကတိုက်တွန်းလိုတာကတော့ ပညာရပ်တစ်ခုကို လေ့လာဆည်းပူးရာမှာ စိတ်ဝင်စားမှုနဲ့ ဇွဲလုံ့လဝီရိယရှိမှုတို့ကို အခြေခံထားကာ တိုး၍တိုး၍ လေ့လာသွားကြပါလို့ တိုက်တွန်းပါရစေ။

ကိုစော(ပထဝီဝင်)
မှီငြမ်း – မျိုးမြင့်စော၏
'ဘာသာစုံ စာပေလေ့လာနည်း'

သေမှုဝင်ငွေ ဖြစ်သားတို့ အကျိုး

ဇာတ်လမ်းအစ နောင်လိုင်က

၁၉၇၈ ခုနှစ်က နောင်လိုင် ပါဖန်တိုက်ပွဲကြီး။

သွေးချောင်းစီးခဲ့သော ထိုတိုက်ပွဲကြီး၌ ကျွန်တော်သည် တပ်ခွဲတစ်ခွဲကို ဦးစီးပါဝင်တိုက်ခိုက်ခဲ့ရ၏။

အသူရာဟု ကျွန်တော်တို့ အမည်ပေးထားသော ဗကပတို့သည် ၁၉၇၈ ခုနှစ်၊ မတ်လဆန်းတွင် တပ်မဟာ(၈)၊ တပ်မဟာ (၁၂)နှင့် ပြည်သူ့စစ်များပူးပေါင်းအင်အား ၂၅၀၀ ခန့်ဖြင့် ကျွန်တော်တို့၏ လားရှိုး အရှေ့ခြမ်းဒေသရှိ နောင်လိုင်စခန်း၊ ပါဖန်စခန်း၊ ပွိုင့် ၆၀၄၁ စခန်း၊ နမ့်မူဆယ်စခန်းများအား တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လေတော့သည်။





ထိုစခန်းများမှာ မဆုတ်တမ်း ခံစစ် စခန်းများဖြစ်သော်လည်း အသူရာတို့၏ အဆမတန်သာလွန်သော လူအင်အားအသုံးပြုနိုင်ခြင်း၊ လက်နက်ကြီးကျည်ဆန်များ ဖောဖောသီသီသုံးနိုင်ခြင်း၊ ၎င်းတို့အတွက် Logistic ခေါ် အုပ်ချုပ်ထောက်ပံ့မှုလွယ်ကူခြင်း၊ Line of Communication ခေါ် ဆက်သွယ်ရေးလမ်းကြောင်း တိုတောင်းခြင်း စသည့်အားသာချက်များကြောင့် ပွိုင့် ၆၀၄၁ စခန်းမှလွဲ၍ ကျန်စခန်းများမှာ အသူရာတို့လက်တွင်းသို့ အချိန်တိုတိုနှင့် ကျဆုံးခဲ့ရပေသည်။

အသူရာတို့သည် ၁၉၇၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့၌ မိုင်းမောဒေသမှ ထွက်ခွာလာကြပြီး သံလွင်မြစ်အား နောင်လိုင်စခန်းအရှေ့ဘက် တာဆိုင်းလျှံ ကူးတို့မှ အလုံးအရင်းဖြင့် ဖြတ်ကူးကြ၍ စစ်ကြောင်းများ အသီးသီးခွဲကာ အထက်ဖော်ပြပါ စခန်းများသို့ ချီတက်ကြ၏။ နောက်တစ်နေ့ မတ်လ ၇ ရက် နံနက်စောစော၌ စခန်းအားလုံးကို လက်နက်ကြီးများ တရစပ်ပစ်ခတ်ကာ Human Wave ခေါ် လူလိုင်းစစ်ဆင်ရေးနည်းနာကိုအသုံးပြု၍ တိုက်ခိုက်လေတော့ရာ ထိုနေ့မှာပင် ပါဖန်စခန်းနှင့် နန့်မူဆယ်စခန်းများ ကျဆုံးပြန်၏။ ဗိုလ်မှူး သီဟသူရသိန်းထွန်းတင်ကွပ်ကဲသော ပွိုင့် ၆၀၄၁ စခန်းတစ်ခုသာ ရက်ပေါင်းအတော်ကြာကြီကြီခံနိုင်ခဲ့၏။

အသူရာတို့ သံလွင်မြစ်ဖြတ်ကူးချိန်မှာပင် ထိုသတင်းကို ကျွန်တော်တို့ အထက်ဌာနများမှ ရရှိခဲ့၏။ အနီးဆုံးတပ်ဖြစ်သော မိုင်းရယ်နှင့် တန့်ယန်းတပ်ရင်းများမှ အရန်တပ်ခွဲများအား ရှေ့တန်းစခန်းများသို့ အမြန်စေလွှတ်ခဲ့သည်။ ကျွန်တော်နှင့် ဗိုလ်ကြီးခင်မောင်အုံး ဦးစီးသော မိုင်းရယ် အရန်တပ်ခွဲသည် မတ်လ ၆ ရက်နေ့ည၌ တပ်ရင်းဌာနချုပ်မှ ယာဉ်များဖြင့်ထွက်ခွာပြီး မတ်လ ၇ ရက်နေ့ နံနက်၌ တန့်ယန်းသို့ ရောက်ရှိလေသည်။ တန့်ယန်းဗျူဟာမှူးဗိုလ်မှူးကြီးချက်များရယူကာ နားညာအထိယာဉ်များဖြင့် နားညာမှ နောင်လိုင်သို့ ခြေလျင်ချီတက်ခဲ့ကြ၏။ လမ်းခုလတ် သံခမောက်တောင်၌ တန့်ယန်းမှ ကြိုရောက်နေသော တန့်ယန်းအရန်တပ်ခွဲဖြင့်ပူးပေါင်းကာ နောင်လိုင်သို့ ဆက်လက်ချီတက်ကြရ၏။ မတ်လ ၈ ရက်နေ့ မနက် ၈ နာရီခန့်၌ ကျွန်တော်တို့၏စစ်ကြောင်းသည် နောင်လိုင်မှဆင်းလာသော အသူရာအင်အား ငါးရာကျော်နှင့် တန့်ယန်း နောင်လိုင် ကားလမ်းမကြီးပေါ်၌ ပန်းမွန်းစခန်းခေါ် ပန်းမွန်းတောင်ရွာကလေးတွင် ရုတ်ချည်းရင်ဆိုင်တွေ့ဆုံကာ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားကြလေတော့သည်။

အသူရာတို့သည် ၆၀ မီလီမီတာ စိန်ပြောင်းများ၊ ၈၂ မီလီမီတာ စိန်ပြောင်းများ၊ ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်များ၊ ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီးများ၊ R.P.G ခေါ် ဂုက်ပျောဖူးလောင်ချာများကို ဖောဖောသီသီကြီး အသုံးပြု၍ ကျွန်တော်တို့ စစ်ကြောင်းကို ဝိုင်းဝန်းတိုက်ခိုက်လေတော့၏။ ထိုနေ့ နေ့လယ်၌ နောင်လိုင်နှင့် နန့်မူဆယ်မှ အသူရာစစ်ကူများထပ်ဆောင်းရောက်ရှိလာကာ ကျွန်တော်တို့စစ်ကြောင်းအား လေးဘက်လေးတန်မှ ဝိုင်းပတ်တိုက်ခိုက်ကြသဖြင့် ညနေသုံးနာရီ၌ ကျွန်တော်တို့သည် တိုက်ပွဲနေရာမှ ခွာစစ်ဆင်ရလေတော့၏။

အသူရာတို့သည် တိုက်ပွဲအစပိုင်း၌ စခန်းလေးခုအနက် သုံးခုကိုရရှိသွားသဖြင့် စိတ်ဓာတ်များတက်ကြွလျက် တန့်ယန်းမြို့ကိုပင် မြိမ်းခြောက်ထိပါးရန်ရည်ရွယ်၍ တောင်ဘက်သို့ ဆင်းချလာကြ၏။ ထိုရန်သူများနှင့် ကျွန်တော်တို့၏ တန့်ယန်းမှ ချီတက်လာသော နည်းဗျူဟာကွပ်ကဲမှုအောက်မှ တပ်ဖွဲ့များ ဆုံကွေ့ဒေသတစ်ဝိုက်တွင် ဆုံတွေ့ကာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားကြပြန်၏။ လူလိုင်းစစ်ဆင်ရေးဖြင့် မြောက်ဘက်မှဆင်းချလာသော အသူရာများသည် ကျောက်ဆောင်ကြီးကို ဝင်တိုးကြသော ပင်လယ်လိုင်းလုံးကြီးများနှယ် ဆုံကွေ့ရှိ ကျွန်တော်တို့၏ ပင်မတပ်ဖွဲ့ကြီးနှင့် တွေ့ဆုံသောအခါ ရပ်တန့်သွားလေတော့၏။ မတ်လ ပထမပတ်မှစတင်သော တိုက်ပွဲများသည် မတ်လနောက်ဆုံးပတ်ကျမှ ပြီးဆုံးတော့၏။ တိုက်ပွဲကာလ ရက်ပေါင်း နှစ်ဆယ်နီးပါး ကြာမြင့်သွား၏။ ကျဆုံးခဲ့သော စခန်းများအားလုံး ပြန်သိမ်းနိုင်ပြီး အသူရာများကိုလည်း သံလွင်အရှေ့ဘက်ကမ်းသို့ ပြန်လည်မောင်းထုတ်လိုက်နိုင်၏။ သို့ရာတွင် ပေးလိုက်ရသောတန်ဖိုးကား မနည်းမနော်ပါပေ။

ထိုတိုက်ပွဲကြီး၌ ကျွန်တော်ပါဝင်သော တပ်ခွဲတစ်ခုတည်းမှပင် လူ ၂၄ ဦး ကျဆုံးခဲ့ပြီး၊ ၁၀ ဦး ပျောက်ဆုံး၍ ၁၀ ဦး ဒဏ်ရာရရှိခဲ့လေသည်။ လူ ၆၀ ပါဝင်သော တပ်ခွဲ၌ ၁၀ ဦးသာ အကောင်းပကတိဖြင့် တပ်ကိုပြန်ရောက်ပါတော့သည်။

ကျဆုံး ပျောက်ဆုံးသူများထဲ၌ တစ်ဝက်က လူပျိုဖြစ်ပြီး၊ တစ်ဝက်က အိမ်ထောင်သည်များဖြစ်၏။

အိမ်ထောင်သည်များ၌ မနေ့တစ်နေ့ကမှ အိမ်ထောင်ကျပြီး လက်ထပ်ခွင့်တင်ထားဆဲ စစ်သည်များပါဝင်လေရာ မမျှော်လင့်သော လူမှုရေးကိစ္စနှင့် အုပ်ချုပ်မှုကိစ္စများကို ကြုံဆုံရလေတော့သည်။

တိုက်ပွဲပြီး၍ တပ်ပြန်ရောက်ပြီး နှစ်ရက် သုံးရက်အတွင်းမှာပင် ကျွန်တော့်တပ်ခွဲသို့လာပြီး ခေတ္တ တပ်ခွဲမှူးတာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်ကြီးခင်မောင်အုံး တပ်ပြောင်းရွှေ့သွားသဖြင့် ထိုကြုံရဆုံရ အုပ်ချုပ်မှုကိစ္စများအား ရှင်းလင်းရန် ကျွန်တော်ပင် တာဝန်ယူရတော့၏။

ကျွန်တော်တာဝန်ယူရသည့် လူမှုရေးကိစ္စများအနက် စိတ်မကောင်းအဖြစ်ဆုံးမှာ မြန်မာစကားပင် ရေရေလည်လည်မကျွမ်းကျင်သေးသည့် နောင်လိုင်ရွာမှ တရုတ်အမျိုးသမီး သုံးလေးဦး မုဆိုးမဖြစ်သွားရခြင်းပါတည်း။

မတ်လ ပထမပတ်မှစတင်သော တိုက်ပွဲများသည် မတ်လနောက်ဆုံးပတ်ကျမှ ပြီးဆုံးတော့၏။ တိုက်ပွဲကာလ ရက်ပေါင်း နှစ်ဆယ်နီးပါး ကြာမြင့်သွား၏။ ကျဆုံးခဲ့သော စခန်းများအားလုံး ပြန်သိမ်းနိုင်ပြီး အသူရာများကိုလည်း သံလွင်အရှေ့ဘက်ကမ်းသို့ ပြန်လည်မောင်းထုတ်လိုက်နိုင်၏။

ဤနေရာတွင် နောင်လိုင်ရွာအကြောင်းကို အတန်ငယ်တင်ပြလိုပါသေးသည်။

နောင်လိုင်ဆိုသည်ကား

နောင်လိုင်ဟု အများကခေါ်ကြသည်။ ရှမ်းအခေါ်ဖြစ်၏။ တကယ့်ရှမ်းသံစစ်စစ်ဖြင့် ခေါ်မည်ဆိုပါက နောင်လိုင်မဟုတ်ပါ။ နောင်လျှံသာဖြစ်၏။

နောင်ဆိုသည်မှာ အင်း၊

လျှံဆိုသည်မှာ အနီရောင်၊

နောင်လျှံ သို့မဟုတ် အင်းနီရွာဟု အဓိပ္ပာယ်ရလေသည်။

ထိုနောင်လျှံ သို့မဟုတ် ကျွန်တော်တို့အခေါ် နောင်လိုင်ရွာသည် တန့်ယန်းမြို့မြောက်ဘက်တည့်တည့် မိုင် ၂၀ ကျော် အကွာ၌ တည်ရှိသည်။ နေထိုင်သူများမှာ တရုတ်လူမျိုးသာဖြစ်၏။ ရှမ်းတရုတ်များဟု ခေါ်မည်ဆိုကလည်း ခေါ်နိုင်ပါသည်။ သို့ရာတွင် တစ်ရွာလုံး တရုတ်စကားသာပြောကြ၏။ ရှေးအခါက မြို့စားအုပ်ချုပ်သော ရွာဖြစ်သည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် မဝေးလှသောကြောင့် ထိုဒေသ၌ ရှေးပဝေသဏီကပင် တရုတ်လူမျိုးများ လာရောက်အခြေချ နေထိုင်မှုများရှိခဲ့၏။ သူတို့သည် သူတို့လူမျိုးများ အစဉ်အလာအတိုင်း ထိုဒေသ၌ စိုက်ပျိုးရေး၊ မွေးမြူရေးများကို အခြေခံသည့်စီးပွားရေးကုန်သွယ်မှုများဖြင့် အသက်မွေးဝမ်းကျောင်းကြလေသည်။ အလွန်အေးသော ရှမ်းကုန်းမြေမြင့်ဒေသဖြစ်ခြင်း၊ မြင့်မားဝေသီသည့် ကျောက်တောင်ကြီးများရှိခြင်း၊ မြေပြန့်လွင်ပြင် နည်းပါးခြင်းတို့ကြောင့် နောင်လိုင်သူ နောင်လိုင်သားများသည် စိုက်ပျိုးရေးအဖြစ် ပြောင်းဖူး၊ ဂျုံ၊ အာလူး၊ မြေပဲ၊ ပန်းနှမ်း စသည့် အအေးပိုင်း သမပိုင်းဒေသ၌ ဖြစ်ထွန်းသည့် ကောက်ပဲသီးနှံများကိုသာ စိုက်ပျိုးကြသည်။ သို့ရာတွင် အဓိကစိုက်ပျိုးသည့် သီးနှံကား ထိုကောက်ပဲသီးနှံများ မဟုတ်ပါ။ မူးယစ်ဆေးဝါးဟု အမည်ရသည့် ဘိန်းပင်များသာတည်း။

ဘိန်းကို အဘယ့်ကြောင့် အများအပြား စိုက်ကြပါသနည်း။ ရှင်းပါမည်။

၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလတွင် ကျွန်တော်သည် နောင်လိုင်စခန်းတာဝန်ယူရန်

တောင်ယာစပါး ငါးဇကိုက်တာနဲ့ ဘိန်းတစ်ဇကိုက်တာ ဝင်ငွေကျတော့ သွားတူတယ်၊ ဘိန်းစိုက်ရတာက စပါးထက်ပို လွယ်တယ်၊ ဒါကြောင့် ဘိန်းစိုက်ပြီး ရောင်းလို့ရတဲ့ငွေနဲ့ ကျွန်တော်တို့ တန့်ယန်းသွားပြီး ဆန်ဝယ်စားတယ်လေ၊ ဒီမြေကြီးနဲ့ ရာသီဥတုက ဘိန်းကျတော့ သိပ်ဖြစ်တယ်...



ရောက်သွား၏။ ထိုအချိန်၌ နောင်လိုင်တပ်စခန်းကုန်းဘေးရှိ တောင်ကုန်းအသီးသီး၌ အဖြူ၊ အနီ၊ အပြာ၊ ပန်းခရမ်း ရောင်စုံဖြာနေသည့် ဘိန်းပွင့်များနှင့် တစ်မျှော်တစ်ခေါ် ဘိန်းခင်းကြီးများကို တွေ့ရသည်။

အားလား နောင်လိုင်ဆိုတာ တကယ့် ဘိန်းစိုက်တဲ့ရွာကြီးပါလား။

ကျွန်တော်သည် ဤမျှ ကြီးမားကျယ်ပြန့်သော ဘိန်းခင်းကြီးကို တစ်ခါမှမတွေ့ဘူးသေးပါ။ ထို့ကြောင့် အလွန်အံ့သြသွား၏။

ရက်အနည်းငယ်အကြာ နောင်လိုင်ကျေးရွာလူကြီးများနှင့် သိကျွမ်းပြီးသည့်အခါ၌ ကျွန်တော်က ထို ဘိန်းခင်းကြီးများအကြောင်း မေးမိတော့၏။

''ဘယ်လိုလဲဗျာ၊ ခင်ဗျားတို့ရွာကြီးက ဘိန်း တအားစိုက်ပါလား၊ ဘာဖြစ်လို့ စပါးမစိုက်ဘဲ ဘိန်းတွေအများကြီး စိုက်တာလဲ''

''ကျွန်တော်တို့ဆီက စပါးစိုက်လို့ မဖြစ်ဘူး ဗိုလ်ကြီးရဲ့၊ ဒီက သိပ်အေးတာ၊ မြင့်လည်းမြင့်တယ်၊ မြေကြီးက ကျောက်တွေချည်းပဲ၊ စပါးစိုက်ရတာ ခက်တယ်''

''တောင်ယာစပါး မစိုက်ဘူးလား''

''နည်းနည်းပါးပါးတော့ စိုက်တယ်၊ ဒါပေမဲ့ တောင်ယာစပါး ငါးဇကိုက်တာနဲ့ ဘိန်းတစ်ဇကစိုက်တာ ဝင်ငွေကျတော့ သွားတူတယ်၊ ဘိန်းစိုက်ရတာက စပါးထက်ပို လွယ်တယ်၊ ဒါကြောင့် ဘိန်းစိုက်ပြီး ရောင်းလို့ရတဲ့ငွေနဲ့ ကျွန်တော်တို့ တန့်ယန်းသွားပြီး ဆန်ဝယ်စားတယ်လေ၊ ဒီမြေကြီးနဲ့ ရာသီဥတုက ဘိန်းကျတော့ သိပ်ဖြစ်တယ် ဗိုလ်ကြီးရဲ့''

ဟု ဆိုလေတော့သည်။

''ဒါနဲ့ဗျာ၊ ဒီဘိန်းတွေကျတော့ရော ဘယ်သွားရောင်းကြလဲ''

''ဘယ်မှ သွားမရောင်းရပါဘူး ဗိုလ်ကြီးရာ၊ နွေပေါက်ရင် ဝယ်တဲ့သူတွေက သူတို့အဆက်အသွယ်တွေနဲ့သူတို့ ကျွန်တော်တို့ရွာတွေကိုရောက်ပြီး လာဝယ်ကြတာပါပဲ''

''ဩော်...''

မေး၍သာမေးနေရသည်။ တကယ်ဆိုတော့ ဤ နောင်လိုင်ဆိုသော တရုတ်ရွာကြီးသည် M.T.A ခေါင်းဆောင် ဦးခွန်ဆာ၏ ဇာတိရွာကြီးဖြစ်၏။ ဦးခွန်ဆာသည် တစ်ရံရောအခါက နောင်လိုင်ကာကွယ်ရေးခေါင်းဆောင်ဖြစ်သည်။ နောင်လိုင်ရွာအနီးရှိ လွယ်မော်တောင်ကြီးကို အခွဲပြုပြီး နောင်လိုင် ကာကွယ်ရေးအား လွယ်မော်ကာကွယ်ရေးဟု ခေါ်ခဲ့ကြ၏။ ဦးခွန်ဆာသည် လွယ်မော်ကာကွယ်ရေး ခေါင်းဆောင်ဘဝ၌ ၎င်း၏တပ်ဖွဲ့ဝင်များ စားဝတ်နေရေးကို အကြောင်းပြုကာ ဘိန်းအရောင်းအဝယ်ကို စတင်ဆောင်ရွက်ခဲ့၏။ ယခု ကျွန်တော်တို့ရောက်နေသည့်နောင်လိုင်ဒေသနှင့် လားရှိုးတန့်ယန်းဒေသမှ ဘိန်းများကို စုဆောင်းဝယ်ယူပြီး ထိုင်း–မြန်မာနယ်စပ်ရှိ မူးယစ်ဆေးဝါးကုန်သည်များသို့ သွားရောက်ရောင်းချလေသည်။ ဤနည်းဖြင့် ဦးခွန်ဆာသည် M.T.A တပ်ဖွဲ့ကြီးကို ထူထောင်ခဲ့ပြီး ဘိန်းဘုရင်ခွန်ဆာဟု အမည်ရခဲ့၏။ လွန်ခဲ့သော နှစ်အနည်းငယ်ကမူ ဦးခွန်ဆာနှင့် M.T.A တပ်ဖွဲ့သည် မြန်မာ့တပ်မတော်ထံသို့ အကြွင်းမဲ့ လက်နက်ချအလင်းဝင်ခဲ့ကြ၏။

ဦးခွန်ဆာသည် နောင်လိုင်မြို့စား၏ ဒုတိယဇနီး တရုတ်အမျိုးသမီးမှ မွေးဖွားခဲ့သူလည်းဖြစ်၏။ ထို့ကြောင့် နောင်လိုင်ရွာ၌ တရုတ်လူမျိုးများသာ အများအပြားတွေ့နေရခြင်းဖြစ်သည်။ အိမ်ခြေ ရာကျော်ရှိသော ထိုနောင်လိုင်ရွာကြီး၌ အားလုံးနီးပါးမှာ တရုတ်များသာဖြစ်၏။ ကျွန်တော်သိသလောက် ရှမ်းအိမ်တစ်အိမ်နှင့် လွယ်လအိမ်တစ်အိမ်သာရှိ၏။ ထိုလွယ်လ အိမ်ပိုင်ရှင်ကား နောင်လိုင်လူကြီး ဦးပီခမ်း အိမ်ဖြစ်၏။ ရှမ်းအိမ်မှာ နောင်လိုင်မြို့စားနှင့် ဆွေမကင်း မျိုးမကင်း ကိုစိုင်းဌေးနု၏ အိမ်ဖြစ်၏။ သူသည် မန္တလေးတက္ကသိုလ်ကျောင်းထွက်ဖြစ်ပြီး နောင်လိုင်၌ အခြေချကာ အရောင်းအဝယ်များလုပ်ရင်း ကျေးရွာကိစ္စများ၌ ကျွန်တော်တို့ကို ဝိုင်းဝန်းကူညီနေသူလည်းဖြစ်၏။ ပေါင်းလို့သင်းလို့ကောင်းသည်။ ကျွန်တော်နှင့်လည်းအသက်အရွယ် မတိမ်းမယိမ်းပါပေ။ နောင်လိုင်တွင် တရုတ်လူမျိုးယောကျ်ားများ အလွန်နည်းသည်။ စျေးရောင်းနေသူ ယောကျ်ားစျေးသည် သုံးလေးငါးဦးနှင့် တရုတ်ကျောင်းဆရာ နှစ်ဦးသာ ကျွန်တော်တွေ့ဖူးသည်။ ကျွန်တော် မသိသဖြင့်–

''ရွာက ယောကျ်ားတွေ ဘယ်သွားကြသလဲဟင်''

ဟု မေးသောအခါ အတော်များများက ပြုံးကြ၏။ ဘာမှတော့ တိတိကျကျ အဖြေမပေးကြ။ သို့သော်ငြားလည်း ရွာရှိ အိမ်ထောင်ရှင် တရုတ်အမျိုးသမီးများကို ကိုယ်ဝန်ဆောင်များနှင့် အများအပြား ကျွန်တော် တွေ့ရသည်။ သူတို့ယောကျ်ားများကိုမူ ကျွန်တော် တစ်ခါမှမတွေ့ဘူးပါ။ ရွာထဲဆင်းလျှင် တရုတ်မများကိုသာ တွေ့ရ၏။

ဤသို့ ယောကျ်ားရှားပါးသော နောင်လိုင်ရွာကြီး၌ ကျွန်တော်သည် သုံးလကျော်လေးလနီးပါးနေခဲ့၏။ ကျွန်တော် ကိုင်ရသော တပ်ခွဲက ကျွန်တော့်အရင် နှစ်လသုံးလ စောရောက်နေသည်။ တပ်ခွဲမှူးအဟောင်း ဗိုလ်ကြီးဌေးလွင် ဆေးစစ်ခံသွားရန်ရှိ၍ ကျွန်တော်က တပ်ခွဲမှူးတာဝန်သွားလဲပေးရခြင်းဖြစ်သည်။

ကျွန်တော်သည် နောင်လိုင်စခန်းတာဝန်ယူပြီး ရက်ပိုင်းအတွင်းမှာပင် ရွာနှင့် ရင်းနှီးသွား၏။ ကျွန်တော့်တပ်စုမှူး ဗိုလ်လှထွန်းနှင့် တပ်ခွဲအရာခံဗိုလ် ဆရာကြီး စိုင်းမောင်ကြောင့်ပင်ဖြစ်သည်။ ဗိုလ်လှထွန်းသည် ရှမ်းပအို၀်။ အသက်က နှစ်ဆယ်သာသာ လူပျို၊ အသားဖြူဖြူနှင့် ရုပ်ချော၊ ဟောင်ကောင်ရုပ်ရှင်မင်းသား ချောင်ယူဖတ်ပုံစံမျိုး။ ထို့ပြင် သူသည် အားကစားထူးချွန်သူလည်းဖြစ်၏။ တက္ကသိုလ်ကျောင်းသားဘဝက တက္ကသိုလ်ဘောလုံးအသင်းလက်ရွေးစင်၊ ဘော်လီဘောလက်ရွေးစင်၊ ဘတ်စကတ်ဘောလက်ရွေးစင် ဖြစ်ခဲ့ဖူးသည်။ သူသည် အလုံးများကို အပေါက်ထဲသွင်းရသည့် အားကစားများ၌ အစွမ်းထက်သူဖြစ်၏။



အနှီ ထိုနောင်လိုင်ရွာကြီး၌ ဖော်ပြပါအားကစားကွင်းများလည်းရှိသည်။ ကစားကြသူများမှာ ယောကျ်ားလေးများ မဟုတ်ပါ။ နောင်လိုင်ရွာမှ တရုတ်မလေးများသာဖြစ်၏။ နောင်လိုင်ရွာ၌ မြန်မာစာသင်ကျောင်း မရှိသော်လည်း တရုတ်စာသင်ကျောင်းတော့ရှိ၏။ ထိုကျောင်းက ရွာမှကလေးများကို တရုတ်စာသင်ပေးသည်။ မြန်မာစာကိုမူ ကြားညှပ်သင်သည်။ သင်ကြားပေးသူများမှာ လားရှိုးနှင့် တန့်ယန်းမှ တရုတ်ဆရာနှင့် ဆရာမများဖြစ်ကြ၏။ တရုတ်ဆရာမတစ်ဦးသည် ဘတ်စကတ်ဘော အလွန်ကောင်း၏။ သူမ ဦးဆောင်၍ တရုတ်ကျောင်းမှ အမျိုးသမီးဘတ်စကတ်ဘောအသင်း ထောင်ထားသည်။ ဗိုလ်လှထွန်းက ထို အမျိုးသမီးဘတ်စကတ်ဘောအသင်းနှင့် မကြာခဏ တရုတ်ကျောင်းက ဘတ်စကတ်ဘောကွင်းသို့သွား၍ ဘတ်စကတ်ဘော ကစားတတ်ရာကျောင်းအသင်းက အပျိုပေါက်ကျောင်းသူတရုတ်မလေးများနှင့် ရင်းနှီးနေ၏။ ဘတ်စကတ်ဘောသာမကပါ တရုတ်ကျောင်း၌ အမျိုးသမီးဘော်လီဘောအသင်းလည်း ရှိ၏။ ဗိုလ်လှထွန်းနှင့်တပ်ခွဲက ဘော်လီဘော ကစားတတ်သူများ သွားကစားကြသည်။ လားရှိုးက တရုတ်ကျောင်းဆရာမသည် ဗိုလ်လှထွန်းနှင့် အသက်မတိမ်းမယိမ်းဖြစ်ပြီး မြန်မာစကား အလွန်ပီသည်။ သူမသည် အားကစားထူးချွန်သော ဗိုလ်လှထွန်းအား အလွန်သဘောကျ၏။ သူတို့ကျောင်းသို့ ဗိုလ်လှထွန်းရောက်သွားလျှင် ပျာပျာသလဲ ညှဉ်ခံတတ်၏။ ချက်ပြုတ်ကြော်လှော် ကျွေး

မွေးတတ်၏။ ထမင်းချက် ဟင်းချက်လည်း ကောင်းသည်။

''ဟေ့ . . . ဖိုးလှထွန်း၊ ဆရာမကို မင်းခေါ်ခဲ့ရင် ဒို့တပ်မှာ တရုတ်ခေါက်ဆွဲ ဆိုင် ဖွင့်လို့ရပြီကွ''

ဟု ကျွန်တော်က မထိတထိပြော သည့်အခါ သူက–

''စွာတယ် တပ်ခွဲမှူးရဲ့၊ မလုပ်နဲ့''

ဟု ပြန်ပြော၏။ တရုတ်ဆရာမက ရုပ်သိပ်မလှပါ။ ရွက်ကြမ်းရောဂါသာဖြစ်၏။

သူမကဲ့သို့ပင် ဗိုလ်လှထွန်းအား အလွန် သဘောကျနေသည့် အခြား တရုတ်အမျိုး သမီးကလေးတစ်ဦးလည်း ရှိ၏။ သူမမိဘ များသည် ထိုရွာကြီး၌ ချမ်းသာသူများအထဲ တွင် ပါဝင်၏။ မွေးမြူရေး၊ စိုက်ပျိုးရေးများ သာမက ရွာလယ်စျေး၌ စျေးဆိုင်ကြီးကြီး လည်းရှိသည်။ သူမသည် အသက် ၁၈ နှစ်ခန့်သာရှိသေး၏။ တရုတ်ရုပ်ရှင်မင်းသမီး ကြီး ချင်ဖေ့ဖေ့ ငယ်စဉ်ကရုပ်မျိုး၊ အသား အရေ ပြည့်ပြည့်ဖြိုးဖြိုး၊ တောင့်တောင့် တင်းတင်းနှင့် တရုတ်အမျိုးသမီးတို့ထုံးစံ အတိုင်း ပုရိသတို့စိတ်ဝင်စားသည့် ပစ္စည်း များကလည်း ခပ်ကြီးကြီး။

အမည်မှာ အတ်ဆွေဖြစ်၏။ သူမ သည်လည်း ဘတ်စကတ်ဘော၊ ဘော်လီ ဘော အလွန်ကောင်းလေသည်။ သူမ ဦး ဆောင်၍ နောင်လိုင်စျေးသူများမှလည်း ဘော်လီဘောနှင့်ဘတ်စကတ်ဘောအသင်း ထောင်ထား၏။ သူတို့စျေးအဖွဲ့ကလည်း စျေးနှင့်မလှမ်းမကမ်း၌ ဘော်လီဘောကွင်း နှင့် ဘတ်စကတ်ဘောကွင်း လုပ်ထား၏။ ဗိုလ်လှထွန်းနှင့် တပည့်များက ထိုကွင်းများ သို့လည်း သွားရောက်ပြီး ဘော်လီဘော၊ ဘတ်စကတ်ဘောကစား၏။ အားကစား ပွဲများ ပြီးသည့်အခါများ၌ တရုတ်ကျောင်း ဆရာမကဲ့သို့ပင် အတ်ဆွေကလည်း ဗိုလ်လှ ထွန်းအား သူမအိမ်ခေါ်သွားပြီး ကျွေးမွေး ပြုစုတတ်၏။ အတ်ဆွေသည်လည်း အချက် အပြုတ်၊ အကြော်အလှော် ကောင်းပေ သည်။ ဗိုလ်လှထွန်းခေါ်သွားသဖြင့် ထိုအိမ် သို့ ကျွန်တော်ရောက်သွားပြီး ထမင်းတစ်နပ် စားမိပြီးသောအခါ၌–

''ဟေ့–ဖိုးလှထွန်း၊ ဒါလေးက ငယ် လည်းငယ် လှလည်းလှ၊ အချက်အပြုတ် လည်း ကောင်းဆိုတော့ မဆိုးဘူးကွ၊ ဘယ့် နှယ်သဘောရလဲ၊ မောင်ရင်ကတော့ ဖူးစာ နှစ်ခိုင် ဖြစ်နေပြီဟေ့''

တရုတ်ရုပ်ရှင်မင်းသမီးကြီး ချင်ဖေ့ဖေ့ ငယ်စဉ်ကရုပ်မျိုး အသားအရေ ပြည့်ပြည့်ဖြိုးဖြိုး တောင့်တောင့်တင်းတင်းနှင့် တရုတ်အမျိုးသမီးတို့ထုံးစံအတိုင်း ပုရိသတို့စိတ်ဝင်စားသည့် ပစ္စည်းများကလည်း ခပ်ကြီးကြီး။

ဟု စလိုက်သောအခါ သူက ဘာမှ ပြန်မပြော၊ ပြုံးရုံသာ ပြုံးနေသည်။ အတ် ဆွေကို သူသဘောကျပုံရ၏။ သို့ရာတွင် တရားဝင်သမီးရည်းစား ဖြစ်နေပုံတော့မရ ပေ။ ယခုကဲ့သို့သာ သွားသွားလာလာ လုပ် နေခြင်းလောက်ပင် ဖြစ်ပါလိမ့်မည်။ သူက သာ တရားဝင်သမီးရည်းစား မရှိသေးသော် လည်း တပ်ခွဲက လူပျိုစစ်သည်အတော် များများက နောင်လိုင်က တရုတ်မလေး များနှင့် အများအပြား သမီးရည်းစားဖြစ်နေ ကြပြီ။

ဘော်လီဘော၊ ဘတ်စကတ်ဘော ကစားရင်း သမီးရည်းစားဖြစ်သွားကြသည်။ စျေးထဲတွင် နေ့စဉ်စျေးဝယ်ရင်း ရှမ်းခေါက် ဆွဲစားရင်း သမီးရည်းစားဖြစ်သွားကြသည်။ စျေးနေ့ အရက်တန်းတွင် အရက်ဝယ်ရင်း ရောင်းရင်း သမီးရည်းစားဖြစ်သွားကြသည်။ ညနေ ညနေ နောင်လိုင်ရွာလယ်ခေါင်က ရေတွင်းကြီး၌ ရေချိုးကြရင်းလည်း သမီး ရည်းစားဖြစ်သွားကြသည်။ တရုတ်မလေး တွေအတွက်တော့ ယောကျ်ားဆို၍ ကြိုက် စရာ ကျွန်တော်တို့စစ်သားများသာရှိသဖြင့် ချဉ်သီးနဲ့ဆား အတူထား လျှာဖျားကွဲခြေ မရဖြစ်ကာ ကြိုက်သွားကြခြင်းပါပေ။ အဖို နဲ့အမဆိုတော့ သဘာဝတရားအရ တရုတ် ဖြစ်ဖြစ်၊ ကုလားဖြစ်ဖြစ်၊ ဗမာဖြစ်ဖြစ်၊ ရှမ်း ဖြစ်ဖြစ် အတူထားလိုက်ရင်တော့ အိုးချင်း ထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်း ငြိ ဆိုတာ သဘာဝပဲမဟုတ်ပါလားခင်ဗျာ။

ဗိုလ်လှထွန်းပြီးတော့ ဆရာကြီးစိုင်း မောင် ခေါ် ဆရာကြီး သောင်းမောင် အကြောင်းကို ပြောချင်ပါသည်။

ဆရာကြီးစိုင်းမောင်သည် သီပေါရှမ်း ဖြစ်၏။ အသက် ငါးဆယ်နီးပါး အသား ဖြူဖြူ၊ အရပ်ရှည်ရှည်၊ အရပ်ရှည်သလို စိတ်လည်းအလွန်ရှည်လှ၏။ ထို့ပြင် သူ သည် တောလည်ခြင်း၊ အမဲပစ်ခြင်းများကို လည်း ဝါသနာထုံ၍ ကျွမ်းလည်း ကျွမ်းကျင် လေသည်။

နောင်လိုင်တွင် သူသည် သူကြီး ဦးပီ ခမ်းနှင့်ပေါင်း၍ တောလည်သည်။ တော မောင်းသည်။ အမဲပစ်သည်။ ရလာသည့် ချေ၊ ဆတ် စသည့်တောကောင်များကို စခန်းနှင့်ရွာ မျှတစွာခွဲဝေပေးပြီး ဦးပီခမ်း အိမ်၌ ထိုနေ့အတွက် နောင်လိုင်ဆေးစိမ် အရက်ဖြင့် တောကောင်ဝမ်းတွင်းသားချက် ပြီး ညစာသုံးဆောင်လေသည်။ ကျွန်တော့် ကိုလည်း ဖိတ်ခေါ်ကျွေးမွေး၏။ သူသည် လည်း ကျွန်တော့်ကဲ့သို့ ယမကာကြိုက်၏။ အပေါင်းအသင်းခင်မင်တတ်၏။ ရှမ်းလူမျိုး ဖြစ်ပြီး အထူးတလည် ရှမ်းစကားသင်ရန် မလို။ နောင်လိုင်ရွာကြီးမှာသာ တရုတ်ရွာ ဖြစ်သဖြင့် ပတ်ဝန်းကျင်ကျေးရွာများက ရှမ်း ရွာ၊ ပလောင်ရွာ၊ လွယ်လရွာများဖြစ်သဖြင့် ရွာလူကြီးအားလုံးနှင့် ဆရာကြီးစိုင်းမောင် စကားပေါက်၏။ သဘောမနောကောင်း သဖြင့် ရွာလူကြီးများကလည်း သူ့ကိုခင် ကြ၏။ မကြာခဏ နောင်လိုင်သို့ ရောက် လာတတ်ပြီး ထမင်းလက်ဆုံစားကြ၏။ ကျွန်တော်နှင့်လည်း တွေ့ဆုံစကားပြောဖြစ် ၏။ ဆရာကြီးစိုင်းမောင်ကို အကြောင်းပြု ပြီး ကျွန်တော်နှင့်ထမင်းအတူစား၊ ယမကာ အတူသုံးဆောင်ရင်း ထိုကျေးရွာလူကြီးများ အားလုံးနှင့် ရင်းနှီးခင်မင်သွားတော့သည်။

◆ ◆ ◆ ◆ ◆ ◆ ◆

နောင်လိုင်ရွာမှ နေ့ရက်များ

ကျွန်တော်သည် နောင်လိုင်ရွာကြီး၌ ၁၉၉၇၊ နိုဝင်ဘာမှ ၁၉၇၈ ဖေဖော်ဝါရီလ ကုန်ထိ လေးလနီးပါးနေခဲ့ရ၏။

ရောက်စက တပ်စခန်းမှာပင် ထမင်းစားသော်လည်း များမကြာမီကာလများ၌ ဗိုလ်လှထွန်းနှင့် ဆရာကြီး စိုင်းမောင်တို့ မိတ်ဆက်ပေးမှုကြောင့် တစ်ရွာလုံးနှင့် ခင်မင်သွားကာ ညစာထမင်းကို ရွာတွင်းဆင်းစားဖြစ်တော့ဏ်။

နောင်လိုင်ရွာကြီး၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုမှာ အရက်ချက်ခြင်း၊ ရောင်းချခြင်းပေတည်း။

တစ်ရွာလုံး အရက်ချက်ကြသည်။ ပြောင်းဖူးများစိုက်ပျိုး၍ ပြောင်းအရက်ချက်ကြ၏။ တရုတ်တို့ထုံးစံအတိုင်း ချက်ပြီး အရက်များကို အရွယ်မျိုးစုံ စဉ့်အိုးကြီးများနှင့် ထည့်သွင်းသိုလှောင်ထား၏။ ဈေးနှေးများ၌ ချရောင်း၏။ ထို့ပြင် ရက်ခြားပြေးဆွဲနေသည့် ဂျစ်ကားလေးများဖြင့် တန့်ယန်းမြို့သို့ တင်ပို့ရောင်းချ၏။

ဤသို့ဖြင့် ၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလဆန်း ၂ ရက်၊ ၃ ရက်၊ ၄ ရက်နေ့များ၌ ပြေးခုန်ပစ်နှင့် ဘတ်စကတ်ဘော၊ ဘော်လီဘောပြိုင်ပွဲများပြုလုပ်ဖြစ်သည်။ ယောကျ်ားများအတွက် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ဘတ်စကတ်ဘောပြိုင်ပွဲများ လုပ်ပေးသည်။ အမျိုးသမီးများအတွက်ကား ဘော်လီဘောနှင့် ဘတ်စကတ်ဘောပွဲများ လုပ်ပေးဖြစ်သည်။ ဆုကိုမူ ပစ္စည်းမပေးဘဲ ငွေသားသာ သတ်မှတ်ပေးလိုက်သည်။ ယောကျ်ားသားများအတွက် ကျွန်တော့် တပ်ခွဲက နှစ်သင်း၊ သုံးသင်းထွက်၍ ရွာက တစ်သင်းရအောင် စီစဉ်ထွက်ခိုင်းရသည်။ ပြဿနာမရှိပါ။ မိန်းကလေးအသင်းများအတွက်ကား ကျောင်းက နှစ်သင်းထွက်၍ ဈေးက နှစ်သင်းထွက်၏။ ဘော်လီဘောတွင် ပြဿနာမရှိသော်လည်း ဘတ်စ်ကတ်ဘောတွင်မူကား ကျောင်း(က)အသင်းနှင့် ဈေး(က)အသင်း တွေ့ကြသည့်အခါတွင်မူ



ဘော သွားပုတ်လိုက် လုပ်ရသည်။ ကျွန်တော်တို့ ဘောလုံးပွဲသို့ နောင်လိုင်သူ တရုတ်မလေးများက လာအားပေး၏။ သူတို့က ဗိုလ်လှထွန်း ဘောလုံးသယ်ရင်း Dodging အကွေ့အလိမ် လုပ်သည်များကို အလွန်သဘောကျကြသည်။

''ဟေ့ ဗိုလ်လှထွန်း၊ မင်းတရုတ်မလေးတွေက အားကစားဝါသနာပါတယ်ကွ၊ ဒို့ လွတ်လပ်ရေးနေ့ ပြေးခုန်ပစ်နဲ့ ဘော်လီဘော၊ ဘတ်စကတ်ဘောပြိုင်ပွဲတွေ ရွာနဲ့ တပ်နဲ့ ပေါင်းလုပ်လိုက်ကြရင် မကောင်းဘူးလား''

''ကောင်းပါတယ် တပ်ခွဲမှူး''

''ဒါဆို ဦးပိခမ်းတို့၊ ကိုဌေးနုတို့နဲ့ တိုင်ပင်ကွာ၊ လွတ်လပ်ရေးနေ့ ပြေးခုန်ပစ်ပြိုင်ပွဲလေး လုပ်ပေးရအောင်''

ဤသို့ဖြင့် ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလဆန်း ၂ ရက်၊ ၃ ရက်၊ ၄ ရက်နေ့များ၌ ပြေးခုန်ပစ်နှင့် ဘတ်စကတ်ဘော၊ ဘော်လီဘောပြိုင်ပွဲများပြုလုပ်ဖြစ်သည်။ ယောကျ်ားများအတွက် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ဘတ်စကတ်ဘောပြိုင်ပွဲများ လုပ်ပေးသည်။ အမျိုးသမီးများအတွက်ကား ဘော်လီဘောနှင့် ဘတ်စကတ်ဘောပွဲများ လုပ်ပေးဖြစ်သည်။ ဆုကိုမူ ပစ္စည်းမပေးဘဲ ငွေသားသာ သတ်မှတ်ပေးလိုက်သည်။ ယောကျ်ားသားများအတွက် ကျွန်တော့် တပ်ခွဲက နှစ်သင်း၊ သုံးသင်းထွက်၍ ရွာက တစ်သင်းရအောင် စီစဉ်ထွက်ခိုင်းရသည်။ ပြဿနာမရှိပါ။ မိန်းကလေးအသင်းများအတွက်ကား ကျောင်းက နှစ်သင်းထွက်၍ ဈေးက နှစ်သင်းထွက်၏။ ဘော်လီဘောတွင် ပြဿနာမရှိသော်လည်း ဘတ်စ်ကတ်ဘောတွင်မူကား ကျောင်း(က)အသင်းနှင့် ဈေး(က)အသင်း တွေ့ကြသည့်အခါတွင်မူ

''ဘာနေးပြီး ဘာကိုရစ်ပတ်ထားတာလဲ''

ထိုအခါ ဦးပိခမ်းက ကျွန်တော်နှင့် အတူ ပါလာသည့် ဆရာကြီးစိုင်းမောင်ကို ရှမ်းလိုရှင်လင်းပြောဆိုတော့၏။ လက်ဟန်ခြေဟန်လည်းပြ၏။ သူ့စကားကြားတော့ ဆရာကြီးစိုင်းမောင်က ပြုံးလေသည်။ ပြီးတော့ ကျွန်တော့်နားနားကပ်၍ တိုးတိုးတိတ်တိတ် ရှင်းပြလေသည်။

''သြော်...ဒါကြောင့် ဒီရွာက တရုတ်မတွေ Maternity Coat တွေ ဝတ်ဝတ်ထားကြတာကိုး''

ဟု ကျွန်တော်က သဘောပေါက်လိုက်မိတော့၏။ နောင်လိုင်က ဆေးစိမ်အရက်တန်ခိုးတွေ ဖြစ်မှာပေါ့ခင်ဗျာ။

ညစာ သွားစားသည့်အခါ တရုတ်မလေးများက သူတို့လက်ရာ အရက်မျိုးစုံကို ထုတ်တိုက်သည်။

''အစ်အစ် အစ်အစ်''

ဟုလည်း ဆို၏။ အစ်အစ်ဆိုတာကတော့ နည်းနည်းစီမြည်းကြည့်ပါဟု ပြောခြင်းပါပင်။

နည်းနည်းစီမြည်းလိုက်ရာ သုံးလေးမျိုးဆိုတော့ မူးချင်ချင်ဖြစ်သွားသည်။ ယမကာတစ်ခွက် သောက်လိုက်၊ အမျိုးမျိုးသော အသားဟင်းများကို မြည်းကြည့်လိုက်ဖြင့် ညစာထမင်းပင် ကောင်းကောင်းမစားနိုင်ပါ။ ကျွန်တော်နှင့်အတူ ဗိုလ်လှထွန်းလိုက်ပါတတ်၍ မျက်နှာအလွန်ပွင့်ပါသည်။ ဗိုလ်လှထွန်းက ရှမ်းပအို့ဝ်ဖြစ်သော်လည်း အရက်မသောက်တတ်ပါ။ ထို့ကြောင့် သူတို့တည်ခင်းသည့် ယမကာများကို ကျွန်တော် တစ်ဦးတည်းသာ ဒိုင်ခံသောက်သုံးရတော့၏။

တစ်ရွာလုံး အရက်ချက်ကြသည်။ ပြောင်းဖူးများစိုက်ပျိုး၍ ပြောင်းအရက်ချက်ကြ၏။ တရုတ်တို့ထုံးစံအတိုင်း ချက်ပြီး အရက်များကို အရွယ်မျိုးစုံ စဉ့်အိုးကြီးများနှင့် ထည့်သွင်းသိုလှောင်ထား၏။ ဈေးနှေးများ၌ ချရောင်း၏။ ထို့ပြင် ရက်ခြားပြေးဆွဲနေသည့် ဂျစ်ကားလေးများဖြင့် တန့်ယန်းမြို့သို့ တင်ပို့ရောင်းချ၏။

ဘောလုံးလုရင်း အမျိုးသမီးများ စကားများကြတော့ဇာ။

အသင်းနှစ်သင်း ခေါင်းဆောင်များဖြစ်သည့် အတ်ဆွေနှင့် ဆရာမ ရန်ဖြစ်ကြတော့သည်။ ဗိုလ်လှထွန်းကိုယ်တိုင် ကွင်းထဲ ဆင်းရှင်းပေးရသည်။ ဇာတ်လိုက်မင်းသား ဆင်းသွားမှ ကွင်းထဲက မင်းသမီးနှစ်ယောက်လည်း ငြိမ်သွားတော့သည်။ ရွာနီးချုပ်စပ်မှ တရုတ်များလည်း လာကြည့်ကြရာ ပြိုင်ပွဲတိုင်း၌ 'ကျားရိုး' 'ကျားရိုး'ဟု တရုတ်လိုဆူညံစွာ အော်ဟစ်အားပေးကြရာ အားပေးသံများ သောသောညံတော့ဇာ။

ရဲဘော်များကလည်း သူတို့ရည်းစားတရုတ်မလေးများပါသည့်ဘက်က အားပေးကြဇာ။ အတော်ပျော်စရာကောင်းပြီး ရွာနှင့် ကျွန်တော့်တပ်ခွဲများလည်း အလွန်ရင်းနှီးသွားတော့သည်။

ထိုပြိုင်ပွဲများ၏ နောက်ထပ်ရလဒ်ကား ပွဲရက်များ၌ ရဲဘော်များနှင့် တရုတ်မသမီးရည်းစားအတွဲများ နေ့စဉ်လိုတွေ့ဆုံကြပြီး စစ်သည်လေးငါးခြောက်ဦး ပွဲအပြီးတွင် တရုတ်မလေးများကို ယူပါရစေတော့ဟု ကျွန်တော့်ထံခွင့်တောင်းခံကြခြင်းပင်တည်း။

ကိုယ့်ရှူး ကိုယ်ပတ်ဖြစ်ချေပြီ။

''အေး . . . စဉ်းစားပေးမယ်ကွာ''

ဟု မယုတ်မလွန် ဖြေလိုက်ရဇာ။ အကျိုးအကြောင်းကို တပ်ရင်းမတင်ပြလို့ မဖြစ်၊ တပ်ရင်းမှူးက အသစ်။ သူမသိဘဲ ရဲဘော်များကို တရုတ်မများနှင့် ပေးစားလိုက်ပါက အရာအားလုံး တပ်ခွဲမှူး ကျွန်တော့်တာဝန် လုံးလုံးဖြစ်ချေမည်။ ဒီလိုတော့ မဖြစ်သေးပါ။

◆ ◆ ◆ ◆ ◆ ◆ ◆

နောင်လိုင်ကအပြန်

၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလကုန်၌ ကျွန်တော့်တပ်ခွဲ နောင်လိုင်ကပြန်ရသည်။

မပြန်မီ လဆန်းက တန့်ယန်းမှ ဘိန်းဖျက်အဖွဲ့များ ရောက်လာကြပြီး နောင်လိုင်ပတ်ဝန်းကျင်က ဘိန်းခင်းများကို လိုက်ဖျက်ကြဇာ။ လိုအပ်သည့် လုံခြုံရေးကိစ္စများကို ကျွန်တော့်တပ်ခွဲက လိုက်လံဆောင်ရွက်ပေးရသည်။ အခြားရွာများ၌ ဘယ်ရွေ့ဘယ်မျှ ကြာသည်မသိပါ။ နောင်လိုင်မှာတော့ တစ်လခန့်ကြာသွားဇာ။ ကြာမှာပေါ့ခင်ဗျာ။ ကျွန်တော်တို့ နောင်လိုင်လာသည့် ဘိန်းဖျက်အဖွဲ့မှာ တစ်အုပ်တစ်မကြီးဖြစ်သည်။ လူပေါင်း သုံးလေးဆယ်ပါလာဇာ။ ရဲတပ်စိတ် နှစ်စိတ်နှင့် ကျန် တန့်ယန်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တပျော်တပါး လိုက်ပါလာသဖြင့် လူ ၃၀ ကျော် ၄၀ နီးပါးရှိသည်။ သူတို့အား နောင်လိုင်ရွာလယ်ရှိ ဦးခွန်ဆာ၏အိမ်ကြီးတွင် နေရာချထားပေးရဇာ။ ဦးခွန်ဆာ၏အိမ်ကြီးမှာ နှစ်ထပ်တိုက်အိမ်ကြီးဖြစ်ပြီး၊ နှစ်ကေခန့် ကျယ်သည့် ခြံဝင်းကြီးနှင့်ဖြစ်ဇာ။ အိမ်မကြီး အပြင်၌ အိမ်တန်းလျားလေး တစ်ခုနှစ်ခုလည်း အပိုရှိပေသည်။ တန့်ယန်းကလာသည့် ဘိန်းဖျက်အဖွဲ့အတွက် အားလုံးအဆင်ပြေပါသည်။ ညဆို အောက်လင်းဓာတ်မီးများ ထွန်းပေးထားသည်။ ရေအတွက် ရွာက ရေစည်လှည်းများဖြင့် လိုက်ပို့ပေးသည်။ မနက်စာ ညစာများအား ရွာမှသန့်သန့်ပြန့်ပြန့် တရုတ်မလေးများက နေ့စဉ် ချက်ပြုတ်ကြော်လှော်ကျွေးမွေးသည်။ အလှဆုံး တရုတ်မလေးများက စားပွဲထိုးသည်။ ဧည့်ခံသည်။

ညစာမစားမီ နောင်လိုင်ရွာမှထွက်သည့် အကောင်းဆုံးယမကာဖြစ်သော မြွေနဲ့ လိပ်ကို တိုက်သည်။ လူငယ်တွေက မြွေနဲ့ လိပ် ကြိုက်သော်လည်း လူကြီးပိုင်းက သိပ်မကြိုက်ဆိုသဖြင့် တန့်ယန်းမှ Malt Whisky မော့ဝိစကီ တစ်သေတ္တာမှာပြီး တိုက်ရသည်။ နေ့လယ်နေ့ခင်း ဘိန်းခင်းဖျက်ပြီး ခဏထမင်းစားအပြန် အပျင်းပြေဖိုက်ကြူးနှင့် ဖိုက်မန်းခေါ် ရှမ်းဖဲများကစားနိုင်အောင် စီစဉ်ပေးထားသည်။ ရှမ်းဖဲမကစားချင်သူများအတွက် မာကျန်ခေါ် မာကျောက်ကစားရန်လုပ်ပေးထားသေးသည်။ Show ခေါ် တစ်ချပ်မှောက်ကစားရန် လုပ်ပေးထားသည်။ လိုအပ်ပါက လေးကောင်ဂျင်ပင် ကစားချင်ကစားနိုင်အောင် ရွာမှ လိုလေသေးမရှိ စီစဉ်ပေးထားဇာ။

သူတို့အဖွဲ့ခေါင်းဆောင် ဦးဘရန်ရှောင်က အားကစားသမားဖြစ်သည်။ တန့်ယန်းမြို့နယ်မှ ဌာနဆိုင်ရာ မြို့နယ်ဦးစီးမှူးအရာရှိတစ်ဦးပင်၊ အသက်က သုံးဆယ်သာသာ။ ကျွန်တော်နှင့် မတိမ်းမယိမ်း။ သူ



သည် ဘောလုံးကန်အလွန်ကောင်း၏။ သူတို့ ဘိန်းဖျက်အဖွဲ့က ရောက်လေရာ၌ ဘောလုံးပွဲများ၊ ဘော်လီဘောပွဲများ နွဲ့ခဲ့ရာ ယခုလည်း နောင်လိုင်၌ ဘောလုံးကွင်း၊ ဘော်လီဘောကွင်းများ အဆင်သင့်ရှိနေသဖြင့် ဆောင်းတွင်းအချမ်းပြေ ကစားလိုပါသည်ဟု ဆိုလာ၏။

ရပါသည်။ သိပ်မခက်ပါ။ ထိုတာဝန်ကို ဗိုလ်လှထွန်းအားပေးလိုက်ရာ ညနေတိုင်း အိမ်ရှင်နှင့် ည့ီသည်ဘောလုံးပွဲများ ခြိမ့်ခြိမ့်သဲဆင်နွဲဖြစ်၏။ နောင်လိုင်က တရုတ်မလေးများ နေ့တိုင်းလာအားပေးကြသည်။ သူတို့က ည့ီသည်တန်ယန်းအသင်းကို အားမပေးဘဲ အိမ်ရှင်နောင်လိုင်အသင်းကိုသာ မျက်နှာပြောင်တိုက်ပြီး အားပေးသည်။ နောင်လိုင်အသင်း၌ တပ်က ရှစ်ဦးခန့်ပါ၍ ရွာမှ တရုတ်ကျောင်းဆရာနှစ်ဦးနှင့် စျေးတန်းမှ ဆန်ကုန်သည် ကိုလောက်လီတို့ ပါဝင်သည်။ ထိုအခါ ကျောင်းသူလေးများနှင့် စျေးသူလေးများက သူတို့အမျိုးတွေပါနေသဖြင့် ဘောလုံးပွဲသို့ မလာမနေနိုင်ဘဲလာကြ၏။ သူတို့သည် တခြားသူများ ဘောလုံးသယ်သွားသည့်အခါ သိပ်ပြီးမအော်ကြသော်လည်း ရှေ့တန်းတိုက်စစ်မှူး ဗိုလ်လှထွန်း ဘောလုံးသယ်သွားပြီဆိုပါက သူတို့တရုတ်လို ကျားရိုးတွေရော၊ ကျားရွိုးတွေရော ရှိသမျှကျားတွေအကုန် ကျားမျိုးစုံအောင် အော်တော့၏။

''နေပါအုံးဗျ ကိုဌေးနရ၊ တရုတ်မလေးတွေ အော်အော်နေတဲ့ ကျားရိုးတို့၊ ကျားရွိုးတို့ဆိုတာ ဘာပြောတာလဲဗျ''

ကျွန်တော်က ဘောလုံးပွဲအတူလာကြည့်နေသည့် ကိုစိုင်းဌေးနအား မေးရသည်။

''ဗိုလ်ကြီးရဲ့...ကျားရိုး ကျားရွိုးဆိုတာ ဗမာလိုတော့အတိအကျ ကျွန်တော်ဘာသာမပြန်တတ်ဘူး၊ အနီးစပ်ဆုံးအဓိပ္ပာယ်ကတော့ ချပေးကွ၊ လုပ်ပေးကွ၊ ချပါတော့လားဟေ့၊ လုပ်ပါတော့လားဟေ့ဆိုတဲ့ အဓိပ္ပာယ်မျိုးပါ၊ အားပေးတာပေါ့ခင်ဗျာ၊ အားပေးတဲ့စကားပါ''

''ဩော်''

ဘောလုံးပွဲသာမကပါ။ ဘော်လီဘောပွဲများလည်း လုပ်ဖြစ်သည်။ ပြည်ထောင်စုနေ့၌ လျှပ်တစ်ပြက် ပြိုင်ပွဲများပင်လုပ်၍ ဆုချပေးလိုက်သည်။ တန်ယန်းကည့ီသည်များ ပျော်ရအောင် ကျား၊ မ ရောရာ ဘော်လီဘောပွဲများ၊ ဘတ်စကတ်ဘောပွဲများလည်း လုပ်ပေးလိုက်သည်။

နောင်လိုင်က တရုတ်မလေး ခြောက်ယောက်က ကျွန်တော်တို့အပြန် လိုက်မည်တဲ့။ ရဲဘော်များနှင့် ယူမည်တဲ့။ သူတို့မိဘများက သူတို့ရွာမှာ စစ်သားယူလေ့ယူထ မရှိသဖြင့် သဘောတူဟု ဆိုကြသည်။

ဤသို့ အပြုအစုကောင်း၍လားမသိပါ။ ဘိန်းဖျက်အဖွဲ့ နောင်လိုင်တွင် တစ်လနီးပါးကြာသွား၏။ တန်ယန်းက တာဝန်ရှိသူများက မပြီးသေးဘူးလား၊ ကြာလှချည်လားဆိုမှ လုပ်ငန်းလက်စသတ်ကာ ပြန်သွားကြလေတော့သည်။ ထိုအခါ ည့ီသည်များက နောင်လိုင်တွင် အလွန်ပျော်ကြောင်း၊ ကျွေးမွေးပြုစုသည်များကို ကျေးဇူးတင်ကြောင်း ပြောသွား၏။

သူတို့ပြန်ပြီး သုံးလေးငါးရက်အကြာ၌ ကျွန်တော့်တပ်ခွဲလည်း နောင်လိုင်မှ ပြန်ရသည်။ တန့်ယန်းတပ်ရင်းမှ ဗိုလ်ကြီးသောင်းထွန်း ဦးစီးတပ်ခွဲတစ်ခွဲက ကားလေးစီးဖြင့် တာဝန်လာလဲသည်။

တပ်ခွဲတာဝန်လဲတာ သိပ်မကြာပါ။ တစ်မနက်နှင့် ပြီးပါသည်။ စစ်ရေးစစ်ရာ ပြဿနာ ဘာမှမရှိပါ။ ဒါပေမဲ့ လူမှုရေးပြဿနာကတော့ ရှိနေပြီ။

နောင်လိုင်က တရုတ်မလေး ခြောက်ယောက်က ကျွန်တော်တို့အပြန် လိုက်မည်တဲ့။ ရဲဘော်များနှင့် ယူမည်တဲ့။ သူတို့မိဘများက သူတို့ရွာမှာ စစ်သားယူလေ့ယူထ မရှိသဖြင့် သဘောတူဟု ဆိုကြသည်။ ဒါပေမဲ့ တရုတ်မလေးများက စစ်သားမှ စစ်သား၊ ဘယ်သူဖျက်ဖျက် မပျက်နိုင်ပါဘူး ရှင် ဖြစ်နေ၏။

''ကဲ...ဗိုလ်လှထွန်းတို့၊ ဆရာကြီး စိုင်းမောင်တို့ လုပ်ကြဦး၊ ဘယ်လိုလုပ်ကြမှာလဲ၊ သူတို့မိဘတွေက သဘောတူဘူးဆို''

''ဟုတ်ပါတယ်၊ ဒါပေမဲ့ကောင်မလေးတွေကလည်း လိုက်မယ်၊ တပည့်တွေကလည်း သိပ်ခေါ်ချင်နေတယ်၊ တစ်ပါတည်း ခေါ်ခဲ့ပါရစေဆိုပြီး ကျွန်တော့်ကို ဂျီလာကျနေကြတယ်၊ တပ်ရင်းကရော ခွင့်ပြုမယ်တဲ့လား တပ်ခွဲမှူး''

''တပ်ရေးဗိုလ်ကြီးကတော့ တပ်ရင်းမှူး တင်ပြထားတယ်၊ ခေါ်ချင်ခေါ်လာခဲ့ပါတဲ့၊ နေပါအုံးဗျ၊ အခုဟာက ဘယ်သူတွေက ခေါ်ကြမှာလဲ''

''တပ်ခွဲမှူးရဲ့ ခွဲရုံးက လောင်ချာကိုင်တဲ့ စိန်ထွန်းက ရှေ့ဆုံးကပဲ၊ ဒီကောင်က မနက် မနက် စျေးသွားရင်း စျေးတန်းက ရှမ်းခေါက်ဆွဲရောင်းတဲ့ မသန်းရွှေနဲ့ ခင်ဗျ''

''ဩော်...ဟို ဖြူဖြူဖွေးဖွေး ထောင်ထောင်မောင်းမောင်းကြီးလား''

''ဟုတ်တယ်ခင်ဗျ''

''ကျန်တာတွေရော''

''ကျန်တာတွေက စျေးတန်းဘော်လီဘောအသင်းက သုံးယောက်၊ ကျောင်းအသင်းက တစ်ယောက်နဲ့ ဦးလောက်လီတို့ ဆန်တန်းက တစ်ယောက်၊ ပေါင်းခြောက်ယောက်ပါ၊ ကျန်တဲ့ခေါ်ချင်သူတွေက တပ်စုတွေထဲက ရဲဘော်တွေပါခင်ဗျ''

''အခု အဲဒီကောင်မလေးတွေရော၊ သူတို့အိမ်မှာလား''

''မဟုတ်ဘူးခင်ဗျ၊ သူတို့အိမ်တွေက နေပြီး မနက်စောစောကတည်းက တောင်ယာသွားမယ်ဆိုပြီး လိမ်ထွက်လာကြပြီး အခု ကျွန်တော်တို့စခန်း ရောက်နေတယ်''

''ဩော်...ဆရာကြီးတပည့်တွေက အသည်းအသန်ပါလားဗျာ၊ အချစ်ဆိပ်က တယ်ပြင်းသကိုး''

ဤသို့ဖြင့် နောင်လိုင်ကအပြန်၌ ယခင်က လူ ၆၄ ယောက်သာရှိသည့် ကျွန်တော့် တပ်ခွဲသည် ဘိုးဘိုးအောင်တန်ခိုးနှင့် ၆ယောက်တိုးကာ လူ ၇၀ ဖြင့် မိုင်းရယ်တပ်ရင်းသို့ ပြန်ရောက်ရပါတော့သည် ခင်ဗျာ။

◆ ◆ ◆ ◆ ◆ ◆ ◆

တပ်ရင်းဌာနချုပ်မှာ ခဏတာ

တပ်ရင်းပြန်ရောက်တော့ တရုတ်မလေးတွေခေါ်လာခဲ့ရသည့်အကျိုးအကြောင်းကို တပ်ရင်းမှူးကြီးထံ ကျွန်တော်ကိုယ်တိုင် နတ်သံနှောကာ မျက်နှာငယ်လေးနှင့် တင်ပြရပါတော့သည်။ တပ်ရင်းမှူးမှာ အသစ်ဖြစ်ပြီး ကျွန်တော်နှင့် တစ်ခါမျှမတွေ့ဖူးသေးပါ။ အဟောင်းမှာ ပြီးခဲ့သည့် ဒီဇင်ဘာလက ပြောင်းသွားခဲ့ပါပြီ။

''အေးဗျာ . . . ခင်ဗျားခေါ်လာခဲ့ပြီဆိုတော့လည်း ပေးစားရတော့မှာပေါ့ဗျာ၊ ထုံးစံအတိုင်း လက်ထပ်ခွင့်ပုံစံနဲ့ ဓာတ်ပုံလေး ဘာလေးကပ်၊ ဆေးစာလေးဘာလေးယူပြီး ကျွန်တော့်ဆီတင်လိုက်ပေါ့ဗျာ၊ စစ်သားဆိုတော့လည်း လူပျိုလုည့်ဖို့ အချိန်သိပ်ရတာ မဟုတ်ဘူး၊ အခုလို မိန်းကလေးများများရှိနေတဲ့နေရာမှာ နေလိုက်ရရင် တရုတ်မရယ်၊ ကုလားမရယ်၊ ဗမာမရယ်၊ ရှမ်းမရယ် မဟုတ်ပါဘူး၊ အဖိုနဲ့အမ တွေ့သွားရင် ရတတ်ကြတာပါပဲ''

ဟု ဆိုလေတော့၏။

ထိုအခါကျမှ ကျွန်တော့်မှာ စိတ်အေးရတော့၏။

နောက်နေ့ တပ်ခွဲရုံး၌ ရုံးထိုင်ပြီး တပည့်တွေ မိန်းမယူမည့်ကိစ္စကို အရင်စီစဉ်ပေးရတော့သည်။ ရုံးအဖွဲ့မှ ၃ ဒသမ ၅ လောင်ချာကိုင်သည့် တပည့်ကျော်တပ်သား စိန်ထွန်းနှင့် တရုတ်မယူလာသည့် အဖွဲ့ကို ခေါ်တွေ့ရ၏။

ဆရာကြီးစိုင်းမောင်နှင့် ဗိုလ်လှထွန်းပါ ဘေးမှာ ခေါ်ထားရသည်။

''ကဲ . . . စိန်ထွန်းတို့၊ မင်းတို့ အိရှမ်းကွမ်းလန်း ပေါက်ဖော်မအဖွဲ့တွေကတော့ ထုံးစံအတိုင်း ဆရာကြီးစိုင်းမောင်ကတစ်ဆင့် လက်ထပ်ခွင့်ပုံစံဖြည့်ပြီး ငါ့ဆီတင်ကြ၊ ငါ လက်မှတ်ထိုးပြီး တပ်ရင်းမှူးဆီ ဆက်တင်မယ်၊ မှတ်ပုံတင်ရောရှိကြလား၊ မရှိရင်လည်း တပ်ခွဲအရာခံဗိုလ်ကြီးတို့က လိုက်လုပ်ပေးလိုက်ဗျာ၊ နာမည်တွေကတော့ ဘာတဲ့လဲ''

''လုပ်စမ်းပါအုံး ဆရာကြီးစိုင်းမောင်ရေ၊ ခင်ဗျားချွေးမတွေ နာမည်မေးစမ်းပါအုံး''

''ကျွန်တော်လည်း ဘော်လီဘောပွဲ၊ ဘတ်စကတ်ဘောပွဲတွေမှာ သူတို့အချင်းချင်း ခေါ်တဲ့နာမည်တွေပဲသိတယ်ခင်ဗျ''

''အဲဒီနာမည်တွေပဲ ပြောဗျာ၊ ဟော့-ဗိုလ်လှထွန်း မောင်ရင်လည်း ပြောစမ်းပါအုံး''

''နာမည်တွေက အတ်ဉာဏ်၊ အတ်ဆွေ၊ အတ်ဆုံ၊ အတ်ရီ၊ လင်ဖန်း၊ မသန်းရွှေ''

''ကဲ . . . ထားပါကွာ၊ သူတို့ယောကျ်ားတွေ သိမှာပါ၊ ဟော့ကောင်တွေ မင်းတို့ တရုတ်မလေးတွေခေါ်လာပြီး ကိုယ့်ပစ္စည်းကိုယ် နာမည်ရောမေးထားပြီးပြီလား၊ ဒီမှာ မှတ်ပုံတင်အသစ်လုပ်ရအောင်၊ ဗိုလ်လှထွန်းလည်း လိုရင်လိုက်သွားကွာ၊ မြို့နယ်ဦးစီးမှူးကို အကျိုးအကြောင်းပြောပြပြီး မှတ်ပုံတင် ချက်ချင်းရအောင်လုပ်ပေး၊ နော့ နေစမ်းပါအုံး၊ အခု ကောင်မလေးတွေကို ဘယ်လိုထားပြီး ဘယ်လိုနေနေကြလဲ''

''ကျွန်တော့်အိမ်ဘေးက အရာခံဗိုလ်အခန်းလွတ်ကို တပ်ထောက်ဗိုလ်ကြီးဆီတောင်းပြီး ခဏစုထားပေးပါတယ်''

''အခန်းရော လောက်လို့လား''

''စိန်ထွန်းက ကျွန်တော့်အိမ်မှာ၊ ထွန်းရင်နဲ့ လှမောင်ကတော့ သူတို့သူငယ်ချင်းတွေနဲ့လိုင်းခန်းမှာသွားနေကြတော့ လောက်ပါတယ်ခင်ဗျ''

''ကောင်းပါတယ်၊ ကောင်းပါတယ်၊ တပည့်တွေက ကျန်တဲ့ဟာသာအကြံဉာဏ် မထွက်ရှိမယ်၊ ဒါမျိုးတော့ အကြံထွက်ပေါ့ဗျာ၊ ကဲ-ထားတော့ လုပ်စရာရှိတာလုပ်ပေးဗျာ၊ တစ်ပတ်နေပြီးရင် တပ်ခွဲလေ့ကျင့်ရေးမွမ်းမံသင်တန်းလုပ်ဖို့ရှိတယ်၊ အဲဒါလည်း အခုထဲက ပြင်ထားဗျာ''

ဤသို့ဖြင့် တပ်ခွဲမှူးကျွန်တော်သည် တပည့်တွေ တရုတ်မယူမည့်အရေးကို လိုလေသေးမရှိ ဆောင်ရွက်ပေးရတော့၏။

မကောင်းမြစ်ထာ ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝေနိုးရင်း ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာဆိုသည့် စကားအတိုင်းဟုသာ ဆိုပါရစေခင်ဗျား။

◆ ◆ ◆ ◆ ◆ ◆ ◆

တပ်ရောက်တာ တစ်ပတ်ကြာပြီ။ နောင်လိုင်က စုဆောင်းလာသည့် ရိက္ခာအပိုအမိုလေးများနှင့် ရိက္ခာငွေ အပိုလေးများကိုသုံးပြီး တပ်ခွဲအတွက် ညစာစားပွဲလုပ်ပေးလိုက်သည်။ တပ်ရင်းမှူးကြီးနှင့် အရာရှိများကိုဖိတ်သည်။ တပ်ခွဲက အိမ်ထောင်သည်အမျိုးသမီးများကိုပါ တက်စေသည်။

ထမင်းစားပွဲကို ကက်ဆက်များဖွင့်ကာ



ပျော်ရွှင်စွာဖြင့် ကျင်းပပြုလုပ်သည်။ ထမင်းစားပွဲပင် အစမသတ်နိုင်သေး။ တန့်ယန်းဗျူဟာက ကျွန်တော်၏ အရန်တပ်ခွဲအား အရေးကြီးသဖြင့် ယခုချက်ချင်း တန့်ယန်းလွှတ်ပေးရန် အင်အားကြီးများသော ရန်သူအသူရာတပ်ဖွဲ့ကြီးတစ်ခု တာဆိုင်းလျှံကူးတို့မှ သံလွင်အနောက်ကမ်းကို ဖြတ်ကူးလာကြောင်း မိမိတို့ရှေ့တန်းစခန်းများကို တိုက်မည်ထင်ကြောင်း လှမ်းပြီးပြောတော့၏။

''ကဲ···ဗိုလ်သက်ဦးရေ၊ သွားလိုက်ပါအုံးဗျာ၊ ခင်ဗျားနဲ့ ဗိုလ်တင်မောင်အေးနှစ်ယောက်တည်းဆိုတော့ အင်အားတောင့်သွားအောင် ခွင့်ပြန်ဖို့ခဏာရောက်နေတဲ့ ဗိုလ်ကြီးခင်မောင်အုံး ခေါ်သွားဗျာ၊ ခင်ဗျားနောင်တော်ကြီးပဲ၊ သူ့ကို တပ်ခွဲမှူးထားလိုက်ပါ၊ ခင်ဗျားက ဒုတပ်ခွဲမှူးပေါ့ဗျာ''

ဟု တပ်ရင်းမှူးကြီးက ပြောတော့၏။ ဗိုလ်လှထွန်းမှာ မနေ့ကပင် ဗထူးသို့ တပ်စုမှူးသင်တန်းတက်ရန် ထွက်ခွာသွားသဖြင့် သူ့အစား ဗိုလ်တင်မောင်အေး ရောက်လာသည်။ ကျွန်တော်က ရေဦးသား၊ ဗိုလ်ကြီးခင်မောင်အုံးက ရွှေဘိုသား၊ ဗိုလ်တင်မောင်အေးက စစ်ကိုင်းသား။ ဤသို့ဖြင့် ကျွန်တော်တို့ ဆင်၊ မြောက်၊ ခါ သတ္တပါသုံးဦး သို့မဟုတ် အညာသားသုံးဦးကွပ်ကဲသော တပ်ခွဲသည် ထိုနေ့ သို့မဟုတ် မတ်လ ၆ ရက်နေ့ ညဦးပိုင်းမှာပင် တန့်ယန်းသို့ ကားသုံးစီးဖြင့် ထွက်ခွာခဲ့ရတော့၏။

တန့်ယန်းရောက်ပြီးနောက် ဖြစ်စဉ်များကိုကား စာရှုသူများ သိပြီးဖြစ်ကြပါသည်။ မတ်လ ၆ ရက်နေ့ညေ တပ်ရင်းက ထွက်ရသည်။ မတ်လ ၂၆ ရက်နေ့မှ ပြန်ရောက်သည်။ ပြန်ရောက်တော့ အများသိတော်မူကြသည့်အတိုင်း လူစုံတက်စုံ ပါမလာတော့။ သေသူသေ၊ ပျောက်သူပျောက်၊ ဒဏ်ရာရသူရ၍ ဆေးရုံပို့သူပို့ရနှင့် တပ်ခွဲမှာ အတော်တော့ ဖွဲ့စည်းပုံပျက်သွား၏။ နောင်တော်ကြီး ဗိုလ်ကြီးခင်မောင်အုံးကလည်း တပ်ရင်းပြန်ရောက်ပြီး တစ်ရက် နှစ်ရက်အတွင်းမှာပင် တပ်ပြောင်းမိန့် ထွက်သွားရာ သူပြောင်းရမည့် ရန်ကုန် C.A.D Central Ammunition Depot ပင်မ ခဲယမ်း၊ မီးကျောက်တပ်သို့ အပြီးအပိုင် ပြောင်းပြေးတော့၏။



ကျွန်တော်သည် အထက်ကဖော်ပြခဲ့သည့်အတိုင်း လက်ထပ်ခွင့်တောင် မကျသေးသည့် အသစ်စက်စက် မုဆိုးမ တရုတ်အမျိုးသမီးလေး လေးဦးနှင့် ပိုက်ဘောမိကာ ကျန်ခဲ့၏။ ပိုက်ဘောက ဒီတစ်လုံးသာမကပါ။ နောက်တစ်လုံးကလည်း ရှိပါသေးသည်။

နောက်တစ်လုံးက ဒီလိုပါခင်ဗျား။

◆ ◆ ◆ ◆ ◆ ◆ ◆

စစ်သားတို့အချစ်

မတ်လ ၆ ရက်နေ့ညေ ခရီးထွက်တော့ ကျွန်တော့်တပ်ခွဲမှာ သတ်မှတ်အင်အားမပြည့်ပါ။ လူ ၎၀ ပြည့်အောင် ဖြည့်ပေးလိုက်ပါဟု တန့်ယန်းဗျူဟာကမှာရာ တပ်ရင်းတွင် လားရှိုးက တိုင်းဘောလုံးပွဲမှ ပြန်ရောက်နေသည့် တပ်ရင်းဘောလုံးအသင်းကိုဖျက်ပြီး ထည့်ပေးလိုက်သည်။

တပ်ရင်းမှူးအဟောင်း ဗိုလ်မှူးကြီးမောင်မောင်ထွန်းက ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာတွင် ဗထူးတိုက်ခိုက်ရေးကျောင်းသို့ ဒုကျောင်းအုပ်ကြီးရာထူးနှင့် ပြောင်းသွား၏။ သူနေရာသို့ ဗိုလ်မှူးကြီး သန်းဌေးရောက်လာ၏။ ဗိုလ်မှူးကြီးသန်းဌေးကား အားကစားသမားကြီးဖြစ်သည်။ ငယ်စဉ်က တပ်မတော်ဘောလုံးအသင်း လက်ရွေးစင်ဖြစ်ခဲ့၏။ ရှေ့တန်းတိုက်စစ်မှူးပင်၊ အပြေးအလွန်သန်ပြီး ဘောလုံးရောလူပါ လိမ့်နေအောင် ပြေးနိုင်သည်။ မာလည်း အလွန်မာ၏။ ထို့ကြောင့် သူအား သူသူငယ်ချင်းများနှင့် အထက်လူကြီးများက သံဂေါလီသန်းဌေးဟု ခေါ်ကြကုန်၏။ သူသည် ရောက်သည်နှင့် တပ်ရင်းဘောလုံးအသင်းအား တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ ဇန်နဝါရီလဆန်း၌ လားရှိုးရမခတိုင်းဘောလုံးပြိုင်ပွဲသို့ စေလွှတ်လိုက်၏။ အသင်းအုပ်ချုပ်သူအဖြစ် အားကစားဝါသနာထုံသည့် တပ်ရင်းအရာခံဗိုလ် ဆရာကြီး မောင်မြင့်ကို ရွေးထည့်ပေးလိုက်သည်။ အရင်တပ်ရင်းမှူးက အားကစားတွေ စိတ်မဝင်စားပါ။ Indoor Game ဟုခေါ်သည့် Scrabble ကစားခြင်း၊ Chess ခေါ် စစ်တုရင်ကစားခြင်းတို့လောက်သာ စိတ်ဝင်စားသူ၊ တပ်ရင်းမှူးအဟောင်းလက်ထက်

က ဆုတွေဘာတွေရလာသော တပ်ရင်း ဘောလုံးအသင်းသည် ဘောလုံးအားကစား ကို အထူးစိတ်ဝင်စားသည့် တပ်ရင်းမှူး အသစ်လက်ထက်မှ ခွက်ခွက်လန်အောင် ရှုံးပြီး အစောကြီး ဖျာလိပ်ရတော့တ၏။ ထို အခါ အသင်းအုပ်ချုပ်သူ တပ်ရင်းအရာခံ ဗိုလ်ကြီးက သူကိုင်မှ ညံ့ရမလားဟု ဒေါသ အမျက်ခြောင်းခြောင်းထွက်ပြီး ဘောလုံး အသင်းအား လူမှုဝန်ထမ်းများကို တွင်တွင် ခိုင်းတော့တ၏။

ယခု အရေးပေါ်ခရီးထွက်ရ၍ လူလို နေသည့်အတွက် သူထံ လူတောင်းရာ အဆင်သင့်ဖြစ်နေသည့် တပ်ရင်းဘောလုံး တစ်သင်းလုံးကို ထိုးထည့်ပေးလိုက်တော့ သည်။ ဆေးရုံတက်နေရသူတစ်ဦးသာ ကျန်တ၏။ ထိုဘောလုံးသမားများအနက် ရှစ် ဦးမှာ လူပျိုများဖြစ်ရာ လူပျိုရှစ်ဦးမှ လေး ဦး တိုက်ပွဲကျဆုံးရာ၌ ပါဝင်သွားလေတ၏။ ထိုအထဲမှ တပ်သားအောင်ညွန့်နှင့် တပ် သား စောချစ်ဆွေတို့နှစ်ဦးက ရွာမှာကျန် ခဲ့သည့် သူတို့ရည်းစားများကို သက်ြန်မကျ မီ သွားရောက်တောင်းရမ်းယူမည်ဟုဆိုပြီး လက်ထပ်ခွင့်တင်ခဲ့ကြတ၏။ လက်ထပ်ခွင့်ကျ ပြီ။ သို့ရာတွင် ခရီးထွက်ရာ၌ ပါသွားသဖြင့် ခရီးကပြန်လာမှ မင်္ဂလာသွားဆောင်ရန် စီ စဉ်ထားသည်။ ယခု တိုက်ပွဲကျသွားတော့ ပြဿနာဖြစ်တော့သည်။ တပ်သားအောင် ညွန့်၏ ကောင်မလေးက တပ်ကလှမ်းခေါ် သည့်အခါ ရောက်လာသည်။

''ကိုအောင်ညွန့်နဲ့ ကျွန်မကြိုက်တာ မှန်ပါတယ်၊ ဒါပေမဲ့ အခုလို လက်ထပ်ခွင့် တင်လိုက်တာ ကျွန်မ မသိလိုက်ပါဘူး''

ဟုဆိုပြီး ငိုတော့သည်။ ရေနံချောင်း ဘက်က ဖြစ်သည်။

အလားတူပင် တပ်သားစောချစ်ဆွေ သည်လည်း သူ့ကောင်မလေးက တောင်ငူ ဘက်က ကရင်မလေး။ ရှားရှားပါးပါး ဗုဒ္ဓ ဘာသာ ကရင်ဖြစ်တ၏။ သူမသည်လည်း ဘာမျှမသိပါ။ သူတို့ချင်း သမီးရည်းစားဖြစ် နေတာတော့ ဟုတ်ပါသည်ဟု ဆိုပြန်တ၏။

ကဲ···ဘယ်နှယ့်လုပ်ကြမှာလဲ။

ကျွန်တော့်မှာ ထိုအရှုပ်ထုပ်များကို အပြေးအလွှားရှင်းရသည်။ သက်ဆိုင်ရာသူ များသို့ အကျိုးအကြောင်း ပြောပြရတော့ သည်။ တပ်ရင်းမှူးထံတင်ပြပြီး အဆုံးအ



ရည်ငံထားသူများက ဗိုလ်ကတော်လုပ်ချင်သော်လည်း တောထဲ တောင်ထဲကျတော့ လိုက်မနေချင်ကြပါ။ အသာစံချင်သော်လည်း အနာမခံချင်ကြပါ။ ထို့ကြောင့် အေးအတူ ပူအမျှနေမည့် သူနှင့်သာ အိမ်ထောင်ကျခဲ့ရခြင်းပါပေ။

ဖြတ် ယူရသည်။

''လက်ထပ်ခွင့်ပြုပြီး တပ်ရင်းအမိန့်ပါ ထုတ်ထားပြီးပြီဆိုတော့ ဥပဒေသဘောအရ တော့ ဒီကလေးမလေးပဲ အမွေးစားအမွေ ခံ ပေးရမှာပေါ့ဗျာ''

ဟု ဆိုလာတ၏။

အလားတူပင် နောင်လိုင်မှပါလာ သည့် တရုတ်မလေးများကိုလည်း တပ်ရင်း အမိန့်ဖြင့် လက်ထပ်ခွင့်ပြုပြီးဖြစ်ရာ ကျဆုံး သွားသူ သူတို့ခင်ပွန်းများ၏ အမွေစား အမွေခံကို သူတို့အားပေးလိုက်ရပါတော့ သည်။ ပြီးတော့ သူတို့ကို အကျိုးအကြောင်း ရှင်းပြ၍ တပ်တွင် ပျော်သလောက်နေစေ ပြီး သူတို့ခင်ပွန်းများ၏ ရသင့်ရထိုက်သည့် ရေး ၄ ဆိုင်ရာ ငွေကြေးများကို လက်ခံ ရယူစေတ၏။ သူတို့ခမျာ ယောကျ်ားနှင့် တစ် ပတ်လောက်သာ နေလိုက်ရပြီး ဘုမသိ ဘမသိနှင့် မုဆိုးမဖြစ်ကြရရှာသည်။ စစ် တပ်အကြောင်း၊ စစ်သားအကြောင်း ကောင်းကောင်း ဘာမျှသိမသွား၊ ဗမာ စကားလည်း ကောင်းကောင်းမပြောလိုက် ရ၊ တရားရစရာပါပေ။

များမကြာမီမှာပင် သူတို့၏တောင်းဆို ချက်အရ သူတို့မိဘများရှိရာ နောင်လိုင်ရွာ သို့ လုံလောက်သည့် အစောင့်အရှောက်ဖြင့် ပြန်ပို့ပေးလိုက်ရတ၏။ သူတို့မိဘများကတော့ ဘာမျှမပြော။ ဒါပေမဲ့ ကျဆုံးသွားသူ သူတို့ ယောကျ်ားများ၏ပင်စင်ကို သူတို့ခံစားရ သည်ဆိုတော့ သူတို့ရွာက အောက်ပါအ တိုင်း ပြောသည်ဆို၏။

''ဟဲ့···စစ်သားယူတာ တို့ရွာမှာ ဝက်မွေးတာထက်တောင် ကိုက်သေးတယ်၊ စစ်သားက သေတာတောင် အရိုးကလုပ် ကျွေးသွားသေးတယ်''ဟူသတည်း။

စစ်သားတို့အချစ်က ဒီမှာတင် ပြီးပါ ပြီ ခင်ဗျာ။

◆ ◆ ◆ ◆ ◆ ◆ ◆

သို့ရာတွင် စာရှုသူများသို့ ကျွန်တော် အနည်းငယ်ဖြည့်စွက်အစီအရင်ခံလိုပါသည်။

စစ်သားများသည်လည်း သူလိုငါလို လူသားများပင်ဖြစ်၍ ချစ်တတ်၊ ကြိုက်တတ် ကြပါသည်။ ချစ်တတ်သည့် အသည်းနှလုံး ရှိပါသည်။ သို့ရာတွင် သူတို့မှာ ချစ်ဖို့ ကြိုက် ဖို့ အချိန်သိပ်မပေးနိုင်။ အမိန့်နှင့်တာဝန် ကို ဦးထိပ်ပန်ဆင်နေရသူများဖြစ်၍ ထား ရာနေ စေရာသွားရ၏။ ထို့ကြောင့် အိမ် ထောင်ကျသည့်အခါ မမျှော်လင့်ဘဲ အိမ် ထောင်ကျသွားကြသည်သာ။

တခြားသူမကြည့်ပါနှင့်။ ကျွန်တော့် ကိုယ်ကျွန်တော်ပဲ ပြောမည်ဆိုလျှင် အသက် ဆယ့်လေးငါးနှစ်မှသည် အသက် ၂၃ နှစ် ထိ ရည်ငံခဲ့သော ငယ်ရည်းစားနှင့်လည်း မရခဲ့ပါ။ တက္ကသိုလ်တွင် ကြိုခဲ့ ဆုံခဲ့ရသော နှစ်နှစ်၊ သုံးနှစ် တွဲခဲ့မိသော Girl Friends များနှင့်လည်း မရခဲ့ပါ။ စစ်သားဖြစ်လျှင် ဖြစ်ချင်း ကရင်ပြည်နယ်တွင် တာဝန်ကျခဲ့ ရာ ရုတ်ခြည်းတွေ့ဆုံခဲ့သော ကရင်ပြည် နယ်မှ ကရင်အမျိုးသမီးလေးနှင့်သာ အိမ် ထောင်ကျခဲ့ရ၏။ ကျန် ရည်ငံထားသူများ က ဗိုလ်ကတော်လုပ်ချင်သော်လည်း တော ထဲ တောင်ထဲကျတော့ လိုက်မနေချင်ကြ ပါ။ အသာစံချင်သော်လည်း အနာမခံချင် ကြပါ။ ထို့ကြောင့် အေးအတူ ပူအမျှနေမည့်

သူနှင့်သာ အိမ်ထောင်ကျခဲ့ရခြင်းပါပေ။

ဒါက ကျွန်တော်တစ်ဦးတည်းသာ မဟုတ်ပါ။ ကမ္ဘာ့အနှိုင်နိုင်ငံက စစ်သားများလည်း ဒီအတိုင်းပါပဲခင်ဗျာ။

၁၉၈၈ ခုနှစ်က ကျွန်တော် ရန်ကုန်စစ်ရုံး ကကျင့်၌ တွဲဘက်တာဝန်ထမ်းဆောင်ရတ်။ ဗိုလ်ချုပ်စစ်မောင် အပါအဝင် နိုင်ငံခြားပြန် အရာရှိများနှင့်အတူ နေရသည်။ သူတို့၌ သူတို့တက်ခဲ့သည့် နိုင်ငံခြား သင်တန်းအလိုက် ကျောင်းသမိုင်း စာအုပ်များပါလာကြသည်။ ထိုစာအုပ်ကြီးများ၌ ကျောင်းမှ ကျောင်းအုပ်ကြီးမှသည် အရာရှိအသီးသီး၏ ကိုယ်ရေးရာဇဝင်နှင့် မိသားစုလိုက် Group Photo ဓာတ်ပုံများပါ၏။ အမေရိကန်စစ်ကျောင်းကြီးများဖြစ်သည့် Fort Benning နှင့် Fort Leaven Worth တို့မှ အဆင့်မြင့်နည်းပြ အမေရိကန်အရာရှိကြီးများ၏ မိသားစုဓာတ်ပုံများကို တွေ့ရသောအခါ ကျွန်တော် ရုတ်တရက် အံ့သြသွား၏။ သူတို့ကျောင်းက ဗိုလ်ချုပ်နှင့် ဗိုလ်မှူးချုပ်အချို့၏ ဇနီးများမှာ ကိုရီးယားမများ၊ ဂျပန်မများ ဖြစ်နေကြသောကြောင့်ပါတည်း။

''ဟ···ဘယ့်နှယ်လုပ်ပြီး ဒီအမေရိကန် ဗိုလ်ချုပ်တွေက ကိုရီးယားမတွေ၊ ဂျပန်မတွေ ယူထားကြလဲ မသိဘူး''

ဟု ကျွန်တော်ကပြောသောအခါ Fort Leaven Worth မှ C.G.S.C ခေါ် Command and General Staff College စစ်ဦးစီးတက္ကသိုလ် သင်တန်းတက်ပြီး မကြာမီက ပြန်လာသည့် အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးလှသိန်းက အောက်ပါအတိုင်း ပြောတော့၏။

အိမ်လည်းမပြန်ရ၊
မိန်းမကလည်း လိုချင်ဆိုတော့
ဂျပန်မနဲ့ ကိုရီးယားမမှမယူရင်
မိန်းမ မရတော့ဘူးလေကွာ။
ကိုယ့်ဟာကိုယ်လည်း ပြန်ကြည့်အုံးလေ၊
ဘယ်ကမိန်းမနဲ့ ရလာတာလဲဆိုတာ...

''ကိုယ့်ညီကလည်း လုပ်ရော့မယ်၊ အဲဒီပုဂ္ဂိုလ်ကြီးတွေက ဒုတိယကမ္ဘာစစ်ပြီးစက ဂျပန် အိုကီနာဝါကျွန်းမှာ နေခဲ့ရတဲ့ ဗိုလ်ပေါက်စလေးတွေ၊ ၁၉၅၃ ကိုရီးယားမှာနေခဲ့ရတဲ့ အရာရှိပေါက်စလေးတွေလေ၊ အိမ်လည်းမပြန်ရ၊ မိန်းမကလည်း လိုချင်ဆိုတော့ ဂျပန်မနဲ့ ကိုရီးယားမမှမယူရင် မိန်းမ မရတော့ဘူးလေကွာ၊ ကိုယ့်ဟာကိုယ်လည်း ပြန်ကြည့်အုံးလေ၊ ဘယ်ကမိန်းမနဲ့ ရလာတာလဲဆိုတာ''

''ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့ ဟား···ဟား···ဟား···ဟား၊ ကျွန်တော် မေ့သွားလို့ အစ်ကိုကြီးရေ၊ မေ့သွားလို့ခင်ဗျ''

သူပြောတာ ဟုတ်ပါသည်။ ထိုစဉ်က ကျွန်တော်တို့တွဲဘက် ခုနစ်ဦးတွင် ကျွန်တော်အပါအဝင် လေးဦးက တိုင်းရင်းသူများကို ယူထားသူများဖြစ်ကြပါ၏။ သတိမမူတော့ ဂူမမြင်လိုက်ဘူးပေါ့ခင်ဗျာ။

ယခု ကျွန်တော့်၏ ဖြစ်ရပ်မှန် ဤဝတ္ထုဥ်လည်း အထက်ပါအတိုင်းပါပင်။ နောင်လိုင်က တရုတ်မများကိုယူခဲ့ကြသည့် စစ်သည် ၄ ဦး၊ ငယ်ရည်းစားနှင့် လက်ထပ်ခွင့်ကျပြီး အတူမနေလိုက်ရသည့် စစ်သည် ၂ ဦး၊ သူတို့သည် သူတို့၏ အချစ်အား ထင်ရှားစွာမပြလိုက်နိုင်မိမှာပင် တိုက်ပွဲ ကျဆုံးသွားခဲ့ကြ၏။

ဒါသာမကပါ။ တရုတ်မများနှင့် တပ်ခွဲက ရဲဘော်များကို လက်ထပ်ခွင့်ဆောင်ရွက်ပေးခဲ့သော တပ်ခွဲအရာခံဗိုလ် ဆရာကြီး စိုင်းမောင်ခေါ် ဆရာကြီးဦးသောင်းမောင်သည်လည်း သိပေါသားရှမ်းကြီးဖြစ်ပါ၏။ သူဇနီးမှာ မန္တလေးသူ ဗမာစစ်စစ်ကြီးဖြစ်ပါသည်။ သူသည်လည်း ထို ၁၉၇၈ မတ်လက ဖြစ်ပွားခဲ့သော နောင်လိုင် ပါဖန်တိုက်ပွဲကြီး၌ ကျဆုံးခဲ့ရှာ၏။ ကျွန်တော့်မှာ တပ်ပြန်ရောက်သည့်အချိန်တွင် မုဆိုးမဖြစ်သွားကြသည့် ရဲဘော်ဇနီးဖြစ်ခါစ တရုတ်မလေးတွေကိုရော၊ တခြား မုဆိုးမဖြစ်သွားသည့် ဗမာမလေးတွေကိုရော၊ လွယ်လမလေးတွေရော၊ ရှမ်းမလေးတွေကိုရော အရာခံဗိုလ်ကတော် ဗမာအမျိုးသမီးကြီးကိုပါ နှစ်သိမ့်ခဲ့ရပါ၏။

ဤသည်ပင်လျှင် စစ်သားတို့အချစ်ဟု ဆိုရမည်ထင်ပါသည်ခင်ဗျား။

သောင်းဝေဦး



အသေးအဖွဲအလုပ်ဟူ၍ မရှိ

ကိုစော(ပထဝီဝင်)

လူတိုင်းသည် မွေးဖွားချိန်မှစ၍ သေဆုံးချိန်အထိ မိမိအသက်ရှင်နေထိုင်နိုင်ရေးအတွက် အလုပ်ကို လုပ်ကြရသည်ပင်ဖြစ်တယ်။ အဓိဝမ်းတွင်းမှ စထွက်သည်နှင့် အသက်ရှင်ရေးအတွက် ငိုခြင်း၊ အသက်ရှူခြင်းအလုပ်များ စတင်လုပ်ဆောင်ခဲ့ရပါတယ်။ အသက်အရွယ်ကြီးလာလေ ပို၍အလုပ်လုပ်ရလေဖြစ်တယ်။ မိမိလုပ်ရသော အလုပ်မှန်သမျှဟာ မိမိအတွက် အရေးပါအရာရောက်သော အလုပ်များပင်ဖြစ်တယ်။ ဒါကြောင့် ဘယ်အလုပ်မဆို အရေးထား၊ အလေးထားကာ တလေးတစားနဲ့ ဂရုတစိုက်အာရုံထား လုပ်ကိုင်ကြရန် အထူးပင်လိုအပ်ပါတယ်။ မိမိလုပ်ကိုင်ဆောင်ရွက်ရမည့် အလုပ်ဟာ ကြီးတယ်၊ ငယ်တယ်၊ ပေါ့တယ်၊ လေးတယ်လို့ မခွဲခြားဘဲ စိတ်အာရုံနှစ်ပြီး လုပ်ကိုင်ဆောင်ရွက်ရမှာဖြစ်တယ်။ အချို့ဆိုရင် အလုပ်ကို အသေးအဖွဲဟုထင်ကာ၊ သတ်မှတ်ကာ ပေါ့ပေါ့တန်တန်တွေး၍ ပေါ့ပေါ့တန်တန်ပင် လုပ်ကိုင်တတ်ကြတယ်။ အဲဒီအတွေး၊ အဲဒီလုပ်ဆောင်ချက်ကပင် မည်သည့်အလုပ်မဆို အဲဒီအတိုင်း တွေးတတ်၊ လုပ်တတ်တဲ့ အကျင့်ဆိုကို တွန်းပို့နေသလို ဖြစ်တယ်။ စကားပုံတစ်ခုပင် ရှိပါသေးတယ်။ ''ဒီအလုပ်လောက်ကတော့ ထမင်းစား၊ ရေသောက်လောက်ပါကွာ''ဆိုတဲ့ စကားပုံပင်ဖြစ်တယ်။ ဒီအလုပ်ကလေးက အလွယ်လေးပါကွာ၊ အသေးအဖွဲလေးပါကွာလို့ ဆိုလိုတာပင်ဖြစ်တယ်။ အဲဒီ ထမင်းစားတဲ့အလုပ်ကို အသေးအဖွဲလို့ထင်ပြီး ထမင်းစားတဲ့သူတွေဟာ ထမင်းစားရင်း စနစ်တကျဝါး၊ စနစ်တကျနဲ့ သတိထားပြီး မြိုမချဘဲ ပြီးစလွယ်မြိုချမိတာကြောင့် အသက်ရှူလမ်းကြောင်းထဲ ထမင်းစေ့ရောက်ကာ ထမင်းသီးရတာမျိုး၊ ရေသောက်ရင်လည်း လမ်းကြောင်းလွဲပြီး ရေသီးရတာမျိုး ကြုံခဲ့ကြမှာ အသေအချာဖြစ်ပါတယ်။ တစ်ခါတစ်လေ သတိထားစားတဲ့သူတွေတောင် ဒီလိုအဖြစ်မျိုး ကြုံတတ်ကြပါတယ်။ သေချာဂရုတစိုက်စားရင်၊ မြိုချရင်တော့ ဒါမျိုးဖြစ်လာစရာအကြောင်းမရှိပါ။ ဒါကြောင့် အလုပ်ကို အသေးအဖွဲလေးပါတွေးပြီး ပေါ့ဆစွာ လစ်လျူမရှုပါနဲ့၊ ပေါ့ဆစွာမလုပ်ဆောင်ပါနဲ့။ မိမိအလုပ်ကို မိမိလေးစားပါ။ တန်ဖိုးထားပါ။ ပြီးမြောက်အောင် ဂရုတစိုက်လုပ်ဖို့ လိုအပ်ပါတယ်။

စာပေကို ရေးတတ်၊ ဖတ်တတ်တဲ့သူတိုင်း စာတွေရေးကြ၊ ဖတ်ကြရာမှာ အလေးအနက်မရှိ ပေါ့ပေါ့တွေး၊ ပေါ့ပေါ့ရေးကြ၊ ဖတ်ကြလျှင်၊ ဒါမှမဟုတ် စာရေးခြင်း၊ စာဖတ်ခြင်းကို အသေးအဖွဲအလုပ်ပါလို့တွေးပြီး ရေးကြ၊ ဖတ်ကြပါက အမှားသံသရာထဲက မလွတ်မြောက်နိုင်ပါ။ စာပေရေးသားရာတွင် လိုက်နာရမည့် အချက်အလက်၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းအတိုင်း မရေးလျှင် အမှားပါနေမည်။ စာဖတ်ကြရာမှာလည်း အသံနေအသံထား၊ အဖြတ်အတောက်တို့ကို လိုက်နာကျင့်သုံးဖတ်ရှုခြင်းမပြုလျှင်လည်း အမှားသံသရာထဲမှ မလွတ်မြောက်နိုင်ပါ။ ဥပမာ–ရေးသူက ''ချစ်သူကလ၊ ကိုယ်က ည''ရေးရမှာကို ''ချစ်သူကလကိုယ်ကည''လို့ရေးတဲ့ အမှားမျိုး၊ ဖတ်သူကလည်း ဖြတ်တောက်ဖတ်သင့်တဲ့နေရာ မဖြတ်တောက်ဘဲ တစ်ဆက်တစပ်တည်း ဖတ်လိုက်တဲ့အခါ ကြားရသူအဖို့ စိတ်မသက်မသာ ဖြစ်ကြရပါတယ်။ ဒါကြောင့် အလုပ်တိုင်းကို အသေးအဖွဲအလုပ်ဆိုပြီး ပေါ့ဆစွာမလုပ်ကိုင်ဖို့နဲ့ အလေးထားဆောင်ရွက်ကြစေချင်ပါတယ်။

စာရေးသူတို့ အထက်တန်းကျောင်းတက်စဉ်က သင်ကြားခဲ့ရတဲ့ အထက်တန်းစကားပြေလက်ရွေးစင်စာအုပ်ထဲက သဘော်ကြီးတည်ဆောက်ခဲ့တဲ့ အလုပ်သမားတွေဟာ သဘော်ကြီးအားလုံးတည်ဆောက်ပြီး အသုံးအဆောင်ပစ္စည်းတွေ သိမ်းဆည်းရာမှာ တူတစ်ချောင်းမေ့ကျန်ခဲ့လို့ နှစ်ပေါင်းကြာလာတော့ အဲဒီတူရဲ့ ပွတ်တိုက်မှုကြောင့် သဘော်ဝမ်းပေါက်ကာ နစ်မြုပ်ခဲ့ကြောင်း သင်ကြား၊ ဖတ်ကြား၊ မှတ်သားခဲ့ရပါတယ်။ အလုပ်သမားတွေက သူတို့ပစ္စည်းကို သေချာလေးနက်စွာ မသိမ်းဘဲ ပေါ့ဆစွာသိမ်းမိတာရယ်၊ ပစ္စည်းသိမ်းတာကို အသေးအဖွဲလို့ယူဆပြီး သိမ်းတာရယ်၊ မိမိပစ္စည်း စုံမစုံပြန်လည်မစစ်ဆေးမိတာရယ်တွေကြောင့် ဆုံးရှုံးမှုတန်ဖိုး ကြီးမားစွာပေးဆပ်ခဲ့ရတာပဲဖြစ်ပါတယ်။

စာရေးသူကိုယ်တိုင် အလုပ်တစ်ခုကို အသေးအဖွဲလေးပါဆိုပြီး ပေါ့ဆစွာတွေး၍ လုပ်ခဲ့မိတာကြောင့် ကြီးမားတဲ့အမှားတစ်ခုကို ကျူးလွန်ခဲ့ပါတယ်။ စာရေးသူရဲ့ တာဝန်မကျေပွန်မှု၊ အလုပ်ကို အလေးထားမလုပ်ကိုင်မှု စတဲ့အကြောင်းတရားတွေကြောင့် အမှားဆိုတဲ့ အကျိုးတရားကို ရရှိခံစားခဲ့ရတာပါပဲ။ ဒါကြောင့်လည်း ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်ခဲ့ရသလို ကာယကံရှင်ဆရာကြီးတွေကိုလည်း အဲဒီအမှားအတွက် အနူးအညွတ်တောင်းပန်ပါတယ်။ စာရေးသူက အလုပ်အပ်နှံသူထံ အပြည့်အစုံပေးထားတာရယ်၊ တစ်ခါမျှ မမှားဘူးခဲ့တာရယ်၊ ဒီအလုပ်တွေက သူတို့အတွက် အသေးအဖွဲအလုပ်တွေလို့ ထင်ခဲ့တာရယ်တွေကြောင့် အမှားတစ်ခုကို ကျူးလွန်သလိုဖြစ်ခဲ့ရပါတယ်။ အမှန်က စာရေးသူသာ သူတို့အလုပ်ကို ဘယ်လိုပဲလုပ်လုပ်၊ မိမိတာဝန်ကို မိမိ အစ၊ အလယ်၊ အဆုံး ကဏ္ဍစုံအလေးအနက်ထား လုပ်ဆောင်သွားမယ်ဆိုရင် အဲဒီအမှားကို အချိန်မီရှာတွေ့၊ အချိန်မီပြင်ဆင်နိုင်မှာ အသေအချာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအသေးအဖွဲလေးတွေတော့ မမှားလောက်ပါဘူးဆိုတဲ့အတွေးက လွှမ်းမိုးနေတော့ အဲဒီအမှားကို မရှာဖွေမိ၊ မတွေ့မိဘူးပေါ့။ တကယ်တမ်းကျတော့ စာရေးသူ တာဝန်မကျေတာပင် ဖြစ်ပါတယ်။

ဒါကြောင့် စာရေးသူလည်း ''အသေးအဖွဲအလုပ်ဟူ၍မရှိ၊ အလုပ်တိုင်းကို အလေးအနက်ထားဆောင်ရွက်ပါ''ဆိုတဲ့ ဆောင်ပုဒ်ကလေးကို လက်ကိုင်ထား၊ အလွတ်ကျက်မှတ်ထား၊ အစဉ်သတိထား၍ ဆောင်ရွက်သွားပါမည့်အကြောင်း ကတိပြုတင်ပြလိုက်ရပါတယ်။

ကိုစော(ပထဝီဝင်)

ကြော်ငြာများ ဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

ဆက်သွယ်ရန်လိပ်စာ

City Magazine
ဟံသာဇာလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-0973091587, 09420170940